www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ဝိသုဒ္ဓိမဂ်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ



ဝိသုဒ္ဓိမဂ် တတိယဆင့်
မှတ်စု

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

www.dhammadownload.com

သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ဣန္ဒေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

* သဗ္ဗဉ်ဉာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင်....ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

ND နယူးဒေး ဖလင်ကာလာခွဲ, ဒီဇိုင်း နှင့် ပုံနှိပ် အမှတ် (၁၄၈)၊ လမ်း -၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂

www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ဝိသုဒ္ဓိမဂ်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ



ဝိသုဒ္ဓိမဂ် တတိယဆင့် မှတ်စု

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

www.dhammadownload.com

ဝိသုဒ္ဓိမဂ် တတိယဆင့် မှတ်စု မာတိကာ

စဉ် အကြောင်းအရာ နှာ

ပညာဘူမိ နိဒ္ဒေသ

၁။ ပဋိစ္စသမုပ္ပါဒ်ကိုပြဆိုခြင်း

(၁) ပဋိစ္စသမုပ္ပါဒ် ၁

(၂) ပဋိစ္စသမုပ္ပန် ၁

(၃) ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပန် ဟု သိရှိကြောင်း သာဓကစကားတော် ၂

(၄) ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာ စသည် ၂

(၅) ပဋိစ္စသမုပ္ပါဒ်ကို ဝေဂုစ်စကားလှယ်တို့ဖြင့် ဟောပုံ ၂

(၆) ပဋိစ္စသမုပ္ပါဒ်ကို ကေစိဆရာတို့ဖွင့်ဆိုပုံ ၃

(၇) ပဋိစ္စသမုပ္ပါဒ်ကို အချို့ဆရာတို့ မှတ်ထင်ပုံ ၄

(၈) ပဋိစ္စသမုပ္ပါဒ်ပုဒ်၏ ဝစနတ္ထများ ၅

(၉) ပဋိစ္စသမုပ္ပါဒ်အနက်ဖွင့်ရန် ခဲယဉ်းပုံ ၇

- အခြေခံမူများ ၇
- အခက် ၄-ပါး ၇
- ပဋိစ္စသမုပ္ပါဒ်အနက်ကို ဖွင့်နိုင်သူ ၈
- ပဋိညာဉ်(ဝန်ခံခြင်း) နှင့် ဥယျောဇဉ်(တိုက်တွန်းခြင်း) ၈

(၁၀) ပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူပုံ နည်း ၄-မျိုး (ဒေသနာအပြား) ၈

- နည်း ၄-နည်း ၈
- ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ၄-နည်း ဟောရခြင်းအကြောင်း ၉

(၁၁) အဝိဇ္ဇာကိုအစထား၍ ဟောတော်မူရခြင်းအကြောင်း ၁၀

- အဝိဇ္ဇာကို လက်ဦးအစ၌ ဟောတော်မူရခြင်းအကြောင်း ၁၀
- ဝဋ္ဋကထာကိုဟောတော်မူသည်ရှိသော် အဝိဇ္ဇာနှင့်ဘဝတဏှာကို ဦးခေါင်းပြု၍ဟောတော်မူပုံ ၁၀
- ဝဋ္ဋကထာကိုဟောတော်မူသည်ရှိသော် အဝိဇ္ဇာနှင့်ဘဝတဏှာကို ဦးခေါင်းပြု၍ ဟောတော်မူရခြင်းအကြောင်း (နွားမဥပမာ) ၁၁
- ဧကမူလိကဒေသနာ ၁၁
- ဥဘယမူလိကဒေသနာ ၁၁

(၁၂) အဝိဇ္ဇာ စသည်တို့၏ အနက် ၁၂

(၁၃) အဝိဇ္ဇာ စသည်တို့၏ လက္ခဏာ, ရသ စသည် ၁၄

(၁၄) ဧကဝိဓ စသည်အပြား ၁၆

(၁၅) အင်္ဂါတို့ကိုပိုင်းခြားခြင်း ၁၇

- သောကစသည်တို့ကို ဟောရခြင်း ၁၇
- ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးသာ ဖြစ်ပုံ ၁၇

၂။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ - ပုဒ်ပြဆိုချက်

(၁) အဝိဇ္ဇာ ဟူသည် ၁၈

(၂) သင်္ခါရတို့ ဟူသည် ၁၈

(၃) စောဒနာ(၁) - သင်္ခါရတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟူသော သဘောကို အဘယ်သို့ သိအပ်ပါသနည်း? ၁၉

www.dhammadownload.com

(၄) စောဒနာ(၂) - အဝိဇ္ဇာသည် အဘယ်သခ်ၤါရတို့အား အဘယ်သို့သော အခြင်းအရာအားဖြင့် ကျေးဇူးပြုပါသနည်း? ၂၀

၃။ ပဋ္ဌာန်း၂၄-ပစ္စည်းအဖွင့် ၂၁

၄။ အဝိဇ္ဇာပစ္စယာ သခ်ၤါရာ-ပုဒ်၌ အကျယ်ပြဆိုချက်
(၁) အဝိဇ္ဇာသည် သခ်ၤါရတို့အား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၂၉
(၂) စောဒနာ(၃) - အဝိဇ္ဇာအကြောင်းတစ်ခုတည်းက သခ်ၤါရတို့အား ကျေးဇူးပြုသလော? ၃၀
(၃) စောဒနာ(၄) - အဝိဇ္ဇာသည် ကုသိုလ်၏အကြောင်းဖြစ်ပုံ? ၃၁
(၄) စုတိ ပဋိသန္ဓေ စသည်၌ တွေဝေ၍ သခ်ၤါရသုံးပါးကိုပြုကြောင်း ၃၃

၅။ သခ်ၤါရပစ္စယာ ဝိညာဏ်-ပုဒ်၌ အကျယ်ပြဆိုချက်
(၁) ဝိညာဏ်ဟူသည် ၃၅
(၂) စောဒနာ(၁) - ၃၂-ပါးသောဝိညာဏ်သည် သခ်ၤါရဟူသောအကြောင်းကြောင့်ဖြစ်သည်ဟု အဘယ်သို့သိအပ်ပါသနည်း? ၃၅
(၃) ၃၂-ပါးသောဝိညာဏ်တို့ဖြစ်ပုံ ၃၆
(၄) ဝိညာဏ်(၁၉)ပါးတို့ ပဋိသန္ဓေကာလ၌ ဖြစ်ပုံအကျယ်ပြဆိုချက် ၃၇
- ပဋိသန္ဓေစိတ်ဖြစ်ပုံ ပြဆိုချက် ၃၈
(၅) ပဋိသန္ဓေဝိပါက်ဝိညာဏ်၏ ဒုဝိဓ အစရှိသောအပြား ၄၁
(၆) ခန္ဓာ အာရုံ စသည်တို့ဖြင့် စုတိနှင့် ပဋိသန္ဓေတို့ ကွဲပြားပုံ, မကွဲပြားပုံ ၄၂
(၇) ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဘဝမှ ပြောင်းရွှေ့လာခြင်းမဟုတ်၊ ရှေးဘဝမှ အကြောင်းနှင့်ကင်း၍လည်း မဖြစ်ပုံ ၄၃
(၈) အရေးပါသော စောဒနာနှင့် ဖြေရှင်းချက် ၄၄
(၉) စောဒနာ - သခ်ၤါရ၏ ထင်ရှားရှိမှု မရှိမှု ၄၆
(၁၀) ဝိညာဏ်(၃၂)ပါးလုံး ဖြစ်ပုံကို ပေါင်း၍ပြခြင်း ၄၆
- ဝိညာဏ်(၃၂)ပါးဖြစ်ပုံကို ဘုံ, ကာလ အားဖြင့် ပြခြင်း ၄၆
- ဝိညာဏ်(၃၂)ပါးဖြစ်ပုံကို ဘဝ, ယောနိ, ဂတိ စသည်တို့ဖြင့် ပြခြင်း ၄၇

၆။ ဝိညာဏပစ္စယာ နာမရူပ်-ပုဒ်၌ အကျယ်ပြဆိုချက်
(၁) နာမ်ဟူသည် ၄၉
(၂) ရုပ်ဟူသည် ၄၉
(၃) နာမ်ရုပ်တို့ ပဋိသန္ဓေအခါ၌ ဖြစ်ပုံ ၄၉
(၄) နာမ်ရုပ်တို့ ပဝတ္တိအခါ၌ ဖြစ်ပုံ ၅၀
(၅) တစ်ခုကြွင်းပြုပုံ ၅၁
(၆) အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်ပုံ ၅၂
(၇) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၅၂
(၈) စောဒနာ - ဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်ပုံကို သိအပ်ပုံ ၅၃

၇။ နာမရူပပစ္စယာ သဠာယတနံ-ပုဒ်၌ အကျယ်ပြဆိုချက်
(၁) နာမ် အရ ၅၄
(၂) ရုပ် အရ ၅၄

www.dhammadownload.com

(၃) သဋ္ဌာယတနအရ ၅၄
(၄) တစ်ခုကြွင်းပြုပုံ ၅၄
(၅) စောဒနာ – 'နာမ်ရုပ်သည် သဋ္ဌာယတနအား ကျေးဇူးပြု၏' ဟူသောသဘောကို သိအပ်ပုံ ၅၄
(၆) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၅၄

၈။ သဋ္ဌာယတနပစ္စယာ ဖဿော–ပုဒ်၌ အကျယ်ပြဆိုချက်
(၁) ဖဿ ဟူသည် ၅၆
(၂) သဋ္ဌာယတနအရ – ပထမပညာရှိအလို ၅၆
– ဒုတိယပညာရှိအလို ၅၆
(၃) စောဒနာ – 'သဋ္ဌာယတနဟူသောအကြောင်းကြောင့် ဖဿဖြစ်သည်'ဟု ဖဿတစ်ခုတည်းသာ ဟောရခြင်း ၅၆
(၄) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၅၆

၉။ ဖဿပစ္စယာ ဝေဒနာ–ပုဒ်၌ အကျယ်ပြဆိုချက်
(၁) ဝေဒနာအရ ၅၇
(၂) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၅၇

၁၀။ ဝေဒနာပစ္စယာ တဏှာ–ပုဒ်၌ အကျယ်ပြဆိုချက်
(၁) တဏှာအရ ၅၇
(၂) ဝေဒနာကြောင့် တဏှာဖြစ်ပုံ ၅၈
(၃) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၅၈
(၄) အနုသယနှင့် ကင်း၍ တဏှာမဖြစ်နိုင်ပုံ ၅၈

၁၁။ တဏှာပစ္စယာ ဥပါဒါန်–ပုဒ်၌ အကျယ်ပြဆိုချက်
(၁) ဥပါဒါန် ၄–ပါး အနက်အားဖြင့် ၅၉
(၂) ဥပါဒါန် ၄–ပါး အကျဉ်းအကျယ်အားဖြင့် ၅၉
(၃) ဥပါဒါန် ၄–ပါး အစဉ်အားဖြင့် ၆၁
(၄) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၆၂

၁၂။ ဥပါဒါနပစ္စယာ ဘဝေါ–ပုဒ်၌ အကျယ်ပြဆိုချက်
(၁) ဘဝ သဒ္ဒါအနက်အားဖြင့် ၆၂
(၂) ဘဝ သဘောတရားအားဖြင့် (တရားကိုယ်အားဖြင့်) ၆၃
(၃) ရှေးဦး သစ်ရာကို ဟောပြီးဖြစ်ပါလျက် ဘဝကို တစ်ဖန်ထပ်၍ ဟောခြင်း၏အကျိုးရှိပုံ ၆၃
(၄) ဥပါဒါန်ကြောင့်ဖြစ်သော ဘဝကို ရေတွက်ပုံ ၆၄
– ဝေဖန်ခွဲခြမ်းခြင်းအားဖြင့် ရေတွက်ပုံ ၆၄
– အကျဉ်းချုံးသောအားဖြင့် ရေတွက်ပုံ ၆၄
– တစ်နည်းအားဖြင့် ရေတွက်ပုံ ၆၅
(၅) အဘယ်ဥပါဒါန်ကြောင့် အဘယ်ဘဝဖြစ်သနည်း? ၆၅
(၆) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၆၆

www.dhammadownload.com

၁၃။ ဘဝပစ္ဆိမဘဝ ဇာတိ–အစရှိသောပုဒ်၌ အကျယ်ပြဆိုချက်
(၁) အလိုရှိအပ်သောဘဝ ၆၇
(၂) ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ၆၇
(၃) စောဒနာ ၆၇

၁၄။ ဇာတိကြောင့် ဇရာမရဏ, သောက စသည်တို့ ဖြစ်ပေါ်ပုံ ၆၇

၁၅။ ဘဝစက်ကို ပြဆိုခြင်း
(၁) ပထမစောဒနာ ၆၈
(၂) ဒုတိယစောဒနာ ၆၉
(၃) တတိယစောဒနာ ၇၀
(၄) စတုတ္ထစောဒနာ ၇၀

၁၆။ ပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ ၇၀
(၁) မူလ ၂-ပါး ၇၁
(၂) ကာလ ၃-ပါး ၇၁
(၃) အင်္ဂါ ၁၂-ပါး ၇၁
(၄) အစပ် ၃-ပါး ၇၁
(၅) အလွှာ ၄-ပါး ၇၁
(၆) ခြင်းရာ ၂၀ ၇၂
(၇) ဝဋ် ၃-ပါး ၇၄

၁၇။ ဘဝစက်ကို သိအပ်ပုံ
(၁) သစ္စာအမွန်ရှိသော သစ္စာအားဖြင့် ၇၄
(၂) ကိစ္စအားဖြင့် ၇၄
(၃) တားမြစ်ခြင်းအားဖြင့် ၇၅
(၄) ဥပမာအားဖြင့် ၇၅
(၅) နက်နဲခြင်း (ဂမ္ဘီရတာ) ၄-ပါး ၇၇
(၆) နည်း ၄-ပါးအားဖြင့် ၇၈
(၇) ဘဝစက်ကို မဖောက်ခွဲမူ၍ သံသရာဘေးကို ကျော်လွန်သောသူ မရှိနိုင် ၈၀

ပညာဘူမိနိဒ္ဒေသ မာတိကာ ပြီး၏။

www.dhammadownload.com

ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ

၁။ သီလဝိသုဒ္ဓိ ၈၁
၂။ စိတ္တဝိသုဒ္ဓိ ၈၁
၃။ ဒိဋ္ဌိဝိသုဒ္ဓိ ၈၁
၄။ (၁) နာမ်မှစ၍ ရှုနည်း ၈၁
(၂) ဓာတ် ၄-ပါးမှစ၍ ရှုနည်း ၈၂
(၃) ဓာတ် ၁၈-ပါးအလိုအားဖြင့် ရှုနည်း ၈၄
(၄) အာယတန ၁၂-ပါးအလိုအားဖြင့် ရှုနည်း ၈၅
(၅) ခန္ဓာအလိုအားဖြင့် ရှုနည်း ၈၅
(၆) နာမ်ရုပ်အလိုအားဖြင့် ရှုနည်း ၈၅
၅။ နာမ်တရားထင်ရှားအောင် ရှုနည်း ၈၆
၆။ နာမ်တရားတို့ထင်ပေါ်ပုံ အခြင်းအရာ ၃-မျိုး ၈၇
၇။ ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာစင်ကြယ်ပြီးမှသာ နာမ်ကိုသိမ်းဆည်းသင့်ပုံ ၈၇
၈။ ရုပ်နာမ် နှစ်ပါးသာရှိသည်ဟု ဆုံးဖြတ်ခြင်းသို့ရောက်ပုံ ၈၈
၉။ ယထာဘူတဒဿန = ဟုတ်တိုင်းမှန်စွာ မြင်ခြင်းကို ဥပမာတို့ဖြင့်ပြဆိုချက် ၈၈
၁၀။ ဒိဋ္ဌိဝိသုဒ္ဓိအမည်အမျိုးမျိုး ၉၂

ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသ

၁။ ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်ပုံ ၉၃
၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံလိုလျှင် ဆင်ခြင်ပုံ ၉၃
၃။ အကြောင်းသိမ်းဆည်းပုံနည်းများ
- ပထမနည်း ၉၃
- ဒုတိယနည်း ၉၅
- တတိယနည်း ၉၅
- စတုတ္ထနည်း ၉၆
- ပဉ္စမနည်း ၉၆
၄။ ကံအပြား ပြဆိုချက် ၉၆
- ကံနှင့်ဝိပါက်မျှသာ တွေ့မြင်ပုံ ၉၇
၅။ နာမ်ရုပ်ဖြစ်ကြောင်းကို ရှုမြင်သိမ်းဆည်းရခြင်းအကျိုး ၉၈
၆။ ဘဝနှစ်ရပ်စပ်ပုံ ဥပမာပြချက် ၉၉
၇။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၏အမည်များ ၁၀၀
၈။ စူဠသောတာပန် ၁၀၁

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

၁။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်ပုံ ၁၀၃
၂။ သမ္မသနဉာဏ်ပြဆိုချက် ၁၀၃
(၁) ကလာပသမ္မသနဉာဏ်ကို ရှေးဦးစွာပြဆိုရခြင်း ၁၀၃

www.dhammadownload.com

(၂) လောကီပရိညာ (ပိုင်းခြားချိသိသော ဉာဏ်ပညာ) ၃-ပါး ၁၀၃
(၃) ကလာပသမ္မသနဉာဏ်ကို ပဋိသမ္ဘိဒါမဂ်၌ ပြဆိုချက် ၁၀၄
(၄) ခန္ဓာငါးပါး ရှုနည်း ၁၀၆
(၅) အခြင်းအရာ ၄၀ (တစ်နည်း) ဘာဝနာ ၄၀ (တစ်နည်း) တော ၄၀ဖြင့် ရှုပုံ ၁၀၇
(၆) ကွန်ဒြေထက်ကြောင်း ၉-ပါး ၁၁၀
(၇) ရုပ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ ၁၁၁
(၈) နာမ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ ၁၁၅
(၉) ရှုပသတ္တက သမ္မသနကထာ - ရုပ်သုံးသပ်ပုံ ၇-မျိုး ၁၁၆
(၁၀) အရှုပသတ္တက သမ္မသနကထာ - နာမ်သုံးသပ်ပုံ ၇-မျိုး ၁၂၃
(၁၁) မဟာဝိပဿနာ ၁၈-ပါး တစ်စိတ်တစ်ဒေသ ရပုံ ၁၂၆

၃။ ဥဒယဗ္ဗယဉာဏ်ပြဆိုချက် ၁၂၇
(၁) ဥဒယဗ္ဗယ အကျဉ်းရှုနည်း ၁၂၇
(၂) ဥဒယဗ္ဗယ အကျယ်ရှုနည်း ၁၂၈
(၃) သစ္စာအပြား၊ ပဋိစ္စသမုပ္ပါဒ်အပြား၊ နည်းအပြား၊ လက္ခဏာအပြားတို့ ထင်ရှားပုံ ၁၂၉
(၄) ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတရား ဆယ်ပါး ၁၃၁
(၅) မဂ်မှန်နှင့်မဂ်မှား ပိုင်းခြားခြင်း ၁၃၅
(၆) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ ၁၃၅
(၇) သစ္စာသုံးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိပုံ ၁၃၅

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

၁။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်ပုံ ၁၃၇
၂။ ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ် ၁၃၇
(၁) ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်း၏အကျိုး ၁၃၇
(၂) သာမညလက္ခဏာတို့ မထင်ပေါ်ခြင်းအကြောင်း ၁၃၇
(၃) သာမညလက္ခဏာတို့ ထင်ပေါ်ပုံ ၁၃၇
(၄) - အနိစ္စ၊ အနိစ္စလက္ခဏာ မည်ပုံ ၁၃၈
- ဒုက္ခ၊ ဒုက္ခလက္ခဏာ မည်ပုံ ၁၃၈
- အနတ္တ၊ အနတ္တလက္ခဏာ မည်ပုံ ၁၃၈
၃။ ဘင်္ဂါနုပဿနာဉာဏ် ၁၃၈
(၁) ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ ၁၃၈
(၂) လောကကိုရှုမြင်တတ်သူကို သေမင်းမမြင်နိုင်ပုံ ၁၄၁
(၃) ဘင်္ဂဉာဏ်၏ အာနိသင် ၈-ပါး ၁၄၂
၄။ ဘယတုပဋ္ဌာနဉာဏ် ၁၄၂
(၁) ဘယဉာဏ်ဖြစ်ပေါ်ရန်ဆင်ခြင်ပုံ ၁၄၂
(၂) ဘယဉာဏ်သည် ကြောက်တတ်သလော, မကြောက်တတ်သလော? ၁၄၃
(၃) ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ ၁၄၃
၅။ အာဒီနဝါနုပဿနာဉာဏ် ၁၄၃
(၁) အာဒီနဝါနုပဿနာဉာဏ် မည်ပုံ- ဥပမာများ ၁၄၃
(၂) ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ - အာဒီနဝဉာဏ်နှင့် သန္တီပဒဉာဏ် ၁၄၄

www.dhammadownload.com

၆။ နိဗ္ဗိဒါနုပဿနာဉာဏ် ၁၄၇
၇။ မုဉ္စိတုကမျတာဉာဏ် ၁၄၇
၈။ ပဋိသင်္ခါနုပဿနာဉာဏ် ၁၄၈
(၁) ပဋိသင်္ခါနုပဿနာဉာဏ် သိမ်းဆည်းပုံ ၁၄၈
(၂) သင်္ခါရတရား‌တို့ကို တစ်ဖန်သိမ်းဆည်းရခြင်းအကျိုး ၁၅၀
(၃) ပဋိသန္ဓိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ ၁၅၀
၉။ သင်္ခါရုပေက္ခာဉာဏ် ၁၅၀
(၁) သင်္ခါရုပေက္ခာဉာဏ် သိမ်းဆည်းပုံ ၁၅၁
(၂) မောဃရာဇရသေ့အား မြတ်စွာဘုရား ဟောကြား‌တော်မူပုံ ၁၅၃
(၃) သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ ၁၅၃
(၄) သင်္ခါရုပေက္ခာဉာဏ်သည် ဒိသာကာကကျီးနှင့်တူပုံ ၁၅၃
၁၀။ သင်္ခါရုပေက္ခာဉာဏ်သည် ဝိမောက္ခမုခနှင့်အရိယာပုဂ္ဂိုလ်‌တို့ကို ဝေဖန်ရန်အကြောင်းဖြစ်ပုံ ၁၅၄
(၁) ဝိမောက္ခမုခ ၃-ပါး ၁၅၄
(၂) ဝိမောက္ခ ၃-ပါး ၁၅၄
(၃) အရိယာပုဂ္ဂိုလ် (၇) ဦး ၁၅၆
၁၁။ ဝုဋ္ဌာနဂါမိနီဝိပဿနာ ၁၅၇
၁၂။ အဘိနိဝေသ-ဝုဋ္ဌာန အမျိုးအစား‌များ ၁၅၈
၁၃။ ဝုဋ္ဌာနဂါမိနီဝိပဿနာ ထင်ရှား‌စေရန် ဥပမာ ၁၂-ခု ၁၆၀
၁၄။ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာန‌တို့ကို ကိန်းသေသတ်မှတ်ပုံ ၁၆၂
၁၅။ ပဋိပဒါ ၄-ပါး ထူးခြားချက် ၁၆၃
၁၆။ အရိယာမဂ်၏အမည်များ ရရှိပုံ ၁၆၄
၁၇။ အနုလောမဉာဏ် ၁၆၅
(၁) အနုလောမဉာဏ် ဖြစ်ခြင်း၏အကြောင်းဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ၁၆၅
(၂) သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်းမှ မဂ္ဂဝီထိ ဖြစ်ပုံ ၁၆၆
(၃) အနုလောမဉာဏ်၏ လျော်ပုံကို ဥပမာဖြင့် ပြဆိုချက် ၁၆၆
၁၈။ - ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်၏အဆုံးစွန်ဉာဏ်များ ၁၆၇
- ထိုထိုသုတ္တန်‌တို့၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမျိုးမျိုးသော‌အမည်များ ၁၆၇

ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

၁။ ဉာဏဒဿနဝိသုဒ္ဓိ မည်ပုံ ၁၆၉
၂။ ပထမမဂ်ဉာဏ်ကိုပြဆိုချက် ၁၆၉
(၁) ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော‌ဉာဏ် ၁၆၉
(၂) ဂေါတြဘူဉာဏ် ဖြစ်ပေါ်ပုံ ၁၆၉
(၃) အနုလုံနှင့် ဂေါတြဘူ‌တို့ အာရုံမတူပုံ ၁၇၀
(၄) အနုလုံနှင့် ဂေါတြဘူ ထူးခြားပုံ ၁၇၀
(၅) ပထမမဂ်ဉာဏ်ဖြစ်ပေါ်ပုံ ၁၇၁
(၆) သောတာပတ္တိမဂ်၏ အကျိုးအာနိသင်များ ၁၇၁
၃။ သောတာပန်ပုဂ္ဂိုလ်ကိုပြဆိုချက် ၁၇၂
၄။ ပစ္စဝေက္ခဏာဝီထိ ၁၉-ပါး ၁၇၂
၅။ ဒုတိယမဂ်ဉာဏ်ကိုပြဆိုချက်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်ကိုပြဆိုချက် ၁၇၃

www.dhammadownload.com

၆။ တတိယမင်္ဂဏ်ကိုပြဆိုချက်နှင့် အနာဂါမ်ပုဂ္ဂိုလ်ကိုပြဆိုချက် ၁၇၃
၇။ စတုတ္ထမင်္ဂဏ်ကိုပြဆိုချက်နှင့် ရဟန္တာပုဂ္ဂိုလ်ကိုပြဆိုချက် ၁၇၄
၈။ ဗောဓိပက္ခိယတရား ပြဆိုချက် ၁၇၄
၉။ ထခြင်း, ခွန်အားနှင့်ယှဉ်ခြင်း ပြဆိုချက် ၁၇၇
၁၀။ ပယ်အပ်သောတရားကိုပယ်ပုံ ပြဆိုချက် ၁၇၉
(၁) အကုသိုလ်တရားများ ၁၇၉
(၂) မင်္ဂဏ်သည် အကုသိုလ်တရားတို့ကို ပယ်ပုံ ၁၈၁
(၃) ကိလေသာပယ်ပုံ၌ စောဒနာ ၁၈၃
၁၁။ ပရိညာစသောကိစ္စ လေးပါးကို ပြဆိုချက် ၁၈၈
(၁) ကိစ္စ ၄-ပါး -ဥပမာနှီးနှောခြင်း ၁၈၈
(၂) သစ္စာအနက် ၁၆-ချက် ၁၈၉
(၃) ပရိညာစသော ကိစ္စလေးပါးတို့၏အပြားကို ပြဆိုချက် ၁၉၂

ပညာဘာဝနာနိသံသ နိဒ္ဒေသ

၁။ ပထမပညာဘာဝနာနိသံသ = အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်း ၁၉၅
၂။ ဒုတိယပညာဘာဝနာနိသံသ = အရိယာဖိုလ်၏အရသာကို ခံစားရခြင်း ၁၉၅
(၁) ကေစိဆရာတို့အယူ ၁၉၅
(၂) ဖလသမာပတ် ဆိုင်ရာသိဖွယ်များ ၁၉၆
၃။ တတိယ ပညာဘာဝနာနိသံသ = နိရောဓသမာပတ် ၁၉၉
၄။ စတုတ္ထ ပညာဘာဝနာနိသံသ = အာဟုနေယျ ပုဂ္ဂိုလ်အဖြစ် စသည်ပြီးစီးခြင်း ၂၀၇

ဝိသုဒ္ဓိမဂ် တတိယဆင့် မှတ်စု မာတိကာ ပြီး၏။

www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပညာဘူမိနိဒ္ဒေသ

ပဋိစ္စသမုပ္ပါဒ်ကိုပြဆိုခြင်း

ဝိပဿနာပညာ၏ဖြစ်ရာဘုံ အာရုံတရားများဖြစ်ကုန်သော ပညာဘူမိတရားများဖြစ်ကြသည့် ခန္ဓာ၊ အာယ-ဘန၊ ဓာတ်၊ ကွန်ရှေ့၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပန်တရားတို့အနက် ဖွင့်ရန်ကြွင်းကျန်နေသေးသော ပဋိစ္စ-သမုပ္ပါဒ်တရား နှင့် ပဋိစ္စသမုပ္ပန်တရားတို့ကို ယခုအခါ ဖွင့်ပြပေတော့မည်။

ပဋိစ္စသမုပ္ပါဒ်

မသိမှု(အဝိဇ္ဇာ)စသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ သိအပ်ကုန်၏။ မှန်ပေ၏၊ မြတ်စွာဘုရားဟောတော်မူပုံ-

"ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ? အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေ-တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ"

"ရဟန်းတို့၊ ပဋိစ္စသမုပ္ပါဒ် ဟူသည် အဘယ်နည်း? ရဟန်းတို့၊ မသိမှု-အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ပြုပြင်အားထုတ်မှု-သင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရဟူသော အကြောင်းကြောင့် ဘဝသစ်-ဝိညာဏ် ဖြစ်သည်၊ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်သည်၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့် အာယတန ၆-ပါး ဖြစ်သည်၊ အာယတန ၆-ပါးဟူသော အကြောင်းကြောင့် အာရုံကို တွေ့ထိမှု-ဖဿ ဖြစ်သည်၊ ဖဿဟူသောအကြောင်းကြောင့် အကောင်းအဆိုးခံစားမှု-ဝေဒနာ ဖြစ်သည်၊ ဝေဒနာဟူသောအကြောင်းကြောင့် တပ်မက်ဆာလောင်မှု-တဏှာ ဖြစ်သည်၊ တဏှာဟူသော အကြောင်း-ကြောင့် စွဲလမ်းမှု-ဥပါဒါန် ဖြစ်သည်၊ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်ကြောင်းကံ-ဘဝဖြစ်သည်၊ ဘဝဟူသောအကြောင်းကြောင့် ဘဝသစ်ဖြစ်မှု-ဇာတိ ဖြစ်သည်၊ ဇာတိဟူသောအကြောင်းကြောင့် အိုခြင်း-သေခြင်း-ဇရာမရဏဖြစ်သည်၊ စိုးရိမ်ပူဆွေးခြင်း(သောက),ငိုကြွေးခြင်း(ပရိဒေဝ),ကိုယ်ဆင်းရဲခြင်း(ဒုက္ခ), စိတ်ဆင်းရဲခြင်း(ဒေါမနဿ), စိတ်နှလုံးပြင်းစွာပူပန်ခြင်း(ဥပါယာသ) တို့ဖြစ်ကြသည်။ ဤပုံဤနည်းဖြင့် ချမ်းသာခြင်းနှင့်မရောမယှက် သက်သက်သော ဤဆင်းရဲအစုအပုံ၏သာလျှင် ဖြစ်ခြင်းရှိချေသည်၊ ရဟန်းတို့၊ ဤအဝိဇ္ဇာအစရှိသော အကြောင်းသဘောကို ပဋိစ္စသမုပ္ပါဒ် ဟု ဆိုအပ်၏"။

ပဋိစ္စသမုပ္ပန်

အိုခြင်းသေခြင်း(ဇရာမရဏ)စသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန် ဟူ၍ သိအပ်ကုန်၏။ မှန်ပေ၏၊ မြတ်စွာဘုရားဟောတော်မူပုံ-

"ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ? ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။ ဇာတိ ဘိက္ခဝေ ။ပ။ ဘဝေါ။ ဥပါဒါနံ။ တဏှာ။ ဝေဒနာ။ ဖဿော။ သဠာယတနံ။ နာမရူပံ။ ဝိညာဏံ။ သင်္ခါရာ။ အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ"

"ရဟန်းတို့၊ ပဋိစ္စသမုပ္ပန်တရားတို့သည် အဘယ်တို့နည်း? ရဟန်းတို့၊ အိုခြင်းသေခြင်းသည် မြေ(အနိစ္စ)၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သော တရားပေတည်း(သင်္ခတ)၊

www.dhammadownload.com

အကြောင်းကိုစွဲ၍ တကွဖြစ်ပေါ်ကုန်၏(ပဋိစ္စသမုပ္ပန်)၊ ကုန်ခြင်းသဘောရှိ၏(ခယဓမ္မံ)၊ ပျောက်ကွယ်ခြင်းသဘောရှိ၏(ဝယဓမ္မံ)၊ ပျက်ပြယ်ခြင်းသဘောရှိ၏(ဝိရာဂဓမ္မံ)၊ ချုပ်ခြင်းသဘောရှိ၏(နိရောဓဓမ္မံ)။ ရဟန်းတို့၊ ဘဝအသစ်ဖြစ်မှု(ဇာတိ)သည်--- ။ ဖြစ်ကြောင်းကံ(ဘဝ)သည် ---။ စွဲလမ်းမှု(ဥပါဒါန်)သည်---။ ဆာလောင်တပ်မက်မှု(တဏှာ)သည်---။ ခံစားမှု(ဝေဒနာ)သည်---။ အာရုံကို တွေ့ထိမှု(ဖဿ)သည်---။ အာယတန ၆-ပါး(သဠာယတန)သည်--- ။ နာမ်ရုပ်သည်--- ။ ဘဝသစ် ဝိညာဏ်သည် ---။ ပြုပြင်အားထုတ်မှု(သင်္ခါရ)တို့သည်--- ။ မသိမှု(အဝိဇ္ဇာ)သည် ---။ ဤ အိုခြင်းသေခြင်း အစရှိသော အကျိုးသဘောတို့ကို ပဋိစ္စသမုပ္ပန်တရားတို့ ဟု ဆိုအပ်ကုန်၏။"

ထို့ကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်၊ ထိုထိုအကြောင်းတရားတို့ကြောင့်ဖြစ်သောအကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရား ဟူ၍ သိအပ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပန် ဟူ သိရှိကြောင်း သာဓကစကားတော်

အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်၊ ထိုထိုအကြောင်းတရားတို့ကြောင့် ဖြစ်သော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရား ဟူ၍ အဘယ့်ကြောင့်သိအပ်သနည်း ဟူမူ? မြတ်စွာဘုရား၏စကားဖြင့် သိအပ်ပေ၏။ မှန်ပေ၏၊ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ် ပဋိစ္စသမုပ္ပန် တရားတို့ကို ဟောကြားရာသုတ်၌-

"ရဟန်းတို့၊ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်း?ရဟန်းတို့၊ ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်သည်၊ ဤသို့ဖြစ်ရာ၌ အကြောင်းတရား၏ တည်သည်၏အဖြစ်, အကြောင်းတရား၏ ကိန်းသေမြဲသည်၏အဖြစ်,ဤဇရာမရဏ၏အကြောင်းအဖြစ်ဟူသော ထိုဓာတ်သဘောသည် မြတ်စွာဘုရားတို့ပွင့်တော်မူသည်ဖြစ်စေ, ပွင့်တော်မမူသည်ဖြစ်စေ တည်ရှိနေသည်သာလျှင်တည်း။ ထိုဓာတ်သဘောကို မြတ်စွာဘုရားသည် မျက်မှောက်ထင်ထင် သိမြင်တော်မူ၏၊ မျက်မှောက်ထင်ထင် တွေ့မြင်တော်မူ၏၊ မျက်မှောက်ထင်ထင် သိမြင်တော်မူပြီး၍, တွေ့မြင်တော်မူပြီး၍ ပြောကြားတော်မူ၏၊ ဟောကြားတော်မူ၏၊ အပြားအားဖြင့်သိစေတော်မူ၏၊ သတ္တဝါတို့၏ဉာဏ်၌ တည်စေတော်မူ၏၊ ဖွင့်တော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်သည်ကို ပြုတော်မူ၏။ ရဟန်းတို့၊ ဇာတိကြောင့်ဇရာမရဏဖြစ်ပုံကို ရှုကြကုန်လော့ဟူ၍လည်း မိန့်တော်မူ၏။

"ရဟန်းတို့၊ ကမ္မဘဝကြောင့် ဇာတိဖြစ်၏ ။ပ။ အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြကုန်၏၊ ဤသို့ဖြစ်ရာ၌ အကြောင်းတရား၏ တည်သည်၏အဖြစ် ။ပ။ ပေါ်လွင်သည်ကို ပြုတော်မူ၏။ ရဟန်းတို့၊ အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကြပုံကို ရှုကြကုန်လော့ ဟူ၍လည်း မိန့်တော်မူ၏။ ရဟန်းတို့၊ ဤသို့လျှင် ထိုဇာတိကြောင့် ဇရာမရဏဖြစ်သည် အစရှိသောအရာတို့၌ မှန်ကန်သောသဘော(တထတာ)၊ မချွတ်ယွင်းသောသဘော(အဝိတထတာ)၊ တစ်ပါးသောအကြောင်းကြောင့် မဖြစ်သောသဘော(အနညထတာ)၊ ဤ ဇရာမရဏစသည်တို့၏ အကြောင်းသဘော(ကွဒပစ္စယတာ)ကို ပဋိစ္စသမုပ္ပါဒ် ဟု ဆိုအပ်၏" ဟူ၍-

ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူသော မြတ်စွာဘုရားသည် မှန်ကန်သောသဘော(တထတာ) အစရှိသော ဝေဒုစ်စကားလှယ်တို့ဖြင့် အကြောင်းတရားတို့ကိုသာလျှင် ပဋိစ္စသမုပ္ပါဒ် ဟူ၍ ဟောတော်မူအပ်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာ စသည်

လက္ခဏာ – ဇရာမရဏစသော အကျိုးတရားတို့၏အကြောင်းအဖြစ်လျှင် မှတ်ကြောင်း(ပစ္စယ)လက္ခဏာရှိ၏။
ရသ(လုပ်ငန်း) – မပြတ်ဖြစ်ခြင်း ဟူသော ပဝတ္တိဒုက္ခသို့ အစဉ်လိုက်စေခြင်း(ဒုက္ခာနုဗန္ဓန)ကိစ္စ ရှိ၏။
ပစ္စုပဋ္ဌာန် – စက်ဆုပ်ဖွယ်လမ်း(ဝါ)လမ်းမှား ဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်ခြင်း(ကုမ္မဂ္ဂ)ပစ္စုပဋ္ဌာန် ရှိ၏။

ပဋိစ္စသမုပ္ပါဒ်ကို ဝေဒုစ်စကားလှယ်တို့ဖြင့် ဟောပုံ

တထတာ – မယုတ်မလွန်သည်သာလျှင် ဖြစ်ကုန်သော ထိုထိုဆိုင်ရာအကြောင်းတို့ကြောင့် ထိုထိုဆိုင်ရာအကျိုးတရားတို့ ဖြစ်သင့်သောကြောင့် မှန်ကန်သောသဘော(တထတာ) ဟူ၍ လည်းကောင်း၊

www.dhammadownload.com

အဝိတထတာ – အကြောင်းတရားတို့ ညီညွတ်ကြွလျှင် ထို အကြောင်းတရားတို့ကြောင့် ဖြစ်သင့်သော အကျိုးတရားများသည် တမူဟုတ်မျှသော်လည်း မဖြစ်ဘဲမရှိသောကြောင့် မချွတ်ယွင်းသောသဘော (အဝိတထတာ) ဟူ၍ လည်းကောင်း၊

အနညထတာ – အကြောင်းတစ်ခြား, အကျိုးတစ်ခြား မဖြစ်သောသဘော(အနညထတာ) ဟူ၍ လည်းကောင်း၊

ဣဒပ္စယတာ – အိုခြင်းသေခြင်းစသော အကျိုးတရားတို့၏ အကြောင်းအပေါင်းဖြစ်သောသဘော(ဣဒပ္စယတာ) ဟူ၍ လည်းကောင်း ဟောတော်မူပါသည်။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ပဋိစ္စသမုပ္ပါဒ်ကို ကေစိဆရာတို့ပွင့်ဆိုပုံ

အချို့ဆရာတို့သည် တိတ္ထိတို့ကြံဆအပ်သော ပကတိ, ပုရိသစသော အကြောင်းကို မငဲ့ဘဲ 'အကြောင်းကိုစွဲ၍ မှန်စွာဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် မည်၏' ဟု ဤသို့ ဝစနတ္ထကို ကြံဆပြီးလျှင် 'ဖြစ်ခြင်းမျှ' ကိုသာ ပဋိစ္စသမုပ္ပါဒ် ဟူ၍ ဆိုကြ၏၊ ဤစကား မသင့်ပေ။

အကြောင်းမှာ– (၁) ကိုးကားဖွယ်ရာ ပါဠိတော်မရှိခြင်း၊
(၂) ပါဠိတော်နှင့် ဆန့်ကျင်ခြင်း (ပဒေသဝိဟာရသုတ်, ကစ္စာနသုတ်)၊
(၃) နက်နဲမှုနှင့် နည်းတို့၏ မဖြစ်သင့်ခြင်း၊
(၄) သဒ္ဒါစည်းကမ်းပျက်ခြင်း တို့ကြောင့် ဖြစ်၏။ ချဲ့ပြရသော်–

(၁) ကိုးကားဖွယ်ရာ ပါဠိတော်မရှိခြင်း၊

'ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ်မည်၏' ဟု ပြဆိုသော သုတ်ပါဠိတော် မရှိပေ။

(၂) ပါဠိတော်နှင့် ဆန့်ကျင်ခြင်း (ပဒေသဝိဟာရသုတ်, ကစ္စာနသုတ်)၊

<u>ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်ပုံ</u>

[ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ပဌမယာမ်တစ်ခုလုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ,ပဋိလုံအားဖြင့် နှလုံးသွင်းတော်မူလေပြီဟု ဤသို့စသည်ကိုဟောတော်မူသောကြောင့် ပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းခြင်းသည် မြတ်စွာဘုရား၏ပဌမာဘိသမ္ဗုဒ္ဓဝိဟာရ (ဘုရားဖြစ်စ လက်မွန်မဆွနှလုံးသွင်းနေခြင်း) မည်၏။ ထိုပဌမာဘိသမ္ဗုဒ္ဓဝိဟာရ၏ တစ်စိတ်တစ်ဒေသဖြစ်သော နှလုံးသွင်းနေထိုင်ခြင်းသည် ပဒေသဝိဟာရ(တစ်စိတ်တစ်ဒေသ နှလုံးသွင်းနေခြင်း) မည်၏။]

ပဒေသဝိဟာရသုတ်၌ မြတ်စွာဘုရားဟောတော်မူပုံ–

"ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို သိပြီးသည်ဖြစ်၍ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းခြင်းဟူသော အကြင်နေခြင်းဖြင့် ထိုစဉ်ကာလက နေ၏၊ ထိုနေခြင်း၏တစ်စိတ်တစ်ဒေသဖြင့် ယခုလွန်အတွင်း၌ နေခဲ့ပြီ" ဟု ဟောတော်မူ၏။

ထိုဟောတော်မူချက်အရ ပဒေသဝိဟာရသုတ်၌ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ကိုရှုခြင်းဖြင့် နေတော်မူခဲ့၏၊ ဖြစ်ခြင်းမျှကိုရှုခြင်းဖြင့် နေတော်မူခဲ့သည်မဟုတ် ဟု သိအပ်၏။

ယင်းပဒေသဝိဟာရသုတ်၌ပင် မြတ်စွာဘုရားက–

"ထိုသို့ ပဒေသဝိဟာရဖြင့် နေတော်မူသော ငါဘုရားသည် ဤသို့သိတော်မူ၏၊ မိစ္ဆာဒိဋ္ဌိ ဟူသော အကြောင်းကြောင့်လည်း ခံစားမှုဝေဒနာဖြစ်၏၊ သမ္မာဒိဋ္ဌိဟူသောအကြောင်းကြောင့်လည်း ခံစားမှုဝေဒနာဖြစ်၏၊ မိစ္ဆာသင်္ကပ္ပဟူသောအကြောင်းကြောင့်လည်း ခံစားမှုဝေဒနာ ဖြစ်၏" ဤသို့စသည်ဖြင့် အကျယ်ဟောသောကြောင့် သာမန်ဖြစ်ခြင်းမျှကိုသာ ရှုနေခြင်း မဟုတ်ကြောင်း ထင်ရှား၏။

ဤသို့လျှင် အနုလုံ,ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ,ချုပ်ပုံကိုရှုမြင်ဆင်ခြင်၍ နေတော်မူသောကြောင့်လည်းကောင်း၊ ဝေဒနာဖြစ်ပုံစသည်တို့ကို ရှုမြင်ဆင်ခြင်ရာ၌လည်း ဖြစ်ပုံအကျယ်အားဖြင့် ထူးခြားစွာ

www.dhammadownload.com

ရှုမြင်ဆင်ခြင်၍ သိတော်မူသောကြောင့်လည်းကောင်း 'ပဋိစ္စသမုပ္ပါဒ်ကို ဥပ္ပါဒ = ဖြစ်ခြင်းမျှသာ' ဟုဆိုသော ကေစိဝါဒသည် ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်နေပါသည်။

ကစ္စာနသုတ်နှင့် ဆန့်ကျင်ပုံ

"ကစ္စည်း၊ လောက၏ဖြစ်ကြောင်းတရား(လောကသမုဒယ)ကို မှန်စွာသိတတ်သော ဝိပဿနာပညာ, မဂ်ပညာဖြင့် အမှန်အတိုင်းသိမြင်သောသူအား သေပြီးလျှင်မရှိတော့ ဟု ယူခြင်းသည် မဖြစ်တော့ပေ" ဟူသော စကားဖြင့် အစဉ်အတိုင်းဖြစ်ကြောင်းကိုပြသော အနုလုံပဋိစ္စသမုပ္ပါဒ်ကို လောက၏အကြောင်းဖြစ်သောကြောင့် လောက၏ဖြစ်ကြောင်းတရား(လောကသမုဒယ)ဟူ၍ ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ပယ်နုတ်ခြင်းအကျိုးငှာ ဟောတော်မူခြင်းဖြစ်၏၊ ဖြစ်ခြင်းမျှကို ပြအပ်သည် မဟုတ်ပေ၊ မှန်ပေ၏။

ဖြစ်ခြင်းမျှကို ပြခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ပယ်နုတ်ခြင်း မဖြစ်ပေ၊ အကြောင်းတို့၏ မပြတ်စဲခြင်းကို ပြခြင်းဖြင့်သာလျှင် ဥစ္ဆေဒဒိဋ္ဌိကိုအကြွင်းမဲ့ပယ်နုတ်ခြင်း ဖြစ်ပေသည်၊ အဘယ်ကြောင့်ဆိုသော် အကြောင်းတို့၏မပြတ်စဲခြင်း ရှိလတ်သော် အကျိုးတို့၏ မပြတ်စဲခြင်းကြောင့် ပေတည်း၊ ထို့ကြောင့် ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုသော ကေစိဝါဒသည် ကစ္စာနသုတ်နှင့် ဆန့်ကျင်နေပါသည်။

(၃) နက်နဲမှုနှင့် နည်းတို့၏ မဖြစ်သင့်ခြင်း၊

မြတ်စွာဘုရားသည် "အာနန္ဒာ၊ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်၏၊ နက်ယောင်လည်း ရှိ၏"ဟူသော ဤစကားကို ဟောတော်မူခဲ့၏၊ ထိုနက်နဲခြင်းသည် ၄-ပါးအပြားရှိ၏၊ ထို ၄-ပါးအပြားရှိသော နက်နဲခြင်းသည်ဖြစ်ခြင်းမျှ၌ မရှိပေ၊ ပဋိစ္စသမုပ္ပါဒ်ကို နည်းလေးပါးဖြင့် တန်ဆာဆင်၍ ဖွင့်ပြကြကုန်၏၊ ထိုနည်းလေးပါးအပေါင်းသည်လည်း ဖြစ်ခြင်းမျှ၌ မရှိပေ။

ဤသို့ နက်နဲခြင်းနှင့်နည်းတို့၏ မဖြစ်သင့်ခြင်းကြောင့်လည်း ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ် မမည်ပေ။

(၄) သဒ္ဒါစည်းကမ်းပျက်ခြင်း

"စက္ခုဿ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ = မျက်စိနှင့်အဆင်းကို စွဲမှီ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်သည်" ဟူရာ၌ 'စွဲမှီခြင်း' ကြိယာနှင့် 'ဖြစ်ပေါ်ခြင်း' ကြိယာတို့မှာ စက္ခုဝိညာဏ် ဟူသော ကတ္တားတစ်ခုတည်းသာရှိ၍ 'ပဋိစ္စ' သဒ္ဒါသည် ဝါကျ၏အနက်ကို သိနားလည်ခြင်း ဟူသောအကျိုးကို ဖြစ်စေ၏၊ ကေစိဝါဒ၌ကား 'ပဋိစ္စ' သဒ္ဒါသည် 'ဥပ္ပါဒ' သဒ္ဒါနှင့် တူသောကတ္တား မရှိခြင်းကြောင့် သဒ္ဒါနည်းပျက်၏၊ တစ်စုံတစ်ခုသော အကျိုးမျှကိုလည်းမပြီးစေ၊ ဤသို့လျှင် သဒ္ဒါနည်းပျက်ခြင်းကြောင့် 'ဖြစ်ခြင်းမျှ'သည် ပဋိစ္စသမုပ္ပါဒ်မမည်ပေ။ (မှတ်ချက်။ ။ ပါဠိသဒ္ဒါကို နားလည်မှသာ သဒ္ဒါစည်းကမ်းပျက်ခြင်းကို နားလည်နိုင်ပါမည်။)

ပဋိစ္စသမုပ္ပါဒ်ကို အချို့ဆရာတို့ မှတ်ထင်ပုံ

အချို့သူတို့သည် "ဤသစ်ါရစသည်တို့၏ အကြောင်းတို့၏အဖြစ်သည် ကဒပွစ္စယတာ မည်၏၊ 'အဖြစ်' မည်သည်လည်း အဝိဇ္ဇာစသည်တို့၏ သစ်ါရစသည်တို့ ဖြစ်ပေါ်ခြင်း၌ ကျေးဇူးပြုသော အခြင်းအရာ ဟူသော အကြောင်းပေတည်း၊ ထိုအဝိဇ္ဇာစသည်တို့၏ ဖြစ်ပုံအခြင်းအရာအထူး(ဝိကာရ)ကို ပဋိစ္စသမုပ္ပါဒ်"ဟု မှတ်ထင်ကုန်၏၊ ဤသို့ ထင်မှတ်ခြင်းသည်လည်း မသင့်ပေ၊ အဘယ်ကြောင့်နည်းဟူမူ အဝိဇ္ဇာစသည်တို့၏ အကြောင်းအဖြစ်ကို ဟောတော်မူသောကြောင့်ပေတည်း။

ဟောပုံအကျယ်မှာ- မြတ်စွာဘုရားသည် "အာနန္ဒာ၊ ထိုသို့ ဘဝအသစ်ဖြစ်ခြင်းမရှိလျှင် အိုခြင်းသေခြင်းမရှိနိုင်သောကြောင့် ဤအရာ၌ ဘဝသစ်ဖြစ်ခြင်း ဟူသော ဤသဘောသည်သာလျှင် အိုခြင်းသေခြင်း၏ မူလအကြောင်း(ဟေတု)တည်း၊ ဤသဘောသည်သာလျှင် အပ်နှင်းသောအကြောင်း(နိဒါန)တည်း၊ ဤသဘောသည်သာလျှင် ဖြစ်ပေါ်ကြောင်း(သမုဒယ)တည်း၊ ဤသဘောသည်သာလျှင် အထောက်အပံ့အကြောင်း(ပစ္စယ)[illegible]။ပ။ မသိမှု(အဝိဇ္ဇာ) ဟူသော ဤသဘောသည်သာလျှင် ပြုပြင်အားထုတ်မှု(သစ်ါရ)တို့၏ မူလအကြော

www.dhammadownload.com

အထောက်အပံ့အကြောင်းတည်း" ဟူသော ဤစကားဖြင့် မသိမှု(အဝိဇ္ဇာ) စသည်တို့ကိုသာလျှင် အကြောင်းဟု ဟောတော်မူ၏၊ ထိုအဝိဇ္ဇာစသည်တို့၏ ဖြစ်ပုံအခြင်းအရာအထူး(ဝိကာရ)ကို အကြောင်းဟု ဟောတော်မမူအပ်ပေ။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ပဋိစ္စသမုပ္ပါဒ် ပုဒ်၏ ဝစနတ္ထများ

ပဋိစ္စသမုပ္ပါဒ်မည်ပုံ ၃-နည်း ရှိပါသည်။

၁။ ပထမနည်း

(က) ပဋိစ္စ = ပဋိ + ဣစ္စ
= မျက်မှောက်တိုက်ရိုက် + သိထိုက်သော တရား

ဧရာမရဏာစသော အကျိုးတရားအပေါင်းသည် မျက်မှောက်တိုက်ရိုက်သိမြင်သူအား လောကုတ္တရာ စီးပွားချမ်းသာကို ရရှိစေနိုင်၏၊ ထို့ကြောင့် ထို အကျိုးတရားအပေါင်းသည် ပညာရှိတို့ မျက်မှောက် တိုက်ရိုက်သိခြင်းငှာ ထိုက်သည်အဖြစ်ကြောင့် **'ပဋိစ္စ'** မည်၏။

(ခ) သမုပ္ပါဒ = သံ + ဥပ္ပါဒ
= အတူတကွမှန်စွာ + ဖြစ်သောတရား

ဧရာမရဏာစသော အကျိုးတရားအပေါင်းသည် ဖြစ်လတ်သော် အတူတကွတစ်ပေါင်းတည်း ဖြစ်၏၊ တစ်ခုစီတစ်ခုစီ ခွဲ၍ မဖြစ်၊ အကြောင်းမဲ့ မဆီမလျော်ဖြစ်သည်လည်း မဟုတ်၊ သူ့အကြောင်းနှင့် သူ့အကျိုး ဆီလျော်မှန်ကန်စွာ ဖြစ်၏၊ ထို့ကြောင့် အကျိုးတရားအပေါင်းသည် **'သမုပ္ပါဒ'** မည်၏။

ဤသို့လျှင် အကျိုးတရားအပေါင်းသည် မျက်မှောက်သိထိုက်သောကြောင့် ပဋိစ္စလည်းမည်၊ အတူတကွမှန်စွာ ဖြစ်တတ်သောကြောင့် သမုပ္ပါဒလည်း မည်သောကြောင့် **'ပဋိစ္စသမုပ္ပါဒ'** မည်၏။

တစ်နည်း- အတူတကွ ဖြစ်တတ်သောကြောင့် 'သမုပ္ပါဒ' မည်၏၊ အကြောင်းတို့၏ ညီညွတ်ခြင်းကို စွဲ၍ မစွန့်မူ၍ သာလျှင် ဖြစ်တတ်၏၊ ထို့ကြောင့် 'ပဋိစ္စသမုပ္ပါဒ' မည်ပြန်၏။

ထို့ကြောင့် ဤပထမနည်းအလို သဒ္ဒါနက်အားဖြင့် အကျိုးတရားကိုသာ မုချရ၏။ - **သို့သော်** -

အကြောင်းတရားအပေါင်းကို ပဋိစ္စသမုပ္ပါဒ် ဟု ဟောကြားတော်မူခြင်း

အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် သခါရစသော အကျိုးတရားတို့၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် ဤပထမနည်း၌ သခါရစသော အကျိုးတရားတို့၏ 'ပဋိစ္စသမုပ္ပါဒ်' ဟူသော အမည်ကို အဝိဇ္ဇာစသောအကြောင်းတရားအပေါင်း၌ တင်စား၍ အကြောင်းတရားအပေါင်းကိုလည်း'ပဋိစ္စသမုပ္ပါဒ်' ဟူ၍ ဟောကြားတော်မူအပ်၏။

လောက၌ သလိပ်၏အကြောင်းဖြစ်သော တင်လဲကို 'တင်လဲသည် သလိပ်ပင်' ဟု ဆိုအပ်သကဲ့သို့လည်းကောင်း၊ သာသနာတော်၌ ချမ်းသာ၏အကြောင်းဖြစ်သော မြတ်စွာဘုရားတို့၏ ပွင့်တော်မူခြင်းကို 'မြတ်စွာဘုရားတို့၏ ပွင့်တော်မူခြင်းသည် ချမ်းသာ၏' ဟု ဟောအပ်သကဲ့သို့ လည်းကောင်း၊ ထို့အတူ အဝိဇ္ဇာစသော အကြောင်းတရားတို့ကိုလည်း 'ပဋိစ္စသမုပ္ပါဒ်' ဟူ၍သာလျှင် ဖလူပစာရအားဖြင့် ခေါ်၏။

(ဖလူပစာရနည်း = အကျိုး၏အမည်ကို အကြောင်း၌ တင်စားသောနည်း)။

www.dhammadownload.com

၂။ ဒုတိယနည်း

(က) ပဋိစ္စ = ပဋိ + ဣစ္စ
= ရောက်လာကြသောတရားများ

အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် မိမိနှင့်ဆိုင်ရာအကျိုးကို ပြီးစေတတ်သော သဘောအားဖြင့်လည်းကောင်း၊ ချို့တဲ့ခြင်းမရှိသောသဘောအားဖြင့် လည်းကောင်း၊ ရှေးရှုပေါင်းဆုံ၍ ဆိုက်ရောက်လာကြသောကြောင့် **'ပဋိစ္စ'** မည်၏။

(ခ) သမုပ္ပါဒ = သံ + ဥပ္ပါဒ
= တစ်ပေါင်းတည်းဖြစ်ထတ်သော အကျိုးတရားတို့ကို + ဖြစ်စေတတ်သောတရား

တစ်သီးတစ်ခြားစီ မဟုတ်ဘဲ အတူတကွ တစ်ပေါင်းတည်းသော အကျိုးတရားတို့ကို ဖြစ်ပေါ်လာစေတတ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့ကို **'သမုပ္ပါဒ'** ဟု ခေါ်သည်။

ဤသို့လျှင် အဝိဇ္ဇာစသော အကြောင်းတရားတို့သည် မိမိနှင့်ဆိုင်ရာအကျိုးကို ပြီးစေခြင်း, ချို့တဲ့ပျက်ကွက်မှု မရှိခြင်းအားဖြင့် အချင်းချင်း ရှေးရှုပေါင်းဆုံ၍ ဆိုက်ရောက်လာကြသောကြောင့် ပဋိစ္စလည်းမည်၊ တစ်သီးတစ်ခြားစီမဟုတ်ဘဲ အတူတကွတစ်ပေါင်းတည်းသော အကျိုးတရားတို့ကိုဖြစ်ပေါ်စေတတ်သောကြောင့် သမုပ္ပါဒလည်း မည်သောကြောင့် **'ပဋိစ္စသမုပ္ပါဒ'** မည်ပါသည်။

ထို့ကြောင့် ဤဒုတိယနည်းအလို အကြောင်းအပေါင်းသည် 'ပဋိစ္စသမုပ္ပါဒ' မည်၏။

၃။ တတိယနည်း

ပဋိစ္စသမုပ္ပါဒ = ပဋိစ္စ + သမုပ္ပါဒ
= အချင်းချင်းစွဲမှီ၍ + အကျိုးတရားတို့ကို တစ်ပြိုင်နက်ဖြစ်စေသောတရားများ

အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် အချင်းချင်းစွဲမှီ၍သာလျှင် သခါရစသော အကျိုးတရားတို့ကို အညီအညွတ်လည်းကောင်း၊ အတူတကွတစ်ပြိုင်နက်လည်းကောင်း ဖြစ်စေတတ်သောကြောင့် **"ပဋိစ္စသမုပ္ပါဒ"** မည်ပါသည်။

ဤ တတိယနည်းအလို အကြောင်းအပေါင်းသည် မုချအားဖြင့် 'ပဋိစ္စသမုပ္ပါဒ်' မည်၏၊ အကျိုးတရားအပေါင်းသည်ကား မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် 'ပဋိစ္စသမုပ္ပါဒ်' မည်၏၊ အကြောင်းတရားတို့၏ 'ပဋိစ္စသမုပ္ပါဒ်' ဟူသောအမည်ကို အကျိုးတရားတို့အပေါ်၌ တင်စား၍ အကျိုးတရားတို့ကိုလည်း 'ပဋိစ္စသမုပ္ပါဒ်' ဟု ကာရဏူပစာရအားဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဤဆိုခဲ့ပြီးသောနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူသော မြတ်စွာဘုရားရှင်သည်-

(၁) 'ပဋိစ္စ' ဟူသော ရေ့.ပုဒ်

'အကြောင်းတို့၏ညီညွတ်ခြင်း' ကိုပြသော 'ပဋိစ္စ' ပုဒ်ဖြင့် အဆက်မပြတ်ဖြစ်သော ဝဋ်သုံးပါးတရားတို့၏ အကြောင်းတို့၏ ညီညွတ်ခြင်းနှင့် ဆက်စပ်သော ဖြစ်ခြင်းရှိသောကြောင့် သဿတဝါဒ၊ အဟေတုကဝါဒ ဝိသမဟေတုကဝါဒ၊ ဝသဝတ္တိဝါဒ စသည်တို့ မရှိခြင်း ဟူသော အနက်ကိုပြ၏။

(၂) 'သမုပ္ပါဒ' ဟူသော နောက်ပုဒ်

'အကျိုးတရားတို့၏ဖြစ်ပေါ်ခြင်း' ကိုပြသော 'သမုပ္ပါဒ' ပုဒ်ဖြင့် အကြောင်းတို့၏ညီညွတ်ခြင်း ရှိလတ်သော် အကျိုးတရားတို့၏ဖြစ်ခြင်း ရှိသောကြောင့် ဥစ္ဆေဒဝါဒ၊ နတ္ထိကဝါဒ၊ အကိရိယဝါဒများ မှားယွင်းသည်ဟူသော အနက်ကို ပြ၏။

(၃) 'ပဋိစ္စသမုပ္ပါဒ' ဟူသော နှစ်ပုဒ်ပေါင်း

ထိုထိုအကြောင်းတို့ ညီညွတ်ခြင်းရှိလတ်သော် အကြောင်းအကျိုးအစဉ်ကို မပြတ်စေမူ၍ ထိုထိုအကျိုးတရားတို့၏ ဖြစ်သင့်ခြင်းကြောင့်-

www.dhammadownload.com

(၁) မဇ္ဈိမပဋိပဒါ ခေါ် အလယ်လမ်းအကျင့်ကို ပြခြင်း၊
(၂) ခံစားမည့်သူပင် ပြုသည်, ပြုသူပင် ခံစားသည်၊ ပြုသူက တစ်ခြား, ခံစားသူက တစ်ခြား ဟူသောဝါဒကို ပယ်ခြင်း၊
(၃) မိန်းမ, ယောကျ်ားစသော နယ်ပယ်အရပ်သုံးစကား၌ မြဲမြံစွာနှလုံးမသွင်းခြင်း၊
(၄) လောကသုံး အမည်ပညတ်ကိုလည်း မပယ်ခြင်း၊
–ဟူသော သိသင့်သိထိုက်သော အကျင့်လမ်းမှန်ကို ပြတော်မူ၏။

မှတ်ချက်။

သဿတဝါဒ = ပုဂ္ဂိုလ်သတ္တဝါဟုခေါ်သော အတ္တကောင်သည် ပျက်စီးခြင်းမရှိ၊ ခန္ဓာကိုယ်ကြီးပျက်စီးသွားသော်လည်း သူကမပျက်၊ တစ်နေရာရာ၌ တည်မြဲလျက်ရှိသည်ဟု ယူဆပြောဆိုသောဝါဒ။

အဟေတုဝါဒ = ချမ်းသာခြင်း ဆင်းရဲခြင်းသည် အကြောင်းမရှိ၊ အဆင်သင့်သည်အားလျော်စွာ အလိုလိုဖြစ်ပေါ်လာသည်ဟု ယူဆပြောဆိုသောဝါဒ။

ဝိသမဟေတုဝါဒ = မည်ညှတ်သောအကြောင်း၊ မှားယွင်းသောအကြောင်းကို ယုံကြည်သောဝါဒ၊
ပကတိ အဏု ကာလ စသည်တို့၏အစွမ်းအားဖြင့် လောကဖြစ်နေသည်ဟု ယူဆပြောဆိုသောဝါဒ၊

ဝသဝတ္တိဝါဒ = ဘုရားသခင်၏ အလိုအတိုင်းဟု ယုံကြည်သော ဝါဒ၊
ဣဿရ ပုရိသ ပဇာပတိဟု ခေါ်သော ဘုရားသခင်ကဖန်ဆင်းခြင်းကြောင့်ဖြစ်သည်ဟု ယူဆပြောဆိုသောဝါဒ၊

ဥစ္ဆေဒဝါဒ = သေသောအခါ သတ္တဝါသည် လုံးဝမရှိတော့ဘဲ ပြတ်စဲသွားသည်ဟု ယူဆပြောဆိုသော ဝါဒ၊

နတ္ထိကဝါဒ = ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးမရှိဟု ယူဆပြောဆိုသော ဝါဒ၊

အကိရိယဝါဒ = သတ်ခြင်း, ခိုးခြင်းစသည်ကို ပြုသော်လည်း အကုသိုလ်ကံ မဖြစ်၊ လှူခြင်း, သတ်မှုမှရှောင်ကြဉ်ခြင်း စသည်ကို ပြုသော်လည်း ကုသိုလ်ကံ မဖြစ်ဟု ယူဆပြောဆိုသော ဝါဒ၊

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ပဋိစ္စသမုပ္ပါဒ်အနက်ပွင့်ရန် ခဲယဉ်းပုံ

ပဋိစ္စသမုပ္ပါဒ်အနက်သည် ဖွင့်ရန်ခဲယဉ်းသောကြောင့် အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသသည် အောက်ပါ အခြေခံမူများချမှတ်၍ ပဋိစ္စသမုပ္ပါဒ်အနက်အဖွင့်ကို ပြုပါသည်။

၁။ ဝိဘင်္ဂဝါဒီဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ပရိသတ်သို့ သက်ဝင်ပြီးလျှင် ဆရာတို့ကို မစွပ်စွဲခြင်း၊
၂။ သာသနဓမ္မတည်းဟူသော မိမိအယူကို(ဝါ) မဟာဝိဟာရဝါသီဂိုဏ်းသားတို့၏ဝါဒတည်းဟူသော မိမိအယူကို မကျော်လွန်ခြင်း၊
၃။ သာသနာပတိတ္ထိတည်းဟူသော သူတစ်ပါးအယူကို(ဝါ) အာဘယဂိရိဂိုဏ်းသားစသော သူတစ်ပါးတို့၏အယူကို အပြစ်မတင်ခြင်း၊
၄။ သုတ်ပါဠိကို မပယ်ခြင်း, မထိခိုက်စေခြင်း၊
၅။ ဝိနည်းကို လျော်စေခြင်း၊
၆။ မဟာပဒေသလေးပါးတို့ကို ကြည့်ခြင်း၊
၇။ ပဋိစ္စသမုပ္ပါဒ်ပါဠိကို ထင်ရှားပေါ်လွင်အောင်ပြခြင်း၊
၈။ ထိုပါဠိ၏အနက်ကို ကောင်းစွာယူခြင်း၊
၉။ ထိုအနက်ကိုပင် တစ်ပါးသော ပရိယာယ်တို့ဖြင့် ညွှန်ပြခြင်း၊

အခန်း ၄–ပါး

၁။ သစ္စာလေးပါး ၂။ သတ္တဝါ ၃။ ပဋိသန္ဓေ ၄။ ပဋိစ္စသမုပ္ပါဒ်
(ဤတရားလေးပါးတို့ကို မြင်နိုင်ခဲကုန်၏၊ ဟောပြောခြင်းငှါ အလွန်တရာပြုနိုင်ခဲကုန်၏ ဟု ရှေးဆရာတို့မိန့်ဆိုခဲ့သည်။)

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အနက်ကိုမွှင့်နိုင်သူ

ပါဠိတော် ဟူသော အာဂမ နှင့် မဂ်ဖိုလ် ဟူသော အဓိဂမသို့ ရောက်ပြီးသူ

ပဋိညာဉ်(ဝန်ခံခြင်း) နှင့် ဥယျောဇဉ်(တိုက်တွန်းခြင်း)

"ပဋိစ္စသမုပ္ပါဒ်အနက်ကိုဖွင့်လိုသော ငါသည် သမုဒ္ဒရာသို့သက်ဆင်းမိသော ယုန်သူငယ်ကဲ့သို့ ထောက်တည်ရာကို မရနိုင်ပေ၊ သို့သော်လည်း အထူးထူးသောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော (ပါဠိဒေသနာတရား တော်တည်းဟူသော) ဤသာသနာတော်သည် လည်းကောင်း၊ (ပဋိစ္စသမုပ္ပါဒ်၏ အဖွင့်အဋ္ဌကထာတည်းဟူသော) ရှေးဆရာတို့၏ ပို့ချစဉ်စကားသည် လည်းကောင်း၊ အဆက်မပြတ်မူ၍ တည်ရှိ၏၊ ထိုနှစ်ပါးကို ကောင်းစွာမှီ၍ ဤပဋိစ္စသမုပ္ပါဒ်အနက်အဖွင့်ကို အားထုတ်ပြုစုပေအံ့၊ ကောင်းစွာစိတ်ကိုထားလျက်(ဝါ) တည်ကြည်သောစိတ်ရှိကုန်လျက် နာယူလေ့လာကြပါကုန်လော့"။ တိုက်တွန်းသင့်ပေစွ၊ ရှေးဆရာတို့သည်-

"တစ်စုံတစ်ယောက်သောသူသည် ဤပဋိစ္စသမုပ္ပါဒ်ကို စီးပွားသဖွယ်အရှိအသေပြု၍(ဝါ) အရိုးစွဲသကဲ့သို့ မြဲမြံအောင်ပြု၍ နာယူငြားအံ့၊ နာယူရန် အားထုတ်စပြုသော အခါမှစ၍ ခဏတိုင်း ခဏတိုင်း မဖြစ်ဖူးသေးသော သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်အထူးကို လည်းကောင်း၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာကုန်ခြင်း ဟူသော ဓမ္မအထူးကို လည်းကောင်း ရပြီးလျှင် သေမင်း၏မြင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်လေရာ၏" ဟု မိန့်ဆိုအပ်ခဲ့ပေ၏။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူပုံ နည်း ၄-မျိုး (ဒေသနာအပြား)

နွယ်ကိုဆောင်ယူသော ယောကျ်ား ၄-ယောက်တို့၏ နွယ်ကိုယူခြင်းကဲ့သို့ အစမှအဆုံး၊ အလယ်မှအဆုံး၊ အဆုံးမှအစ၊ အလယ်မှအစတိုင်အောင် ဟောခြင်း ဟူ၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ၄-မျိုးရှိ၏။

၁။ အစမှ အဆုံးသို့ တိုင်အောင်ဟောနည်း (အစမှစ၍ အနုလုံအားဖြင့်ဟောသောဒေသနာ)

နွယ်ကိုဆောင်ယူသော ယောကျ်ားလေးယောက်တို့တွင် တစ်ယောက်သည် နွယ်၏အမြစ်အရင်းကိုသာလျှင် ရှေးဦးစွာမြင်၏၊ ထိုသူသည် ထိုနွယ်ကို အမြစ်အရင်း၌ဖြတ်၍ အဖျားတိုင် အလုံးစုံကိုဆွဲငင်လျက်ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ပြုလုပ်သကဲ့သို့- ထို့အတူ မြတ်စွာဘုရားသည် "ရဟန်းတို့၊ ဤဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြ၏။ ပ ။ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ ဖြစ်၏" ဟု အစမှစ၍ အဆုံးတိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

၂။ အလယ်မှစ၍ အဆုံးတိုင်အောင်ဟောနည်း (အလယ်မှစ၍အနုလုံအားဖြင့်ဟောသောဒေသနာ)

နွယ်ကိုဆောင်ယူသော ယောကျ်ားလေးယောက်တို့တွင် တစ်ယောက်သည် နွယ်၏အလယ်ပိုင်းကို ရှေးဦးစွာ မြင်၏၊ ထိုသူသည် ထိုနွယ်ကို အလယ်၌ဖြတ်၍ အထက်ပိုင်း(အဖျားပိုင်း)အဖို့ကိုသာလျှင် ဆွဲငင်လျက်ယူပြီး အမှုကိစ္စ၌ ထည့်၍ပြုသကဲ့သို့- ထို့အတူ မြတ်စွာဘုရားသည် "ခံစားမှုဝေဒနာကို ဝမ်းမြောက်လျက် နှစ်သက်သော ချီးမွမ်းပြောဆိုသော မျိုသွင်းသိမ်းပိုက်လျက်တည်သော ထိုပုဂ္ဂိုလ်အား နှစ်သက်ခြင်းသည် ဖြစ်၏၊ ခံစားမှုတို့၌ ဖြစ်သော ထိုပြင်းစွာနှစ်သက်ခြင်းသည် စွဲလမ်းမှု ဥပါဒါန် ပေတည်း၊ စွဲလမ်းမှု ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏၊ ဘဝ ဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏" ဤသို့ စသည်ဖြင့် အလယ်ဖြစ်သော ဝေဒနာမှ စ၍ အဆုံးတိုင်အောင်လည်း ဟောတော်မူ၏။

၃။ အဆုံးမှစ၍ အစတိုင်အောင်ဟောနည်း (ပဋိလောမဒေသနာ)

နွယ်ကိုဆောင်ယူသော ယောကျ်ားလေးယောက်တို့တွင် တစ်ယောက်သည် နွယ်၏အဖျားပိုင်းကို ရှေးဦးစွာ မြင်၏၊ ထိုသူသည် ထိုနွယ်ကို အဖျား၌ကိုင်၍ အဖျားမှ အစဉ်လျှောက်သဖြင့် နွယ်ရင်းတိုင်အောင် အလုံးစုံကို ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ပြုသကဲ့သို့- ထို့အတူ မြတ်စွာဘုရားသည် "ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်၏ ဟူ၍ ဤသို့သာလျှင် ငါဘုရား ဟောတော်မူ၏၊ ရဟန်းတို့၊ ဇာတိ ဟူသော အကြောင်းကြောင့်

www.dhammadownload.com

ဧရာမရဏ ဖြစ်လေသလော? မဖြစ်လေသလော? ဤအရာ၌ သင်တို့မှာ အဘယ်သို့ထင်သနည်း ဟု မေးတော်မူ၏၊ အရှင်ဘုရား၊ ဇာတိ ဟူသော အကြောင်းကြောင့် ဧရာမရဏ ဖြစ်ပါသည်၊ ဤအရာ၌ တပည့်တော်တို့မှာ ဤသို့ပင် ထင်ပါသည်ဘုရား ဟု လျှောက်ထား ကြကုန်၏ ။ပ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ ဟူ၍ ဤသို့လျှင် ငါဘုရားဟောတော်မူ၏၊ ရဟန်းတို့၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်လေသလော? မဖြစ်လေသလော? ဤအရာ၌ သင်တို့မှာ အဘယ်သို့ထင်သနည်း ဟု မေးတော်မူ၏" ဤသို့ အဆုံးမှစ၍ အစတိုင်အောင်လည်း၊ ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

၄။ အလယ်မှစ၍ အစတိုင်အောင်ဟောနည်း (ပဋိလောမဒေသနာတော်)

နွယ်ကိုဆောင်ယူသော ယောကျ်ားလေးယောက်တို့တွင် တစ်ယောက်သည် နွယ်၏အလယ်ကိုသာလျှင် ရှေးဦးစွာမြင်၏၊ ထိုသူသည် ထိုနွယ်ကို အလယ်၌ဖြတ်၍ အောက်ပိုင်း(အရင်းပိုင်း)အဖို့ကိုသာလျှင် ဆွဲငင်လျက်ယူပြီး အမှုကိစ္စ၌ ထည့်၍ပြုသကဲ့သို့- ထို့အတူ မြတ်စွာဘုရားသည် "ရဟန်းတို့၊ ဤလေးပါးသော အာဟာရတို့သည် အဘယ်လျှင် အကြောင်း ရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ရင်း ရှိကုန်သနည်း? အဘယ်လျှင် အမွှန်အစ ရှိကုန်သနည်း?

ဤလေးပါးသောအာဟာရတို့သည် တပ်မက်ခြင်းလျှင် အကြောင်းရှိကုန်၏၊ တပ်မက်ခြင်းလျှင် ဖြစ်ကြောင်း ရှိကုန်၏၊ တပ်မက်ခြင်းလျှင် ဖြစ်ရင်းရှိကုန်၏၊ တပ်မက်ခြင်းလျှင် အမွှန်အစရှိကုန်၏၊ တပ်မက်ခြင်းသည် အဘယ်လျှင် အကြောင်းရှိသနည်း---။ ခံစားမှုသည်---။ အာရုံကိုတွေ့မှုသည်---။ အာယတန ၆-ပါးသည်---။ နာမ်ရုပ်သည်---။ ဘဝသစ်ဝိညာဏ်သည်---။ သင်္ခါရတို့သည် အဘယ်လျှင် အကြောင်းရှိကုန်သနည်း ။ပ။ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏ ။ပ။ အဝိဇ္ဇာလျှင် အမွှန်အစရှိကုန်၏" ဤသို့ အလယ်ဖြစ်သော အာဟာရ ၄-ပါး (တစ်နည်း တဏှာ)မှ စ၍ အစတိုင်အောင်လည်း ဟောတော်မူ၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ၄-နည်း ဟောရခြင်းအကြောင်း

၁။ ပဋိစ္စသမုပ္ပါဒ်၏ ထက်ဝန်းကျင်ကောင်းသည်၏အဖြစ်(သမန္တဘဒ္ဒက)ကြောင့် လည်းကောင်း၊

၂။ မြတ်စွာဘုရားရှင်ကိုယ်တိုင်လည်း ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်(ဒေသနာဝိလာသဉာဏ်)သို့ ရောက်တော်မူသည်၏အဖြစ်ကြောင့် လည်းကောင်း ဟောတော်မူခြင်း ဖြစ်ပါသည်။

ချဲ့ပြရသော်-

၁။ ပဋိစ္စသမုပ္ပါဒ်သည် ထက်ဝန်းကျင်ကောင်းပါ၏၊ ထိုသို့ ကောင်းသောကြောင့်ပင် ဒေသနာ ၄-ပါးမှ တစ်ပါးပါးသောဒေသနာကို အစဉ်လျှောက်၍ အရိယမဂ်ကိုထိုးထွင်းသိခြင်းငှာ(ဝါ) ပဋိစ္စသမုပ္ပါဒ်တရားကို ထိုးထွင်း၍သိခြင်းငှာ ဖြစ်နိုင်ပါသည်။

၂။ မြတ်စွာဘုရားသည် လေးပါးသော ဝေသာရဇ္ဇဉာဏ်၊ လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့နှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ လေးပါးသောနက်နဲမှုသို့ ဆိုက်ရောက်တော်မူခြင်းကြောင့်လည်းကောင်း၊ ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်သို့ ရောက်တော်မူ၏၊ ဤသို့ ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်(ဒေသနာဝိလာသဉာဏ်)တော်ကို ရတော်မူခြင်းကြောင့် မြတ်စွာဘုရားသည် အထူးထူးသောနည်းတို့ဖြင့် ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်၏။

အထူးအားဖြင့် မြတ်စွာဘုရားသည် -

(၁) **အစမှအဆုံးသို့တိုင်အောင် အနုလုံအားဖြင့်ဟောသော ဒေသနာတော်ကို** သံသရာဝဋ်မပြတ်ဖြစ်ခြင်း၏အကြောင်းကို ခွဲခြမ်းခြင်းဉာဏ် တွေဝေသော သတ္တဝါအပေါင်းကို မြင်တော်မူသည်ဖြစ်၍

- သက်ဆိုင်ရာ အကြောင်းအကျိုးအားလျော်စွာ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့် သင်္ခါရစသော အကျိုးတရားများ ဖြစ်ပေါ်လာပြီး သံသရာဝဋ်၏ မပြတ်ဖြစ်ခြင်းကို ပြခြင်းအကျိုးငှာလည်းကောင်း၊
- အဝိဇ္ဇာ သင်္ခါရ စသည်ဖြင့် သံသရာဝဋ်၏ ဖြစ်ပုံအစဉ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊

ဟောတော်မူခြင်း ဖြစ်ပေသည်။

www.dhammadownload.com

(၂) **အလယ်မှစ၍ အဆုံးတိုင်အောင်ဟောသော ဒေသနာတော်ကို** ပစ္စုပ္ပန်အဓွန့် ၈-မျိုး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)၌ အနာဂတ်အဓွန့်ဖြစ်သည့်-ဇာတိ၊ ဇရာမရဏာ၏ အကြောင်းတရားဖြစ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ဖြစ်ပေါ်သည်မှစ၍ အနာဂတ်အဓွန့်ကို ပြခြင်းအကျိုးငှာ ဟောတော်မူခြင်း ဖြစ်ပေသည်။

(၃) **အဆုံးမှစ၍ အစတိုင်အောင်ဟောသောဒေသနာတော်ကို** အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း၊ အဖန်တလဲလဲ အိုရခြင်း၊ အဖန်တလဲလဲ စုတေရခြင်းတို့ဖြင့် ပင်ပန်းဆင်းရဲခြင်းသို့ရောက်သော သတ္တလောကကို အစဉ်လိုက်ကာ ကြည့်ရှုတော်မူသော မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ရှေ့အဖို့၌ဖြစ်ခဲ့သော ပဋိဝေဓပဿနာဉာဏ်သို့ အစဉ်လျှောက်သဖြင့် အိုခြင်းသေခြင်း အစရှိသော ထိုထိုဆင်းရဲ၏ ကိုယ်တော်တိုင်သိခဲ့သော ဇာတိစသော အကြောင်းကို ပြတော်မူခြင်းအကျိုးငှာ ဟောတော်မူခြင်း ဖြစ်ပေသည်။

(၄) **အလယ်မှစ၍ အစတိုင်အောင်ဟောသော ဒေသနာတော်ကို** အာဟာရတို့၏ အကြောင်းဖြစ်သော တဏှာကို ပိုင်းခြားသတ်မှတ်ပြပြီး၊ အစဉ်လျှောက်သဖြင့် အဝိဇ္ဇာ, သင်္ခါရ ဟူသော အတိတ်အဓွန့်တိုင်အောင် ဆောင်ပြီးလျှင်၊ တစ်ဖန် အတိတ်အဓွန့်မှစ၍ အကြောင်းအကျိုးအစဉ်ကို ပြခြင်းအကျိုးငှာ ဟောတော်မူခြင်း ဖြစ်ပေသည်။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

အဝိဇ္ဇာကို အစထား၍ ဟောတော်မူရခြင်းအကြောင်း

မေးခွန်းသွင်း၍ ရှင်းပြဦးအုံ၊ **ဤ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာကို အဘယ်ကြောင့် လက်ဦးအစ၌ ဟောတော်မူပါသနည်း? ပကတိဝါဒရှိသော ပုဂ္ဂိုလ်တို့၏ ပကတိကဲ့သို့ အဝိဇ္ဇာသည်လည်း အကြောင်းကင်းသလော? လောက၏ အကြောင်းရင်း ဖြစ်လေသလော?**

အကြောင်းကင်းသည် မဟုတ်ပါ၊ မှန်ပေ၏၊ 'အာသဝ ဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပေါ်သည်' ဟု အဝိဇ္ဇာ၏အကြောင်းကို မြတ်စွာဘုရားဟောတော်မူအပ်ပေသည်၊ သို့သော်လည်း အဝိဇ္ဇာသည် မူလအကြောင်းဖြစ်နိုင်သော အကြောင်းပရိယာယ်ကား ရှိပေ၏၊ ထိုအကြောင်းပရိယာယ်ကား ဝဋ်ကိုဟောသောစကား (ဝဋ္ဋကထာ)၏ ဦးခေါင်း အဖြစ်ပေတည်း၊ မှန်ပေ၏၊

မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည်ရှိသော် အဝိဇ္ဇာကိုသော်လည်းကောင်း၊ တဏှာကိုသော်လည်းကောင်း၊ နှစ်ပါးသောတရားတို့ကို ဦးခေါင်းပြု၍ ဟောတော်မူ၏၊

အဝိဇ္ဇာကို ဦးခေါင်းပြု၍ ဟောတော်မူပုံကား -

"ရဟန်းတို့၊ ဤကာလမှ ရှေး၌ အဝိဇ္ဇာသည် မဖြစ်ခဲ့ မရှိခဲ့သေး၊ ထိုမှနောက်၌ စ၍ ဖြစ်လာခဲ့သည်ဟု ဆိုဖွယ်ရာ အဝိဇ္ဇာ၏ ရှေးဖြစ်သောအစွန်းသည် မထင်ပေ၊ ရဟန်းတို့၊ ဤအတိုင်းပင် ဤစကားကို ငါဘုရား ဟောဆိုအပ်ပေသည်။ ထိုသို့ပင်ဟောဆိုသော်လည်း ဤအဝိဇ္ဇာ၏အကြောင်း (အာသဝ)ကြောင့် အဝိဇ္ဇာဖြစ်ပေါ်သည်ဟု အဝိဇ္ဇာ၏အကြောင်းသည် ထင်သေး၏" ဟူ၍ပင်တည်း။

ဘဝတဏှာကို ဦးခေါင်းပြု၍ ဟောတော်မူပုံကား -

"ရဟန်းတို့၊ ဤကာလမှ ရှေး၌ ဘဝတဏှာသည် မဖြစ်ခဲ့ မရှိခဲ့သေး၊ ထိုမှနောက်၌ စ၍ဖြစ်လာခဲ့သည် ဟု ဆိုဖွယ်ရာ ဘဝတဏှာ၏ ရှေးဖြစ်သော အစွန်းသည် မထင်ပေ၊ ရဟန်းတို့၊ ဤအတိုင်းပင် ဤစကားကို ငါဘုရား ဟောဆိုအပ်ပေသည်။ ထိုသို့ပင် ဟောဆိုသော်လည်း ဤဘဝတဏှာ၏အကြောင်း (ဝေဒနာ)ကြောင့် ဘဝတဏှာဖြစ်ပေါ်သည်ဟု ဘဝတဏှာ၏အကြောင်းသည် ထင်သေး၏" ဟူ၍ပင်တည်း။

www.dhammadownload.com

မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည်ရှိသော် အဘယ်ကြောင့် အဝိဇ္ဇာနှင့် ဘဝတဏှာကို ဦးခေါင်းပြု၍ ဟောတော်မူသနည်း ဟူမူ?

(က) အဝိဇ္ဇာသည် ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်း၊

(ခ) ဘဝတဏှာသည် သုဂတိဘုံသို့ရောက်စေတတ်သော ကုသိုလ်ကံ၏ ထူးသောအကြောင်း ဖြစ်သောကြောင့်တည်း။

(က) အဝိဇ္ဇာသည် ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်းဖြစ်ပုံ

မီးဖြင့် အကင်ခံရခြင်း၊ ဆောက်ပုတ်ဖြင့် ရိုက်နှက်ခံရခြင်းတို့ကြောင့် ပင်ပန်းဆင်းရဲခြင်းတို့ဖြင့် နှိပ်စက်ခံရသော အသတ်ခံရမည့် နွားမသည် ထိုပင်ပန်းခြင်းက နှိပ်စက်အပ်သောကြောင့်, သာယာဖွယ်မရှိသည့်ပြင် မိမိအကျိုးမဲ့ကိုလည်း ဆောင်တတ်သော ရေနွေးပူသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့- ထို့အတူ

အဝိဇ္ဇာ လွှမ်းမိုးနှိပ်စက်ခံရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိလေသာဖြင့် ပူလောင်ခြင်းကြောင့်, သာယာဖွယ်မရှိသည့်ပြင် မိမိ၏အကျိုးမဲ့ကိုလည်း ဆောင်တတ်သော, သူ့အသက်သတ်ခြင်း အစရှိသော, ဒုဂ္ဂတိသို့ ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။

(ခ) ဘဝတဏှာသည် သုဂတိဘုံသို့ ရောက်စေတတ်သော ကုသိုလ်ကံ၏ ထူးသောအကြောင်းဖြစ်ပုံ

ပြဆိုခဲ့သော နွားမသည်(ရေအေးကိုဆာလောင်တောင့်တသဖြင့်) သာယာဖွယ်ရှိသည့်အပြင် မိမိ၏ ပင်ပန်းဆင်းရဲခြင်းကိုလည်း ပယ်ဖျောက်တတ်သော ရေအေးသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့- ထို့အတူ

ဘဝတဏှာနှိပ်စက်အပ်သော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိလေသာအပူကင်းခြင်းကြောင့် သာယာဖွယ်ရှိသည့်ပြင် မိမိ၏ ဒုဂ္ဂတိဆင်းရဲဟူသော ပင်ပန်းခြင်းကိုလည်း ပယ်ဖျောက်တတ်သော, သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်းအစရှိသော, သုဂတိသို့ ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။

* ဆင်းရဲ၌ အဝိဇ္ဇာသို့ တဏှာက နောက်မှလိုက်၏၊
* ချမ်းသာ၌ တဏှာသို့ အဝိဇ္ဇာက နောက်မှလိုက်၏၊

ကေမူလိကဒေသနာ

မြတ်စွာဘုရားသည် အဝိဇ္ဇာနှင့်တဏှာ ဟူသော တရား၂-ပါးတို့တွင် **အချို့သုတ်၌ တစ်ခုသောတရားလျှင် မူလရှိသော ဒေသနာကို ဟောတော်မူ၏။**

အဝိဇ္ဇာကို မူလထား၍ ဟောတော်မူပုံ - "ရဟန်းတို့၊ ဤသို့လျှင် သခ်ါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏၊ ဘဝသစ်ဝိညာဏ်သည် သခ်ါရလျှင် အကြောင်းရှိ၏" ဤသို့အစရှိသော ဒေသနာတော်တည်း။

တဏှာကို မူလထား၍ ဟောတော်မူပုံ - "ရဟန်းတို့၊ ဥပါဒါန်၏အာရုံ ဖြစ်ကုန်သောတရားတို့၌ သာယာဖွယ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသောသူအား တဏှာသည် တိုးပွား၏၊ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန် ဖြစ်၏" ဤသို့အစရှိသော ဒေသနာတော်တည်း။

ဥဘယမူလိကဒေသနာ

အချို့သုတ်၌ ၂-ပါးသောတရားလျှင် မူလရှိသောဒေသနာကို ဟောတော်မူ၏၊ "ရဟန်းတို့၊ အဝိဇ္ဇာဟူသော အပိတ်အဆို့ရှိသော, တဏှာနှင့်ယှဉ်သော သူမိုက်အား ဤ အဝိဇ္ဇာ, တဏှာဟူသော တရားနှစ်ပါးကြောင့် ခန္ဓာ ၅-ပါး ဟူသော ဤကာယသည် ဖြစ်ပေါ်လာ၏၊ ဤသို့ မိမိသန္တာန်၌ ဖြစ်ပေါ်လာသော ကာယသည်လည်းကောင်း၊ သူတစ်ပါးသန္တာန်၌ရှိသော နာမ်ရုပ်သည်လည်းကောင်း ဤအတွင်းအပြင် တရားနှစ်ပါးအပေါင်းသည် ဒွယ(နှစ်ခုပေါင်းတစ်စုံ) မည်၏၊ ဤအတွင်းအပြင် တရားတစ်စုံကို စွဲ၍ ဖဿ ဖြစ်ပေါ်၏၊ ဖဿ၏အကြောင်းသည် သဠာယတနတည်း၊ ယင်း သဠာယတနတို့ကြောင့် ဖြစ်ပေါ်လာသော ဖဿဖြင့် တွေ့ထိသည်ဖြစ်၍ သူမိုက်သည် ချမ်းသာဆင်းရဲကို ခံစား၏" ဤသို့ အစရှိသော ဒေသနာပင်တည်း။

www.dhammadownload.com

ထိုသို့ ဟောကြားတော်မူအပ်သော ဒေသနာအမျိုးမျိုးတို့တွင် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' စသည်ဖြင့် ဟောကြားတော်မူအပ်သော ဤဒေသနာတော်သည် ဤပညာဘူမိနိဒ္ဒေသ၌ အဝိဇ္ဇာ၏အစွမ်းအားဖြင့် တစ်ခုသောတရားလျှင် မူလရှိသောဒေသနာတော် ဖြစ်သည် ဟု သိရှိပါလေ။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

အဝိဇ္ဇာ စသည်တို့၏ အနက်

အဝိဇ္ဇာမည်ပုံ

(၁) ပြည့်စေခြင်း ဆည်းပူးခြင်းငှာ မသင့်သော အနက်သဘောကြောင့် ကာယဒုစရိုက်စသည်သည် အဝိန္ဒိယ (မရသင့် မရထိုက်သော အမှု) မည်၏၊ ထို မရသင့် မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၂) ပြည့်စေခြင်း ဆည်းပူးခြင်းငှာ သင့်သော အနက်သဘောကြောင့် ကာယသုစရိုက်စသည်သည် ဝိန္ဒိယ (ရသင့် ရထိုက်သောအမှု)မည်၏၊ ထိုရသင့်ရထိုက်သော ကာယသုစရိုက်စသည်ကို မရတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၃) ခန္ဓာတို့၏အစုဟူသော အနက်သဘောကို၊ အာယတနတို့၏ဖြစ်စေခြင်းဟူသော အနက်သဘောကို၊ ဓာတ်တို့၏ အတ္တ သတ္တ ဇီဝမှ ဆိတ်သော အနက်သဘောကို၊ ဣန္ဒြေတို့၏ အစိုးရခြင်း အနက်သဘောကို၊ သစ္စာတို့၏မှန်သော အနက်သဘောကို- မသိအပ်သည်ကို ပြုတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၄) ဒုက္ခသစ္စာ စသည်တို့၏နှိပ်စက်ခြင်း စသည်တို့၏အစွမ်းအားဖြင့် ဟောအပ်သော ၄-မျိုး ၄-မျိုးပြားသော သစ္စာအနက်(၁၆)ချက်ကို မသိအောင် ပြုတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၅) အဆုံးအပိုင်းအခြားကင်းသော သံသရာ၌ အလုံးစုံသော ယောနိ, ဂတိ, ဘဝ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ သတ္တဝါတို့ကို ပြေးသွားစေတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၆) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ,ယောကျ်ား အစရှိသော ပညတ်တို့၌ သွားတတ် ဖြစ်တတ်သောကြောင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာစသည်တို့၌ မသွားတတ် မဖြစ်တတ်သောကြောင့် အဝိဇ္ဇာ မည်၏။

(၇) စက္ခုဝိညာဏ် စသည်တို့၏ ဝတ္ထု အာရုံ ဖြစ်သောတရားတို့ကို လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်တရား, ပဋိစ္စသမုပ္ပန်တရားတို့ကို လည်းကောင်း ဖုံးလွှမ်းတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

ပစ္စယ မည်ပုံ = အကြောင်းအပေါင်းကို စွဲ၍ အကျိုးကို ဖြစ်စေတတ်သော တရားသဘောသည် ပစ္စယ မည်၏၊ တစ်နည်း- ကျေးဇူးပြုတတ်သော အနက်သဘောသည် ပစ္စယ မည်၏။

အဝိဇ္ဇာပစ္စယ မည်ပုံ = ထိုအကြောင်းသဘောသည် အဝိဇ္ဇာလည်းမည်, ပစ္စယလည်းမည်သောကြောင့် အဝိဇ္ဇာပစ္စယ မည်၏၊

သင်္ခါရ မည်ပုံ

ပြုပြင်အပ်သော အကျိုးတရားတို့ကို ပြုပြင်တတ်ကုန်သောကြောင့် သင်္ခါရ မည်၏။တစ်နည်းသော်ကား- သင်္ခါရတို့သည် (၁) အဝိဇ္ဇာဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရ နှင့် (၂) သင်္ခါရသဒ္ဒါဖြင့် လာသော သင်္ခါရ ဟူ၍ ၂-မျိုးရှိ၏။

ဤ ၂-မျိုးတို့တွင်-

(၁) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဟူသော သင်္ခါရ ၃-ပါးနှင့် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ ဟူသော ၃-ပါး၊ ပေါင်း ၆-ပါးတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရတို့ မည်ကုန်၏၊ ဤသင်္ခါရတို့သည် လောကီကုသိုလ် အကုသိုလ် စေတနာမျှသာလျှင် ဖြစ်ကုန်၏။

www.dhammadownload.com

(၂) သန်တသခ်ါရ, အဘိသန်တသခ်ါရ, အဘိသန်ရဏကသခ်ါရ, ပယောဂါဘိသခ်ါရ, ဤ ၄-ပါးသည် သခ်ါရသဒ္ဒါဖြင့်လာသော သခ်ါရတို့ မည်ကုန်၏။ ထို ၄-ပါးတို့တွင်-

(က) သန်တသခ်ါရ = "အနိစ္စာဝတ သခ်ါရာ" (သခ်ါရတို့သည် မမြဲလေကုန်စွတကား) ဤသို့အစရှိသော ပါဠိတို့၌ ဟောထားအပ်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော, အကြောင်းရှိသော တရားတို့ ဖြစ်၏။

(ခ) အဘိသန်တသခ်ါရ = ကံကြောင့်ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့ ဖြစ်၏။

(ဂ) အဘိသန်ရဏကသခ်ါရ= ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်အကုသိုလ် စေတနာတို့ဖြစ်၏။

(ဃ) ပယောဂါဘိသခ်ါရ = ကိုယ်၌ဖြစ်သော ဝီရိယ၊ စိတ်၌ဖြစ်သော ဝီရိယတို့ဖြစ်၏။

ဤဆိုခဲ့သော သခ်ါရတို့အပြင် "ဒါယကာ ဝိသာခ၊ မှတ်သားမှုသညာ, ခံစားမှုဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ဝင်ရောက်သော ရဟန်းအား ဝိတက်, ဝိစာရ ဟူသော ဝစီသခ်ါရသည် ရှေးဦးစွာ ချုပ်၏၊ ထို့နောင်မှ ဝင်သက်ထွက်သက်ဟူသော ကာယသခ်ါရသည် ချုပ်၏၊ ထို့နောင်မှ သညာ, ဝေဒနာ ဟူသော စိတ္တသခ်ါရသည် ချုပ်၏" ဤသို့စသည်ဖြင့် သခ်ါရသဒ္ဒါဖြင့် လာကုန်သော အခြားသော သခ်ါရတို့သည်လည်း များစွာရှိကြသေး၏။

ထိုသခ်ါရတို့တွင် သန်တသခ်ါရဖြင့် သိမ်းယူရတွက်ခြင်းသို့ မရောက်သော (၀၀) မသိမ်းယူ မရေတွက်နိုင်သော သခ်ါရမည်သည် မရှိပေ-ဟု ဆိုသောကြောင့် သခ်ါရအားလုံးကို သန်တသခ်ါရဖြင့်သာ သိမ်းယူရ၏။

ဝိညာဏ်မည်ပုံ = အာရုံကို သိတတ်သောကြောင့်
နာမ် = အာရုံဆီသို့ ညွှတ်တတ်သောကြောင့်
ရူပ် = ဖောက်ပြန်တတ်သောကြောင့်
အာယတန = ထိုထိုဒွါရအာရုံတို့၌ ဖြစ်တတ်သော စိတ်,စေတသိက်တို့ကို ချဲ့တတ် ကျယ်ပြန့်ဖြစ်ပွါးစေတတ်သောကြောင့်လည်းကောင်း၊ရှည်သောသံသရာဆင်းရဲကို ဆောင်တတ်ဖြစ်စေတတ်သောကြောင့်လည်းကောင်း
ဖဿ = အာရုံကို တွေ့ထိတတ်သောကြောင့်
ဝေဒနာ = ခံစားတတ်သောကြောင့်
တဏှာ = ဆာလောင်တတ်သောကြောင့်
ဥပါဒါန် = စွဲလမ်းတတ်သောကြောင့်
ဘဝ = ဖြစ်တတ်သောကြောင့် လည်းကောင်း၊ ဖြစ်စေတတ်သောကြောင့် လည်းကောင်း
ဇာတိ = ဘဝအသစ်ဖြစ်ခြင်း
ဇရာ = ရင့်ရော်ခြင်း-အိုခြင်း
မရဏ = သေကြောင်းသေဘော ဖြစ်သောကြောင့်
သောက = စိုးရိမ်ပူဆွေးခြင်း
ပရိဒေဝ = ငိုကြွေးမြည်တမ်းခြင်း
ဒုက္ခ = ဆင်းရဲစေတတ်သောကြောင့်
= (တစ်နည်း) ဥပါဒ်-၌တို့အရ နှစ်ပါးအပြားဖြင့် တူးဖြိုတတ်သောကြောင့်
ဒေါမနဿ = နှလုံးမသာသည်၏အဖြစ်
ဥပါယာသ = ပြင်းစွာ စိတ်ပင်ပန်းခြင်း
သမ္ဘဝန္တိ = ဖြစ်ပေါ်ကုန်၏

www.dhammadownload.com

ဤ သမ္ဘဝန္တိ ဟူသောပုဒ်ကို သောကစသည်တို့နှင့်သာလျှင် စပ်ယှဉ်အပ်သည် မဟုတ်၊ သခ်ါရစသည့် အလုံးစုံသော ကတ္တားပုဒ်တို့နှင့်လည်း စပ်ယှဉ်အပ်၏၊ ဤသို့ မစပ်ယှဉ်လျှင် 'အဝိဇ္ဇာဟူသော အကြောင်းကြောင့် သခ်ါရတို့သည်' ဟု ဤမျှသာ ဆိုသကဲ့သို့ ဖြစ်နေပေလိမ့်မည်၊ 'သခ်ါရတို့သည်' အဘယ်ကို ပြုကုန်သနည်း ဟု မထင်ရှားလေရာ။

'သမ္ဘဝန္တိ = ဖြစ်ကုန်၏' ဟု စပ်ယှဉ်ပါမှ ထိုအကြောင်းသဘောသည် အဝိဇ္ဇာလည်းမည်, ပစ္စယလည်း မည်သောကြောင့် 'အဝိဇ္ဇာပစ္စယ = အဝိဇ္ဇာ ဟူသော အကြောင်း' မည်၏၊ ထို အဝိဇ္ဇာဟူသော အကြောင်းကြောင့် သခ်ါရတို့သည် ဖြစ်ကုန်၏– ဟု အကြောင်းနှင့်အကျိုး ပိုင်းခြားသတ်မှတ်ခြင်းကိစ္စကို ပြီးစီးစေနိုင်ပါသည်။

ဧဝံ(ဤပုံ-ဤနည်းဖြင့်) ဟူသော ပုဒ်သည် ပြဆိုခဲ့ပြီးသောနည်းကို ညွှန်ပြကြောင်းဖြစ်သောပုဒ်ဖြစ်၏၊ ဤပုဒ်ဖြင့် အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့်သာလျှင် ဖြစ်ကုန်၏၊ ဣသရ ခေါ် ဘုရားသခင်၏ဖန်ဆင်းခြင်း စသည်တို့ကြောင့် ဖြစ်ကြသည် မဟုတ် ဟု ပြ၏။

တေဿ(ဤ) = ဆိုအပ်ခဲ့တိုင်းသော
ကေဝလဿ = မရောမယှက်သက်သက်သော (ဝါ) အလုံးစုံသော
ဒုက္ခက္ခန္ဓဿ = ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသာတည်း၊ သတ္တဝါ၏ဖြစ်ခြင်း မဟုတ်၊ ချမ်းသာခြင်း, တင့်တယ်ခြင်း စသောအရာတို့၏ ဖြစ်ခြင်းမဟုတ်၊
သမုဒယော = ဖြစ်ခြင်း
ဟောတိ = **သမ္ဘဝတိ** = ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

အဝိဇ္ဇာ စသည်တို့၏ လက္ခဏာ, ရသ စသည်

	လက္ခဏာ	ရသ(ကိစ္စ)	ပစ္စုပဋ္ဌာန်	ပဒဋ္ဌာန်
(၁) အဝိဇ္ဇာ	မသိခြင်း (ဝါ) သိသောဉာဏ်၏ ဆန့်ကျင်ဘက်	အလွန်တွေဝေစေခြင်း	အာရုံ၏သဘောအမှန်ကို ဖုံးလွှမ်းသောသဘော	အာသဝ
(၂) သခ်ါရ	ပြုပြင်စီရင်ခြင်း	အားထုတ်ခြင်း	စေ့ဆော်တိုက်တွန်းတတ်သောတရား	အဝိဇ္ဇာ
(၃) ဝိညာဏ်	အာရုံကိုအထူးသိခြင်း	ရှေ့သွားဖြစ်ခြင်း	ရှေးဘဝနှင့်,ရှေးစိတ်နှင့် စပ်သောအားဖြင့်	သခ်ါရ (တစ်နည်း)ဝတ္ထုနှင့် အာရုံ
(၄) နာမ် ရုပ်	အာရုံဆီသို့ညွှတ်ခြင်း ဖောက်ပြန်ခြင်း	အညီအညွတ်အပြားအားဖြင့် ယှဉ်ခြင်း ဖရိုဖရဲကြဲခြင်း	အသီးအသီးမခွဲခြမ်းအပ်သောအရာဟု အဗျာကတတရား ဟု	ဝိညာဏ် ။
(၅) သဠာယတန	အားထုတ်ခြင်း	မြင်ခြင်းအစရှိသောကိစ္စ	တည်ရာဝတ္ထုအဖြစ်, ဖြစ်ကြောင်းဒွါရအဖြစ်ဖြင့်	နာမ်ရုပ်

www.dhammadownload.com

	လက္ခဏာ	ရသ(ကိစ္စ)	ပစ္စုပဋ္ဌာန်	ပဒဋ္ဌာန်
(၆) ဖဿ	အာရုံကိုတွေ့ထိခြင်း	တိုက်ခိုက်ခြင်း	(ဒွါရ အာရုံ ဝိညာဏ် အကြောင်းသုံးပါး တို့၏) ပေါင်းဆုံမိသောအားဖြင့်	အာယတန ၆-ပါး
(၇) ဝေဒနာ	အာရုံကိုခံစားခြင်း	အာရုံ၏အရသာကို သုံးဆောင်ခြင်း	ချမ်းသာနှင့်ဆင်းရဲ အနေအားဖြင့်	ဖဿ
(၈) တဏှာ	ဒုက္ခ၏အကြောင်းအဖြစ်	နှစ်သက်ခြင်း	မရောင့်ရဲသည်၏အဖြစ်	ဝေဒနာ
(၉) ဥပါဒါန်	ဆုပ်ကိုင်ထားခြင်း (၀၊) ပြင်းစွာစွဲလမ်းခြင်း	မလွှတ်ခြင်း	မြဲမြံသော တဏှာနှင့်ဒိဋ္ဌိ ဟု	တဏှာ
(၁၀)ဘဝ	ကံနှင့်ကံ၏အကျိုးအဖြစ်	ဖြစ်စေခြင်း နှင့် ဖြစ်ခြင်း	ကုသိုလ်, အကုသိုလ်, အဗျာကတ တရား	ဥပါဒါန်
(၁၁)ဇာတိ	တစ်ခုသောဘဝဖြင့်ပိုင်းခြား သော ခန္ဓာအစဉ်၏ လက်မွန် အစဖြစ်ခြင်း	တစ်ခုသောဘဝဖြင့် ပိုင်းခြားသော ခန္ဓာအစဉ်ကို ဝဋ်သား သတ္တဝါအား ရော့-ယူလှည့် ဟု ပေးအပ်သကဲ့သို့ ဖြစ်ခြင်း	အခြားမဲ့ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာအစဉ်ကို ထင်ရှားပေါ်လာစေတတ်သော တရား	ကမ္မဘဝ
(၁၂)ဇရာ	တစ်ခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ ရင့်ရော်ခြင်း အဖြစ်ဟု	သေခြင်း၏ အနီးသို့ ဆောင်ခြင်း	အဆင်းအရွယ်ကောင်းသည်၏အဖြစ်ကို ဖျက်ဆီးတတ်သောသဘော	ဇာတိ
မရဏ	တစ်ခုသောဘဝဖြင့်ပိုင်းခြား သောခန္ဓာ အစဉ်၏ ရွေ့လျောခြင်း	ပြည့်စုံသောဘဝခန္ဓာတို့မှ ကင်းစေခြင်း	အကြင်အကြင်ရောက်ဆဲသော ဂတိမှ ကင်းကွာစေသည်၏ အစွမ်းဖြင့်	။
သောက	စိတ်၏ပူပန်ခြင်း	စိတ်ကိုထက်ဝန်းကျင်မှ လောင်ခြင်း	အဖန်တလဲလဲ စိုးရိမ်ခြင်း	အာသဝ
ပရိဒေဝ	အဖန်ဖန်မြည်တမ်းခြင်း	ဂုဏ်ကျေးဇူး အပြစ်ကို ပြောကြားခြင်း	ဝေနောက်သော အဖြစ်ဖြင့်	။
ဒုက္ခ	ကိုယ်ကိုနှိပ်စက်ခြင်း	ပညာမဲ့တို့၏ နလုံးမသာခြင်းကို ပြုခြင်း	ကိုယ်၌မှီသော အနာ	။
ဒေါမနဿ	စိတ်ကိုနှိပ်စက်ခြင်း	စိတ်ကို ညှဉ်းဆဲခြင်း	စိတ်၌မှီသော အနာ	။
ဥပါယာသ	စိတ်ကိုထက်ဝန်းကျင်မှ လောင်ခြင်း	ငြီးတွားခြင်းကို ပြုခြင်း	ကိုယ်စိတ်၏ မပြန့်ခြင်းကို ဖြစ်စေသောတရား	။

www.dhammadownload.com

ဧကဝိဓ စသည်အပြား

၁။ အဝိဇ္ဇာသည်

(၁) ဧကဝိဓ = တရားသဘောအမှန်ကို (မသိတတ်သည်၏) အညာဏ အဖြစ်
= ။ (မမြင်တတ်သည်၏) အဒဿန အဖြစ်
= ။ (တွေဝေတတ်သည်၏)မောဟအဖြစ်အားဖြင့် တစ်ပါးတည်းသာဖြစ်၏။

(၂) ဒွိဝိဓ = သစ္စာလေးပါးကို အမှန်အတိုင်းမသိခြင်း အပ္ပဋိပတ္တိအဝိဇ္ဇာ နှင့်
အသုဘစသည်တို့၌ သုဘစသည်ဖြင့် ဖောက်ပြန်၍ အမှားကိုသိခြင်း မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ အားဖြင့်၊
= သသင်္ခါရ နှင့် အသင်္ခါရအားဖြင့် ၂-ပါးအပြားရှိ၏။

(၃) တိဝိဓ = သုခ ဒုက္ခ ဥပေက္ခာ ဟူသောဝေဒနာ ၃-ပါးနှင့် ယှဉ်သောအားဖြင့် ၃-ပါး အပြားရှိ၏။

(၄) စတုဝိဓ = သစ္စာလေးပါးကို ထိုးထွင်း၍ မသိသောအားဖြင့် ၄-ပါးအပြားရှိ၏။

(၅) ပဉ္စဝိဓ = ဂတိငါးပါး၏အပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ၅-ပါးအပြားရှိ၏။

(၆) ဆဝိဓ = ဒွါရအာရုံအားဖြင့် အလုံးစုံလည်းဖြစ်ကုန်သော နာမ်တရားတို့၏အပြစ်ကို ဖုံးလွှမ်းသောအားဖြင့်
၆-ပါး အပြားရှိ၏။

၂။ သင်္ခါရတို့သည်

(၁) ဧကဝိဓ = (အာသဝေါတရားတို့၏အာရုံအဖြစ် လောကီတရားမှန်သမျှသည်) သာသဝတရားအဖြစ်,
= ဝိပါကဓမ္မဓမ္မအဖြစ် စသည်အားဖြင့် တစ်ပါးသာရှိ၏။

(၂) ဒွိဝိဓ = ကုသိုလ်နှင့်အကုသိုလ် အားဖြင့်၊
= ပရိတ္တ(ကာမ)တရား နှင့် မဟဂ္ဂုတ်တရား အားဖြင့်၊
= ဟီန(အယုတ်အညံ့)တရား နှင့် မဇ္ဈိမ(အလယ်အလတ်)တရားအားဖြင့်၊
= မိစ္ဆတ္တနိယတတရား နှင့် အနိယတတရား အားဖြင့် ၂-ပါးအပြားရှိ၏။

(၃) တိဝိဓ = ပုညာဘိသင်္ခါရ စသည်အားဖြင့် ၃-ပါးအပြားရှိ၏။

(၄) စတုဝိဓ = ယောနိလေးပါးတို့ကို ဖြစ်စေတတ်သောအားဖြင့် ၄-ပါးအပြားရှိ၏။

(၅) ပဉ္စဝိဓ = ဂတိငါးပါးသို့ ရောက်စေတတ်သောအားဖြင့် ၅-ပါးအပြားရှိ၏။

၃။ ဝိညာဏ်သည်

(၁) ဧကဝိဓ = လောကီဝိပါက်ဝိညာဏ်အဖြစ်အားဖြင့် တစ်ပါးသာ ရှိ၏။

(၂) ဒွိဝိဓ = ဟိတ်ရှိ နှင့် ဟိတ်မရှိ အားဖြင့် ၂-ပါးအပြား ရှိ၏။

(၃) တိဝိဓ = ဘဝသုံးပါး၌ အကျုံးဝင်သောအားဖြင့်၊
ဝေဒနာ ၃-ပါး နှင့် ယှဉ်သောအားဖြင့်၊
အဟိတ် ဒွိဟိတ် တိဟိတ်အားဖြင့် ၃-ပါးအပြား ရှိ၏။

(၄) စတုဝိဓ = ယောနိ ၄-ပါး အလိုအားဖြင့် ၄-ပါးအပြား ရှိ၏။

(၅) ပဉ္စဝိဓ = ဂတိ ၅-ပါး အလိုအားဖြင့် ၅-ပါးအပြားရှိ၏။

၄။ နာမ်ရုပ်သည်

(၁) ဧကဝိဓ = ဝိညာဏ်လျှင် မှီရာရှိသောအားဖြင့်၊ ကံလျှင် အကြောင်းရှိသောအားဖြင့်၊ တစ်ပါးတည်းသာရှိ၏။

(၂) ဒွိဝိဓ = အာရုံကို ယူတတ်သည်၏အဖြစ် နှင့် မယူတတ်သည်၏အဖြစ်အားဖြင့် ၂-ပါးအပြား ရှိ၏။

(၃) တိဝိဓ = အတိတ်အစရှိသောအားဖြင့် ၃-ပါးအပြား ရှိ၏။

(၄) စတုဝိဓ = ယောနိ ၄-ပါး အလိုအားဖြင့် ၄-ပါး အပြား ရှိ၏။

(၅) ပဉ္စဝိဓ = ဂတိ ၅-ပါး အလိုအားဖြင့် ၅-ပါးအပြားရှိ၏။

www.dhammadownload.com

၅။ သဋ္ဌာယတနသည်

(၁) ဧကဝိဓ = စိတ်စေတသိက်တို့၏ ဖြစ်ရာအရပ် စုဝေးရာတည်ရာအရပ်အားဖြင့် တစ်ပါးသာ ရှိ၏။
(၂) ဒွိဝိဓ = ဘူတရုပ်တို့ကိုကြည်လင်စေသည်၏အဖြစ် နှင့် ဝိညာဏ်၏အဖြစ်အားဖြင့် ၂-ပါးအပြား ရှိ၏။
(၃) တိဝိဓ = ရောက်သောအာရုံ, မရောက်သောအာရုံ, နှစ်ပါးစုံမဟုတ်သောအာရုံ ရှိသည်အဖြစ်အားဖြင့် ၃-ပါးအပြား ရှိ၏။
(၄) စတုဝိဓ = ယောနိ၌ အကျုံးဝင်သောအားဖြင့် ၄-ပါးအပြား ရှိ၏။
(၅) ပဉ္စဝိဓ = ဂတိတို့၌ အကျုံးဝင်သောအားဖြင့် ၅-ပါးအပြား ရှိ၏။

ဤသို့အားဖြင့် ဖဿအစရှိသည်တို့၏ ဧကဝိဓ စသောအပြားကိုလည်း သိအပ်၏။

~ ~ ~ ~ ~ ~ ~ ~

အင်္ဂါတို့ကိုပိုင်းခြားခြင်း

သောကစသည်တို့ကို ဟောရခြင်း

ဤ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ၌ သောကစသည်တို့ကို ဘဝစက်၏ မပြတ်စဲခြင်းကို ပြခြင်းအကျိုးငှာ ဟော တော်မူ၏။ မှန်ပေ၏၊ အိုခြင်းသေခြင်းက နိပ်စက်အပ်သော သူမိုက်အား ထိုစိုးရိမ်ခြင်း စသည်တို့ ဖြစ်ကုန်၏၊ မြတ်စွာဘုရား ဟောတော်မူပုံကား -

"ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဆင်းရဲသောခံစားမှုက တွေ့ထိနှိပ်စက် အပ်သည်ရှိသော် စိုးရိမ်၏, ပူပန်၏, ငိုကြွေး၏, ရင်ကိုထုလျက် မြည်တမ်း၏, ပြင်းစွာတွေဝေခြင်းသို့ ရောက်၏" ဟူ၍ ပင်တည်း။

ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးသာ ဖြစ်ပုံ

ထိုစိုးရိမ်ခြင်း စသည်တို့ ရှိနေသမျှကာလပတ်လုံး အဝိဇ္ဇာ၏ ဖြစ်ခြင်းရှိ၏၊ တစ်ဖန် "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏" စသည်ဖြင့် ဘဝစက်သည် အဆက်မပြတ် ဆက်စပ်ပြန်တော့သည် သာတည်း၊ ထို့ကြောင့် စိုးရိမ်ခြင်း စသည်တို့၏ အလွှာအဖို့ကို အိုခြင်း သေခြင်းနှင့် သာလျှင် အလွှာတစ်ခုတည်းပြု၍ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါတို့ကို ၁၂-ပါးဟူ၍ သာလျှင် သိအပ်ကုန်၏။

ဤသည်ကား ပဋ္ဌိစ္စသမုပ္ပါဒ်၌ ရှေးဦးစွာ အကျဉ်းချုပ်စကားပေတည်း။

www.dhammadownload.com

အဝိဇ္ဇာပစ္စယာ သင်္ခါရာ – ပုဒ်ပြဆို်ချက်

အဝိဇ္ဇာ ဟူသည်မှာ

သုတ္တန်နည်းအားဖြင့် ဒုက္ခအစရှိသော လေးဌာနတို့၌ မသိခြင်းပင်တည်း။

အဘိဓမ္မာနည်းအားဖြင့် ပုဗ္ဗန္တစသည်တို့နှင့်တကွ ရှစ်ဌာနတို့၌ မသိခြင်းပင်တည်း။

ထို ရှစ်ပါးသောဌာနတို့တွင် လောကုတ္တရာသစ္စာ၂-ပါးကို ချန်ထား၍ ကြွင်းသော ၆-ဌာနတို့၌ အာရုံပြုသည်၏ အစွမ်းအားဖြင့်လည်း အဝိဇ္ဇာသည် ဖြစ်သေး၏၊ သို့သော် ဖုံးလွှမ်းသည်၏အစွမ်းအားဖြင့်သာလျှင် ဤဒေသနာစကားရပ်၌ အလိုရှိအပ်၏၊ မှန်ပေ၏။

ထိုအဝိဇ္ဇာသည် ဖြစ်လတ်သော် ဒုက္ခသစ္စာကို ဖုံးလွှမ်း၍ တည်၏၊ ဟုတ်မှန်သော မိမိ၏ပင်ကိုယ်ရင်းသဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်းငှာ အခွင့်မပေး၊ ထို့အတူ သမုဒယသစ္စာကို၊ နိရောဓသစ္စာကို၊ မဂ္ဂသစ္စာကို၊ ရှေးအဖို့ဟုဆိုအပ်သော အတိတ်ခန္ဓာငါးပါးအပေါင်းကို၊ နောက်အဖို့ဟုဆိုအပ်သော အနာဂတ်ခန္ဓာငါးပါးအပေါင်းကို၊ ရှေးအဖို့နောက်အဖို့ဟုဆိုအပ်သော ထိုအတိတ်အနာဂတ်နှစ်ပါးစုံ ခန္ဓာငါးပါးအပေါင်းကို၊ ကွဒပွစ္စယတာနှင့် ပဋိစ္စသမုပ္ပန္နတရားဟု ဆိုအပ်သော ဤသင်္ခါရစသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်တရားကိုလည်းကောင်း၊ အဝိဇ္ဇာစသော အကြောင်းကိုစွဲမှီ၍ဖြစ်သော သင်္ခါရအစရှိသော ပဋိစ္စသမုပ္ပန် အကျိုးတရားတို့ကိုလည်းကောင်း ဖုံးလွှမ်း၍ တည်၏၊ ဤသည်ကား အဝိဇ္ဇာတည်း၊ ဤသည်တို့ကား သင်္ခါရတို့တည်း ဟု ဤသို့စသည်ဖြင့် ဟုတ်မှန်သော မိမိ၏ပင်ကိုယ်ရင်း သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်းငှာ အခွင့်မပေး၊ ထို့ကြောင့် ဒုက္ခ၌ မသိခြင်းသည်လည်းကောင်း ။ပ။ ကွဒပွစ္စယတာနှင့် ပဋိစ္စသမုပ္ပန္နတရားတို့၌ မသိခြင်းသည်လည်းကောင်း အဝိဇ္ဇာ မည်၏ဟု ဆိုအပ်ပေသည်။

သင်္ခါရတို့ ဟူသည်ကား

အကျဉ်းအားဖြင့် ပုညာဘိသင်္ခါရ စသော ၃-ပါးတို့နှင့် ကာယသင်္ခါရ စသော ၃-ပါးတို့ဟူ၍ သင်္ခါရ ၆-ပါးတို့ ပင်တည်း။ အကျယ်အားဖြင့်မူကား-

<u>ပုညာဘိသင်္ခါရ စသော ၃-ပါးတို့တွင်</u>

- **ပုညာဘိသင်္ခါရ** ဟူသည် ဒါနသီလစသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စေတနာ ၈-ပါးနှင့် ဘာဝနာ၏အစွမ်းအားဖြင့်သာလျှင်ဖြစ်သော ရူပါဝစရကုသိုလ်စေတနာ ၅-ပါး ဟူသော ၁၃-ပါးသော စေတနာ၊
- **အပုညာဘိသင်္ခါရ** ဟူသည် ပါဏာတိပါတ စသည်တို့၏အစွမ်းအားဖြင့်ဖြစ်သော အကုသိုလ်စေတနာ ၁၂-ပါး၊
- **အာနေဉ္ဇာဘိသင်္ခါရ** ဟူသည် ဘာဝနာ၏အစွမ်းအားဖြင့်သာလျှင် ဖြစ်သော အရူပါဝစရကုသိုလ်စေတနာ ၄-ပါး တို့ပင်ဖြစ်သည်။

ဤသို့အားဖြင့် သင်္ခါရတို့သည် အကျဉ်းအားဖြင့် ၃-ပါးမှ ဒါန သီလ ဘာဝနာနှင့် ပါဏာတိပါတ စသည်တို့၏အစွမ်းအားဖြင့် ၂၉-ပါးသော စေတနာတို့ ဖြစ်လာသည်။

<u>ကာယသင်္ခါရစသော သင်္ခါရ ၃-ပါးတို့တွင်</u> -

ကာယသင်္ခေတနာသည် ကာယသင်္ခါရ မည်၏၊ ဝစီသင်္ခေတနာသည် ဝစီသင်္ခါရ မည်၏၊ မနောသင်္ခေတနာသည် စိတ္တသင်္ခါရ မည်၏၊ ဤသင်္ခါရ ၃-ပါး အပေါင်းကို ကံကို အားထုတ်ဆဲခဏ၌ ပုညာဘိသင်္ခါရ စသည်တို့၏ ဒွါရအားဖြင့်ဖြစ်ခြင်းကို ပြတော်မူခြင်းငှာ ဟောတော်မူအပ်၏။ ချဲ့၍ပြဦးအံ့-

- ကာယဝိညတ်ကိုဖြစ်စေ၍ ကာယဒွါရ၌ဖြစ်ကုန်သော ကာမာဝစရကုသိုလ်စေတနာ ၈-ပါး နှင့် အကုသိုလ်စေတနာ ၁၂-ပါး ဟူသော စေတနာ၂၀-ပါးတို့သည် **ကာယသင်္ခါရ** မည်၏။
- ဝစီဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရ၌ ဖြစ်ကုန်သော ထို စေတနာ၂၀-ပါးသည်ပင်လျှင် **ဝစီသင်္ခါရ** မည်၏။
- အဘိညာစေတနာ နှင့် ဥဒ္ဓစ္စစေတနာတို့သည် နောက်၌ပြဆိုမည့် (သင်္ခါရပစ္စယာ ဝိညာဏ်အရာ)၌ ဝိညာဏ်၏အကြောင်း မဖြစ်သောကြောင့် ဤ(ကာယသင်္ခါရ ဝစီသင်္ခါရကို ယူသော)အရာ၌ မယူအပ်ပေ၊

www.dhammadownload.com

သို့သော် အလုံးစုံလည်းဖြစ်ကုန်သော ဤနှစ်ဆယ်တိတိသောစေတနာတို့သည် အဝိဇ္ဇာဟူသောအကြောင်းကြောင့် ဖြစ်ကြလေ၏။

- ကာယဝိညတ်, ဝစီဝိညတ်တို့ကို မဖြစ်စေမူ၍ မနောဒွါရ၌ဖြစ်သော အလုံးစုံလည်းဖြစ်သော စေတနာ ၂၉-ခု တို့သည် **စိတ္တသခ်ါရ** မည်၏။

စောဒနာ(၁) သင်္ခါရတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း?

အဖြေကား – အဝိဇ္ဇာဖြစ်လတ်သော် သင်္ခါရတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် သိအပ်ပေ၏။

ရှေ့ပြရသော် – ဒုက္ခ စသည်တို့၌ မသိမှုအဝိဇ္ဇာကို မပယ်အပ်သေးသော ပုဂ္ဂိုလ်သည်

(၁) ဒုက္ခသစ္စာ၌လည်းကောင်း၊ ပုဗ္ဗန္တစသည်တို့၌လည်းကောင်း မသိခြင်းကြောင့် သံသရာဆင်းရဲကို ချမ်းသာသည်ဟုထင်မှတ်၍ ထိုသံသရာဆင်းရဲ၏ အကြောင်းဖြစ်ကုန်သော သင်္ခါရ ၃-ပါးတို့ကို အားထုတ်ပြုလုပ်၏။

(၂) သမုဒယသစ္စာ၌ မသိခြင်းကြောင့် ဒုက္ခ၏အကြောင်းဖြစ်သော တဏှာ၏အခြံအရံဖြစ်သော သင်္ခါရတို့ကို သုခ၏အကြောင်း ဟု ထင်မှတ်လျက် အားထုတ်ပြုလုပ်၏။
(တဏှာ၏အခြံအရံ = တဏှာသည်ပြင်ဆင်မွမ်းမံထားအပ်သော)

(၃) နိရောဓသစ္စာ၌ မသိခြင်းကြောင့် ဒုက္ခ၏ချုပ်ရာမဟုတ်သော်လည်း ဖြဟ္ဘာ့ပြည်စသော ဂတိအထူးကို ဒုက္ခချုပ်ရာဟု ထင်မှတ်၍ ထိုဂတိအထူးသို့ရောက်လိုသဖြင့် ယဇ်ပူဇော်ခြင်းနှင့် အမရအကျင့်စသည်ကို ရှေ့သွားပြုသဖြင့် သင်္ခါရ ၃-ပါးတို့ကို အားထုတ်ပြုလုပ်၏။

(၄) မဂ္ဂသစ္စာ၌ မသိခြင်းကြောင့် ဒုက္ခချုပ်ရာ၏ရောက်ကြောင်းအကျင့်လမ်း မဟုတ်သော်လည်း ယဇ်ပူဇော်ခြင်း, အမရအကျင့် စသည်တို့၌ ဒုက္ခချုပ်ရာ၏ရောက်ကြောင်းအကျင့်လမ်း ဟု ထင်မှတ်၍ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို တောင့်တလျက် ယဇ်ပူဇော်ခြင်းနှင့် အမရအကျင့်စသည်ကို ရှေ့သွားပြုသဖြင့် သင်္ခါရ ၃-ပါးတို့ကို အားထုတ်ပြုလုပ်၏။

မှတ်ချက်။ ။ **အမရတပ**– မအိုမသေ အမြဲနေရခြင်း(နိဗ္ဗာန်)ဟူသော အကျိုးရှိ၏ဟု မှတ်ထင်၍ နွေအခါ၌ နေပူမီးပူခံခြင်း၊ ဆောင်းအခါ၌ ရေငုပ်ခြင်း စသော ခဲခဲယဉ်းယဉ်းကျင့်အပ်သော ဒုက္ကရအကျင့်များသည် အမရတပ မည်၏။ ယခုခေတ် အဂ်ိရုတ်ဆရာတို့၏ မျှော်လင့်ချက်မျိုး ဖြစ်၏၊ တစ်နည်းဆိုသော်- အမရသဒ္ဒါသည် လူတို့ကဲ့သို့ မြန်မြန်မသေသော နတ်ဗြဟ္မာ ဟူသောအနက်ကို ဟောအံ့၊ နတ်ဗြဟ္မာ ဖြစ်ဖို့ရန်ကျင့်သောအကျင့်သည် အမရတပ မည်၏၊ တစ်နည်း- ချမ်းသာလိမ့်မည်ဟု မှတ်ထင်၍ အဆိပ်သောက်သေခြင်း၊ ကြိုးဆွဲချသေခြင်း၊ မားစသည်ဖြင့် မိမိကိုယ်ကိုမိမိသတ်ခြင်း မျိုးဖြစ်၏။ ယင်း အမရတပကား နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်း မဟုတ်ပေ၊ အဝိဇ္ဇာအားကြီးသူကား နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်းဟု မှတ်ထင်စွဲလမ်း၍ ယင်းအမရတပကို ကာယသခ်ါရ ဝစီသခ်ါရ မနောသခ်ါရတို့ဖြင့် ပြုလုပ်၏ ဟု ဆိုလိုသည်။

တစ်နည်း – အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

(က) အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ပုံ

အဝိဇ္ဇာကိုမပယ်ရသေးသောထိုသူသည် သစ္စာ ၄-ပါးတို့၌ အဝိဇ္ဇာကိုမပယ်ရသေးသည်၏ အဖြစ်ကြောင့်-

(၁) အထူးအားဖြင့် ပဋိသန္ဓေနေရခြင်းဒုက္ခ၊ အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ စသော များစွာသော အပြစ်တို့နှင့် ရောပြွမ်းလျက်ရှိသော ကောင်းမှု၏အကျိုး လူ့ချမ်းသာ စသည်ဟု ခေါ်ဆိုသမုတ်အပ်သော ဒုက္ခအပေါင်းကို ဒုက္ခဟု မသိသည်ဖြစ်၍ ထိုကောင်းမှု၏အကျိုးဟု ဆိုအပ်သော ဒုက္ခကိုရခြင်းငှာ ကာယသခ်ါရ ဝစီသခ်ါရ စိတ္တသခ်ါရ အပြားရှိသော ပုညာဘိသခ်ါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – နတ်သမီးကို အလိုရှိသောသူသည် တောင်ထိပ်ဖျားမှ ခုန်ချခြင်းကို ပြုသကဲ့သို့၊

www.dhammadownload.com

(၂) သည်မျှသာမကသေး လူနတ်ဗြဟ္မာတို့၏ ချမ်းသာသည် သုခဟု မည်မျှပင် သမုတ်အပ်သော်လည်း ထို သုခဟု သမုတ်အပ်သော ကောင်းမှုအကျိုးတရားများကား အဆုံးဌ် မရဏဒုက္ခနှင့် ရင်ဆိုင်ရသောအခါ ပြင်းစွာ ပူပန်ခြင်းကို ဖြစ်စေတတ်သော ဝိပရိဏာမဒုက္ခအဖြစ်ကိုလည်းကောင်း၊ သာယာဖွယ်နည်းသည်၏အဖြစ်ကိုလည်း ကောင်း မြင်သည်ဖြစ်၍၊ ထိုကောင်းမှုအကျိုး၏အကြောင်းဖြစ်သော ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – ပိုးဖလံသည် ဆီမီးလျှံသို့ တိုးဝင်ခြင်းပြုသကဲ့သို့၊

– ပျားရည်ကိုတပ်မက်သောသူသည် ပျားရည်သုတ်လိမ်းထားသော ဓားသွားကို လျှာဖြင့်လျက်ခြင်းကဲ့သို့၊

(ခ) အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံ

ကာမဂုဏ်ကိုမှီဝဲခြင်း စသည်တို့၌ အပြစ်ကို မမြင်သောကြောင့် ချမ်းသာ ဟု ထင်နေသော အမှတ်သညာ ဖြင့်လည်းကောင်း၊ ကိလေသာက လွှမ်းမိုးဖိစီးသည်ဖြစ်၍လည်းကောင်း၊ ကာယ,ဝစီ,စိတ္တသင်္ခါရဖြစ်သော အပုညာ-ဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – သူငယ်သည် မစင်ဖြင့်ကစားခြင်းကဲ့သို့

– သေလိုသောသူသည် အဆိပ်စားခြင်းကဲ့သို့

(ဂ) အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံ

အရူပကုသိုလ်၏ အကျိုးဝိပါက်တို့၌လည်း သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ အဖြစ်ကိုမသိ၍ သဿတအယူ အစရှိသော ဖောက်ပြန်မှားယွင်းသော ဝိပလ္လာသဖြင့် စိတ္တသင်္ခါရဖြစ်သော အာနေဉ္ဇာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – မျက်စိလည်လမ်းမှားသောသူသည် ဘီလူးမြို့ဆီသို့ ရှေးရှုသွားသောလမ်းကို လိုက်သွားခြင်းကဲ့သို့

ဤဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာရှိခြင်းကြောင့်သာ သင်္ခါရတို့ရှိခြင်းဖြစ်သည်၊ အဝိဇ္ဇာမရှိပါမူကား သင်္ခါရတို့ ရှိခြင်း မဖြစ်နိုင်ပေ၊ ထို့ကြောင့် 'ဤသင်္ခါရတို့သည် အဝိဇ္ဇာဟူသောအကြောင်းကြောင့် ဖြစ်ကုန်၏' ဟူသော ဤသဘောကို သိအပ်၏။ မှန်ပေ၏၊ မြတ်စွာဘုရား ဟောတော်မူပုံမှာ –

"ရဟန်းတို့၊ ပညာမရှိသောသူသည် အဝိဇ္ဇာရှိသည်ဖြစ်၍ ပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏၊ အပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏၊ အာနေဉ္ဇာဘိသင်္ခါရကိုလည်း ပြုလုပ်၏။ ရဟန်းတို့၊ အကြင်အခါ၌ကား ရဟန်း၏သန္တာန်၌ အဝိဇ္ဇာကို ပယ်အပ်ပြီ၊ အရဟတ္တမဂ်ပညာဟူသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လေပြီ၊ ထိုအခါ၌ ထိုရဟန်းသည် အဝိဇ္ဇာကင်းခြင်းကြောင့် ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြုလုပ်တော့သည် သာလျှင်တည်း"

စောဒနာ(၂) 'အဝိဇ္ဇာသည် သင်္ခါရတို့အား ကျေးဇူးပြုတတ်၏' ဟူသော စကားကို လက်ခံပါကုန်၏၊ သို့သော် အဘယ်သင်္ခါရတို့အား အဘယ်သို့သော အခြင်းအရာအားဖြင့် ကျေးဇူးပြုပါသနည်း?

ထို ကျေးဇူးပြုတတ်သည်၏ အဖြစ်၌ ဤဆိုလတ္တံ့သော အဖြေစကားကို ပြန်ကြား ဖြေဆိုအပ်ပေ၏။

အဖြေကား – မြတ်စွာဘုရားသည် "ဟေတုပစ္စယော ။ပ။ အဝိဂတပစ္စယော" ဟူ၍ ၂၄-ပါးသော ပစ္စည်းတို့ကို ဟောတော်မူအပ်ကုန်၏။

www.dhammadownload.com

ပဋ္ဌာန်း ၂၄-ပစ္စည်းအဖွင့်

(ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်, အရကောက်နှင့်အတူ တွဲဖက်လေ့လာရန်)

၁။ ဟေတုပစ္စည်း

ဟေတု

ဟေတု-ဟိတ် ဟူသော အမည်သည် စကား၏အစိတ်, အကြောင်း, မူလ တို့၏ အမည် ပေတည်း။

(၁) လောကနာယကျမ်း၌ 'ပဋိညာဉ် ဟိတ်' စသည်ဖြင့် ဆိုသောစကားတို့၌ စကား၏အစိတ်ကို ဟေတု-ဟိတ် ဟု ဆိုအပ်၏။

(၂) သာသနာတော်ကျမ်း၌ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ-အကြောင်တရားတို့သည် အကြောင်းလျှင် အမွန်အစ ရှိကုန်၏' ဤသို့ စသည်တို့၌ အကြောင်းကို ဟေတု-ဟိတ် ဟု ဆိုအပ်၏။

(၃) 'တယော ကုသလာဟေတူ၊ တယော အကုသလာဟေတူ- သုံးပါးကုန်သော ကုသိုလ်ဟိတ်တို့၊ သုံးပါးကုန်သော အကုသိုလ်ဟိတ်တို့' ဤသို့ အစရှိသော စကားတို့၌ အကြောင်းရင်းမြစ်မ မူလကို ဟေတု-ဟိတ် ဟု ဆိုအပ်၏။

အဆိုပါအနက် ၃-မျိုးအနက် ဟေတုပစ္စယ၌ ဟေတု အရ မူလ ကို ယူရပါမည်။

ပစ္စယ

- စွဲမှီ၍ ဖြစ်ကြောင်းသည် ပစ္စယ မည်၏၊
- အကျိုးတရားများ တည်တံ့အောင်, အကျိုးတရားများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော တရားကို ပစ္စယ ဟု ခေါ်၏။
- လက္ခဏာအားဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ ရှိ၏။

* ပစ္စယ-ပစ္စည်း၊ ဟေတု-ဟိတ်၊ ကာရဏ-အကြောင်း၊ နိဒါန-နိဒါန်း၊ သမ္ဘဝ-ဖြစ်ကြောင်း၊ ပဘဝ-ဖြစ်ခဲ့ရာ အမွန်အစ - ဤအမည်အပေါင်းသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသာထူး၏၊

ဟေတုပစ္စည်း

အကြောင်းရင်းမြစ်မ မူလ ဟူသော အနက်သဘောကြောင့် ဟေတု မည်၏၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စယ မည်၏၊ ထို့ကြောင့် အကြောင်းရင်းမြစ်မ မူလ ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဟေတုပစ္စည်း မည်၏။

အပရေဆရာအယူ

သလေးမျိုးစေ့ စသည်တို့သည် သလေးပင် စသည်တို့၏ သလေးအဖြစ် စသည်တို့ကို ပြီးစေသကဲ့သို့ လည်းကောင်း၊ ပတ္တမြား၏ ညိုသောအဆင်းစသော မူလအရောင်သည် ပတ္တမြား၏ အညိုရောင် စသည်တို့ကို ပြီးစေသကဲ့သို့ လည်းကောင်း၊ အလောဘစသော ဟေတုပစ္စည်းသည် မိမိတို့၏အကျိုးပစ္စယုပ္ပန်ဖြစ်သည့် ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသည်အဖြစ်ကို ပြီးစေတတ်၏ ဟု အပရေဆရာတို့ ယူဆကြသည်။ (ဆိုလိုသည်မှာ လောဘမူစိတ်စေတသိက်တို့သည် လောဘ, မောဟကြောင့် အကုသိုလ် ဖြစ်ကြရသည်၊ မဟာကုသိုလ်စိတ်စေတသိက်တို့သည် အလောဘစသော ဟိတ်တို့ကြောင့် ကုသိုလ် ဖြစ်ကြရသည် ဟု ဆိုလိုခြင်းဖြစ်သည်။)

ထိုဆရာတို့၏ အယူအဆသည် မှားယွင်း၏၊ အကြောင်းမှာ အလောဘစသော ဟိတ်တို့သည် ၎င်းတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်း ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုသည်သာ ဖြစ်၏၊ သို့သော် ထိုရုပ်တို့သည် ကုသိုလ်စသည် ဖြစ်မလာဘဲ အဗျာကတရုပ်များသာ ဖြစ်နေ၏။

ထို့ပြင် အဟိတ်စိတ်တို့၏ အဗျာကတအဖြစ်သည် ဟိတ်နှင့်ကင်း၍ ပြီးစီး၏။

ထို့ပြင် သဟိတ်တရားတို့၏ ကုသိုလ်စသည်၏အဖြစ်သည် ယောနိသောမနသိကာရ စသည်နှင့်သာ စပ်၏၊ သမ္မယုတ်ဟိတ်နှင့် စပ်သည် မဟုတ်ပါ။ အကယ်၍ ကုသိုလ်စသည်၏အဖြစ်သည် ဟိတ်နှင့်စပ်ငြားအုံ-ဥပမာ- အလောဘသည် ကုသိုလ်ဖြစ်စေ၊ အဗျာကတဖြစ်စေ တစ်မျိုးမျိုးသာ ဖြစ်ရာ၏၊ ယခုမူ ကုသိုလ်ရော အဗျာကတရော ၂-မျိုးလုံး ဖြစ်နေ၏။

ထို့ကြောင့် အပရေဆရာတို့၏ ဟေတုပစ္စယသတ္တိ ဖွင့်ဆိုပုံသည် မှားယွင်းသော ဖွင့်ဆိုချက် ဖြစ်သည်။

www.dhammadownload.com

ဟိတ်တို့၏ 'မူလ' အနက်သဘောကို အသင့်ယူတွဲအားဖြင့် ယူပုံ

ဟိတ်တို့၏ 'မူလ' အနက်သဘောကို ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေသည်၏ အစွမ်းအားဖြင့် ယူအပ်၏။ အကြောင်းမူကား -

စည်ပင်ပြန့်ပွားသော ရေသောက်မြစ်ရှိကြသော သစ်ပင်တို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကုန်သကဲ့သို့ ဟေတုပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုခံရကုန်သော ပစ္စယုပ္ပန်တရားတို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကုန်ကြ၏၊ ဟေတုပစ္စည်းကို မရသော အဟိတ်တရားတို့သည်ကား နှမ်းစေ့ခန့်မျှော် စသည်ကဲ့သို့ ကောင်းစွာ မတည်တံ့ကြကုန်။

ထို့ကြောင့် "အကြောင်းရင်းမြစ်မ မူလဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သောတရား" ဟူရာ၌ "ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေသောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဟေတုပစ္စည်းမည်၏" ဟူ၍ သိအပ်၏။

၂။ အာရမ္မဏပစ္စည်း

စွဲကိုင်အပ်သော အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏပစ္စည်း မည်၏။ ဥပမာအားဖြင့် အားနည်းသောယောကျ်ားသည် တုတ်တောင်ဝှေးကိုဖြစ်စေ ကြိုးကိုဖြစ်စေ ဆွဲကိုင်၍သာလျှင် ထလည်းထနိုင် ရပ်လည်းရပ်တည်နိုင် သကဲ့သို့ ထို့အတူပင် စိတ်စေတသိက်တရားတို့သည် အဆင်း အစရှိသောအာရုံကို အာရုံပြု၍သာလျှင် ဖြစ်ရတည်ရ၏၊ ဤသို့ စိတ်စေတသိက်တို့၏ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားတို့သည် အာရမ္မဏပစ္စည်း မည်၏။

အာရမ္မဏပစ္စည်းမမည်သော တရားမည်သည် မရှိပုံ

"ရူပါယတန-အဆင်းသည် စက္ခုဝိညာဏဓာတ်- မြင်သိမှုအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။" ဤသို့စသည်ဖြင့် စတင်ဟောခဲ့ပြီးလျှင် "အကြင်အကြင်တရားကိုအာရုံပြု၍ အကြင်အကြင် စိတ်စေတသိက်တရားတို့သည် ဖြစ်ကုန်၏၊ ထိုထိုအာရုံတရားတို့သည် ထိုထို စိတ်စေတသိက်တရားတို့အား အာရမ္မဏပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏"ဟု နိဂုံးချုပ်အဆုံးသတ် ဟောတော်မူသောကြောင့် အာရမ္မဏပစ္စည်း မမည်သောတရားမည်သည် မရှိပေ၊ တရားအားလုံး အာရမ္မဏပစ္စည်း ဖြစ်ကြသည်ချည်းသာတည်း။

၃။ အဓိပတိပစ္စည်း

အကြီးအမှူးအဖြစ် ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် အဓိပတိပစ္စည်း မည်၏၊ အဓိပတိပစ္စည်းသည် သဟဇာတာဓိပတိပစ္စည်း နှင့် အာရမ္မဏာဓိပတိပစ္စည်း ဟူ၍ ၂-ပါးအပြားရှိ၏။

သဟဇာတာဓိပတိပစ္စည်း

"ဆန္ဒာဓိပတိတရားသည် ဆန္ဒနှင့်ယှဉ်ဘက် စိတ်စေတသိက်တရားတို့အားလည်းကောင်း၊ ထို ဆန္ဒကြောင့် ဖြစ်ကုန်သော ရုပ်တို့အားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ဖြင့် ဟောတော်မူသောကြောင့် ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ(ပညာ) တရား၄-ပါးတို့သည် သဟဇာတာဓိပတိပစ္စည်း ဖြစ်၏၊ သို့သော် ၄-ပါးလုံး တစ်ပြိုင်နက်ကား အဓိပတိပစ္စည်း မဖြစ်ကြ၊ တစ်ပါးချင်းသာလျှင် ဖြစ်သည်၊ ဆန္ဒကို အကြီးအမှူးပြု၍ စိတ်သည်ဖြစ်၏၊ ထိုအခါ၌ ဆန္ဒသည်သာ အဓိပတိပစ္စည်းဖြစ်သည်၊ ဆန္ဒမှ တစ်ပါးသော စိတ် ဝီရိယ ဝီမံသ တရားတို့သည် အဓိပတိ မဖြစ်ကြ၊ ကြွင်းသောတရားတို့ အဓိပတိပစ္စည်းဖြစ်ရာ၌လည်း ဤနည်းပင်တည်း။

အာရမ္မဏာဓိပတိပစ္စည်း

စိတ်စေတသိက်တရားတို့က အလေးအမြတ် အာရုံပြုအပ်သော တရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း မည်၏၊ ထို့ကြောင့် "အကြင်အကြင်တရားကို အလေးပြု၍ အကြင်အကြင် စိတ်စေတသိက်တို့သည် ဖြစ်ကုန်၏၊ ထိုထို အလေးပြုအပ်သော တရားတို့သည် ထိုထို အလေးပြုတတ်သော စိတ်စေတသိက်တရားတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဟု မြတ်စွာဘုရား ဟောတော်မူအပ်ပေသည်။

www.dhammadownload.com

၄-၅။ အနန္တရပစ္စည်း သမနန္တရပစ္စည်း

အခြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေး စိတ်စေတသိက်တရားသည် **အနန္တရပစ္စည်း** မည်၏။

ကောင်းစွာအခြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေး စိတ်စေတသိက်တရားသည် **သမနန္တရပစ္စည်း** မည်၏။

အနှစ်သာရအားဖြင့် မှတ်သားရန်

"စက္ခုဝိညာဏ်၏အခြားမဲ့၌ မနောဓာတ်ဖြစ်၏၊ မနောဓာတ်၏ အခြားမဲ့၌ မနောဝိညာဏဓာတ်ဖြစ်၏" – ဤသို့အစရှိသော စိတ္တနိယာမသည် ရှေးရှေး(အခြားမဲ့) စိတ်၏အစွမ်းအားဖြင့်သာလျှင် ပြီးစီး၏၊ အခြားတစ်ပါးသော အခြင်းအရာအားဖြင့် ပြီးစီးသည်မဟုတ်၊ ထို့ကြောင့် မိမိ မိမိ၏ အခြားမဲ့၌ လျော်သော စိတ်စေတသိက်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်သာလျှင်ဖြစ်သော စိတ်စေတသိက်တရားသည် အနန္တရပစ္စည်း မည်၏၊ ထို့ကြောင့် ဘုရားရှင်သည် "စက္ခုဝိညာဏဓာတ်သည်လည်းကောင်း၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တရားတို့သည်လည်းကောင်း၊ မနောဓာတ်အားလည်းကောင်း၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သောစေတသိက်တရားတို့အားလည်းကောင်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ကို ဟောတော်မူခဲ့ပေသည်။

အကြင်တရားသည် အနန္တရပစ္စည်းဖြစ်၏၊ထိုတရားသည်ပင် သမနန္တရပစ္စည်း ဖြစ်၏၊ မှန်ပေ၏၊ ဥပစယရုပ်နှင့် သန္တတိရုပ်တို့၌ ကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက် နှင့် နိရုတ္တိဒုက် စသည်တို့၌ ကဲ့သို့လည်းကောင်း – ဤ အနန္တရနှင့် သမနန္တရ ပစ္စည်းတို့သည် သဒ္ဒါမျှသာ ထူး၏၊ အနက်အားဖြင့်မူကား ထူးခြားမှု မရှိပေ။

အနန္တရနှင့် သမနန္တရပစ္စည်း ထူးခြားမှုရှိကြောင်း အချို့ဆရာတို့ ယူဆချက်

'သဘောတရားအားဖြင့် အခြားမရှိသည်၏အဖြစ်ကြောင့် အနန္တရပစ္စည်း မည်၏၊ ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်၏' ဟူ၍ ဤသို့ ထူးခြားပုံကို ရေဝတဆရာတို့ အလိုရှိကြ၏။

ဤပြောဆိုချက်သည်- "နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတန ကုသိုလ်သည်(အနာဂါမိ)ဖလသမာပတ်အား သမနန္တရပစ္စည်းဖြင့်ကျေးဇူးပြု၏" ဤသို့စသော ပါဠိတော်စကားတို့နှင့် ဆန့်ကျင်၏၊ ဆန့်ကျင်ပုံမှာ- နိရောဓသမာပတ်မဝင်စားမီ ဖြစ်ခဲ့သော နေဝသညာနာသညာယတန စျာန်ဇောသည် နိရောဓသမာပတ်မှ ထသောအချိန်၌ ဖြစ်ပေါ်လာသော ဖိုလ်စိတ်အား သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ၇-ရက်စသော အချိန်ကာလခြားပြီးမှ ကျေးဇူးပြုသောကြောင့် ထိုဆရာတို့၏ အယူအဆသည် ပါဠိတော်နှင့် ဆန့်ကျင်နေ၏။

ထိုဆရာတို့၏ ချေပချက်

"နိရောဓသမာပတ်မဝင်စားမီ ဖြစ်ခဲ့သော နေဝသညာနာသညာယတန စျာန်ဇောသည် နိရောဓသမာပတ်မှ ထသောအချိန်၌ ဖြစ်ပေါ်လာသော ဖိုလ်စိတ်အား အဆက်မပြတ်ဖြစ်အောင် ကျေးဇူးမပြုသော်လည်း ကျေးဇူးပြုနိုင်သော သမနန္တရသတ္တိကား မယုတ်လျော့ပါ၊ နိရောဓသမာပတ်ဘာဝနာ၏ အစွမ်းဖြင့် တားမြစ်ထားသောကြောင့် သာလျှင် ပစ္စယုပ္ပန် စိတ်စေတသိက်တရားတို့သည် ကာလအခြားမဲ့၌ မဖြစ်ဘဲ ရှိကြသည်" ဟု ချေပသော စကားကို ထိုဆရာတို့က ဆိုကြပြန်၏၊ ထိုချေပစကားသည်ပင် ကာလခြားမှုရှိနေခြင်းကို ဝန်ခံရာရောက်၏။

ဤသို့ အချိန်ကာလ ဟူသော ခြားကွယ်တတ်သောတရား ရှိနေသောကြောင့် "ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်၏" ဟူသော ထိုဆရာတို့၏ဝါဒသည် မသင့်ခြင်းဖြစ်၏။

ထို့ကြောင့် အနန္တရ နှင့် သမနန္တရ ပစ္စည်းနှစ်ပါးတို့၌ သဒ္ဒါမျှဖြင့်သာလျှင် ထူးခြားခြင်းကို ယူဆအပ်၏၊ အနက်အားဖြင့် ထူးခြားမှုကို မယူဆအပ်ပေ။

မှတ်ချက်။ ။ အန+အန္တရ = မရှိ + အခြားအကွယ်၊ ∴ အနန္တရ= အခြားမရှိသည်ဖြစ်၍၊
သံ +အနန္တရ = ကောင်းစွာ + အခြားမရှိသည်ဖြစ်၍၊ ∴ သမနန္တရ = ကောင်းစွာအခြားမရှိသည်ဖြစ်၍၊
ထို့ကြောင့် အနန္တရ နှင့် သမနန္တရ ပစ္စည်းနှစ်ပါးတို့သည် သံ သဒ္ဒါမျှသာ ထူးခြား၏။

www.dhammadownload.com

ထူးခြားပုံ – ပစ္စည်းစိတ်စေတသိက်တရားတို့အား ပစ္စယုပ္ပန်နှင့် ခြားကွယ်တတ်သော အခြားနာမ်တရားသည် မရှိ၊ ထို့ကြောင့် အနန္တရ မည်၏၊ ပုံသဏ္ဌာန်မရှိခြင်းကြောင့် ကောင်းစွာအခြားမရှိကြကုန်၊ ထိုသို့ ကောင်းစွာ အခြားမရှိကြသောကြောင့် သမနန္တရ မည်၏။

၆။ သဟဇာတပစ္စည်း

ဆီမီးသည် ဖြစ်ပေါ်ဆဲပင်လျှင် အလင်းရောင်ကိုဖြစ်ပေါ်စေလျက် ကျေးဇူးပြုသကဲ့သို့ ထို့အတူ ဖြစ်ပေါ်ဆဲပင်လျှင် မိမိနှင့်အတူတကွ တစ်ပေါင်းတည်းပြိုင်တူ ပစ္စယုပ္ပန်တရားတို့ကိုဖြစ်ပေါ်စေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်း မည်၏။

သဟဇာတပစ္စည်းသည် နာမ်ခန္ဓာစသည်တို့၏ အစွမ်းအားဖြင့် ၆–ပါးအပြားရှိ၏။ ၎င်းတို့မှာ–

(၁) နာမ်ခန္ဓာလေးပါးပစ္စည်းတရား
(၂) မဟာဘုတ်လေးပါးပစ္စည်းတရား
(၃) ပဋိသန္ဓေနာမ်နှင့်ရုပ်ပစ္စည်းတရား
(၄) စိတ်, စေတသိက်ပစ္စည်းတရား
(၅) မဟာဘုတ်လေးပါးပစ္စည်းတရား
(၆) ဟဒယဝတ္ထုရုပ်ပစ္စည်းတရား

၇။ အညမညပစ္စည်း

အချင်းချင်းထောက်ပံ့လျက် ထောင်နေသော သစ်သား၃–ချောင်းကဲ့သို့ အချင်းချင်း အပြန်အလှန် ဖြစ်စေတတ် ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အညမညပစ္စည်း မည်၏။

အညမညပစ္စည်းသည် နာမ်ခန္ဓာစသည်တို့၏ အစွမ်းအားဖြင့် ၃–ပါးအပြားရှိ၏။ ၎င်းတို့မှာ–

(၁) နာမ်ခန္ဓာလေးပါးပစ္စည်းတရား
(၂) မဟာဘုတ်လေးပါးပစ္စည်းတရား
(၃) ပဋိသန္ဓေနာမ်နှင့်ရုပ်ပစ္စည်းတရား

၈။ နိဿယပစ္စည်း

မြေကြီးစသည်သည် သစ်ပင်စသည်၏ တည်ရာဖြစ်သကဲ့သို့၊ ပန်းချီကားအဝတ်စသည်သည် ပန်းချီဆေးစသည်၏ မှီရာဖြစ်သကဲ့သို့၊ တည်ရာအခြင်းအရာအားဖြင့်လည်းကောင်း၊ မှီရာအခြင်းအရာအားဖြင့်လည်းကောင်း၊ ကျေးဇူးပြုတတ်သောတရားသည် နိဿယပစ္စည်း မည်၏။

နိဿယပစ္စည်းသည် သဟဇာတနိဿယပစ္စည်းနှင့် ပုရေဇာတနိဿယပစ္စည်း ဟု ၂–ပါး အပြားရှိ၏၊ ထိုတွင် သဟဇာတနိဿယပစ္စည်းသည် သဟဇာတပစ္စည်း(၁ မှ ၅)နှင့် တူ၏၊ ပုရေဇာတနိဿယပစ္စည်းကို "စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားလည်းကောင်း ။ ပ ။ ကာယာယတနသည် ကာယဝိညာဏဓာတ်အားလည်းကောင်း၊ ထိုဝိညာဏ်နှင့်ယှဉ်သော တရားတို့အားလည်းကောင်း နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ အကြင်ရုပ်ကိုမှီ၍ မနောဓာတ်သည်လည်းကောင်း, မနောဝိညာဏဓာတ်သည်လည်းကောင်း ဖြစ်ကုန်၏၊ ထိုရုပ်သည် မနောဓာတ်အားလည်းကောင်း, မနောဝိညာဏဓာတ်အား လည်းကောင်း၊ ထို ဓာတ်နှစ်ပါးနှင့်ယှဉ်သော စေတသိက်တရားတို့အားလည်းကောင်း နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏" ဟူ၍ ဝေဖန်ဟောတော်မူအပ်၏။

၉။ ဥပနိဿယပစ္စည်း

အကျိုးမည်သည် အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် အကြောင်းကို မစွန့်လွှတ်ဘဲ အကြောင်းကိုမှီ၍ ဖြစ်၏၊ ဤသို့ မစွန့်လွှတ်ဘဲ မှီအပ်သောကြောင့် အကြောင်းသည် နိဿယ မည်၏။

လွန်ကဲပြင်းပြသောပင်ပန်းခြင်းသည် ဥပါယာသ(ဥပ+အာယာသ) မည်သကဲ့သို့၊ ထို့အတူ လွန်ကဲသော မှီရာသည် ဥပနိဿယ(ဥပ+နိဿယ) မည်၏၊ ဤ ဥပနိဿယဟူသော အမည်သည် အားကြီးသောအကြောင်း၏ အမည်တည်း။

ထို့ကြောင့်အားကြီးသောအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဥပနိဿယပစ္စည်းမည်၏။

www.dhammadownload.com

ဥပနိဿယပစ္စည်းသည် – အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်း ဟူ၍ (၃)ပါး အပြားရှိ၏။

(၁) အာရမ္မဏူပနိဿယပစ္စည်း

မြတ်စွာဘုရားဟောတော်မူပုံ–

"လှူဖွယ်ဝတ္ထုကို ပေးလှူပြီးလျှင်၊ သီလကို ဆောက်တည်ပြီးလျှင်၊ ဥပုသ်စောင့်ခြင်းအမှုကို ပြုပြီးလျှင် ထို ဒါန သီလ ဥပုသ်စောင့်ခြင်းကို အလေးပြု၍ ဆင်ခြင်၏၊ ရှေးကာလ၌ ကောင်းစွာကျင့်ခဲ့သော ကောင်းမှုတို့ကိုအလေးပြု၍ ဆင်ခြင်၏၊ စျာန်မှထပြီးလျှင် စျာန်ကိုအလေးပြု၍ ဆင်ခြင်၏၊ သေကွပုဂ္ဂိုလ်တို့သည် (သောတာပတ္တိမဂ်၏ ရှေးအခြားမဲ့ဖြစ်သော)ဂေါတြဘူကိုအလေးပြု၍ ဆင်ခြင်၏၊ (အထက်မဂ်သုံးပါး၏ ရှေးအခြားမဲ့ဖြစ်သော) ဝေါဒါန်ကို အလေးပြု၍ ဆင်ခြင်၏၊ သေကွပုဂ္ဂိုလ်တို့သည် မဂ်မှထ၍ မဂ်ကိုအလေးပြု၍ ဆင်ခြင်၏" ဟု ဤသို့ အစရှိသောနည်းဖြင့် အာရမ္မဏာဓိပတိပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍ ဝေဖန်ဟောကြားတော် မူ၏။

အာရမ္မဏာဓိပတိပစ္စည်း နှင့် အာရမ္မဏူပနိဿယပစ္စည်းတို့၏ ထူးခြားချက်

အကြင်အာရုံကို အလေးပြု၍ စိတ်စေတသိက်တို့သည် ဖြစ်ကုန်၏၊ ထိုအာရုံသည် ကိန်းသေမြဲသော အားဖြင့် ထိုစိတ်စေတသိက်တို့၏ အာရုံတို့တွင် အားကြီးသောအာရုံ ဖြစ်ပေ၏၊ သို့ဖြစ်၍ အလေးပြုအပ်သည်၏ အဖြစ်မျှ ဟူသော အနက်သဘောကြောင့် အာရမ္မဏာဓိပတိ မည်၏၊ အားကြီးသောအကြောင်းဟူသော အနက်ကြောင့် အာရမ္မဏူပနိဿယ မည်၏၊ ဤသို့ အာရမ္မဏာဓိပတိ နှင့် အာရမ္မဏူပနိဿယတို့၏ ထူးခြားခြင်းကို သိအပ်၏။

(၂) အနန္တရူပနိဿယပစ္စည်း

အနန္တရူပနိဿယပစ္စည်းကိုလည်း "ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် အနန္တရပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍ ဝေဖန်တော်မူ၏။

အနန္တရပစ္စည်း နှင့် အနန္တရူပနိဿယပစ္စည်းတို့၏ ထူးခြားချက်

သို့သော် မာတိကာထားရာ (ပစ္စယနိဒ္ဒေသပါဠို)၌မူ ယင်းပစ္စည်း နှစ်ပါးတို့တွင် "စက္ခုဝိညာဏဓာတ်သည် လည်းကောင်း၊ယင်းဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော စေတသိက်(၇)ပါး တရားတို့သည်လည်းကောင်း၊မနောဓာတ်အားလည်းကောင်း၊ ယင်းဓာတ်နှင့် ယှဉ်ကုန်သော စေတသိက်(၁၀)ပါးတရားတို့အား လည်းကောင်း အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် အနန္တရပစ္စည်းကို ဟောခြင်းကြောင့်လည်းကောင်း၊

"ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် အနန္တရူပနိဿယပစ္စည်းကို ဟောခြင်းကြောင့် လည်းကောင်း၊

မာတိကာထားရာ၌ ထူးခြားခြင်း ရှိသေး၏၊ ထိုသို့ ထူးခြားခြင်းရှိသော်လည်း လိုရင်းသဘောအနက် အားဖြင့်ကား တူသည်သာ ဖြစ်၏။

ထိုသို့ သဘောအနက် တူသော်လည်း မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သောစိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် အနန္တရပစ္စည်း မည်၏၊ နောက်စိတ်ကို ဖြစ်စေရာ၌ ရှေးစိတ်၏ အားကြီးသည်၏ အဖြစ်ကြောင့် အနန္တရူပနိဿယပစ္စည်း မည်၏ ဟု သိအပ်၏၊ ဥပမာ – ဟေတုပစ္စည်း စသည်တို့တွင် အချို့သော တရားနှင့် ကင်း၍လည်း စိတ်သည်ဖြစ်နိုင်သကဲ့သို့ ထို့အတူ အခြားမဲ့ဖြစ်သော ရှေးစိတ်နှင့်ကင်း၍ နောက်စိတ်၏ ဖြစ်ခြင်းမည်သည် မရှိ၊ ထို့ကြောင့် နောက်စိတ်ဖြစ်ဖို့ရန် ရှေ့စိတ်သည် အားကြီးသောအကြောင်း ဖြစ်၏၊ ဤသို့ ပစ္စည်း၂–ပါးတို့၏ ထူးခြားခြင်းကို သိအပ်၏။

www.dhammadownload.com

(၃) ပကတူပနိဿယပစ္စည်း

ပကတူပနိဿယမည်ပုံ –

ပကတူပနိဿယ = ပကတ + ဥပနိဿယ

= ကောင်းစွာပြုပြင်ခြင်း + အားကြီးသောအကြောင်း

မိမိအကျိုးကိုပြီးစေနိုင်အောင် ကောင်းစွာပြုပြင်အပ်သော အားကြီးသောအကြောင်းသည်ပကတူ–ပနိဿယ မည်၏၊ ပကတ – ကောင်းစွာပြုပြင်အပ်သည် မည်သည်မှာ မိမိသန္တာန်၌ ပြီးစေအပ်သော သဒ္ဓါ သီလ သုတ စာဂ ပညာသည် လည်းကောင်း၊ မှီဝဲအပ်သော ဥတု ဘောဇဉ် ပုဂ္ဂိုလ် ကျောင်း အိပ်ယာနေရာသည်လည်းကောင်း (ပကတမည်သည်) ဖြစ်ပေသည်။

ပကတူပနိဿယမည်ပုံ တစ်နည်း –

ပကတူပနိဿယ = ပကတိ + ဥပနိဿယ

= ပင်ကိုယ်သဘော + အားကြီးသောအကြောင်း

အာရမ္မဏ,အနန္တရတို့နှင့် မရောယှက်သော၊ မိမိပင်ကိုယ်ပကတိသဘောအားဖြင့်သာလျှင် အားကြီး သောအကြောင်းသည် ပကတူပနိဿယ မည်၏။

ပကတူပနိဿယအပြား

ပကတူပနိဿယသည် "ပကတူပနိဿယကား– သဒ္ဓါတရားကိုအမှီပြု၍ အလှူဒါနကို ပေးလှူ၏၊ သီလ ကိုဆောက်တည်၏၊ ဥပုသ်စောင့်သုံးခြင်းအမှုကို ပြု၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ် စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏၊ သီလကို---၊ သုတကို--၊ စာဂကို---၊ ပညာကို--- အမှီပြု၍ အလှူဒါနကိုပေးလှူ၏ ။ပ။ သမာပတ်ကိုဖြစ်စေ၏၊ သဒ္ဓါသည်၊ သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည် နောက်ထပ်ဖြစ်သော သဒ္ဓါအား၊ သီလအား၊ သုတအား၊ စာဂအား၊ ပညာအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် များသောအပြား ရှိ၏။

မှတ်ချက်။ ။ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, ရုပ်, ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း, အိပ်ယာနေရာ တစ်စုံတစ်ခုကိုစွဲမှီ၍ ကုသိုလ်စသည် ဖြစ်ပွားလျှင် စွဲမှီရာကုသိုလ်စသည်က ပကတူပနိဿယပစ္စည်း၊ စွဲမှီ၍ဖြစ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ စိတ်စေတသိက် နာမ်ခန္ဓာက ပကတူပနိဿယ–ပစ္စယုပ္ပန် ဖြစ်သည်။

၁၀။ ပုရေဇာတပစ္စည်း

ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ပြီးလျှင် ဖြစ်ဆဲ–ရှိဆဲ–တည်ဆဲ၏ အဖြစ်ဖြင့် ကျေးဇူးပြု တတ်သော(နိပ္ပန္နရုပ် ၁၈–ခုဟူသော)တရားသည် ပုရေဇာတပစ္စည်းမည်၏။ ပုရေဇာတပစ္စည်းသည် ပဋ္ဌဒ္ဓါရ၌ စက္ခု စသော ဝတ္ထု၊ ရူပါယတနစသော အာရုံ၊ ဟဒယဝတ္ထုတို့၏ အစွမ်းအားဖြင့် ၁၁–ပါးအပြား ရှိ၏။

၁၁။ ပစ္ဆာဇာတပစ္စည်း

ပစ္စည်းတရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ကုန်သော (ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ ဟု ဆိုအပ်ကုန်သော) ရုပ်တရားတို့ကို ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော(အရူပဝိပါက် ၄–ခု ကြဉ်သော စိတ်–၈၅၊ စေတသိက်–၅၂ ဟု ဆိုအပ်သော)နာမ်တရားသည် ပစ္ဆာဇာတပစ္စည်း မည်၏၊ ဥပမာ– အာဟာရ၌ဖြစ်သော တောင့်တမှု စေတနာသည် လင်းတငယ်တို့၏ကိုယ်အား ထောက်ပံ့သကဲ့သို့တည်း။

၁၂။ အာသေဝနပစ္စည်း

ကျမ်းဂန်သင်ယူရာ၌ ရှေးရှေးသောသင်ယူမှုသည် နောက်နောက်သောသင်ယူမှုကို အထုံရစေ၊ လွယ်ကူစေ သကဲ့သို့ ထို့အတူ ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့် ကုသိုလ်ချင်း၊ အကုသိုလ်ချင်း၊ ကြိယာချင်း တူညီအောင် အဖန်ဖန်ဖြစ်စေခြင်း၊ မှီဝဲခြင်း၊ အထုံရစေခြင်း၏အစွမ်းဖြင့် မိမိဟူသောပစ္စည်းတရား၏နောက်၌ တစ်ဆက်တည်း

www.dhammadownload.com

ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား အလေ့အလာရရန် အားကောင်းရန် တိုးပွားလာစေရန် ကျေးဇူးပြုတတ်သော တရားသည် အာသေဝနပစ္စည်း မည်၏။ အာသေဝနပစ္စည်းသည် ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာဇောတို့၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိ၏။

၁၃။ ကမ္မပစ္စည်း

စိတ်၏ပယောဂ ဗျာပါရဟု ဆိုအပ်သော ပြုမှု,အားထုတ်မှု၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် ကမ္မပစ္စည်း မည်၏၊ ကမ္မပစ္စည်းသည် ပစ္စယုပ္ပန်နှင့် ထူးခြားကွဲပြားသောခဏရှိသော ကုသိုလ်စေတနာ အကုသိုလ်စေတနာ၏ အစွမ်းအားဖြင့်(သဟဇာတကမ္မပစ္စည်း)လည်းကောင်း၊ ပစ္စယုပ္ပန်နှင့် အတူတကွတစ်ပြိုင်နက်ဖြစ်သော အလုံးစုံလည်းဖြစ်သော စေတနာ၏ အစွမ်းအားဖြင့်(နာနာက္ခဏိကကမ္မပစ္စည်း)လည်းကောင်း ၂-ပါးပြား၏။

၁၄။ ဝိပါကပစ္စည်း

ပစ္စည်းတရားကိုယ်တိုင်က အားထုတ်မှုလုံ့လ ကြောင့်ကြဗျာပါရကင်းပြီး ငြိမ်သက်သည်ဖြစ်၍၊ ပစ္စယုပ္ပန်တရားတို့အား မိမိကဲ့သို့ပင် အားထုတ်မှုလုံ့လ ကြောင့်ကြဗျာပါရကင်းပြီး ငြိမ်သက်အောင် ကျေးဇူးပြုတတ်သော ဝိပါက်တရားသည် ဝိပါကပစ္စည်း မည်၏။

ထိုဝိပါကပစ္စည်းသည် ပဝတ္တိကာလ၌ ထိုဝိပါက်စိတ်ကြောင့် ဖြစ်သောရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေကာလ၌ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိ,ပဋိသန္ဓေကာလအလုံးစုံ၌ ယှဉ်ဘက်စိတ်စေတသိက်အလုံးစုံတို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

၁၅။ အာဟာရပစ္စည်း

ရုပ်နာမ်တို့အား ထောက်ပံ့တတ်သောသဘောဖြင့် ကျေးဇူးပြုတတ်သော အာဟာရ ၄-ပါးတို့သည် အာဟာရပစ္စည်း မည်၏။

၁၆။ ဣန္ဒြိယပစ္စည်း

အစိုးရခြင်းသဘောဖြင့် ကျေးဇူးပြုတတ်သော ဣတ္ထိန္ဒြေပုရိသိန္ဒြေတို့မှ တစ်ပါးကုန်သော နှစ်ဆယ်သော ဣန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မည်၏။

ထိုဣန္ဒြေ၂၀-တို့တွင် စက္ခုန္ဒြေ စသည်တို့သည် စက္ခုဝိညာဏ်စသော နာမ်တရားတို့အားသာလျှင် ကျေးဇူးပြုတတ်၏၊ ကြွင်းသော ဣန္ဒြေ ၁၃-ပါးတို့သည် ရုပ်နှင့်နာမ် နှစ်ပါးလုံးတို့အား ကျေးဇူးပြုတတ်၏။

၁၇။ ဈာနပစ္စည်း

အာရုံကိုကပ်၍ရှုခြင်း၊ စူးစူးစိုက်စိုက်ရှုခြင်းသဘောဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဈာနပစ္စည်း မည်၏။

ဒွေပဉ္စဝိညာဏ် ၁၀ ၌ယှဉ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဧကဂ္ဂတာတို့သည် ဈာန-ပစ္စည်း မဖြစ်နိုင်သောတရားတို့ မည်ပါသည်။

ဌင်းတို့မှ ကြွင်းကုန်သော ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာအဗျာကတ ဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဧကဂ္ဂတာအားဖြင့် ဈာနင် ၇-ပါးတို့သည် ဈာနပစ္စည်း ဖြစ်နိုင်သောတရားတို့ မည်ပါသည်။

၁၈။ မဂ္ဂပစ္စည်း

အမှတ်မရှိ တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် (ဝါ) မှန်သည်ဖြစ်စေ, မှားသည်ဖြစ်စေ တစ်မျိုးမျိုး အားဖြင့် ပြီးမြောက်ကြောင်းသဘောဖြင့် ကျေးဇူးပြုတတ်သောတရားသည် မဂ္ဂပစ္စည်း မည်၏။

အဟိတ်စိတ် ၁၈-ပါး၌ ယှဉ်သော ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည် မဂ္ဂပစ္စည်း မဖြစ်နိုင်သောတရား များဖြစ်၏။

www.dhammadownload.com

သဟိတ်စိတ် ၇၁-ပါး၌ ယှဉ်သော သမ္မာဒိဋ္ဌိစသော သမ္မာမဂ္ဂင် ၈-ပါးနှင့် မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင် ၄-ပါး ဟူသော မဂ္ဂင် ၁၂-ပါး သည် မဂ္ဂပစ္စည်း ဖြစ်နိုင်သောတရားများ ဖြစ်ပါသည်။

၁၉။ သမ္ပယုတ္တပစ္စည်း

မိရာဝတ္ထုရုပ်တူခြင်း, အာရုံတူခြင်း, အတူဖြစ်ခြင်း, အတူချုပ်ခြင်း ဟူသော သမ္ပယုတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော စိတ်စေတသိက်နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။

၂၀။ ဝိပ္ပယုတ္တပစ္စည်း

မိရာဝတ္ထုရုပ်တူခြင်း စသော သမ္ပယုတ္တလက္ခဏာ မရှိသောအားဖြင့် စိတ်စေတသိက်နာမ်တရား တို့အား ကျေးဇူးပြုတတ်သော ရုပ်တရားတို့သည်လည်းကောင်း၊ ရုပ်တရားတို့အား ကျေးဇူးပြုတတ်သော စိတ်စေတသိက် နာမ်တရားတို့သည်လည်းကောင်း ဝိပ္ပယုတ္တပစ္စည်း မည်၏။

သဟဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ် ဟု ၃-ပါးအပြားရှိ၏။

၂၁။ အတ္ထိပစ္စည်း

ပစ္စည်းတရားကိုယ်တိုင်က မချုပ်သေးဘဲ ဖြစ်ဆဲဖြစ်ခိုက် ပစ္စုပ္ပန်သဘောလက္ခဏာဖြစ်သောတရား ဖြစ်ပြီး၊ ထိုကဲ့သို့ပင် ရှိနေဆဲသာလျှင်ဖြစ်သော ပစ္စယုပ္ပန်တရားအား ထောက်ပံ့တတ်သောအားဖြင့် ကျေးဇူးပြုသောတရား သည် အတ္ထိပစ္စည်း မည်၏။

အတ္ထိပစ္စည်း၏ မာတိကာခေါင်းစဉ်ကို နာမ်ခန္ဓာ, မဟာဘုတ်, နာမ်ရုပ်, စိတ်စေတသိက်, မဟာဘုတ်, အာယတန, ဝတ္ထုရုပ်တို့၏ အစွမ်းအားဖြင့် ၇-ပါးအပြားအားဖြင့် ဟောတော်မူ၏။ ၎င်းတို့မှာ-

(၁) နာမ်ခန္ဓာလေးပါးပစ္စည်းတရား
(၂) မဟာဘုတ်လေးပါးပစ္စည်းတရား
(၃) ပဋိသန္ဓေနာမ်နှင့်ရုပ်ပစ္စည်းတရား
(၄) စိတ်,စေတသိက်ပစ္စည်းတရား
(၅) မဟာဘုတ်ပစ္စည်းတရား
(၆) အာယတန ၁၀-ပါး ပစ္စည်းတရား
(၇) ဟဒယဝတ္ထုရုပ်ပစ္စည်းတရား

ပဥ္စဝါရ၌မူကား-

(၁) သဟဇာတတ္ထိပစ္စည်း
(၂) ပုရေဇာတတ္ထိပစ္စည်း
(၃) ပစ္ဆာဇာတတ္ထိပစ္စည်း
(၄) အာဟာရတ္ထိပစ္စည်း
(၅) ဣန္ဒြိယတ္ထိပစ္စည်း ဟူ၍ အတ္ထိပစ္စည်း ၅-မျိုး ဟောတော်မူ၏။

၂၂။ နတ္ထိပစ္စည်း

မိမိ၏အခြားမဲ့၌ ဖြစ်ဆဲဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ကောင်းစွာရှေးအခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ်စေတသိက်နာမ်တရားတို့သည် နတ္ထိပစ္စည်း မည်၏။

၂၃။ ဝိဂတပစ္စည်း

ထို နတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် ဝိဂတ-ပစ္စည်း မည်၏။

၂၄။ အဝိဂတပစ္စည်း

အတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် အဝိဂတ-ပစ္စည်း မည်၏။

www.dhammadownload.com

နတ္ထိ အတ္ထိပစ္စည်းတို့ကို ပင်လျှင် ဝိဂတ အဝိဂတ ဟု ထပ်ဟောရခြင်း

ဒေသနာတော်ကို တင့်တယ်စေနိုင်သော သဗ္ဗညုတညာဏ်တော်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဝိဂတ ပစ္စယော အဝိဂတပစ္စယော ဟု ဟောသော အခြင်းအရာအားဖြင့် ဆုံးမသွန်သင်ထိုက်သော ဝေနေယျတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဤ ဝိဂတပစ္စည်း အဝိဂတပစ္စည်း တစ်စုံဟူသောဒုက်ကို ဟောတော်မူခြင်း ဖြစ်၏၊ ဥပမာ – (ဟိတ်ရှိသောတရား + ဟိတ်မရှိသောတရား ဟူသော) အဟေတုကဒုက်ကို ဟောပြီးဖြစ်ပါလျက် (ဟိတ်နှင့်ယှဉ်သောတရား+ဟိတ်နှင့်မယှဉ်သောတရား ဟူသော)ဟေတုဝိပ္ပယုတ္တဒုက်ကို ဟောသကဲ့သို့ပင်တည်း။



အဝိဇ္ဇာပစ္စယာ သခ်ါရာပုဒ်–၌ အကျယ်ပြဆို့ချက်

အဝိဇ္ဇာသည် သခ်ါရတို့အား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

အဝိဇ္ဇာသည် ပုညာဘိသခ်ါရတို့အား ၂–ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၁) အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုပုံ

(က) အဝိဇ္ဇာကို ကုန်တတ်သောအားဖြင့် ပျက်တတ်သောအားဖြင့် သုံးသပ်သောကာလ၌ အဝိဇ္ဇာသည် ကာမာဝစရပုညာဘိသခ်ါရတို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

(ခ) စေတောပရိယ, ပုဗ္ဗေနိဝါသ, အနာဂတံသ အဘိညာဉ်တို့နှင့် ယှဉ်သောစိတ်ဖြင့် (မိမိ၏လည်းကောင်း, သူတစ်ပါး၏လည်းကောင်း)မောဟနှင့်တကွဖြစ်သော စိတ်ကိုသိသောကာလ၌ အဝိဇ္ဇာသည် ရူပါဝစရ–ပုညာဘိသခ်ါရအား အာရမ္မဏပစ္စည်းဖြင့်ကျေးဇူးပြု၏။

(၂) ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပုံ

(က) အဝိဇ္ဇာ၏အပြစ်ကို မြင်ခြင်းကြောင့် အဝိဇ္ဇာကိုလွန်မြောက်ခြင်း အကျိုးငှာ(ဝဋ္ဌ်ကင်းရာနိဗ္ဗာန်ကို တောင့်တသဖြင့်) အလှူပေးခြင်းစသော ကာမာဝစရပုညကြိယဝတ္ထုတို့ကို ဖြည့်ကျင့်ဆည်းပူးသောသူအား အဝိဇ္ဇာသည် ကာမပုညာဘိသခ်ါရကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ထို့အတူ ရူပါဝစရဈာန်တို့ကိုဖြစ်စေသောသူအား အဝိဇ္ဇာသည် ရူပပုညာဘိသခ်ါရကို ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(ခ) (ဘဝ၏အပြစ်ကိုဖုံးကွယ်တတ်သော) အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေတတ်သောကြောင့် ကာမဘဝစည်းစိမ်ချမ်းသာ၊ ရူပဘဝ စည်းစိမ်ချမ်းသာတို့ကို တောင့်တ၍ ကာမာဝစရ, ရူပါဝစရ ပုညာဘိသခ်ါရတို့ကို ပြုသောသူအား အဝိဇ္ဇာသည် ထို ပုညာဘိသခ်ါရ ၂–မျိုးကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာသည် အပုညာဘိသခ်ါရအား များစွာသောပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၁) အဝိဇ္ဇာကိုအာရုံပြု၍ ရာဂစသည်ဖြစ်သောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသခ်ါရအား အာရမ္မဏပစ္စည်းဖြင့်၊

(၂) အဝိဇ္ဇာကို အလေးအမြတ်ပြု၍ သာယာသောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသခ်ါရအား အာရမ္မဏာဓိပတိ ပစ္စည်းနှင့် အာရမ္မဏူပနိဿယပစ္စည်းဖြင့်၊

(၃) အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေလျက် အကုသိုလ်၏အပြစ်ကို မမြင်သည်ဖြစ်၍ ပါဏာတိပါတ စသည်တို့ကို ပြုသောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသခ်ါရအား ဥပနိဿယပစ္စည်းဖြင့်၊

(၄) ရှေးရှေးပထမဇော စသည်၌ပါဝင်သော အဝိဇ္ဇာသည် နောက်နောက်ဒုတိယဇော စသော အပုညာဘိသခ်ါရ အား အနန္တရ သမနန္တရ အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတ ပစ္စည်းဖြင့်၊

(၅) အမှတ်မရှိ တစ်စုံတစ်ခုသော အကုသိုလ်ကို ပြုသောသူအား ထိုအကုသိုလ်စိတ်၌ ပါဝင်သော အဝိဇ္ဇာသည် ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက် ဟုဆိုအပ်သော အပုညာဘိသခ်ါရအား ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

www.dhammadownload.com

အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ၁-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ဥပနိဿယပစ္စည်း တစ်ပါးဖြင့်သာ ကျေးဇူးပြု၏။ ကျေးဇူးပြုပုံမှာ-ပုညာဘိသင်္ခါရ၌ ဆိုအပ်ခဲ့သော နည်းအတိုင်းဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

အဝိဇ္ဇာအကြောင်းတစ်ခုတည်းက သင်္ခါရတို့အား ကျေးဇူးပြုသလော?

စောဒနာ(၃) အဝိဇ္ဇာသည် အကုသလအဖော်မပါ တစ်ပါးတည်းသာလျှင် သင်္ခါရတို့အား ကျေးဇူးပြုသလော? သို့မဟုတ် အခြားအကုသလအဖော်အကြောင်းတို့လည်း ရှိကြပါသေးသလော? တစ်ပါးတည်းသာဖြစ်လျက် အကယ်၍ကျေးဇူးပြုငြားအံ့၊ အကြောင်းတစ်ခုတည်းကြောင့်ဖြစ်သည်ဟူသော အယူဝါဒသည်ဖြစ်၏၊ သို့မဟုတ် အခြားတစ်ပါးသောအကြောင်းတို့သည်လည်း ရှိငြားအံ့၊ သို့ဖြစ်လျှင် အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်ဟု အကြောင်းတစ်ပါးတည်းကို ပြခြင်းသည် မသင့်လျော်သည် မဟုတ်ပါလော?

အဖြေကား - မသင့်လျော်သည်မဟုတ် သင့်လျော်သည် သာလျှင်တည်း။ အဘယ်ကြောင့်ဟူမူ?

ဤလောကဌ် တစ်ခုသော အကြောင်းကြောင့်ဖြစ်သော တစ်ခုသော အကျိုးသည် မရှိ၊
တစ်ခုသော အကြောင်းကြောင့်ဖြစ်သော များစွာသော အကျိုးသည်လည်း မရှိ၊
များစွာသော အကြောင်းကြောင့်ဖြစ်သော တစ်ခုသော အကျိုးသည်လည်း မရှိ၊

စင်စစ်သော်ကား များစွာသောအကြောင်းကြောင့်ဖြစ်သော များစွာသော အကျိုးသည်သာလျှင် ရှိ၏။

ဤစကားမှန်၏- ဥတု မြေ မျိုးစေ့ ရေ ဟုဆိုအပ်သော များစွာသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော အညောင်းအညှန့် ဟုဆိုအပ်သော အဆင်း အနံ့ အရသာ အစရှိသော များစွာသောအကျိုးကိုသာလျှင် တွေ့မြင်ရပေ၏။

သို့သော်လည်း 'အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်' ဤသို့စသည်ဖြင့် တစ်ခုတစ်ခုသော အကြောင်းအကျိုးကို ပြထား၏၊ ထိုသို့ပြရာ၌ ရည်ရွယ်အပ်သော အကျိုးကားရှိပေ၏။

ချဲ့ဦးအံ့ - မြတ်စွာဘုရားသည် သာဝကတို့အား တရားဒေသနာတော်ကို ဟောကြားတော်မူရာဝယ်-

(က) အချို့ဒေသနာစကားရပ်၌ ပြဓာန်းသော အကြောင်းတရား ဖြစ်သောကြောင့်(ပဓာန)၊
(ခ) အချို့ဒေသနာစကားရပ်၌ ထင်ရှားသော အကြောင်းတရားဖြစ်သောကြောင့်(ပါကဋ)၊
(ဂ) အချို့ဒေသနာစကားရပ်၌ မဆက်ဆံသော အကြောင်းတရားဖြစ်သောကြောင့်(အသာမာရဏ)၊

ဒေသနာတော်ကို တင့်တယ်စေနိုင်သော ဉာဏ်တော်အားလည်းကောင်း၊ ဝေနေယျတို့၏ အလိုအဇ္ဈာသယအားလည်းကောင်း၊ လျော်သောအားဖြင့် တစ်ခုတည်းသာလျှင်ဖြစ်သော အကြောင်းကိုလည်းကောင်း၊ တစ်ခုတည်းသာလျှင်ဖြစ်သော အကျိုးကိုလည်းကောင်း ဟောကြားတော်မူ၏။

ဟောတော်မူပုံကား -

(က) "ဖဿပစ္စယာ ဝေဒနာ= ဖဿဟူသောအကြောင်းကြောင့် ဝေဒနာဖြစ်သည်" ဟူသော ဒေသနာစကားရပ်၌ ပြဓာန်းခြင်းကြောင့် တစ်ခုစီသာလျှင်ဖြစ်သော အကြောင်းနှင့်အကျိုးကို ဟောတော်မူ၏၊ မှန်ပေ၏၊ ဖဿအားလျော်စွာ ဝေဒနာကို ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့် ဖဿသည် ဝေဒနာ၏ပြဓာန်းသောအကြောင်းဖြစ်သည်၊ ဝေဒနာအားလျော်စွာ ဖဿကို ဆုံးဖြတ်ခြင်းကြောင့် ဝေဒနာသည်လည်း ဖဿ၏ ပြဓာန်းသောအကျိုးဖြစ်သည်၊ ထို့ကြောင့် ဖဿပစ္စယာ ဝေဒနာ ဟူသော စကားရပ်၌ ပဓာနအကြောင်း၊ ပဓာနအကျိုးကို ပြလိုသောကြောင့် ဖဿဟူသော အကြောင်းတစ်ပါးတည်းကိုလည်းကောင်း၊ ဝေဒနာဟူသော အကျိုးတစ်ပါးတည်းကို လည်းကောင်း ဟောတော်မူထားခြင်း ဖြစ်သည်။

www.dhammadownload.com

(ခ) "သလိပ်ကြောင့်ဖြစ်သောအနာတို့" ဟူသော ဒေသနာစကားရပ်၌ ထင်ရှားခြင်းကြောင့် တစ်ခုတည်းသောအကြောင်းကို ဟောတော်မူ၏၊ မှန်ပေ၏၊ ဤအနာဖြစ်ရာ၌ သလိပ်သည် ထင်ရှားသော အကြောင်းဖြစ်၏၊ အခြားသော ကံ အာဟာရ ဥတု စိတ် စသည်တို့သည် အနာရောဂါဖြစ်ခြင်း၏ အကြောင်းများဖြစ်သော်လည်း မထင်ရှားကုန်(အကြောင်းမူကား-သလိပ်ကို ကျေပျက်အောင် ကုသခြင်းဖြင့် ရောဂါပျောက်ခြင်းကြောင့်ပေတည်း)။

(ဂ) "ရဟန်းတို့၊ အလုံးစုံသော အကုသိုလ်တရားတို့သည် အယောနိသောမနသိကာရလျှင် အကြောင်းရင်းရှိကုန်၏" ဟူသော ဒေသနာစကားရပ်၌ မဆက်ဆံခြင်းကြောင့် တစ်ခုတည်းသောအကြောင်းကို ဟောတော်မူ၏၊ မှန်ပေ၏၊ အယောနိသောမနသိကာရသည် အကုသိုလ်တရားတို့၏ မဆက်ဆံသောအကြောင်းပေတည်း၊ ဝတ္ထု အာရုံ စသည်တို့ကား ဆက်ဆံသော အကြောင်းတို့ပေတည်း၊ ဤသို့ မဆက်ဆံသော အကြောင်းဖြစ်သောကြောင့် တစ်ခုတည်းသော အကြောင်းကို ဟောတော်မူ၏။

ဤသို့လျှင် ဘုရားရှင်သည် ပဓာန, ပါကဋ္ဌ, အသာဓာရဏ ဟူသော ဤ ၃-မျိုးသော အကြောင်းတရားတို့ကြောင့် တစ်ခုတည်းသော အကြောင်းတရား, တစ်ခုတည်းသော အကျိုးတရားကို ထင်ရှားပြတော်မူလျက် ဤပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူ၏။

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သခ်ါရတရားကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်သော တရားတို့မှာ အဝိဇ္ဇာအကြောင်း တစ်မျိုးတည်းသာ မဟုတ်ပေ၊ အဝိဇ္ဇာမှ တစ်ပါးကုန်သော ဝတ္ထု, အာရုံ, သဟဇာတ်တရား အစရှိသော အကြောင်းတရားတို့သည်လည်း ရှိသေး၏၊ သို့သော် ထိုအကြောင်းများစွာတို့တွင် အဝိဇ္ဇာသည်သာ သခ်ါရကို ဖြစ်စေရာ၌ ပဓာန, ပါကဋ္ဌ, အသာဓာရဏ အကြောင်းဖြစ်၏ -

အဝိဇ္ဇာသည် ပဓာန အကြောင်း ဖြစ်ပုံ

"ရဟန်းတို့၊ သံယောဇဉ်ဖြစ်ဖွယ် အာရုံအကြောင်းတရားတို့၌ သာယာဖွယ် ဟု အဖန်ဖန်ရှုလေ့ရှိသောသူ၌ ဆာလောင်တပ်မက်မှု တဏှာတိုးပွါး၏၊ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ကမ္မဘဝ(သခ်ါရ)ဖြစ်၏" ဟူ၍ လည်းကောင်း၊ "အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝဖြစ်ခြင်းရှိသည်" ဟူ၍ လည်းကောင်း ဟောတော်မူခြင်းကြောင့် အဝိဇ္ဇာမှ တစ်ပါးဖြစ်ကုန်သော, သခ်ါရ၏အကြောင်းတရားဖြစ်ကုန်သော တဏှာစသောတရားတို့သည် ရှိကြကုန်၏၊ သို့သော် ယင်းအကြောင်းတရားတို့တွင် အဝိဇ္ဇာကား ပဓာန ပြဓာန်းသောအကြောင်းတရားတည်း။

အဝိဇ္ဇာသည် ပါကဋ္ဌ, အသာဓာရဏ အကြောင်း ဖြစ်ပုံ

"ရဟန်းတို့၊ ပညာမရှိသောသူသည် အဝိဇ္ဇာရှိနေသောကြောင့် ပုညာဘိသခ်ါရကိုလည်း ပြုလုပ်၏" ဟု ဟောတော်မူခြင်းကြောင့် အဝိဇ္ဇာသည် သခ်ါရတို့၏ ထင်ရှားသောအကြောင်း ဖြစ်၏၊ ထို့ပြင် သခ်ါရဖြစ်ပေါ်ခြင်းသည် အဝိဇ္ဇာမကင်းသေးသည့် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်၏၊ အဝိဇ္ဇာကင်းပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့နှင့် မသက်ဆိုင်သောကြောင့် အဝိဇ္ဇာသည် သခ်ါရ၏ အသာဓာရဏအကြောင်းလည်း ဖြစ်၏။

ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာကို သခ်ါရတို့၏ အကြောင်းတရားအဖြစ် ဟောတော်မူခြင်းဖြစ်ပါသည်၊ ထို့ပြင် အလုံးစုံတို့၌ ဝေနေယျတို့၏အလိုအားဖြင့် တရားကိုသိစေခြင်းဟု ဆိုအပ်သော ရည်ရွယ်အပ်သော အကျိုးကို သိအပ်ပေသည်။

~ ~ ~ ~ ~ ~ ~ ~

အဝိဇ္ဇာသည် ကုသိုလ်၏အကြောင်းဖြစ်ပုံ

စောဒနာ(၄) မလိုလားအပ်သော, မကောင်းကျိုးရှိသော, အပြစ်ရှိသောအဝိဇ္ဇာ၏ ပုညာဘိသခ်ါရ, အာနေဉ္ဇာဘိသခ်ါရတို့၏ အကြောင်းအဖြစ်သည် အဘယ်သို့ သင့်ပါသနည်း? အကြောင်းမူကား - ခါးသောတမာမျိုးစေ့မှ ချိုသောကြံပင် မပေါက်တတ်သောကြောင့်ပင်။

အဖြေကား - အဘယ့်ကြောင့် မသင့်ပဲရှိအံ့နည်း၊ သင့်သည်သာတည်း၊ အကြောင်းမူကား-

www.dhammadownload.com

လောကဥ္ စ အကျိုးတရားတို့၏ (က) ဆန့်ကျင်သောအကြောင်းသည်လည်းကောင်း၊
(ခ) မဆန့်ကျင်သောအကြောင်းသည်လည်းကောင်း၊
(ဂ) တူသောအကြောင်းသည်လည်းကောင်း၊
(ဃ) မတူသောအကြောင်းသည်လည်းကောင်း၊
ပြီးစီးထင်ရှား၏၊ ထိုအကျိုးတရားတို့ ဟူသည်လည်း (အကြောင်းမှရင့်ကျက်လာသော)ဝိပါက်ခေါ် အကျိုးတရားတို့ချည်းသာလျှင်ကား မဟုတ်ကြပေ၊ ထို့ကြောင့် သင့်ပေသည်။

ချဲ့ဦးအံ့– လောကဥ္ စ အကျိုးတရားတို့၏ ဌာန, သဘာဝ, ကိစ္စ စသည်တို့ဖြင့် ဆန့်ကျင်သောအကြောင်းတရားသည်လည်းကောင်း၊ မဆန့်ကျင်သော အကြောင်းတရားသည် လည်းကောင်း၊ ပြီးစီး ထင်ရှား၏။

(က) ဆန့်ကျင်သောအကြောင်း

ဌာနအားဖြင့် ဆန့်ကျင်သောအကြောင်းဖြစ်ပုံ

- အနန္တရပစ္စည်းဌ် တည်ဆဲမဟုတ် ချုပ်ပျောက်ပြီးသော ရှေးစိတ်သည် နောက်စိတ်၏ ထင်ရှားတည်ရှိခြင်းဌာနအားဖြင့် ဆန့်ကျင်သောအကြောင်းဖြစ်၏။(ဤကား သာသနာတော်ဘက်ကအကြောင်းတည်း)
- ရှေးကာလဌ် အတတ်ပညာကိုသင်ယူခြင်းသည် နောက်ကာလဌ် အတတ်ပညာကိုသင်ယူခြင်း၏ တည်ရှိခြင်းဌာနအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။ (ဤကား လောကီဘက်ကအကြောင်းတည်း)

သဘာဝအားဖြင့် ဆန့်ကျင်သောအကြောင်းဖြစ်ပုံ

- အာရုံကို ယူတတ်သောသဘောရှိသည့် နာမ်တရားဖြစ်သော ကံသည် အာရုံကို မယူတတ်သော သဘောရှိသော ကမ္မဇရုပ်၏ သဘောအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။ (သာသနာတော်အကြောင်း)
- ချိုသောနို့ရည်သည် ချဉ်သောနို့ဓမ်း၏ သဘောအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။ (လောကီအကြောင်း)

ကိစ္စအားဖြင့် ဆန့်ကျင်သောအကြောင်းဖြစ်ပုံ

- သိခြင်းကိစ္စမရှိသော အလင်း(အာလောက)သည် သိခြင်းကိစ္စရှိသော စက္ခုဝိညာဏ်၏ ကိစ္စအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။
- တင်လဲသည် အရက်၏ ကိစ္စအားဖြင့် ဆန့်ကျင်သောအကြောင်း ဖြစ်၏။

(ခ) မဆန့်ကျင်သောအကြောင်း

ဌာနအားဖြင့် မဆန့်ကျင်သောအကြောင်းဖြစ်ပုံ

- မျက်စိ, အဆင်းသည် စက္ခုဝိညာဏ်၏ တည်ရှိခြင်းအားဖြင့် မဆန့်ကျင်သောအကြောင်း ဖြစ်၏။

သဘာဝ, ကိစ္စအားဖြင့် မဆန့်ကျင်သောအကြောင်းဖြစ်ပုံ

- ရှေးဌဖြစ်သောဇောစသည်တို့သည် နောက်ဌဖြစ်သောဇောစသည်တို့၏ သဘောအားဖြင့်လည်းကောင်း, ကိစ္စအားဖြင့်လည်းကောင်း မဆန့်ကျင်သောအကြောင်း ဖြစ်၏။

(ဂ) တူသောအကြောင်း

တူသောဥတုဟူသော ရုပ်အကြောင်းသည် ဥတုဇရုပ်၏အကြောင်းတရား၊ တူသောအာဟာရဟူသော ရုပ်သည် အာဟာရဇရုပ်၏အကြောင်းတရားဖြစ်၏၊ (ဤကားဓမ္မအားဖြင့် အကြောင်းနှင့်အကျိုးတူပုံတည်း။)

သလေးမျိုးစေ့သည် သလေးစပါး၏ တူသောအကြောင်းတရား ဖြစ်သည်၊ (ဤကား လောကဥပမာအားဖြင့် အကြောင်းနှင့်အကျိုး တူပုံတည်း။)

www.dhammadownload.com

(ဃ) မတ္ထသောအကြောင်း

ရုပ်တရားနှင့် နာမ်တရားသည် သဘာဝအားဖြင့် ကွဲပြားလျက်ရှိ၏၊ မတူညီကြပေ။ မတ္ထသောရုပ်တရားသည် နာမ်တရား၏အကြောင်း၊ မတ္ထသောနာမ်တရားသည် ရုပ်တရား၏အကြောင်း ဖြစ်၏၊ ထို့အတူ မတ္ထသော နွားမွေးသိုးမွေးသည် နေဇာမြက်၏အကြောင်း၊ နို့ဓမ်း, နှမ်းမှုန့်သည် မြက်နုံ့သာ၏ အကြောင်း ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

စုတိ ပဋိသန္ဓေ စသည်၌ တွေဝေ၍ သင်္ခါရသုံးပါးကို ပြုကြောင်း

အကြင်ပုဂ္ဂိုလ်သည် စုတိ၌လည်းကောင်း၊ ပဋိသန္ဓေ၌လည်းကောင်း၊ သံသရာ၌လည်းကောင်း၊ သင်္ခါရတို့၏လက္ခဏာ၌လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် ပဋိစ္စသမုပ္ပန်တရားတို့၌လည်းကောင်း တွေဝေ၏, မှန်စွာမသိ၊ ထိုပုဂ္ဂိုလ်သည် သင်္ခါရသုံးပါးတို့ကို အားထုတ်ပြုလုပ်၏၊ ထို့ကြောင့် အဝိဇ္ဇာက သင်္ခါရတို့အား ကျေးဇူးပြုသည် ဟု သိအပ်ပေ၏။

၁။ စုတိ၌ တွေဝေပုံ

"အလုံးစုံသောဘဝ, ယောနိ, ဂတိ စသည်တို့၌ နောက်ဆုံး ရုပ်နာမ်ခန္ဓာတို့၏ ပျက်ခြင်းသည် သေခြင်း စုတိ မည်၏" ဟု အမှန်အတိုင်းမယူဘဲ "သတ္တဝါသည် (အကောင်လိုက်) သေပျောက်သွားသည်၊ အတ္တကောင်ဟူသော သတ္တဝါ၏(ဘဝတစ်ပါး)ခန္ဓာတစ်ပါးသို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်" ဟု ဤသို့စသည်ဖြင့် မှားယွင်းစွာကြံဆယူ၏။

၂။ ပဋိသန္ဓေ၌ တွေဝေပုံ

"အလုံးစုံသောဘဝ, ယောနိ, ဂတိ စသည်တို့၌ ရှေးဦးစွာသော ရုပ်နာမ်ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဘဝအသစ်ဖြစ်ခြင်း ပဋိသန္ဓေ မည်၏" ဟု အမှန်အတိုင်း မယူဘဲ "သတ္တဝါသည်(အကောင်လိုက်) ကပ်ရောက်၍ ဖြစ်သည်၊ အတ္တကောင် ဟူသော သတ္တဝါ၏ ခန္ဓာကိုယ်အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်" ဟု ဤသို့ စသည်ဖြင့် မှားယွင်းစွာ ကြံဆယူ၏။

၃။ သံသရာ၌ တွေဝေပုံ

"ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်မစဲ ဖြစ်နေသောအစဉ်ကို သံသရာ ဟု ခေါ်ဆိုအပ်သည်" ဟု အမှန်အတိုင်းမယူဘဲ "သတ္တဝါ ဟု ဆိုအပ်သော အတ္တကောင်သည် ဤ မျက်မှောက်လောက (လူ့ဘဝ)မှ တစ်ပါးသော လောကသို့ ပြောင်းရွှေ့သွား၏၊ တစ်ပါးသောလောကမှ ဤလောကသို့ ပြောင်းရွှေ့လာ၏" ဟု ဤသို့ စသည်ဖြင့် မှားယွင်းစွာ ကြံဆယူ၏။

၄။ သင်္ခါရတို့၏လက္ခဏာ၌ တွေဝေပုံ

သင်္ခါရတို့၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို အမှန်အတိုင်း မသိ၍၊ ရုပ်နာမ်သင်္ခါရတို့ကို အတ္တကောင်ဟူ၍လည်းကောင်း၊ အတ္တကောင်၏ဥစ္စာ ဟူ၍လည်းကောင်း၊ မြဲသည် ဟူ၍လည်းကောင်း၊ တင့်တယ်သည်, ချမ်းသာသည် ဟူ၍လည်းကောင်း မှားယွင်းစွာ ကြံဆယူ၏။

၅။ ပဋိစ္စသမုပ္ပါဒ် နှင့် ပဋိစ္စသမုပ္ပန် တရားတို့၌ တွေဝေပုံ

အဝိဇ္ဇာ စသည်တို့ကြောင့် သင်္ခါရ စသည်တို့၏ မပြတ်ဖြစ်ခြင်းကို အမှန်အတိုင်း ပိုင်းခြားမယူနိုင် မသိနိုင်သည်ဖြစ်၍ – "အတ္တကောင်သည် သိလည်းသိတတ်၏၊ မသိလည်းမသိတတ်၊ (နောင်ဘဝ၌ ချမ်းသာဆင်းရဲကိုခံစားမည့်)ထိုအတ္တကောင်သည်ပင်လျှင်(ကောင်းမှုမကောင်းမှုကို) **ကိုယ်တိုင်လည်းပြုလုပ်၏၊ သူတစ်ပါးကိုလည်း ပြုလုပ်စေ၏**၊ (ကောင်းမှုမကောင်းမှုကို ပြုခဲ့သော ပြုစေခဲ့သော) ထိုအတ္တကောင်သည် ပဋိသန္ဓေခဏ၌ ကပ်ရောက်၍ ဖြစ်၏၊ ထို အတ္တကောင်၏ကိုယ်ကို ပရမာဏုမြူ, ကသရ ခေါ် ဘုရားသခင် စသည်တို့သည်

www.dhammadownload.com

ကလလရေကြည် စသည်တို့၏အဖြစ်ဖြင့် ကောင်းစွာတည်ထောင် ဖန်ဆင်းလျက် စက္ခုစသော ကွန်ရှေ်တို့ကို ပြည့်စုံစေကုန်၏၊ ထိုအတွက်ကောင်သည် စက္ခုစသောကွန်ရှေ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ အာရုံကိုတွေ့ထိ၏၊ ခံစား၏၊ ဆာလောင်တပ်မက်၏၊ စွဲလမ်း၏၊ စေ့ဆော်အားထုတ်၏၊ ထို စေ့ဆော်အားထုတ်သော အတ္တကောင်သည် တစ်ဖန် ဘဝတစ်ပါး၌ ဖြစ်၏" – ဤသို့သော်လည်းကောင်း၊

"အတ္တကောင်ဟူသော သတ္တဝါအားလုံးတို့သည် ကိန်းသေမြဲခြင်းဖြင့် စုရုံးပေါင်းစပ်သောအားဖြင့် လူ နတ် ၄ က် စသည်အဖြစ်တို့၌ ပြောင်းလဲရင့်ကျက်ကုန်၏" – ဤသို့သော်လည်းကောင်း မှားယွင်းစွာ ကြံဆယူ၏။

မှားယွင်းစွာကြံဆယူသော ထိုသူသည်

အဝိဇ္ဇာက ဉာဏ်အမြင်ကန်းအောင်ပြုသည်ဖြစ်၍ ဤဆိုခဲ့သည့်အတိုင်း မှားယွင်းစွာကြံစည်လျက် ဥပမာအားဖြင့် – မျက်မမြင်ဒုက္ခိတသည် မြေပြင်၌ လှည့်လည်သွားလာသည်ရှိသော် လမ်းကောင်းလမ်းမှန်သို့ လည်းကောင်း၊ လမ်းမှားသို့လည်းကောင်း၊ ကုန်းမြင့်သို့လည်းကောင်း၊ တွင်းချိုင့်သို့လည်းကောင်း၊ ညီညွတ်ရာသို့ လည်းကောင်း၊ မညီညွတ်ရာသို့ လည်းကောင်း ကပ်ရောက်သွားသကဲ့သို့ – ထို့အတူပင် ပုဉ္ဇာဘိသင်္ခါရကို လည်းကောင်း၊ အပုဉ္ဇာဘိသင်္ခါရကို လည်းကောင်း၊ အာနေဉ္ဇာဘိသင်္ခါရကို လည်းကောင်း အားထုတ်ပြုလုပ်သည်။

ထို့ကြောင့် "ဥပမာဖြင့်ပြရလျှင် – ရှေ့သွားခရီးလမ်းညွှန် ကင်းသော ဝမ်းတွင်းကန်း မျက်မမြင်ဖြစ်သော သူသည် တစ်ရံတစ်ခါ လမ်းကောင်းလမ်းမှန်ဖြင့်သွား၍ တစ်ရံတစ်ခါ လမ်းမဟုတ်သော လမ်းဆိုးလမ်းမှားဖြင့် လည်း သွားသကဲ့သို့ – ထို့အတူ ခရီးလမ်းညွှန်လမ်းပြ ဆုံးမသူ မရှိသော မလိမ္မာသောသူသည် ကျင်လည်လတ်သော် တစ်ရံတစ်ခါ ကောင်းမှုကိုပြု၏၊ တစ်ရံတစ်ခါ မကောင်းမှုကိုလည်းပြု၏၊ **အကြင်အခါမူ**[၂] ထို မလိမ္မာသော သူသည် ဒေသနာတရားတော်ကို သိ၍ သစ္စာ ၄-ပါးတို့ကို သိလတ္တံ့(ဝါ) နိဗ္ဗာန်တရားကို (မဂ်ဉာဏ်ဖြင့်)သိလျက် ကြွင်းသစ္စာတို့ကို သိလတ္တံ့၊ ထိုသို့ သိသောအခါ၌ (ထိုသူသည်) အဝိဇ္ဇာငြိမ်းခြင်းကြောင့် (ကိလေသာဆင်းရဲခပ်သိမ်း) ငြိမ်းသည်ဖြစ်၍ သွားလာနေထိုင်ရပေလတ္တံ့" ဟူသော ဤစကားကို ဆိုအပ်ပေ၏။

မှတ်ချက်။ ။

၁- ဤစကားဖြင့် ကံကိုပြုသူနှင့် ကံ၏အကျိုးကို ခံစားရသောသူသည် တစ်ယောက်တည်းပင် ဖြစ်သည်ဟု စွဲလမ်းပုံကို ပြသည်၊ ဗုဒ္ဓတရားတော်နှင့် တူသယောင်ယောင် ထင်မှတ်ဖွယ်ရှိ၏၊ သို့သော် စင်စစ်ကား မတူပါ၊ ဤအတ္တစွဲရှိသူမှာ 'ကံကိုပြုစဉ်ကလည်း ဤအတ္တ ဤသူပင်ပြုသည်၊ ထိုကံ၏အကျိုးကို ခံစားရသောအခါ၌လည်း ဤအတ္တ ဤသူပင် ခံစားရသည်၊ ဘဝဟောင်းကအတ္တသည်ပင် ဘဝသစ်သို့ ရောက်၍ ခံစားရသည်၊ တစ်ယောက်တည်းတစ်ကိုယ်တည်းပင်' ဟု ယူဆလျက်ရှိ၏။

ဗုဒ္ဓတရားတော်၏အဆိုမှာ 'ကံကို ပြုစဉ်ကလည်း အတ္တကောင်မရှိ၊ ပြုလိုသော စိတ်စေတနာစသော နာမ်တရားနှင့် ပြုလုပ်သော ရုပ်တရားအစဉ်သာ ရှိသည်၊ ထို နာမ်ရုပ်များသည်လည်း ရေစီးကဲ့သို့ ခဏမစဲ အသစ်အဟောင်း ပြောင်းလဲလျက် ရှိ၏၊ ထို နာမ်ရုပ်အစဉ်ထဲမှာပင် အကြောင်းညီညွတ်သောအခါ ထိုကံ၏အကျိုး နာမ်ရုပ်အသစ် ဖြစ်ပေါ်လာသည်၊ ထိုသို့ အကျိုးတရားအသစ် ဖြစ်ပေါ်လာသည်ကိုပင် ပုဂ္ဂိုလ်က အကျိုးကိုခံစားသည် ဟု လောကဝေါဟာရအားဖြင့် ပြောရသည်၊ သို့သော် ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင်ကား စင်စစ်အားဖြင့် မရှိ၊ နာမ်ရုပ်အစဉ်မျှသာ ရှိသည်' ဟု ပြဆိုလျက်ရှိသည်၊ ထို့ကြောင့် ဗုဒ္ဓတရားတော်နှင့် မတူပါ။

၂- ဘုရားသာသနာထွန်းပရာ အခါကာလကို ဆိုလိုသည်။

www.dhammadownload.com

သခ်ါရပစ္စယာ ဝိညာဏ်-ပုဒ်၌ အကျယ်ပြဆိုချက်

ဝိညာဏ်ဟူသည် – စက္ခုဝိညာဏ်စသော ၆-ပါးသောဝိညာဏ် (လောကီဝိပါက်ဝိညာဏ် ၃၂-ပါး) ဖြစ်သည်။

ဝိညာဏ်	တရားကိုယ်		ဓာတ်အမည်	ပေါင်း
(၁) စက္ခုဝိညာဏ်	စက္ခုဝိညာဏ်ဒွေ		စက္ခုဝိညာဏဓာတ်	ဒွေ ပဉ္စဝိညာဏ် ၁၀
(၂) သောတဝိညာဏ်	သောတဝိညာဏ်ဒွေ		သောတဝိညာဏဓာတ်	
(၃) ဃာနဝိညာဏ်	ဃာနဝိညာဏ်ဒွေ		ဃာနဝိညာဏဓာတ်	
(၄) ဇိဝှါဝိညာဏ်	ဇိဝှါဝိညာဏ်ဒွေ		ဇိဝှါဝိညာဏဓာတ်	
(၅) ကာယဝိညာဏ်	ကာယဝိညာဏ်ဒွေ		ကာယဝိညာဏဓာတ်	
(၆) မနောဝိညာဏ်	သမ္ပဋ္ဌိစ္ဆိုင်းဒွေ		မနောဓာတ်	၂၂
	သန္တီရဏ	၃	မနောဝိညာဏဓာတ်	
	မဟာဝိပါက်စိတ်	၈	။	
	ရူပဝိပါက်စိတ်	၅	။	
	အရူပဝိပါက်စိတ်	၄	။	
ဝိညာဏ် ၆-ပါး	လောကီဝိပါက်စိတ်	၃၂	ဝိညာဏဓာတ် ၇-ပါး	၃၂

* ဤသို့လျှင် ဝိညာဏ် ၆-ပါးတို့ဖြင့် အလုံးစုံဖြစ်သော လောကီဝိပါက်(၃၂-ပါး)တို့ကို သိမ်းယူပြီးဖြစ်၏၊ လောကုတ္တရာဝိပါက်တို့ကိုမူ ဝဋ်ကိုပြရာစကား၌ မသင့်လျော်သောကြောင့် မယူအပ်ပေ။

စောဒနာ(၁) 'သခ်ါရကြောင့် ဝိညာဏ်ဖြစ်သည်' ဟူသော စကားရပ်၌ ၃၂-ပါးသော ဝိညာဏ်သည် သခ်ါရဟူသော အကြောင်းကြောင့် ဖြစ်သည် ဟု အဘယ်သို့ သိအပ်ပါသနည်း?

အဖြေကား – ဆည်းပူးအပ်ပြီးသောကံ မရှိလတ်သော် ဝိပါက်မဖြစ်ခြင်းကြောင့်ပေတည်း၊ မှန်ပေ၏၊ ဤဝိပါက်ဝိညာဏ် ၃၂-ပါးသည် ဆည်းပူးအပ်ပြီးသောကံ မရှိလျှင်မဖြစ်တတ်ပေ၊ အကယ်၍ကံမရှိဘဲ ဖြစ်နိုင်ငြားအံ့၊ အလုံးစုံသောသတ္တဝါတို့အား အလုံးစုံသောဝိပါက်ဝိညာဏ်တို့သည် ဖြစ်ကုန်ရာ၏၊ ထိုသို့ကား မဖြစ်ကုန်၊ ထို့ကြောင့် 'သခ်ါရ ဟူသော အကြောင်းကြောင့် ဤဝိညာဏ်ဖြစ်သည်' ဟူသော ဤသဘောကို သိအပ်ပေသည်။

အဘယ်သခ်ါရကြောင့် အဘယ်ဝိညာဏ် ဖြစ်ပါသနည်း?

သခ်ါရ	ဝိညာဏ်		ပေါင်း
၁။ ကာမာဝစရပုညာဘိသခ်ါရ	ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ်စသော	၅-ပါး	
	ကုသလဝိပါက်သမ္ပဋ္ဌိစ္ဆိုင်း ခေါ် မနောဓာတ်	၁-ပါး	
	ကုသလဝိပါက်သန္တီရဏ ခေါ် မနောဝိညာဏဓာတ်	၂-ပါး	
	သဟိတ်ကာမာဝစရဝိပါက်စိတ်	၈-ပါး	၁၆-ပါး
၂။ ရူပါဝစရပုညာဘိသခ်ါရ	ရူပါဝစရဝိပါက်စိတ်	၅-ပါး	၅-ပါး
၃။ အပုညာဘိသခ်ါရ	အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ်စသော	၅-ပါး	
	အကုသလဝိပါက်မနောဓာတ်	၁-ပါး	
	အကုသလဝိပါက်မနောဝိညာဏဓာတ်	၁-ပါး	၇-ပါး
၄။ အာနေဇ္ဇာဘိသခ်ါရ	အရူပဝိပါက်ဝိညာဏ်	၄-ပါး	၄-ပါး
			၃၂-ပါး

www.dhammadownload.com

၃၂-ပါးသောဝိညာဏ်တို့ ဖြစ်ပုံ

၃၂-ပါးသောဝိညာဏ်တို့သည် ပဝတ္တိ, ပဋိသန္ဓေ ကာလနှစ်မျိုးလုံး၌ ဖြစ်၏၊ ထိုတွင် ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၂-ပါး၊ သောမနဿသဟဂုတ် အဟိတ်မနောဝိညာဏဓာတ် ၁-ပါး ဟူသော (၁၃)ပါးသောဝိညာဏ်တို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလ၌သာလျှင် ဖြစ်၏၊ ကြွင်းသော ဝိညာဏ်(၁၉)ပါးသည် ဘဝသုံးပါးတို့၌ ထိုက်သည့်အားလျော်စွာ ပဝတ္တိကာလ၌လည်းကောင်း၊ ပဋိသန္ဓေကာလ၌လည်းကောင်း ဖြစ်၏။

ဖြစ်ပုံအကျယ်မှာ -

(က) (၁၃)ပါးသော ဝိညာဏ်တို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလ၌ ဖြစ်ပုံ

	ဝိညာဏ်		ဒွါရ	အာရုံ	ဝတ္ထု	ဋ္ဌာန	ကိစ္စ
(၁)	ကုသလဝိပါက် စက္ခုဝိညာဏ်စသော	၅-ပါး	မြဲ	မြဲ	မြဲ	မြဲ	မြဲ
(၂)	အကုသလဝိပါက် စက္ခုဝိညာဏ်စသော	၅-ပါး	〃	〃	〃	〃	〃
(၃)	ကုဝိ သမ္ပဋိစ္ဆိုင်း	၁-ပါး	မမြဲ	မမြဲ	မြဲ	မြဲ	မြဲ
(၄)	အကုဝိ သမ္ပဋိစ္ဆိုင်း	၁-ပါး	〃	〃	〃	〃	〃
(၅)	သော-သန္တီရဏ	၁-ပါး	〃	〃	〃	မမြဲ	မမြဲ

(၁) ကုသလဝိပါက် စက္ခုဝိညာဏ်စသော ၅-ပါးတို့သည် (သုဂတိဘုံ၌ ကုသလဝိပါက် ဝိညာဏ်ဖြင့်သော်လည်းကောင်း၊ ဒုဂ္ဂတိဘုံ၌ အကုသလဝိပါက်ဝိညာဏ်ဖြင့်သော်လည်းကောင်း၊ ပဋိသန္ဓေတည်နေဖြစ်ပေါ်လာရသော) အစဉ်အတိုင်းရင့်ကျက်ခြင်းသို့ရောက်သော ကွန်ရှေ့ရှိသောပုဂ္ဂိုလ်၏သန္တာန်၌ စက္ခုပသာဒစသည်တို့အား ထင်ခြင်းသို့ရောက်ရှိလာသော ကွဒ္ဌသော်လည်းကောင်း, ကွဒ္ဌမဏ္ဍတ္တသော်လည်းကောင်းဖြစ်သော ရူပါရုံစသော အာရုံကို အာရုံပြု၍ စက္ခုစသော ပသာဒရုပ်ကိုအမှီပြု၍ ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စတို့ကို ပြီးစေကုန်လျက် ဖြစ်ပေါ်လာကြကုန်၏။

(၂) အလားတူပင် အကုသလဝိပါက် ပဉ္စဝိညာဏ်တို့သည် အနိဋ္ဌသော်လည်းကောင်း, အနိဋ္ဌမဏ္ဍတ္တသော်လည်းကောင်း ဖြစ်သော ရူပါရုံစသော အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်၏။

ဤဒွေပဉ္စဝိညာဏ်-၁၀ တို့သည် မြဲသောဒွါရ, မြဲသောအာရုံ, မြဲသောမှီရာဝတ္ထု, မြဲသောဋ္ဌာန, မြဲသောကိစ္စ ရှိကြကုန်၏၊ ပုံစံအားဖြင့် စက္ခုဝိညာဏ်တို့သည် စက္ခုဒွါရ၌သာ, ရူပါရုံကို အာရုံပြု၍သာ, စက္ခုဝတ္ထုရုပ်ကို မှီ၍သာ, ပဉ္စဝိညာဏ်ဋ္ဌာန၌သာ, ဒဿနကိစ္စရှိသည် ဖြစ်၍ အမြဲဖြစ်ကြ၏။

(၃) ထို့နောင် ကုသလဝိပါက်စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့၌ ကုသလဝိပါက်မနောဓာတ်(သမ္ပဋိစ္ဆိုင်း)သည် ထိုစက္ခုဝိညာဏ် စသည်တို့၏အာရုံကို (လက်ခံသောအားဖြင့်)အာရုံပြု၍ ဟဒယဝတ္ထုကိုမှီ၍ သမ္ပဋိစ္ဆိုင်းကိစ္စကို ပြီးစေလျက် ဖြစ်၏။

(၄) အကုသလဝိပါက်မနောဓာတ်သည် ထို့အတူပင် ဖြစ်၏၊ ဤမနောဓာတ် ၂-ပါးသည် မမြဲသောဒွါရ, မမြဲသောအာရုံ ရှိ၏၊ မြဲသောမှီရာဝတ္ထု, မြဲသောဋ္ဌာန, မြဲသောကိစ္စ ရှိကြကုန်၏။

(၅) ထို့နောင် သောမနဿသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်သည် ကုသလဝိပါက်မနောဝိညာဏဓာတ်၏ အခြားမဲ့၌ ထိုမနောဓာတ်၏အာရုံကိုပင် အာရုံပြု၍ ဟဒယဝတ္ထုကိုမှီ၍ သန္တီရဏကိစ္စကို ပြီးစေလျက် ဖြစ်၏၊ ထို့ပြင် ၆-ဒွါရတို့၌ အားကြီးသောအာရုံ၌ ကာမာဝစရသတ္တဝါတို့အား ဓောဏ၏အဆုံး၌ ဘဝင်အစဉ်ကိုဖြတ်၍ ဓောဏူအပ်ပြီးသောအာရုံ၌ တဒါရုံ၏အစွမ်းအားဖြင့် ၁-ကြိမ်သော်လည်းကောင်း၊ ၂-ကြိမ်သော်လည်းကောင်း ဖြစ်၏ ဟူ၍ မဇ္ဈိမအဋ္ဌကထာ၌ ဆို၏၊ အဘိဓမ္မာအဋ္ဌကထာ၌ကား ၂-ကြိမ် ဟုဆို၏၊ ဤစိတ်သည် တဒါရုံဟူ၍လည်းကောင်း၊ ပိဋ္ဌိဘဝင်ဟူ၍လည်းကောင်း အမည် ၂-မျိုး ရ၏၊ ဤစိတ်သည် မမြဲသောဒွါရ, မမြဲသောအာရုံ ရှိ၏၊ မြဲသောဝတ္ထု ရှိ၏၊ မမြဲသောဋ္ဌာန, မမြဲသောကိစ္စ ရှိကြကုန်၏။

www.dhammadownload.com

(ခ) ကြွင်းဝိညာဏ် (၁၉)ပါးတို့ဖြစ်ပုံ

ထိုဝိညာဏ်(၁၉)ပါးတို့တွင် ပဋိသန္ဓေကာလ၌ မိမိအားလျော်သောပဋိသန္ဓေဖြင့် မဖြစ်သောဝိညာဏ်မည်သည် မရှိ။

ပဝတ္တိကာလ၌ကား –

	ဝိညာဏ်		ဒွါရ	အာရုံ	ဝတ္ထု	ဌာန	ကိစ္စ	
(၁)	ကုဝိ အကုဝိဖြစ်သော ဥပေက္ခာသန္တီရဏ	၂-ပါး	မမြဲ	မမြဲ	မြဲ	မမြဲ	မမြဲ	(တိ,ရုံ,ဘွင်,စုတိ)
(၂)	ကာမာဝစရသဟိတ်ဝိပါက်စိတ်	၈-ပါး	။	။	။	။	။	(ရုံ, ဘွင်, စုတိ)
(၃)	ရူပါဝစရဝိပါက်စိတ်	၅-ပါး	–	မြဲ	။	။	။	(ဘွင်, စုတိ)
(၄)	အရူပါဝစရဝိပါက်စိတ်	၄-ပါး	–	။	–	။	။	(ဘွင်, စုတိ)

(၁) ကုသလဝိပါက် အကုသလဝိပါက် နှစ်ပါး ဟူသော အဟိတ်မနောဝိညာဏာဓာတ် မနောဝိညာဏ်တို့သည် ပဉ္စဒွါရ၌ သန္တီရဏကိစ္စ၊ ဖ-ဒွါရ၌ တဒါရုံကိစ္စ၊ ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့မဖြစ်သောအခါ၌ ဘဝင်ကိစ္စ၊ အဆုံး၌ စုတိကိစ္စ ဟူသော ၄-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် မြဲသောဝတ္ထု၊ မမြဲသောဒွါရ၊ မမြဲသောအာရုံ၊ မမြဲသောဌာန၊ မမြဲသောကိစ္စ ရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။

(၂) ကာမာဝစရ သဟိတ်ဝိပါက်စိတ် ၈-ပါးတို့သည် ဖ-ဒွါရ၌ တဒါရုံကိစ္စ၊ ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့ မဖြစ်သောအခါ၌ ဘဝင်ကိစ္စ၊ အဆုံး၌ စုတိကိစ္စ ဟူသော ၃-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် မြဲသောဝတ္ထု၊ မမြဲသောဒွါရ၊ မမြဲသောအာရုံ၊ မမြဲသောဌာန၊ မမြဲသောကိစ္စ ရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။

(၃) ရူပါဝစရဝိပါက်စိတ် ၅-ပါးတို့သည် ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့မဖြစ်သောအခါ၌ ဘဝင်ကိစ္စ၊ အဆုံး၌ စုတိကိစ္စ ဟူသော ၂-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် မြဲသောဝတ္ထု၊ မြဲသောအာရုံ၊ မမြဲသောဌာန၊ မမြဲသောကိစ္စ ရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။

(၄) အရူပါဝစရဝိပါက်စိတ် ၄-ပါးတို့သည် ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့မဖြစ်သောအခါ၌ ဘဝင်ကိစ္စ၊ အဆုံး၌ စုတိကိစ္စ ဟူသော ၂-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် ဖြစ်ကုန်၏၊ ဤ စိတ်တို့ကား မှီရာဝတ္ထု မရှိ, မြဲသောအာရုံ, မမြဲသောဌာန, မမြဲသောကိစ္စ ရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။

ထိုသို့ဖြစ်ရာ၌ ပုညာဘိသင်္ခါရစသော ထိုထိုသင်္ခါရတို့သည် ဝိပါက်ဝိညာဏ် ၃၂-ပါးအား နာနာကွဏိက ကမ္မပစ္စည်း၊ ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

~ ~ ~ ~ ~ ~ ~ ~

ဝိညာဏ် (၁၉)ပါးတို့ ပဋိသန္ဓေကာလ၌ဖြစ်ပုံ အကျယ်ပြဆိုချက်

အထက်တွင်ဖော်ပြသော ' ထိုဝိညာဏ်(၁၉)ပါးတို့တွင် ပဋိသန္ဓေကာလ၌ မိမိအားလျော်သောပဋိသန္ဓေဖြင့် မဖြစ်သော ဝိညာဏ်မည်သည် မရှိ' ဟူသော စကားသည် အလွန်ကျဉ်းသောကြောင့် သိနားလည်ရန် ခဲယဉ်း၏၊ ထို့ကြောင့် ထိုစကား၏အကျယ်ကို ဖွင့်ပြပေတော့မည်။

၁။ ပဋိသန္ဓေတို့သည် အဘယ်မျှရှိကုန်သနည်း?

ဖြေ- အသညသတ်ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ၂၀ ရှိ၏။

၂။ ပဋိသန္ဓေစိတ်တို့သည် အဘယ်မျှရှိကုန်သနည်း?

ဖြေ- ပဋိသန္ဓေစိတ် ၁၉-ပါး ရှိ၏။

၃။ အဘယ်စိတ်ဖြင့် အဘယ်ဘဝ၌ ပဋိသန္ဓေသည် ဖြစ်သနည်း?

(၁) အကုသလဝိပါက် အဟိတ်မနောဝိညာဏာဓာတ်ဖြင့် အပါယ် ၄-ဘုံ၌ ပဋိသန္ဓေသည် ဖြစ်၏။

www.dhammadownload.com

(၂) ကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်ဖြင့် လူ့လောကၭ် ဝမ်းတွင်းကန်း, ဝမ်းတွင်းနားပင်း စသော သူတို့၏ ပဋိသန္ဓေသည် ဖြစ်၏။

(၃) ကာမာဝစရသဟိတ်ဝိပါက်စိတ် ၈-ပါးဖြင့် ကာမာဝစရနတ်ပြည် ၆-ထပ်ၭ်လည်းကောင်း, လူတို့ၭ်လည်းကောင်း ဘုန်းကံရှိသောသူတို့၏ ပဋိသန္ဓေသည် ဖြစ်၏။

(၄) ရူပါဝစရဝိပါက်စိတ် ၅-ပါးဖြင့် ရူပဗြဟ္မာ့ဘုံၭ် ပဋိသန္ဓေသည် ဖြစ်၏။

(၅) အရူပါဝစရဝိပါက်စိတ် ၄-ပါးဖြင့် အရူပဗြဟ္မာ့ဘုံၭ် ပဋိသန္ဓေသည် ဖြစ်၏။

၄။ ပဋိသန္ဓေ၏အာရုံသည် အဘယ်နည်း?

နာမ်ပဋိသန္ဓေတို့၏ အာရုံမှာ အကျဉ်းအားဖြင့် အတိတ်, ပစ္စုပ္ပန်, နဝတ္တဗ္ဗအာရုံ ဟူ၍ ၃-ပါး ဖြစ်၏။ (အသညသတ်ရုပ်ပဋိသန္ဓေမှာ အာရုံ မရှိပေ)၊ ထို ၃-ပါးတို့တွင် -

- ဝိညာဏဉ္စာယတန ပဋိသန္ဓေ, နေဝသညာနာသညာယတန ပဋိသန္ဓေ တို့၏အာရုံသည် အတိတ်သာဖြစ်၏၊
- ကာမပဋိသန္ဓေ ၁၀-ပါးတို့၏အာရုံသည် အတိတ်သော်လည်းကောင်း, ပစ္စုပ္ပန်သော်လည်းကောင်း ဖြစ်၏၊
- ကြွင်းသော ပဋိသန္ဓေ ၇-ပါးတို့၏ အာရုံသည်(အတိတ် ဟူ၍ လည်းကောင်း၊ ပစ္စုပ္ပန် ဟူ၍ လည်းကောင်း) မဆိုအပ်သော နဝတ္တဗ္ဗ သာလျှင် ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

ပဋိသန္ဓေစိတ် ဖြစ်ပုံ ပြဆိုချက်

(မရဏာသန္နဝီထိကို ပြန်လည်လေ့လာပါ)

ဤဆိုခဲ့သည့်အတိုင်း ပဋိသန္ဓေ၏အာရုံသည် အတိတ်,ပစ္စုပ္ပန်,နဝတ္တဗ္ဗအာရုံဟူသော အာရုံ ၃-ပါးတို့တွင် တစ်ပါးပါးဖြစ်၏၊ စုတိစိတ်၏အာရုံကား အတိတ်နှင့်နဝတ္တဗ္ဗအာရုံဟူသော အာရုံ ၂-ပါးတို့တွင် တစ်ပါးပါးသာ ဖြစ်၏၊ ပစ္စုပ္ပန်လျှင်အာရုံရှိသော စုတိစိတ်မည်သည် မရှိပေ၊ ထို့ကြောင့် အတိတ်နှင့်နဝတ္တဗ္ဗဟူသော အာရုံ ၂-ပါးတို့တွင် တစ်ပါးပါးလျှင် အာရုံရှိသောစုတိ၏ အခြားမဲ့ၭ် အတိတ်,ပစ္စုပ္ပန်,နဝတ္တဗ္ဗအာရုံဟူသော အာရုံ ၃-ပါးတို့တွင် တစ်ပါးပါးလျှင် အာရုံရှိသောပဋိသန္ဓေ၏ ဖြစ်ပုံအခြင်းအရာကို ပြဆိုပေတော့မည်။

၁။ ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ

(က) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်) (အတိတ်)

(ခ) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (မနောဒွါရ) (ဂတိနိမိတ်) (ပစ္စုပ္ပန်)

(ဂ) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (ပဉ္စဒွါရ) (ကမ္မနိမိတ်) (ပစ္စုပ္ပန်)

၂။ ဒုဂ္ဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်) (အတိတ်)

၃။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိ, အရူပပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်)

၄။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (မနောဒွါရ) (ဂတိနိမိတ်) (ပစ္စုပ္ပန်)

၅။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (ပဉ္စဒွါရ) (ကမ္မနိမိတ်) (ပစ္စုပ္ပန်)

၆။ ရူပသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိသန္ဓေ , အရူပပဋိသန္ဓေ

၇။ အရူပသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိသန္ဓေ , အရူပပဋိသန္ဓေ

၈။ ဒုဂ္ဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ

www.dhammadownload.com

၁။ ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ

(က) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်) (အတိတ်)

ကာမသုဂတိဘုံ၌ တည်သော မကောင်းမှုကံရှိသော ပုဂ္ဂိုလ်အား သေရာဩောင်စောင်း လဲလျောင်းနေစဉ် ဆည်းပူးခဲ့သော မကောင်းမှုကံသည်လည်းကောင်း၊ ထိုကံပြုစဉ်က ရခဲ့သောအာရုံဖြစ်သော ကမ္မနိမိတ်သည်လည်းကောင်း၊ မနောဒွါရ၌ထင်လာ၏၊ ထိုထင်လာသည့် ကံ သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြု၍ဖြစ်သော တဒါရုံအဆုံးရှိသော ဇောဝိထိ၏ အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြုလျက် စုတိစိတ်သည် ဖြစ်၏၊ ထို စုတိစိတ်ချုပ်သော် ထိုကံ သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြုလျက် မပြတ်စဲသေးသော ကိလေသာ၏အစွမ်းက အထူးညွတ်စေအပ်သောကြောင့် ဒုဂ္ဂတိဘုံ၌ အကျူးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။

ဤသည်ကား အတိတ်လျှင်အာရုံရှိသော စုတိ၏ အခြားမဲ့၌ဖြစ်သော အတိတ်လျှင်အာရုံရှိသော ပဋိသန္ဓေပေတည်း။

(ခ) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (မနောဒွါရ) (ဂတိနိမိတ်) (ပစ္စုပ္ပန်)

ကာမသုဂတိဘုံ၌တည်သော မကောင်းမှုကံရှိသောပုဂ္ဂိုလ်အား သေခါနီးကာလ၌ဆည်းပူးခဲ့သော မကောင်းမှုကံ၏အစွမ်းအားဖြင့် ငရဲမီးလျှံအဆင်းစသော ဒုဂ္ဂတိနိမိတ်သည် မနောဒွါရ၌ ထင်လာ၏၊ ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ ဘဝင်၂-ကြိမ်ဖြစ်၍ ချုပ်ပြီးလတ်သော် ထိုဂတိနိမိတ်အာရုံကိုအာရုံပြု၍ အာဝဇ္ဇန်း ၁-ကြိမ်၊ သေခြင်းနီးသောကြောင့် နံ့သောအဟုန်ရှိသောကြောင့် မရဏာသန္နဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်... ဤသို့အားဖြင့် ဝီထိစိတ် ၃-မျိုးတို့သည် ဖြစ်ကုန်၏၊ ထို့နောင်ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ် ၁-ကြိမ် ဖြစ်၏၊ ဤမျှဖြင့် စိတ္တက္ခဏ ၁၁-ချက်တို့သည် လွန်လေကုန်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား စိတ္တက္ခဏ ၅-ချက် အသက်ကြွင်းရှိသေးသော ထိုဂတိနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်၏။

ဤသည်ကား အတိတ်လျှင်အာရုံရှိသော စုတိ၏ အခြားမဲ့၌ဖြစ်သော ပစ္စုပ္ပန်လျှင်အာရုံရှိသော ပဋိသန္ဓေပေတည်း။

န	ဒ	မ	ဇ	ဇ	ဇ	ဇ	ဇ	ရုံ	ရုံ	စုတိ/ပဋိ	ဘင်	ဘင်	ဘင်	ဘင်
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁/၁၂	၁၃	၁၄	၁၅	၁၆

မှတ်ချက်။ ။ စိတ္တက္ခဏ ၅-ချက်အကြွင်းနှင့် ရှေးဘဝက ၁၁-ချက်ကို ပေါင်းလိုက်လျှင် စိတ္တက္ခဏ ၁၆-ချက်သာရှိသောကြောင့် ရုပ်၏အသက်သည် စိတ္တက္ခဏ ၁၇-ချက်ရှိသည်ဟူသော စကားနှင့် မဆန့်ကျင်ပြီလော ဟူမူ? ဤ ၁၆-ချက်မှာ ရုပ်အာရုံ၏ ထင်ပေါ်နိုင်သော ကာလမှစ၍ တွက်ထားသော အရေအတွက်ဖြစ်သည်၊ ဖြစ်ခါစ မထင်ပေါ်နိုင်သေးသော အတိတ်ဘဝင်ခေါ် စိတ္တက္ခဏ ၁-ချက်ခန့်ရှိသေးသည်၊ ထိုအတိတ်ဘဝင်ခဏပါဆိုလျှင် စိတ္တက္ခဏ ၁၇-ချက်ပင်ဖြစ်သောကြောင့် မဆန့်ကျင် ဟု ဋီကာဆရာတို့ မိန့်ဆိုကြ၏။

(ဂ) ကာမသုဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ (ပဉ္စဒွါရ) (ကမ္မနိမိတ်) (ပစ္စုပ္ပန်)

အချို့သောပုဂ္ဂိုလ်အား သေခါနီးကာလ၌ စက္ခုစသော ၅-ဒွါရတို့တွင် တစ်ပါးပါးသောဒွါရ၌ ရာဂစသည်တို့၏အကြောင်းဖြစ်သော အနိဋ္ဌာရုံသည် ထင်ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်အား ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ,ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေါအဆုံးရှိသော ဝီထိစိတ်ဖြစ်ပြီးလတ်သော် သေခြင်းနီးသည်၏အဖြစ်ကြောင့် နံ့သောအဟုန်ရှိသောကြောင့် မရဏာသန္နဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်တို့ဖြစ်ကုန်၏၊ ထို့နောင်ဘဝင်၏အာရုံကိုအာရုံပြု၍ စုတိစိတ် ၁-ကြိမ်ဖြစ်၏၊ ဤမျှဖြင့် စိတ္တက္ခဏ ၁၅-ချက်လွန်လေကုန်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်အား စိတ္တက္ခဏ ၁-ချက်မျှအသက်ကြွင်းရှိသေးသော ထိုကမ္မနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်၏။

ဤသည်ကား အတိတ်လျှင်အာရုံရှိသော သုဂတိစုတိ၏ အခြားမဲ့၌ဖြစ်သော ပစ္စုပ္ပန်လျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ ပေတည်း။

န	ဒ	ပ	စ	သံ	ဏ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ရုံ	ရုံ	စုတိ / ပဋိ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၄	၁၅	၁၅ / ၁၆

www.dhammadownload.com

၂။ ဒုဂ္ဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်) (အတိတ်)

ဒုဂ္ဂတိဘုံ၌တည်သော ဆည်းပူးထားသော ကုသိုလ်ကံရှိသော ပုဂ္ဂိုလ်အား ကုသိုလ်ကံသည်လည်းကောင်း၊ ထိုကံပြုစဉ်က ရခဲ့သောအာရုံဖြစ်သော ကမ္မနိမိတ်သည်လည်းကောင်း၊ မနောဒွါရ၌ထင်လာ၏၊ ဤသို့အစရှိသည် ဖြင့်မည်းညစ်သောအဖို့(ကဏ္ဍပက္ခ)၌ ဖြူစင်သောအဖို့(သုက္ကပက္ခ)ကိုလဲလှယ်ထား၍ အလုံးစုံကို ရှေးနည်း[၁(က)] ဖြင့်သာလျှင် သိအပ်၏။

ဤသည်ကား အတိတ်လျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ဖြစ်သော အတိတ်လျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ ပေတည်း။

၃။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိ, အရူပပဋိသန္ဓေ (မနောဒွါရ) (ကံ, ကမ္မနိမိတ်)

ကာမသုဂတိဘုံ၌တည်သော ဆည်းပူးထားသောကာမာဝစရကုသိုလ်ကံရှိသောပုဂ္ဂိုလ်အား သေခါနီးကာလ၌ ဆည်းပူးအပ်ခဲ့သောကုသိုလ်ကံသည်သော်လည်းကောင်း၊ ကံပြုစဉ်ကရခဲ့သော အာရုံဖြစ်သော ကမ္မနိမိတ်သည်သော်လည်းကောင်း၊ မနောဒွါရ၌ထင်လာ၏၊ ဆည်းပူးထားသော မဟဂ္ဂုတ်ကံရှိသောပုဂ္ဂိုလ်အားမူကား ကမ္မနိမိတ်သည်သာလျှင် ထင်၏၊ ထိုထင်လာသော ကံ, ကမ္မနိမိတ်ကို အာရုံပြု၍ဖြစ်သော တဒါရုံအဆုံးရှိသည်မူလည်းဖြစ်သော၊ တဒါရုံကင်းသည်မူလည်းဖြစ်သော ဇောဝိထိ၏အခြားမဲ့၌ ဘဝင်၏အာရုံကိုအာရုံပြု၍ စုတိစိတ်သည်ဖြစ်၏၊ ထိုစုတိစိတ်ချုပ်လတ်သော် ထင်လာခဲ့သော ကံကိုဖြစ်စေ, ကမ္မနိမိတ်ကိုဖြစ်စေ အာရုံပြု၍ မပြတ်စဲသေးသော ကိလေသာ၏အစွမ်းက အထူးညွတ်စေအပ်သော သုဂတိဘုံ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။

ဤသည်ကား အတိတ်လျှင်အာရုံရှိသော စုတိ၏အခြားမဲ့၌ အတိတ် သို့မဟုတ် နဝတ္တဗ္ဗ (ကသိဏ်းစသော ပညတ်)လျှင် အာရုံရှိသော ပဋိသန္ဓေ ပေတည်း။

၄။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (မနောဒွါရ) (ဂတိနိမိတ်) (ပစ္စုပ္ပန်)

အချို့သောပုဂ္ဂိုလ်အား သေခါနီးကာလ၌ ကာမာဝစရကုသိုလ်ကံ၏အစွမ်းအားဖြင့် လူ့လောက၌အမိဝမ်း၏နီသောအဆင်း၊ နတ်လောက၌ ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့၏ အဆင်းဖြစ်သော သုဂတိနိမိတ်သည် မနောဒွါရ၌ ထင်ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်အား ဒုဂ္ဂတိနိမိတ်၌ပြဆိုခဲ့သော အစဉ်ဖြင့်သာလျှင် [၁(ခ)] စုတိစိတ်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏၊

ဤသည်ကား အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ဖြစ်သော ပစ္စုပ္ပန်လျှင်အာရုံရှိသော ပဋိသန္ဓေ ပေတည်း။

၅။ ကာမသုဂတိစုတိ → ကာမသုဂတိပဋိသန္ဓေ (ပဉ္စဒွါရ) (ကမ္မနိမိတ်) (ပစ္စုပ္ပန်)

အချို့သောပုဂ္ဂိုလ်အား သေခါနီးကာလ၌ ဆွေမျိုးတို့သည် 'ချစ်သား၊ သင်၏နတ်ရွာနိဗ္ဗာန် အကျိုးငှာ ဘုရားအားပူဇော်ခြင်းကို ပြုအပ်ပေသည်၊ စိတ်ကို ကြည်လင်ပါစေလော့' ဤသို့စသည်ဖြင့် ပြောကြား၍ ပန်းဆိုင်းတံခွန် ကုက္ကား စသည်တို့၏ အစွမ်းအားဖြင့် အဆင်းရူပါရုံကို ဖြစ်စေ၊ တရားနာခြင်း, တူရိယာဖြင့် ပူဇော်ခြင်း စသည်တို့၏အစွမ်းအားဖြင့် အသံသဒ္ဒါရုံကိုဖြစ်စေ၊ အခိုး အထုံ နံ့သာ စသည်တို့၏အစွမ်းအားဖြင့် အနံ့ဂန္ဓာရုံကို ဖြစ်စေ၊ 'ချစ်သား၊ ဤလျက်ဖွယ်ကို လျက်ကြည့်ပါလော့၊ သင်၏အကျိုးငှာ လှူအပ်သော လှူဖွယ်ဖြစ်သည်' ဤသို့စသည်ဖြင့် ပြောကြား၍ ပျားရည်တင်လဲ စသည်တို့၏အစွမ်းအားဖြင့် အရသာရသာရုံကို ဖြစ်စေ၊ 'ချစ်သား၊ ဤအဝတ်အထည်ကို စမ်းသပ်တွေ့ထိကြည့်ပါလော့၊ သင်၏အကျိုးငှာ လှူအပ်သော လှူဖွယ်ဖြစ်သည်' ဤသို့စသည်ဖြင့်ပြောကြားကုန်၍ (တရုပ်ပြည်ဖြစ်)အထည်စသည်တို့၏အစွမ်းဖြင့် အတွေ့ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ၊ ငါးဒွါရ၌ဆောင်၍ ပေးကြကုန်၏၊ ထိုပုဂ္ဂိုလ်အား ထင်လာသော ထိုအဆင်းစသောအာရုံ၌ အစဉ်အတိုင်းဖြစ်သော ဝုဋ္ဌေစိတ်အဆုံး၌ သေခြင်းနီးသောကြောင့် နံ့သောအဟုန်ရှိသောကြောင့် မရဏာသန္နဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်တို့ဖြစ်ကုန်၏၊ ထို့နောင်ဘဝင်၏အာရုံကိုအာရုံပြု၍ စုတိစိတ် ၁-ကြိမ်ဖြစ်၏၊ ထိုစုတိစိတ်အဆုံး၌ စိတ္တက္ခဏ ၁-ချက်မျှရှိသော ထိုမရဏာသန္နဇော၏ အာရုံ၌ပင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။

ဤသည်လည်း အတိတ်လျှင်အာရုံရှိသော စုတိ၏အခြားမဲ့၌ ဖြစ်သော ပစ္စုပ္ပန်လျှင်အာရုံရှိသော ပဋိသန္ဓေ ပေတည်း။

www.dhammadownload.com

၆။ ရူပသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိသန္ဓေ , အရူပပဋိသန္ဓေ

ရူပါဝစရသုဂတိဌာနည်းသောပုဂ္ဂိုလ်အား သေခါနီးကာလ၌ ကာမာဝစရကုသိုလ်ကံနှင့် ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်ပါးပါးသည်သော်လည်းကောင်း၊ ပထဝီကသိုဏ်းအစရှိသော ကမ္မနိမိတ်သည်သော်လည်းကောင်း၊ ပထမနှင့်တတိယ အရူပမဟဂ္ဂုတ်စိတ်သည်သော်လည်းကောင်း၊ မနောဒွါရ၌ ထင်ပေါ်လာ၏၊ စက္ခုဒွါရနှင့် သောတဒွါရတို့တွင် ကုသိုလ်ဖြစ်ခြင်း၏အကြောင်းဖြစ်သော ဣဋ္ဌာရုံသည်သော်လည်းကောင်း ထင်လာ၏။

ထိုပုဂ္ဂိုလ်အား အစဉ်အတိုင်းဖြစ်သော ဝုဋ္ဌောစိတ်အဆုံး၌ သေခြင်းနီးသောကြောင့် နဲ့သောအဟုန်ရှိသောကြောင့် မရဏာသန္နဇော ၅-ကြိမ် ဖြစ်၏၊ ဗြဟ္မာတို့ဖြစ်၍ တဒါရုံ မဖြစ်ပေ၊ ဇော၏အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်တစ်ကြိမ် ဖြစ်၏၊ ထိုစုတိစိတ်၏ အဆုံး၌ ကာမာဝစရသုဂတိ, မဟဂ္ဂုတ်သုဂတိတို့တွင် တစ်ပါးပါး၌ အကျုံးဝင်သော ထင်မြဲတိုင်းသောအာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။

ဤသည်ကား နဝတ္တဗ္ဗလျှင်အာရုံရှိသော ရူပါဝစရ သုဂတိစုတိ၏ အခြားမဲ့၌ဖြစ်သော အတိတ်, ပစ္စုပ္ပန်, နဝတ္တဗ္ဗအာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုသော ပဋိသန္ဓေ ပေတည်း။

၇။ အရူပသုဂတိစုတိ → ကာမသုဂတိပဋိ, ရူပပဋိသန္ဓေ , အရူပပဋိသန္ဓေ

ဤဆိုခဲ့ပြီးကို အစဉ်မှီးသဖြင့် အရူပစုတိ၏ အခြားမဲ့၌ဖြစ်သော ပဋိသန္ဓေကို သိအပ်၏။

၈။ ဒုဂ္ဂတိစုတိ → ဒုဂ္ဂတိပဋိသန္ဓေ

ဒုဂ္ဂတိဘုံ၌တည်သော မကောင်းမှုကံရှိသောပုဂ္ဂိုလ်အား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ထိုမကောင်းမှုကံသည်သော်လည်းကောင်း၊ မကောင်းမှုကမ္မနိမိတ်သည်သော်လည်းကောင်း၊ **မကောင်းမှုဂတိနိမိတ်သည်သော်လည်း**ကောင်း၊ မနောဒွါရ၌ ထင်လာ၏၊ သို့မဟုတ် အကုသိုလ်ဖြစ်ခြင်း၏အကြောင်းဖြစ်သော ငါးပါးသော အာရုံသည် ငါးဒွါရ၌ ထင်လာ၏၊ ထိုသို့ ထင်လာသောအခါ ထိုပုဂ္ဂိုလ်အား အစဉ်အတိုင်းဖြစ်သော စုတိအဆုံး၌ ဒုဂ္ဂတိဘုံ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်လာ၏။

ဤသည်ကား အတိတ်လျှင်အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ဖြစ်သော အတိတ်နှင့် ပစ္စုပ္ပန်လျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ ပေတည်း။

~ ~ ~ ~ ~ ~ ~ ~

ပဋိသန္ဓေအားဖြင့်ဖြစ်သောဝိပါက်ဝိညာဏ်၏ ဒွဝိဓ အစရှိသောအပြား

၁၉-ပါးသော ဝိပါက်ဝိညာဏ်တို့သည် ပဋိသန္ဓေခဏ၌ ဖြစ်လတ်သော် နာနာက္ခဏိကကမ္မပစ္စည်း၊ ပကတူပနိဿယပစ္စည်း ၂-ပါး အပြားအားဖြင့် ကျေးဇူးပြုသောကံကြောင့် ဖြစ်၏။

ထိုဝိပါက်ဝိညာဏ်သည်

- ပဋိသန္ဓေအစွမ်းအားဖြင့် ၁-ပါးသာရှိသော်လည်း
- မိဿ, အမိဿ အစွမ်းအားဖြင့် ၂-ပါး
- ကာမဘဝ, ရူပဘဝ, အရူပဘဝ အစွမ်းအားဖြင့် ၃-ပါး
- အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက ယောနိ အစွမ်းအားဖြင့် ၄-ပါး
- နိရယ, ပေတ, တိရစ္ဆာန, ဒေဝ, မနုဿ ဂတိ အစွမ်းအားဖြင့် ၅-ပါး
- ဝိညာဏဋ္ဌိတိတို့၏ အစွမ်းအားဖြင့် ၇-ပါး
- သတ္တာဝါသတို့၏ အစွမ်းအားဖြင့် ၈-ပါး ပြား၏။

www.dhammadownload.com

မိဿ(ရုပ်နှင့်ရောသော) အမိဿ(ရုပ်နှင့်မရောသော) ပဋိသန္ဓေ ၂-ပါး

မိဿပဋိသန္ဓေသည် ကာမဘဝ, ရူပဘဝ၌ ဖြစ်၏၊ အမိဿပဋိသန္ဓေသည် အရူပဘဝ၌ ဖြစ်၏၊ တစ်ဖန် မိဿပဋိသန္ဓေသည်. . . ဘာဝရုပ် ရှိသော ပဋိသန္ဓေ(သ-ဘာဝမိဿပဋိသန္ဓေ) နှင့် ဘာဝရုပ် မရှိသော ပဋိသန္ဓေ (အ-ဘာဝမိဿပဋိသန္ဓေ) ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏၊ ထိုတွင် သ-ဘာဝမိဿပဋိသန္ဓေသည် ဇာတိပဏ္ဏာကြဉ် ကာမဘဝ၌ ဖြစ်၏၊ အ-ဘာဝမိဿပဋိသန္ဓေသည် ရူပဘဝနှင့် (ကာမဘဝ) ဇာတိပဏ္ဏာကြဉ် ဖြစ်၏။

မိဿပဋိသန္ဓေ၌ အယုတ်ဆုံး အနည်းဆုံးအားဖြင့် ဝတ္ထုဒသက, ကာယဒသကကလာပ် ဟူ၍ ကလာပ် ၂-စည်း၊ ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသက ကလာပ် ဟူ၍ ၃-စည်းတို့သည် ပဋိသန္ဓေနှင့် ရောနှောနေ၏၊ ဤရုပ်ကလာပ် ၂-စည်း၊ ၃-စည်းတို့သည် အဏ္ဏဇယောနိ၊ ဇလာဗုဇယောနိတို့၌ ဇာတိဥဏ္ဏာခေါ် သို့၏အမွေး တစ်မျှင်ဖြင့် နှစ်၍ယူအပ်သော ထောပတ်ကြည် ပမာဏရှိလျက် ကလလရေကြည် ဟု အမည်ရှိလျက် ဖြစ်ပေါ်၏။

ဂတိ နှင့် ယောနိ တွဲစပ်ပုံ

၁. နိရယဂတိ
၂. ဒေဝဂတိ (ဘုမ္မဇိုဝ်းနတ်မှကြွင်းသော) } ဤ ၃-ပါး၌ ဥပပါတိကယောနိ တစ်မျိုးသာဖြစ်၏၊
၃. နိဇ္ဈာမတဏှိကပြိတ္တာ ဟူသော ပေတဂတိ

၁. တိရစ္ဆာနဂတိ
၂. ပေတဂတိ(နိဇ္ဈာမတဏှိကပြိတ္တာမှကြွင်းသောပြိတ္တာ) } ဤ ၄-ပါး၌ ယောနိလေးမျိုးလုံး ရ၏။
၃. မနုဿဂတိ
၄. ဘုမ္မဇိုဝ်းနတ် ဟူသော ဒေဝဂတိ

ပဋိသန္ဓေဝိညာဏ်နှင့်အတူဖြစ်သော ရုပ်ကလာပ်များ

၁။ ဥပပါတိက ယောနိရှိသော ရူပဗြဟ္မာတို့၌ စက္ခု, သောတ, ဝတ္ထုဒသက ကလာပ်, ဇီဝိတနဝက ကလာပ် ကလာပ် ၄-စည်း ရုပ်ပေါင်း ၃၉-ပါး သည် ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်၏။

၂။ သံသေဒဇ ယောနိ, ဥပပါတိက ယောနိ ရှိသော ကာမသတ္တဝါတို့၌ အလွန်ဆုံး- အများဆုံးအားဖြင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဝတ္ထု, ဘာဝဒသကကလာပ် ကလာပ် ၇-စည်း ရုပ်ပေါင်း-၇၀ ဖြစ်၏၊ အယုတ်ဆုံး-အနည်းဆုံး အားဖြင့် ဇိဝှါ, ကာယ, ဝတ္ထုဒသကကလာပ် ကလာပ် ၃-စည်း ရုပ်ပေါင်း-၃၀ ဖြစ်၏။

ခန္ဓာ-အာရုံ စသည်တို့ဖြင့် စုတိနှင့် ပဋိသန္ဓေတို့၏ အချင်းချင်း ကွဲပြားပုံ-မကွဲပြားပုံ

ခန္ဓာ-အာရုံအားဖြင့်

၁။ ခန္ဓာ ၄-ပါးရှိ အရူပစုတိ၏အခြားမဲ့၌ (ခန္ဓာ-၄) အရူပပဋိသန္ဓေဖြစ်၏၊ ထို့ကြောင့် ခန္ဓာတူ၏။
အကယ်၍ ထိုထိုဘုံ၌ပင် ပြန်ဖြစ်လျှင် အာရုံလည်းတူ၏၊ ထို့ကြောင့် ခန္ဓာ, အာရုံတူ၏။
အကယ်၍ အခြားအရူပဘုံ၌ ဖြစ်လျှင် အာရုံမတူ၊ ထို့ကြောင့် ခန္ဓာတူ, အာရုံကွဲ၏။
၂။ ခန္ဓာ ၄-ပါးရှိ အရူပစုတိ၏အခြားမဲ့၌ (ခန္ဓာ-၅) ကာမပဋိသန္ဓေဖြစ်လျှင် ခန္ဓာမတူ, အာရုံမတူ။
၃။ ခန္ဓာ ၅-ပါးရှိ ကာမစုတိ၏အခြားမဲ့၌ (ခန္ဓာ-၄) အရူပပဋိသန္ဓေဖြစ်လျှင် ခန္ဓာမတူ, အာရုံမတူ။
၄။ ခန္ဓာ ၅-ပါးရှိ ရူပစုတိ၏ အခြားမဲ့၌ (ခန္ဓာ-၄) အရူပပဋိသန္ဓေဖြစ်လျှင် ခန္ဓာမတူ, အာရုံမတူ။

အာရုံ(ကာလ)အားဖြင့် အတိတ်အာရုံရှိသော စုတိ၏အခြားမဲ့၌ ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေ ဖြစ်၏။

www.dhammadownload.com

ဂတိအားဖြင့် ၁။ သုဂတိစုတိ၏အခြားမဲ့၌ သုဂတိပဋိသန္ဓေ ဖြစ်၏။
၂။ သုဂတိစုတိ → ဒုဂ္ဂတိ ပဋိသန္ဓေ
၃။ ဒုဂ္ဂတိစုတိ → သုဂတိ ပဋိသန္ဓေ
၄။ ဒုဂ္ဂတိစုတိ → ဒုဂ္ဂတိ ပဋိသန္ဓေ

ဟိတ်အားဖြင့် ၁။ အဟိတ်စုတိ → သဟိတ် ပဋိသန္ဓေ
၂။ ဒွိဟိတ်စုတိ → တိဟိတ် ပဋိသန္ဓေ

ဝေဒနာအားဖြင့် ဥပေက္ခာသဟဂုတ်စုတိ → သောမနဿသဟဂုတ်ပဋိသန္ဓေ
ဗီတိအားဖြင့် ဗီတိမရှိသောစုတိ → ဗီတိရှိသော ပဋိသန္ဓေ
ဝိတက်,ဝိစာရအားဖြင့် ၁။ ဝိတက်မရှိသောစုတိ → ဝိတက်ရှိသော ပဋိသန္ဓေ
၂။ ဝိစာရမရှိသောစုတိ → ဝိစာရရှိသော ပဋိသန္ဓေ
၃။ ဝိ,ဝိမရှိသောစုတိ → ဝိ,ဝိရှိသော ပဋိသန္ဓေ

~ ~ ~ ~ ~ ~ ~ ~

ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဘဝမှ ပြောင်းရွှေ့လာခြင်းမဟုတ် ရှေးဘဝမှ အကြောင်းနှင့်ကင်း၍လည်း မဖြစ်ပုံ

(အဝိဇ္ဇာစသည်နှင့်တကွ သခ်ါရဟူသော)ရအပ်သောအကြောင်းကို ရသည်ဖြစ်၍ ရုပ်နာမ်သဘောတရားမျှ ဖြစ်ပေါ်လာခြင်းကို ဘဝတစ်ပါးသို့ကပ်ရောက်၏(ဘဝတစ်ပါးပြောင်းခြင်း)ဟုဆိုအပ်၏၊ သတ္တဝါဖြစ်ပေါ်လာသည် မဟုတ်၊ ဇီဝ ခေါ် အသက်ကောင် ဖြစ်ပေါ်လာသည် မဟုတ်။

စင်စစ် 'ဝိညာဏ်' သည် အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပြောင်းရွှေ့လာသည်မဟုတ်၊ အတိတ်ဘဝမှ အကြောင်းနှင့်ကင်း၍လည်း ဤပစ္စုပ္ပန်ဘဝ၌ ထင်ရှားဖြစ်ခြင်းမည်သည် မရှိပေ၊ ထိုဝိညာဏ်၏ ဖြစ်ပုံကို ထင်ရှားသော လူ၏ စုတိ–ပဋိသန္ဓေ အစဉ်ဖြင့် ပြရသော် –

အတိတ်ဘဝ၌ မိမိ၏ ပင်ကိုယ်သဘောအားဖြင့်သော်လည်းကောင်း(သူ့အလိုလိုသော်လည်းကောင်း), မိမိသူတစ်ပါးတို့၏သေကြောင်း လုံ့လပြုမှုဖြင့်သော်လည်းကောင်း, သေခါနီးဖြစ်၍ သည်းမခံနိုင်လောက်အောင် ပြင်းထန်ကုန်သော, အလုံးစုံသော အင်္ဂါကြီးငယ် အစပ်တို့၏အဖွဲ့ကို ဖြတ်တတ်ကုန်သော, သေခါနီး၌ဖြစ်သောဝေဒနာတည်းဟူသော ဓားလက်နက်တို့၏ ကျရောက်လာခြင်းကို သည်းမခံနိုင်သောလူ၏သန္တာန်ဝယ် နေပူထဲ၌ ပစ်ချအပ်သောထန်းရွက်စိမ်းကဲ့သို့ အစဉ်အတိုင်း ခြောက်သွေ့ဆဲဖြစ်သောကိုယ်၌, စက္ခုစသောဣန္ဒြေတို့ ချုပ်ကုန်လတ်သော် ဟဒယဝတ္ထု၏ တည်ရာအရပ်မျှ၌ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေတို့ တည်ကုန်လတ်သော် – ထိုခဏ၌ ကြွင်းကျန်လျက်ရှိသော ဟဒယဝတ္ထုကို မှီသောဝိညာဏ်သည် ဂရုက်, အာသန္နက်, အာစိဏ္ဏက်, ကဋ္ဌတ္တာက်တို့တွင် တစ်ပါးပါးသော ကံကိုဖြစ်စေ၊ ထိုကံက ထင်စေအပ်သော ကမ္မနိမိတ် ဂတိနိမိတ်ကို ဖြစ်စေ အာရုံပြု၍ ဖြစ်၏။

ထိုဝိညာဏ်ကို တဏှာနှင့် အဝိဇ္ဇာတို့ကို မပယ်ရသေးသောကြောင့် အဝိဇ္ဇာက ဖုံးကွယ်အပ်သော အပြစ်ရှိသော ထို ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသောအာရုံ၌ တဏှာက ညွှတ်စေ၏၊ စုတိအနီး ဇောဝိညာဏ်နှင့်တကွဖြစ်သော သခ်ါရတို့သည် (ထိုဝိညာဏ်ကို ထိုကံအစရှိသောအာရုံ၌) ပစ်ချကုန်၏၊ (မရဏာသန္နဇောစုတိပဋိသန္ဓေဟူသော) စိတ်အစဉ်၏အစွမ်းဖြင့် တဏှာက ညွှတ်စေအပ်သည်ဖြစ်၍ သခ်ါရတို့က ပစ်ချအပ်သော ထိုဝိညာဏ်သည် (ဤဖက်ကမ်းသစ်ပင်၌ ဖွဲ့ချည်အပ်သော ကြိုးကို ဆွဲကိုင်၍ မြောင်းကို ခုန်ကျော်သူကဲ့သို့) ရှေးဘဝ၌ဖြစ်သော မှီရာဝတ္ထုကိုလည်း စွန့်၏၊ နောက်ဘဝ၌ ဟဒယဝတ္ထုဟူသော မှီရာဝတ္ထုကို ပဋဝေါကာရဘုံ၌ ရသည်ဖြစ်၍လည်းကောင်း၊ စုတုဝေါကာရဘုံ၌ မရသည်ဖြစ်၍လည်းကောင်း၊ အာရုံ,သမ္မယုတ်တရားနှင့် ကံဟူသောအကြောင်းတရားတို့ကြောင့် သာလျှင်(အဆက်မပြတ်) ဖြစ်သွား၏။

www.dhammadownload.com

စုတိနှင့်ပဋိသန္ဓေ

ဤ 'စုတိနှင့်ပဋိသန္ဓေဝိညာဏ်' တို့တွင် ရှေးဝိညာဏ်ကို ထင်ရှားရှိသောဘဝမှ ရွှေ့လျောပျက်စီးသွားခြင်းကြောင့် 'စုတိစိတ်' ဟု ခေါ်၏၊ နောက်ဝိညာဏ်ကို ဘဝတစ်ပါး- ဘဝသစ်၏ အစစွာ အစပ်ဖြစ်သောကြောင့် (ဝါ) ဘဝတစ်ပါး ဂတိတစ်ပါး စသည်တို့ကို ဆက်စပ်တတ်သောကြောင့် 'ပဋိသန္ဓေစိတ်' ဟု ခေါ်ဆို၏။

ထိုသို့ ဘဝသစ်၌ ဖြစ်သောဝိညာဏ်သည် ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာသည်လည်း မဟုတ်၊ ထိုရှေးဘဝမှ ကံသခီါရ(တဏှာဖြင့်)ညှတ်ခြင်း, ကံစသောအာရုံ အစရှိသောအကြောင်းနှင့်ကင်း၍လည်း ထင်ရှားဖြစ်ပေါ်လာသည် မဟုတ် ဟူ၍ သိအပ်ပေသည်။

ပဲ့တင်သံ ဥပမာစသည်

ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ဥပမာတို့ဖြင့် ပြဆိုရလျှင် ပဲ့တင်သံ ဆီမီးလျှံ တံဆိပ်ရေး မျက်နှာရိပ် သဘောတရားတို့သည် ပုံတူဥပမာတို့ ဖြစ်ကြ၏၊ တောင်အနီး၌ ဟစ်အော်သောအသံက တောင်နံရံကို ထိခိုက်မိသောအခါ တောင်မှ ပြန်ထွက်လာသောအသံကို ပဲ့တင်သံဟု ခေါ်၏၊ ထို ပဲ့တင်သံသည် မူလအသံရှိရာအရပ်မှ လာသည်မဟုတ် မူလအသံနှင့်ကင်း၍လည်း ဖြစ်သည်မဟုတ်ပေ၊ ထို့အတူ ပဋိသန္ဓေဝိညာဏ်သည်လည်း ဖြစ်၏။

(မူလဆီမီးမှ ကူးယူသော နောက်ဆီမီး၊ တံဆိပ်ရာ၊ မှန်ထဲ၌ထင်လာသော မျက်နှာရိပ်ဥပမာတို့၌လည်း နည်းတူသိပါ။)

တစ်ယောက်တည်း အဖြစ်သည်လည်း မရှိ၊ ကွဲပြားသည်၏ အဖြစ်လည်း မရှိပုံ

ဤသို့ဖြစ်ရာ၌ ရုပ်နာမ်အစဉ်သန္တာန်၏ စပ်ခြင်းကြောင့် တစ်ခုတည်း-တစ်ယောက်တည်း အဖြစ်သည်လည်း မရှိ၊ ကွဲပြားသည်၏ အဖြစ်လည်း မရှိပေ။

- စင်စစ် တစ်ခုတည်း-တစ်ယောက်တည်းအဖြစ်သည် အကယ်၍ဖြစ်ငြားအံ့၊ နို့ရည်မှဖြစ်သော နို့ခမ်းမည်သည် မရှိနိုင်၊ တစ်ခုတည်းဖြစ်သောကြောင့် နို့ရည်နို့ခမ်း နှစ်မျိုးမဖြစ်နိုင် ဟု ဆိုလို၏၊ သို့မဟုတ်
- စင်စစ် ကွဲပြားသည်၏အဖြစ်သည် အကယ်၍ ဖြစ်ငြားအံ့၊ နို့ခမ်းသည် နို့ရည်နှင့် ဆက်စပ်မှုရှိသည်ဟူသည် မဖြစ်လေရာ။

ဤဆိုခဲ့သည့်အတိုင်း စင်စစ်တစ်ခုတည်းအဖြစ်, စင်စစ်ကွဲပြားသည်၏အဖြစ်သည် ရှိခဲ့သော် ('သလေးနို၏မျိုးစေ့, သလေးနို၏အသီး' ဤသို့ အစရှိသော) အလုံးစုံသော လောကဝေါဟာရ၏ ပျက်ခြင်းသည် ဖြစ်ရာ၏၊ ထိုသို့ လောကဝေါဟာရ၏ ပျက်ခြင်းကိုလည်း အလိုမရှိအပ်ပေ၊ ထို့ကြောင့် ရုပ်နာမ်အစဉ်သန္တာန်အားဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့ ဖွဲ့စပ်ထားသည့်အတွက် အကြောင်းနှင့် အကျိုးတို့ဖြစ်သော ဤဝိညာဏ်တို့၌ စင်စစ်တစ်ခုတည်းအဖြစ်ကိုလည်းကောင်း၊ စင်စစ်ကွဲပြားသည်အဖြစ်ကိုလည်းကောင်း မယူအပ်ပေ။

~ ~ ~ ~ ~ ~ ~ ~

အရေးပါသော စောဒနာနှင့် ဖြေရှင်းချက်

စောဒနာ - (၁) ဘဝဟောင်းမှ ဘဝသစ်သို့မပြောင်းဘဲ ဘဝသစ်၌ဝိညာဏ်အသစ် ထင်ရှားဖြစ်သည်ဟု ဆိုလျှင်- ဤလူ့အတ္တဘောဌ် ခန္ဓာဟောင်းတို့သည် ချုပ်ပြီးဖြစ်ခြင်း၊ အကျိုးဝိညာဏ်၏အကြောင်းဖြစ်သောကံ၏(ထိုအကျိုးဝိညာဏ်ဖြစ်ရာ) ဘဝသစ်သို့မသွားခြင်းတို့ကြောင့်(ကံကိုပြုခဲ့သောသူမှတစ်ပါး) အခြားသောသူ၏သန္တာန်၌ ထိုအကျိုးဝိညာဏ်သည်လည်း ဖြစ်ရာ၏၊ (ပြုခဲ့သောကံမှတစ်ပါး) အခြားသောအကြောင်းကြောင့်လည်း ဖြစ်ရာ၏။ (ကံကိုပြုသူတစ်ယောက်၊ ကံ၏အကျိုးကို ခံစားသူတစ်ယောက် ဖြစ်နိုင်သည် မဟုတ်ပါလောဟု စောဒနာခြင်းဖြစ်၏။)

(၂) (ရုပ်နာမ်သဘောတရားမျှဖြစ်လတ်သော် ဘဝတစ်ပါးသို့ကပ်ရောက်သည်-ဟု ဆိုခဲ့သောကြောင့်) ကံ၏အကျိုးကို ခံစားမည့်သူမရှိလျှင် ထိုအကျိုးသည် အဘယ်သူ၏သန္တာန်၌ ဖြစ်စရာရှိတော့အံ့နည်း။

www.dhammadownload.com

(၁)အဖြေကား – တစ်ခုသောခန္ဓာအစဉ်သန္တာန်၌ ဖြစ်ပေါ်လာသောအကျိုးသည် ထိုကံဖြစ်ရာခန္ဓာအစဉ်သန္တာန်၌ စင်စစ်တစ်ခုတည်းတူသည်၏အဖြစ်နှင့် ထူးခြားကွဲပြားသည်၏အဖြစ်တို့ကို ပယ်မြစ်ထားပြီးဖြစ်သောကြောင့်– ကံပြုသူမှတစ်ပါး အခြားသောသူ၏သန္တာန်၌ ဖြစ်သောအကျိုးဟူ၍လည်းကောင်း၊ ပြုသောကံမှတစ်ပါးအခြားသော အကြောင်းကြောင့်ဖြစ်သည်ဟူ၍လည်းကောင်း မဆိုသင့်ပေ။ ဤစကား၏အနက်အဓိပ္ပါယ်ကို မျိုးစေ့ကိုပြုပြင်စိုက်ပျိုးခြင်းဖြင့် ယုတ္တိပြရသော် –

သရက်စေ့မှ သာ၍ချိုသောအသီးရှိသော သရက်ပင်ပေါက်လာရန် သရက်စေ့ကို စတုမဓုအရည်ဖြင့် ထုံစေခြင်း, အချိုရည်များသွန်းလောင်းပေးခြင်းတို့ကို မျိုးစေ့ကိုပြုပြင်ပေးခြင်းဟု ဆိုသည်၊ ထိုသို့ သရက်စေ့ကို ပြုပြင်စိုက်ပျိုးလျှင် ထိုပြုပြင်စီမံမှုဟူသောအကြောင်းအထောက်အပံ့ကြောင့် နောင်အခါ၌အသီးဟူသောအကျိုးထူးဖြစ်ပေါ်လာ၏၊ ထိုအသီး(အကျိုး)သည် အခြားသောမျိုးစေ့၏ အကျိုးမဟုတ်၊ အခြားမျိုးစေ့ကို ပြုပြင်ခြင်းကြောင့် ဖြစ်လာသော အကျိုးလည်းမဟုတ်၊ ထို့ပြင်မျိုးစေ့နှင့်ပြုပြင်စိုက်ပျိုးမှုတို့သည် အသီးသီးရာဌာနသို့ မရောက်လာကြပေ၊ ဤ ဥပမာတူပင် ဥပမေယျဖြစ်သော ဤအနက်သဘောကို သိအပ်ပေသည်၊ ဤစကားရပ်၌–

၁. မျိုးစေ့သည် ကံရှိသောသတ္တဝါနှင့် တူ၏၊
၂. မျိုးစေ့ကိုပြုပြင်စိုက်ပျိုးခြင်းသည် ကံနှင့်တူ၏၊
၃. မျိုးစေ့မှ အညောက် ပင်စည် စသည် သစ်ပင်ဖြစ်ပေါ်မှု အစဉ်သည် ပဋိသန္ဓေဝိညာဏ် စသော ခန္ဓာအစဉ်အဆက်နှင့် တူ၏၊
၄. မျိုးစေ့ကြောင့်လည်းကောင်း, မျိုးစေ့ကို ပြုပြင်စိုက်ပျိုးခြင်းကြောင့်လည်းကောင်း ချိုသောအသီးသီးခြင်းဟူသော အကျိုးထူးဖြစ်ပေါ်လာခြင်းသည် ကံပြုသောသတ္တဝါ၏ သန္တာန်၌သာလျှင် ဖြစ်ခြင်း, ထိုကံကြောင့်သာလျှင် ပဋိသန္ဓေဝိညာဏ်အကျိုး ဖြစ်ပေါ်ခြင်းနှင့် တူ၏။

အခြားဥပမာကား – ကလေးဘဝ၌ သင်ယူခဲ့သောအတတ်ပညာ, မှီဝဲသုံးဆောင်ခဲ့သောဆေးစသည်တို့သည် နောင်အခါလူကြီးဖြစ်လာသောအခါ၌ ပိုမို၍တတ်သိနားလည်လာခြင်း၊ ကျန်းမာရေးကောင်းမွန်လာခြင်းစသော အကျိုးထူးတို့ကို ပေးတတ်ပုံတို့ဖြင့်လည်း သိနိုင်သေး၏။

(၂)အဖြေကား – "ခံစားမည့်သူမရှိလျှင် ထိုအကျိုးသည် အဘယ်သူ၏အကျိုး ဖြစ်ရာသနည်း" – ဟု ဆိုစကား၌ အကျိုး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သုံးဆောင်သည်ဟု သမုတ်ခြင်းသည် ပြီး၏၊ သစ်ပင်၏အသီး ဖြစ်ပေါ်ခြင်းဖြင့် သီးသည်ဟု သမုတ်ခြင်း ပြီးသကဲ့သို့ပင်တည်း။

ချဲ့ဦးအုံ့ – သစ်ပင်ဟုခေါ်ဝေါ်ပညတ်အပ်သော ရုပ်သဘောတရားတို့၏ တစ်စိတ်တစ်ဒေသဖြစ်သော အသီး၏ ဖြစ်ပေါ်ခြင်းကို သစ်ပင်သီးသည် ဟု ခေါ်ဆိုသကဲ့သို့– ထို့အတူ နတ်လူ ဟု ခေါ်ဝေါ်ပညတ်အပ်သော ခန္ဓာ ၅–ပါး ၄–ပါးတို့၏ တစ်စိတ်တစ်ဒေသဖြစ်သော သုံးဆောင်ခြင်း ဟု ဆိုအပ်သော ချမ်းသာဆင်းရဲဟူသော အကျိုးတရား၏ ဖြစ်ပေါ်ခြင်းကိုပင်လျှင် လူ(သို့)နတ်သည် သုံးဆောင်၏ဟူ၍ လည်းကောင်း၊ ချမ်းသာ၏ ဆင်းရဲ၏ ဟူ၍ လည်းကောင်း ခေါ်ဝေါ်ပညတ်အပ်၏၊ ဤအရာ၌ ခန္ဓာအစဉ်၌ အကျိုးတရားဖြစ်ခြင်းမှတစ်ပါး အခြားသော သုံးဆောင်ခံစားတတ်သူမည်သော ပုဂ္ဂိုလ်သတ္တဝါ မရှိပေ၊ ထို့ကြောင့် ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါကို ရှာဖွေနေခြင်းသည် အကျိုးမရှိဟုသာ မှတ်သားပါလေ။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

သခ်ၤါရ၏ ထင္ရွားရွိမွဳ မရွိမွဳ

စာေဒနာ – သခ်ၤါရတို့သည္ ဥပါဒ္, ဌိ, ဘင္ အေနျဖင့္ ထင္ရွားရွိလ်က္ အက်ိဳးဝိညာဏ္အား ေပးႏိုင္ပါကုန္သေလာ? သို့မဟုတ္ ဥပါဒ္, ဌိ, ဘင္အေနျဖင့္ ထင္ရွားမရွိဘဲ ေပးႏိုင္ပါကုန္သေလာ?

အကယ္၍ ထင္ရွားရွိလ်က္ ေပးႏိုင္ပါမူ သခ်ၤါရတို့သည္ ျဖစ္ဆဲခဏ၌ပင္လွ်င္ ထိုသခ်ၤါရတို့၏ အက်ိဳးဝိပါက္သည္ ျဖစ္ေပၚရာ၏၊ သို့မဟုတ္ ထင္ရွားမရွိဘဲ ေပးႏိုင္ပါမူ ကံျပစဥ္ခဏမွ ေရွးကာလ၌လည္းေကာင္း, ေနာက္ကာလ၌လည္းေကာင္း, အျခိတမ်ိဳးအက်ိဳးကို ေဆာင္တတ္ ျဖစ္ေပၚေစတတ္သည္ ျဖစ္ကုန္ရာ၏။

အေျဖကား – သခ်ၤါရတရားတို့သည္ ျပဳအပ္ျပီးသည္၏အျဖစ္ေၾကာင့္သာလွ်င္ မိမိ၏အက်ိဳးအား ေပးႏိုင္ျပဳတတ္ကုန္၏၊ ဥပါဒ္,ဌိ,ဘင္ အေနအားျဖင့္ ထင္ရွားရွိကုန္သည္၏ အျဖစ္ေၾကာင့္လည္းေကာင္း၊ ထင္ရွားမရွိကုန္သည္၏အျဖစ္ေၾကာင့္လည္းေကာင္း မိမိ၏အက်ိဳးတရားကို ေပးႏိုင္ျပဳၾကသည္ကား မဟုတ္ေပ၊ ဘုရားရွင္ကိုယ္ေတာ္တိုင္ပင္လွ်င္ ဓမၼသင်္ဂီပါဠိေတာ္၌ "ကာမာဝစရကုသိုလ်ကံကို ျပဳအပ္ျပီးသည္၏ အျဖစ္ေၾကာင့္သာလွ်င္ အက်ိဳးဝိပါက်စကၡဳဝိညာဏ္သည္ ဥပါဒ္,ဌိ,ဘင္ ခဏတ္တယသို့ ေရာက္ဆဲျဖစ္လ်က္ ျဖစ္ေပၚလာ၏" ဤသို့ စသည့္ ဒေသနာေတာ္မ်ားကို ေဟာၾကားေတာ္မူခဲ့သည္။

သို့ေသာ္ မိမိ၏ထိုက္သင့္ေသာအက်ိဳးအား ေပးႏိုင္ျပဳၾကျပီးလွ်င္ တစ္ဖန္ အက်ိဳးေပးခြင့္မည္သည္ မရွိေတာ့ေပ၊ အဘယ့္ေၾကာင့္ဆိုေသာ္ အက်ိဳးဝိပါက်ကို ရင့္က်က္ေစေၾကျပီး-ျဖစ္ေစေၾကျပီးေသာေၾကာင့္ ေပတည္း။

ဥပမာ – ေလာကဌ္ လူတစ္ေယာက္သည္ တစ္စုံတစ္ခုေသာပစၥည္းဥစၥာကို ဝယ္ယူလွ်င္ ပစၥည္းဖိုးကို ျပန္၍ေပးရ၏၊ ေၾကးကိုယူလွ်င္ ေၾကးကိုျပန္လည္ေပးဆပ္ရ၏၊ ထို့ေၾကာင့္ ပစၥည္းကိုဝယ္ယူျခင္းသည္ပင္ ပစၥည္းဖိုးကိုေပးပါမည္ဟု အာမခံရာေရာက္၏၊ အေၾကးယူျခင္းသည္ပင္ ျပန္၍ဆပ္ပါမည္ဟု အာမခံရာေရာက္၏၊ ထိုသူ၏အာမခံမွဳကို ျပဳျခင္းမျပဳသည္သာလွ်င္ ေၾကးဆပ္ရန္အတြက္ အေၾကာင္းျဖစ္သည္၊ ထို အာမခံျခင္းၾကိယာ၏ ထင္ရွားရွိျခင္း မရွိျခင္းသည္ လိုရင္းမဟုတ္ေပ။

ထို့ျပင္ ပစၥည္းဖိုးကို ေပးအပ္ျခင္း, ေၾကးဆပ္ျခင္း စသည္မွ ေနာက္ကာလဌ္ တာဝန္မရွိေတာ့ေပ၊ အဘယ့္ေၾကာင့္ဆိုေသာ္ ျပန္လည္ေပးအပ္ျခင္း စသည္တို့ကို ျပဳအပ္ျပီးျဖစ္ေသာေၾကာင့္တည္း။

ဤအတူပင္ ျပဳအပ္ျပီးျဖစ္ေသာေၾကာင့္သာလွ်င္ သခ်ၤါရတို့သည္ မိမိ၏အက်ိဳးအား ေပးႏိုင္ျပဳတတ္ကုန္၏၊ ထိုက္တန္ေသာအက်ိဳးကို ေပးျပီးသည္မွ ေနာက္ကာလဌ္လည္း အက်ိဳးကိုေဆာင္တတ္ ျဖစ္ေစတတ္သည္ကား မဟုတ္ေၾကေပ။

~ ~ ~ ~ ~ ~ ~ ~

ဝိညာဏ္ ၃၂-ပါးလံုးျဖစ္ပံုကို ေပါင္း၍ ျပျခင္း

ဝိညာဏ္ ၃၂-ပါး ျဖစ္ပံုကို ဘံု, ကာလအားျဖင့္ ျပျခင္း

သခ်ၤါရသည္ ဆိုင္ရာဝိညာဏ္အား ေပးႏိုင္ျပဳရာ၌ နာနာကၡဏိကကမၼပစၥည္း၊ ပကတူပနိဿယပစၥည္းတို့ျဖင့္ ေပးႏိုင္ျပဳ၏၊ ေပးႏိုင္ျပဳပံုမွာ –

၁။ ကာမပုဂၢိဳလ္သခ်ၤါရသည္

(၁) ကာမသုဂတိဘံု၌ ကုသလဝိပါက်ဥေပကၡာသန္တီရဏ ၁-ပါး၊ မဟာဝိပါက် ၈-ပါး ဟူေသာ ဝိညာဏ္စိတ္ ၉-ပါးတို့အား ပဋိသေႏၶကာလ၌ ေပးႏိုင္ျပဳ၏။

(၂) ကာမသုဂတိဘံု၌ ဥေပကၡာသန္တီရဏၾကြင္ေသာ အဟိတ္ကုသလဝိပါက် ၇-ပါး ဝိညာဏ္စိတ္တို့အား ပဝတၱိကာလ၌ ေပးႏိုင္ျပဳပါသည္၊ ပဋိသေႏၶကာလ၌ ေပးႏိုင္မျပဳေပ။

(၃) ရူပဘံု၌ ကုသလဝိပါက် စကၡဳဝိညာဏ္, ေသာတဝိညာဏ္, သမ္ပဋိစ္ဆိုင္း, သန္တီရဏ ၂-ပါး ဟူေသာ ၅-ပါး ေသာ ဝိညာဏ္စိတ္တို့အား ပဝတၱိကာလ၌ ေပးႏိုင္ျပဳ၏၊ ပဋိသေႏၶကာလ၌ ေပးႏိုင္မျပဳေပ။

www.dhammadownload.com

(၄) ဒုဂ္ဂတိဘုံ၌ အဟိတ်ကုသလဝိပါက် ၈-ပါး ဝိညာဏ်စိတ်တို့အား ပဝတ္တိကာလ၌ ကျေးဇူးပြု၏၊ (ငရဲဘုံ၌ ရှင်မောဂ္ဂလာန်မထေရ်မြတ်၏ လှည့်လည်မှုကြောင့် ကျွဒ္ဓာရုံနှင့် တွေ့ကြုံရခြင်းသည် ပုညာဘိသင်္ခါရက ကျေးဇူးပြုခြင်း ဖြစ်၏၊ တိရစ္ဆာန်, တန်ခိုးကြီးသော ပြိတ္တာတို့၌လည်း ကျွဒ္ဓာရုံနှင့် တွေ့ကြုံနိုင်သည်)။

(၅) ကာမသုဂတိဘုံ၌ အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် ၈-ပါး ဤ ၁၆-ပါးသောစိတ်တို့အား ပဝတ္တိကာလ၌ ကျေးဇူးပြု၏။

၂။ **ရူပပုညာဘိသင်္ခါရသည်** ရူပဘဝ၌ ရူပဝိပါက် ၅-ပါးအား ပဝတ္တိကာလ၌လည်းကောင်း၊ ပဋိသန္ဓေကာလ၌ လည်းကောင်း ကျေးဇူးပြု၏။

၃။ **အပုညာဘိသင်္ခါရသည်**

(၁) ဒုဂ္ဂတိဘုံ၌ အကုဝိ-ဥပေက္ခာသန္တီရဏဝိညာဏ်အား ပဋိသန္ဓေကာလ၌ ကျေးဇူးပြု၏။

(၂) ဒုဂ္ဂတိဘုံ၌ ဥပေက္ခာသန္တီရဏကြဉ် ၆-ပါးသော အကုသလဝိပါက်ဝိညာဏ်တို့အား ပဝတ္တိကာလ၌ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပေ။

(၃) ဒုဂ္ဂတိဘုံ၌ အကုသလဝိပါက်ဝိညာဏ် ၇-ပါးတို့အား ပဝတ္တိကာလ၌ ကျေးဇူးပြု၏။

(၄) ကာမသုဂတိဘုံ၌ အကုသလဝိပါက်ဝိညာဏ် ၇-ပါးတို့အား ပဝတ္တိကာလ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပေ။

(၅) ရူပဘုံ၌ အကုဝိ-စက္ခု, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟူသော ၄-ပါးသော ဝိညာဏ်စိတ်တို့အား ပဝတ္တိကာလ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပေ။

၄။ **အာနေဉ္ဇာဘိသင်္ခါရသည်** အရူပဘဝ၌ အရူပဝိပါက် ၄-ပါးအား ပဝတ္တိကာလ၌လည်းကောင်း၊ ပဋိသန္ဓေကာလ၌လည်းကောင်း ကျေးဇူးပြု၏။

ဝိညာဏ် ၃၂-ပါး ဖြစ်ပုံကို ဘဝ, ယောနိ စသည်တို့ဖြင့် ပြခြင်း

၁။ **ပုညာဘိသင်္ခါရသည်**

ကာမဘဝ, ရူပဘဝ ဟူသော ဘဝနှစ်ပါး၊ ယောနိ ၄-ပါး၊ မနုဿဂတိ ဒေဝဂတိ ဟူသော ဂတိ ၂-ပါး၊ ဝိညာဏဌိတိ ၄-ပါး၊ သတ္တာဝါသ ၄-ပါး တို့၌ အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် ၈-ပါး၊ ရူပဝိပါက် ၅-ပါး ဟူသော ဝိညာဏ်စိတ် ၂၁-ပါးတို့ကို ဖြစ်စေသည်။

၂။ **အပုညာဘိသင်္ခါရသည်**

ကာမဘဝ ၁-ပါး၊ ယောနိ ၄-ပါး၊ တိရစ္ဆာနဂတိ, ပေတဂတိ, နိရယဂတိ ဟူသော ဂတိ ၃-ပါး၊ နာနတ္တကာယ ဧကတ္တသညီ ဟူသော ဝိညာဏဌိတိ ၁-ပါး၊ နာနတ္တကာယ ဧကတ္တသညီ ဟူသော သတ္တာဝါသ ၁-ပါး တို့၌ အကုသလဝိပါက် ၇-ပါး ဟူသော ဝိညာဏ်စိတ်တို့ကို ဖြစ်စေသည်။

၃။ **အာနေဉ္ဇာဘိသင်္ခါရသည်**

အရူပဘဝ ၁-ပါး၊ ဥပပါတ်ယောနိ ၁-ပါး၊ ဒေဝဂတိ ၁-ပါး၊ အာကာ, ဝိညာ, အာကိဉ်-ဟူသော ဝိညာဏဌိတိ ၃-ပါး၊ အာကာ, ဝိညာ, အာကိဉ်, နေဝ- ဟူသော သတ္တာဝါသ ၄-ပါး တို့၌ အရူပဝိပါက် ၄-ပါး ဟူသော ဝိညာဏ်စိတ်တို့ကို ဖြစ်စေသည်။

www.dhammadownload.com

မှတ်ချက်။ ။ <u>သတ္တာဝါသဆိုင်ရာ သိဖွယ်များ –</u>

သတ္တာဝါသ = သတ္တ + အာဝါသ
= သတ္တဝါတို့၏ ဖြစ်ရာနေရာ ဌာန
သတ္တဝါတို့ ကျင်လည်ကျက်စားနေထိုင်ရာ ၃၁-ဘုံရှိ၏၊ ထိုသတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်ခန္ဓာ သဏ္ဌာန် တူ-မတူ, ပဋိသန္ဓေဝိညာဏ် တူ-မတူ တို့ကို မူတည်၍၊ တူညီရာပေါင်းပါက ဘုံ ၉-မျိုးရှိ၏၊ ထိုသို့ ဘုံ ၉-မျိုး ကွဲပြားခြင်းကို ' သတ္တဝါသ ဘုံကိုး၀ ' ဟု ခေါ်ဆိုခြင်း ဖြစ်၏။

	ဘုံ ၉-မျိုး		၃၁-ဘုံ
(၁)	နာနတ္တကာယ –	နာနတ္တသညီ ဘုံ	= ကာမသုဂတိ ၇-ဘုံ
(၂)	နာနတ္တကာယ –	ဧကတ္တသညီ ဘုံ	= အပါယ် ၄-ဘုံ၊ ပ-ဈာန် ၃-ဘုံ
(၃)	ဧကတ္တကာယ –	နာနတ္တသညီ ဘုံ	= ဒု-ဈာန် ၃-ဘုံ
(၄)	ဧကတ္တကာယ –	ဧကတ္တသညီ ဘုံ	= တ-ဈာန် ၃-ဘုံ, အသညသတ်ကြဉ် စတုတ္ထဈာန် ၆-ဘုံ
(၅)	အသညီဘုံ (ဧကတ္တကာယ,သညာနတ္ထိ)		= အသညသတ် ဘုံ
(၆)	အာကာသာနဉ္စာယတနဘုံ		= မိမိဆိုင်ရာ ဝိပါက်စိတ်ဖြင့်သာ ပဋိသန္ဓေနေကြ၍ မိမိတို့ အမည်ရင်းအတိုင်း နာမည်ရကြ၏။
(၇)	ဝိညာဏဉ္စာယတနဘုံ		
(၈)	အာကိဉ္စာယတနဘုံ		
(၉)	နေ၀သညာနာသညာယတနဘုံ		

ဝိညာဏဋ္ဌိတိ = ဝိညာဏ + ဋ္ဌိတိ
= ဝိညာဏ၏ တည်ခြင်း
ဝိညာဏ်၏ တည်ရှိရာ ၇-ဘုံရှိ၏၊ သတ္တဝါသ ဘုံကိုး၀ယ် အသညီဘုံနှင့် နေ၀ဘုံ ၂-ဘုံတို့ကိုကြဉ်၍ ကြွင်းသော ၇-ဘုံတို့၌သာ ဝိညာဏ်တည်လျက် ရှိသောကြောင့် ဝိညာဏဋ္ဌိတိ ၇-ပါး ရှိ၏။

* အသညသတ်ဘုံ = ဝိညာဏ်လုံး၀ မရှိ
* နေ၀ ဘုံ = ထင်ရှားသောဝိညာဏ် မရှိ

ဘ၀ ၃-ပါး = ကာမဘ၀, ရူပဘ၀, အရူပဘ၀
ယောနိ ၄-ပါး = အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက
ဂတိ ၅-ပါး = နိဂယဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေ၀ဂတိ

www.dhammadownload.com

ဝိညာဏပစ္စယာ နာမရူပ်-ပုဒ်၌ အကျယ်ပြဆို်ချက်

နာမ်ဟူသည် – အာရုံဆီသို့ရှေးရှုညွှတ်တတ်သောကြောင့် ဝေဒနာအစရှိသော ၃-ပါးသောခန္ဓာတို့ ဖြစ်သည်။
ရူပ်ဟူသည် – မဟာဘုတ် ၄-ပါးနှင့် မဟာဘုတ် ၄-ပါးတို့ကိုစွဲမှီ၍ဖြစ်သော ဥပါဒါရူပ်တို့ ဖြစ်သည်။

နာမ်ရူပ်တို့ဖြစ်ရာ ဘဝ စသည်

နာမ်သည် – သညာမဲ့သတ္တဘဝါသမှ ကြွင်းသော အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, ရှစ်ပါး သောသတ္တဘဝါသဠ် ဖြစ်၏။
ရူပ်သည် – ကာမ, ရူပဘဝ ၂-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ရှေးဖြစ်သော ဝိညာဏဋ္ဌိတိ ၄-ပါး၊ အသညသတ်နှင့်တကွ သတ္တဘဝါသ ၅-ပါးဠ် ဖြစ်၏။

နာမ်ရူပ်တို့ ပဋိသန္ဓေဏဠ် ဖြစ်ပုံ

သတ္တဝါ	ရေတွက်နည်း	နာမ်	ရူပ် (ကလာပ်စည်း နှင့် ရူပ်)		ပေါင်း
၁. ဘဝရူပ်မရှိသော ဂဗ္ဘသေယျက, အဏ္ဍဇ	သာမညအကျယ်	၃	ဝတ္ထု,ကာယဒသက ၂-စည်း:	= ၂၀	၂၃
	အကျဉ်း	၃	(၂၀ - ၉)	= ၁၁	၁၄
၂. ဘဝရူပ်ရှိသော ဂဗ္ဘသေယျက, အဏ္ဍဇ		၃	ဝတ္ထု,ကာယ,ဘာဝ ၃-စည်း:	= ၃၀	၃၃
			(၃၀ - ၁၈)	= ၁၂	၁၅
၃. ဥပပါတ်-ပထမစျာန် ဖြဟ္မာစသည်		၃	စက္ခု,သောတ,ဝတ္ထု,ဇီဝိတ ၄-စည်း:	= ၃၉	၄၂
			(၃၉ - ၂၇)	= ၁၂	၁၅
၄. ကြွင်းဥပပါတ်နှင့် ဘဝရူပ်ရှိ,အာယတန ပြည့်စုံသောသံသေဒဇ		၃	၇-စည်း:	= ၇၀	၇၃
			(၇၀ - ၅၄)	= ၁၆	၁၉
၅. အရူပပုဂ္ဂိုလ်		၃	×		၃
၆. အသညသတ်		×	ဇီဝိတနဝက ကလာပ်		၉

* ရေတွက်နည်း ၂-နည်းမှာ (က) သာမညအကျယ်အားဖြင့် ရေတွက်နည်း:
(ခ) မယူအပ်သေးသည်ကိုသာယူသောနည်း(ဝါ)ယူပြီးသည်ကိုထပ်၍မယူသောနည်း:

ပဋိသန္ဓေအခါ၌ ဝိညာဏ်ကြောင့်-

၁. ဘဝရူပ်မရှိသော ဂဗ္ဘသေယျကသတ္တဝါ, အဏ္ဍဇသတ္တဝါတို့အား အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဝတ္ထု,ကာယဒသက ကလာပ် ၂-စည်း ရူပ်ပေါင်း-၂၀ အားဖြင့် (၂၃)ပါးသော နာမ်ရူပ်တို့ ဖြစ်၏။
အကျဉ်းနည်း {မယူအပ်သေးသည်ကိုသာ ယူသောနည်း (ဝါ) ယူပြီးသည်ကို ထပ်၍မယူသောနည်း} ဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဇီဝိတရူပ် ၁-ပါး, အဝိနိဗ္ဘောဂရူပ် ၈-ပါး, ကာယပသာဒရူပ် ၁-ပါး, ဟဒယဝတ္ထုရူပ် ၁-ပါး ဟူသော ရူပ်ပေါင်း ၁၁-ပါး အားဖြင့် (၁၄)ပါးသော နာမ်ရူပ်တို့ ဖြစ်၏။

၂. ဘဝရူပ်ရှိသော ဂဗ္ဘသေယျကသတ္တဝါ, အဏ္ဍဇသတ္တဝါတို့အား အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဝတ္ထု,ကာယ,ဘာဝဒသကကလာပ် ၃-စည်း ရူပ်ပေါင်း-၃၀ အားဖြင့် (၃၃)ပါးသော နာမ်ရူပ်တို့ ဖြစ်၏။
အကျဉ်းနည်း {မယူအပ်သေးသည်ကိုသာ ယူသောနည်း (ဝါ) ယူပြီးသည်ကို ထပ်၍မယူသောနည်း} ဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဇီဝိတရူပ် ၁-ပါး, အဝိနိဗ္ဘောဂရူပ် ၈-ပါး, ကာယပသာဒရူပ် ၁-ပါး, ဟဒယဝတ္ထုရူပ် ၁-ပါး, ဘာဝရူပ် ၁-ပါး ဟူသော ရူပ်ပေါင်း ၁၂-ပါး အားဖြင့် (၁၅)ပါးသော နာမ်ရူပ်တို့ ဖြစ်၏။

www.dhammadownload.com

၃. ပထမစျာန်ဗြဟ္မာစသော ဥပပါတ်သတ္တဝါတို့အား အကျယ်နည်းဖြင့် စေတသိက် နာမ်ခန္ဓာ ၃-ပါးနှင့် စက္ခု, သောတ, ဝတ္ထုဒသက, ဇီဝိတနဝကဟူသော ကလာပ် ၄-စည်း ရုပ်ပေါင်း ၃၉-ပါး အားဖြင့် (၄၂)ပါးသော နာမ်ရုပ်တို့ ဖြစ်၏။

အကျဉ်းနည်း {မယူအပ်သေးသည်ကိုသာ ယူသောနည်း (၀၊) ယူပြီးသည်ကို ထပ်၍မယူသောနည်း} ဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဇီဝိတရုပ် ၁-ပါး, အဝိနိဗ္ဘောဂရုပ် ၈-ပါး, စက္ခု-သောတပသာဒရုပ် ၂-ပါး, ဟဒယဝတ္ထုရုပ် ၁-ပါး ဟူသော ရုပ်ပေါင်း ၁၂-ပါး အားဖြင့် (၁၅)ပါးသော နာမ်ရုပ်တို့ ဖြစ်၏။

၄. ပထမစျာန်ဗြဟ္မာမှကြွင်းသော ဥပပါတ်သတ္တဝါနှင့် ဘာဝရုပ်ရှိသော သံသေဒဇသတ္တဝါတို့အား အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါးနှင့် စက္ခု, သောတ, ဃာန, ဇိဝှါ,ကာယ, ဝတ္ထုဒသက, ဘာဝဒသကဟူသော ကလာပ် ၇-စည်း ရုပ်ပေါင်း ၇၀-ပါး အားဖြင့် (၇၃)ပါးသော နာမ်ရုပ်တို့ ဖြစ်၏။

အကျဉ်းနည်း {မယူအပ်သေးသည်ကိုသာ ယူသောနည်း (၀၊) ယူပြီးသည်ကို ထပ်၍မယူသောနည်း} ဖြင့် စေတသိက်နာမ်ခန္ဓာ ၃-ပါး နှင့် ဇီဝိတရုပ် ၁-ပါး, အဝိနိဗ္ဘောဂရုပ် ၈-ပါး, စက္ခု, သောတ, ဃာန, ဇိဝှါ,ကာယဟူသော ပသာဒရုပ် ၅-ပါး, ဟဒယဝတ္ထုရုပ် ၁-ပါး, ဘာဝရုပ် ၁-ပါးဟူသော ရုပ်ပေါင်း ၁၆-ပါး အားဖြင့် (၁၉)ပါးသော နာမ်ရုပ်တို့ ဖြစ်၏။

မှတ်ချက်။ ။ ဤဆိုခဲ့သော နာမ်ရုပ်အရေအတွက်သည် အလွန်ဆုံး-အများဆုံးဖြစ်၏၊ အယုတ်အလျော့အားဖြင့်မူ ချို့တဲ့သော ရုပ်ကလာပ် (သန္ဓတိသီသ)အစွမ်းအားဖြင့် သိအပ်၏။

(သန္ဓတိသီသ=ကလာပ်စဉ်သန္ဓာန်၏ မူလရင်းကလာပ်=ပဋိသန္ဓေခဏာ၌ဖြစ်သော ရုပ်ကလာပ်ကိုဆိုလို၏။)

၅. အရူပဗြဟ္မာတို့အား ရုပ်မရှိသောကြောင့် စေတသိက်နာမ်ခန္ဓာ ၃-ပါးသာ ဖြစ်၏။

၆. အသညသတ်ဗြဟ္မာတို့အား ဇီဝိတနဝကကလာပ် ဟူသော ရုပ် ၉-ပါးသာ ဖြစ်၏။

နာမ်ရုပ်တို့ ပဝတ္တိအခါ၌ ဖြစ်ပုံ

ပဝတ္တိအခါ၌ တိဇရုပ်တို့ ဖြစ်ပေါ်ပုံ

ရုပ်ဖြစ်ရာ ဘုံမှန်သမျှတို့တွင် ပဝတ္တိအခါ၌ ရုပ်ဖြစ်ပေါ်ပုံမှာ-

(၁) ဥတုဇရုပ်ဖြစ်ပုံ - ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော ကမ္မဇရုပ်တို့တွင်ပါဝင်သော တေဇောဓာတ်ကြောင့် ဥတုဇသုဒ္ဓဋ္ဌက ကလာပ်သည် ပဋိသန္ဓေစိတ်၏ ဠီခဏာ၌ ထင်ရှားဖြစ်၏။

(၂) စိတ္တဇရုပ်ဖြစ်ပုံ - ပဋိသန္ဓေစိတ်၏ နောက်၌ဖြစ်သော ပထမဘဝင်မှစ၍ စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်သည်ဖြစ်၏၊ ပဋိသန္ဓေစိတ်သည်ကား ရုပ်ကိုမဖြစ်စေတတ်၊ အကြောင်းမှာ ကမ်းပါးပြတ်၌ ကျလုနီးဖြစ်သောယောကျ်ားသည် အခြားကျလုနီးလူ၏ အထောက်အပံ့ဖြစ်ရန် မစွမ်းနိုင်သကဲ့သို့- ထို့အတူပင် ပဋိသန္ဓေစိတ်သည် တည်ရာဝတ္ထုရုပ် အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

မှတ်ချက်။ ။ သဒ္ဒနဝကကလာပ်ဖြစ်ပုံ- ပဋိသန္ဓေခဏမှနောက်၌ ဖြစ်ပြီးသော ဥတုခေါ် တေဇောဓာတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း သဒ္ဒနဝကကလာပ်သည် အသံဖြစ်ပေါ်သောကာလ၌ ဖြစ်၏၊

(၃) အာဟာရဇရုပ်ဖြစ်ပုံ - ကဗဠီကာရကိုမှီ၍ အသက်ရှင်ကုန်သော ဂဗ္ဘသေယျကသတ္တဝါတို့အား အမိဝမ်း၌တည်သောသူငယ်အတွက် မိခင်စားမျိုသော ထမင်းဖျော်ရည်စသောဘောဇဉ်ဖြင့်မျှတ၏၊ မျှတပုံမှာ မိခင်စားမျိုသော အာဟာရ အစဉ်လျောက်သော ကိုယ်၌ အာဟာရဇသုဒ္ဓဋ္ဌကကလာပ် ဖြစ်၏။ ဥပပါတ်သတ္တဝါတို့အား ရှေးဦးစွာ မိမိ၏ခံတွင်းရှိ တံတွေးကို မျိုသောအခါ၌ အာဟာရဇသုဒ္ဓဋ္ဌက ကလာပ် ဖြစ်၏။

www.dhammadownload.com

ထို့ကြောင့် ပဝတ္တိအခါ၌ ကမ္မဇကလာပ် ၇-စည်း ရုပ်ပေါင်း-၇၀၊ ဥတုဇ သဒ္ဒနဝကကလာပ် ၁-စည်း ရုပ် ၉-ပါး၊ စိတ္တဇသဒ္ဒနဝကကလာပ် ၁-စည်း ရုပ် ၉-ပါး၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ် ၁-စည်း ရုပ် ၈-ပါး၊ ပေါင်း ၉၆-ပါးသော ရုပ်သည်လည်းကောင်း၊ နာမ်ခန္ဓာ ၃-ပါး တို့သည်လည်းကောင်း ဖြစ်ကုန်၏၊ ဤသို့လျှင် အကျဉ်းအားဖြင့် ၉၉-ပါးသောတရားတို့ကို ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟု သိအပ်၏၊ တစ်နည်းအားဖြင့် အသံရုပ်သည် တစ်ခါတစ်ရံ၌သာ ထင်ရှားဖြစ်ခြင်းကြောင့် အမြဲတမ်းမရှိ အနိယတသာတည်း၊ ထို့ကြောင့် ထို ဥတုဇ, စိတ္တဇ အသံရုပ်နှစ်ခုလုံးကိုပယ်၍ ၉၇-ပါးသောတရားတို့ဖြစ်၏၊ မှန်ပေ၏၊ ၉၇-ပါးသော နာမ်ရုပ်တို့သည် သတ္တဝါတို့ အိပ်, မေ့လျော့, စားနေ, သောက်နေကုန်သော နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း မပြတ် ဖြစ်ကုန်၏။

ကမ္မဇရုပ် နှင့် တိသမုဋ္ဌာနိကရုပ်

ကမ္မဇရုပ်သည် အလုံးစုံသောဘဝ၌ ရှေးဦးစွာဖြစ်လျက် တည်ငြားသော်လည်း စိတ် ဥတု အာဟာရ အကြောင်း ၃-ပါးကြောင့် ဖြစ်သော တိသမုဋ္ဌာနိကရုပ်က မထောက်ပံ့လျှင် ကောင်းစွာအရှည် မတည်နိုင်ပေ၊ တိ-သမုဋ္ဌာနိကရုပ်သည်လည်း ကမ္မဇရုပ်က မထောက်ပံ့လျှင် ကောင်းစွာမတည်နိုင်ပေ၊ စင်စစ်သော်ကား အဖျားချင်းယှက်လျက် အရင်းဖက်ဖြင့် အရုပ်လေးမျက်နှာတို့၌ အသီးသီးမြဲမြံစွာချထားအပ်ကုန်သော ကျူစည်း ၄-ခုတို့သည် လေတိုက်သော်လည်း ကောင်းစွာတည်ကုန်သကဲ့သို့ လည်းကောင်း၊ အချင်းချင်းဖွဲ့တွယ် ပူးကပ်လျက် တည်ကုန်သော လေပျက်ဖောင်ပျက်တို့သည် မဟာသမုဒ္ဒရာ၌ လှိုင်းပုတ်သော်လည်း ထောက်တည်ရာရှိသကဲ့သို့လည်းကောင်း၊ ကမ္မဇရုပ်နှင့် တိသမုဋ္ဌာနိကရုပ်တို့သည် အချင်းချင်း ထောက်ပံ့အပ်ကုန်သည် ဖြစ်၍၊ မပျက်စီးကြဘဲ ကောင်းစွာတည်ကုန်၍ ၁-နှစ်ပတ်လုံးသော်လည်း, ၂-နှစ်ပတ်လုံးသော်လည်း။ ပ ။ အနှစ် ၁၀၀-ပတ်လုံးသော်လည်း ထိုသတ္တဝါတို့၏ အသက်တမ်းကုန်သည်တိုင်အောင်ဖြစ်စေ, ကောင်းမှုကံကုန်သည်တိုင်အောင်ဖြစ်စေ, မပြတ်ဖြစ်လျက်ရှိကြ၏။

~ ~ ~ ~ ~ ~ ~ ~

တစ်ခုကြွင်းပြုပုံ

ဝိညာဏပစ္စယာ နာမရူပံ ဆိုရာ၌

(၁) ဝိညာဏပစ္စယာ နာမံ (ဝိညာဏ်ကြောင့် နာမ်သက်သက် ဖြစ်ပုံ)

အရူပဘဝ၌ - ပဝတ္တိ နှင့် ပဋိသန္ဓေကာလတို့၌

ပဉ္စဝေါကာရဘဝ၌ - ပဝတ္တိကာလ (ရုပ်ကိုမဖြစ်စေတတ်သော ပဉ္စဝိညာဏ်ဖြစ်ဆဲကာလ)၌၊ ဝိညာဏ်ဟူသောအကြောင်းကြောင့် (စေတသိက်)နာမ်သာလျှင် ဖြစ်၏။

(၂) ဝိညာဏပစ္စယာ ရူပံ (ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံ)

အသညသတ်ပုဂ္ဂိုလ်၌- ပဝတ္တိ နှင့် ပဋိသန္ဓေကာလတို့၌

ပဉ္စဝေါကာရဘဝ၌ - ပဝတ္တိကာလ၌ ကမ္မဝိညာဏ်ကြောင့်ဖြစ်သော ကမ္မဇရုပ်သည်သာ ဖြစ်ဆဲကာလ တို့၌ ဝိညာဏ်ဟူသော အကြောင်းကြောင့် ရုပ်သာလျှင် ဖြစ်၏။

(၃) ဝိညာဏပစ္စယာ နာမရူပံ (ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ)

ပဉ္စဝေါကာရဘဝ၌ - ပဝတ္တိနှင့်ပဋိသန္ဓေအလုံးစုံ၌ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ် ၂-ပါး လုံးဖြစ်၏။

ဤသို့ ဝိညာဏ်ကြောင့် နာမ်သက်သက်ဖြစ်ခြင်း၊ ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်ခြင်း၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ခြင်းတို့ကို တစိတ်သုတိတူ တစ်ခုကြွင်းပြုသောနည်းဖြင့် ပေါင်းယူ၍ 'ဝိညာဏ် ဟူသော အကြောင်းကြောင့်ဖြစ်သောနာမ်ရုပ်' ဟု ဟောတော်မူထားခြင်း ဖြစ်ပါသည်။

www.dhammadownload.com

မှတ်ချက်။ ။

(၁) တစိတ်သုတိတူ တစ်ခုကြွင်းပြုသောနည်း ဟူသည် တစ်စိတ်တစ်ပိုင်းအားဖြင့် တူသောရုပ်သွင်ရှိသောပုဒ်တို့၏ တစ်ပုဒ်တည်း ကြွင်းကျန်သောနည်းအားဖြင့် သိမ်းယူခြင်း ဖြစ်ပါသည်။

(၂) ထို(နာမ်သက်သက်, ရုပ်သက်သက်, နာမ်ရုပ်၂-ပါးစုံဟူသော) အလုံးစုံကို နာမရူပ-နာမ်ရုပ်မည်၏ဟု တစိတ်သုတိတူ တစ်ခု ကြွင်းပြုသောနည်းဖြင့် ပေါင်းယူ၍ ဝိညာဏ်ဟူသောအကြောင်းကြောင့် ဖြစ်သောနာမ်ရုပ် ဟု သိအပ်၏။

(၃) နာမ-နာမ်သည်လည်းကောင်း, ရူပ-ရုပ် သည်လည်းကောင်း, နာမရူပ-နာမ်ရုပ်သည်လည်းကောင်း ဟူသော ၃-ပုဒ်တွင် ပထမပုဒ်သည် တတိယပုဒ်၏ ရှေ့ပိုင်းတစ်စိတ်နှင့်တူ၏၊ ဒုတိယပုဒ်သည် နောက်ပိုင်းတစ်စိတ်နှင့်တူ၏၊ ထို့ကြောင့် တစ်စိတ်တူသောပုဒ်တို့ကို ချေဖျောက်၍ နာမရူပ-နာမ်ရုပ်ဟူ၍သာ ဆိုသည်၊ ထိုသို့ဆိုသည်ကို တစိတ်သုတိသူ-အသံတူတစ်ခုကြွင်းပြုသည် ဟု သဒ္ဒါကျမ်းတို့၌ ဆိုသည်။

~ ~ ~ ~ ~ ~ ~ ~

အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံ

စောဒနာ – အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်မရှိခြင်းကြောင့် ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်သည် ဟူသော စကားသည်မသင့် ဟု ဆိုငြားအံ့ –

အဖြေ – မသင့်သည်မဟုတ်၊ သင့်သည်သာလျှင်ဖြစ်ပေသည်။

ချဲ့ဦးအံ့ – နာမ်ရုပ်၏အကြောင်းဖြစ်သော ဝိညာဏ်သည် ဝိပါက်ဝိညာဏ်, ဝိပါက်မဟုတ်သော ဝိညာဏ် ဟု ၂-ပါး ရှိ၏၊ အသညသတ်ပုဂ္ဂိုလ်၏ရုပ်သည် ကမ္မဇရုပ်ဖြစ်၏၊ ထိုကမ္မဇရုပ်သည် ပဋိသေါကာရဘဝင် ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ရူပကုသိုလ်က်) တစ်နည်း အဝိပါကဝိညာဏ်ကြောင့် ဖြစ်သောရုပ် ဖြစ်၏၊ ထို့ကြောင့် သင့်ပါသည်။

[ထို့အတူ ပဋိသေါကာရဘဝ ပဝတ္တိကာလ၌ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၏ဖြစ်ဆဲခဏ၌ ရှိနေသော ကမ္မဇရုပ်သည် ပဋိသေါကာရဘဝင် ဖြစ်ခဲ့သော အဘိသင်္ခါရ (ကာမ-ရူပ ကုသိုလ် အကုသိုလ်က်)ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သောရုပ် ဖြစ်၏။]

မှတ်ချက်။ ။

နာမ်ရုပ်၏အကြောင်းဖြစ်သောဝိညာဏ်သည် ဝိပါက်ဝိညာဏ်(ဝိပါကဝိညာဏ်)နှင့် ဝိပါက်မဟုတ်သောဝိညာဏ် (အဝိပါကဝိညာဏ်) ဟု ၂-မျိုး ရှိ၏၊ ထိုတွင်-

(၁) ပဋိသန္ဓေဝိညာဏ်, ဘဝင်ဝိညာဏ်, စုတိဝိညာဏ်ဟူသော ဝီထိမုတ်စိတ်များနှင့် ပဋ္ဌာဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဟူသော ဝီထိစိတ်ဝိညာဏ်တို့သည် ဝိပါက်စိတ်ဝိညာဏ်များဖြစ်ကြောင့် 'ဝိပါက်ဝိညာဏ်' မည်၏။

(၂) ကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ကြိယာဝိညာဏ်တို့သည် ဝိပါက်စိတ် မဟုတ်သောကြောင့် 'အဝိပါကဝိညာဏ်' မည်၏။

အဝိပါကဝိညာဏ်တို့တွင် ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့ကို 'ကမ္မဝိညာဏ်' ဟူ၍ လည်းကောင်း၊ 'အဘိသင်္ခါရဝိညာဏ်' ဟူ၍ လည်းကောင်း ခေါ်ဆို၏။

~ ~ ~ ~ ~ ~ ~ ~

ပဋ္ဌာန်းပစ္စယသဘင်္ဂဖြင့် ကျေးဇူးပြုပုံ

(၁) ဝိပါက်ဝိညာဏ်သည် (ယှဉ်ဖက်) နာမ်အား – ပဋိသန္ဓေ နှင့် ပဝတ္တိကာလ၌ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) ဝိပါက်ဝိညာဏ်သည် ဝတ္ထုရုပ်အား – ပဋိသန္ဓေ ခဏ၌ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

www.dhammadownload.com

(၃) ဝိပါက်ဝိညာဏ်သည် ဝတ္ထုရုပ်မှကြွင်းသောရုပ်အား - {၉ (-) အညမည} ၈-ပစ္စည်း ဖြင့်ကျေးဇူးပြု၏။
(၄) အဘိသင်္ခါရ(ကံနှင့်ယှဉ်သော)ဝိညာဏ်သည် - အသညသတ်ကမ္မဇရုပ်၊ ပဋိသေါကာရဘဝင်၌ ကမ္မဇရုပ်တို့အား သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။(ပဋ္ဌာန်း၌ ရုပ်တို့အား ဥပနိဿသယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကို မဟောသောကြောင့် သုတ္တန်နည်းပရိယာယ်အားဖြင့် ဟု ဆိုသည် - ဋီကာ)
(၅) ပဋိသန္ဓေဝိညာဏ်နှင့် အဘိသင်္ခါရဝိညာဏ်မှ ကြွင်းသော ပဌမဘဝင်မှစ၍ အလုံးစုံသောဝိညာဏ်သည် ထိုထိုနာမ်ရုပ်အား ထိုက်သည့်အားလျော်စွာ ကျေးဇူးပြု၏၊ အကျယ်မပြခြင်း၏ အကြောင်းကား ပဋ္ဌာန်းစကား အလုံးစုံကို ချဲ့၍ပြရမည် ဖြစ်သောကြောင့်တည်း။

~ ~ ~ ~ ~ ~ ~ ~

ဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်ပုံကို သိအပ်ပုံ

စောဒနာ - 'ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်' ဟူသော စကားရပ်၌ 'ပဋိသန္ဓေနာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်သည်' ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း?

အဖြေ - သုတ္တ ခေါ် ဘုရားစကားတော်အားဖြင့် လည်းကောင်း၊ အသင့်ယုတ္တိအားဖြင့် လည်းကောင်း သိအပ်ပေသည်။

ချဲ့ဉီးအံ့ - သုတ္တ ခေါ် ဘုရားစကားတော်ဖြင့် သိနိုင်ပုံမှာ- ဓမ္မသင်္ဂဏီပါဠိတော်၌ 'စိတ္တာနုပရိဝတ္တိနော ဓမ္မာ- စိတ်သို့အစဉ်လိုက်၍ ဖြစ်ကုန်သောတရားတို့သည် ရှိကုန်၏' ဟူ၍ ဟောကြားထားတော်မူ၏၊ ဤသို့ အစရှိသော ဒေသနာနည်းများနှင့်အညီ ဝေဒနာက္ခန္ဓာစသော စေတသိက်နာမ်ခန္ဓာ ၃-ပါးတို့ကို ဝိညာဏ်ဟူသော အကြောင်းတရားက ကျေးဇူးပြုသည်၏အဖြစ်သည် ပြီးစီး၏။

- အသင့်ယုတ္တိအားဖြင့် သိနိုင်ပုံမှာ - တစ်စုံတစ်ယောက်သည် စိတ်ကြည်လင်လျှင် ကြည်လင်ရွှင်လန်းသောရုပ်၊ စိတ်မကြည်လင်လျှင် မကြည်လင်မရွှင်လန်းသောရုပ်တို့ ဖြစ်ပေါ်လာသည်ကို မျက်မှောက်တွေ့မြင်ရ၏၊ လောကဌ် မျက်မှောက်တွေ့မြင်ရသောသဘောဖြင့် မျက်မှောက်မမြင်ရသောသဘောကို နှိုင်းဆ၍ သိခြင်း-ဆုံးဖြတ်ခြင်းသည် ဖြစ်၏၊ ထို့အတူ မျက်မှောက်မြင်ရသော စိတ္တဇရုပ်ဖြင့် မျက်မှောက်မမြင်ရသော ပဋိသန္ဓေကမ္မဇရုပ်အားလည်း ပဋိသန္ဓေဝိညာဏ်က ကျေးဇူးပြုသည်ဟူသော သဘောကို သိနိုင်ပေသည်၊ မှန်ပေ၏၊ ကံလျှင်ဖြစ်ကြောင်းရှိသော ကမ္မဇရုပ်ဖြစ်သော်လည်း ပဋိသန္ဓေရုပ်အား စိတ်လျှင်ဖြစ်ကြောင်းရှိသောစိတ္တဇရုပ်အားကဲ့သို့ ပဋိသန္ဓေဝိညာဏ်က ကျေးဇူးပြုတတ်သည် အဖြစ်သည် ပဋ္ဌာန်းပါဠိတော်၌ လာပေ၏။



www.dhammadownload.com

နာမရူပပစ္စယာ သင်္ခါယတနံ-ပုဒ်၌ အကျယ်ပြဆို်ချက်

နာမ် အရ – စေတသိကနာမ်ခန္ဓာ ၃-ပါး ရ၏။
ရုပ် အရ – သင်္ခါယတနအား အမြဲတမ်းအားဖြင့် ကျေးဇူးပြုတတ်သော မိမိသန္တာန်၌ အကျုံးဝင်သော မဟာဘုတ် ၄-ပါး, ဝတ္ထုရုပ် ၆-ပါး, ဇီဝိတိန္ဒြေ တို့ကို ရ၏။
သင်္ခါယတနအရ – စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဟူသော အာယတန ၆-ပါးကို ရ၏။

တစ်ခုကြွင်းပြုပုံ

"နာမဉ္စ ရူပဉ္စ နာမရူပဉ္စ နာမရူပံ = နာမ်သည်လည်းကောင်း, ရုပ်သည်လည်းကောင်း, နာမ်ရုပ်သည်လည်းကောင်း နာမ်ရုပ်မည်၏" ဟု တစ်ခုကြွင်း(ဧကသိသ်)ပြုထားသော နာမ်ရုပ်သည် "ဆဠာယတနဉ္စ သင်္ခါယတနဉ္စ သင်္ခါယတနံ = ဆဠာယတနသည်လည်းကောင်း, အာယတန ၆-ပါးဟူသော သင်္ခါယတနသည်လည်းကောင်း သင်္ခါယတနမည်၏" ဟု တစ်ခုကြွင်း (ဧကသိသ်)ပြုထားသော သင်္ခါယတနအား ကျေးဇူးပြု၏ ဟု သိအပ်၏၊ အဘယ်ကြောင့်နည်းဟူမူ အရူပဘုံ၌ နာမ်သာလျှင် ကျေးဇူးပြု၏၊ ထိုနာမ်သည်လည်း ၆-ခုမြောက် မနာယတနအား သာလျှင် ကျေးဇူးပြု၏၊ အခြားအာယတနအား ကျေးဇူးမပြု၊ မှန်ပေ၏၊ ဝိဘင်းပါဠိတော်၌ 'နာမပစ္စယာ ဆဠာယတနံ = နာမ် ဟူသောအကြောင်းကြောင့် ဆဠာယတနဖြစ်သည်' ဟု ဟောတော်မူပေ၏။

စောဒနာ – 'နာမရူပပစ္စယာ သင်္ခါယတနံ' ဟူသောစကားရပ်၌ 'နာမ်ရုပ်သည် သင်္ခါယတနအား ကျေးဇူးပြု၏' ဟူသော ဤသဘောကို အဘယ်သို့သိအပ်ပါသနည်း?
အဖြေကား – နာမ်ရုပ်ရှိလျှင် အာယတနရှိသည်၏ အဖြစ်ကြောင့် သိအပ်ပေသည်။
ချဲ့ဉီးအံ့ – ထိုထိုနာမ် ထိုထိုရုပ်ရှိလျှင် ထိုထိုအာယတန ဖြစ်၏၊ တစ်ပါးသော အပြားအားဖြင့် မဖြစ်၊
– ထိုအာယတန၏ ထိုနာမ်ရုပ်ရှိလျှင် ဖြစ်သည်၏အဖြစ်သည် ကျေးဇူးပြုပုံနည်း၌သာလျှင် ထင်ရှား၏၊ ကျေးဇူးပြုပုံမှာ –

ပဋ္ဌာန်းပစ္စယသဘော်ဖြင့် ကျေးဇူးပြုပုံ

၁။ နာမ်က ကျေးဇူးပြုပုံ

(၁) အရူပဘုံ၌

(က) ပဋိသန္ဓေအခါ

ဝိပါက်နာမ်သည် ဆဠာယတနအား ၇-ပစ္စည်း(သဟ, အည, နိဿယ, သမ်, ဝိပါက, အတ္ထိ, အဝိဂတ)ဖြင့်ကျေးဇူးပြု၏၊ အလွန်အထူးအားဖြင့် အလောဘစသော အချို့နာမ်သည် ဟေတုပစ္စည်းဖြင့်၊ ဖဿ စေတနာ ဟူသော အချို့နာမ်သည် အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏။

(ခ) ပဝတ္တိကာလ

(၁) ဝိပါက်နာမ်သည် ဆဠာယတနအား ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။
(၂) ဝိပါက်မဟုတ်သောနာမ်သည် ဆဠာယတနအား ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏၊{၇ (-)ဝိပါက}။

(၂) ပဉ္စဝေါကာရဘုံ၌

(က) ပဋိသန္ဓေအခါ

(၁) ဝိပါက်နာမ်သည် ဆဠာယတနအား ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။
(၂) ထိုဝိပါက်နာမ်သည် ပဉ္စာယတနအား ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏၊(သဟ, နိ, ဝိပ်, ဝိ, အတ္ထိ, အဝိဂတ)။

www.dhammadownload.com

(ခ) ပဝတ္တိကာလ

(၁) ဝိပါက်နာမ်သည် ဝိပါက်ဆဋ္ဌာယတနအား ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) ဝိပါက်မဟုတ်သောနာမ်သည် ဝိပါက်မဟုတ်သောဆဋ္ဌာယတနအား ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ {၇ (-) ဝိပါက}။

(၃) ထိုဝိပါက်နာမ်သည် ပဉ္စာယတနအား ၄-ပစ္စည်းဖြင့်ကျေးဇူးပြု၏၊(ပစ်, ဝိပ်, အတ္ထိ, အဝိဂတ)

(၄) ဝိပါက်မဟုတ်သောနာမ်သည် ပဉ္စာယတနအား ၄-ပစ္စည်း ဖြင့် ကျေးဇူးပြု၏၊ (။)

၂။ ရုပ်က ကျေးဇူးပြုပုံ

(၁) အရူပဘုံ၌ ရုပ်မရှိ၊ ထို့ကြောင့် ကျေးဇူးမပြုပေ။

(၂) ပဉ္စဝေါကာရဘုံ၌

	အခါ	သဋ္ဌာယတန	ကျေးဇူးပြုသောပစ္စည်း
(၁)ဝတ္ထုရုပ်	ပဋိ	ဆဋ္ဌာယတန	၆ = သဟ, အည, နိ, ဝိပ်, အတ္ထိ, အဝိဂတ
(၂)ဘူတရုပ် ၄-ပါး	ပဋိ+ပဝတ္တိ	ပဉ္စာယတန	၄ = သဟ, နိ, အတ္ထိ, အဝိ
(၃)ဇီဝိတရုပ်	ပဋိ+ပဝတ္တိ	။	၃ = အတ္ထိ, အဝိ, ဣန္ဒြိယ
(၄)အာဟာရရုပ်	ပဝတ္တိ	။	၃ = အတ္ထိ, အဝိ, အာဟာရ
(၅)ပသာဒရုပ် ၅-ပါး	။	ပဉ္စဝိညာဏ်ဖြစ်သော မနာယတန	၆ = နိ, ပု, ဣ, ဝိပ်, အတ္ထိ, အဝိ
(၆)ဟဒယဝတ္ထုရုပ်	။	ပဉ္စဝိညာဏ်မှကြွင်းသော မနာယတန	၅ = နိ, ပု, ဝိပ်, အတ္ထိ, အဝိ

၃။ နာမ်ရုပ်က ကျေးဇူးပြုပုံ

ပဉ္စဝေါကာရဘဝ၌ ပဋိသန္ဓေခဏ၌ နာမ်ခန္ဓာ ၃-ပါးအပေါင်းနှင့် ဝတ္ထုရုပ်ဟူသော နာမ်ရုပ်သည် ၆-ခု မြောက်ဖြစ်သော မနာယတနအား သဟ, အည, နိ,ဝိပါက, သမ်, ဝိပ်, အတ္ထိ, အဝိဂတ အစရှိသည်တို့ဖြင့် ကျေးဇူးပြု၏၊ ဤစကားသည် အရိပ်အမြွက်မျှသာ ဖြစ်၏၊ အလုံးစုံကို (ဆိုခဲ့သောနည်းကို အစဉ်လျှောက်သဖြင့်) သိနိုင်လောက်ပေပြီ။

www.dhammadownload.com

သင်္ဘာယတနပစ္စယာ ဖဿော–ပုဒ်၌ အကျယ်ပြဆိုချက်

ဖဿသည် အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ စသော ၆–ပါး၊
အကျယ်အားဖြင့် လောကီဝိပါက်ဝိညာဏ်၌ယှဉ်သော ၃၂–ပါး ဖြစ်သည်။

သင်္ဘာယတနအရ

(၁) အချို့ပညာရှိတို့သည် အဖြတ္တိကာယတန ၆–ပါးကိုသာ အရကောက်၏၊

(၂) အချို့ပညာရှိတို့သည် အဖြတ္တိကာယတန ၆–ပါးသာမက ဗာဟိရအာယတန ၆–ပါးကိုလည်းအရကောက်၏။

အကြောင်းပြချက်

(၁) ပထမပညာရှိတို့သည် ဤ ပဋ္ဌိစ္စသမုပ္ပါဒ်ဓမ္မကထာကား 'အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ၏အကျိုးဖြစ်ပုံကို ဆိုသောစကား(ဥပါဒိန္နကပဝတ္တိကထာ)ဖြစ်သည်' ဟု နှလုံးသွင်း၍ မိမိအဖြတ္တိသန္တာန်၌ အကျုံးဝင်သောပစ္စည်းနှင့် ပစ္စယုပ္ပန်ကိုသာ အလိုရှိကြ၏၊ ထို့ကြောင့် ဤဆရာတို့သည် အဖြတ္တိကာယတန ၆–ပါးကို သင်္ဘာယတနဟု အရကောက်ကြ၏။

ဤဆရာတို့သည် 'ဆင်္ဘာယတနဟူသော အကြောင်းကြောင့် ဖဿဖြစ်သည်' ဟူသော ဝိဘင်းပါဠိတော်စကားကို အစဉ်လျှောက်သောအားဖြင့် 'အရူပဘဝ၌ ဆင်္ဘာယတန, ပဉ္စဝေါကာရဘဝ၌ သင်္ဘာယတနသည် ဖဿအားကျေးဇူးပြု၏'ဟု နှလုံးသွင်း၍ "ဆင်္ဘာယတနဉ္စ သင်္ဘာယတနဉ္စ သင်္ဘာယတနံ" ဟု တစိတ်သုတိတ္ထ တစ်ခုကြွင်းပြုပြီးလျှင် ဆင်္ဘာယတနနှင့်တကွ အဖြတ္တိကာယတန ၆–ပါးကို သင်္ဘာယတနဟု အလိုရှိကုန်၏။

(၂) ဒုတိယပညာရှိတို့သည် အကျိုးပစ္စယုပ္ပန်တရားကိုသာ တစ်ခုသောသန္တာန်၌အကျုံးဝင်သောတရား၊ အကြောင်းပစ္စည်းတရားကိုမူ တစ်ခုသောသန္တာန်၌ အကျုံးဝင်သောတရား, ကွဲပြားသောသန္တာန်၌ အကျုံးဝင်သောတရားဟူ၍ အလိုရှိကြ၏၊ ဤဆရာတို့အလိုမှာ ဖဿအားကျေးဇူးပြုသောအာယတနမှန်သမျှကို ထင်ရှားပြလိုခြင်းဖြစ်၏၊ ထို့ကြောင့် ဤဆရာတို့သည် ဆင်္ဘာယတနနှင့်တကွ အဖြတ္တိကာယတန ၆–ပါး, ဗာဟိရာယတန ၆–ပါး တို့ကို သင်္ဘာယတန ဟု အလိုရှိကြ၏။

စောဒနာ – အလုံးစုံသောအာယတနတို့ကြောင့် တစ်ခုသောဖဿဖြစ်သည် မဟုတ်၊ တစ်ခုသောအာယတနကြောင့်လည်း အလုံးစုံသော ဖဿတို့ဖြစ်ကြသည် မဟုတ်၊သို့သော် 'သင်္ဘာယတနဟူသော အကြောင်းကြောင့် ဖဿဖြစ်သည်' ဟု ဖဿတစ်ခုတည်းကိုသာ ဟောထား၏၊ ထိုသို့ဟောခြင်းသည် အဘယ့်ကြောင့်ပါသနည်း?

အဖြေ – အလုံးစုံသော အာယတနတို့ကြောင့် တစ်ခုသောဖဿသည် မဖြစ်၊ တစ်ခုသော အာယတနကြောင့်လည်း အလုံးစုံသောဖဿတို့ မဖြစ်ကြ– ဤစကားသည် မှန်ပေ၏၊ သို့သော် များစွာသောအာယတနတို့ကြောင့် တစ်ခုသောဖဿ ဖြစ်ပေ၏။

ဖြစ်ပုံကား – စက္ခုသမ္ဖဿသည် စက္ခာယတန, ရူပါယတန, စက္ခုဝိညာဏ် ဟု ဆိုအပ်သော မနာယတန, ဖဿမှကြွင်းသော သမ္ပယုတ်တရားဟူသော ဓမ္မာယတနတို့ကြောင့် ဖြစ်သကဲ့သို့ပင်တည်း၊ ဤအတူ အလုံးစုံသော သောတသမ္ဖဿ စသည်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်စေအပ်၏၊ ထို့ကြောင့်ပင်လျှင် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် 'သင်္ဘာယတနပစ္စယာ ဖဿော' ဟူသောဧကဝုစ်ဖြင့် ညွှန်ပြတော်မူခြင်း ဖြစ်သည်။

ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

အဖြတ္တိကာယတန ၆–ပါး သည်–

၁။ စက္ခာယတနစသော ၅–ပါးသည် စက္ခုသမ္ဖဿ စသော ၅–ပါးအား ၆–ပစ္စည်းဖြင့် (နိ, ပု, ဏ္ဍ, ဝိပ်, အတ္ထိ, အဝိ)

၂။ မနာယတန (ဝိပါက် ၂၂)သည် မနောသမ္ဖဿအား ၉–ပစ္စည်းဖြင့် (သဟ, အည, နိ, ဝိ, အာဟာ,ဏ္ဍ,သမ်, အတ္ထိ, အဝိ)

www.dhammadownload.com

ဗာဟိရာယတန ၆-ပါး သည်-

၁။ ရူပါယတန စသော ၅-ပါးသည် စက္ခုသမ္ဖဿ စသော ၅-ပါးအား ၄-ပစ္စည်းဖြင့် (အာ, ပုရေ, အတ္ထိ, အဝိ)

၂။ ရူပါယတန စသော ၅-ပါးသည် မနောသမ္ဖဿအား ၄-ပစ္စည်းဖြင့် (အာ, ပုရေ, အတ္ထိ, အဝိ)

၃။ ဓမ္မာယတနသည် မနောသမ္ဖဿအား အာရမ္မဏပစ္စည်း ၁-ပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။

ဖဿပစ္စယာ ဝေဒနာ-ပုဒ်၌ အကျယ်ပြဆိုချက်

ဝေဒနာသည်

အကျဉ်းအားဖြင့် - စက္ခုသမ္ဖဿဇာဝေဒနာ စသော ၆-ပါး (ဒွါရအားဖြင့် ဖြစ်သောဝေဒနာ)

အကျယ်အားဖြင့် - ၈၆-ပါး (စိတ် ၈၆-ပါးနှင့် ယှဉ်သောဝေဒနာ)

ဤပုဒ်၌လိုအပ်သမျှ - ၃၂-ပါး (လောကီဝိပါက်စိတ် ၃၂-ပါးနှင့် ယှဉ်သောဝေဒနာ) ဖြစ်၏။

ပဋ္ဌာန်းပစ္စယသင်္ဂတိဖြင့် ကျေးဇူးပြုပုံ

ပဋ္ဌဒွါရ၌

၁။ စက္ခုသမ္ဖဿစသော ဖဿသည် စက္ခုဝိညာဏ်စသော ငါးပါး၌ ယှဉ်သောဝေဒနာအား ၈-ပစ္စည်းဖြင့် (သဟ, အည, နိ, ဝိ, အာဟာ, သမ်, အတ္ထိ, အဝိ)

၂။ စက္ခုသမ္ဖဿ စသော ဖဿသည် သံ, တီ, ရုံ ၌ ယှဉ်သော ဝေဒနာအား ပကတူပနိဿယ ၁-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

မနောဒွါရ၌

၁။ သဟဇာတမနောသမ္ဖဿသည် တဒါရုံ၌ ယှဉ်သောဝေဒနာအား ၈-ပစ္စည်းဖြင့်၊

၂။ သဟဇာတမနောသမ္ဖဿသည် ပဋိ, ဘဝင်, စုတိ၌ ယှဉ်သောဝေဒနာအား ၈-ပစ္စည်းဖြင့်၊

၃။ မနောဒွါရာဝဇ္ဇန်းနှင့်ယှဉ်သော မနောသမ္ဖဿသည် တဒါရုံ၌ ယှဉ်သောဝေဒနာအား ပကတူပနိဿယ ၁-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဝေဒနာပစ္စယာ တဏှာ-ပုဒ်၌ အကျယ်ပြဆိုချက်

တဏှာ ၆-ပါး

"သူဌေးသား,ပုဏ္ဏားသား" ဤသို့စသည်ဖြင့် အဖမှလာသောအမည်၏အစွမ်းအားဖြင့် သားကိုခေါ်သကဲ့သို့ ရူပတဏှာ = အဆင်း၌ဆာလောင်တပ်မက်မှု၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ = သဘောအာရုံ၌ ဆာလောင်တပ်မက်မှု ဟူ၍ အာရုံမှလာသောအမည်၏အစွမ်းအားဖြင့် အဘိဓမ္မာဝိဘင်းပါဠိတော်၌ ၆-ပါးသော တဏှာတို့ကို ပြတော်မူ၏။

တဏှာ ၃-ပါး

ထို ၆-ပါးသောတဏှာတို့တွင် တစ်ပါးတစ်ပါးသောတဏှာသည် ဖြစ်ပုံအခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍ ၃-ပါးအပြားရှိ၏။

(၁) ကာမတဏှာ = ရူပတဏှာသည်ပင် မျက်စိအား ထင်ခြင်းသို့ရောက်သော ရူပါရုံကို ကာမဂုဏ်၌သာယာသည်၏အစွမ်းအားဖြင့် သာယာလျက် ဖြစ်၏၊ ထိုအခါ ကာမတဏှာ မည်၏။

www.dhammadownload.com

(၂) ဘဝတဏှာ = ထို ရူပါရုံကိုပင်လျှင် ခိုင်သည်, မြဲသည် ဟု စွဲလမ်းလျက်ဖြစ်သော သဿတဒိဋ္ဌိနှင့်တကွ ဖြစ်၏၊ ထိုအခါ၌ ဘဝတဏှာ မည်၏။

(၃) ဝိဘဝတဏှာ = ထိုရူပါရုံကိုပင်လျှင် ပြတ်လတ္တံ့, ပျက်လတ္တံ့ ဟု စွဲလမ်းလျက်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်၏၊ ထိုအခါ၌ ဝိဘဝတဏှာ မည်၏။

ဤသို့လျှင် တဏှာသည် (၃× ၆=) ၁၈-ပါးဖြစ်၏။

တဏှာ ၁၀၈-ပါးဖြစ်ပုံ

ထို တဏှာ ၁၈-ပါးသည် အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ၂-ပါးအားဖြင့်လည်းကောင်း၊ ကာလ ၃-ပါးအားဖြင့်လည်းကောင်း တဏှာတို့သည် ၁၀၈-ပါးဖြစ်၏။

ဝေဒနာကြောင့် တဏှာဖြစ်ပုံ

သတ္တဝါတို့သည် သားကိုသာယာကုန်၍ သားဌ်သာယာမြတ်နိုးခြင်းဖြင့် နို့ထိန်းအား ပေးကမ်းချီးမြှောက်ကုန်သကဲ့သို့၊ အဆင်းစသော အာရုံတို့၏အစွမ်းအားဖြင့် ဖြစ်ပေါ်သောဝေဒနာကို သာယာကုန်၍ ဝေဒနာဌ်သာယာမြတ်နိုးခြင်းဖြင့် အဆင်းအစရှိသော အာရုံကို ပေးတတ်ကုန်သော ပန်းချီဆရာ, စောင်းသမား, နံ့သာသည်, စဖို သည်, ရက္ကန်းသည်, ရသာယနဆေးကို စီရင်သောဆေးဆရာ စသည်တို့အား ကြီးကျယ်သော ပေးကမ်းချီးမြှောက်ခြင်းကို ပြုကုန်၏၊ ထို့ကြောင့် အလုံးစုံသောတဏှာကို ဝေဒနာဟူသော အကြောင်းကြောင့်ဖြစ်သည် ဟုသိအပ်၏။

ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

'ဝေဒနာပစ္စယာ တဏှာ'ဟူသော ဤပုဒ်ဌ် ဝိပါက်ဖြစ်သော သုခဝေဒနာ တစ်ပါးတည်းကိုသာလျှင် အလိုရှိအပ်၏၊ ဤဝေဒနာသည် တဏှာအား ပကတူပနိဿယပစ္စည်း တစ်ပါးဖြင့်သာလျှင် ကျေးဇူးပြု၏။

<u>တစ်နည်းကား</u> – ဆင်းရဲရှိသောသူသည် ချမ်းသာကို တောင့်တ၏၊ ချမ်းသာသောသူသည် တိုးဝှ်ချမ်းသာကို အလိုရှိ၏၊ ဥပေက္ခာကိုမူ ငြိမ်သက်သည်၏အဖြစ်ကြောင့် ချမ်းသာသုခ ဟူ၍သာလျှင် ဆိုအပ်၏၊ ဤဝေဒနာ ၃-ပါးတို့သည် တဏှာကို ကျေးဇူးပြုကုန်၏၊

<u>ဆိုလိုရင်း</u> –

(၁) ဆင်းရဲရှိသောသူသည် ချမ်းသာကို တောင့်တ၏= ဒုက္ခဝေဒနာသည် ချမ်းသာသုခကိုတောင့်တသောတဏှာအား

(၂) ချမ်းသာသောသူသည် တိုးဝှ်ချမ်းသာကိုအလိုရှိ၏= သုခဝေဒနာသည် တိုးဝှ်ချမ်းသာခြင်းကိုတောင့်တသောတဏှာအား

(၃) ဥပေက္ခာကိုမူ ငြိမ်သက်သည်၏အဖြစ်ကြောင့် ချမ်းသာသုခဟူ၍သာလျှင် ဆိုအပ်၏= ဥပေက္ခာ ဝေဒနာသည်သုခနှင့် အလားတူသောကြောင့် သုခကဲ့သို့ပင် တောင့်တသောတဏှာအား – ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

<u>ဥပေက္ခာနှင့်သုခ အလားတူပုံ</u>–ဥပေက္ခာသည် ငြိမ်သက်သောသဘောရှိသောကြောင့် သုခနှင့် အလားတူပါသည်။

ဝေဒနာ ဟူသောအကြောင်းကြောင့် တဏှာဖြစ်ကြားသော်လည်း အနုသယနှင့်ကင်း၍ မဖြစ်နိုင်ပေ

ဝေဒနာကြောင့် တဏှာဖြစ်ရာ၌ ခန္ဓာအစဉ်ဝယ် အနုသယဓာတ်အဖြစ် ကိန်းဝပ်နေသော တဏှာရှိသူသန္တာန်၌သာ ဝေဒနာကြောင့် ပရိယုဋ္ဌာနတဏှာ= စိတ်အစဉ်ဝယ် ဥပါဒ် ဌီ ဘင် အနေအားဖြင့် ထကြွ ဖြစ်ပေါ်လာသောတဏှာ ဖြစ်နိုင်၏၊ ထို့ကြောင့် မဂ္ဂဇြဟ္မစရိယ ခေါ် အကျင့်မြတ်ကို ကျင့်သုံးပြီးသော, မကောင်းမှု အကုသိလ်မှန်သမျှကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဝေဒနာကြောင့် တဏှာ မဖြစ်နိုင်တော့ပေ။

www.dhammadownload.com

တဏှာပစ္စယာ ဥပါဒါနံ-ပုဒ်၌ အကျယ်ပြဆိုချက်

ပြင်းစွာ စွဲမြဲစွာ ယူတတ်သော သဘောတရားတို့သည် ဥပါဒါန် မည်၏၊ ထိုဥပါဒါန်တို့သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဟု ၄-မျိုးရှိ၏။

၁။ ဥပါဒါန် ၄-ပါး အနက်အားဖြင့်

ကာမုပါဒါန် = ဝတ္ထုဟုဆိုအပ်သော လိုချင်ဖွယ်ကာမဂုဏ်ကို စွဲလမ်းတတ်သောကြောင့် ကာမုပါဒါန် မည်၏၊
= (တစ်နည်း) နှစ်သက်လိုချင်တတ်သောကြောင့် ကာမလည်း မည်၏၊ ထိုကာမသည် မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် ဥပါဒါန်လည်း မည်၏၊ ထို ၂-ပါးသော အကြောင်းကြောင့် ကာမုပါဒါန် မည်၏။

ဒိဋ္ဌုပါဒါန် = မှားယွင်းသောအယူကို မြဲမြံစွာစွဲလမ်းတတ်သောကြောင့် ဒိဋ္ဌုပါဒါန် မည်၏၊
= (တစ်နည်း) မှားယွင်းစွာ မြင်သောကြောင့် ဒိဋ္ဌိလည်း မည်၏၊
ထို ဒိဋ္ဌိသည် မြဲမြံစွာစွဲလမ်းတတ်သောကြောင့် ဥပါဒါန်လည်း မည်၏၊
ထို ၂-ပါးသောအကြောင်းကြောင့် ဒိဋ္ဌုပါဒါန် မည်၏။

သီလဗ္ဗတုပါဒါန် = အလေ့အကျင့်ကို မြဲမြံစွာစွဲလမ်းတတ်သောကြောင့် သီလဗ္ဗတုပါဒါန်မည်၏၊
= (တစ်နည်း) ထိုသဘောသည် သီလဗ္ဗတလည်း ဟုတ်၏၊ ဥပါဒါန်လည်း ဟုတ်၏၊
ထို ၂-ပါးသောအကြောင်းကြောင့် သီလဗ္ဗတုပါဒါန် မည်၏၊

အတ္တဝါဒုပါဒါန် = အတ္တဟုဆိုသော ဝါဒမျှသည်ပင် အတ္တ ဟု မြဲမြံစွာစွဲလမ်းကြောင်း ဖြစ်သောကြောင့် အတ္တ-ဝါဒုပါဒါန် မည်၏၊
= (တစ်နည်း) မြဲမြံစွာစွဲလမ်းကြောင်းဖြစ်သောကြောင့် ဥပါဒါန် မည်၏၊
အဘယ်ကိုစွဲလမ်းကုန်သနည်းဟူမူ - အတ္တကို ဆိုကုန် စွဲလမ်းကုန်၏၊
ထို့ကြောင့် အတ္တကို ဆိုကြောင်း စွဲလမ်းကြောင်းသဘောသည် အတ္တဝါဒုပါဒါန် မည်၏။

~ ~ ~ ~ ~ ~ ~ ~

၂။ ဥပါဒါန် ၄-ပါး အကျဉ်းအကျယ်အားဖြင့်

<u>ဥပါဒါန် ၄-ပါးအကျဉ်းအားဖြင့်</u>

ကာမုပါဒါန်သည် အကျဉ်းအားဖြင့်

"ကာမဂုဏ်တို့၌ အကြင်သို့သော ကာမစ္ဆန္ဒသည်, ကာမရာဂသည်, ကာမနန္ဒီသည်, ကာမတဏှာသည်, ကာမအစေးသည်, ကာမအပူသည်, ကာမဟူသောတွေဝေခြင်းသည်, ကာမဟူသောမျိုသိမ်းခြင်းသည် ကာမုပါဒါန် ဟု ဆိုအပ်၏"ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူသောကြောင့် ကာမုပါဒါန်ဟူသည်မှာ အကျဉ်းအားဖြင့် တဏှာ၏ မြဲမြံသည်၏အဖြစ် (တဏှာဒဠှတ္တ)ကို ဆိုလိုသည်၊ လောဘစေတသိက်ကို အရကောက်ရ၏။

တဏှာ၏ မြဲမြံသည်၏အဖြစ် (တဏှာဒဠှတ္တ)ဟူသည် ရှေးတဏှာဟူသော ဥပနိဿယပစ္စည်းကြောင့် မြဲမြံစွာဖြစ်သော နောက်တဏှာကို ဆိုလို၏။

<u>တဏှာ နှင့် ဥပါဒါန်အထူး</u>(အချို့ဆရာတို့အလို)

(က) - မရောက်သေး မရသေးသော အာရုံကို တောင့်တခြင်းသည် တဏှာ မည်၏။
ဥပမာ - မှောင်မိုက်ထဲ၌ ခိုးသူ၏ ခိုးယူရန် လက်ကိုဆန့်တန်းခြင်းနှင့် တူ၏။

www.dhammadownload.com

– ရောက်အပ် ရအပ်ပြီးသော အာရုံကို ဆုပ်ကိုင်ခြင်း စွဲလမ်းခြင်းသည် ဥပါဒါန် မည်၏။
ဥပမာ – ထိုခိုးသူ၏ ခိုးယူလိုသော ပစ္စည်းကို ဆုပ်ကိုင်မိခြင်းနှင့် တူ၏။

(ခ) – တဏှာသည် အလိုနည်းခြင်း၏ ဆန့်ကျင်ဘက်
– ဥပါဒါန်သည် ရောင့်ရဲလွယ်ခြင်း၏ ဆန့်ကျင်ဘက်

(ဂ) – တဏှာသည် ရှာမှီးခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်း ဖြစ်သည်။
– ဥပါဒါန်သည် စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်း ဖြစ်သည်။

ကြွင်းဥပါဒါန်(၃)ပါးသည် အကျဉ်းအားဖြင့် ဒိဋ္ဌိမျှသာလျှင်တည်း။

<u>ဥပါဒါန် ၄–ပါး အကျယ်အားဖြင့်</u>

ကာမုပါဒါန်သည် အကျယ်အားဖြင့်

ရူပါရုံ စသည်တို့၏အစွမ်းဖြင့် ဆိုခဲ့သော ၁၀၈–ပါးသောတဏှာ၏ မြဲမြံသည်၏အဖြစ်သည် ကာမုပါဒါန် မည်၏။

ဒိဋ္ဌုပါဒါန်သည် အကျယ်အားဖြင့်

၁၀–ပါးသော အကြောင်းဝတ္ထုရှိသော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိတို့၌ မြဲမြံစွာစွဲလမ်းခြင်း သဘောသည် ဒိဋ္ဌုပါဒါန် မည်၏၊ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိတို့မှာ–

(၁) ပေးလှူခြင်းသည် အကျိုးမရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၂) ယဇ်ပူဇော်ခြင်း–အကြီးအကျယ်ပေးလှူခြင်းသည် အကျိုးမရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၃) ဟုန်းပူဇော်ခြင်း–အနည်းငယ်ကျွေးမွေးပေးကမ်းခြင်းသည် အကျိုးမရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၄) ကောင်းမှုကံမကောင်းမှုကံတို့၏အကျိုးဝိပါက်သည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၅) ဤမျက်မှောက်လောကသည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၆) တစ်ပါးသောမျက်ကွယ်လောကသည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၇) အမိ၌ ပြုစုခြင်းပြစ်မှားခြင်း၏အကျိုးသည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၈) အဖ၌ ပြုစုခြင်းပြစ်မှားခြင်း၏အကျိုးသည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၉) ကိုယ်ထင်ရှားဖြစ်သော ဥပပါတိကသတ္တဝါတို့သည် မရှိကြ ဟု မှားယွင်းစွာ ယူဆခြင်း၊
(၁၀) ဤ မျက်မှောက်လောကကို လည်းကောင်း၊ တစ်ပါးသော မျက်ကွယ်လောကကို လည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုဟောကြားနိုင်ကုန်သော ရဟန်းသူမြတ်တို့သည် မရှိ ဟု မှားယွင်းစွာ ယူဆခြင်း။

သီလဗ္ဗတုပါဒါန်သည် အကျယ်အားဖြင့်

အလေ့အကျင့်တို့ဖြင့် စင်ကြယ်ခြင်းဖြစ်သည် ဟု မှားယွင်းစွာသုံးသပ်ခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။ မြတ်စွာဘုရားဟောတော်မူပုံမှာ 'သီလ–အလေ့ဖြင့် စင်ကြယ်၏၊ ဝတ– အကျင့်ဖြင့် စင်ကြယ်၏၊ သီလဗ္ဗတ–အလေ့အကျင့်ဖြင့် စင်ကြယ်၏ ဟူ၍ ဤသို့သဘောရှိသော အကြင်အယူသည် ။ ပ ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် ယူခြင်းသည် ရှိ၏၊ ဤသဘောကို သီလဗ္ဗတုပါဒါန် ဟု ဆိုအပ်၏' ဟူ၍ပင်တည်း။

www.dhammadownload.com

အတ္တဝါဒုပါဒါန်သည် အကျယ်အားဖြင့်

၂၀-သောအကြောင်းဝတ္ထုရှိသော သက္ကာယဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။

မြတ်စွာဘုရားဟောတော်မူပုံမှာ 'ဤလောက၌ အကြားအမြင်မရှိသောပုထုဇဉ်သည် ။ပ။ သူတော်ကောင်းတို့၏တရား၌ မဆုံးမအပ်သေးသည်ဖြစ်၍ ရုပ်ကိုအတ္တဟု ရှု၏၊ အတ္တမှာ ရုပ်ရှိသည်ဟု ရှု၏၊ အတ္တ၌ ရုပ်တည်သည်ဟု ရှု၏၊ ရုပ်၌ အတ္တတည်သည်ဟု ရှု၏၊ ဝေဒနာကို---။ပ။ သညာကို--။ပ။ သင်္ခါရတို့ကို---။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တမှာ ဝိညာဏ်ရှိသည်ဟု ရှု၏၊ အတ္တ၌ ဝိညာဏ်တည်သည်ဟု ရှု၏၊ ဝိညာဏ်၌ အတ္တတည်သည်ဟု ရှု၏။ ဤသို့သဘောရှိသော အကြင်အယူသည် ။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်ယူခြင်းသည် ရှိ၏၊ ဤသဘောကို အတ္တဝါဒုပါဒါန် ဟု ဆိုအပ်၏" ဟူ၍ပင်တည်း။

~ ~ ~ ~ ~ ~ ~ ~

၃။ ဥပါဒါန် ၄-ပါး အစဉ်အားဖြင့်

(၁) ဖြစ်စဉ် (ဥပတ္တိက္ကမ)

ဉာဏ်ဖြင့် အစဉ်လျှောက်၍ကြည့်သော် အစမထင်သော သံသရာ၌ 'ဤဥပါဒါန်က ရှေးဦးစွာဖြစ်သည်' ဟု ဆိုနိုင်ဖွယ်မရှိခြင်းကြောင့် ကိလေသာတို့၏ ဖြစ်စဉ်ကို မုချအားဖြင့် မဆိုအပ်ပေ။

ပရိယာယ်အားဖြင့်မူကား အများအားဖြင့် တစ်ခုသောဘဝ၌ အတ္တဟုစွဲလမ်းခြင်းလျှင်ရှေ့သွားရှိသောကြောင့် အတ္တဝါဒုပါဒါန်သည် ရှေးဦးစွာဖြစ်၏။

ထို့နောက် အတ္တဝါဒုပါဒါန်ရှေ့သွားရှိသော မြဲသည်ဟူ၍သော်လည်းကောင်း၊ ပြတ်စဲသည်ဟူ၍သော်လည်းကောင်း မြဲမြံစွာနှလုံးသွင်းခြင်းကြောင့် ဒိဋ္ဌုပါဒါန်သည် ဖြစ်၏။

ထို့နောက် 'ဤအတ္တသည်တည်မြဲ၏'ဟုယူသောသူအား အတ္တ၏စင်ကြယ်ခြင်းအကျိုးငှာ သီလဗ္ဗတုပါဒါန်သည်ဖြစ်၏။

ထို့နောက် 'ဤအတ္တသည် ပြတ်စဲ၏'ဟုယူသောသူအား တမလွန်လောကကို ငဲ့ခြင်းမရှိသည်ဖြစ်၍ ကာမုပါဒါန်သည် ဖြစ်၏။

ဤသို့အားဖြင့် ရှေးဦးစွာအတ္တဝါဒုပါဒါန်၊ ထို့နောင် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, ကာမုပါဒါန်တို့ဖြစ်၏၊ ဤသည်ကား ဥပါဒါန် ၄-ပါးတို့၏ တစ်ခုသောဘဝ၌ ဖြစ်စဉ်ပေတည်း။

(၂) ပယ်စဉ် (ပဟာနက္ကမ)

ဒိဋ္ဌုပါဒါန်စသည်တို့ကို ရှေးဦးစွာ ပယ်အပ်ကုန်၏၊ အကြောင်းကား - သောတာပတ္တိမဂ်သည် ပယ်သတ်အပ်သောတရားများ ဖြစ်သောကြောင့်တည်း၊ ကာမုပါဒါန်ကို နောက်မှ ပယ်အပ်၏၊ အကြောင်းကား-အရဟတ္တမဂ်က ပယ်သတ်အပ်သောတရား ဖြစ်သောကြောင့်တည်း။

(၃) ဟောစဉ် (ဒေသနာက္ကမ)

(က) ကာမုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူ၏၊ အကြောင်းမှာ - ကျယ်သောဖြစ်ရာနယ်ပယ်ရှိခြင်း၊ ထင်ရှားခြင်းတို့ကြောင့် ဖြစ်၏။

နယ်ပယ်ကျယ်ဝန်းပုံမှာ- ကာမုပါဒါန်သည် လောဘမူစိတ် ၈-ပါး၌ ယှဉ်သောကြောင့် ဖြစ်ရာနယ်ပယ်ကျယ်၏၊ ကြွင်းသောဥပါဒါန်တို့သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌သာ ယှဉ်သောကြောင့် ဖြစ်ရာနယ်ပယ် ကျဉ်း၏။

ထင်ရှားပုံမှာ- အများအားဖြင့် သတ္တဝါအပေါင်းသည် ဥပါဒါနက္ခန္ဓာငါးပါးဟူသော တွယ်တာစရာအာရုံတို့၌ မွေ့လျော်တတ်သောကြောင့် ကာမုပါဒါန်သည် ထင်ရှား၏၊ ဤမှတစ်ပါးသော ဥပါဒါန်တို့သည် မထင်ရှားကုန်။

www.dhammadownload.com

(ခ) ထို့နောက် ဒိဋ္ဌပါဒါန်ကို ဟောတော်မူ၏၊ ကာမုပါဒါန်ရှိသောပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုရခြင်းငှာ ကောတူဟလမင်္ဂလာစသည်၌ လေ့လာခြင်းများ၏၊ ထို ကောတူဟလမင်္ဂလာစသည်၌ လေ့လာခြင်းသည် မှားသောအယူ ဖြစ်၏၊ ထို့ကြောင့် ကာမုပါဒါန်၏ အခြားမဲ့၌ ဒိဋ္ဌပါဒါန်ကို ဟောတော်မူ၏။

(ဂ) ထို့နောက် သီလဗ္ဗတုပါဒါန်ကို ဟောတော်မူ၏၊ ဒိဋ္ဌပါဒါန်သည် သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ အစွမ်းဖြင့် ၂-ပါးပြား၏၊ ထို ၂-ပါးတို့တွင် နွား၏အမူအရာကိုသော်လည်းကောင်း၊ ခွေး၏အမူအရာကို သော်လည်းကောင်း မြင်၍သော်လည်း သိနိုင်၏၊ ရှုန့်ရင်းပေါ်လွင်၏၊ ထို့ကြောင့် သီလဗ္ဗတုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူ၏။

(ဃ) သိမ်မွေ့သောကြောင့် အဆုံး၌ အတ္တဝါဒုပါဒါန်ကို ဟောတော်မူ၏။

ပဋ္ဌာန်းပစ္စယသဘင်္ဂဖြင့် ကျေးဇူးပြုပုံ

တဏှာသည်-

ကာမုပါဒါန်အား ပကတူပနိဿယပစ္စည်း ၁-ပါးဖြင့်သာ ကျေးဇူးပြု၏၊

ကြွင်းဥပါဒါန် ၃-ပါးအား ၇-ပစ္စည်း(သဟ, အညမညံ, နိ, သမ်, အတ္ထိ, အဝိဂတ, ဟေ) ဖြင့်သော်လည်းကောင်း၊

၁-ပစ္စည်း (ဥပနိဿယပစ္စည်း)ဖြင့်သော်လည်းကောင်း ကျေးဇူးပြု၏။



ဥပါဒါနပစ္စယာ ဘဝေါ-ပုဒ်၌ အကျယ်ပြဆို်ချက်

သဒ္ဒါအနက်အားဖြင့်

ဖြစ်တတ်သောသဘောတရားသည် ဘဝမည်၏၊ ထိုဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင်-(၁) ကံသည်ပင်လျှင် ဘဝ မည်၏၊ ထို့ကြောင့် ကမ္မဘဝ မည်၏၊

(၂) ကပ်၍ဖြစ်ခြင်း(ဥပပတ္တိ)သည်ပင်လျှင် ဘဝ မည်၏၊ ထို့ကြောင့် ဥပပတ္တိဘဝ မည်၏။

ဆက်ဦးအံ့ - ထိုဘဝနှစ်ပါးတို့တွင်

၁။ ဥပပတ္တိသည် ဖြစ်တတ်သောအနက်သဘောကြောင့် ဘဝ ဟူသော အမည်ကို ရ၏။

ဆိုလိုချက်။ ။ ဥပပတ္တိ (ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်)သည် ကံကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားများဖြစ်သောကြောင့် ယင်းအကျိုးတရားတို့ကိုပင် ဖြစ်တတ်သောအနက်သဘောကြောင့် ဘဝ-ဟူသောအမည်ကို ယူ၍ ဥပပတ္တိဘဝဟု ခေါ်ဆိုခြင်းဖြစ်သည်။

၂။ "ဘုရားရှင်တို့ ပွင့်တော်မူခြင်းသည် ချမ်းသာ၏" ဟူသော စကားရပ်၌ ဘုရားရှင်တို့ ပွင့်တော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်သောကြောင့် အကျိုးဖြစ်သော ချမ်းသာခြင်းဟူသောအမည်ကို အကြောင်းဖြစ်သော ဘုရားရှင်တို့ပွင့်တော်မူခြင်း၌တင်စား၍ "ဘုရားရှင်တို့ပွင့်တော်မူခြင်းသည် ချမ်းသာ၏"ဟု ဟောအပ်သကဲ့သို့- ထို့အတူ ကံသည် ဥပပတ္တိဘဝ၏အကြောင်းဖြစ်သောကြောင့် အကျိုးဖြစ်သောဥပပတ္တိဘဝ၏ 'ဘဝ' ဟူသောအမည်ကို အကြောင်းဖြစ်သောကံ၌ တင်စား၍ ဖလူပစာရနည်းဖြင့် 'ဘဝ' ဟု ခေါ်ဆိုခြင်းဖြစ်၏၊ ထို့ကြောင့် ကံသည် ဘဝဟူသော အမည်ကို ရရှိခြင်းဖြစ်၏။

www.dhammadownload.com

သဘောတရားအားဖြင့် (တရားကိုယ်အားဖြင့်)

(၁) ကမ္မဘဝ – စေတနာသည်လည်းကောင်း၊ စေတနာနှင့်ယှဉ်သော အဘိဇ္ဈာအစရှိကုန်သော ကံဟု ဆိုအပ်သော တရားတို့သည်လည်းကောင်း ကမ္မဘဝ မည်၏၊

မြတ်စွာဘုရားဟောတော်မူပုံမှာ–"ထို ၂-ပါးသောတရားတို့တွင် ကမ္မဘဝဟူသည်အဘယ်နည်း? ပရိတ္တဘူမကလည်းဖြစ်သော, မဟာဘူမကလည်းဖြစ်သော ပုညာဘိသင်္ခါရသည်လည်းကောင်း၊ အပုညာဘိသင်္ခါရသည်လည်းကောင်း၊ အာနေဉ္ဇာဘိသင်္ခါရသည်လည်းကောင်း ရှိ၏၊ ဤ သင်္ခါရ ၃-ပါးအပေါင်းကို ကမ္မဘဝဟု ခေါ်ဆိုအပ်၏၊ အလုံးစုံလည်းဖြစ်သော ဘဝသို့ရောက်စေတတ်သောကံ (ဘဝဂါမိကံ)ကို ကမ္မဘဝ ဟု ခေါ်ဆိုအပ်၏" ဟူ၍ပင်တည်း။

ဤ ဘုရားစကားတော်၌ လာသော–

ပရိတ္တဘူမကကံ ဟူသည် – ကာမာဝစရကုသိုလ်စေတနာ ၈-ပါး၊ အကုသိုလ်စေတနာ ၁၂-ပါး အားဖြင့် စေတနာ ၂၀တို့သည် ကာမာဝစရဘုံ၌အကျုံးဝင်သော ကံများဖြစ်သောကြောင့် ပရိတ္တဘူမကကံ မည်၏။

မဟာဘူမကကံ ဟူသည် – ရူပါဝစရကုသိုလ်စေတနာ ၅-ပါး၊ အရူပါဝစရကုသိုလ်စေတနာ ၄-ပါး အားဖြင့် စေတနာ ၉-ပါးတို့သည် မဟဂ္ဂတ်ဘုံ၌ အကျုံးဝင်သောကံများဖြစ်သောကြောင့် မဟာဘူမကကံ မည်၏။

ဘဝဂါမိကံ ဟူသည် – အလုံးစုံသော ကုသိုလ်, အကုသိုလ်စေတနာ၊ ထိုစေတနာနှင့်ယှဉ်သော အဘိဇ္ဈာအစရှိကုန်သောတရားတို့သည် ထိုထိုဘဝအားလုံးသို့ရောက်စေတတ်, သွားစေတတ်သော ဝဋ္ဋနိဿိတကံများ ဖြစ်သောကြောင့် ဘဝဂါမိကံ မည်၏။

(၂) ဥပပတ္တိဘဝသည် အကျဉ်းအားဖြင့် ကံကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ ဖြစ်၏၊ အကျယ်အားဖြင့် ဘဝကြီး ၉-ပါး ဖြစ်၏၊ ထိုဘဝကြီး ၉-ပါးတို့မှာ –

၁. ကာမဘဝ = ကာမဝိပါက်စိတ် ၂၃၊ ဝိရတီ, အပ္ပကြဉ်စေ ၃၃၊ ကမ္မဇရုပ် ၂၀

၂. ရူပဘဝ = ရူပဝိပါက်စိတ် ၅၊ စက်ဒွေး၊ သောဒွေး၊ သံ ၂၊ တီ ၃၊ စေ ၃၅၊ (ဘဝရုပ်–၂, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒကြဉ်) ကမ္မဇရုပ် ၁၅

၃. အရူပဘဝ = အရူပဝိပါက်စိတ် ၄၊ စေ ၃၀

၄. သညာဘဝ = (နေဝ ဝိပါက်စိတ် ၁-ပါးကြဉ်) လောကီဝိပါက်စိတ် ၃၁၊ စေ ၃၅၊ ကမ္မဇရုပ် ၂၀

၅. အသညာဘဝ = ဇီဝိတနဝက ကလာပ်ရုပ် ၉-ပါး

၆. နေဝသညာနာသညာဘဝ = နေဝ ဝိပါက်စိတ် ၁-ပါး၊ စေ ၃၀

၇. ဧကဝေါကာရဘဝ အရ ဇီဝိတနဝက ကလာပ်ရုပ် ၉-ပါး

၈. စတုဝေါကာရဘဝ အရ အရူပဝိပါက်စိတ် ၄၊ စေ ၃၀

၉. ပဉ္စဝေါကာရဘဝ အရ ကာမဝိပါက်စိတ် ၂၃၊ ရူပဝိပါက်စိတ် ၅၊ စေ ၃၅၊ ကမ္မဇရုပ် ၂၀

~ ~ ~ ~ ~ ~ ~ ~

ရှေးဦး 'သင်္ခါရ' ကို ဟောပြီး ဖြစ်ပါလျက် 'ဘဝ' ကို တစ်ဖန်ထပ်၍ ဟောခြင်း၏ အကျိုးရှိပုံ

ဘဝကိုအကျယ်ပြရာ ဤဘဝနိဒ္ဒေသ၌ ပုညာဘိသင်္ခါရ စသည်တို့ကို ဟောတော်မူသကဲ့သို့ ထို့အတူပင် ရှေ့သင်္ခါရကိုအကျယ်ပြရာ သင်္ခါရနိဒ္ဒေသ၌လည်း ပုညာဘိသင်္ခါရ စသည်တို့ကို ဟောခဲ့၏၊ ထိုသို့ သင်္ခါရကို ဟောပြီး ဖြစ်ပါလျက် ဘဝကို တစ်ဖန်ထပ်၍ ဟောခြင်းသည် အကျိုးရှိသည်သာတည်း၊ အကျိုးရှိပုံမှာ–

ရှေးသင်္ခါရနိဒ္ဒေသ၌ သင်္ခါရကို ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သောကြောင့် အတိတ်က၏ အစွမ်းအားဖြင့်ဟောခြင်း ဖြစ်၏၊ ဤ ဘဝနိဒ္ဒေသ၌ သင်္ခါရကို နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သောကြောင့် ပစ္စုပ္ပန်ကံ၏အစွမ်းအားဖြင့်ဟောခြင်း ဖြစ်၏။

www.dhammadownload.com

တစ်နည်း– ရှေးသခ်ါရနိဒ္ဒေသဌ္ဌ စေတနာကိုသာလျှင် သခ်ါရ ဟု ဟောအ်ပ်၏၊ နောက် ဘဝနိဒ္ဒေသဌ္ဌကား စေတနာသာမက, စေတနာနှင့်ယှဉ်သော တရားတို့ကိုလည်း သခ်ါရ ဟုဟောအ်ပ်၏။

တစ်နည်း– ရှေးသခ်ါရနိဒ္ဒေသဌ္ဌ ဝိညာဏ်၏အကြောင်းသာလျှင်ဖြစ်သောကံကိုသာ သခ်ါရဟု ဟောအ်ပ်၏၊ နောက်ဘဝနိဒ္ဒေသဌ္ဌကား အသညာဘဝကို ဖြစ်စေတတ်သောကံကိုလည်း ဟောအ်ပ်၏။

တစ်နည်း– 'အဝိဇ္ဇာပစ္စယာ သခ်ါရာ' ပုဒ်၌ ပုညာဘိသခ်ါရစသော ကုသိုလ်, အကုသိုလ်တရားတို့ကိုသာ ဟောအ်ပ်၏၊ 'ဥပါဒါနပစ္စယာ ဘဝေါ' ပုဒ်၌ ပုညာဘိသခ်ါရစသော ကုသိုလ်, အကုသိုလ်တရားတို့ကိုသာမက ဥပပတ္တိဘဝကိုလည်း သိမ်းယူသောကြောင့် အဗျာကတတရားကိုပါ ဟောအ်ပ်၏။

~ ~ ~ ~ ~ ~ ~ ~

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝကို ရေတွက်ပုံ

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝကို ဝေဖန်ခွဲခြမ်းခြင်းအားဖြင့် ရေတွက်ပုံ

ကာမုပါဒါန်ဟူသော အကြောင်းကြောင့်

(က) ကာမဘဝကို ဖြစ်စေတတ်သောကံကို ပြုလုပ်၏၊ ထိုကံသည် ကမ္မဘဝ မည်၏၊ ထို ကမ္မဘဝကြောင့် ဖြစ်ကုန်သောခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏ – ထို့ကြောင့် ၂-ပါးသော ကာမဘဝ (ကာမကမ္မဘဝနှင့် ကာမဥပပတ္တိဘဝ)တို့ ဖြစ်၏၊ ဤ ၂-ပါးသည် တိုက်ရိုက်ဘဝ ဖြစ်၏။

ထို ကာမဘဝအတွင်း၌ အကျုံးဝင်သောဘဝတို့မှာ – သညာဘဝ, ပဉ္စဝေါကာရဘဝ တို့ဖြစ်၏။

(ခ) ရူပဘဝကို ဖြစ်စေတတ်သောကံကို ပြုလုပ်၏၊ ထိုကံသည် ကမ္မဘဝ မည်၏၊ ထို ကမ္မဘဝကြောင့် ဖြစ်ကုန်သောခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏ – ထို့ကြောင့် ၂-ပါးသော ရူပဘဝ (ရူပကမ္မဘဝနှင့် ရူပဥပပတ္တိဘဝ)တို့ ဖြစ်၏၊ ဤ ၂-ပါးသည် တိုက်ရိုက်ဘဝဖြစ်၏။

ထို ရူပဘဝအတွင်း၌ အကျုံးဝင်သောဘဝတို့မှာ– သညာဘဝ, အသညာဘဝ၊ ဧကဝေါကာရဘဝ, ပဉ္စဝေါကာရဘဝတို့ ဖြစ်၏။

(ဂ) အရူပဘဝကို ဖြစ်စေတတ်သောကံကို ပြုလုပ်၏၊ ထိုကံသည် ကမ္မဘဝ မည်၏၊ ထို ကမ္မဘဝကြောင့် ဖြစ်ကုန်သောခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏– ထို့ကြောင့် ၂-ပါးသော အရူပဘဝ (အရူပကမ္မဘဝနှင့် အရူပဥပပတ္တိဘဝ)တို့ ဖြစ်၏၊ ဤ ၂-ပါးသည် တိုက်ရိုက်ဘဝဖြစ်၏။

ထို အရူပဘဝအတွင်း၌ အကျုံးဝင်သောဘဝတို့မှာ – သညာဘဝ, နေဝသညာဘဝ၊ စတုဝေါကာရဘဝတို့ ဖြစ်၏။

ဤသို့လျှင် ကာမုပါဒါန်ဟူသောအကြောင်းကြောင့် ကာမဘဝ ၂-ပါး၊ ရူပဘဝ ၂-ပါး၊ အရူပဘဝ ၂-ပါး အားဖြင့် (အတွင်းဝင်ကုန်သော ဘဝတို့နှင့်တကွ) ဘဝ ၆-ပါးတို့ ဖြစ်ကုန်၏။

ထို့အတူ ကြွင်းသောဥပါဒါန် ၃-ပါး ဟူသော အကြောင်းကြောင့်လည်း (အတွင်းဝင်ကုန်သော ဘဝတို့နှင့်တကွ) ဘဝ ၆-ပါးတို့ ဖြစ်ကုန်၏။

∴ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဝေဖန်ခွဲခြမ်းသောအားဖြင့် (အတွင်းဝင်ကုန်သောဘဝတို့နှင့်တကွ) ၂၄-ပါးသောဘဝ (ဥပါဒါန် ၄ × ဘဝ ၆-ပါးစီ = ၂၄)တို့သည် ဖြစ်ကုန်၏။

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝကို အကျဉ်းချုံးသောအားဖြင့် ရေတွက်ပုံ

ကာမုပါဒါန်ဟူသောအကြောင်းကြောင့်ဖြစ်သော ကမ္မဘဝနှင့်ဥပပတ္တိဘဝကို တစ်ပေါင်းတည်းတစ်ခုတည်း ပြု၍ (အတွင်းဝင်ကုန်သောဘဝတို့နှင့်တကွ)ကာမဘဝတစ်ပါး ဖြစ်၏၊ ရူပဘဝ, အရူပဘဝတို့၌လည်း တစ်ပါးစီသာဖြစ်၏၊ ထို့ကြောင့် ဘဝ ၃-ပါး ဖြစ်၏။

ထို့အတူ ကြွင်းသောဥပါဒါန် ၃-ပါး ဟူသော အကြောင်းကြောင့်လည်း ၃-ပါးစီသော ဘဝတို့ ဖြစ်၏။

∴ ဥပါဒါန်ဟူသောအကြောင်းကြောင့် အကျဉ်းချုံးသောအားဖြင့် (အတွင်းဝင်ကုန်သောဘဝတို့နှင့်တကွ) ၁၂-ပါးသောဘဝ (ဥပါဒါန် ၄ × ဘဝ ၃ = ၁၂) တို့သည် ဖြစ်ကုန်၏။

www.dhammadownload.com

တစ်နည်းအားဖြင့် ရေတွက်ပုံ

- ကမ္မဘဝ,ဥပပတ္တိဘဝ ဟု မခွဲဘဲ အတွင်းဝင်သောဘဝတို့နှင့်တကွ ကာမဘဝစသည်တို့၏ အစွမ်းအားဖြင့် ဘဝတို့သည် **၃-ပါး** ဖြစ်ကုန်၏။
- ကာမဘဝစသည်ဟုလည်း မခွဲဘဲ ကမ္မဘဝ, ဥပပတ္တိဘဝတို့၏အစွမ်းအားဖြင့် ဘဝတို့သည် **၂-ပါး** ဖြစ်ကုန်၏။
- ကမ္မဘဝ, ဥပပတ္တိဘဝ ဟု မခွဲဘဲ 'ဥပါဒါန်ဟူသော အကြောင်းကြောင့်ဖြစ်သောဘဝ' ဟူသော ဘဝ၏ အစွမ်းအားဖြင့် ဘဝသည် **၁-ပါး**တည်းသာ ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

အဘယ်ဥပါဒါန်ကြောင့် အဘယ်ဘဝဖြစ်သနည်း?

အဖြေကား - အမှတ်မရှိတစ်စုံတစ်ခုသော ဥပါဒါန်သည် အမှတ်မရှိတစ်စုံတစ်ခုသော ဘဝ၏အကြောင်းဖြစ်သည်သာလျှင်တည်း၊ မှန်ပေ၏၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် အရူးနှင့်တူ၏၊ ထို ပုထုဇဉ်ပုဂ္ဂိုလ်သည် "ဤအမှုသည် သင့်၏၊ ဤအမှုသည်မသင့်" ဟု မစူးစမ်းမဆင်ခြင်မူ၍ အမှတ်မရှိ တစ်စုံတစ်ခုသောဥပါဒါန်၏အစွမ်းအားဖြင့် အမှတ်မရှိ တစ်စုံတစ်ခုသော ဘဝကိုတောင့်တ၍ အမှတ်မရှိတစ်စုံတစ်ခုသောအမှုကို ပြုတတ်ပေသည်။

ထို့ကြောင့် အချို့သောဆရာတို့ပြောသော "သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘဝ အရူပဘဝတို့ မဖြစ်ကုန်" ဟူသော စကားကို မယူအပ်ပေ၊ အမှန်အားဖြင့်မူ "အလုံးစုံသောဥပါဒါန်ကြောင့် အလုံးစုံသောဘဝဖြစ်နိုင်သည်" ဟု ယူအပ်၏။

ဖြစ်နိုင်ပုံအကျယ်ကား-

ကာမုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

(က) ကာမုပါဒါန်ကြောင့် ကာမဘဝ(ဒုဂ္ဂတိဘဝ)ဖြစ်ပုံ

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် တဆင့်ကြား၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ တွေ့မြင်ဖူးသည်ကိုအစဉ်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ "ဤကာမဂုဏ်တို့မည်သည် လူ့လောကဝယ် မင်းမျိုးစသည် တို့၌လည်းကောင်း, နတ်ပြည်တို့၌လည်းကောင်း ပြည့်စုံ၏" ဟု ကြံစည်ပြီးလျှင် ထိုကာမဂုဏ်တို့ကိုရခြင်းအကျိုးငှာ မသူတော်တရားကိုကြားနာခြင်း စသည်တို့က လှည့်စားအပ်သည် ဖြစ်၍ ဤအမှုဖြင့် ကာမဂုဏ်တို့သည် ပြည့်စုံကုန်၏ဟု ထင်မှတ်သည်ဖြစ်၍ ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယဒုစရိုက်စသည်တို့ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်၏။

တစ်နည်းအားဖြင့်မူ မျက်မှောက်တွေ့မြင်အပ်သော ကာမဂုဏ်တို့ကို တောင့်တသည်ဖြစ်၍သော်လည်းကောင်း၊ ရအပ်ပြီးသောကာမဂုဏ်တို့ကို စောင့်ရှောက်သည်ဖြစ်၍သော်လည်းကောင်း၊ ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယဒုစရိုက် စသည်တို့ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် အပါယ်ဘုံ၌ ဖြစ်၏။

ထိုပုဂ္ဂိုလ်၏ ဒုစရိုက်အကုသိုလ်ကံသည် ကမ္မဘဝ မည်၏၊ ထိုကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ သညာဘဝ, ပဋိသေန္ဓိကာရဘဝ တို့သည်ကား (ဒုစရိုက်ကြောင့်ဖြစ်သော အပါယ်ကာမဘဝ၌) အကျုံးဝင်သောဘဝတို့ ပေတည်း။

(ခ) ကာမုပါဒါန်ကြောင့် ကာမဘဝ(သုဂတိဘဝ)ဖြစ်ပုံ

အချို့သောပုဂ္ဂိုလ်သည်ကား သူတော်ကောင်းတရားကိုကြားနာခြင်း စသည်တို့က ပွါးစေအပ်သော အသိဉာဏ်ရှိသည်ဖြစ်၍ "ဤအမှုအားဖြင့် ကာမဂုဏ်တို့သည်ပြည့်စုံကုန်၏" ဟု ထင်မှတ်လျက် ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယသုစရိုက် စသည်တို့ကို ပြု၏၊ ထို ပုဂ္ဂိုလ်သည် နတ်, လူ ဖြစ်၏။

ထိုပုဂ္ဂိုလ်၏ သုစရိုက်ကုသိုလ်ကံသည် ကမ္မဘဝ, ကံကြောင့်ဖြစ်ကုန်သောခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ (သညာဘဝ, ပဋိသေန္ဓိကာရဘဝ = အတွင်းဝင်သောဘဝ)

www.dhammadownload.com

(ဂ) ကာမုပါဒါန်ကြောင့် ရူပ, အရူပဘဝဖြစ်ပုံ

အချို့သောပုဂ္ဂိုလ်သည် "ကာမဂုဏ်တို့သည် ရူပဘဝ အရူပဘဝတို့၌ ထိုကာမဘဝထက်သာ၍ ပြည့်စုံကုန်၏" ဟူ၍ ကြားဖူး၍သော်လည်းကောင်း၊ ကြံဆ၍သော်လည်းကောင်း ကာမုပါဒါန်၏အစွမ်းဖြင့်သာလျှင် ရူပ အရူပသမာပတ်တို့ကို ဖြစ်စေ၍၊ ထိုသမာပတ်၏အစွမ်းဖြင့် ရူပ အရူပဗြဟ္မာလောကဒွ် ဖြစ်၏။

ထိုပုဂ္ဂိုလ်၏ သမာပတ်ကံသည် ကမ္မဘဝ, ထိုကံကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ (သညာဘဝ, အသညာဘဝ, နေဝသညာဘဝ, ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဘဝ=အတွင်းဝင်သောဘဝ)

ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အခြားတစ်ပါးသောပုဂ္ဂိုလ်သည် "ဤအတ္တမည်သည် ပြည့်စုံချမ်းသာသော ကာမသုဂတိဘဝ၌သော်လည်းကောင်း၊ ရူပ အရူပဘဝတို့တွင် တစ်ပါးပါး၌သော်လည်းကောင်း၊ သေ၍ပြတ်လျှင် ကောင်းစွာပြတ်သည်" ဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၍၊ ထို ကာမသုဂတိဘဝ ရူပ အရူပဘဝသို့ ရောက်စေတတ်သော ကံကို ပြုလုပ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝမည်၏၊ ထိုကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ (သညာဘဝစသည် = အတွင်းဝင်သောဘဝ)

အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အခြားတစ်ပါးသောပုဂ္ဂိုလ်သည် "ဤအတ္တမည်သည် ပြည့်စုံချမ်းသာသော ကာမသုဂတိဘဝ၌သော်လည်းကောင်း၊ ရူပ အရူပဘဝတို့တွင် တစ်ပါးပါး၌သော်လည်းကောင်း၊ ချမ်းသာနှင့်ပြည့်စုံသည် ပူပန်မှုကင်းသည်" ဟု ယူသော အတ္တဝါဒုပါဒါန်ဖြင့် ထို ကာမသုဂတိ ရူပ အရူပဘဝသို့ ရောက်စေတတ်သောကံကို ပြုလုပ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝမည်၏၊ ထို ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ (သညာဘဝ စသည် = အတွင်းဝင်သောဘဝ)

သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အခြားတစ်ပါးသောပုဂ္ဂိုလ်သည် "ဤအလေ့အကျင့်မည်သည် ပြည့်စုံသောကာမဘဝ၌သော်လည်းကောင်း၊ ရူပ အရူပဘဝတို့တွင် တစ်ပါးပါးသောဘဝ၌ သော်လည်းကောင်း၊ ဖြည့်ကျင့်သောသူအား ချမ်းသာလွယ်ကူစွာ ပြည့်စုံခြင်းသို့ရောက်၏" ဟုယူသော သီလဗ္ဗတုပါဒါန်၏အစွမ်းဖြင့် ထိုကာမ, ရူပ, အရူပဘဝသို့ ရောက်စေတတ်သောကံကို ပြု၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝ မည်၏၊ ထိုကံကြောင့်ဖြစ်ကုန်သောခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏၊ (သညာဘဝ စသည် = အတွင်းဝင်သောဘဝ)

~ ~ ~ ~ ~ ~ ~ ~

ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

(၁) ဥပါဒါန် ၄-ပါးသည် ရူပဘဝ, အရူပဘဝ, ကာမဘဝ၌ အကျုံးဝင်သော ကုသိုလ်ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) ဥပါဒါန် ၄-ပါးသည် ကာမဘဝ၌ အကျုံးဝင်သော မိမိနှင့်သမွယုတ်ဖြစ်သော အကုသိုလ်ကမ္မဘဝအား ၈-ပစ္စည်းဖြင့် ကျေးဇူးပြု၏။ (သဟ, အည, နိဿယ, သမ်, အတ္ထိ, အဝိဂတ, ဟေတု, မဂ္ဂ)

မိမိနှင့် ဝိပွယုတ်ဖြစ်သော အကုသိုလ်ကမ္မဘဝ (ဒေါသမူ၊ မောဟမူ)အား ဥပနိဿယပစ္စည်းဖြင့်သာ ကျေးဇူးပြု၏။

www.dhammadownload.com

ဘဝပစ္စယာ ဇာတိ–အစရှိသောပုဒ်၌ အကျယ်ပြဆိုချက်

'ဘဝပစ္စယာ ဇာတိ' ၌ ဇာတိစသည်တို့၏အဆုံးအဖြတ်ကို သစ္စနိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ သိအပ်သည်၊ **အထူးကား** – 'ဘဝ' အရ ကမ္မဘဝကိုသာ အလိုရှိအပ်၏၊ ထို ကမ္မဘဝသည် ဘဝအသစ်ဖြစ်ခြင်း–ဇာတိအား ကျေးဇူးပြုတတ်၏၊ ဥပပတ္တိဘဝသည်ကျေးဇူးမပြုတတ်ပေ၊ ကျေးဇူးပြုပုံကား–ကမ္မပစ္စည်း၊ ဥပနိဿယပစ္စည်းတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်၏။

စောဒနာ – "ဘဝသည် ဇာတိအားကျေးဇူးပြုတတ်၏"ဟူသော ဤသဘောကို အဘယ်သို့သိအပ်ပါသနည်း?

အဖြေကား – ပြင်ပအကြောင်းတို့၏ တူညီခြင်းရှိသော်လည်း ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ် အစရှိသော ထူးခြားခြင်းကို တွေ့မြင်ရခြင်းကြောင့် သိအပ်ပေသည်။

ချဲ့ဦးအံ့ – အမိအဖတို့၏သုက်သွေး၊ အစာအာဟာရစသော ပြင်ပအကြောင်းတို့ တူညီကြသော်လည်း အမွှာညီနောင်ပင်ဖြစ်စေကာမူ သတ္တဝါတို့၏ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ် စသော ထူးခြားခြင်းကို တွေ့မြင်ရ၏၊ ထိုထူးခြားခြင်းသည်လည်း အကြောင်းမဲ့ မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော်– အခါခပ်သိမ်းလည်းကောင်း, ခပ်သိမ်းသောသတ္တဝါတို့အားလည်းကောင်း မရှိခြင်းကြောင့်ပေတည်း။

ထိုအကြောင်းတရားမှာလည်း ကံ ဟူသော အကြောင်းတရားပင် ဖြစ်၏၊ ကံမှတစ်ပါး အခြားသော အကြောင်းရှိသည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော်– ထိုကမ္မဘဝကြောင့်ဖြစ်သော သတ္တဝါတို့၏သန္တာန်၌ ကံ အကြောင်းတရားမှ လွဲ၍ တစ်ပါးသောအကြောင်း မရှိခြင်းကြောင့် ပေတည်း။

မှန်ပေ၏၊ ကမ္မဘဝ(ကံ)သည် သတ္တဝါတို့၏ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ် အစရှိသော ထူးခြားခြင်း၏အကြောင်းပေတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် 'ကံသည် သတ္တဝါတို့ကို ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်ဖြင့် ခွဲခြမ်းဝေဖန်၏' ဟု ဟောတော်မူပါသည်။

ဤသို့လျှင် (ကံဟူသောကမ္မ)ဘဝသည် ဘဝအသစ်ဖြစ်ခြင်း–ဇာတိအား ကျေးဇူးပြုသည်ဟူသော သဘောကို သိရှိနားလည်နိုင်ပါသည်။

~ ~ ~ ~ ~ ~ ~ ~

ဇာတိကြောင့် ဇရာမရဏ, သောက စသည်တို့ ဖြစ်ပေါ်ပုံ

ဇာတိမရှိလတ်သော် ဇရာမရဏမည်သည် မရှိနိုင်၊ သောကစသောတရားတို့သည်လည်း မရှိနိုင်၊ ဇာတိရှိလတ်သော် ဇရာမရဏသည်လည်း ဖြစ်၏၊ ဇရာမရဏဟု ဆိုအပ်သော ဆင်းရဲကြောင်းတရားက တွေ့ထိနှိပ်စက်သော မသိမလိမ္မာသောသူအား ဇရာမရဏနှင့် စပ်သည်မှုလည်း ဖြစ်ကုန်သော၊ ထိုထိုဆွေမျိုးတို့၏ပျက်စီးခြင်းအစရှိသော ဆင်းရဲကြောင်းတရားက တွေ့ထိနှိပ်စက်သော မသိမလိမ္မာသောသူအား ဇရာမရဏနှင့် မစပ်သည်မှုလည်း ဖြစ်ကုန်သော၊ သောကပရိဒေဝ စသောတရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထို့ကြောင့်ဇာတိသည် ဇရာမရဏအားလည်းကောင်း၊ သောကစသည်တို့အားလည်းကောင်း ကျေးဇူးပြုတတ်၏ဟု သိအပ်၏၊ ကျေးဇူးပြုပုံကား ဇာတိသည် **ဥပနိဿယအစွန်းအဖို့အားဖြင့်**[1] ၁–ပါးအပြား အားဖြင့်သာ ကျေးဇူးပြု၏။

မှတ်ချက်။ ၁။ ဇာတိသည် ဇရာမရဏ စသည်တို့အား ဥပနိဿယအစွန်းအဖို့အားဖြင့် ကျေးဇူးပြု၏ ဟူသောစကား၌ ဥပနိဿယအစွန်းအဖို့ ဟူသည် ပဌာန်းပါဠိ၌ မလာသော်လည်း သူရှိလျှင် သူ့အကျိုးဖြစ်ခြင်း, သူမရှိလျှင် သူ့အကျိုးမဖြစ်ခြင်း တို့ကြောင့် သုတ္တန်နည်းအားဖြင့် ယင်းပစ္စည်းသည် ဥပနိဿယ မည်၏၊ ထိုပစ္စည်းကို ဥပနိဿယအစွန်းအဖို့ = ဥပနိဿယကောဋ္ဌိ ဟု ဆိုအပ်၏၊ ဥပနိဿယပစ္စည်းသည် မဟာပဒေသ–အရာကျယ်သောပစ္စည်းဖြစ်၏။

www.dhammadownload.com

ဘဝစက်ကို ပြဆိုခြင်း

ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သောကစသည်တို့ကိုအဆုံး၌ ဟောထားခြင်း, ဘဝစက်၏အစ၌ 'အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်' ဟု အဝိဇ္ဇာကို ဟောထားခြင်းတို့ကြောင့် –

– အဝိဇ္ဇာသည် သောကစသည်တို့ကြောင့် ပြီးစီး၏၊

– မသိအပ်သော အစရှိသော, ပြုတတ်သောသူ ခံစားတတ်သောသူမှ ကင်းသော, အင်္ဂါ ၁၂-ပါးတို့၏ ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်းသော ဤဘဝစက်သည် အမြဲမပြတ်ဖြစ်လျက် လည်နေသည်ဟု သိအပ်ပေသည်။

<u>အထက်ပါစကားရပ်၏အဖွင့်</u>

စောဒနာ (၁) ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သောကစသည်တို့ကြောင့် အဝိဇ္ဇာသည် အဘယ်သို့ပြီးစီးပါသနည်း?

(၂) ဘဝစက်သည်အဘယ်သို့ မသိအပ်သောအစရှိပါသနည်း?

(၃) ပြုတတ်သောသူ ခံစားတတ်သောသူမှ အဘယ်သို့ကင်းပါသနည်း?

(၄) အင်္ဂါ ၁၂-ပါး တို့၏ဆိတ်သုဉ်းခြင်းဖြင့် အဘယ်သို့ဆိတ်သုဉ်းပါသနည်း?

ပထမစောဒနာ၏အဖြေ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ စိုးရိမ်ပူဆွေးခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် အဝိဇ္ဇာနှင့် မကွေမကွာယှဉ်လျက်ရှိကုန်၏၊ ငိုကြွေးခြင်း မည်သည်မှာလည်း (အဝိဇ္ဇာဖြင့်)မိုက်မဲတွေဝေသောသူအား ဖြစ်၏၊ ထို့ကြောင့် စိုးရိမ်ပူဆွေးခြင်း စသည်တို့သည် ပြီးကုန်လတ်သော် အဝိဇ္ဇာသည် ပြီး၏။

<u>တစ်နည်းသော်ကား</u>– 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော = အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏' ဟုမြတ်စွာဘုရားဟောတော်မူ၏၊ ဤသောကစသည်တို့သည်လည်း အာသဝဟူသောအကြောင်းကြောင့် ဖြစ်ကုန်၏၊ **အဘယ်သို့နည်းဟူမူ**–

ကာမာသဝကြောင့် သောကစသည်ဖြစ်ပုံ

ဝတ္ထုအာရုံ ကာမဂုဏ်နှင့်ကင်းကွာလတ်သော် ကာမာသဝကြောင့် စိုးရိမ်ပူဆွေးခြင်းဖြစ်၏၊

မြတ်စွာဘုရားဟောတော်မူပုံမှာ –

"ဝတ္ထုကာမ၌ လိုချင်တပ်မက်နေသော (ဝါ) ကိလေသာကာမဟူသော သွားကြောင်းယာဉ်ရှိသော နှစ်သက်လိုချင်မှုဆန္ဒဖြစ်နေသော ထိုသတ္တဝါအား ရအပ်ပြီးသော ထိုဝတ္ထုအာရုံကာမဂုဏ်တို့သည် အကယ်၍ ကင်းကွာပျက်စီးကုန်ငြားအံ့၊ သို့ဖြစ်လတ်သော် ထိုသတ္တဝါသည် မြားမှန်သောသမင်ကဲ့သို့ စိုးရိမ်ခြင်းစသော မြားငြောင့်ကြောင့် ဖောက်ပြန်ပျက်စီး၏"

ထို့ပြင် တစ်မျိုးဟောတော်မူပုံမှာ –

"လိုချင်နှစ်သက် တပ်မက်သော ကာမကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်၏" ဟူ၍ပင်တည်း။

ဒိဋ္ဌာသဝကြောင့် သောကစသည်ဖြစ်ပုံ

ဒိဋ္ဌာသဝ ဟူသော အကြောင်းကြောင့်လည်း စိုးရိမ်ပူဆွေးခြင်း စသည်တို့သည် ဖြစ်ကုန်၏၊

မြတ်စွာဘုရားဟောတော်မူပုံမှာ –

"ရုပ်သည် ငါ၊ ရုပ်သည် ငါ၏ဥစ္စာ ဟု ထက်ဝန်းကျင် ထကြွဖြစ်ပေါ်သော ဒိဋ္ဌိဖြင့် တည်လေ့ရှိသော ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ရုပ်၏ ပြောင်းလဲဖောက်ပြန်ခြင်း တစ်မျိုးတစ်မည်ဖြစ်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံးမသာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏" ဟူ၍ပင်တည်း။

www.dhammadownload.com

ဘဝါသဝကြောင့် သောကစသည်ဖြစ်ပုံ

ဘဝါသဝ ဟူသော အကြောင်းကြောင့် စိုးရိမ်ပူဆွေးခြင်း စသည်တို့သည် ဖြစ်ကုန်၏၊

မြတ်စွာဘုရားဟောတော်မူပုံမှာ –

"ရှည်သောအသက်ရှိကုန်သော အဆင်းလှပကုန်သော ချမ်းသာကုန်သော အကြင်ဗြဟ္မာနတ်တို့သည် မြင့်စွာသော ဗိမာန်တို့၌ အလွန်ရှည်မြင့်စွာတည်လျက် ရှိကုန်၏၊ ထိုဗြဟ္မာနတ်တို့သည်လည်း မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာကုန်၍ ကြောက်ခြင်း ပင်ပန်းခြင်း ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏" ဟူ၍ပင်တည်း။

ဥပမာ– ပုဗ္ဗနိမိတ်ငါးပါးတို့ကို မြင်၍ သေဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သော နတ်တို့အား စိုးရိမ်ခြင်း စသည်တို့ ဖြစ်ကုန်သကဲ့သို့တည်း။

အဝိဇ္ဇာသဝကြောင့် သောကစသည်ဖြစ်ပုံ

အဝိဇ္ဇာသဝ ဟူသော အကြောင်းကြောင့်လည်း စိုးရိမ်ပူဆွေးခြင်း စသည်တို့သည် ဖြစ်ကုန်၏၊

မြတ်စွာဘုရားဟောတော်မူပုံမှာ –

"ရဟန်းတို့၊ ထိုသို့သော ဤသူမိုက်သည် ၃-ပါးအပြား ရှိသော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မျက်မှောက်ဘဝ၌ပင်လျှင် ခံစားရ၏" ဟူ၍ပင်တည်း။

ဤဆိုခဲ့သောနည်းဖြင့် အာသဝဟူသော အကြောင်းကြောင့် သောကအစရှိသောတရားတို့သည်ဖြစ်ကုန်၏၊ သောကစသော ဤတရားတို့ ပြီးစီးကုန်လတ်သော် အဝိဇ္ဇာ၏အကြောင်းဖြစ်သော အာသဝတို့သည် ပြီးစီးကုန်၏၊ အာသဝတို့ပြီးစီးကုန်လတ်သော် အကြောင်းရှိလျှင် အကျိုး၏ရှိခြင်းကြောင့် အဝိဇ္ဇာသည်လည်း ပြီးစီးတော့သည်သာလျှင်တည်း။

ဤသို့လျှင် ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သောကစသည်တို့ဖြင့် အဝိဇ္ဇာပြီးသည်ကို သိအပ်၏။

~ ~ ~ ~ ~ ~ ~ ~

ဒုတိယစောဒနာ၏အဖြေ

ဤဆိုခဲ့သည့်အတိုင်း အကြောင်းရှိလျှင် အကျိုး၏ရှိခြင်းကြောင့် အဝိဇ္ဇာပြီးလတ်သော် "အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏" ဤသို့သောနည်းဖြင့် အကြောင်းအကျိုးအဆက်ဆက်၏ အဆုံးမည်သည် မရှိတော့ပေ၊ ထို့ကြောင့် အကြောင်းအကျိုးတို့၏ စပ်သည်၏အစွမ်းအားဖြင့် မပြတ်ဖြစ်လျက်လည်သော အင်္ဂါ၁၂-ပါးရှိသော ထိုဘဝစက်သည် မသိအပ်သောအစရှိ၏ဟူသည်လည်း သိအပ်၏။

*** ဤသို့ ဘဝစက်သည် အစမရှိလတ်သော် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ဟု အဝိဇ္ဇာဖြင့် အစရှိသည်၏ အဖြစ်ကို ဆိုသော ဤစကားသည် ဆန့်ကျင်၏ဟု ဆိုငြားအံ့ –**

အဖြေကား - ဤစကားသည် အစရှိသည်၏အဖြစ်ကို ဆိုသောစကား မဟုတ်ပေ၊ စင်စစ်သော်ကား –

ဤစကားသည် ပြဓာန်းသောတရားကို ဆိုသောစကားဖြစ်၏။

ချဲ့ဉီးအံ့ – အဝိဇ္ဇာသည် ဝဋ်၌ ၃-ပါးတို့၏ ပြဓာန်းသောတရားဖြစ်၏၊ မှန်ပေ၏၊ အဝိဇ္ဇာကိုယူခြင်းကြောင့် ကြွင်းသော ကိလေသဝဋ်သည်လည်းကောင်း၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့သည်လည်းကောင်း၊ မသိမလိမ္မာသောပုဂ္ဂိုလ်ကို အမျိုးမျိုးသောဆင်းရဲဒုက္ခတို့ ပေါင်းစုရာဖြစ်သော သံသရာနှောင်အိမ်၌ ချုပ်ကိုင်တားမြစ်ကုန်၏၊ ဥပမာ– မြွေ၏ဦးခေါင်းကို ဆုပ်ကိုင်မိခြင်းကြောင့် ခေါင်းမှကြွင်းသော မြွေ၏ကိုယ်သည် ဆုပ်ကိုင်သူ၏ လက်မောင်းကို ရစ်ပတ်ချုပ်ကိုင် သကဲ့သို့တည်း။

အဝိဇ္ဇာကို အကြွင်းမဲ့ပယ်ဖြတ်သည်ရှိသော် ကြွင်းသောကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့မှလွတ်မြောက်ခြင်းသည် ဖြစ်ပေ၏၊ ဥပမာ – မြွေ၏ဦးခေါင်းပြတ်ခြင်းကို ပြုပြီးသော် ရစ်ပတ်ချုပ်ကိုင်အပ်သော လက်မောင်း၏ လွတ်မြောက်ခြင်းကဲ့သို့တည်း။

www.dhammadownload.com

မြတ်စွာဘုရားဟောတော်မူပုံမှာ – "အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏" ဤသို့ အစရှိသည်ပင်တည်း။

ဤသို့လျှင် အကြင်ပြဓာန်းသောတရားကို ယူသောသူအား နှောင်ဖွဲ့ခြင်းဖြစ်၍ လွတ်သောသူအား လွတ်မြောက်ခြင်းဖြစ်၏၊ ထို့ကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ဤစကားသည် ပြဓာန်းသောတရားကို ဆိုသော စကားပေတည်း၊ အစရှိသည်၏အဖြစ်ကို ဆိုသောစကား မဟုတ်ပေ၊ ဤသို့လျှင် ဤဘဝစက်သည် မသိအပ်သော အစရှိသည်ဟု သိအပ်ပေသည်။

~ ~ ~ ~ ~ ~ ~ ~

တတိယစောဒနာ၏အဖြေ

ဤဘဝစက်သည် အဝိဇ္ဇာစသောအကြောင်းတို့ကြောင့် သင်္ခါရစသည်တို့၏ မပြတ်ဖြစ်ပေါ်ခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် အဝိဇ္ဇာစသော အကြောင်းတို့မှ တစ်ပါးသော "ဤအရှင်သခင်ကြီးသည် ဖြတ်ဘာပေတည်း၊ မဟာဖြတ်ဘာပေတည်း၊ အမြတ်ဆုံးဘုရားသခင်ပေတည်း၊ ကမ္ဘာလောကကို စီရင်ဖန်ဆင်းတတ် သူပေတည်း" ဟု ဤသို့ ကြဲဆအပ်သော သံသရာကိုပြုတတ်သော ဖြတ်ဘာအစရှိသောသူမှလည်းကင်း၏၊ "ငါ၏ထိုအတ္တသည် အကျိုးစီးပွားရှိသည်မရှိသည်ကို ပြောဆိုတတ်ပေ၏၊ အကောင်းအဆိုးကို ခံစားတတ်ပေ၏" ဟု ဤသို့ ကြဲဆအပ်သော ချမ်းသာဆင်းရဲကို ခံစားတတ်သော အတ္တမှလည်းကင်း၏၊ ဤသို့လျှင် ဘဝစက်သည် ပြုတတ်သူခံစားတတ်သူမှ ကင်းသည် ဟု သိအပ်ပေသည်။

~ ~ ~ ~ ~ ~ ~ ~

စတုတ္ထစောဒနာ၏အဖြေ

ဤဘဝစက်၌ အဝိဇ္ဇာသည် ဖြစ်ခြင်းပျက်ခြင်းသဘောရှိသည်၏အဖြစ်ကြောင့် ခိုင်မြဲသည်အဖြစ်(ဓုဝ)မှ ဆိတ်သုဉ်း၏၊ ကိလေသာတို့က ညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ညစ်နွမ်းစေတတ်သော ကိလေသာတို့၏ (အသုံးခံ)အာရုံဖြစ်သောကြောင့်လည်းကောင်း တင့်တယ်သည်၏အဖြစ်(သုဘ)မှ ဆိတ်သုဉ်း၏၊ ဖြစ်ခြင်းပျက်ခြင်းက မပြတ်နိပ်စက်အပ်သည်၏အဖြစ်ကြောင့် ချမ်းသာသည်၏အဖြစ်(သုခ)မှ ဆိတ်သုဉ်း၏၊ အကြောင်းနှင့်စပ်သောဖြစ်ခြင်းရှိသောကြောင့် အလိုအတိုင်းဖြစ်နိုင်,ဖြစ်စေနိုင်သော အတ္တအဖြစ်မှ ဆိတ်သုဉ်း၏၊ သင်္ခါရအစရှိသော အင်္ဂါတို့သည်လည်း ဤအတူပင် ၄-ပါး, ၄-ပါး အပြားအားဖြင့် ဆိတ်သုဉ်း၏။

တစ်နည်းဆိတ်သုဉ်းပုံကား – အဝိဇ္ဇာသည် အတ္တမဟုတ်၊ အတ္တ၏ဥစ္စာ မဟုတ်၊ အတ္တ၌ တည်သည်မဟုတ်၊ အတ္တရှိသည် မဟုတ်၊ သင်္ခါရစသော အင်္ဂါတို့သည်လည်း ဤအတူပင်တည်း။

ထို့ကြောင့် ဤဘဝစက်သည် (တစ်နည်း) အင်္ဂါ၁၂-ပါးတို့သည် ဓုဝ-သုဘ-သုခ-အတ္တ ဟူသော ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်းသည်ဟု သိအပ်၏။

~ ~ ~ ~ ~ ~ ~ ~

တစ်ဖန် ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌-

၁။ မူလ ၂-ပါး
၂။ ကာလ ၃-ပါး
၃။ အင်္ဂါ ၁၂-ပါး
၄။ အစပ် ၃-ပါး
၅။ အလွှာ ၄-ပါး
၆။ ခြင်းရာ ၂၀-ပါး
၇။ ဝဋ် ၃-ပါး ရှိပေသည်။

www.dhammadownload.com

မူလ ၂-ပါး

အဝိဇ္ဇာနှင့် တဏှာသည် ဘဝစက်၏ မူလ၂-ပါး ဖြစ်၏၊ ဘဝစက်သည် ရှေးအတိတ်အဖို့မှ ပစ္စုပ္ပန်အကျိုး ကိုဆောင်သောအားဖြင့် အဝိဇ္ဇာလျှင်အရင်းရှိသော ဝေဒနာလျှင်အဆုံးရှိသော ဘဝစက်တစ်ခုနှင့် နောက်အနာဂတ် အဖို့ကို ဆက်စပ်ကျယ်ပြန့်စေသောအားဖြင့် တဏှာလျှင်အရင်းရှိသော ဇရာမရဏာလျှင်အဆုံးရှိသော ဘဝစက် တစ်ခု ဤသို့အားဖြင့် ၂-ပါး ရှိ၏။

ဘဝစက် ၂-ပါးကို ဟောပုံ

၁. – ရှေးဖြစ်သောဘဝစက်ကို ဒိဋ္ဌစရိုက်ရှိသူ၏အစွမ်းအားဖြင့် ဟောတော်မူ၏၊
– နောက်ဖြစ်သောဘဝစက်ကို တဏှာစရိုက်ရှိသူ၏အစွမ်းအားဖြင့် ဟောတော်မူ၏၊
မှန်ပေ၏၊ – အဝိဇ္ဇာသည် ဒိဋ္ဌစရိုက်ရှိသူတို့၏ သံသရာကို ဆောင်တတ် ဖြစ်စေတတ်၏၊
– တဏှာသည် တဏှာစရိုက်ရှိသူတို့၏ သံသရာကို ဆောင်တတ် ဖြစ်စေတတ်၏၊

၂. – ဥဿဒဒိဋ္ဌိကို အကြောင်းမဲ့ပယ်သတ်ခြင်းငှာ ပထမဘဝစက်ကို ဟောတော်မူ၏၊
အကြောင်းမှာ – အကျိုး၏ဖြစ်ခြင်းဖြင့် အကြောင်းတို့၏ မပြတ်စဲခြင်းကို ပြခြင်းကြောင့်တည်း။
– သဿတဒိဋ္ဌိကို အကြောင်းမဲ့ပယ်သတ်ခြင်းငှာ ဒုတိယဘဝစက်ကို ဟောတော်မူ၏၊
အကြောင်းမှာ – ဖြစ်ပေါ်ကုန်သော (ဝိညာဏ်စသော) အကျိုးတရားတို့၏ အိုခြင်းသေခြင်းကို ပြခြင်း ကြောင့်တည်း။

၃. – ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ရှေးဘဝစက်ကို ဟောတော်မူ၏၊
အကြောင်းမှာ – အစဉ်အတိုင်းဖြစ်ခြင်းကို ပြခြင်းကြောင့်ပေတည်း။
– ဥပပါတ်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် နောက်ဘဝစက်ကို ဟောတော်မူ၏၊
အကြောင်းမှာ – တစ်ပေါင်းတည်းဖြစ်ခြင်းကို ပြခြင်းကြောင့်ပေတည်း။

~ ~ ~ ~ ~ ~ ~ ~

ကာလ ၃-ပါး

အတိတ်ကာလ = အဝိဇ္ဇာ, သင်္ခါရ (၂ ပါး)
ပစ္စုပ္ပန်ကာလ = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ,တဏှာ, ဥပါဒါန်, ဘဝ (၈-ပါး)
အနာဂတ်ကာလ = ဇာတိ, ဇရာမရဏာ (၂ ပါး)

~ ~ ~ ~ ~ ~ ~ ~

အစုပ် ၃-ပါး

(၁) အကြောင်းရှေးရှိသောအစုပ် = သင်္ခါရ နှင့် ပဋိသန္ဓေဝိညာဏ် အကြားခံ အကြောင်း နှင့် အကျိုး အစုပ်
(၂) အကျိုးရှေးရှိသောအစုပ် = ဝေဒနာ နှင့် တဏှာ အကြားခံ အကျိုး နှင့် အကြောင်း အစုပ်
(၃) အကြောင်းရှေးရှိသောအစုပ် = ဘဝ နှင့် ဇာတိ အကြားခံ အကြောင်း နှင့် အကျိုး အစုပ်

~ ~ ~ ~ ~ ~ ~ ~

အလွှာ ၄-ပါး

(၁) ပထမအလွှာ = အဝိဇ္ဇာ နှင့် သင်္ခါရ
(၂) ဒုတိယအလွှာ = ဝိညာဏ် မှ ဝေဒနာ အထိ
(၃) တတိယအလွှာ = တဏှာ, ဥပါဒါန်, ဘဝ
(၄) စတုတ္ထအလွှာ = ဇာတိ နှင့် ဇရာမရဏာ

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

အခြင်းအရာ ၂၀

အတိတ်ဘဝ၌ အကြောင်း ၅-ပါး, ပစ္စုပ္ပန်ဘဝ၌ အကျိုး ၅-ပါး, ပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅-ပါး, အနာဂတ်ဘဝ၌ အကျိုး ၅-ပါး ဟူ၍ အခြင်းအရာ ၂၀ ဖြစ်၏။

အတိတ်အကြောင်း ၅-ပါး

အတိတ်အကြောင်း ၅-ပါးဟူသည် - အဝိဇ္ဇာ နှင့် သင်္ခါရတို့သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာပါဠိ၌ သရုပ်အားဖြင့် ဟောအပ်ပြီး ဖြစ်၏၊ 'ထို့ပြင် ဝိပဿနာပညာ မရှိ မသိမလိမ္မာသောသူသည် ဆာလောင်တောင့်တ၏၊ ဆာလောင်တောင့်တသည်ဖြစ်၍ စွဲလမ်း၏၊ စွဲလမ်းသောထိုသူအား စွဲလမ်းမှုဥပါဒါန်ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ ဟူသော ဘဝသည် ဖြစ်၏' ဟု ဆိုသဖြင့် တဏှာ ဥပါဒါန် ဘဝတို့သည်လည်း အဝိဇ္ဇာ သင်္ခါရကို ယူခြင်းဖြင့် ယူအပ်ပြီး ဖြစ်ကုန်၏။ ထို့ကြောင့်-

"ရှေးဘဝဝယ် ကမ္မဘဝကို ပြုစဉ်ကရှိခဲ့သော မောဟသည် အဝိဇ္ဇာပေတည်း၊ အားထုတ်မှုတို့သည် သင်္ခါရတို့ပေတည်း၊ လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း၊ ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း၊ စေတနာသည် (ဖြစ်ကြောင်းကမ္မ)ဘဝပေတည်း၊ ဤသို့လျှင် ရှေးဘဝဝယ် ကမ္မဘဝကိုပြုစဉ်၌ ပြီးစီးကုန်သော ဤ ၅-ပါးသော တရားတို့သည် ယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့ပေတည်း' ဟု ပဋိသမ္ဘိဒါမဂ်ပါဠိ၌ ဟောတော်မူပေ၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသော ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကြောင်းတရား ၅-ပါးတို့မှာ -

(၁) အတိတ်ဘဝ၌ ကမ္မဘဝကိုပြုစဉ် ရှိခဲ့သော မောဟ(အဝိဇ္ဇာ)၊
(၂) အားထုတ်မှု ဟူသော အာယူဟန(သင်္ခါရ)၊
(၃) နှစ်သက်ခြင်း ဟူသော နိကန္တိ(တဏှာ)၊
(၄) ကပ်ငြိခြင်း ဟူသော ဥပဂမန(ဥပါဒါန်)၊
(၅) စေတနာ(ကမ္မဘဝ) တို့ ဖြစ်သည်။

အာယူဟနသင်္ခါရ နှင့် ကမ္မဘဝသင်္ခါရ ထူးခြားချက်

ကံကိုပြုသောသူ၏ ရှေးအဖို့၌ဖြစ်သော စေတနာတို့သည် အာယူဟနသင်္ခါရတို့ မည်၏၊ ဥပမာ-အလှူကို ပေးအံ့ဟု စိတ်ကိုဖြစ်စေပြီး တစ်လလုံးသော်လည်းကောင်း၊ တစ်နှစ်လုံးသော်လည်းကောင်း ပေးလှူဖွယ်အဆောက်အဦပစ္စည်းတို့ကို ရှာကြံစီမံခန့်ခွဲနေသောသူ၌ဖြစ်သော ပုဗ္ဗစေတနာတို့ကဲ့သို့ပင်တည်း၊ ကံပြုဆဲခဏ၌ ဖြစ်သော စေတနာသည် ကမ္မဘဝသင်္ခါရတို့ မည်ကုန်၏၊ ဥပမာ - အလှူခံပုဂ္ဂိုလ်၏လက်၌ လှူဖွယ်ဝတ္ထုကို တည်စေဆဲ လှူဆဲဖြစ်သောသူ၌ဖြစ်သော မုဉ္စစေတနာတို့ကဲ့သို့ပင်တည်း။

(တစ်နည်းကား) တစ်ခုသော အာဝဇ္ဇန်းရှိသော ဖ-ကြိမ်သောဇောတို့၌ စေတနာသည် သင်္ခါရ မည်ကုန်၏၊ သတ္တမဇော၌ စေတနာသည် ဘဝ မည်၏။

(တစ်နည်းကား) အမှတ်မရှိ တစ်စုံတစ်ခုသော စေတနာသည် ဘဝ မည်၏၊ စေတနာနှင့်ယှဉ်သောတရားတို့သည် သင်္ခါရ မည်၏။

ပစ္စုပ္ပန်အကျိုး ၅-ပါး

ပစ္စုပ္ပန်အကျိုး ၅-ပါး ဟူသည် - ဝိညာဏ်အစ ဝေဒနာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာပါဠိ၌ သရုပ်အားဖြင့် လာသော အကျိုး ၅-ပါး ပင်တည်း၊ ဟောတော်မူပုံကား -

"ဤပစ္စုပ္ပန်ဘဝ၌ ရှေးဘဝနှင့်ဆက်စပ်သောသဘောသည် ဝိညာဏ်ပေတည်း၊ သက်ဝင်ခြင်းသဘောသည် နာမ်ရုပ်ပေတည်း၊ ကြည်လင်သောသဘောသည် အာယတနပေတည်း၊ တွေ့ထိသောသဘောသည် ဖဿပေတည်း၊ ခံစားခြင်းသဘောသည် ဝေဒနာပေတည်း၊ ဤ ၅-ပါးသော တရားတို့သည် ဤပစ္စုပ္ပန်ဘဝဝယ် ဥပပတ္တိဘဝ၌ ရှေးဘဝကပြုခဲ့သော ကံဟူသော အကြောင်းကြောင့်ဖြစ်ကုန်၏" ဟူ၍ ပင်တည်း။

www.dhammadownload.com

ဤ ပဋိသန္ဓိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသော ပစ္စုပ္ပန်အကျိုးတရား ၅-ပါး တို့မှာ -

(၁) ရှေးဘဝနှင့် ဆက်စပ်ပေးခြင်း ဟူသော ပဋိသန္ဓိ(ဝိညာဏ်)၊

(၂) သက်ဝင်ခြင်း ဟူသော **သြက္ကန္တိ**[၁] (နာမ်ရုပ်)၊

(၃) ကြည်လင်ခြင်း ဟူသော ပသာဒ(အာယတန)၊

(၄) တွေ့ထိခြင်း ဟူသော ဖုဋ္ဌ(ဖဿ)၊

(၅) ခံစားခြင်း ဟူသော **ဝေဒယိတ**[၂] (ဝေဒနာ) တို့ ဖြစ်သည်။

မှတ်ချက်။ ၁- အဓိဝမ်းတိုက်၌ နာမ်ရုပ်တရားတို့၏ သက်ဝင်ခြင်း သဘောသည် ရောက်လာ၍ ဝင်ဘိသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် နာမ်ရုပ်ကို သြက္ကန္တိ ဟု ဟောတော်မူခြင်း ဖြစ်သည်။

၂- ပဋိသန္ဓေဝိညာဏ်နှင့်ဖြစ်စေ, သဋ္ဌာယတနလျှင်အကြောင်းရှိသော ဖဿနှင့်ဖြစ်စေ အတူတကွဖြစ်သော ဝိပါကဝေဒယိတသဘောသည် ဝေဒနာ မည်၏။

ပစ္စုပ္ပန်အကြောင်း ၅-ပါး

ပစ္စုပ္ပန်အကြောင်း ၅-ပါး ဟူသည် တဏှာအစရှိသော တရား ၅-ပါးတို့ပေတည်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပါဠိ၌ တဏှာ ဥပါဒါန် ဘဝ တို့သည်သာလျှင် လာကုန်၏၊ သို့သော် ဘဝကိုယူသည်ရှိသော် ထိုဘဝ၏ ရှေးအဖို့ ဖြစ်ကုန်သော(သို့) ထိုဘဝနှင့်ယှဉ်ကုန်သော သခ်ါရတို့ကိုယူပြီး ဖြစ်၏၊ တဏှာဥပါဒါန်တို့ကို ယူခြင်းဖြင့်လည်း ၎င်းတို့နှင့်ယှဉ်သော အဝိဇ္ဇာကိုယူပြီး ဖြစ်၏၊(သို့) အကြောင်းအဝိဇ္ဇာဖြင့် တွေဝေသည်ဖြစ်၍ ကံကိုပြု၏၊ ထို့ကြောင့် ကမ္မဘဝကိုယူလျှင် အဝိဇ္ဇာကိုလည်း ယူပြီး ဖြစ်၏။ ထို့ကြောင့် -

"ယခုပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ရင့်ကျက်ခြင်းကြောင့် မောဟသည် အဝိဇ္ဇာပေတည်း၊ အားထုတ်မှုတို့သည် သခ်ါရတို့ပေတည်း၊ လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း၊ ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း၊ စေတနာသည်(ဖြစ်ကြောင်းကမ္မ)ဘဝပေတည်း၊ ဤသို့လျှင် ယခုပစ္စုပ္ပန်ဘဝဝယ် ကမ္မဘဝ၌ပါဝင်ကုန်သော ဤ ၅-ပါးသောတရားတို့သည် နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းတို့ပေတည်း" ဟု ဟောတော်မူ၏။

(ထိုပါဠို၌ "ယခုပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ရင့်ကျက်ခြင်းကြောင့်" ဟူသောစကားသည် ရင့်ကျက်သော အာယတနရှိသောပုဂ္ဂိုလ်၏ ကံကိုပြုသောကာလ၌ တွေဝေခြင်း သမ္မောဟ(အဝိဇ္ဇာ)ကို ဆိုလို၏)။

ပဋိသန္ဓိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသော နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကြောင်းတရား ၅-ပါးတို့မှာ -

(၁) ယခုမျက်မှောက်ဘဝ၌ အာယတနတို့၏ ရင့်ကျက်မှုကြောင့် မောဟဖြစ်ခြင်း(အဝိဇ္ဇာ)၊

(၂) အားထုတ်မှု ဟူသော အာယူဟန(သခ်ါရ)၊

(၃) နှစ်သက်ခြင်း ဟူသော နိကန္တိ(တဏှာ)၊

(၄) ကပ်ငြိခြင်း ဟူသော ဥပဂမန(ဥပါဒါန်)၊

(၅) စေတနာ(ကမ္မဘဝ) တို့ ဖြစ်သည်။

အနာဂတ်အကျိုး ၅-ပါး

အနာဂတ်အကျိုး ၅-ပါး ဟူသည် ဝိညာဏ်စသော ၅-ပါးတို့ပေတည်း၊ ထိုဝိညာဏ်စသော ၅-ပါးတို့ကို ဇာတိ-သဒ္ဒါဖြင့် ဟောတော်မူအပ်ကုန်၏၊ ဇရာမရဏသည်ကား ထိုဝိညာဏ်စသော ၅-ပါး၏သာလျှင် ရင့်ခြင်း ပျက်ခြင်း ဖြစ်ပေ၏၊ ထို့ကြောင့် -

"နောင်အနာဂတ်ဘဝ၌ ရှေးဘဝနှင့် ဆက်စပ်သောသဘောသည် ဝိညာဏ်ပေတည်း၊ သက်ဝင်ခြင်းသဘောသည် နာမ်ရုပ်ပေတည်း၊ ကြည်လင်သောသဘောသည် အာယတနပေတည်း၊ တွေ့ထိသော သဘောသည် ဖဿပေတည်း၊ ခံစားခြင်းသဘောသည် ဝေဒနာပေတည်း၊ ဤ ၅-ပါးသောတရားတို့သည် နောင်အနာဂတ်ဘဝဝယ် ဥပပတ္တိဘဝ၌ ဤပစ္စုပ္ပန်ဘဝ၌ပြုအပ်သော ကံဟူသောအကြောင်းကြောင့်ဖြစ်ကုန်၏" ဟု ဟောတော်မူ၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

ဝင်္ဂ ၃-ပါး

"ဝင်္ဂ ၃-ပါး ရှိသည်လည်းဖြစ်သော ထိုဘဝစက်သည် ရုပ်တန့်ခြင်းမရှိဘဲ လည်လျက်ရှိသည်" ဟူသော ဤစကားဌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည် ကိလေသဝင်္ဂ မည်၏၊ သင်္ခါရနှင့်ကမ္မဘဝသည် ကမ္မဝင်္ဂ မည်၏၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် ဝိပါကဝင်္ဂ မည်၏။

ဤသို့လျှင် ဤ ၃-ပါးသောဝင်္ဂတို့ဖြင့် ဘဝစက်သည် ကိလေသဝင်္ဂမပြတ်စဲသေးသမျှကာလပတ်လုံးရုပ်တန့်ခြင်းမရှိဘဲ အဖန်တလဲလဲလည်တတ်သောကြောင့် ရဟတ်စက်ခြည် တစ်လည်တည်းလည်လျက်ရှိသည်သာ ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

ဘဝစက်ကို သိအပ်ပုံ

ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကို သစ္စာအမွန်ရှိသောသစ္စာအားဖြင့်၊ ကိစ္စအားဖြင့်၊ တားမြစ်ခြင်းအားဖြင့်၊ ဥပမာတို့ဖြင့်၊ နက်နဲခြင်းအပြားအားဖြင့်၊ နည်းအပြားအားဖြင့် ထိုက်သည်အားလျော်စွာ သိအပ်သည်။

၁။ သစ္စာအမွန်ရှိသော သစ္စာအားဖြင့် (အကျိုးသစ္စာတို့၏အမွန်အစ စ၍ဖြစ်ပေါ်လာရာအကြောင်းသစ္စာအားဖြင့်)

သစ္စဝိဘင်းပါဠိတော်၌ စေတနာဟူ၍လည်းကောင်း, စေတနာနှင့်ယှဉ်သောတရားဟူ၍လည်းကောင်း, မခွဲခြားမူ၍ သာမညအားဖြင့် လောကီကုသိုလ်,အကုသိုလ်ကံဟူသမျှကို သမုဒယသစ္စာ ဟူ၍ ဟောတော်မူ၏၊ ထို့ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသောစကားဌ အဝိဇ္ဇာသည်လည်း သမုဒယသစ္စာဖြစ်၏၊ သင်္ခါရသည်လည်း သမုဒယသစ္စာပင် ဖြစ်၏၊ သို့အတွက် အဝိဇ္ဇာကြောင့် ဖြစ်သောသင်္ခါရတို့သည် သမုဒယသစ္စာလျှင် အမွန်ရှိသော သမုဒယသစ္စာပေတည်း။

တစ်ဖန်သစ္စာ ၄-ပါးကို ရေတွက်ရာတွင် ဒုက္ခသစ္စာသည် ပထမသစ္စာ၊ သမုဒယသစ္စာသည် ဒုတိယသစ္စာ မည်သောကြောင့် အဒိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ဒုတိယသစ္စာ ဖြစ်ပြန်၏။

သို့ဖြစ်၍ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသော စကားဌ -

၁. အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ဒုတိယသစ္စာ ပေတည်း။
၂. သင်္ခါရကြောင့် ဖြစ်သော ဝိညာဏ်သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာ ပေတည်း။
၃. ဝိညာဏ် စသည်တို့ကြောင့်ဖြစ်သော နာမ်ရုပ်အစရှိသော ဝိပါက်ဝေဒနာအဆုံးရှိသော တရားတို့သည် ပထမသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာ ပေတည်း။
၄. ဝေဒနာကြောင့် ဖြစ်သော တဏှာသည် ပထမသစ္စာလျှင် အမွန်ရှိသော ဒုတိယသစ္စာ ပေတည်း။
၅. တဏှာကြောင့် ဖြစ်သော ဥပါဒါန်သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ဒုတိယသစ္စာ ပေတည်း။
၆. ဥပါဒါန်ကြောင့် ဖြစ်သော ဘဝသည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ပထမ, ဒုတိယသစ္စာ ၂-ခုပေါင်း ပေတည်း။
၇. ဘဝကြောင့်ဖြစ်သော ဇာတိသည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာ ပေတည်း။
၈. ဇာတိကြောင့်ဖြစ်သော ဇရာမရဏာသည် ပထမသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာ ပေတည်း။

~ ~ ~ ~ ~ ~ ~ ~

၂။ ကိစ္စအားဖြင့်

၁. အဝိဇ္ဇာသည် — ဝတ္ထုအာရုံတို့၌ သတ္တဝါတို့ကို တွေဝေစေတတ်၏၊ သင်္ခါရတို့၏ ~ထင်ရှားဖြစ်စေခြင်းငှာလည်း ကျေးဇူးပြုတတ်၏၊
၂. သင်္ခါရတို့သည် — ပြုပြင်အပ်သောဘဝကိုလည်း ပြုပြင်တတ်၏၊ ဝိညာဏ်၏ ~(ပ)
၃. ဝိညာဏ်သည် — အာရုံကိုလည်း သိတတ်၏၊ နာမ်ရုပ်၏ ~(ပ)

www.dhammadownload.com

၄. နာမ်ရုပ်သည် အချင်းချင်းကိုလည်း ကျေးဇူးပြုတတ်၏၊ သင်္ဃာယတန၏ ~(ပ)
၅. သင်္ဃာယတနသည် မိမိနှင့်ဆိုင်သော အဆင်းအစရှိသော အာရုံ၌လည်း ဖြစ်တတ်၏၊ ဖဿ၏ ~(ပ)
၆. ဖဿသည် အာရုံကိုလည်း တွေ့ထိတတ်၏။ ဝေဒနာ၏ ~(ပ)
၇. ဝေဒနာသည် အာရုံ၏အရသာကိုလည်း ခံစားတတ်၏၊ တဏှာ၏ ~(ပ)
၈. တဏှာသည် တပ်မက်ဖွယ်အာရုံ၌လည်း တပ်စွဲတတ်၏၊ ဥပါဒါန်၏ ~(ပ)
၉. ဥပါဒါန်သည် စွဲလမ်းဖွယ်အာရုံတို့ကိုလည်း စွဲလမ်းတတ်၏၊ ဘဝ၏ ~(ပ)
၁၀. ဘဝသည် အထူးထူးအပြားပြား ၅-ပါးသောဂတိတို့၌လည်း ပစ်ချတတ်၏၊ ဇာတိ၏ ~(ပ)
၁၁. ဇာတိသည် ထိုဖြစ်ဆဲခန္ဓာတို့၏ အသစ်ဖြစ်စ၏အဖြစ်ဖြင့် ဖြစ်ခြင်းကြောင့် ခန္ဓာတို့ကိုလည်း ဖြစ်ပေါ်စေတတ်၏၊ ဇရာ မရဏ၏ ~(ပ)
၁၂. ဇရာမရဏသည် ခန္ဓာတို့၏ ရင့်တတ်ပျက်တတ်သည်၏အဖြစ်ကိုလည်း စီမံခန့်ခွဲတတ်၏၊ သောကစသည်တို့၏ တည်ရာမှီရာ ဖြစ်ခြင်းကြောင့် တစ်ပါးသောဘဝအသစ် ထင်ရှားဖြစ်ခြင်းငှာလည်း ကျေးဇူးပြုတတ်၏။

ထိုသို့ ၂-ပါး ၂-ပါးသော ကိစ္စတို့ကို ပြီးစေတတ်၏။

~ ~ ~ ~ ~ ~ ~ ~

၃။ တားမြစ်ခြင်းအားဖြင့်

၁. "အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်" ဟူသောစကားသည် "ပြုလုပ်ဖန်ဆင်းတတ်သော သူရှိသည်" ဟူသော မိစ္ဆာအယူကို တားမြစ်၏။
၂. "သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်" ဟူသောစကားသည် "အတ္တသည် ဘဝသစ်သို့ပြောင်းသွားသည်" ဟူသော မိစ္ဆာအယူကို တားမြစ်၏။
၃. "ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်" ဟူသောစကားသည် အတ္တဟု ကြံဆအပ်သော ခန္ဓာ ၅-ပါးဟူသော ဝတ္ထု၏အသီးသီးကွဲပြားခြင်းကို ပြခြင်းကြောင့် "တစ်လုံးတစ်ခဲတည်း တစ်ယောက်တည်း" ဟု ထင်မှတ်သော ဃနသညာကို တားမြစ်၏။
၄. "နာမ်ရုပ်ဟူသောအကြောင်းကြောင့် သင်္ဃာယတန ဖြစ်သည်" ဤသို့ အစရှိသော စကားသည် "အတ္တသည် မြင်တတ်၏၊ ကြားတတ်၏၊ နံတတ်၏၊ စားတတ်၏၊ ထိတတ်၏၊ သိတတ်၏၊ တွေ့ထိတတ်၏၊ ခံစားတတ်၏၊ ဆာလောင်တပ်မက်တတ်၏၊ စွဲလမ်းတတ်၏၊ ဖြစ်စေတတ်၏၊ ဖြစ်တတ်၏၊ ရင့်တတ်အိုတတ်၏၊ သေတတ်ပျက်တတ်၏" ဤသို့ အစရှိသော မိစ္ဆာအမြင်ကို တားမြစ်၏။

~ ~ ~ ~ ~ ~ ~ ~

၄။ ဥပမာအားဖြင့်

သူကန်းဥပမာ

- အဝိဇ္ဇာသည် သဘောတရားတို့ကို သဘာဝလက္ခဏာ သာမညလက္ခဏာတို့၏ အလိုအားဖြင့် မမြင်ခြင်းကြောင့် သူကန်းနှင့် တူ၏၊
- အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် သူကန်းခြေချော်ခြင်းနှင့် တူ၏၊
- သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည် ခြေချော်သော သူကန်း၏လဲကျခြင်းနှင့် တူ၏၊
- ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်သည် လဲကျသော သူကန်းအား အိုင်းအမာဖြစ်ပေါ်ခြင်းနှင့် တူ၏၊
- နာမ်ရုပ်ကြောင့်ဖြစ်သော သင်္ဃာယတနသည် အိုင်းအမာပေါက်ကွဲရန် ဖြစ်ပေါ်သော သွေးပုပ်ပြည်စု အဖုလုံးနှင့် တူ၏၊
- သင်္ဃာယတနကြောင့်ဖြစ်သော ဖဿသည် အိုင်းအမာ၏အဖုလုံးကို တိုက်ခိုက်မိခြင်းနှင့် တူ၏၊
- ဖဿကြောင့်ဖြစ်သော ဝေဒနာသည် တိုက်ခိုက်မိခြင်းကြောင့်ဖြစ်သော ဆင်းရဲနှင့် တူ၏၊
- ဝေဒနာကြောင့်ဖြစ်သောတဏှာသည် ဆင်းရဲကိုကုစားရန် ပယ်ပျောက်ရန် လိုလားတောင့်တခြင်းနှင့် တူ၏၊

www.dhammadownload.com

- တဏှာကြောင့်ဖြစ်သော ဥပါဒါန်သည် ဆင်းရဲကိုကုစားလိုသဖြင့် မသင့်လျော်သောဆေးကိုစွဲယူခြင်းနှင့်တူ၏၊
- ဥပါဒါန်ကြောင့်ဖြစ်သော ဘဝသည် စွဲယူအပ်ပြီးသော မသင့်လျော်သောဆေးကို လိမ်းခြင်းနှင့် တူ၏၊
- ဘဝကြောင့်ဖြစ်သော ဇာတိသည် မသင့်သောဆေးကို လိမ်းခြင်းကြောင့် အိုင်းအမာ၏ ဖောက်ပြန်မှုဖြစ်ပေါ်ခြင်းနှင့် တူ၏၊
- ဇာတိကြောင့်ဖြစ်သော ဇရာမရဏာသည် အိုင်းအမာဖောက်ပြန်ခြင်းကြောင့် အိုင်းအမာ ပေါက်ကွဲခြင်းနှင့်တူ၏။

ဤ ဥပမာသည် ဇကာဓိဋ္ဌာန = သူကန်းတစ်ယောက် ဟူသော တည်ရာရှိသော ဥပမာအမျိုးမျိုးဖြင့် သိစေအပ်သောနည်း ဖြစ်၏။

ယခု ဆက်လက်ပြဆိုမည့်နည်းကား နာနာဓိဋ္ဌာန = တိမ်သလာ, ပိုးအိမ် စသော အမျိုးမျိုးသောတည်ရာရှိသော အမျိုးမျိုးသောဥပမာတို့ဖြင့် သိစေအပ်သောနည်း ဖြစ်၏။

(၁) **တိမ်သလာ**သည် မျက်စိကို လွှမ်းမိုးဖုံးကွယ်သကဲ့သို့ **အဝိဇ္ဇာ**သည် အမှန်ကိုမသိခြင်း မှားယွင်းစွာသိခြင်းအားဖြင့် သတ္တဝါတို့ကို လွှမ်းမိုးဖုံးကွယ်တတ်၏။

(၂) ပိုးအိမ်ကိုပြုတတ်သော ပိုးကောင်သည် **ပိုးအိမ်၏အစိတ်အပိုင်း**တို့ဖြင့် မိမိကိုယ်ကိုရစ်ပတ်သကဲ့သို့ အဝိဇ္ဇာလွှမ်းမိုးဖုံးကွယ်အပ်သော မသိမလိမ္မာသူသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သော **သင်္ခါရ**တို့ဖြင့် မိမိကိုယ်ကို ရစ်ပတ်၏။

(၃) ရှေ့ဆောင်မှူးကြီးမတ်ကြီးတို့က သိမ်းပိုက်စောင့်ရှောက်ထားသော **မင်းသား**သည် မင်းအဖြစ်မင်းစည်းစိမ်၌တည်ရာရသကဲ့သို့ သင်္ခါရတို့က သိမ်းဆည်းထောက်ပံ့အပ်သော **ဝိညာဏ်**သည် ၅-ပါးသောဂတိတို့၌တည်ရာကို ရ၏။

(၄) မျက်လှည့်ဆရာသည် **မျက်လှည့်အမှု**ကိုဖြစ်စေသကဲ့သို့ ဝိညာဏ်သည်(ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟူသော) ပဋိသန္ဓေအာရုံကို အာရုံပြုခြင်းကြောင့် ပဋိသန္ဓေဇဏ္ဍ (နတ် လူ ငှက် စသည်အားဖြင့်) များသောအပြားရှိသော **နာမ်ရုပ်**ကို ဖြစ်စေတတ်၏။

(၅) ကောင်းသောမြေ၌တည်သော **တောအုပ်**သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့ နာမ်ရုပ်၌တည်သော **သဠာယတန**သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏။

(၆) ပွတ်ခုံပွတ်တံအစုံ၏ အချင်းချင်းပွတ်ခြင်း ကြိတ်ခြင်းကြောင့် **မီး**ဖြစ်ပေါ်သကဲ့သို့ အတွင်းအပြင် အာယတနတို့၏ အချင်းချင်း ထိပါးတိုက်ခိုက်ခြင်းကြောင့် **ဖဿ**သည် ဖြစ်ပေါ်၏။

(၇) **မီး**ဖြင့်တွေ့ထိသောသူအား **ပူလောင်ခြင်း**ဖြစ်သကဲ့သို့ ဖဿဖြင့်တွေ့ထိသောသူအား **ဝေဒနာ** ဖြစ်ပေါ်၏။

(၈) ဆားငန်ရည်ကိုသောက်သောသူအား **ရေငတ်ခြင်း**သည် တိုးပွါးသကဲ့သို့ ဝေဒနာကိုခံစားသောသူအား **တဏှာ**သည် တိုးပွါး၏။

(၉) ရေငတ်သောသူသည် သောက်ရေ၌ **မြှော်လင့်တောင့်တခြင်း**ကို ပြုသကဲ့သို့ ထိုထိုအာရုံကို ဆာငတ်သောသူသည် ထိုထိုအာရုံတို့ကိုရရှိနိုင်သည့် ဘဝတို့၌ လိုချင်တောင့်တမှုကိုပြု၏၊ ထိုထိုဘဝတို့၌ လိုချင်တောင့်တမှုကိုပြုခြင်းသည် ထိုလိုချင်တောင့်တသော ပုဂ္ဂိုလ်၏စွဲလမ်းမှု **ဥပါဒါန်** ပေတည်း။

(၁၀) အစာကိုတပ်မက်ခြင်းကြောင့် ငါးသည် **ငါးမျှားချိတ်**ကို ဟပ်သကဲ့သို့ စွဲလမ်းမှုဥပါဒါန်ဖြင့် **ဘဝ**ကိုစွဲယူ၏၊ ဖြစ်စေ၏။

(၁၁) မျိုးစေ့ရှိလျှင် **အညောက်**ပေါက်လာသကဲ့သို့ ကမ္မဘဝရှိလျှင် **ဇာတိ**သည် ဖြစ်ပေါ်လာ၏။

(၁၂) ပေါက်ရောက်လာသော သစ်ပင်သည် တစ်နေ့နေ့တွင် မချွတ်ဧကန် **လဲကျ**ရသကဲ့သို့ ဇာတိတရား ထင်ရှားဖြစ်ပေါ်လာသော သတ္တဝါ၏ခန္ဓာဝယ် မချွတ်ဧကန် **ဇရာမရဏ**သည်လည်း ဖြစ်ပေါ်လာပေ၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

၅။ နက်နဲခြင်း (ဂမ္ဘီရတာ) ၄-ပါး

၁. အတ္ထဂမ္ဘီရတာ (အကျိုး၏နက်နဲခြင်း)

ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏ၏ ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်း ဖြစ်ပေါ်လာခြင်း သဘောသည် နက်နဲ၏၊ ထို့အတူ ဘဝဟူသော ကြောင်းကြောင့် ဇာတိ၏ ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ပ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏၊ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အကျိုးအားဖြင့် နက်နဲခြင်းသည် အတ္ထဂမ္ဘီရတာ မည်၏။

မှတ်ချက်။ ။ အကြောင်း၏အကျိုး(ဟေတုဖလ)ကို အတ္ထဟု ခေါ်၏၊
မြတ်စွာဘုရားဟောတော်မူပုံကား "အကြောင်း၏အကျိုး၌ ဖြစ်သောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏" ဟူ၍ပင်တည်း။

၂. ဓမ္မဂမ္ဘီရတာ (အကြောင်း၏နက်နဲခြင်း)

အဝိဇ္ဇာသည် ဖြစ်ပုံအခြင်းအရာအားဖြင့် လည်းကောင်း၊ အခိုက်အတန့်ရှိသည်ဖြစ်၍ လည်းကောင်း၊ ထိုထို သင်္ခါရတို့အား ကျေးဇူးပြုတတ်၏၊ ထိုအခြင်းအရာနှင့် အခိုက်အတန့်၏ သိနိုင်ခဲသည်၏အဖြစ်ကြောင့် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူးပြုတတ်သော သဘောသည် နက်နဲ၏၊ ထို့အတူ သင်္ခါရတို့၏ ။ ပ ။ ဇာတိ၏ ဇရာမရဏာအား ကျေးဇူးပြုတတ်သော သဘောသည် နက်နဲ၏၊ ထို့ကြောင့် ဤဘဝစက်သည် အကြောင်းအားဖြင့် နက်နဲ၏၊ ဤသည်ကား ဤဘဝစက်၌ အကြောင်း(ဓမ္မ) အားဖြင့်နက်နဲခြင်း = ဓမ္မဂမ္ဘီရတာ ပေတည်း။

မှတ်ချက်။ ။ ဓမ္မဂမ္ဘီရတာဝယ် ဓမ္မဟူသည် အကြောင်း၏ အမည်ဖြစ်၏။
မြတ်စွာဘုရားဟောတော်မူပုံကား "အကြောင်း၌ ဖြစ်သောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏" ဟူ၍ပင်တည်း။

၃. ဒေသနာဂမ္ဘီရတာ (ဟောစဉ်၏နက်နဲခြင်း)

ဤ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဝေနေယျတို့၏အလိုအဇ္ဈာသယဓာတ်ခံအားလျော်စွာ သစ္စာလေးပါးကို သိစေနိုင်သော ဂုဏ်သတ္တိရှိခြင်းဟူသော ထိုထိုအကြောင်းကြောင့် အနုလောမဒေသနာ ပဋိလောမဒေသနာ စသော ထိုထိုအခြင်းအရာအားဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့် ဒေသနာဟောစဉ်သည်လည်း နက်နဲ၏၊ ထိုသို့ ဟောသင့်သောအခြင်းအရာ၌ သဗ္ဗညုတဉာဏ်တော်မှ တစ်ပါးသောဉာဏ်တော်သည် ထောက်တည်ရာကိုမရနိုင်ပေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကို ဟောတော်မူရာ၌-

(၁) အချို့သုတ်၌ အနုလုံအားဖြင့်၊
(၂) အချို့သုတ်၌ ပဋိလုံအားဖြင့်၊
(၃) အချို့သုတ်၌ အနုလုံ-ပဋိလုံအားဖြင့်၊
(၄) အချို့သုတ်၌ အလယ်မှစ၍ အနုလုံအားဖြင့်,
(၅) အချို့သုတ်၌ အလယ်မှစ၍ ပဋိလုံအားဖြင့်
(၆) အချို့သုတ်၌ အစပ် ၃-ခု၊ အလွှာ ၄-ခုရှိသည်ကို ပြု၍၊
(၇) အချို့သုတ်၌ အစပ် ၂-ခု၊ အလွှာ ၃-ခု ရှိသည်ကို ပြု၍၊
(၈) အချို့သုတ်၌ အစပ် ၁-ခု၊ အလွှာ ၂-ခုရှိသည်ကို ပြု၍ - ဟောတော်မူ၏။

ထို့ကြောင့် ဤဘဝစက်၌ ဒေသနာအားဖြင့် နက်နဲခြင်းသည် ဒေသနာဂမ္ဘီရတာ မည်၏။

၄. ပဋိဝေဓဂမ္ဘီရတာ (ထိုးထွင်း၍ သိမြင်ခြင်း၏နက်နဲခြင်း)

ဤဘဝစက်၌ အဝိဇ္ဇာ စသည်တို့၏ အသီးသီးသော သဘောလက္ခဏာသည် ရှိ၏၊ ထို လက္ခဏာတို့သည် သက်ဝင်နိုင်ခဲသောကြောင့် နက်နဲ၏၊ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် ဉာဏ်ဖြင့်သက်ဝင်၍ ထိုးထွင်းသိနိုင်ခဲသည်၏အဖြစ်ကြောင့် နက်နဲ၏၊ ဤသည်ကား ပဋိဝေဓဂမ္ဘီရတာ ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့် နက်နဲခြင်း ဖြစ်၏။

www.dhammadownload.com

နက်နဲပုံကိုချဲ့ပြရသော် –

- အဝိဇ္ဇာ၏ မသိခြင်းသဘော, မမြင်ခြင်းသဘော, သစ္စာကိုထိုးထွင်း၍ မသိခြင်းသဘောသည် နက်နဲ၏၊
- သင်္ခါရတို့၏ ပြုပြင်ခြင်းသဘော, အားထုတ်ခြင်းသဘော, တပ်မက်မှုနှင့်တကွဖြစ်ခြင်းသဘော, တပ်မက်မှုကင်းခြင်းသဘောသည် နက်နဲ၏။
- ဝိညာဏ်၏ အတွင်္ဂမှဆိတ်သုဉ်းခြင်းသဘော, ကြောင့်ကြဗျာပါရ ကင်းခြင်းသဘော, ဘဝဟောင်းမှ ပြောင်းရွှေ့ခြင်း မရှိမူ၍ ဘဝသစ်၌ ပဋိသန္ဓေ၏ထင်ရှားဖြစ်ခြင်းသဘောသည် နက်နဲ၏။
- နာမ်ရုပ်၏ တစ်ပေါင်းတည်း ဖြစ်ခြင်းသဘော, အသီးသီး ခွဲခြမ်းအပ်သောသဘော, မခွဲခြမ်းအပ်သောသဘော, ညှိုက်ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည် နက်နဲ၏။
- သဠာယတနာ၏ အစိုးရခြင်းသဘော, လောကာ၏အဖြစ် ဒွါရာ၏အဖြစ် ခေတ္တာ၏အဖြစ် အာရုံ၏ထင်ရာ ဝိသယီအဖြစ် ဟူသောသဘောသည် နက်နဲ၏။
- ဖဿ၏တွေ့ထိခြင်းသဘော, တိုက်ခိုက်ခြင်းသဘော,ပေါင်းဆုံခြင်းသဘော, စုဝေးခြင်းသဘောသည်နက်နဲ၏။
- ဝေဒနာ၏ အာရုံ၏အရသာကို ခံစားခြင်းသဘော, ချမ်းသာခြင်းသဘော, ဆင်းရဲခြင်းသဘော, အလယ်အလတ်သဘော, အသက်ကောင် မဟုတ်သောသဘော, ခံစားခြင်းသဘောသည် နက်နဲ၏။
- တဏှာ၏ နှစ်သက်ပျော်မွေ့ခြင်းသဘော, မျိုသိမ်းခြင်းသဘော, စီးသွားခြင်းသဘော, နွယ်နှင့်တူသောသဘော, မြစ်နှင့်တူသောသဘော, ဆာလောင်ခြင်းသဘော, သမုဒ္ဒယာကဲ့သို့ ပြည့်စေနိုင်ခဲသောသဘောသည် နက်နဲ၏။
- ဥပါဒါန်၏ ယူခြင်းသဘော, စွဲလမ်းခြင်းသဘော, မြဲမြံစွာနှလုံးသွင်းခြင်းသဘော, မှားသောအားဖြင့် သုံးသပ်ခြင်းသဘော, ကျော်လွန်နိုင်ခဲသောသဘောသည် နက်နဲ၏။
- ဘဝ၏ အားထုတ်ခြင်းသဘော, ပြုပြင်ခြင်းသဘော, ယောနိ ဂတိ ဌိတိ နိဝါသတို့၌ ပြစ်ချခြင်းသဘောသည် နက်နဲ၏။
- ဇာတိ၏ ဖြစ်ခြင်းသဘော, ကောင်းစွာဖြစ်ခြင်းသဘော, သက်ဝင်ခြင်းသဘော, အသစ်ဖြစ်ခြင်းသဘော, ထင်ရှားဖြစ်ခြင်း သဘောသည် နက်နဲ၏။
- ဇရာမရဏာ၏ ကုန်ခြင်းသဘော, ပျက်ခြင်းသဘော, ပျက်စီးခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည် နက်နဲ၏။

~ ~ ~ ~ ~ ~ ~ ~

၆။ နည်း ၄–ပါးအားဖြင့်

(၁) ဇကတ္တနည်း

"အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်၊ သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်" ဤသို့ အစရှိသောနည်းဖြင့် မျိုးစေ့မှ အညွှန့်အညှောက်စသည်ဖြင့် အပင်အဖြစ်သို့ ရောက်ခြင်းကဲ့သို့ ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို သိသောနည်းသည် ဇကတ္တနည်း မည်၏။

(၂) နာနတ္တနည်း

အဝိဇ္ဇာစသည်တို့၏ မိမိ မိမိနှင့်ဆိုင်သော သဘောလက္ခဏာကို ပိုင်းခြား၍သိသောနည်းသည် နာနတ္တနည်း မည်၏။

(၃) အဗျာပါရနည်း

အဝိဇ္ဇာ၌ "သင်္ခါရတို့ကို ငါသည်ဖြစ်စေအပ်ကုန်၏" ဟူ၍လည်းကောင်း၊ သင်္ခါရ၌ "ဝိညာဏ်ကို ငါသည် ဖြစ်စေအပ်ကုန်၏" ဟူ၍လည်းကောင်း ဤသို့ အစရှိသော ကြောင့်ကြဗျာပါရ မရှိခြင်းကို သိသောနည်းသည် အဗျာပါရနည်း မည်၏။

www.dhammadownload.com

(၄) ဧဝံမမ္မတာနည်း

နို့ရည်မှနို့ခမ်းဖြစ်ခြင်းကဲ့သို့ အဝိဇ္ဇာစသောအကြောင်းတို့မှ သန်ါရစသည်တို့သာလျှင် ဖြစ်ခြင်းပေတည်း၊ တစ်ပါးသောတရားတို့၏ ဖြစ်ခြင်းမဟုတ် ဟု သိအပ်သောနည်းသည် ဧဝံမမ္မတာနည်း မည်၏။

ဤနည်းတို့ကို မှန်စွာမြင်လျှင် ပယ်သောအယူနှင့် မှားယွင်းစွာမြင်လျှင် စွဲယူသောအယူများ

(၁) ဧကတ္တနည်းကို မှန်စွာမြင်လျှင် အကြောင်းနှင့်အကျိုး ဆက်စပ်ခြင်းအားဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို သိမြင်ခြင်းကြောင့် **ဥစ္ဆေဒဒိဋ္ဌိ**[၁] ကို ပယ်၏။

ဧကတ္တနည်းကို မှားယွင်းစွာမြင်လျှင် အကြောင်းနှင့်အကျိုး ဆက်စပ်ခြင်းအားဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို တစ်ခုတည်း တစ်ယောက်တည်း ဟု ယူခြင်းကြောင့် **သဿတဒိဋ္ဌိ**[၂] ကို စွဲယူ၏။

မှတ်ချက်။ ။ ၁. သတ္တဝါသေလျှင် ပြတ်စဲသွားသည်၊ ဘာမျှမရှိတော့ ဟု ယူဆခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

၂. ဘဝဟောင်းက သတ္တဝါသည်ပင် ဘဝသစ်၌ ပြောင်းရွှေ့၍ ဖြစ်သည် ဟု ယူဆခြင်းသည် သဿတဒိဋ္ဌိ မည်၏။

(၂) နာနတ္တနည်းကို မှန်စွာမြင်လျှင် အသစ်အသစ်ဖြစ်သော တရားတို့၏ ဖြစ်ခြင်းကို မြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်၏။

နာနတ္တနည်းကို မှားယွင်းစွာမြင်လျှင် ကွဲပြားသောသန္တာန်၏ အသီးအသီး ကွဲပြားခြင်းကဲ့သို့ တစ်ခုတည်းသောသန္တာန်၌ ကျရောက်သော အကြောင်းအကျိုး ရုပ်နာမ်တရားအပေါင်း၏ အသီးအသီး ကွဲပြားသည်၏အဖြစ်ကိုယူခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၏။

(၃) အဗျာပါရနည်းကို မှန်စွာမြင်လျှင် ပြုတတ်သောအတ္တ၏ မရှိခြင်းကို ယူခြင်းကြောင့် (ပရမအတ္တရှိ၏ ဟု စွဲယူသော) အတ္တဒိဋ္ဌိကို ပယ်၏။

အဗျာပါရနည်းကို မှားယွင်းစွာမြင်လျှင် ဗျာပါရမရှိသော်လည်း အဝိဇ္ဇာစသည်တို့၏ သဘာဝနိယာမဖြင့် ပြီးသောအကြောင်း၏အဖြစ် ရှိသည်ကို မယူခြင်းကြောင့် **အကိရိယဒိဋ္ဌိ**[၃] ကို စွဲယူ၏။

မှတ်ချက်။ ။ ၃. ကုသိုလ်အကုသိုလ်ကံကို ပြု၍မဖြစ်၊ ပြုသော်လည်း ကုသိုလ်အကုသိုလ်ကံ မဖြစ်ဟု ယူခြင်းသည် အကိရိယဒိဋ္ဌိ မည်၏။

(၄) ဧဝံမမ္မတာနည်းကို မှန်စွာမြင်လျှင် အကြောင်းအားလျော်စွာ အကျိုးကိုသိခြင်းကြောင့် **အဟေတုကဒိဋ္ဌိ**[၄] နှင့် အကိရိယဒိဋ္ဌိကို ပယ်၏။

ဧဝံမမ္မတာနည်းကို မှားယွင်းစွာမြင်လျှင် အကြောင်းအားလျော်စွာ အကျိုး၏ဖြစ်ခြင်းကို မယူဘဲ၊ **အမှတ်မရှိတစ်စုံတစ်ခုသော အကြောင်းကြောင့်**[၅] အမှတ်မရှိ တစ်စုံတစ်ခုသောအကျိုး၏ မဖြစ်နိုင်ခြင်းကို ယူသောကြောင့် အဟေတုကဒိဋ္ဌိ နှင့် နိယတိဝါဒကို စွဲယူ၏။

မှတ်ချက်။ ။ ၄. သတ္တဝါတို့အား ညစ်နွမ်းဆင်းရဲရန် အကုသိုလ်ကံအကြောင်း မရှိ၊ စင်ကြယ်ချမ်းသာရန် ကုသိုလ်ကံအကြောင်း မရှိ၊ ဆင်းရဲခြင်းချမ်းသာခြင်းသည် အကြောင်းမဲ့မတော်တဆ သူ့အလိုလိုပင်ဖြစ်သည် ဟု ယူခြင်းသည် အဟေတုကဒိဋ္ဌိ မည်၏။

၅. အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်းကြောင့် စသည်၌ ဆိုလိုသည်မှာ တစ်ပါးသော အကြောင်းကြောင့် တစ်ပါးသောအကျိုး၏ဖြစ်ခြင်းသည် အကယ်၍ ရှိငြားအံ့၊ သဲမှသဲကြောင့် ဆီ၏ဖြစ်ခြင်းသည် ရှိရာ၏၊ စင်စစ်သော်ကား ထိုသို့ မဖြစ်ပေ၊ ထို့ကြောင့် တစ်စုံတစ်ခု၏ အကြောင်းကြောင့်ဖြစ်သော တစ်စုံတစ်ခုမည်သည် မရှိဟု ယူသော အဟေတုကဒိဋ္ဌိကို လည်းကောင်း၊ အကြောင်းမရှိငြားသော်လည်း ကိန်းသေသတ်မှတ်ခြင်း ကိန်းသေမြဲခြင်း ရှိသည်၏ အဖြစ်ကြောင့် နမ်းစေ့၊ နွားမနှင့် သုက်သွေး စသည်တို့မှ ဆီ၊ နို့ရည်၊ ကိုယ် စသည်တို့ ဖြစ်ကြ၏ဟူသော နိယတိဝါဒ ကိုလည်းကောင်း၊ မှားယွင်းစွာယူသောသူသည် စွဲယူ၏။

www.dhammadownload.com

ဤ၌ အဟေတုကဒိဋ္ဌိနှင့် နိယတိဝါဒတို့သည် ဗုဒ္ဓလက်ထက်တော်က မက္ခလိ-ဂေါသာလ၏အယူဝါဒ ဖြစ်သည်။ နိယတိဝါဒ ဟူသည် သတ္တဝါအသီးသီးမှာ ချမ်းသာရန်လည်းကောင်း, ဆင်းရဲရန်လည်းကောင်း, အယုတ်အမြတ်ဘဝအမျိုးမျိုး၌ဖြစ်ရန်လည်းကောင်း, ဘဝပေါင်းကမ္ဘာပေါင်း မည်၍မည်မျှကြာအောင် ကျင်လည်ရန်လည်းကောင်း, လွန်မြောက်ရန်လည်းကောင်း, မုချကိန်းသေသတ်မှတ်ချက်ရှိ၏၊ ထို မုချကိန်းသေသတ်မှတ်ချက် ရှိသည့်အတိုင်းသာလျှင် သတ္တဝါတို့သည် ချမ်းသာကြရသည်၊ ဆင်းရဲကြရသည်၊ ဘဝအမျိုးမျိုး၌ ဖြစ်လျက် ကျင်လည်နေကြရသည်၊ ဆင်းရဲမှ လွတ်ချိန်တန်သောအခါ ထို မုချကိန်းသေသတ်မှတ်ချက်အရဖြင့်သာလျှင် သံသရာမှ လွတ်မြောက်ကြရသည်၊ ပညာရှိပင်ဖြစ်သော်လည်း ချမ်းသာအောင် သံသရာတိုအောင် မပြုကျင့်နိုင်၊ သူမိုက်မှာလည်း မိုက်မဲစွာပြုမူကြောင့် သံသရာရှည်ခြင်း ဆင်းရဲခြင်းမဖြစ်နိုင်၊ ကိန်းသေသတ်မှတ်ချက်အရဖြင့်သာလျှင် အချိန်တန်သောအခါ သံသရာမှ လွတ်မြောက်ကြရသည် ဟု ယူဆပြောဆိုသောဝါဒ ဖြစ်၏။

ဘဝစက်ကို မဖောက်ခွဲမူ၍ သံသရာဘေးကို ကျော်လွှားနိုင်သူ မရှိနိုင်

ဤဆိုခဲ့သည့်အတိုင်း ဘဝစက်ကို သစ္စာအမွန်စသည်အားဖြင့် သိအပ်ပေ၏၊ သိသင့်ခြင်း၏အကြောင်းကား ဤဘဝစက်သည် အလွန်နက်နဲသည်၏အဖြစ်ကြောင့် ထောက်တည်ရာ မရှိ၊ အထူးထူးသော နည်းတို့ဖြင့် ချဲ့ရှုပ်သကဲ့သို့ ရှုပ်ထွေးသောကြောင့် ကျော်လွန်နိုင်ခဲ၏၊ သမာဓိဟူသော မြတ်သောကျောက်၌ ကောင်းစွာသွေးအပ်ပြီးသော ဉာဏ်တည်းဟူသော သန်လျက်ဖြင့် ဤဘဝစက်ကို မဖောက်ခွဲမူ၍ မိုးကြိုးစက်ကဲ့သို့ အမြဲနှိပ်စက်တတ်သော သံသရာဘေးကို ကျော်လွန်သောသူသည် အိပ်မက်၌သော်လည်း တစ်စုံတစ်ယောက်မျှ မရှိ၊ မှန်ပေ၏၊ မြတ်စွာဘုရားသည် –

"အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်၏၊ နက်ယောင်လည်းထင်၏၊ အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်တရားကိုပင်လျှင် လျော်စွာမသိခြင်း ထိုးထွင်း၍မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ဤသို့ချည်ခင်ရှုပ်ကဲ့သို့ဖြစ်လျက် စာပေါင်းသိုက်ကဲ့သို့ဖြစ်လျက် ဖြူဆွံ့မြက်ဖြိတ်မြက်ကဲ့သို့ဖြစ်လျက် ကြီးပွါးခြင်း၏ကင်းရာဖြစ်သော(အပါယ်၄-ဘုံကို), ဆင်းရဲဖြစ်ရာဖြစ်သော(ဒုဂ္ဂတိဘုံကို) ချမ်းသာမှပျက်စီး၍ ကျရာဖြစ်သော အပါယ်၄-ဘုံကိုလည်းကောင်း၊ (ရုပ်နာမ်ခန္ဓာအစဉ်) သံသရာကိုလည်းကောင်း၊ မကျော်လွန်ဘဲ ရှိချေသည်" ဟူသော စကားကို ဟောတော်မူအပ်၏။

ထို့ကြောင့် မိမိ၏ လည်းကောင်း၊ သူတစ်ပါး၏ လည်းကောင်း စီးပွါးချမ်းသာ အလို့ငှာ ကျင့်သော ဤသာသနာတော်၌ ပညာရှိသည် ကြွင်းသောအခြားကိစ္စတို့ကိုပယ်၍ နက်နဲသော ကျေးဇူးပြုပုံအပြားကို ဟောသော ပဋိစ္စသမုပ္ပါဒ်၌ ထောက်တည်ရာရအောင် အခါခပ်သိမ်း အမှတ်ရသော သတိရှိသည်ဖြစ်၍ အားထုတ်ရာသတည်း။

ပညာဘူမိနိဒ္ဒေသ ပြီး၏။

www.dhammadownload.com

ဒိဋ္ဌဝိသုဒ္ဓိနိဒ္ဒေသ

ဝိပဿနာ၏ အာရုံဖြစ်ကုန်သော တရားတို့ကို သင်ယူခြင်း, မေးမြန်းခြင်းတို့၏ အစွမ်းဖြင့် ဉာဏ်အလေ့အကျက်ကို ပြုပြီးလျှင် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိဟူသော မူလဝိသုဒ္ဓိနှစ်ပါးကိုပြည့်စုံစေ၍၊ ဒိဋ္ဌဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဟူသော ကိုယ်ထည် (သရီရ) ဝိသုဒ္ဓိငါးပါးကို ပြည့်စုံအောင်ပွါးများရပေမည်။

သီလဝိသုဒ္ဓိဟူသည် ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော ပါတိမောက္ခသံဝရ စသည် ၄-ပါး အပြားရှိသောသီလ ပေတည်း။ (သီလနိဒ္ဒေသ၌ အကျယ်ပြဆိုခဲ့ပြီး ဖြစ်၏။)

စိတ္တဝိသုဒ္ဓိဟူသည် ဥပစာရသမာဓိနှင့်တကွ ရှစ်ပါးသောသမာပတ် ပေတည်း။ (ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ, အရကား- ဧကဂ္ဂတာ စေတသိက်) (သမာဓိနိဒ္ဒေသ၌ အကျယ်ပြဆိုခဲ့ပြီး ဖြစ်၏။)

ထိုဝိသုဒ္ဓိ ၂-ပါးနှင့်ပြည့်စုံသောအခါ ဒိဋ္ဌဝိသုဒ္ဓိကို ပြည့်စုံစေရသည်။

ဒိဋ္ဌဝိသုဒ္ဓိ

နာမ်နှင့် ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် ဒိဋ္ဌဝိသုဒ္ဓိ မည်၏။

(မှတ်ချက်။ ။ နာမ်နှင့်ရုပ်တို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် တို့ဖြင့် ဉာဏ်ဖြင့် ပိုင်းခြား၍ယူခြင်း, သိမ်းဆည်းခြင်းသည် ဒိဋ္ဌဝိသုဒ္ဓိ မည်၏။)

ဒိဋ္ဌဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီသည်

သမထယာနိကပုဂ္ဂိုလ်ဖြစ်အံ့ နာမ်(သို့)ရုပ် ကြိုက်ရာက စ၍ သိမ်းဆည်းနိုင်၏၊ သုဒ္ဓဝိပဿနာ-ယာနိကပုဂ္ဂိုလ်ဖြစ်မူကား ရုပ်တရားကသာ စ၍ သိမ်းဆည်းရ၏။

၁။ နာမ်မှစ၍ ရှုနည်း

(သမထယာနိကပုဂ္ဂိုလ်၏ နာမ်နှင့်ရုပ်ကို အကျဉ်းအားဖြင့် ပိုင်းခြားပုံ)

သမထယာနိက (သမထယာဉ်ရှိသော (ဝါ) သမထကိုအခြေခံ၍ ဝိပဿနာရှုသော) ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ကိုချန်၍ ကြွင်းအရူပစျာန် ၃-ပါးနှင့် ရူပစျာန် ၄-ပါးတို့တွင် တစ်ပါးပါးကို ဝင်စားပြီးလျှင်၊ ထိုစျာန်မှထ၍ ဝိတက်စသော စျာနင်္တရာတို့ကိုလည်းကောင်း၊ ထိုစျာနင်္တရာတို့နှင့်ယှဉ်သော ဖဿစသော နာမ်တရားတို့ကိုလည်းကောင်း၊ လက္ခဏာ, ရသ စသည်တို့၏အစွမ်းအားဖြင့် သိမ်းဆည်းရ၏၊ သိမ်းဆည်းပြီးလျှင် ဤ တရားအလုံးစုံတို့သည် အာရုံဆီသို့ ရှေ့ရှုညွှတ်တတ်သည် ဖြစ်၍ အာရုံဆီသို့ ရှေ့ရှုညွှတ်ခြင်း အနက်သဘောကြောင့် နာမ် မည်၏ဟု ပိုင်းခြားအပ်၏။

ထို့နောက် ဥပမာအားဖြင့် ယောကျ်ားသည် အိမ်တွင်း၌ မြွေမြင်လျှင်၊ ထိုမြွေကို အစဉ်လိုက်၍ ကြည့်သော် မြွေ၏ဝပ်နေရာအရပ်ကို တွေ့မြင်သကဲ့သို့ ယောဂီသည် နာမ်ကိုကပ်၍ရှုလျက် "ဤနာမ်သည် အဘယ်ကိုမှီ၍ ဖြစ်သနည်း" ဟု ထိုနာမ်၏မှီရာကို ရှာလတ်သော် နာမ်၏မှီရာဖြစ်သော ဟဒယဝတ္ထုခေါ် နှလုံးရုပ်ကို တွေ့မြင်၏၊ ထို့နောင် နှလုံးရုပ်၏ မှီရာ ဘူတရုပ်တို့ကိုလည်းကောင်း၊ ဘူတရုပ်တို့ကို မှီသော (နှလုံးရုပ်မှ) ကြွင်းသော ဥပါဒါရုပ်တို့ကိုလည်းကောင်း တွေ့မြင်၏၊ ဤသို့ ရုပ်တို့ကို သိမ်းဆည်းပြီးလျှင် ဤတရား အလုံးစုံသည် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟု ပိုင်းခြား၏။

ထို့နောင် အာရုံဆီသို့ ညွှတ်ခြင်းသဘောရှိသောတရားကား နာမ်တည်း၊ ဖောက်ပြန်ခြင်းသဘောရှိသောတရားကား ရုပ်တည်းဟု နာမ်နှင့်ရုပ်တို့ကို အကျဉ်းအားဖြင့် ပိုင်းခြားမှတ်သား၏။

(မှတ်ချက်။ ။ နေဝသညာနာသညာယတနစျာန်သည် အလွန်သိမ်မွေ့သောကြောင့် သာဝကတို့သည်အားထုတ်စဉ် မရှုနိုင်ပေ။ ထို့ကြောင့် ၎င်းကိုချန်ထားခြင်း ဖြစ်ပါသည်။)

www.dhammadownload.com

၂။ ဓာတ် ၄-ပါးမှစ၍ ရှုနည်း

သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်စေ၊ သမထယာနိကပုဂ္ဂိုလ်ဖြစ်စေ ရုပ်မှစ၍သိမ်းဆည်းနိုင်ပါသည်။ သိမ်းဆည်းပုံမှာ- စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့သည့်အတိုင်း အကျဉ်းအားဖြင့်ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ ဓာတ် ၄-ပါးတို့ကို သိမ်းဆည်း၏၊ ဓာတ်တို့သည် မှန်ကန်သော မိမိ၏သဘောလက္ခဏာအားဖြင့် ထင်ပေါ်လာလျှင်၊ ဓာတ်လေးပါးတို့ကို မှီနေသော ဥပါဒါရုပ်တို့လည်း ထင်ရှားလာ၏။

ထင်ရှားလာပုံမှာ စတုသမုဋ္ဌာန်ကောဋ္ဌာသ ၂၄-ပါးတို့၌ ၄၄-ပါးစီသောရုပ်တို့သည် ထင်ရှားကုန်၏၊ ဥတုစိတ္တသမုဋ္ဌာန်ဖြစ်သော ချွေးစသောကောဋ္ဌာသ ၄-ပါးတို့၌ ၁၆-ပါးစီသော ရုပ်တို့သည်ထင်ရှားကုန်၏၊ ဥတုသမုဋ္ဌာန်ဖြစ်သော အစာသစ်စသောကောဋ္ဌာသ ၄-ပါးတို့၌ ၈-ပါးစီသောရုပ်တို့သည် ထင်ရှားကုန်၏၊ ဤသို့ဖြင့် ၃၂-ပါးသောကောဋ္ဌာသတို့၌ ရုပ်တို့သည် ထင်ရှားလာ၏။ (နှာ-၈၂၊ ဇယား-၁ ရှု)

ဤ ၃၂-ပါးသောကောဋ္ဌာသတို့ ထင်ပေါ်လတ်သော် ထိုမှတစ်ပါးကုန်သော ၁၀-ပါးသောကောဋ္ဌာသတို့သည်လည်း ထင်ပေါ်ကုန်၏။ (နှာ-၈၃၊ ဇယား-၂ ရှု)

ဤသို့ ယောဂီအား အကျယ်အားဖြင့် ၄၂-ပါးသော ကောဋ္ဌာသတို့၏အစွမ်းဖြင့် ဘူတရုပ်, ဥပါဒါရုပ်တို့ ထင်ရှားလတ်သော် ဝတ္ထုနှင့်ဒွါရတို့၏ အစွမ်းအားဖြင့်(စက္ခုဒသကအစရှိသော ဒသကကလာပ် ၅-စည်း+ဟဒယဝတ္ထုဒသကကလာပ်)ကလာပ် ၆-စည်း-ရုပ်ပေါင်း ၆၀ တို့သည်လည်း ထင်ရှားကုန်၏၊ ထိုယောဂီသည်(၁၄၉၄-ခု အရေအတွက်ရှိသော)ထိုရုပ်အလုံးစုံတို့ကို ဖောက်ပြန်ခြင်းသဘောရှိသောကြောင့် ရုပ်တည်းဟု ရှု၏။ (နှာ-၈၃၊ ဇယား-၃ ရှု)

ဤသို့ ရုပ်ကိုသိမ်းဆည်းပြီးသော ယောဂီအား ဒွါရ၏အစွမ်းအားဖြင့် နာမ်တရားတို့သည် ထင်ရှားကုန်၏၊ ထင်ရှားပုံမှာ ဒွေပဉ္စဝိညာဏ် ၁၀-ပါး, မနောဓာတ် ၃-ပါး, မနောဝိညာဏဓာတ် ၆၈-ပါး ဟူသော ၈၁-ပါးသော လောကီစိတ်တို့သည်လည်းကောင်း, သာမညအားဖြင့် ထိုစိတ်တို့နှင့် တကွဖြစ်ကုန်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူသော ၇-ပါးစီသောစေတသိက်တို့သည်လည်းကောင်း ထင်ရှားကုန်၏၊ လောကုတ္တရာစိတ်တို့သည်ကား မရဘူးသောတရားဖြစ်၍ သိမ်းဆည်းခြင်းငှာ(ရှုခြင်းငှာ) မစွမ်းနိုင်၊ ရှုလည်း မရှုအပ်ပေ၊ ယောဂီသည် ထိုနာမ်တရားအလုံးစုံကို အာရုံဆီသို့ ညွတ်ခြင်းသဘောရှိသောကြောင့် နာမ်တည်းဟု ရှု၏။

ဤသို့အားဖြင့် ဓာတ် ၄-ပါးကိုပိုင်းခြားခြင်းကို ပဓာနပြု၍ အကျယ်အားဖြင့် နာမ်နှင့်ရုပ်ကိုပိုင်းခြား၏။

ဇယား-၁ **ကောဋ္ဌာသ ၃၂-ပါးတို့၌ ရှုပ်တို့ထင်ပေါ်ပုံ**

စတုသမုဋ္ဌာန်ဖြစ်သော ဆံပင်စသော ၄၄-ပါးစီသောရုပ်တို့ ထင်ရှားပုံ

(ကမ္မသမုဋ္ဌာန်)	၁.ကာယဒသက ကလာပ်	၁-စည်း:	ရုပ်ပေါင်း:	၁၀-ပါး
	၂.ဘာဝဒသကကလာပ်	၁-စည်း:	။	၁၀
(အာဟာရသမုဋ္ဌာန်)	၃.ဩဇဋ္ဌမကကလာပ်	၁-စည်း:	။	၈
(ဥတုသမုဋ္ဌာန်)	၄.ဩဇဋ္ဌမကကလာပ်	၁-စည်း:	။	၈
(စိတ္တသမုဋ္ဌာန်)	၅.ဩဇဋ္ဌမကကလာပ်	၁-စည်း:	။	၈
	ကလာပ်ပေါင်း:	၅-စည်း:	ရုပ်ပေါင်း:	၄၄-ပါး တို့ဖြစ်သည်။

ဥတု, စိတ္တသမုဋ္ဌာန်ဖြစ်သော ချွေးစသော ကောဋ္ဌာသ ၄-ပါးတို့၌ ၁၆-ပါးစီသောရုပ်တို့ ထင်ရှားပုံ

(ဥတုသမုဋ္ဌာန်)	ဩဇဋ္ဌမကကလာပ်	၁-စည်း:	ရုပ်ပေါင်း:	၈-ပါး:
(စိတ္တသမုဋ္ဌာန်)	ဩဇဋ္ဌမကကလာပ်	၁-စည်း:	။	၈-ပါး:
	ကလာပ်ပေါင်း:	၂-စည်း:	။	၁၆-ပါး တို့ဖြစ်သည်။

ဥတုသမုဋ္ဌာန်ဖြစ်သော အစာသစ်စသော ကောဋ္ဌာသ ၄-ပါး တို့၌ ၈-ပါးစီသောရုပ်တို့ ထင်ရှားပုံ

ထိုရုပ် ၈-ပါးတို့မှာ(ဥတုသမုဋ္ဌာန်)သုဒ္ဓဋ္ဌကကလာပ် ၁-စည်း ရုပ်ပေါင်း ၈-ပါးတို့ဖြစ်သည်။

www.dhammadownload.com

ဇယား-၂ **ကောဋ္ဌာသ ၁၀-ပါး၌ ရုပ်တို့ထင်ပေါ်ပုံ**

ပါစကတေဇောကောဋ္ဌာသသည် (ကမ္မသမုဋ္ဌာန်ဖြစ်၍) ဇီဝိတနဝကကလာပ် ၁-စည်း ရုပ် ၉-ပါး ၊
အဿာသပဿာသကောဋ္ဌာသသည်(စိတ္တသမုဋ္ဌာန်ဖြစ်၍)သဒ္ဒနဝကကလာပ်၁-စည်းရုပ်၉-ပါးတို့ထင်ရှားလာ၏
ကြွင်းကောဋ္ဌာသ ၈-ပါး သည် စတုသမုဋ္ဌာန်ဖြစ်၍

(ကမ္မသမုဋ္ဌာန်)	ဇီဝိတနဝကကလာပ်	၁-စည်း	ရုပ်ပေါင်း	၉-ပါး
(အာဟာရသမုဋ္ဌာန်)	သြဇဋ္ဌမကကလာပ်	၁-စည်း	။	၈
(ဥတုသမုဋ္ဌာန်)	သြဇဋ္ဌမကကလာပ်	၁-စည်း	။	၈
(စိတ္တသမုဋ္ဌာန်)	သြဇဋ္ဌမကကလာပ်	၁-စည်း	။	၈
	ပေါင်း ကလာပ်	၄-စည်း		၃၃-ပါးစီသော ရုပ်တို့သည်ထင်ရှားလာ၏။

(∴ ကောဋ္ဌာသ ၈-ပါး၌ ကလာပ် ၃၂-စည်း ရုပ် ၂၆၄-ပါးရ၏)

ဇယား-၃ **ရုပ်ပေါင်း ၁၄၉၄-နှုန်းရေတွက်ပုံ**

- **စတုသမုဋ္ဌာန်ဖြစ်သော ဆံပင်စသော ကောဋ္ဌာသ ၂၄-ပါး**

ကောဋ္ဌာသ	၁-ခုလျှင်	ကလာပ်	၅-စည်း	ရုပ် ၄၄-ပါး	
∴ ။	၂၄-ခုတွင်	ကလာပ် (၅× ၂၄) =	၁၂၀-စည်း	ရုပ် (၄၄× ၂၄) =	၁၀၅၆

- **ဥတု, စိတ္တသမုဋ္ဌာန်ဖြစ်သော ချွေးစသော ကောဋ္ဌာသ ၄-ပါး**

ကောဋ္ဌာသ	၁-ခုလျှင်	ကလာပ်	၂-စည်း	ရုပ် ၁၆-ပါး	
∴ ။	၄-ခုတွင်	ကလာပ် (၂× ၄) =	၈-စည်း	ရုပ် (၁၆× ၄) =	၆၄

- **ဥတုသမုဋ္ဌာန်ဖြစ်သော အစာသစ်စသော ကောဋ္ဌာသ ၄-ပါး**

ကောဋ္ဌာသ	၁-ခုလျှင်	ကလာပ်	၁-စည်း	ရုပ် ၈-ပါး	
∴ ။	၄-ခုတွင်	ကလာပ် (၁× ၄) =	၄-စည်း	ရုပ် (၈ × ၄) =	၃၂

- **ပါစကတေဇောကောဋ္ဌာသ(ကမ္မသမုဋ္ဌာန်)** ကလာပ် ၁ စည်း ရုပ် = ၉
- **အဿာသပဿာသကောဋ္ဌာသ(စိတ္တသမုဋ္ဌာန်)** ကလာပ် ၁ စည်း ရုပ် = ၉
- **ကြွင်း ကောဋ္ဌာသ ၈-ခု (စတုသမုဋ္ဌာန်)**

ကောဋ္ဌာသ	၁-ခုလျှင်	ကလာပ်	၄-စည်း	ရုပ် ၃၃-ပါး	
∴ ။	၈-ခုတွင်	ကလာပ် (၄× ၈) =	၃၂-စည်း	ရုပ် (၃၃× ၈) =	၂၆၄

- **ဝတ္ထုနှင့်ဒွါရအစွမ်းအားဖြင့်** ကလာပ် ၆-စည်း ရုပ် = ၆၀

∴ ၁၄၉၄

မှတ်ချက်။ ။

(၁) စတုသမုဋ္ဌာန်ကောဋ္ဌာသ ၂၄-ပါး = ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အခြေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ သွေး၊ အဆီခဲ၊ ဆီကြည်၊ အစေး။

(၂) ဥတု,စိတ္တသမုဋ္ဌာန်ကောဋ္ဌာသ ၄-ပါး = ချွေး၊ မျက်ရည်၊ တံတွေးနှပ်၊

(၃) ဥတုသမုဋ္ဌာန်ကောဋ္ဌာသ ၄-ပါး = အစာသစ်၊ အစာဟောင်း၊ ပြည်၊ ကျင်ငယ် (ပေါင်း ၃၂-ကောဋ္ဌာသ)

(၄) ကောဋ္ဌာသ ၁၀-ပါး

(က) ပါစကတေဇောကောဋ္ဌာသ(ကမ္မသမုဋ္ဌာန်)

(ခ) အဿာသပဿာသကောဋ္ဌာသ(စိတ္တသမုဋ္ဌာန်)

(ဂ) စတုသမုဋ္ဌာန်ဖြစ်သောကောဋ္ဌာသ ၈-ပါးတို့မှာ တေဇောကောဋ္ဌာသ ၃-ပါး နှင့် ဝါယောကောဋ္ဌာသ ၅-ပါး တို့ဖြစ်သည်။

www.dhammadownload.com

တေဇောကောဋ္ဌာသ ၃-ပါးမှာ-
-သန္တပ္ပနတေဇော = အဖျားရှိန်အပူငွေ့.
-ဇီရဏတေဇော = ကိုယ်အပူငွေ့.
-ပရိဒါဟတေဇော = အလွန်ပူပြင်းသောအပူငွေ့.
ဝါယောကောဋ္ဌာသ ၅-ပါးမှာ-
-ဥဒ္ဓင်္ဂမဝါယော = ဆန်တက်သောလေ
-အဓောဂမဝါယော = စုန်ဆင်းသောလေ
-ကုစ္ဆိသယဝါယော = ဝမ်းတွင်းလေ
-ကောဋ္ဌာသယဝါယော = အူအတွင်းလေ
-အင်္ဂမင်္ဂါနုသာရိဝါယော = အင်္ဂါကြီးငယ်သို့သွားသောလေ

၃။ ဓာတ် ၁၈-ပါးအလိုအားဖြင့် ရှုနည်း

ယောဂီသည် 'ခန္ဓာကိုယ်ထဲ၌ စက္ခုဓာတ်သည်ရှိ၏ ။ပ။ မနောဝိညာဏဓာတ်သည်ရှိ၏' ဟု ဤသို့ ဓာတ်တို့ကို ဆင်ခြင်ပြီးလျှင် စက္ခုပသာဒကို စက္ခုဓာတ်ဟု ပိုင်းခြား၏၊ ပိုင်းခြားပုံမှာ -

လောက(လူအပေါင်း)သည် မျက်ဖြူဝန်းမျက်နက်ဝန်းတို့ဖြင့် ဆန်းကြယ်သော အလှူးရှည်သွယ် အနုကျယ်ပြန့်သောမျက်တွင်း၌ မျက်ကြောတည်းဟူသော ကြိုးငယ်ဖြင့်ဖွဲ့အပ်သော အသားဆိုင်ကို မျက်စိ ဟူ၍ အသိအမှတ်ပြု၏၊ ထိုအသားဆိုင်မျက်စိကို မယူမူ၍ ခန္ဓနိဒ္ဒေသဝယ် ဆိုခဲ့သော စက္ခုပသာဒ (မျက်စိ အကြည်ရုပ်)ကို စက္ခုဓာတ်(မျက်စိဓာတ်) ဟူ၍ ပိုင်းခြား၏။

သသမ္ဘာရစက္ခု(အဆောက်အဦနှင့်တကွဖြစ်သော ပကတိအသားဆိုင်မျက်စိ)၌ ရုပ်ပေါင်း ၅၄-ပါး ရှိ၏၊ ထို ၅၄-ပါးသော ရုပ်တို့တွင် စက္ခုပသာဒကိုသာ စက္ခုဓာတ် ဟု ပိုင်းခြား၏၊ ကြွင်း ၅၃-ပါးသောရုပ် တို့ကို စက္ခုဓာတ်ဟု မပိုင်းခြားပေ။ (နှာ-၈၄၊ ဇယား-၄ ရှု)

ကြွင်း သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်တို့၌လည်း နည်းတူပင် ပိုင်းခြား၏၊ အထူးမှာ ကာယ ဓာတ်ကို ပိုင်းခြားရာ၌ ကာယပသာဒမှ ကြွင်းသောရုပ်သည် ၄၃-ပါးသာ ဖြစ်၏၊ အချို့ဆရာတို့က ဥတု-သမုဋ္ဌာန်ရုပ်နှင့် စိတ္တသမုဋ္ဌာန်ရုပ်တို့တွင် သဒ္ဒနှင့်တကွ ရေတွက်၍ ၄၅-ပါး ဖြစ်၏ဟု ဆိုကုန်၏။(ဇယား-၅)

ဤ ပသာဒရုပ် ၅-ပါးတို့၏ အာရုံဖြစ်သော ရူပစသော အာရုံရုပ် ၅-ပါးတို့ကို ရူပဓာတ်။ပ။ဖောဋ္ဌ ဓာတ်ဟု ပိုင်းခြား၏၊ ကြွင်းသောရုပ်တို့ကို ဓမ္မဓာတ်ဟု ပိုင်းခြား၏။

ထို့နောက် စက္ခုပသာဒကို မှီလျက် ရူပါရုံကို အာရုံပြု၍ ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် စက္ခု-ဝိညာဏဓာတ် မည်၏၊ ဤနည်းဖြင့် ဒွေပဉ္စဝိညာဏ်သည် ဝိညာဏဓာတ် ၅-ပါး ဖြစ်ကုန်၏၊ ၃-ပါးသော မနောဓာတ်စိတ်တို့သည် မနောဓာတ် ၁-ပါး၊ ၆၈-ပါးသော မနောဝိညာဏဓာတ်စိတ်တို့သည် မနော-ဝိညာဏဓာတ် ၁-ပါး၊ ထို့ကြောင့် လောကီစိတ် ၈၁-ပါးသည် ဝိညာဏဓာတ် ၇-ပါးတို့ဖြစ်ကုန်၏၊ ၎င်း ဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော ဖဿစသောစေတသိက်တို့သည် ဓမ္မဓာတ်ဖြစ်ကုန်၏ဟု ပိုင်းခြား၏။

ဤသို့အားဖြင့် ဓာတ် ၁၈-ပါးတို့တွင် ဆယ်ခုခွဲသောဓာတ်တို့သည် ရုပ်တည်း, ခုနစ်ခုခွဲသော ဓာတ်တို့သည် နာမ်တည်းဟူ၍ ဓာတ်တို့၏အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

ဇယား-၄

ရုပ် ၅၄-ပါး ဟူသည်	၁. ကာယဒသက ကလာပ်	၁-စည်း	ရုပ်ပေါင်း	၁၀-ပါး
	၂. ဘာဝဒသကကလာပ်	။	။	၁၀-ပါး
	၃. စက္ခုဒသက ကလာပ်	။	။	၁၀-ပါး
	၄. အာဟာရဇဋ္ဌမကကလာပ်	။	။	၈-ပါး
	၅. ဥတုဇဋ္ဌမကကလာပ်	။	။	၈-ပါး
	၆. စိတ္တဇဋ္ဌမကကလာပ်	။	။	၈-ပါး

www.dhammadownload.com

ဇယား-၅

ရုပ် ၄၄-ပါး ဟူသည်	၁. ကာယဒသက ကလာပ်	၁-စည်း	ရုပ်ပေါင်း	၁၀-ပါး
	၂. ဘာဝဒသကကလာပ်	။	။	၁၀-ပါး
	၃. အာဟာရဇဋ္ဌမကကလာပ်	။	။	၈-ပါး
	၄. ဥတုဇဋ္ဌမကကလာပ်	။	။	၈-ပါး
	၅. စိတ္တဇဋ္ဌမကကလာပ်	။	။	၈-ပါး

၄။ အာယတန ၁၂-ပါးအလိုအားဖြင့် ရှုနည်း

စက္ခုဓာတ်၌ ဆိုခဲ့သည့်အတိုင်း ၅၃-ပါးသောရုပ်တို့ကိုဖယ်ထား၍ စက္ခုပသာဒကိုသာလျှင် စက္ခာယတနဟု ပိုင်းခြား၏။(သောတာယတန မှ ကာယာယတန ထိ နည်းတူ)၊ ၎င်းတို့၏ အာရုံဖြစ်သောတရား ၎ပါးတို့ကို ရူပါယတန ။ပ။ ဖောဋ္ဌဗ္ဗာယတန ဟူ၍ ပိုင်းခြား၏၊ လောကီဝိညာဏဓာတ် ၇-ပါးတို့ကို မနာယတနဟူ၍ ပိုင်းခြား၏၊ ၎င်းမနာယတနနှင့်ယှဉ်ကုန်သော ဖဿအစရှိသောစေတသိက်တို့ကို လည်းကောင်း၊ စက္ခာယတန စသည်တို့မှ ကြွင်းသော ရုပ်အပေါင်းကိုလည်းကောင်း ဓမ္မာယတနဟု ပိုင်းခြား၏။

ဤသို့အားဖြင့် အာယတန ၁၂-ပါးတို့တွင် ဆယ်ခုခွဲသော အာယတနတို့သည် ရုပ်တည်း၊ တစ်ခုခွဲသောအာယတနတို့သည် နာမ်တည်း ဟူ၍ အာယတနတို့၏ အစွမ်းအားဖြင့် နာမ်နှင့် ရုပ်ကို ပိုင်းခြား၏။

၅။ ဓန္ဓာအလိုအားဖြင့် ရှုနည်း

ယောဂီသည် ဤကိုယ်၌ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ဓာတ် ၄-ပါး၊ ၎င်းတို့ကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ရုပ် ၄-ပါး၊ ကံကြောင့်ဖြစ်သော ပသာဒရုပ် ၅-ပါး, ဟဒယဝတ္ထုရုပ်, ဘာဝရုပ်, ဇီဝိတိန္ဒြေ၊ စိတ်နှင့်ဥတု အကြောင်း ၂-ပါးကြောင့် ဖြစ်သော သဒ္ဒရုပ်အားဖြင့် ၁၇-ပါးသော ရုပ်တို့သည် သမ္မသနုပဂရုပ်(သုံးသပ်နိုင်သောရုပ်) မည်ကုန်၏၊ နိပ္ပန္နရုပ်(အကြောင်းတို့ဖြင့်ပြီးစီးသောရုပ်) မည်ကုန်၏၊ ရူပရုပ်(ရုပ်အစစ်ဖြစ်သောရုပ်) မည်ကုန်၏။

ကြွင်းရုပ် ၁၀-ပါး(ကာယဝိညတ်, ဝစီဝိညတ်, အာကာသဓာတ်, လဟုတာဒိ-၃, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ)တို့သည်ကား သမ္မသနုပဂရုပ်, နိပ္ပန္နရုပ်, ရူပရုပ် မဟုတ်ကုန်၊ သို့သော် ရုပ်အစစ်တို့၏ အခြင်းအရာမျှ, ထူးခြားသောအမူအရာမျှ, အကြားဖြစ်သောပိုင်းခြားကြောင်းမျှသာ ဖြစ်သောကြောင့် ရုပ်ဟုရေတွက်၏။

ဤရုပ် ၂၇-ပါးတို့သည် ရူပက္ခန္ဓာတည်း၊ လောကီစိတ် ၈၁-၌ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ သင်္ခါရတို့သည် သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း ဟူ၍ ပိုင်းခြား၏။

ဤသို့အားဖြင့် ရူပက္ခန္ဓာသည် ရုပ်တည်း၊ နာမ်ခန္ဓာ ၄-ပါးတို့သည် နာမ်တည်း ဟူ၍ ခန္ဓာငါးပါးတို့၏ အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

၆။ နာမ်ရုပ်အလိုအားဖြင့် ရှုနည်း

အမှတ်မရှိ တစ်စုံတစ်ခုသော ရုပ်သည် ရှိ၏၊ ထို ရှိသမျှအလုံးစုံသောရုပ်သည် မဟာဘုတ် ၄-ပါးနှင့်ယင်းတို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်သာလျှင်တည်း ဟု ဤသို့အကျဉ်းအားဖြင့် မိမိခန္ဓာကိုယ်၌ ရုပ်ကို သိမ်းဆည်း၍၊ မနာယတနနှင့် ဓမ္မာယတနတစ်စိတ်ကို နာမ်ဟု သိမ်းဆည်း၏၊ ဤသို့အားဖြင့် နာမ်သည် လည်းကောင်း၊ ရုပ်သည် လည်းကောင်း ရှိ၏၊ ဤနှစ်ပါးကို နာမ်ရုပ်ဟူ၍ အကျဉ်းအားဖြင့် နာမ်နှင့် ရုပ်ကို ပိုင်းခြား၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

နာမ်တရားထင်ရှားအောင် ရှုနည်း

ဓာတ် ၄-ပါးကိုပိုင်းခြားခြင်း အစရှိသောနည်းတို့ဖြင့် ရုပ်ကိုသိမ်းဆည်းပြီးလျှင် နာမ်ကိုသိမ်းဆည်းသောယောဂီအား နာမ်သည် သိမ်မွေ့သောကြောင့် မထင်ပေါ်ခဲ့သော်- ယောဂီသည် လက်မလျှော့မူ၍ ရုပ်ကိုသာလျှင် အဖန်ဖန်သုံးသပ်အပ်၏၊ နလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏၊ ထိုသို့ ရှုလျှင် ရုပ်သည် ကောင်းစွာသုတ်သင်အပ်သည် ဖြစ်၍ အရှုပ်အထွေးမရှိ စင်ကြယ်သန့်ရှင်းစွာ ထင်လာ၏၊ ထိုအခါ ယင်းရုပ်ကို အာရုံပြုသော နာမ်တရားတို့သည် အလိုလို ထင်ရှားပေါ်လာကုန်၏။

(၁) မှန်နှင့်မျက်နှာရိပ် ဥပမာ

မျက်စိမြင်သော ယောကျ်ားသည် မစင်ကြယ်သောမှန်၌ မျက်နှာရိပ်ကိုကြည့်သောအခါ မျက်နှာရိပ်သည် မထင်လျှင်၊ စိတ်ပျက်၍ မှန်ကို မစွန့်လွှတ်ပေ၊ ထိုမှန်ကို အဖန်ဖန်ပွတ်တိုက်သော် မှန်စင်ကြယ်လာ၏၊ ထိုအခါ စင်ကြယ်သန့်ရှင်းသောမှန်၌ မျက်နှာရိပ်သည် အလိုလို ထင်ရှားလာသကဲ့သို့ ဖြစ်၏။

(၂) နှမ်းနှင့်ဆီ ဥပမာ

ဆီကို အလိုရှိသောသူသည် နှမ်းကို ဆီဆုံ၌ထည့်ပြီးလျှင် ရေဖြင့်ဖြန်း၍ တစ်ကြိမ်နှစ်ကြိမ်ကြိတ်ခါမျှဖြင့် ဆီမထွက်လာသော် နှမ်းကို မစွန့်လွှတ်မူ၍၊ ထိုနှမ်းကို ရေနွေးဖြင့် အဖန်ဖန်ဖြန်း၍ နယ်၍ နယ်၍ ကြိတ်၏၊ ဤသို့ပြုသော် ကြည်လင်သောနှမ်းဆီသည် ထွက်လာသကဲ့သို့ ဖြစ်၏။

(၃) ခပေါင်းရေကြည်စေ့ ဥပမာ

ရေကိုကြည်လင်စေလိုသောသူသည် ခပေါင်းရေကြည်စေ့ကိုကိုင်၍ ရေအိုးထဲ၌ လက်ကိုချ၍ ၁ ကြိမ် ၂ ကြိမ် ပွတ်တိုက်ရုံမျှဖြင့် ရေမကြည်သေးသော် ခပေါင်းရေကြည်စေ့ကို မစွန့်လွှတ်ပေ၊ ထိုခပေါင်းရေကြည်စေ့ကို အဖန်ဖန်ပွတ်တိုက်ရ၏၊ ထိုအခါ ညွန်အနယ်သည် ကောင်းစွာထိုင်၍၊ ရေသည် သန့်ရှင်းကြည်လင်လာသကဲ့သို့ ဖြစ်၏။

မှတ်ချက်။ ။

အားထုတ်ခါစ ပုဂ္ဂိုလ်အား ကောင်းစွာမထင်ပေါ်သေးသော ရုပ်တို့သည် မစင်ကြယ်သည်မည်ကုန်၏၊ ရုပ်အမျိုးတူအချင်းချင်းလည်းကောင်း၊ အမျိုးကွဲရုပ်တို့နှင့်လည်းကောင်း တစပ်တည်း တဆက်တည်းဖြစ်လျက် ရောယှက်နေသောကြောင့် ရှုပ်ထွေးနေသည်မည်ကုန်၏၊ ဉာဏ်ရင့်သော အခါ၌ ကောင်းစွာရှင်းရှင်းလင်းလင်း ထင်ပေါ်လာသောရုပ်တို့သည် သန့်ရှင်းစင်ကြယ်သည် မည်ကုန်၏၊ အချင်းချင်းလည်းကောင်း၊ အမျိုးကွဲရုပ်တို့နှင့်လည်းကောင်း မရောယှက်သောကြောင့် အရှုပ်အထွေးကင်းသည် မည်ကုန်၏၊ တင်စား၍ဆိုသောစကားဖြစ်၏၊ အမှန်အားဖြင့်မူကား အသိဉာဏ်၏ သန့်ရှင်းစင်ကြယ်ခြင်း၊ အရှုပ်အထွေး မရှိခြင်းသာတည်း။

ယောဂီသည် နာမ်တရား၏ သိမ်မွေ့သည့်အတွက်ကြောင့် အသိဉာဏ်၌ မထင်လာခဲ့သော် လက်မလျှော့မူ၍ ရုပ်တရားကိုသာလျှင် အဖန်ဖန်အထပ်ထပ် လက္ခဏာစသည်အားဖြင့် စူးစမ်းအပ်၏၊ နလုံးသွင်းအပ်၏၊ ပိုင်းခြားတတ်သော ဉာဏ်ပညာဖြင့်ပိုင်းခြား၍ယူအပ်၏၊ ရုပ်တရား တစ်ခုနှင့် တစ်ခု အချင်းချင်းမရောယှက်အောင် ဉာဏ်ဖြင့် ဆုံးဖြတ်အပ်၊ ပိုင်းခြားမှတ်သားအပ်၏၊ ထိုအခါ ယောဂီ၏ အသိဉာဏ်ဝယ် ရုပ်တရားသည် ကောင်းစွာသုတ်သင်အပ်သည်ဖြစ်၍ စင်ကြယ်သန့်ရှင်းစွာထင်လာ၏၊ ထိုအခါ နာမ်တရားတို့ကိုမသိအောင် ဖုံးလွှမ်း ပိတ်ဆို့ထားတတ်ကုန်သော ဉာဏ်၏ ဆန့်ကျင်ဘက် သမ္မောဟစသော ကိလေသာအညစ်အကြေးအနယ်တို့သည် ငြိမ်းသည်ဖြစ်၍ နစ်မြုပ်သွားကြကုန်၏၊ ညွန်၏အထက်၌ ရှိသောရေသည် ကြည်လင်နေသကဲ့သို့ စိတ်သည် ကြည်လင်သန့်ရှင်းလာ၏၊ ထိုရုပ်တရားလျှင် အာရုံရှိကြကုန်သော, ထိုရုပ်တရားကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့သည် အလိုလိုပင် ပင်ကိုယ်သဘောအတိုင်း ထင်ရှားလာကြကုန်၏။

(အခြားသောဥပမာများ -ကြံရည်ညစ်ခြင်း၊ ခိုးသူကိုအမှုစစ်ခြင်း၊ နွားကိုထမ်းပိုးကျင့်ခြင်း၊ နို့ဓမ်းမှ ဆီဦးထုတ်ခြင်း၊ ငါးကိုဟင်းချက်ခြင်း။)

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

နာမ်တရားတို့ထင်ပေါ်ပုံ အခြင်းအရာ ၃-မျိုး

ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာစင်ကြယ်ပြီးသော ယောဂီအား နာမ်တရားတို့သည် ဖဿ၏အစွမ်းအားဖြင့် လည်းကောင်း၊ ဝေဒနာ၏အစွမ်းအားဖြင့် လည်းကောင်း၊ ဝိညာဏ်၏အစွမ်းအားဖြင့် လည်းကောင်း တစ်ပါးပါးသော အခြင်းအရာတို့ဖြင့် ထင်ပေါ်ကုန်၏။

၁။ ဖဿ၏အစွမ်းဖြင့်ထင်ပုံ

တစ်ဦးသောယောဂီအား 'ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏၊ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်'ဟု ဤသို့အစရှိသောနည်းဖြင့် ဓာတ်တို့ကိုသိမ်းဆည်းလတ်သော်- ထိုပထဝီဓာတ်စသော အာရုံသို့ ရှေးဦးစွာကျရောက်သော တွေ့ထိမှုဖဿသည် ထင်ပေါ်လာ၏၊ ဖဿ ထင်ပေါ်လျှင် ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း, သညာသည် သညာက္ခန္ဓာတည်း, ဖဿနှင့်တကွ စေတနာသည် သင်္ခါရက္ခန္ဓာတည်း, စိတ်သည် ဝိညာဏက္ခန္ဓာတည်း ဤသို့ ထင်ပေါ်၏၊ ထို့အတူ ၄၂-ပါးသောကောင္ဓာသတို့၌လည်း ဤဆိုခဲ့သောနည်းဖြင့် နာမ်တရားတို့သည် ဖဿ၏အစွမ်းအားဖြင့် ထင်ပေါ်၏။

၂။ ဝေဒနာ၏အစွမ်းဖြင့်ထင်ပုံ

တစ်ဦးသောယောဂီအား 'ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏၊ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်'ဟု ဤသို့အစရှိသောနည်းဖြင့် ဓာတ်တို့ကိုသိမ်းဆည်းလတ်သော်- ထိုပထဝီဓာတ်စသော အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာဟူသော ဝေဒနာက္ခန္ဓာသည် ထင်ပေါ်လာ၏၊ ဝေဒနာထင်ပေါ်လျှင် ထိုဝေဒနာနှင့်ယှဉ်သောသညာသည် သညာက္ခန္ဓာတည်း, ထိုဝေဒနာနှင့်ယှဉ်သော ဖဿသည်လည်းကောင်း, စေတနာသည်လည်းကောင်း သင်္ခါရက္ခန္ဓာတည်း, စိတ်သည် ဝိညာဏက္ခန္ဓာတည်း ဤသို့ ထင်ပေါ်၏၊ ထို့အတူ ၄၂-ပါးသော ကောင္ဓာသတို့၌လည်း ဤဆိုခဲ့သောနည်းဖြင့် နာမ်တရားတို့သည် ဝေဒနာ၏အစွမ်းအားဖြင့် ထင်ပေါ်၏။

၃။ ဝိညာဏ်အစွမ်းဖြင့်ထင်ပေါ်ပုံ

တစ်ဦးသောယောဂီအား 'ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏၊ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်'ဟု ဤသို့အစရှိသောနည်းဖြင့် ဓာတ်တို့ကိုသိမ်းဆည်းလတ်သော်- ထိုပထဝီဓာတ်စသော အာရုံကိုသိတတ်သော ဝိညာဏ်ဟူသောဝိညာဏက္ခန္ဓာသည် ထင်ပေါ်၏။ ထိုဝိညာဏ် ထင်ပေါ်လျှင် ထိုဝိညာဏ်နှင့်ယှဉ်သောဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း, သညာသည် သညာက္ခန္ဓာတည်း,ဖဿသည်လည်းကောင်း, စေတနာသည်လည်းကောင်း သင်္ခါရက္ခန္ဓာတည်း၊ ဤသို့ ထင်ပေါ်၏၊ ထို့အတူ ၄၂-ပါးသော ကောင္ဓာသတို့၌လည်း ဤဆိုခဲ့သောနည်းဖြင့် နာမ်တရားတို့သည် ဝိညာဏ်၏အစွမ်းအားဖြင့် ထင်ပေါ်၏။

ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာစင်ကြယ်ပြီးမှသာ နာမ်ကိုသိမ်းဆည်းသင့်ပုံ

အထက်တွင် ဆိုခဲ့သည့်အတိုင်း ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာစင်ကြယ်သော ယောဂီအားသာလျှင် နာမ်တရားတို့သည် ၃-ပါးသောအခြင်းအရာတို့ဖြင့် ထင်ရှားပေါ်တတ်သောကြောင့်၊ ရုပ်သိမ်းဆည်းမှုကောင်းစွာစင်ကြယ်ပြီးမှသာ နာမ်ကိုသိမ်းဆည်းခြင်းငှာ အားထုတ်သင့်၏။

အပြစ်ကား- ရုပ်သိမ်းဆည်းမှု ကောင်းစွာ မစင်ကြယ်သေးဘဲ နာမ်ကို သိမ်းဆည်းရန် အားထုတ်ခဲ့သော်ကမ္မဋ္ဌာန်းမှ လက်လွှတ်ဆုံးရှုံးရတတ်၏။ ဥပမာ-တောင်၌ကျက်စားသော မကျွမ်းကျင်သောနွားမကဲ့သို့ ရှေ့ခြေမခြေသေးမီ နောက်ခြေကိုကြွမိ၍ တောင်မှလျှောကျကာ သေရသကဲ့သို့- ယောဂီသည် ရုပ်တရားတစ်ခုနှစ်ခုမျှထင်ရုံဖြင့် ရုပ်ကိုစွန့်လွှတ်၍ နာမ်ကိုသိမ်းဆည်းရန် အားထုတ်ခဲ့သော် ကမ္မဋ္ဌာန်းမှ လက်လွတ် ဆုံးရှုံးရတတ်၏။

အသင့်အလျော်မှာမူ- ရုပ်သိမ်းဆည်းမှု ကောင်းစွာစင်ကြယ်ပြီးမှသာ နာမ်ကိုသိမ်းဆည်းခဲ့သော် ကမ္မဋ္ဌာန်းသည် တိုးပွါး၏၊ စည်ပင်၏၊ ပြန့်ပြောခြင်းသို့ ရောက်၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

ရုပ်နာမ် နှစ်ပါးသာရှိသည်ဟူ ဆုံးဖြတ်ခြင်းသို့ရောက်ပုံ

ထိုယောဂီသည် (ဖဿစသည်တို့၏ အစွမ်းအားဖြင့် ထင်ပေါ်လာသော) နာမ်ခန္ဓာ ၄-ပါးတို့ကို နာမ်ဟု လည်းကောင်း၊ ထိုနာမ်ခန္ဓာတို့၏ အာရုံဖြစ်ကုန်သော မဟာဘုတ် ၄-ပါးနှင့် ၎င်းတို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့ကို ရုပ်ဟုလည်းကောင်း ပိုင်းခြား၏၊ ထိုအခါ ဓာတ် ၁၈-ပါး, အာယတန ၁၂-ပါး, ခန္ဓာ ၅-ပါး ဟူသော တေဘူမကတရားအလုံးစုံတို့ကို ဥပမာအားဖြင့် - ကြုတ်ကြီးကို သံလျက်ဖျားဖြင့် ဖွင့်လှစ်လိုက် သကဲ့သို့လည်းကောင်း၊ ထန်းပင်မြစ်ကို နှစ်ခြမ်း ခွဲချလိုက်သကဲ့သို့လည်းကောင်း နာမ်နှင့်ရုပ် ဟူ၍သာလျှင် နှစ်ဖို့နှစ်စုအားဖြင့် ပိုင်းခြားမှတ်သား၏၊ ထို့ထက်ပိုလွန်သော သတ္တဝါ, ပုဂ္ဂိုလ်, နတ်, ဗြဟ္မာ မရှိချေ ဟု ဆုံးဖြတ်ခြင်းသို့ ရောက်လေတော့၏။

များစွာသော သုတ္တန်တို့နှင့် နှီးနှောချက်

ယောဂီသည် အထက်ပါအတိုင်း နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီးလျှင်-

(က) သတ္တဝါ, ပုဂ္ဂိုလ် ဟူသော လောကဝေါဟာရ အမည်ပညတ်ကို သာ၍ကောင်းစွာပယ်ခြင်း အကျိုးငှာ လည်းကောင်း၊

(ခ) သတ္တဝါဟု တွေဝေသိမှားသော မောဟကို ကျော်လွန်ခြင်း အကျိုးငှာလည်းကောင်း၊

(ဂ) မတွေမဝေသိသော ဉာဏ်အဆင့်၌ စိတ်ကိုထားခြင်း အကျိုးငှာလည်းကောင်း၊

များစွာသောသုတ္တန်တို့၏အစွမ်းဖြင့် 'နာမ်နှင့်ရုပ်မျှသာ ရှိ၏၊ သတ္တဝါမည်သည် မရှိ၊ ပုဂ္ဂိုလ်မည်သည် မရှိ' ဟူသော အနက်ကို နှီးနှော၍ ပိုင်းခြားဆုံးဖြတ်၏၊ မှန်ပေ၏--

(၁) ဝဇိရာထေရီမ ဟောပုံ- "ဝင်ရိုး, ရထားဘီး, ရထားအိမ် စသော အစိတ်အပိုင်းအပေါင်းရှိသောကြောင့် ရထားဟူသော အမည်ဖြစ်သကဲ့သို့ ခန္ဓာ ၅-ပါးအပေါင်းရှိလျှင် သတ္တဝါဟူသော အမည်ပညတ်သည် ဖြစ်၏။"

(၂) အရှင်သာရိပုတ္တရာမထေရ် ဟောပုံ- "တိုင်, သစ်သား, နွယ်, မြေညက်, သက်ကယ်မြက်တို့၏ အပေါင်းသည် အိမ်ဟု ခေါ်သကဲ့သို့ အရိုး,အကြော,အသား,အရေ ဝန်းရံလျက်တည်သော ဟင်းလင်းပြင်အာကာသသည် ရုပ်ကိုယ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။"

(၃) ဝဇိရာထေရီမ ဟောပုံ-"ဆင်းရဲသည်သာလျှင် ဖြစ်ပေါ်လာ၏၊ ဆင်းရဲသည်သာလျှင် တည်ရှိ၏၊ဆင်းရဲသည်သာလျှင် ပျက်စီးကွယ်ပျောက်၏၊ ဆင်းရဲမှတစ်ပါး တစ်စုံတစ်ခုမျှ မဖြစ်ပေါ်လာချေ၊ ဆင်းရဲမှတစ်ပါး တစ်စုံတစ်ခုမျှ မချုပ်မပျက်ချေ။"

~ ~ ~ ~ ~ ~ ~ ~

"ယထာဘူတဒဿန = ဟုတ်တိုင်းမှန်စွာမြင်ခြင်း" ဖြစ်ပုံကို ဥပမာတို့ဖြင့် ပြဆို၍ချက်

ဤသို့လျှင် အရာမကသောသုတ်တို့ဖြင့် နာမ်နှင့်ရုပ်ကိုသာ ပြ၏၊ သတ္တဝါကိုကား မပြ၊ ပုဂ္ဂိုလ်ကိုလည်း မပြ၊ ထို့ကြောင့် ဥပမာအားဖြင့်

- ဝင်ရိုး, ရထားဘီး, ရထားအိမ်, ရထားသံ စသော အစိတ်အပိုင်းတို့သည် တစ်ခုတည်း တစ်ပေါင်းတည်း သောအခြင်းအရာဖြင့် ကောင်းစွာတည်နေကုန်လတ်သော် **ရထား**ဟူသော အမည်ဝေါဟာရမျှသည်ဖြစ်၏၊ စင်စစ် ဟုတ်မှန်သောအနက်သဘောအားဖြင့်မူကား တစ်ခုတစ်ခုသော အစိတ်အပိုင်းကို ကြည့်ရှုဆင်ခြင်လျှင် ရထားမည်သည် မရှိသကဲ့သို့လည်းကောင်း၊
- သစ်သားစသော အိမ်၏အစိတ်အပိုင်းတို့သည် တစ်ခုတည်း တစ်ပေါင်းတည်းသော အခြင်းအရာဖြင့် ဟင်းလင်းပြင်အရပ်ကို ကာရံ၍တည်ကုန်လတ်သော် **အိမ်**ဟူသောအမည်ဝေါဟာရမျှသည်ဖြစ်၏၊ စင်စစ် ဟုတ်မှန်သောအနက်သဘောအားဖြင့်မူကား တစ်ခုတစ်ခုသော အစိတ်အပိုင်းကို ကြည့်ရှုဆင်ခြင်လျှင် အိမ်မည်သည် မရှိသကဲ့သို့လည်းကောင်း၊

www.dhammadownload.com

- လက်ချောင်း, လက်မ စသည်တို့သည် တစ်ခုတည်း တစ်ပေါင်းတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **လက်သီးဆုပ်**ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ပ။
- စောင်းခွက်, စောင်းညှို့ စသည်တို့သည် တစ်ခုတည်းတစ်ပေါင်းတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **စောင်း**ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ပ။
- ဆင်တပ်, မြင်းတပ် စသည်တို့သည် တစ်ခုတည်းတစ်ပေါင်းတည်းသော အခြင်းအရာဖြင့်တည်ကုန်လတ်သော် **စစ်တပ်**ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ပ။
- မြို့ရိုး, တံတိုင်း, အိမ်, တံခါးမုခ် စသည်တို့သည် တစ်ခုတည်းတစ်ပေါင်းတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **မြို့**ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ပ။
- ပင်လုံး, အကိုင်း, အခက်, အရွက်စသည်တို့သည် တစ်ခုတည်း တစ်ပေါင်းတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **သစ်ပင်**ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏၊ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့် တစ်ခုတစ်ခုသောအစိတ်အပိုင်းကို ကြည့်ရှုဆင်ခြင်လျှင် သစ်ပင်မည်သည် မရှိသကဲ့သို့ လည်းကောင်း ၊

ဥပါဒါနက္ခန္ဓာတို့ရှိလျှင် **သတ္တဝါ, ပုဂ္ဂိုလ်**ဟူသော အမည်မျှသည် ဖြစ်၏၊ စင်စစ် ဟုတ်မှန်သော သဘောအားဖြင့် တစ်ခုတစ်ခုစီသော သဘောတရားကို ဆင်ခြင်လျှင် အသို့-ငါဖြစ်သည် ဟူ၍လည်းကောင်း၊ အဟံ-ငါ ဟူ၍ လည်းကောင်း၊ စွဲလမ်းခြင်း ဂါဟ၏ တည်ရာဖြစ်သော သတ္တဝါမည်သည် မရှိချေ၊ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့် နာမ်နှင့်ရုပ်မျှသာလျှင် ရှိသည်ဟု မြင်၏၊ ဤအမြင်သည် ဟုတ်တိုင်းမှန်စွာမြင်သော ဉာဏ်အမြင် (ယထာဘူတဒဿန = ဟုတ်တိုင်းမှန်စွာမြင်ခြင်း) မည်၏။

ဟုတ်တိုင်းမှန်စွာမြင်သော ဉာဏ်အမြင်ကို ပယ်၍ "သတ္တဝါသည် စင်စစ်ရှိ၏" ဟု ယူခဲ့သော် ထိုသူသည် သတ္တဝါဟူသောအတ္တကောင်၏ မပျက်စီးခြင်းကိုလည်းကောင်း၊ ပျက်စီးခြင်းကိုလည်းကောင်း တစ်ခုခုကိုခွင့်ပြုလက်ခံရာ၏၊ မပျက်စီးခြင်းကို လက်ခံလျှင် သဿတ-တည်မြဲအယူဒဋ္ဌိ ကျရောက်၏၊ ပျက်စီးခြင်းကို လက်ခံလျှင် ဥစ္ဆေဒ-ပြတ်စဲအယူဒဋ္ဌိ ကျရောက်၏၊ အဘယ့်ကြောင့်နည်းဟူမူ- နို့ရည်၏နောက်လိုက် အကျိုးဖြစ်သော နို့ခဲမ်းသည် နို့ရည်ပျက်သွားသောအခါ ကျန်ရှိနေသကဲ့သို့ အတ္တ၏နောက်လိုက် အကျိုးဖြစ်သော တစ်ခြားတစ်ပါးသောဝတ္ထုသည် ၎င်းအတ္တပျက်စီးသွားသောအခါ ကျန်လျက်မရှိရစ်သောကြောင့်တည်း၊ ထိုသူသည် "သတ္တဝါ တည်မြဲတည်ရှိနေသည်" ဟုယူလျှင် တွန့်ဆုတ်နေသည် မည်၏၊ "ပြတ်စဲသွားသည်" ဟု ယူလျှင် ကျော်လွန်၍သွားသည်* မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

"ရဟန်းတို့၊ နတ်နှင့်လူတို့သည် နှစ်ပါးသောမိစ္ဆာအယူတို့ဖြင့် လွှမ်းမိုးနှိပ်စက်ခံရကုန်သည် ဖြစ်၍ အချို့က တွန့်ဆုတ်နေကုန်၏၊ အချို့က ကျော်လွန်၍သွားကုန်၏၊ (ဉာဏ်)မျက်စိရှိသောသူတို့သည်သာလျှင် မြင်ကုန်၏။

ရဟန်းတို့၊ အချို့က အဘယ်သို့ တွန့်ဆုတ်နေကုန်သနည်း ဟူမူ? ရဟန်းတို့၊ နတ်နှင့်လူတို့သည် ဘဝလျှင် ပျော်မွေ့ရာ ရှိကုန်၏၊ ဘဝ၌ ဝမ်းမြောက်ကျေနပ် နေကုန်၏၊ ထိုလူနတ်တို့အား ဘဝချုပ်ရန်အလို့ငှာ တရားကိုဟောသည်ရှိသော် ၎င်းနတ်လူတို့၏စိတ်သည် တရား၌ စိတ်မဝင်စား, မကြည်လင်(မယုံကြည်), ကောင်းစွာမတည်, နှလုံးမသွင်း၊ ရဟန်းတို့၊ ဤသို့ပင်လျှင် အချို့က တွန့်ဆုတ်နေကုန်၏။

ရဟန်းတို့၊ အချို့က အဘယ်သို့ကျော်လွန်၍သွားကုန်သနည်း ဟူမူ? အချို့သောနတ်လူတို့သည် ဘဝဖြင့်ပင်လျှင် နှိပ်စက်ခံရကုန်သကဲ့သို့ ဆင်းရဲကုန်သည် ဖြစ်၍, ရုက်ကုန်သည် စက်ဆုပ်ရွံရှာကုန်သည် ဖြစ်၍ ဘဝကင်းပြတ်ခြင်းကို နှစ်သက်လိုလားကုန်၏၊ "အချင်းတို့၊ အကြင်အခါ၌ ဤအတ္တကောင်သည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်စဲသွား၏, ပျက်စီးသွား၏၊ သေသည်မှ နောက်၌မရှိတော့ချေ၊ ဤပြတ်စဲခြင်း, ပျက်စီးခြင်း, မရှိခြင်းသည်ကောင်းမြတ်ပေ၏၊ ဤပြတ်စဲခြင်း,

www.dhammadownload.com

ပျက်စီးခြင်း, မရှိခြင်းသည် မဖောက်မပြန် မှန်ကန်ပေ၏" ဟု ဤသို့ နှစ်သက်လိုလားကုန်၏။ ရဟန်းတို့၊ ဤသို့ပင်လျှင် အချို့က ကျော်လွန်သွားကုန်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ဉာဏ်မျက်စိရှိသောသူတို့သည် မြင်ကုန်သနည်း ဟူမူ? ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်သော ခန္ဓာငါးပါးတရားကို ဖြစ်ပေါ်သောတရား ဟု မြင်၏၊ ဖြစ်ပေါ်သော ခန္ဓာငါးပါးတရားကို ဖြစ်ပေါ်သောတရား ဟု မြင်ပြီး၍ ဖြစ်ပေါ်သော ခန္ဓာငါးပါးတရား၌ ငြီးငွေ့ခြင်းငှာ၊ တပ်မက်ကင်းခြင်းငှာ ထိုတရား၏ချုပ်ငြိမ်းခြင်းငှာ ကျင့်၏၊ ရဟန်းတို့ ၊ ဤသို့ပင်လျှင် ဉာဏ်မျက်စိရှိသော သူတို့သည် မြင်ကုန်၏" ဟု ဟောတော်မူပေ၏။

မှတ်ချက်။ ။

- သတ္တဝါဟုခေါ်သော အတ္တကောင်သည် ပျက်စီးခြင်းမရှိဘဲ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကျင်လည်နေသည် ဟုယူလျှင် သဿတဒိဋ္ဌိ-တည်မြဲပင်တည်ရှိနေသည် ဟူသောအယူဒိဋ္ဌိကျရောက်၏၊
- သတ္တဝါသည် သေသောအခါ လုံးလုံးပျက်စီးသွားသည်ဟုယူလျှင် ဥစ္ဆေဒဒိဋ္ဌိ-အကြွင်းမဲ့ပျက်စီးသွားသည် ဟူသော အယူဒိဋ္ဌိကျရောက်၏၊ အကြောင်းမူကား ထိုအယူဒိဋ္ဌိသေသွားသောအခါ အတ္တ၏အရှိန်အဝါ တစ်စုံတစ်ရာမျှမကျန်ဘဲ လုံးလုံးလျားလျား ပျောက်ပျက်သွားသည် ဟု ယူဆသောကြောင့်တည်း။
- သမ္မာဒိဋ္ဌိအယူဒိဋ္ဌိကား သတ္တဝါဟုခေါ်သော လက်ရှိ ရုပ်နာမ်အစဉ် ပျက်စီး၍ သေသွားသောအခါ အတ္တကောင် မရှိသော်လည်း တဏှာမကင်းသေးလျှင် မိမိပြုထားသော ကံ၏အစွမ်းကြောင့် ရုပ်နာမ်အသစ်ဖြစ်ပေါ်လျက် ဘဝသစ် ဆက်၍ဖြစ်သွားသည်ဟု ယူဆ၏၊ ထို့ကြောင့် ဥစ္ဆေဒအယူဒိဋ္ဌိလည်း မကျရောက်။

ဤဘဝမှ အတ္တကောင်အသက်ကောင်သည်ပင် တစ်ခြားဘဝသို့ပြောင်းသွားသည်ဟု မယူမူ၍ "ကံ၏အစွမ်းကြောင့် ရုပ်နာမ်အသစ်ဖြစ်သွားသည်"ဟူ၍သာ ယူသောကြောင့် သဿတအယူဒိဋ္ဌိလည်း မကျရောက်။ မျက်မှောက်ဘဝတွင် အသက်ရှင်စဉ်၌လည်း ရုပ်နာမ်အစဉ်မျှသာ ရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်ဟူ၍ စင်စစ်အားဖြင့် မရှိ၊ သေသောအခါ၌လည်း တဏှာမကင်းသေးလျှင် အကြောင်းကံကြောင့် ရုပ်နာမ်အသစ်ဖြစ်လျက် ရုပ်နာမ်အစဉ်မျှသာ ဆက်လက်၍ ဖြစ်သွားသည်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်ရွှေ့ပြောင်းသွားသည် မဟုတ်၊ တဏှာကင်းသော ဘုရားရဟန္တာမှာလည်း ပရိနိဗ္ဗာန်ပြုသောအခါ အကြောင်းမရှိသောကြောင့် ရုပ်နာမ်အသစ်မဖြစ်ပေါ်လာဘဲ ရုပ်နာမ်အစဉ် ပြတ်စဲသွားရုံမျှသာဖြစ်သည်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်ပျောက်ပျက်သွားသည်မဟုတ်ဟု မှန်ကန်စွာယူဆသောကြောင့် မစ္ဆိမပဋိပဒါသမ္မာဒိဋ္ဌိ၌ တည်ပေသည်။

- *ကိလေသာကင်းလျှင် ကံကအကျိုးမပေးနိုင်သောကြောင့် ဘဝသစ်ရုပ်နာမ် မဖြစ်ပေါ်ရတော့ပဲ ရုပ်နာမ်အစဉ် ဟူသော ဆင်းရဲမျှသာငြိမ်းသွားသည်ဟု ဤသို့သာလျှင်ယူသင့်ပါလျက် ထိုယူသင့်သည်ကိုကျော်လွန်၍ ကိလေသာမကင်းသေးပါပဲ ထိုထိုဘဝမှသေရုံမျှဖြင့် ဘဝချုပ်ငြိမ်းသည် ဟု ယူသောကြောင့် အတိဓာဝန-ကျော်လွန်သွားသည်မည်၏။

ထို့ကြောင့် နာမ်ရုပ်တို့သည် ဥပမာအားဖြင့်

(၁) သစ်သားစက်ရုပ်သည် အတ္တမှ ဆိတ်သုဉ်း၏၊ အသက် မရှိ၊ အားထုတ်မှုဗျာပါရ မရှိ၊ ကြိုးတပ်ထား၍သာ လှုပ်ရှားနိုင်သကဲ့သို့ - နာမ်နှင့် ရုပ်သည်လည်း အတ္တမှ ဆိတ်သုဉ်း၏၊ အသက်မရှိ၊ အားထုတ်မှုဗျာပါရ မရှိ၊ သို့သော် နာမ်နှင့်ရုပ်အချင်းချင်း စပ်ယှဉ်ဆက်သွယ်သည်၏ အစွမ်းဖြင့် သွား, ရပ်, အားထုတ်, ကြောင့်ကြစိုက်, ဗျာပါရ ရှိသကဲ့သို့ ထင်ရ၏။ ထို့ကြောင့် ရှေးဆရာတို့သည်-

"နာမ်သည် လည်းကောင်း, ရုပ်သည်လည်းကောင်း ဤလောကၻ အမှန်အားဖြင့် ရှိပေ၏၊ ဤနာမ်ရုပ် နှစ်ပါးထဲ၌ သတ္တဝါသည်လည်းကောင်း, လူသည်လည်းကောင်း မရှိပေ၊ ဤနာမ်ရုပ်သည် သစ်သားနှင့်ကြိုးတို့ဖြင့် ပြုလုပ်ထားသော စက်ရုပ်ကဲ့သို့ပင် အတ္တမှ ဆိတ်သုဉ်း၏၊ ဆင်းရဲ၏အစုအပုံ မျှသာတည်း၊ အတ္တမှ ဆိတ်သုဉ်းသောအားဖြင့် မြက်ပင်၊ သစ်သားတို့နှင့်သာ တူပေ၏" ဟု မိန့်ဆိုကုန်၏။

(၂) နာမ်နှင့်ရုပ်သည် အချင်းချင်း မှီလျက်တည်နေသော ကျူစည်း၂-စည်းနှင့် တူ၏၊ တစ်ခုလဲကျသော် ကျန် တစ်စည်းသည် ဆက်၍မတည်နိုင်သကဲ့သို့ - ထို့အတူ ပဋ္ဌဝေါကာရဘုံ၌ နာမ်နှင့်ရုပ်သည် အချင်းချင်း

www.dhammadownload.com

မှီ၍ ဖြစ်နေ၏၊ တစ်ခုသည် တစ်ခု၏အထောက်အပံ့ ဖြစ်၏၊ တစ်ပါးပျက်သော် ကျန်တစ်ပါးလည်း ပျက်ရလေ၏။ ထို့ကြောင့် ရှေးဆရာတို့သည်–

"နာမ်နှင့်ရုပ်သည် စုံတွဲတည်း၊ ၎င်းနှစ်ပါးတို့သည် အချင်းချင်းကိုမှီကုန်၏၊ တစ်ပါးပျက်လတ်သော် (အချင်းချင်း၏)အကြောင်း ဖြစ်ကုန်သောကြောင့် နှစ်ပါးလုံးပင် ပျက်ကုန်၏"– ဟု မိန့်ဆိုကုန်၏။

(၃) လက်ခတ်တုတ်နှင့် တီးခေါက်အပ်သော စည်ကိုမှီ၍ အသံဖြစ်လတ်သော် စည်နှင့် အသံတို့သည် တခြားစီ၊ မရောနှောကုန်သကဲ့သို့– ထို့အတူ ဝတ္ထု၊ ဒွါရနှင့် အာရုံ ဟု ဆိုအပ်သော ရုပ်တို့ကိုမှီ၍ နာမ်သည် ဖြစ်လတ်သော် နာမ်နှင့်ရုပ်တို့သည် တခြားစီ, မရောနှောကုန်, အပြန်အလှန် ဆိတ်သုဉ်း၏၊ သို့သော် စည်ကိုမှီ၍ အသံဖြစ်ပေါ်ရသကဲ့သို့ ရုပ်ကိုမှီ၍ နာမ်သည် ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် ရှေးဆရာတို့သည်–

"မြင်တွေ့မှု ဖဿလျှင် ငါးခုမြောက်ရှိသော မြင်သိမှုဆိုင်ရာ နာမ်တရားတို့သည် မျက်စိမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အဆင်းမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ မျက်စိနှင့် အဆင်းနှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ အညီအညွတ် ပေါင်းစုပြုအပ်သော မြင်သိမှုဆိုင်ရာ သခ်ံတတရားတို့သည် (မျက်စိ, အဆင်း,အရောင်အလင်း, နှလုံးသွင်းမှု အစရှိသော) အကြောင်းတရားကို စွဲမှီ၍ ဖြစ်ပေါ်ကုန်၏၊ ဥပမာအားဖြင့် တီးခေါက်(အပ်)သော စည်၏အသံ ဖြစ်ပေါ်လာပုံနှင့် တူပေ၏။"

"ကြားသိမှု ဖဿလျှင် ငါးခုမြောက်ရှိသော ကြားသိမှုဆိုင်ရာ နာမ်တရားတို့သည် နားမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အသံမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ နားနှင့် အသံ နှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန် ။ပ။

"နံသိမှု ဖဿလျှင် ငါးခုမြောက်ရှိသော နံသိမှုဆိုင်ရာ နာမ်တရားတို့သည် နှာခေါင်းမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အနံ့မှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ နှာခေါင်းနှင့် အနံ့နှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန် ။ပ။

"လျက်တွေ့မှု ဖဿလျှင် ငါးခုမြောက်ရှိသော လျက်တွေ့မှုဆိုင်ရာ နာမ်တရားတို့သည် လျှာမှဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အရသာမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ လျှာနှင့် အရသာ နှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန် ။ပ။

"ထိတွေ့မှု ဖဿလျှင် ငါးခုမြောက်ရှိသော ထိတွေ့မှုဆိုင်ရာ နာမ်တရားတို့သည် ကိုယ်မှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အတွေ့မှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ ကိုယ်နှင့် အတွေ့နှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန် ။ပ။

"အညီအညွတ် ပေါင်းစု၍ ပြုအပ်သော ကြံသိမှုဆိုင်ရာ သခ်ံတတရားတို့သည် နှလုံးရုပ်မှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ သဘောအာရုံ ဟူသော ဓမ္မာယတနတို့မှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ အညီအညွတ် ပေါင်းစု၍ပြုအပ်သော ကြံသိမှုဆိုင်ရာ သခ်ံတတရားတို့သည် နှလုံး, သဘောအာရုံ, နှလုံးသွင်းမှု စသောအကြောင်းကိုစွဲမှီ၍ ဖြစ်ပေါ်လာကုန်၏၊ ဥပမာအားဖြင့် တီးခေါက်(အပ်)သော စည်၏အသံ ဖြစ်ပေါ်လာပုံနှင့် တူပေ၏။"– ဟု မိန့်ဆိုကုန်၏။

တစ်နည်းအားဖြင့် ဤနာမ်,ရုပ် ၂–ပါးတို့တွင် နာမ်သည် တန်ခိုးအစွမ်းသတ္တိမရှိ၊ စားလိုသော်လည်း မစားတတ်၊ ရုပ်သည်လည်း အစွမ်းသတ္တိမရှိ၊ စားတတ်သော်လည်း စားလိုခြင်းမရှိ၊ စင်စစ်သော်ကား နာမ်နှင့် ရုပ်သည် အပြန်အလှန် အချင်းချင်းမှီ၍ ဖြစ်နေ၏၊ နာမ်က အလိုရှိတိုင်း ရုပ်က လှုပ်ရှားပြုလုပ်ရ၏။ ဥပမာ–

(၁) သူကန်းနှင့်သူဆွဲတို့သည် လိုရာခရီးသို့သွားသော် ထိုသူနှစ်ယောက်တို့တွင် သူကန်းသည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ ခွန်အားမရှိ မိမိ၏တန်ခိုးအစွမ်းဖြင့် မိမိ၏ခွန်အားဖြင့် မသွားနိုင်၊ သူဆွဲသည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ ခွန်အားမရှိ မိမိ၏တန်ခိုးအစွမ်းဖြင့် မိမိ၏ခွန်အားဖြင့် မသွားနိုင်၊ သူဆွဲသည် သူကန်း၏ ပုခုံးထက်မှထိုင်၍ ညွှန်ကြား၍ ထိုသူကန်း၊ သူဆွဲတို့မှာ အချင်းချင်းကို အမှီပြု၍

www.dhammadownload.com

ခရီးသွားခြင်းသည် မဖြစ်သည်မဟုတ် ဖြစ်လည်းဖြစ်သကဲ့သို့ ထို့အတူ နာမ်နှင့်ရုပ်တို့သည် အချင်းချင်း ကိုမှီ၍ ဖြစ်ပေါ်ခြင်းသည်လည်းကောင်း၊ မပြတ်ဖြစ်နေခြင်းသည်လည်းကောင်း မရှိသည်မဟုတ် ရှိလည်း ရှိသည် .သာလျှင်တည်း၊

(၂) ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လှေကိုအမှီပြု၍ သွားရသည့်ပမာ နာမ်အပေါင်းသည်လည်း ရုပ်ကိုအမှီပြု၍ ဖြစ်ပေါ်နေ၏၊ လှေသည်လည်း လူကိုမှီ၍ သွားရသည့်ပမာ ရုပ်အပေါင်းသည်လည်း နာမ်ကိုမှီ၍ ဖြစ်ပေါ်နေ၏၊ လူနှင့်လှေတို့သည် အချင်းချင်းမှီ၍ သွားရသည့်ပမာ နာမ်နှင့်ရုပ်တို့သည် အချင်းချင်းကို မှီ၍ ဖြစ်ပေါ်ကုန်၏။

ဤသို့ နည်းအမျိုးမျိုးတို့ဖြင့် နာမ်,ရုပ်ကို ဟုတ်တိုင်းမှန်စွာရှုမြင်ပိုင်းခြားဆုံးဖြတ်သော ယောဂီပုဂ္ဂိုလ်၏ သတ္တဝါဟူသော အမှတ်သညာကို လွှမ်းမိုးကျော်လွန်၍ မတွေမဝေသိသော အသမ္မောဟဉာဏ်အဆင့်၌ တည်သော, နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် "ဒိဋ္ဌိဝိသုဒ္ဓိ = ဉာဏ်အမြင်စင်ကြယ်ခြင်း" ဖြစ်ပေသည်။

ဒိဋ္ဌိဝိသုဒ္ဓိအမည်အမျိုးမျိုး

၁။ နာမရူပဝဝတ္ထာနဉာဏ် (နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်)
၂။ သခ်ါရပရိစ္ဆေဒဉာဏ် (သခ်ါရတို့ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်)
၃။ နာမရူပပရိဂ္ဂဟဉာဏ်
၄။ နာမရူပပရိစ္ဆေဒဉာဏ်

ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

www.dhammadownload.com

ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသ

ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့် အဖွန့်သုံးပါး၌ ယုံမှားခြင်းကိုလွန်မြောက်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။ (ကင်္ခါဝိတရဏဝိသုဒ္ဓိ=ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ်)

ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်နှဲ့လို့သောယောဂီသည်

နာမ်ရုပ်တို့၏ မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ကို ရှာရ၏၊ ဥပမာအားဖြင့်

(၁) တတ်ကျွမ်းလိမ္မာသော ဆေးဆရာသည် ရောဂါကို မြင်ပြီးလျှင် ထိုရောဂါဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာသကဲ့သို့လည်းကောင်း၊

(၂) သနားတတ်သော ယောကျ်ားသည် ပက်လက်အိပ်ကာမျှသော ကလေးငယ်ကို လမ်းမ၌ မြင်လျှင် ထိုကလေး၏မိဘတို့ကို ဆင်ခြင်သကဲ့သို့လည်းကောင်း ဖြစ်၏၊

<u>ယောဂီသည် ရှေးဦးစွာ ဆင်ခြင်ပုံမှာ-</u>

– နာမ်ရုပ်သည် အကြောင်းမရှိသည် မဟုတ်၊ ဧကန်ပင် အကြောင်းရှိရမည်၊ အဘယ့်ကြောင့်ဆိုသော် အကြောင်းမရှိလျှင် အလုံးစုံသောဌာနတို့၌လည်းကောင်း, အခါခပ်သိမ်းလည်းကောင်း, အလုံးစုံသော ပုဂ္ဂိုလ်တို့အား လည်းကောင်း, တစ်မျိုးတည်းတူသည်၏အဖြစ်သို့ ရောက်ရာသောကြောင့် ဖြစ်ပါသည်။

– အကြောင်းဆိုရာ၌လည်း ကျဿရခေါ် ထာဝရဘုရားစသော အကြောင်းရှိသည် မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် နာမ်ရုပ်ထက် အပိုအလွန်ဖြစ်သော ကျဿရခေါ် ထာဝရဘုရား စသည်တို့ မရှိသောကြောင့်ပေတည်း။ (ကျဿရ စသည်တို့သည် တကယ်ရှိပါမူ ၎င်းတို့သည်လည်း နာမ်နှင့်ရုပ်မျှသာ ဖြစ်ရမည်၊ နာမ်ရုပ်မှ အလွတ်ဖြစ်သော ကျဿရစသည်တို့ မရှိကုန်၊ အကယ်၍ ၎င်းတို့ကို နာမ်ရုပ်မှ အလွတ်ဟု ယူဆလျှင် ၎င်းတို့သည် ဘာမျှမရှိသော အမည်ပညတ်မျှ ခေါ်ဝေါ်ရုံသာ ဖြစ်ရာ၏၊ အမှန်အားဖြင့် ထင်ရှားမရှိကုန်သည် သာတည်း။)

ထို့ကြောင့် နာမ်ရုပ်တို့၏ မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ကား အဘယ်သည်တို့နည်းဟု ဆင်ခြင်ရသည်။

~ ~ ~ ~ ~ ~ ~ ~

အကြောင်းသိမ်းဆည်းပုံနည်းများ

၁။ ပထမနည်း (ရုပ်, နာမ်)
၂။ ဒုတိယနည်း (နာမ်, ရုပ်)
၃။ တတိယနည်း(ပဋိလုံ)
၄။ စတုတ္ထနည်း (အနုလုံ)
၅။ ပဉ္စမနည်း (ဒေသနာနည်း- ကမ္မဇဋ္ဌ ဝိပါကဝဋ္ဋအားဖြင့်)

၁။ အကြောင်းသိမ်းဆည်းပုံ ပထမနည်း

(က) ရူပကာယကို သိမ်းဆည်းပုံ

ရူပကာယ(ရုပ်ကိုယ်)သည် ဖြစ်ပေါ်လတ်သော် ဥပ္ပလကြာ, ပဒုမ္မာကြာ, ပုဏ္ဍရိက်ကြာ စသည်တို့၏အတွင်း၌ ဖြစ်ပေါ်သည် မဟုတ်၊ ပတ္တမြား, ပုလဲသွယ် စသည်တို့၏အတွင်း၌ ဖြစ်ပေါ်သည်လည်း မဟုတ်၊ စင်စစ် အစာသစ်အိမ်၊ အစာဟောင်းအိမ်တို့၏အကြား၌ အမိဝမ်းရေလွှာကိုနောက်မှီပြု၍ အမိ၏ကျောကုန်းရိုးကိုမျက်နှာစာပြု၍ အူသိမ်အူမတို့ ဝန်းရံကာ၊ မိမိကိုယ်တိုင်လည်း မကောင်းသောအနံ့ရှိလျက် ရွံရှာဖွယ်

www.dhammadownload.com

ဖြစ်လျက်၊ မကောင်းသောအနံ့ရှိ၍ စက်ဆုပ်ဖွယ်ရာ အလွန်ကျဉ်းမြောင်းသော သားအိမ်အရပ်၌ ဖြစ်ပေါ်ရ၏။ ဥပမာ– ငါးပုပ်, မုယောပုပ်, တန်စီးတွင်း, တန်စီးမြောင်း စသည်တို့၌ဖြစ်သော ပိုးလောက်ကဲ့သို့ပင်တည်း။

ဤသို့သော အခြင်းအရာအားဖြင့်ဖြစ်ပေါ်သော ရုပ်ကိုယ်၏ဖြစ်ကြောင်းတရား ၅-ပါးရှိ၏၊ ၎င်းတို့မှာ– အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော (ဟေတု)မူလအကြောင်း ၄-ပါးနှင့် အာဟာရဟူသော (ပစ္စယ) အထောက်အပံ့အကြောင်း ၁-ပါး ဖြစ်၏၊ ဤတရား ၅-ပါး တို့တွင်–

(၁) အမိသည် သားငယ်၏ မိုရာဖြစ်သကဲ့သို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ရုပ်ကိုယ်၏ အားကြီးသောမိုရာ (ဥပနိဿယ) ဖြစ်သောကြောင့် အမိနှင့်တူ၏၊

(၂) အဘသည် သားကိုဖြစ်စေသကဲ့သို့ ကံသည် ရုပ်ကိုယ်ကို ဖြစ်စေတတ်သောကြောင့် အဘနှင့် တူ၏၊

(၃) နို့ထိန်းသည် သူငယ်ကို ကျွေးမွေးပြုစုလျက် ကောင်းစွာဆောင်သကဲ့သို့ အာဟာရသည် ရုပ်ကိုယ်ကို ကောင်းစွာဆောင်တတ်သောကြောင့် နို့ထိန်းနှင့် တူ၏။

(၁) နာမကာယ(နာမ်အပေါင်း)ကို သိမ်းဆည်းပုံ

မျက်စိ(စက္ခုပသာဒရုပ်)ကိုလည်းကောင်း, အဆင်း(ရူပါရုံ)ကိုလည်းကောင်း စွဲမှီ၍ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်၏၊ ဤသို့ အစရှိသောနည်းဖြင့် နာမကာယ၏အကြောင်းကို သိမ်းဆည်းရ၏။

*** ယောဂီသည် ဤသို့ အကြောင်းကြောင့် နာမ်ရုပ်၏ ယခုပစ္စုပ္ပန်၌ ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် "ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန်ဘဝ၌ အကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌ အကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊ ထို့အတူပင် အနာဂတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်လတ္တံ့" ဟု ရှုမြင်သုံးသပ်၏။

ဤသို့ ရှုမြင်ပြီးသောယောဂီအား အလုံးစုံသော ယုံမှားခြင်း ၁၆-ပါးသည် ပျောက်ကင်းလေ၏။

<u>ယုံမှားခြင်း ၁၆-ပါးမှာ–</u>

အတိတ်ယုံမှားမှု ၅-ပါး

(၁) ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့လေသလော၊

(၂) ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ မဖြစ်ခဲ့လေသလော၊

(၃) ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစား ဖြစ်ခဲ့လေသနည်း၊

(၄) ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်း၊

(၅) ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သောအမျိုးအစား ဆက်လက်၍ ဖြစ်ခဲ့လေသနည်း၊

အနာဂတ်ယုံမှားမှု ၅-ပါး

(၁) ငါသည် နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့လော၊

(၂) ငါသည် နောင်အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော၊

(၃) ငါသည် နောင်အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစား ဖြစ်လတ္တံ့နည်း၊

(၄) ငါသည် နောင်အနာဂတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်လတ္တံ့နည်း၊

(၅) ငါသည် နောင်အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သော အမျိုးအစား ဆက်လက်၍ ဖြစ်လတ္တံ့နည်း၊

ပစ္စုပ္ပန်ယုံမှားမှု ၆-ပါး

(၁) ငါသည် ရှိလေသလော၊

(၂) ငါသည် မရှိလေသလော၊

(၃) ငါသည် မည်သို့သောသူ ဖြစ်နေသနည်း၊

(၄) ငါသည် မည်သို့သော အခြင်းအရာဖြင့် ဖြစ်နေသနည်း၊

(၅) ငါဟူသော ဤသတ္တဝါသည် မည်သည့်ဘဝမှ လာခဲ့သနည်း၊

(၆) ငါဟူသော ထိုသတ္တဝါသည် မည်သည့်ဘဝသို့ သွားမည့်သူ ဖြစ်သနည်း။

www.dhammadownload.com

၂။ အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်း

(က) နာမ်၏အကြောင်း

နာမ်၏အကြောင်းသည် ဆက်ဆံသော သာမာရဏအကြောင်းနှင့် မဆက်ဆံသော အသာမာရဏ အကြောင်းအားဖြင့် နှစ်ပါးရှိ၏။

ဆက်ဆံသောအကြောင်း:

စက္ခုဒွါရ အစရှိသော ၆-ပါးသော ဒွါရတို့နှင့် ရူပါရုံ အစရှိသော ၆-ပါးသော အာရုံတို့သည် နာမ်၏ ဆက်ဆံသောအကြောင်း မည်၏၊ အဘယ့်ကြောင့်ဆိုသော် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အားဖြင့်လည်းကောင်း၊ သောမနဿ, ဥပေက္ခာစသည်အားဖြင့်လည်းကောင်း ပြားသော လောကီစိတ် ၈၁, ထို စိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂-ပါး ဟူသော နာမ်ဟူသမျှသည် ထိုဒွါရနှင့် အာရုံတို့ကြောင့် ဖြစ်ပေါ်ရသောကြောင့်တည်း။

မဆက်ဆံသောအကြောင်း:

နှလုံးသွင်းမှုမနသိကာရ အစရှိသောအကြောင်းသည် နာမ်၏ မဆက်ဆံသောအကြောင်း မည်၏။ အဘယ်ကြောင့်ဆိုသော်-

- သင့်လျော်သောနှလုံးသွင်းခြင်း(ယောနိသောမနသိကာရ)၊ သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်း အစရှိသောအကြောင်းသည် ကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏၊ အခြားသောနာမ်တို့နှင့် မဆက်ဆံသောကြောင့်တည်း။
- မသင့်မှာနှလုံးသွင်းခြင်း(အယောနိသောမနသိကာရ), သူယုတ်တို့၏စကားကို ကြားနာရခြင်း အစရှိသောအကြောင်းသည် အကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏၊ အခြားသောနာမ်တို့နှင့် မဆက်ဆံသောကြောင့်တည်း။
- ကံ အစရှိသောအကြောင်းသည် အကျိုးဝိပါက်နာမ်နှင့်သာ ဆက်ဆံ၏၊ အခြားသောနာမ်တို့နှင့် မဆက်ဆံသောကြောင့်တည်း။
- ဘဝင် အစရှိသောအကြောင်းသည် ကြိယာနာမ်နှင့်သာ ဆက်ဆံ၏၊ အခြားသောနာမ်တို့နှင့် မဆက်ဆံသောကြောင့်တည်း။

(ခ) ရုပ်၏အကြောင်း

ရုပ်၏အကြောင်းသည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း ၄-ပါး ဖြစ်၏၊ ထိုတွင်

- အတိတ်ဖြစ်သောကံသည် ကမ္မဇရုပ်၏အကြောင်း ဖြစ်သည်။
- ဖြစ်ဆဲသောစိတ်သည် စိတ္တဇရုပ်၏အကြောင်း ဖြစ်သည်။
- ဥတုသည် တည်ဆဲဌီခဏ၌ ဥတုဇရုပ်၏ အကြောင်းဖြစ်သည်။
- အာဟာရသည် တည်ဆဲဌီခဏ၌ အာဟာရဇရုပ်၏ အကြောင်းဖြစ်သည်။

(*** = ယုံမှားခြင်း ၁၆-ပါး ပယ်ဖျောက်ပုံကို ပထမနည်းအတိုင်း မှတ်ပါ။)

၃။ အကြောင်းသိမ်းဆည်းပုံ တတိယနည်း (ပဋိလုံ)

ယောဂီသည် နာမ်ရုပ်ဟုဆိုအပ်သော သင်္ခါရတို့၏ အိုခြင်းပျက်ခြင်းကို ရှုမြင်ပြီးလျှင်၊ ဤအိုခြင်း သေခြင်းသည် ဘဝသစ်ဖြစ်ခြင်းရှိလျှင် ရှိ၏၊ ဘဝသစ်ဖြစ်ခြင်းသည်လည်း ဖြစ်ကြောင်းကမ္မဘဝရှိလျှင် ရှိ၏။ပ။ သင်္ခါရတို့သည်လည်း အဝိဇ္ဇာရှိလျှင် ဖြစ်ကုန်၏ ဟု ဤသို့ ပဋိလုံပဋိစ္စသမုပ္ပါဒ်၏ အစွမ်းအားဖြင့် နာမ်ရုပ်၏ အကြောင်းသိမ်းဆည်းခြင်းကို ပြု၏။

(*** = ယုံမှားခြင်း ၁၆-ပါး ပယ်ဖျောက်ပုံကို ပထမနည်းအတိုင်း မှတ်ပါ။)

www.dhammadownload.com

၄။ အကြောင်းသိမ်းဆည်းပုံ စတုဋ္ဌနည်း (အနုလုံ)

ယောဂီသည် အဝိဇ္ဇာကြောင့် သခ်ါရတို့သည်ဖြစ်ကုန်၏ ဤသို့စသော အနုလုံပဋိစ္စသမုပ္ပါဒ်၏အစွမ်းအားဖြင့် အကြောင်းသိမ်းဆည်းခြင်းကို ပြု၏။
(*** = ယုံမှားခြင်း ၁၆-ပါး ပယ်ဖျောက်ပုံကို ပထမနည်းအတိုင်း မှတ်ပါ။)

၅။ အကြောင်းသိမ်းဆည်းပုံ ပဉ္စမနည်း

ယောဂီသည် "အတိတ်အကြောင်း ၅-ပါး...ဤ ၅-ပါးသောတရားတို့သည် ဤပစ္စုပ္ပန်ဘဝ၌ပဋိသန္ဓေ၏အကြောင်းတို့ပေတည်း၊ ပစ္စုပ္ပန်အကျိုး ၅-ပါး... ဤ ၅-ပါးသောတရားတို့သည် ပစ္စုပ္ပန်ဥပပတ္တိဘဝ၌ဖြစ်သောအကျိုးတို့ပေတည်း၊ ပစ္စုပ္ပန်အကြောင်း ၅-ပါး...ဤ ၅-ပါးသောတရားတို့သည် နောင်ဘဝပဋိသန္ဓေ၏အကြောင်းတို့ပေတည်း" ဟူ၍ ဟောထားသော ဒေသနာနည်းဖြင့် ကမ္မဝင်္ဂ် ဝိပါကဝင်္ဂ်တို့၏အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း၏။

<u>ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေဖြစ်ကြောင်းတရား ၅-ပါး</u>
(၁) ရှေးအတိတ်ဘဝ ကံပြုစဉ်ခဏ၌ တွေဝေခြင်းမောဟဟူသော အဝိဇ္ဇာ
(၂) အားထုတ်မှု အာယူဟနဟူသော သခ်ါရ
(၃) လိုချင်တောင့်တမှု နိကန္တိဟူသော တဏှာ
(၄) ချဉ်းကပ်စွဲလမ်းမှု ဥပဂမနဟူသော ဥပါဒါန်
(၅) စေ့ဆော်တိုက်တွန်းမှု စေတနာဟူသော ကမ္မဘဝ

<u>အတိတ်ကံကြောင့် ပစ္စုပ္ပန်ဥပပတ္တိဘဝ၌ဖြစ်သော အကျိုးတရား ၅-ပါး</u>
(၁) ပဋိသန္ဓေစိတ်ဟူသော ဝိညာဏ်
(၂) သက်ဝင်ခြင်း သြက္ကန္တိဟူသော နာမ်ရုပ်
(၃) ကြည်လင်ခြင်း ပသာဒဟူသော အာယတန
(၄) တွေ့ထိခြင်း ဖုဋ္ဌဟူသော ဖဿ
(၅) ခံစားခြင်း ဝေဒယိတဟူသော ဝေဒနာ

<u>အနာဂတ်ဘဝ ပဋိသန္ဓေဖြစ်ကြောင်းတရား ၅-ပါး</u>
(၁) ယခုပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်မှုကြောင့် ဖြစ်သည့် တွေဝေခြင်းမောဟဟူသော အဝိဇ္ဇာ
(၂) အားထုတ်မှု အာယူဟနဟူသော သခ်ါရ
(၃) လိုချင်တောင့်တမှု နိကန္တိဟူသော တဏှာ
(၄) ချဉ်းကပ်စွဲလမ်းမှု ဥပဂမနဟူသော ဥပါဒါန်
(၅) စေ့ဆော်တိုက်တွန်းမှု စေတနာဟူသော ကမ္မဘဝ

~ ~ ~ ~ ~ ~ ~ ~

ကံအပြားကိုပြဆို၍ချက်

ပါကကာလစတုက္က
၁. ဒိဋ္ဌဓမ္မဝေဒနီယကံ = ကုသိုလ်, အကုသိုလ် ပထမဇော စေတနာ
(မျက်မှောက်ဘဝ၌ အကျိုးပေး၏၊ မပေးလျှင် အဟောသိကံ ဖြစ်၏)
၂. ဥပပဇ္ဇဝေဒနီယကံ = ကုသိုလ်, အကုသိုလ် သတ္တမဇော စေတနာ
(ဒုတိယဘဝ၌ အကျိုးပေး၏၊ မပေးလျှင် အဟောသိကံ ဖြစ်၏)

www.dhammadownload.com

၃. အပရာပရိယာယ ဝေဒနီယက် = အလယ်ဇော ၅-ချက် စေတနာ
(တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရတိုင်း အကျိုးပေး၏၊ ထို့ကြောင့် သံသရာရှိနေသမျှကာလပတ်လုံး အဟောသိကံ မဖြစ်)

၄. အဟောသိကံ = ကံသည်ကား ဖြစ်ခဲ့ပြီးပြီ၊ ကံ၏အကျိုးကား ဖြစ်ခဲ့ပြီးလည်းမဟုတ်, ဖြစ်လတ္တံ့လည်း မဟုတ်, ဖြစ်ဆဲလည်း မဟုတ်သောကံ
(ကံသာ ဖြစ်ပြီး၍၊ အကျိုးမပေးနိုင်သောကံ)

ပါကဒါနပရိယာယစတုက္က

၁. ဂရုကံ = အလွန်အပြစ်ကြီးသော အကုသိုလ်ကံ (ပဥ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိ)
အလွန်အာနုဘော်ကြီးသော ကုသိုလ်ကံ (မဟဂ္ဂုတ်ကံ)

၂. ဗဟုလကံ = အကြိမ်များစွာပြုအပ်, ကောင်းစွာမှီဝဲအပ်သောကံ (အာစိဏ္ဏကံကို ဆိုလို၏)

၃. အာသန္နကံ = သေခါနီးမှပြုအပ်, အောက်မေ့အပ်သောကံ

၄. ကဋတ္တာကံ = ပြဖူးကာမျှဖြစ်သောကံ

ကိစ္စစတုက္က

၁. ဇနကကံ = ပဋိသန္ဓေတို့၌ ကမ္မဇရုပ်နှင့်ဝိပါက်နာမ်ခန္ဓာကိုဖြစ်စေသော ကုသိုလ်, အကုသိုလ်စေတနာ

၂. ဥပတ္ထမ္ဘကကံ = အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ တစ်ပါးသောကံ၏အကျိုးဝိပါက်၌ ဖြစ်ဆဲ ချမ်းသာဆင်းရဲကို ထောက်ပံ့တတ်, ကြာရှည်စေတတ်သောကံ

၃. ဥပပီဠကကံ = အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ တစ်ပါးသောကံ၏အကျိုးဝိပါက်၌ ဖြစ်ဆဲ ချမ်းသာဆင်းရဲကို နှိပ်စက်တတ်, ကြာရှည်စွာ ဖြစ်ခွင့်မပေးတတ်သောကံ

၄. ဥပဃာတကကံ = တစ်ပါးသော, အားနည်းသော ကု, အကုသိုလ်ကို သတ်၍၊ ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်၍၊ မိမိ၏အကျိုးဝိပါက်ကို ဖြစ်စေသောကု, အကုသိုလ်

ယောဂီသည် ဤသို့ ၁၂-ပါးသောကံကို ကမ္မဝဋ်၌ ထည့်သွင်း၍ ကမ္မဝဋ်ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း၏။

ဤ ၁၂-ပါးသောကံတို့၏ (အားရှိသည်၏အဖြစ်, အားမရှိသည်၏အဖြစ် ဟူသော) ကံအထူးသည်လည်းကောင်း၊ (အကျိုးပေး ယုတ်သည်၏အဖြစ်, မြတ်သည်၏အဖြစ် ဟူသော) ဝိပါက်အထူးသည် လည်းကောင်း၊ မြတ်စွာဘုရားရှင်တို့၏ (ကံ၏အကျိုးပေးပုံကိုသိသော)ကမ္မဝိပါကဉာဏ်တော်အားသာ ထင်ရှား၏၊ သာဝကတို့၏အရာ မဟုတ်၊ သို့သော် ဝိပဿနာရှုသော ယောဂီသည် ကံအထူးနှင့်ဝိပါက်အထူးကို တစ်စိတ်တစ်ဒေသအားဖြင့် သိအပ်၏၊ ထို့ကြောင့် ကံအထူးကို ဤနေရာ၌ အရိပ်အမြွက်မျှ ပြဆိုခြင်း ဖြစ်သည်။

ကံနှင့်ဝိပါက်မျှသာ တွေ့မြင်ပုံ

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် အကြောင်းကြောင့် နာမ်ရုပ်၏ ယခုပစ္စုပ္ပန်၌ ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် "ဤနာမ်ရုပ်သည် ယခု ပစ္စုပ္ပန်ဘဝ၌ အကြောင်းကြောင့်ဖြစ်ပေါ်သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌လည်း ကမ္မဝဋ်ဝိပါကဝဋ်၏အစွမ်းအားဖြင့် အကြောင်းကြောင့်ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့်သာလျှင် အကြောင်းကြောင့်ဖြစ်ပေါ်လတ္တံ့"ဟု ရှုမြင်၏။

ဤသို့ သိမြင်သောအခါ ကာလ ၃-ပါးလုံး၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှသည်
- ကံနှင့် ကံ၏အကျိုးဝိပါက် သာလျှင် ရှိ၏၊
- ကမ္မဝဋ်နှင့် ဝိပါကဝဋ် သာလျှင် ရှိ၏၊
- ကံအယဉ်(ကမ္မပဝတ္တ)နှင့် ဝိပါက်အယဉ်(ဝိပါကပဝတ္တ) သာလျှင် ရှိ၏၊
- ကံဖြစ်စဉ်(ကမ္မသန္တတိ)နှင့် ဝိပါက်ဖြစ်စဉ်(ဝိပါကသန္တတိ) သာလျှင် ရှိ၏၊
- ပြုလုပ်မှု(ကိရိယာ)နှင့် ပြုမှု၏အကျိုး(ကိရိယာဖလ) သာလျှင် ရှိ၏ ဟု တွေ့မြင်လေ၏။

www.dhammadownload.com

လောကဖြစ်ပုံကို ရှုမြင်ခြင်း

အကြောင်းကံကြောင့် အကျိုးဝိပါက်တို့သည် ဖြစ်၏၊ အကျိုးဝိပါက်သည် အကြောင်းကံလျှင် ဖြစ်ကြောင်းရှိ၏၊ အကြောင်းကံကြောင့် တစ်ဖန် ဘဝသစ် ဖြစ်ပြန်၏၊ ဤနည်းဖြင့် "လောက" ဟု ဆိုအပ် သော ရုပ်နာမ်အစဉ်သည် အဆက်မပြတ် ဖြစ်ပေါ်နေသည်ဟု ရှုမြင်သည်။
(*** = ယုံမှားခြင်း ၁၆-ပါး ပယ်ဖျောက်ပုံကို ပထမနည်းအတိုင်း မှတ်ပါ။)

~ ~ ~ ~ ~ ~ ~ ~

နာမ်ရုပ်ဖြစ်ကြောင်းကို ရှုမြင်သိမ်းဆည်းရခြင်းအကျိုး

ပြဆိုခဲ့ပြီးသော နာမ်ရုပ်ဖြစ်ကြောင်း သိမ်းဆည်းနည်းတို့ဖြင့် နာမ်ရုပ်တို့၏ ဖြစ်ပေါ်ခြင်းအကြောင်းကို သိမ်းဆည်းရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား . . .

- ယုံမှားမှု ၁၆-ပါးကို ပယ်ဖျောက်နိုင်ခြင်း၊
- အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ အကြောင်းအကျိုး ဆက်စပ်သည်၏ အစွမ်းအားဖြင့် အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်မျှသာ ရှိ၏ဟု ထင်မြင်လာခြင်း၊
- အကြောင်းတရားမှလွဲ၍ ပြုတတ်သူ ကာရကပုဂ္ဂိုလ် မရှိ၊ အကျိုးဝိပါက်ဖြစ်ခြင်းမှလွဲ၍ ခံစားတတ်သူ ဝေဒကပုဂ္ဂိုလ် မရှိဟု သိမြင်လာခြင်း၊
- အမှန်အားဖြင့်သော်ကား အကြောင်းတရားရှိလျှင် ပြုတတ်သူ ကာရကပုဂ္ဂိုလ် ဟူ၍လည်းကောင်း, အကျိုးဝိပါက် အဆက်မပြတ်ဖြစ်ခြင်းရှိလျှင် ခံစားတတ်သူ ဝေဒကပုဂ္ဂိုလ် ဟူ၍လည်းကောင်း, အမည်ပညတ်အနေဖြင့်သာ ပညာရှိတို့သည်ခေါ်ဝေါ်ပြောဆိုနေကြသည်ဟူ၍သာလျှင် မှန်စွာသိသော ဝိပဿနာပညာဖြင့်, ကောင်းစွာသိမြင်နားလည်ခြင်း - အကျိုးများ ဖြစ်ပေါ်လာ၏။

ရှုးဆရာတို့ မိန့်ဆိုပုံ

ထို့ကြောင့် ရှေးဆရာတို့သည်--

- အမှုကံကိုပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေ၊ အကျိုးကိုခံစားတတ်သော ပုဂ္ဂိုလ်သည်လည်း မရှိချေ၊ သက်သက်သော အကြောင်းနှင့် အကျိုးတို့သည်သာလျှင် အဆက်ဆက် မပြတ်ဖြစ်လျက်ရှိကုန်၏၊ ဤအသိအမြင်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်းပေတည်း။
- ဤဆိုခဲ့သောနည်းဖြင့် အမှုကံနှင့် အကျိုးဝိပါက်သည် တစ်ပြန်စီလည်ပတ်လျက် မပြတ်ဖြစ်နေလျှင် သစ်စေ့နှင့်သစ်ပင်တို့၏ ရှေးအစွန်းအစကို မသိနိုင်သကဲ့သို့ အမှုကံနှင့် အကျိုးဝိပါက်တို့၏ ရှေးအစွန်းအစကို မသိအပ် မသိနိုင်ပေ၊ နောင်အနာဂတ်ကာလ၌လည်း ရုပ်နာမ်ခန္ဓာတို့၏မပြတ်ဖြစ်စဉ်ဟူသော သံသရာရှိနေလျှင်၊ အမှုကံနှင့် အကျိုးဝိပါက်တို့၏ပြတ်စဲခြင်းကို မတွေ့မြင်အပ် မတွေ့မြင်နိုင်ပေ။
- အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည်မရှိချေ စသည်ဖြင့် ဆိုခဲ့သော ဤအနက်သဘောကို မသိကြသောကြောင့် တိတ္ထိတို့သည် အမြင်မှန်ဟူသောကိုယ်ပိုင်အလိုနှင့် မပြည့်စုံကုန်သည်ဖြစ်၍၊ သတ္တဝါဟူသော အမှတ်သညာကို စွဲလမ်းကုန်လျက် သဿတဒိဋ္ဌိ-တည်မြဲအယူ, ဥစ္ဆေဒဒိဋ္ဌိ-ပြတ်စဲအယူ ရှိကုန်သည်ဖြစ်၍ အချင်းချင်း ဆန့်ကျင်ကုန်လျက် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြကုန်၏။
- ထိုတိတ္ထိတို့သည် ဒိဋ္ဌိဟူသောနှောင်ကြိုးဖြင့် နှောင်ဖွဲ့ခံရကုန်သည်ဖြစ်၍ တဏှာဟူသောရေယဉ်ဖြင့် မျောကုန်၏၊ ထိုတိတ္ထိတို့သည် တဏှာရေယဉ်ဖြင့် မျောကုန်သည်ဖြစ်၍ ဆင်းရဲမှ မလွတ်နိုင်ကုန်။
- မြတ်စွာဘုရား၏ တပည့်ရဟန်းသည်ကား နက်နဲသိမ်မွေ့သော, (သတ္တဝါမှလည်းကောင်း, အကျိုးမှလည်းကောင်း) ဆိတ်သုဉ်းသော အကြောင်းတရားကို ထိုးထွင်း၍ သိ၏။
- အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည်မရှိ၊ အကြောင်းကံထဲ၌လည်း အကျိုးဝိပါက်သည်မရှိ၊ ကံနှင့် ဝိပါက် ၂-ပါးတို့သည် အချင်းချင်းမှ ဆိတ်သုဉ်းကုန်၏၊ သို့သော် အကြောင်းကံနှင့် ကင်း၍လည်း အကျိုးဝိပါက်သည် မဖြစ်နိုင်။

www.dhammadownload.com

- ဥပမာ- မီးသည် နေရောင်ထဲ၌လည်း မရှိ၊ မှန်ဘီလူးထဲ၌လည်း မရှိ၊ နွားချေးခြောက်ထဲ၌လည်း မရှိ၊ ၎င်းတို့၏ပြင်ပ၌လည်း မရှိ၊ နေရောင်စသည်တို့ကြောင့် မီးဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ- အကျိုးဝိပါက်သည် ကံ၏အတွင်း၌ မရှိ၊ ကံ၏ပြင်ပ၌လည်း မရှိ၊ ကံသည်လည်း အကျိုးဝိပါက်ထဲ၌ မရှိ၊ ကံသည် အကျိုးမှဆိတ်၏၊ ကံကိုသာလျှင်စွဲမှီ၍ အကျိုးသည် ဖြစ်ပေါ်လာ၏။
- မှန်ပေ၏။ ဤလောကဌ် ခန္ဓာတို့၏ဖြစ်စဉ်ဟူသော သံသရာကို ပြုတတ် ဖန်ဆင်းတတ်သော နတ်, ဗြဟ္မာ မရှိချေ၊ အကြောင်းအပေါင်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တရားသက်သက် တို့သည် သာလျှင် အဆက်မပြတ် ဖြစ်လျက် ရှိကုန်၏ - ဟု မိန့်ဆိုကြကုန်၏။

တရားအလုံးစုံကို ထင်ရှားသိခြင်း

ဤဆိုခဲ့သောနည်းဖြင့် ကမ္မဝဋ် ဝိပါကဝဋ်တို့၏အစွမ်းဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းပြီး အခွန့် ၃-ပါး၌ ယုံမှားခြင်းကို ပယ်ပြီးသော ယောဂီအား အလုံးစုံသော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားတို့သည် စုတိနှင့်ပဋိသန္ဓေ၏အစွမ်းအားဖြင့် ထင်ရှားလာ၏၊ ထိုယောဂီ၏ အကြောင်းနှင့်တကွ နာမ်ရုပ်ကို သိသောဉာဏ်ပညာသည် သိအပ်သိထိုက်သောတရားတို့ကို ပိုင်းခြား၍သိသော ဉာဏ်ပညာ(ဉာတပရိညာ) မည်၏။

ထိုယောဂီသည် ဤသို့ သိ၏ . . .

(က) အတိတ်ဘဝ၌ ကံဟူသော အကြောင်းကြောင့်ဖြစ်သော ခန္ဓာတို့သည် ရှိခဲ့ကုန်၏၊ ထိုခန္ဓာတို့သည် အတိတ်ဘဝ၌သာလျှင် ချုပ်ခဲ့ကုန်၏၊

(ခ) ဤပစ္စုပ္ပန်ဘဝ၌မူ အတိတ်ကံဟူသော အကြောင်းကြောင့် အခြားတစ်ပါးသောခန္ဓာတို့သည် ဖြစ်ပေါ်လာကုန်၏၊ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ လိုက်ပါလာသောတရားမည်သည် တစ်ခုမျှသော်လည်း မရှိချေ။

(ဂ) ဤပစ္စုပ္ပန်ဘဝ၌လည်း ခန္ဓာတို့သည် ဤဘဝ၌သာလျှင်ချုပ်ကုန်လတ္တံ့၊ နောင်ဘဝသစ်၌ အခြားတစ်ပါးသောခန္ဓာတို့သည် ဖြစ်ပေါ်လတ္တံ့၊ ဤဘဝမှနောင်ဘဝသစ်သို့ တစ်ခုသောတရားမျှသော်လည်း လိုက်ပါမသွားလတ္တံ့။

ဘဝန္တစ်ရပ်စပ်ပုံ ဥပမာပြချက်

၁. ဆရာရွတ်ဆိုသောအသံ နှင့် တပည့်ရွတ်သံ

ဆရာ၏ခံတွင်းမှ ရွတ်ဆိုသောအသံသည် တပည့်၏ခံတွင်းသို့ ဝင်သည်မဟုတ်၊ ဆရာ၏ရွတ်ဆိုသံဟူသော အကြောင်းကြောင့် တပည့်ခံတွင်း၌ ရွတ်ဆိုခြင်းသည် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာဖြစ်သကဲ့သို့လည်းကောင်း၊

၂. ရေမန်း

ကိုယ်စားလှယ်ဖြစ်သူသောက်သော ရေမန်းသည် ရောဂါရှိသူ၏ဝမ်းသို့ မဝင်၊ ကိုယ်စားလှယ်ဖြစ်သူသောက်သောရေမန်းဟူသော အကြောင်းကြောင့်၊ ရောဂါရှိသူ၏ရောဂါ မပျောက်သည်လည်းမဟုတ်၊ ပျောက်သည်သာလျှင် ဖြစ်သကဲ့သို့လည်းကောင်း၊

၃. မျက်နှာလိမ်းချယ်

မျက်နှာ၌လိမ်းချယ်လိုက်သော အစီအရင်သည် မျက်နှာရိပ်သို့ရောက်သွားသည် မဟုတ်၊ ထိုမျက်နှာ၌လိမ်းချယ်ဆင်ယင်လိုက်ခြင်းဟူသော အကြောင်းကြောင့် ထိုမှန်ပြင်စသည်တို့၌ ထင်နေသော မျက်နှာအရိပ်၌လိမ်းချယ်ဆင်ယင်လိုက်သော အစီအရင်သည် မထင်ပေါ်သည်လည်း မဟုတ်၊ ထင်ပေါ်သည်သာလျှင် ဖြစ်သကဲ့သို့ လည်းကောင်း၊

www.dhammadownload.com

၄. ဆီမီးလျှံ

တစ်ခုသော ဆီမီးစာမှ မီးလျှံသည် တစ်ပါးသောဆီမီးစာသို့ ပြောင်းရွှေ့သွားသည် မဟုတ်၊ ထိုမူလ မီးစာမှ မီးလျှံဟူသော အကြောင်းကြောင့် ထိုတစ်ပါးသောဆီမီးစာ၌ ဆီမီးလျှံသည် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့လည်းကောင်း၊

ဤဥပမာတို့နှင့်တူစွာပင် အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ တစ်စုံတစ်ခုသောတရားမျှ ပြောင်းရွှေ့လာခဲ့သည် မဟုတ်၊ ယခုဘဝမှလည်း နောင်ဘဝသစ်သို့ တစ်စုံတစ်ခုသောတရားမျှ ပြောင်းရွှေ့သွားမည် မဟုတ်၊ အတိတ်ဘဝမှ ခန္ဓာ အာယတန ဓာတ်ဟူသောအကြောင်းကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ခန္ဓာ အာယတန ဓာတ်တို့ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်ကုန်သာလျှင်တည်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ခန္ဓာ အာယတန ဓာတ်ဟူသောအကြောင်းကြောင့် နောင်ဘဝ၌ ခန္ဓာ အာယတန ဓာတ်တို့သည် မဖြစ်မည်လည်း မဟုတ်၊ ဖြစ်ကုန်မည်သာလျှင်တည်း ဟူ၍ သိ၏။

မနောဓာတ်၏ အခြားမဲ့၌ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ထိုမနောဓာတ်မှ လာသည်လည်းမဟုတ်၊ ထိုမနောဓာတ်၏အခြားမဲ့၌ မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့-ထို့အတူပင် ပဋိသန္ဓေကာလ၌ စိတ်အစဉ်သည် ဖြစ်ပေါ်၏၊ ရှေးဖြစ်သော စုတိစိတ်သည် ချုပ်ပျက်သွား၏၊ ထိုမှ နောက်၌ နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစုတိစိတ် ပဋိသန္ဓေစိတ်တို့၏ ခြားခြင်းကို ပြုတတ်သော အကြောင်း၌ဖြစ်သော တရားမည်သည် မရှိ၊ ထို စုတိစိတ်မှ တစ်စုံတစ်ခုသောတရားမျှ သွားသည်လည်းမဟုတ်၊ ပဋိသန္ဓေစိတ်သည်လည်း ဖြစ်ပေါ်လာ၏-ဟူ၍လည်း သိ၏။

စုတိပဋိသန္ဓေ၏အစွမ်းဖြင့် နာမ်ရုပ်တရား ထင်ရှားသိခြင်းအကျိုး

ဤသို့ စုတိနှင့်ပဋိသန္ဓေ၏ အစွမ်းအားဖြင့် အလုံးစုံသော နာမ်ရုပ်တရားကို ထင်ရှားသိပြီးသော ယောဂီအား နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းသော ဉာဏ်သည် သန်မာလျင်မြန်သော အားအစွမ်းနှင့် ပြည့်စုံ၏၊ ထိုယောဂီ၏သန္တာန်၌ ဝိကွမ္ဘနုပဟာန်အားဖြင့် ယုံမှား ၁၆-ပါးကို သာ၍ကောင်းစွာ ပယ်အပ်၏၊ ထို့ပြင် မြတ်စွာဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ မိမိ၏အကျင့်သိက္ခာ၌၊ သံသရာ၏-ရှေ့အဖို့၌၊ နောက်အဖို့၌၊ ရှေ့နောက်အဖို့၌၊ ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း ဟူသော ယုံမှား ၈-ပါးကိုလည်း ပယ်အပ်သည်သာလျှင်တည်း၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့သည် ဝေးကွာကုန်၏။

~ ~ ~ ~ ~ ~ ~ ~

ကခ်ီဝိတရဏဝိသုဒ္ဓိ၏အမည်များ

ဤသို့ နည်းအမျိုးမျိုးတို့ဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့် ကာလ ၃-ပါးတို့၌ ယုံမှားကိုလွန်မြောက်၍ တည်သောဉာဏ်ကို ကခ်ီဝိတရဏဝိသုဒ္ဓိ (ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ်) ဟု ခေါ်သည်။ ယင်းဉာဏ်၏ ပရိယာယ်အမည်များမှာ

- ဓမ္မဋ္ဌိတိဉာဏ် (နာမ်ရုပ်တို့၏ တည်ကြောင်းတရားကို သိသောဉာဏ်)
- ယထာဘူတဉာဏ် (ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်)
- သမ္မာဒဿနဉာဏ် (မဖောက်မပြန် မှန်စွာမြင်သောဉာဏ်)
- နာမရူပပစ္စယပရိဂ္ဂဟဉာဏ် (နာမ်ရုပ်ဖြစ်ကြောင်း သိမ်းဆည်းသောဉာဏ်) တို့ဖြစ်သည်။ မှန်ပေ၏၊

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံမှာ-

- **ဓမ္မဋ္ဌိတိဉာဏ်**- "အဝိဇ္ဇာသည်အကြောင်းတည်း၊ သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သောအကျိုးတို့တည်း၊ ဤအဝိဇ္ဇာနှင့် သင်္ခါရဟူသော နှစ်ပါးသောတရားတို့သည်လည်း အကြောင်းကြောင့် ဖြစ်သောအကျိုးတို့တည်း- ဟု အကြောင်းကိုသိမ်းဆည်းခြင်း၌ ပညာသည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏"ဟူ၍ ဟောတော်မူ၏။

www.dhammadownload.com

- **မေး။** ။ "**မမြဲ**ဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သနည်း၊ အဘယ်သို့လျှင် သမ္မာဒဿန-မှန်စွာမြင်သောဉာဏ် ဖြစ်သနည်း၊ ထိုမြင်ပြီးသို့ အစဉ်လိုက်သဖြင့် အဘယ်ကိုသိလျှင် အလုံးစုံသောသင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာမြင်အပ်သနည်း၊အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း။"

  ဖြေ။ ။ "**မမြဲ**ဟု နှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထို့ကြောင့် သမ္မာဒဿန-မှန်စွာသိမြင်သောဉာဏ်ဟု ဆိုအပ်၏၊ ထိုမျက်မှောက်မြင်ပြီးသော ဉာဏ်သို့ အစဉ်လိုက်သဖြင့် အလုံးစုံသောသင်္ခါရတို့သည် မမြဲကုန် ဟု ကောင်းစွာမြင်အပ်၏၊ ထိုကောင်းစွာမြင်သောတရားအပေါင်း၌ ယုံမှားခြင်းကို ပယ်အပ်၏။"

- **မေး။** ။ "**ဆင်းရဲ** ဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သနည်း၊ အဘယ်သို့လျှင် သမ္မာဒဿန-မှန်စွာမြင်သောဉာဏ် ဖြစ်သနည်း၊ ထိုမြင်ပြီးသို့ အစဉ်လိုက်သဖြင့် အဘယ်ကိုသိလျှင် အလုံးစုံသောသင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာမြင်အပ်သနည်း၊ အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း။"

  ဖြေ။ ။ "**ဆင်းရဲ** ဟု နှလုံးသွင်းသောသူသည် မပြတ်ဖြစ်သော ရုပ်နာမ်အယဉ် (ဥပါဒိန္နကပဝတ္တ) ကိုဟုတ်တိုင်းမှန်စွာမြင်၏၊ ထို့ကြောင့် သမ္မာဒဿန-မှန်စွာသိမြင်သောဉာဏ်ဟု ဆိုအပ်၏၊ ထိုမျက်မှောက် မြင်ပြီးသောဉာဏ်သို့ အစဉ်လိုက်သဖြင့် အလုံးစုံသောသင်္ခါရတို့သည် ဆင်းရဲကုန်၏ ဟု ကောင်းစွာမြင်အပ်၏၊ ထိုကောင်းစွာမြင်သော တရားအပေါင်း၌ ယုံမှားခြင်းကို ပယ်အပ်၏။"

- **မေး။** ။ "**အတ္တမဟုတ်** ဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်သနည်း၊ အဘယ်သို့လျှင် သမ္မာဒဿန-မှန်စွာမြင်သောဉာဏ်ဖြစ်သနည်း၊ ထိုမြင်ပြီးသို့ အစဉ်လိုက်သဖြင့် အဘယ်ကိုသိလျှင် အလုံးစုံသောသင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာမြင်အပ်သနည်း၊ အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း။"

  ဖြေ။ ။ "**အတ္တမဟုတ်** ဟု နှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကိုလည်းကောင်း, ရုပ်နာမ်အယဉ်ကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာမြင်၏၊ ထို့ကြောင့် သမ္မာဒဿန-မှန်စွာသိမြင်သောဉာဏ်ဟု ဆိုအပ်၏၊ ထိုမျက်မှောက်မြင်ပြီးသောဉာဏ်သို့ အစဉ်လိုက်သဖြင့် အလုံးစုံသောသင်္ခါရတို့သည် အတ္တမဟုတ်ဟု ကောင်းစွာမြင်အပ်၏၊ ထိုကောင်းစွာမြင်သော တရားအပေါင်း၌ ယုံမှားခြင်းကို ပယ်အပ်၏"

- "ယထာဘူတဉာဏ်, သမ္မာဒဿနဉာဏ်, ကခ်ါဝိတရဏဉာဏ် ဟူသော ဤတရားတို့သည် အနက်အားဖြင့် တူကုန်၍ သဒ္ဒါမျှသာ ထူး၏"ဟူ၍ ဟောတော်မူ၏။

~ ~ ~ ~ ~ ~ ~ ~

စူဠသောတာပန်

အကျိုးကား... ဤယထာဘူတမည်သော ကခ်ါဝိတရဏဉာဏ်နှင့်ပြည့်စုံသော ဝိပဿနာယောဂီသည် မြတ်စွာဘုရား၏သာသနာတော်၌ ရအပ်ပြီးသော သက်သာရာရှိသည် ဖြစ်၍၊ ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍ မြဲသောသုဂတိရှိသည်ဖြစ်၍ စူဠသောတာပန်(သောတာပန်ငယ်) မည်၏။

မှတ်ချက်။ ။

(၁) ရအပ်ပြီးသော သက်သာရာရှိသည် = အရိယာဖိုလ်

(၂) ရအပ်ပြီးသော ထောက်တည်ရာရှိသည် = အရိယာမဂ်

(၃) ဤယောဂီသည် အရိယာမဂ်ဖိုလ်ကို မရသေးသော်လည်း အရိယာမဂ်ဖိုလ်ကို ရကြောင်းအကျင့်၌ တည်သောကြောင့် ရအပ်ပြီးသောသက်သာရာ ရှိသကဲ့သို့လည်းကောင်း၊ ရအပ်ပြီးသောထောက်တည်ရာ ရှိသကဲ့သို့လည်း

www.dhammadownload.com

ကောင်း ဖြစ်ပေသည်။ ထို့ကြောင့် "ရအပ်ပြီးသောသက်သာရာ ရှိသည်ဖြစ်၍၊ ရအပ်ပြီးသောထောက်တည်ရာ ရှိသည်ဖြစ်၍"ဟု မိန့်ဆိုပေသည်။

(၄) မဆုတ်ယုတ်သော ကန်ဒိဝိတရဏဝိသုဒ္ဓိရှိသော ဝိပဿနာယောဂီသည် လောကီဖြစ်ကုန်သော သီလပြည့်စုံစင်ကြယ်ခြင်း, သမာဓိပြည့်စုံစင်ကြယ်ခြင်း, ပညာပြည့်စုံစင်ကြယ်ခြင်းတို့နှင့် ပြည့်စုံနေသောကြောင့် ထိုကန်ဒိဝိတရဏဝိသုဒ္ဓိထက်အလွန် မသိသေးမရသေးသော်လည်း သုဂတိလျှင် လားရာရှိပေသည်။ (ဤအဖွင့်၌"မဆုတ်ယုတ်သော ကန်ဒိဝိတရဏဝိသုဒ္ဓိ ရှိသော" ဟူသော ဝိသေသနပုဒ်ကိုလည်းကောင်း၊ "သီလပြည့်စုံ စင်ကြယ်ခြင်း စသည်တို့နှင့်ပြည့်စုံသောကြောင့်"ဟူသော အကြောင်းပြပုဒ်ကိုလည်းကောင်းအထူး သတိပြုအပ်၏၊ ယောဂီသည် ကန်ဒိဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်ပါမှ ဂတိ မြဲနိုင်သည်၊ ဆုတ်ယုတ်လျှင်ကား မမြဲနိုင်၊ သီလစသည် ပြည့်စုံမြဲ ပြည့်စုံနေမှ ဂတိမြဲနိုင်သည်၊ သီလစသည် ပျက်စီးနေလျှင်ကား မမြဲနိုင်-ဟု ဆိုလိုသည်)။

ကန်ဒိဝိတရဏဝိသုဒ္ဓိသည် –

၁။ ဉာဏ်စဉ်အရ	ပစ္စယပရိဂ္ဂဟဉာဏ်
၂။ ပရိညာအရ	ဉာတပရိညာ
၃။ ပယ်ပုံအရ	အဟေတုကဒိဋ္ဌိ, ဝိသမဟေတုဒိဋ္ဌိ ကိုပယ်၏။
၄။ သစ္စာအရ	သမုဒယသစ္စာကို သိ၏။
၅။ ပုဂ္ဂိုလ်အဆင့်အရ	စူဠသောတာပန် မည်၏။

ကန်ဒိဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

www.dhammadownload.com

မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ

ရှုမြဲရှုလျက် လမ်းမှန်သွားသော ရှုသိမှုပညာသည်သာ လမ်းမှန်၊ အရောင်အလင်းစသည်ကား လမ်းမှန်မဟုတ်ဟု ဤသို့ လမ်းမှန်နှင့် လမ်းမှားကို ပိုင်းခြားသိမြင်၍ တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂညာဏဒဿန-ဝိသုဒ္ဓိ မည်၏။ (မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ = လမ်းမှန်နှင့်လမ်းမှားကို အသိအမြင် စင်ကြယ်သောဉာဏ်)

သမ္မသနဉာဏ်ပြဆို့ချက်

မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောယောဂီသည်

ကလာပသမ္မသနဉာဏ် ဟုဆိုအပ်သော နယဝိပဿနာ၌ အားထုတ်ခြင်းကို ရှေးဦးစွာ ပြုအပ်၏၊ အဘယ်ကြောင့်ဆိုသော်- အားထုတ်စပြုပြီးသော ဝိပဿနာယောဂီ(အာရဒ္ဓဝိပဿကယောဂီ)အား အရောင်အလင်း စသည်တို့ ဖြစ်ပေါ်လာလျှင် လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြားသော မဂ္ဂါမဂ္ဂညာဏ်သည် ဖြစ်ပေါ်လာ၏၊ ကလာပသမ္မသနဉာဏ်သည်လည်း ဝိပဿနာ၏အစစွာအားထုတ်အပ်သောဉာဏ် ဖြစ်၏၊ ထို့ကြောင့် ကလာပသမ္မသနဉာဏ်ကို ကခ်ါဝိတရဏဉာဏ်၏ အခြားမဲ့၌ ညွှန်ပြထားခြင်း ဖြစ်ပေသည်။

တစ်နည်းအားဖြင့်လည်း တီရဏပရိညာဖြစ်ပေါ်လာလျှင် လမ်းမှန်နှင့်လမ်းမှားကိုပိုင်းခြားသော မဂ္ဂါ-မဂ္ဂဉာဏ်သည် ဖြစ်ပေါ်၏၊ ထို တီရဏပရိညာသည်လည်း ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်၏၊ ထို့ကြောင့်လည်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသောယောဂီသည် ကလာပသမ္မသနဉာဏ်၌ အားထုတ်ခြင်းကို ရှေးဦးစွာ ပြုအပ်ပေ၏။

[ဆိုလိုချက်။ ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောယောဂီသည် ဝိပဿနာတွင် ကလာပသမ္မသနဉာဏ်သည် အစဖြစ်သောကြောင့်လည်းကောင်း၊ ဉာတပရိညာ၏အခြားမဲ့၌ တီရဏပရိညာဖြစ်သောကြောင့်လည်းကောင်း၊ ကလာပသမ္မသနမည်သော နယဝိပဿနာကို ရှေးဦးစွာ ပွားများရမည်-ဟု ဆိုလိုရင်း ဖြစ်သည်။]

မှတ်ချက်။ ။ ကလာပသမ္မသနဉာဏ် = အပေါင်းအစုလိုက် သုံးသပ်ခြင်း၊
ဤကလာပသမ္မသနဟူသော ဝေါဟာရသည် ဇမ္ဗူဒိပ်ကျွန်း၌ သီတင်းသုံးတော်မူကြသော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရဖြစ်သည်။

နယဝိပဿနာ = နည်းကိုမှီး၍ ရှုခြင်း၊
ဤနယဝိပဿနာဟူသော ဝေါဟာရသည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရဖြစ်သည်။

~ ~ ~ ~ ~ ~ ~ ~

လောကီပရိညာ (ပိုင်းခြား၍သိသော ဉာဏ်ပညာ) ၃-ပါး

၁။ ဉာတပရိညာ (သိအပ်သိထိုက်သော နာမ်ရုပ်နှင့် နာမ်ရုပ်၏အကြောင်းတရားကို ပိုင်းခြား၍သိသော ဉာဏ်ပညာ)

"ဖောက်ပြန်ခြင်း လက္ခဏာရှိသောတရားသည် ရုပ်တည်း, ခံစားခြင်း လက္ခဏာရှိသောတရားသည် ဝေဒနာတည်း"ဟု ဤသို့ အစရှိသောနည်းဖြင့် ထိုထိုရုပ်နာမ်တရားတို့၏ အသီးသီးသော ✪သဘာဝ-လက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့်ဖြစ်သော ပညာသည် ဉာတပရိညာ မည်၏။

(✪ပထဝီ, ဖဿ အစရှိသော ရုပ်တစ်ခုခု နာမ်တစ်ခုခုနှင့်သာ ဆိုင်သော ကြမ်းတမ်းခြင်း, တွေ့ထိခြင်းအစရှိသော အသီးသီးသောလက္ခဏာတို့ကို သဘာဝလက္ခဏာ, ဝိသေသလက္ခဏာ ဟုခေါ်သည်။)

www.dhammadownload.com

၂။ တိရဏပရိညာ (စုံစမ်းသုံးသပ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာ)

ရုပ်သည် မမြဲ, ဝေဒနာသည် မမြဲဟု ဤသို့ အစရှိသောနည်းဖြင့် (သဘာဝလက္ခဏာကို ကောင်းစွာ မှတ်သည်၏အစွမ်းအားဖြင့် ယူပြီး ရှုသိပြီးဖြစ်ကုန်သော)ထိုရုပ်နာမ်တရားတို့၏ သာမညလက္ခဏာကို အာရုံပြု၍ဖြစ်သော ဝိပဿနာပညာသည် တိရဏပရိညာ မည်၏။

(*ရုပ်နာမ်တရားတိုင်း အားလုံးနှင့် ညီတူညီမျှဆိုင်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တို့ကို သာမညလက္ခဏာ ဟု ခေါ်သည်။)

၃။ ပဟာနပရိညာ (ပယ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာ)

(သာမညလက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့် ယူပြီး ရှုသိပြီးဖြစ်ကုန်သော) ထိုရုပ်နာမ်တရားတို့၌ နိစ္စသညာစသည်ကိုပယ်သည်၏ အစွမ်းအားဖြင့်ဖြစ်သော ပညာသည် ပဟာနပရိညာ မည်၏။

ပရိညာ ၃-ပါး၏ ဖြစ်ရာနယ်ပယ်နှင့် အကြီးအမှူးဖြစ်ပုံ

၁။ ဉာတပရိညာ၏ဖြစ်ရာဘုံ (ဉာတပရိညာဘူမိ) = နာမရူပပရိစ္ဆေဒဉာဏ် မှ ပစ္စယပရိဂ္ဂဟဉာဏ်ထိ ဤကာလအတွင်း၌ နာမ်ရုပ်တရားတို့၏ အသီးသီးသော သဘာဝလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူး ဖြစ်၏။

၂။ တီရဏပရိညာ၏ဖြစ်ရာဘုံ (တီရဏပရိညာဘူမိ) = ကလာပသမ္မသနဉာဏ် မှ ဥဒယဗ္ဗယဉာဏ်ထိ ဤကာလအတွင်း၌ သာမညလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

၃။ ပဟာနပရိညာ၏ဖြစ်ရာဘုံ(ပဟာနပရိညာဘူမိ) = ဘင်္ဂဉာဏ် မှ အထက် ဤကာလအတွင်း၌ နိစ္စသညာစသည်ကို ပယ်ခြင်းကို ပြီးစေတတ်ကုန်သော အနုပဿနာ ၇-ပါးတို့သည် အကြီးအမှူး ဖြစ်၏။

အနုပဿနာ ၇-ပါးတို့ဖြင့် ပယ်အပ်သောတရားတို့မှာ-

- အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်၏၊
- ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်၏၊
- အနတ္တာနုပဿနာဖြင့် အတ္တသညာကို ပယ်၏၊
- နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ပျော်မွေ့ခြင်း နန္ဒီကို ပယ်၏၊
- ဝိရာဂါနုပဿနာဖြင့် တပ်မက်ခြင်း ရာဂကို ပယ်၏၊
- နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်း သမုဒယကို ပယ်၏၊
- ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်း အာဒါနကို ပယ်၏။

~ ~ ~ ~ ~ ~ ~ ~

ကလာပသမ္မသနဉာဏ်ကို ပဋိသမ္ဘိဒါမဂ်၌ ပြဆို့ချက်

"အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို အဘယ်သို့ အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ် မည်သနည်း?

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ၊ ကိုယ်တွင်း၌ဖြစ်စေ ကိုယ်ပ၌ဖြစ်စေ၊ အကြမ်းဖြစ်စေ အနုဖြစ်စေ၊ အယုတ်ဖြစ်စေ အမြတ်ဖြစ်စေ၊ အဝေးဝ၌ဖြစ်စေ အနီး၌ဖြစ်စေ အကြင်တစ်စုံတစ်ခုသော ရုပ်သည် ရှိ၏၊ ထိုအလုံးစုံသော ရုပ်ကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ် တစ်ခုပေတည်း၊ ဆင်းရဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်တစ်ခုပေတည်း၊ အတ္တ မဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်တစ်ခုပေတည်း။

အတိတ်ဖြစ်စေ ။ ပ ။ အနီး၌ဖြစ်စေ အကြင်တစ်စုံတစ်ခုသော ဝေဒနာသည် ရှိ၏၊ အလုံးစုံသော ဝေဒနာကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ သမ္မသနဉာဏ် တစ်ခုပေတည်း။

အတိတ်ဖြစ်စေ ။ ပ ။ အနီး၌ဖြစ်စေ အကြင်တစ်စုံတစ်ခုသော သညာသည်ရှိ၏၊ အလုံးစုံသော သညာကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ သမ္မသနဉာဏ်တစ်ခုပေတည်း။

www.dhammadownload.com

အတိတ်ဖြစ်စေ ။ ပ ။ အနိုးဥ်ဖြစ်စေ အကြင်တစ်စုံတစ်ခုသော သန်ါရသည်ရှိ၏၊ အလုံးစုံသော သန်ါရကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ သမ္မသနဉာဏ်တစ်ခုပေတည်း။

အတိတ်ဖြစ်စေ ။ ပ ။ အနိုးဥ်ဖြစ်စေ အကြင်တစ်စုံတစ်ခုသော ဝိညာဏ်သည်ရှိ၏၊ အလုံးစုံသော ဝိညာဏ်ကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ သမ္မသနဉာဏ်တစ်ခုပေတည်း။

အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော စက္ခု(မျက်စိ)ကို ။ ပ ။ ဇရာ,မရဏကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ သမ္မသနဉာဏ်တစ်ခုပေတည်း။ ဆင်းရဲဟု ။ ပ ။ အတ္တမဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏" စသည်တည်း။

ပဋိသန္ဓိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသော သမ္မသနဉာဏ်ဖြင့် လက္ခဏာရေးသုံးတန်တင်၍ ရှုမှတ်သုံးသပ်ရမည့် အရွဲခံတရားတို့မှာ-

၁။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၊ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ သြဠာရိက,သုခုမ၊ ဟီန,ပဏီတ၊ ဒူရ,သန္တိက ဟူသော ၁၁-မျိုးသော အခြင်းအရာဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ ၅-ပါး၊

၂။ ဒွါရ အာရုံတို့နှင့်တကွ ဒွါရ၌ ဖြစ်ကုန်သော ပရမတ္ထဓမ္မများ၊

၃။ ဥပါဒါနက္ခန္ဓာ ၅-ပါး၊

၄။ ဒွါရ ၆-ပါး၊

၅။ အာရုံ ၆-ပါး၊

၆။ ဝိညာဏ် ၆-ပါး၊

၇။ ဖဿ ၆-ပါး၊

၈။ ဝေဒနာ ၆-ပါး၊

၉။ သညာ ၆-ပါး

၁၀။ စေတနာ ၆-ပါး၊

၁၁။ တဏှာ ၆-ပါး၊

၁၂။ ဝိတက် ၆-ပါး၊

၁၃။ ဝိစာရ ၆-ပါး၊

၁၄။ ဓာတ် ၆-ပါး၊

၁၅။ ကသိုဏ်း(ဈာန်) ၁၀-ပါး၊

၁၆။ ၃၂-ပါးသော ကောဋ္ဌာသ၊

၁၇။ အာယတန ၁၂-ပါး၊

၁၈။ ဓာတ် ၁၈-ပါး၊

၁၉။ ဣန္ဒြေ ၂၂-ပါး

၂၀။ ဓာတ် ၃-ပါး၊

၂၁။ ဘဝ ၉-ပါး၊

၂၂။ (ရူပါဝစရ)ဈာန် ၄-ပါး၊

၂၃။ အပ္ပမညာ ၄-ပါး၊

၂၄။ အရူပသမာပတ် ၄-ပါး၊

၂၅။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး တို့ဖြစ်သည်။

မှတ်ဖွယ်

(၁) လောကုတ္တရာတရားတို့ကို မသုံးသပ်ထိုက်သောကြောင့် ဤဝိပဿနာအရာ၌ မယူအပ်ပေ။

(၂) သုံးသပ်ထိုက်သော ရုပ်နာမ်တရားတို့တွင်လည်း ထင်ရှားသော, ချမ်းသာလွယ်ကူစွာသိမ်းဆည်းနိုင်သော တရားတို့၌ သုံးသပ်ခြင်း-ရှုခြင်းကို ရှေးဦးစွာပြုအပ်၏။
(ဝိပဿနာရှုရမည့် အရွဲခံအာရုံတရားတို့မှာများပြားလှသဖြင့် မည်သည့်တရားကစ၍ ဝိပဿနာရှုရမည်နည်းဟု မေးရန်ရှိ၏၊ အဖြေမှာ- အထက်ပါအတိုင်း ဖြစ်ပါသည်။)

www.dhammadownload.com

ခန္ဓာငါးပါး ရှုနည်း

ထိုသုံးသပ်ထိုက်သော တရားအပေါင်းတို့တွင် ဤဆိုလတ္တံ့သည်ကား ခန္ဓာတို့၏ အစွမ်းအားဖြင့် အားထုတ်ပုံ ဖြစ်၏။

အနိစ္စလက္ခဏာကို ရှုပုံ

အတိတ်ဘဝ၌ဖြစ်သောရုပ်သည် အတိတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားခဲ့၏၊ ပစ္စုပ္ပန်ဘဝသို့ မရောက်လာချေ၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ်ဆင်ခြင်၏။

အနာဂတ်ဘဝ၌ဖြစ်သောရုပ်သည် အနာဂတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ထိုမှတစ်ပါးသော နောက်ဘဝသို့ မသွားရောက်လတ္တံ့၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲ ဟု သုံးသပ်ဆင်ခြင်၏။

ပစ္စုပ္ပန်ဘဝ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်ဘဝ၌သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ဤဘဝမှ နောက်ဘဝသို့ မသွားရောက်လတ္တံ့၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ်ဆင်ခြင်၏။

ကိုယ်တွင်း၌ဖြစ်သော ရုပ်သည် ကိုယ်တွင်း၌သာလျှင် ကုန်ဆုံးသွား၏၊ ပြင်ပရုပ်အဖြစ်သို့ မရောက်ချေ၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ်ဆင်ခြင်၏။

ကိုယ်ပ၌ဖြစ်သောရုပ်သည် ။ပ။ ကြမ်းတမ်းသော ။ပ။ နူးညံ့သိမ်မွေ့သော ။ပ။ ယုတ်ညံ့သော ။ပ။ ကောင်းမြတ်သော ။ပ။ ဝေးသော ။ပ။ နီးသောရုပ်သည် ထိုအနီး၌သာလျှင် ကုန်ဆုံးသွား၏၊ အဝေးရုပ်အဖြစ်သို့ မရောက်ချေ၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ်ဆင်ခြင်၏။

ဤဆိုခဲ့သော သုံးသပ်ဆင်ခြင်မှုအလုံးစုံသည် 'ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲ'ဟူသော ဤရှုပုံ၏အစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ် မည်၏၊ အတိတ်စသော တည်ရာသြကာသ အပြားအားဖြင့်မူကား ၁၁-ပါး အပြားရှိ၏။

ဒုက္ခလက္ခဏာကို ရှုပုံ

အတိတ်စသော အလုံးစုံသောထိုရုပ်သည် ဘေးဟူသောအနက်သဘောကြောင့် ဆင်းရဲတည်းဟု သုံးသပ်ဆင်ခြင်၏၊ 'ဘေးဟူသောအနက်သဘောကြောင့်' ဟူသည်ကား ကြောက်မက်ဖွယ်ကောင်းသောသဘောရှိသည်၏အဖြစ်ကြောင့်ဟု ဆိုလို၏၊ မှန်ပေ၏၊ မမြဲသောတရားသည် သိဟောပမသုတ်၌ နတ်ဗြဟ္မာတို့မှာကဲ့သို့ ကြောက်ဖွယ်ဘေးကို ဆောင်တတ်ဖြစ်စေတတ်၏၊ ဤသို့လျှင် ဤဆင်းရဲဟု သုံးသပ်မှုသည်လည်း 'ဘေးဟူသော အနက်သဘောကြောင့် ဆင်းရဲ' ဟူသော ဤရှုပုံ၏အစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ် မည်၏၊ အပြားအား ဖြင့်မူကား ၁၁-ပါး အပြား ရှိ၏။

အနတ္တလက္ခဏာကို ရှုပုံ

အတိတ်စသော အလုံးစုံသော ထိုရုပ်သည် အနှစ်သာရမရှိသော အနက်သဘောကြောင့် အနတ္တ-အတ္တမဟုတ်ဟု သုံးသပ်ဆင်ခြင်၏၊ 'အနှစ်သာရမရှိသောအနက်သဘောကြောင့်' ဟူသည်ကား...

"အတ္တဟူသည်-

- 'သာမီ' ခန္ဓာအိမ်၏ ပိုင်ရှင်တည်း၊
- 'နိဝါသီ' ခန္ဓာအိမ်ကပျက်စီးသွားသော်လည်း သူကပျက်စီးခြင်းမရှိဘဲ ခန္ဓာအိမ်တစ်ခုခုထဲ၌ အမြဲတည်နေသူတည်း၊
- 'ကာရက' သွားခြင်း မြင်ခြင်းစသော အလုံးစုံသော အမှုအရာကို ပြုတတ်သောသူတည်း၊
- 'ဝေဒက' အကောင်းအဆိုးကို ခံစားတတ်သူတည်း၊
- 'သယံဝသီ' မိမိ၏ အလိုအတိုင်း ပြီးစေနိုင်သူတည်း" .... ဟူ၍

ဤသို့သာသနာတော်မှ အပြင်ပဖြစ်သောတိတ္ထိတို့ ကြံဆထားသော အတ္တကောင်ဟူသော အနှစ်သာရမရှိခြင်းကြောင့် ဟု ဆိုလို၏။

www.dhammadownload.com

မှန်ပေ၏၊ အကြင်တရားသည် မမြဲ ဆင်းရဲ၏၊ ထို မမြဲ ဆင်းရဲသောတရားသည် မိမိ၏ မမြဲခြင်းကို လည်းကောင်း, အဖြစ်အပျက်က နှိပ်စက်ခြင်းကိုလည်းကောင်း တားမြစ်ခြင်းငှာ မစွမ်းနိုင်၊ ထိုတရားမှာ ပြုတတ်သူ စသည်၏အဖြစ်သည် အဘယ်မှာ ရှိပါအံ့နည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် –

"ရဟန်းတို့၊ ဤရုပ်သည် အစိုးရသောအတ္တကောင် ဟုတ်ငြားအံ့၊ သို့ဖြစ်လျှင် ဤရုပ်သည် နှိပ်စက်ခြင်းငှာ မဖြစ်တန်လေရာ"ဟု ဤသို့ စသည်ကို ဟောတော်မူ၏။ ဤသို့လျှင် ဤအတ္တမဟုတ်ဟု သုံးသပ်မှသည်လည်း 'အနှစ်သာရမရှိသော အနက်သဘောကြောင့် အတ္တမဟုတ်' ဟူသော ဤရှုပုံ၏ အစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ် မည်၏၊ အပြားအားဖြင့်မူကား ၁၁–ပါး အပြားရှိ၏။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ဤနည်းအတိုင်း (အနိစ္စသမ္မသနဉာဏ်, ဒုက္ခသမ္မသနဉာဏ်, အနတ္တသမ္မသနဉာဏ်ဖြင့်) ရှုအပ်၏။

အနိစ္စာနုပဿနာပရိယာယ်

ရုပ်ကို သုံးသပ်ရှုမှတ်ရာ၌–

- ရူပံ အနိစ္စံ = ရုပ်သည် မမြဲလေစွတကား၊
- ရူပံ သန်္တံ = ရုပ်သည် ပေါင်းစု၍ ပြုပြင်အပ်သောတရားတည်း၊
- ရူပံ ပဋိစ္စသမုပ္ပန္နံ = ရုပ်သည် အကြောင်းကို စွဲမှီ၍ ဖြစ်သောတရားတည်း၊
- ရူပံ ခယဓမ္မံ = ရုပ်သည် ကုန်ခြင်းသဘောရှိသော တရားတည်း၊
- ရူပံ ဝယဓမ္မံ = ရုပ်သည် ပျက်ခြင်းသဘောရှိသော တရားတည်း၊
- ရူပံ ဝိရာဂဓမ္မံ = ရုပ်သည် ပျောက်ပြယ်ခြင်းသဘောရှိသောတရားတည်း၊
- ရူပံ နိရောဓဓမ္မံ = ရုပ်သည် ချုပ်ခြင်းသဘောရှိသော တရားတည်း

ဟူ၍ ပရိယာယ်အားဖြင့်လည်း အမျိုးမျိုး ရှုမှတ်သုံးသပ်နိုင်ပါသည်၊ ဝေဒနာ စသည်တို့၌လည်း ဤနည်းပင်တည်း။

သန်္တံစသည်ကို ထပ်၍ ဟောရခြင်း

'ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ' ဟုသာ ဟောတော်မမူဘဲ 'သန်္တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ' တို့ကို ထပ်၍ ဟောတော်မူရခြင်းမှာ– 'အနိစ္စံ' ပုဒ်၏ ပရိယာယ်စကားများကို ထင်ရှားပြလိုတော်မူသောကြောင့်လည်းကောင်း၊ အနိစ္စသမ္မသနဉာဏ်ဖြင့် ရှုမှတ်သုံးသပ်ရာ၌ အထူးထူး အမျိုးမျိုးရှုမှတ်သုံးသပ်၍ရသည်ကိုလည်း သိစေလိုတော်မူသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

~ ~ ~ ~ ~ ~ ~ ~

အခြင်းအရာ ၄၀ (တစ်နည်း) ဘဝနှာ ၄၀ (တစ်နည်း) တော ၄၀ဖြင့် ရှုမှု

ယောဂီသည် ခန္ဓာငါးပါးတို့၌ မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု သုံးသပ်သော သမ္မသနဉာဏ် မြဲမြံခိုင်ခံ့ခြင်းအကျိုးငှာ အခြင်းအရာ–၄၀ (တော–၄၀) ဖြင့် ရှုအပ်၏။

မြတ်စွာဘုရားသည် 'ခန္ဓာငါးပါးတို့ကို အနိစ္စဟု ရှုမှတ်သုံးသပ်သည်ရှိသော် အရိယာမဂ် အားလျော်သော အနုလောမဉာဏ်ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းသည် မြဲသော နိဗ္ဗာန်တည်း ဟု ရှုမှတ်သုံးသပ်သည်ရှိသော် သမ္မတ္တနိယာမ အမည်ရသော အရိယာမဂ်သို့ သက်ရောက်၏' ဟု ဤသို့ အစရှိသောနည်းဖြင့် အနုလောမဉာဏ်ကို ဝေဖန်လျက် အနိစ္စတောစသော အခြင်းအရာ ၄၀–တို့ဖြင့် ရှုမှတ်သုံးသပ်ပုံတို့ကို အကျယ် ဟောတော်မူပါသည်။

အနိစ္စလက္ခဏာအခြင်းအရာ ၁၀–ပါး

ယောဂီသည် တစ်ပါးဟစ်ပါးသော ခန္ဓာကို–

(၁) ပျက်ခြင်းဟူသော အဆုံးကို မလွန်သောကြောင့်လည်းကောင်း, အစနှင့်အဆုံး ရှိသောကြောင့် လည်းကောင်း **အနိစ္စ–မမြဲ (အနိစ္စတော)** ဟု သုံးသပ်၏။

www.dhammadownload.com

(၂) နာခြင်း အိုခြင်း သေခြင်းတို့ဖြင့် အကြီးအကျယ် ပျက်စီးတတ်သောကြောင့် **အလွန်ပျက်စီးတတ်သည် (ပလောကတော)** ဟု သုံးသပ်၏။

(၃) နာခြင်း အိုခြင်း သေခြင်းတို့ဖြင့် လည်းကောင်း, လာဘ်ရခြင်း လာဘ်မရခြင်းအစရှိသော လောကဓံတရားတို့ဖြင့်လည်းကောင်း တုန်လှုပ်တတ်သောကြောင့် **တုန်လှုပ်သည်(စလတော)**ဟု သုံးသပ်၏။

(၄) ပျက်စီးအောင် ပြုလုပ်အားထုတ်ခြင်းဖြင့်လည်းကောင်း, မိမိ၏ သဘောအတိုင်း အလိုအလျောက်အားဖြင့်လည်းကောင်း ပျက်စီးခြင်းသို့ ရောက်တတ်သောကြောင့် **ပျက်လွယ်သည်(ပဘင်္ဂတော)**ဟု သုံးသပ်၏။

(၅) ခပ်သိမ်းသော အခိုက်အတန့်တို့၌ လဲပြိုကျတတ်–ပျက်စီးတတ်သောကြောင့်လည်းကောင်း, ခိုင်ခံ့သည်၏အဖြစ် မရှိသောကြောင့်လည်းကောင်း **မခိုင်ခံ့ (အဒ္ဓုဝတော)**ဟု သုံးသပ်၏။

(၆) အိုခြင်းနှင့် သေခြင်းဟူသော နှစ်မျိုးနှစ်ထွေအားဖြင့် ပြောင်းလဲဖောက်ပြန်ခြင်းသဘောရှိသောကြောင့် **ဖောက်ပြန်ခြင်းသဘောရှိသည် (ဝိပရိဏာမတော)**ဟု သုံးသပ်၏။

(၇) အားနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း, အကာကွဲသို့ လွယ်ကူစွာ ချိုးဖျက်နိုင်သည်၏အဖြစ်ကြောင့်လည်းကောင်း **အနှစ်မရှိ (အသာရကတော)**ဟု သုံးသပ်၏။

(၈) ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့်လည်းကောင်း, သဘောတူအကြောင်း ပျက်စီးပြီးမှ ဖြစ်သောကြောင့်လည်းကောင်း **ကြီးပွားစည်ပင်ခြင်းကင်းသည် (ဝိဘဝတော)**ဟု သုံးသပ်၏။

(၉) ဘင်ဟူသော ပျက်စီးခြင်းသဘောရှိသောကြောင့် **သေခြင်းသဘောရှိသည် (မရဏဓမ္မတော)** ဟု သုံးသပ်၏။

(၁၀) မူလအကြောင်းနှင့် အထောက်အပံ့အကြောင်းတို့က ပေါင်းစုပြုပြုအပ်သောကြောင့် **ပေါင်းစုပြုပြုအပ်သည် (သင်္ခတတော)**ဟု သုံးသပ်၏။

ဒုက္ခလက္ခဏာအခြင်းအရာ ၂၅–ပါး

(၁) ဖြစ်ခြင်း ပျက်ခြင်းတို့က မပြတ်နှိပ်စက်သောကြောင့်လည်းကောင်း, ဆင်းရဲ၏တည်ရာဝတ္ထု ဖြစ်သောကြောင့်လည်းကောင်း **ဒုက္ခ–ဆင်းရဲ (ဒုက္ခတော)**ဟု သုံးသပ်၏။

(၂) အစာအဝတ်စသော ပစ္စည်းတို့ဖြင့် မျှတစေရသောကြောင့် လည်းကောင်း, ရောဂါတို့၏ မူလအရင်းခံဖြစ်သောကြောင့်လည်းကောင်း စွဲကပ်နေသော **ရောဂါနှင့်တူသည် (ရောဂတော)**ဟု သုံးသပ်၏။

(၃) ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်သောကြောင့်လည်းကောင်း, အကျိုးမဲ့ပျက်စီးခြင်းကို ဆောင်တတ်–ဖြစ်စေတတ်သောကြောင့်လည်းကောင်း, မကောင်းမှု၏ တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း **မကောင်းမှုနှင့်တူသည် (အဃတော)**ဟု သုံးသပ်၏။

(၄) ဒုက္ခ ၃–မျိုးဟူသော နာကျင်ကိုက်ခဲခြင်းနှင့် ယှဉ်သောကြောင့်လည်းကောင်း, ကိလေသာ ဟူသော သနံရည် ပြည်ပုပ်တို့ကို ယိုထွက်စေသောကြောင့်လည်းကောင်း, ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း တို့ဖြင့် ဖူးဖူးရောင်၍ မှည့်ရင့်ပြီးလျှင် ပေါက်ကွဲတတ်သောကြောင့် လည်းကောင်း **အိုင်းအမာနှင့်တူသည် (ဂဏ္ဍတော)**ဟု သုံး သပ်၏။

(၅) နှိပ်စက်ခြင်းကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း, အတွင်း၌ ထိုးဆွတတ်သောကြောင့်လည်းကောင်း, နှတ်ပယ်နိုင်ခဲသောကြောင့်လည်းကောင်း စူးဝင်နေသော **ငြောင့်နှင့်တူသည်(သလ္လတော)** ဟု သုံးသပ်၏။

(၆) ကိုယ့်အလိုအတိုင်း မဖြစ်ခြင်းကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း, ဖျားနာခြင်း၏ နီးသောအကြောင်းဖြစ်သောကြောင့်လည်းကောင်း **ဖျားနာမှုနှင့် တူသည် (အာဗာဓတော)**ဟု သုံးသပ်၏။

www.dhammadownload.com

(၇) ကြိုတင်၍ မသိရသည်သာ ဖြစ်ကုန်သော ပြန့်ပြောကြီးကျယ်ကုန်သော အကျိုးမဲ့တို့ကို ဆောင်တတ်-ဖြစ်စေတတ်သောကြောင့်လည်းကောင်း, အလုံးစုံသောဥပဒ္ဒဝေါတို့၏ တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း **မင်းဘေးမင်းဒဏ် (ဥပဒ္ဒဝတော)**ဟု သုံးသပ်၏။

(၈) အလုံးစုံသော ဘေးတို့၏ ဖြစ်ပေါ်ရာ ဘေးတွင်းသဖွယ်ဖြစ်သောကြောင့်လည်းကောင်း, ဆင်းရဲငြိမ်းခြင်း ဟု ဆိုအပ်သော မြတ်သောသက်သာရာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် လည်းကောင်း **ကြောက်ဖွယ်ဘေး (ဘယတော)**ဟု သုံးသပ်၏။

(၉) များစွာသောပျက်စီးခြင်း(ဗျသန)တို့ကို ဆောင်တတ်ဖြစ်စေတတ်သောကြောင့် **ဘေးရန် (ဥပဒ်တော)** ဟု သုံးသပ်၏။

(၁၀) များစွာသောအကျိုးမဲ့တို့ အစဉ်လိုက်ပါလာသောကြောင့်လည်းကောင်း, ရာဂအစရှိသော အပြစ်ဒေါသတို့နှင့် ကပ်ငြိလူးလဲသောကြောင့်လည်းကောင်း, ပူးကပ်သော အမှောင့်ပယောဂကဲ့သို့ပင် လက်ခံရန် မထိုက်တန်သောကြောင့်လည်းကောင်း **ကပ်ငြိသောအနှောင့်အယှက် (ဥပသဂ္ဂတော)**ဟု သုံးသပ်၏။

(၁၁) မစောင့်ရှောက်တတ်သောကြောင့် လည်းကောင်း, ဘေးငြိမ်းခြင်းကို ရနိုင်ရာ မဟုတ်သောကြောင့် လည်းကောင်း **မစောင့်ရှောက်တတ် (အတာဏတော)** ဟု သုံးသပ်၏။

(၁၂) မိုကပ်ပုန်းအောင်းခြင်းငှာ မထိုက်တန်သောကြောင့်လည်းကောင်း, မိုကပ်ပုန်းအောင်းသောသူတို့အား လည်း ပုန်းအောင်းရာကိစ္စကို မပြုတတ်သောကြောင့်လည်းကောင်း **ပုန်းအောင်းရာမဟုတ် (အလေဏတော)** ဟု သုံးသပ်၏။

(၁၃) မိုခိုလာသောသူတို့အား ဘေးကိုပယ်ဖျောက်တတ်သည်၏အဖြစ် မရှိသောကြောင့် **ကိုးကွယ်ရာမဟုတ် (အသရဏတော)**ဟု သုံးသပ်၏။

(၁၄) မိတ်ဆွေယောင်ဆောင်သော ရန်သူကဲ့သို့ အကျွမ်းဝင်သူကို (အယုံသွင်း၍) သတ်တတ်သောကြောင့် **သူသတ်သမားနှင့်တူသည် (ဝဓကတော)**ဟု သုံးသပ်၏။

(၁၅) မကောင်းမှု၏ အကြောင်းရင်းဖြစ်သောကြောင့် **မကောင်းမှု၏အမြစ်အရင်း (အဃမူလတော)**ဟု သုံးသပ်၏။

(၁၆) မပြတ်ဖြစ်ခြင်း-ဆင်းရဲဖြစ်သောကြောင့်လည်းကောင်း, ထိုဆင်းရဲသည် အပြစ်ဒေါသဖြစ်သောကြောင့်လည်းကောင်း **အပြစ်** ဟု သုံးသပ်၏။ တစ်နည်းကား- အလွန်အထီးကျန်လျက် ဆင်းရဲနွမ်းပါးစွာ သွားတတ် ဖြစ်တတ်၏၊ ထို့ကြောင့် **အာဒီနဝ** မည်၏၊ ဤအမည်သည် အထီးကျန်သောသူ၏ အမည်တည်း၊ ခန္ဓာတို့သည်လည်း အထီးကျန်လျက် ဆင်းရဲနွမ်းပါးကုန်သည်သာတည်း၊ ဤသို့ အထီးကျန်လျက် ဆင်းရဲနွမ်းပါးသောသူနှင့် တူသောကြောင့် **ဆင်းရဲနွမ်းပါးသည် (အာဒီနဝတော)** ဟု သုံးသပ်၏။

(၁၇) အာသဝေါတရားတို့၏ နီးသောအကြောင်းဖြစ်သောကြောင့် **အာသဝေါနှင့်တကွဖြစ်သည် (သာသဝတော)** ဟု သုံးသပ်၏။

(၁၈) သေခြင်းတရားဟူသော မစ္စုမာရ်, ကိလေသာဟူသော ကိလေသမာရ်တို့၏ သတ်စရာ အစာဖြစ်သောကြောင့် **သူသတ်သမား-မာရ်တို့၏ သတ်စရာအစာ (မာရာမိသတော)**ဟု သုံးသပ်၏။

(၁၉) ဖြစ်ခြင်းသဘော ရှိသောကြောင့် **ဖြစ်ခြင်းသဘောရှိသည် (ဇာတိဓမ္မတော)**ဟု သုံးသပ်၏။

(၂၀) အိုခြင်းသဘော ရှိသောကြောင့် **အိုခြင်းသဘောရှိသည် (ဇရာတော)**ဟု သုံးသပ်၏။

(၂၁) နာခြင်းသဘော ရှိသောကြောင့် **နာခြင်းသဘောရှိသည် (ဗျာဓိတော)**ဟု သုံးသပ်၏။

(၂၂) စိုးရိမ်ခြင်းသဘော ရှိသောကြောင့် **စိုးရိမ်ဖွယ်သဘော (သောကဓမ္မတော)**ဟု သုံးသပ်၏။

(၂၃) ငိုကြွေးခြင်းသဘော ရှိသောကြောင့် **ငိုကြွေးဖွယ်သဘော (ပရိဒေဝဓမ္မတော)**ဟု သုံးသပ်၏။

(၂၄) ပြင်းစွာပူပန်ခြင်းသဘော ရှိသောကြောင့် **ပြင်းစွာပူပန်ဖွယ်သဘော (ဥပါယာသဓမ္မတော)**ဟု သုံးသပ်၏။

www.dhammadownload.com

(၂၅) တဏှာ(ဆာလောင်မှု), ဒိဋ္ဌိ(မှားသောအယူ), ဒုစရိုက်(မကောင်းသောအကျင့်) ဟူသော ညစ်ညူးကြောင်းကိလေသာတို့၏ အာရုံသဘောဖြစ်သောကြောင့် **ကိလေသာတို့၏ စွဲမှီရာအာရုံသဘော (သံကိလေသိကဓမ္မတော)**ဟု သုံးသပ်၏။

အနတ္တလက္ခဏာအခြင်းအရာ ၅-ပါး

(၁) မိမိကိုယ်တိုင်လည်း ခန္ဓာအိမ်၏ပိုင်ရှင် သာမီအဖြစ် စသည် မရှိသောကြောင့် **အနတ္တ-အတ္တကောင်မဟုတ် (အနတ္တတော)**ဟု သုံးသပ်၏။

(၂) အလိုအတိုင်း မဖြစ်သောကြောင့်လည်းကောင်း, မစီမံ မခန့်ခွဲနိုင်သောကြောင့် လည်းကောင်း **ပြင်ပသူစိမ်းနှင့်တူသည် (ပရတော)**ဟု သုံးသပ်၏။

(၃) ဗာလပုထုဇဉ်တို့ ကြံစည်ယူဆထားသည့်အတိုင်း ခိုင်မြဲသည်၏အဖြစ် တင့်တယ်သည်အဖြစ် ချမ်းသာသည်၏အဖြစ် အတ္တ၏အဖြစ်တို့မှကင်းသောကြောင့် **အနှစ်ကင်းသည်(ရိတ္တတော)**ဟု သုံးသပ်၏။

(၄) အနှစ်ကင်းသည်၏ အဖြစ်ကြောင့်ပင်လျှင် **အချည်းနှီး** ဟု သုံးသပ်၏၊ တစ်နည်းကား သေးနုပ်သောကြောင့် **အချည်းနှီး (တုစ္ဆတော)**ဟု သုံးသပ်၏။ မှန်ပေ၏၊ အသေးအနုပ်ကိုလည်း လောက၌ အချည်းနှီး ဟူ၍ ဆိုအပ်၏။

(၅) သာမီ-ခန္ဓာအိမ်၏ပိုင်ရှင်, နိဝါသီ-ခန္ဓာအိမ်ထဲ၌ အမြဲတည်နေသူ, ကာရက-ပြုလုပ်တတ်သောသူ, ဝေဒက-ခံစားတတ်သောသူ, အဓိဋ္ဌာယက-စီမံခန့်ခွဲတတ်သောသူဟု ထင်မှတ်ရသော အတ္တမှကင်းသောကြောင့် **ဆိတ်သုဉ်းသည် (သုညဝတော)**ဟု သုံးသပ်၏။

ဤ ၄၀-သော သုံးသပ်မှုတို့တွင် တစ်ပါးတစ်ပါးသော ခန္ဓာ၌ ၁၀-ပါးစီပြု၍ ၅၀-သော **အနိစ္စာနုပဿနာ** တို့ဖြစ်ကုန်၏၊ တစ်ပါးတစ်ပါးသော ခန္ဓာ၌ ၅-ပါးစီ ပြု၍ ၂၅-ပါးသော **အနတ္တာနုပဿနာ**တို့ ဖြစ်ကုန်၏၊ တစ်ပါးတစ်ပါးသော ခန္ဓာ၌ ၂၅-ပါးစီပြု၍ ၁၂၅-ပါးသော **ဒုက္ခာနုပဿနာ** တို့ ဖြစ်ကုန်၏၊ ထို့ကြောင့် ခန္ဓာ ၅-ပါး၌ နယဝိပဿနာ ၂၀၀-ဖြစ်ကုန်၏။

ဤဆိုခဲ့သောနည်းဖြင့် အနုပဿနာ ၂၀၀-တို့ဖြင့် သုံးသပ်ဆင်ခြင်သော ယောဂီ၏ သမ္မသနဉာဏ်သည် (တစ်နည်း) နယဝိပဿနာသည် မြဲမြံခိုင်ခံ့သွား၏၊ ဤသို့ အားထုတ်သော်လည်း နယဝိပဿနာသည် မပြည့်စုံခဲ့သော် ဣန္ဒြေထက်ကြောင်း ၉-ပါးကို ဖြည့်ကျင့်ရာ၏။

~ ~ ~ ~ ~ ~ ~ ~

ဣန္ဒြေထက်ကြောင်း ၉-ပါး

၁။ ဖြစ်တိုင်းဖြစ်တိုင်းသော (ရှုဆဲရုပ်နာမ်)သင်္ခါရတို့၏ ကုန်ခြင်း(ပျက်ခြင်း)ကိုသာ ရှုခြင်း၊

၂။ ရိုသေစွာ ရှုခြင်း၊

၃။ မပြတ် ရှုခြင်း၊

၄။ လျောက်ပတ်အောင် ရှုခြင်း၊

၅။ သမာဓိ၏ အကြောင်းနိမိတ်ကို မှတ်၍ယူခြင်း၊

၆။ ဗောဇ္ဈင်တို့ကို လျော်စွာ ဖြစ်စေခြင်း၊

၇။ ကိုယ်နှင့် အသက် မင့်ကွက်ခြင်း၊

၈။ ပျင်းရိမှုမှ ထွက်မြောက်သော လုံ့လဖြင့် လွှမ်းမိုးစေခြင်း၊

၉။ တရားမပြည့်စုံမီ ကြားကာလ၌ အဆုံးမသတ် မရပ်မနားခြင်း၊

ဤ ၉-ပါးသော အကြောင်းတို့၏ အစွမ်းအားဖြင့် ဣန္ဒြေတို့ကို ထက်မြက်အောင် ပြုပြီးလျှင် ပထဝီကသိုဏ်း၌ ပြဆိုခဲ့သည့်နည်းဖြင့် အသပ္ပါယ ၇-ပါးကို ရှောင်၍၊ သပ္ပါယ ၇-ပါးတို့ကို မှီဝဲလျက် ရံခါရုပ်ကို သုံးသပ်အပ်၏၊ ရံခါနာမ်ကို သုံးသပ်အပ်၏၊ ရုပ်ကိုသုံးသပ်လျှင် ရုပ်၏ဖြစ်ပေါ်မှု ဥပါဒ်သဘော (နိဗ္ဗတ္တိ-လက္ခဏာ)ကို ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်အောင် ရှုမှတ်သုံးသပ်ရမည်။

www.dhammadownload.com

မှတ်ချက်။ ။ရုပ်တရားနှင့် နာမ်တရားတို့သည် အချင်းချင်း ဝေးကွာသောသဘော ရှိသဖြင့် လက္ခဏာရေး ၃-ပါး တင်၍ တစ်ပြိုင်နက် မသုံးသပ်ထိုက်သောကြောင့်လည်းကောင်း၊ ထိုသို့ တစ်ပြိုင်နက် သုံးသပ်ခြင်းကို လည်း ဤသမ္မသနဉာဏ်အရာ၌ အလိုမရှိအပ်သေးသည်၏အဖြစ်ကြောင့်လည်းကောင်း ရဲခါရုပ်တရား ကို သုံးသပ်ရှုမှတ်၍ ရဲခါ နာမ်တရားကို သုံးသပ်ရှုမှတ်ရခြင်း ဖြစ်ပါသည်။

~ ~ ~ ~ ~ ~ ~ ~

ရုပ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ

ရုပ်၏ဖြစ်ပုံမှာ... ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း ၄-ပါးတို့ကြောင့် ဖြစ်ပေါ်၏၊ ထိုတွင် အလုံးစုံသော သတ္တဝါတို့အား ရုပ်ဖြစ်ပေါ်လျှင် ရှေးဦးစွာ ကံကြောင့် ဖြစ်ပေါ်၏။

ချဲ့၍ပြရလျှင်- ပဋိသန္ဓေခဏ၌ပင်လျှင် ဂဗ္ဘသေယျကသတ္တဝါတို့အား ဝတ္ထုဒသကကလာပ်, ကာယ ဒသကကလာပ်, ဘာဝဒသကကလာပ် တို့၏အစွမ်းအားဖြင့် ၃၀-သောရုပ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုရုပ် တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ စတင်ဖြစ်ပေါ်၏၊ ဥပါဒ်ခဏ၌ကဲ့သို့ပင် ဌိတခဏနှင့် ဘင်ခဏ၌လည်း ဖြစ်ပေါ်ကုန်၏။

ထိုတွင် ရုပ်သည် နှေးသောချုပ်ခြင်း ရှိ၏၊ လေးသောအလှည့်အပြန် ရှိ၏၊ စိတ်သည် လျင်သောချုပ် ခြင်း ရှိ၏၊ ပေါ့သောအလှည့်အပြန် ရှိ၏၊ ထို့ကြောင့် မြတ်စွာဘုရား ဟောတော်မူပုံမှာ-

"ရဟန်းတို့၊ ဤစိတ်သည် ပေါ့သောအလှည့်အပြန် ရှိသကဲ့သို့ ဤအတူပင် ပေါ့သော အလှည့်အပြန်ရှိ သော အခြားတစ်ပါးသော တရားတစ်ခုကိုမျှသော်လည်း ငါ မမြင်ပေ"ဟု ဖြစ်၏။

မှန်ပေ၏၊ ရုပ်သည် တည်မြဲ တည်ရှိနေစဉ်ပင်လျှင် ဘင်စိတ်သည် ၁၆-ကြိမ်တိုင်တိုင် ဖြစ်ပေါ်ပြီး၍ ချုပ်၏၊ စိတ်၏ ဥပါဒ်ခဏ, ဌိတခဏ, ဘင်ခဏသည် တစ်ထပ်တည်းတူ၏၊ ခဏငယ် တစ်ချက်စီရှိ၏၊ ရုပ်မှာမူကား ဥပါဒ်ခဏ, ဘင်ခဏတို့သည်သာလျှင်ပေါ်ပါး လျင်မြန်ကုန်၏(တိုကုန်၏)၊ စိတ်၏ ဥပါဒ်ခဏ ဘင်ခဏတို့နှင့် တူကုန်၏၊ ၎င်းရုပ်၏ ဌိတခဏသည်ကား ကြီး၏(ရှည်၏)၊ ၁၆-ကြိမ်သောစိတ်တို့သည် ဖြစ် ပေါ်ပြီး၍ ချုပ်သွားသည်တိုင်အောင် ရုပ်၏ဌိတခဏသည် ဖြစ်လျက်တည်လျက် ရှိ၏။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်၍ ဌိသို့ရောက်သော ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ်(ဝတ္ထုပုရေ-ဏာတနိဿယအကြောင်းဖြင့်ကျေးဇူးပြုပေးသော ဟဒယဝတ္ထု)ကိုမှီ၍ နှစ်ခုမြောက်စိတ်ဖြစ်သော(ပထမ)ဘဝင် စိတ်သည် ဖြစ်ပေါ်၏၊ ထိုဘဝင်စိတ်နှင့် အတူတကွဖြစ်ပေါ်၍ ဌိသို့ရောက်သော ရှေးဦးဖြစ်နှင့်သော ဟဒယ ဝတ္ထုရုပ်(ဝတ္ထုပုရေဏာတနိဿယအကြောင်းဖြင့်ကျေးဇူးပြုပေးသော ဟဒယဝတ္ထု)ကိုမှီ၍ ၃-ခုမြောက် စိတ်ဖြစ် သော(ဒုတိယ)ဘဝင်စိတ်သည် ဖြစ်ပေါ်၏၊ ဤနည်းဖြင့် အသက်ထက်ဆုံး စိတ်တို့သည်အဆက်ဆက် မပြတ် ဖြစ်၏၊ အထူးကား သေခါနီးသောသူအား ဌိသို့ရောက်သော ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ်တစ်ခုတည်း ကိုသာလျှင် မှီ၍ ၁၆-ကြိမ်သော စိတ်တို့သည် ဖြစ်ပေါ်ကုန်၏။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ပေါ်သောရုပ်သည် ပဋိသန္ဓေစိတ်မှ နောက်ကာလ၌ ၁၆-ခုမြောက် ဖြစ်သော စိတ်နှင့်တကွ ပြိုင်တူချုပ်၏၊ ပဋိသန္ဓေစိတ်၏ ဌိခဏ၌ ဖြစ်ပေါ်သောရုပ်သည်၁၇-ခုမြောက်စိတ်၏ ဥပါဒ်ခဏနှင့်တကွ ချုပ်၏၊ ပဋိသန္ဓေစိတ်၏ ဘင်ခဏ၌ဖြစ်ပေါ်သော ရုပ်သည် ၁၇-ခုမြောက်စိတ်၏ ဌိခဏသို့ရောက်၍ ချုပ်၏၊ ဤသို့လျှင် ရုပ်နာမ်ခန္ဓာအစဉ် သံသရာအဆက်မပြတ် ဖြစ်နေသမျှကာလပတ်လုံး ဤနည်းတူ ရုပ်များ ဖြစ်နေကြ၏။

ဥပပါတ်သတ္တဝါတို့အားလည်း ၇-ခုသော ရုပ်ကလာပ်အစဉ်တို့၏ အစွမ်းအားဖြင့် ၇၀-သောရုပ်တို့ သည် ဤအတူပင်လျှင် အဆက်ဆက် မပြတ်ဖြစ်ပေါ်နေကြ၏။

www.dhammadownload.com

ကမ္မဇရုပ် ဖြစ်ပေါ်ပုံကို ဝေဖန်ခြင်း

ထိုသို့ ကံကြောင့်ရုပ်ဖြစ်ရာ၌-(၁)ကံ (၂)ကမ္မသမုဋ္ဌာန် (၃)ကမ္မပစ္စယ (၄)ကမ္မပစ္စယ စိတ္တသမုဋ္ဌာန် (၅) ကမ္မပစ္စယ အာဟာရသမုဋ္ဌာန် (၆) ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ဟု ခွဲခြမ်းဝေဖန်၍ သိအပ်၏။

(၁) **ကံ** = ကံဟူသည် ဇနကသတ္တိရှိသော ကုသိုလ်,အကုသိုလ်စေတနာ ၂၅-ပါးကိုခေါ်သည်။

(၂) **ကမ္မသမုဋ္ဌာန်** = ဝိပါက်နာမက္ခန္ဓာနှင့်ကမ္မဇရုပ်အပေါင်းကို ကမ္မသမုဋ္ဌာန်(ကံကြောင့်ဖြစ်သောတရား) ဟု ခေါ်သည်။

(၃) **ကမ္မပစ္စယ** = ကမ္မသမုဋ္ဌာန် နာမ်ရုပ်ကို ကမ္မပစ္စယ(ကံအထောက်အပံ့ရှိသောတရား) ဟုခေါ်၏။ (ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်ကို ရ၏၊)

(၄) **ကမ္မပစ္စယ စိတ္တသမုဋ္ဌာန်** = ဝိပါက်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကို ကမ္မပစ္စယ စိတ္တသမုဋ္ဌာန် (ကံအထောက်အပံ့ရှိသည့် စိတ်ကြောင့်ဖြစ်သောတရား) ဟုခေါ်သည်။

(၅) **ကမ္မပစ္စယ အာဟာရသမုဋ္ဌာန်** = ကံကြောင့်ဖြစ်သော ရုပ်တို့တွင် ဌီသို့ရောက်သော ဩဇာရုပ်သည် တစ်ပါးသော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထိုဩဇဋ္ဌမကရုပ်အပေါင်း၌လည်း ဩဇာရုပ်သည် ဌီသို့ရောက်သော် တစ်ပါးသော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေပြန်၏၊ ဤသို့သောနည်းဖြင့် ၄-ဆက် ၅-ဆက်သော ဖြစ်စဉ်တို့ကို ဆက်စပ်စေ၏။ ဤသို့ဖြစ်ပေါ်ခြင်းကို ကမ္မပစ္စယ အာဟာရသမုဋ္ဌာန် (ကံအထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောတရား) ဟုခေါ်သည်။

(၆) **ကမ္မပစ္စယ ဥတုသမုဋ္ဌာန်** = ကမ္မဇတေဇောသည် ဌီသို့ရောက်သော် ဥတုကြောင့်ဖြစ်သော ဩဇဋ္ဌမကရုပ်အပေါင်းကိုဖြစ်ပေါ်စေ၏၊ ထို ဩဇဋ္ဌမက ရုပ်အပေါင်း၌လည်း ပါဝင်သော တေဇောသည် ဌီသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေပြန်၏၊ ဤသို့သောနည်းဖြင့် ၄-ဆက် ၅-ဆက်သော ဖြစ်စဉ်တို့ကို ဆက်စပ်စေ၏။ ဤသို့ဖြစ်ပေါ်ခြင်းကို ကမ္မပစ္စယ ဥတုသမုဋ္ဌာန် (ကံအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောတရား)ဟု ခေါ်သည်။

စိတ္တဇရုပ် ဖြစ်ပေါ်ပုံကို ဝေဖန်ခြင်း

စိတ်ကြောင့်ရုပ်ဖြစ်ရာ၌-(၁)စိတ် (၂)စိတ္တသမုဋ္ဌာန် (၃)စိတ္တပစ္စယ (၄)စိတ္တပစ္စယအာဟာရသမုဋ္ဌာန် (၅)စိတ္တပစ္စယဥတုသမုဋ္ဌာန် ဟု ခွဲခြမ်းဝေဖန်၍ သိအပ်၏။

(၁) **စိတ်** = ၈၉-ပါးသော စိတ်တို့သည် စိတ် မည်၏၊ ထိုတွင်-

ရုပ်, ဣရိယာပုထ်, ဝိညတ်ကိုဖြစ်စေသောစိတ် = မ + ကာမဇော-၂၉ + ဘိဇ္ဇေး = ၃၂
ရုပ်, ဣရိယာပုထ်ကို ဖြစ်စေသောစိတ် = ဘိဇ္ဇေးကြဉ် အပွနာဇော = ၂၆
ရုပ်ကိုသာ ဖြစ်စေသောစိတ် = မနောဓာတ်-၃+ ရုံ-၁၁ + ရူပဝိ-၅ = ၁၉
ရုပ်ကို မဖြစ်စေသောစိတ် = ဒွေ-၁၀+အရူပဝိ-၄+ရဟန္တာစုတိ+အလုံးစုံသောပဋိသန္ဓေစိတ် = ၁၆

မှတ်ချက်။ ။ စိတ်သည် ဥပါဒ်ခဏ၌သာ အားကြီးသောကြောင့် ရုပ်ကို ဖြစ်စေ၏၊ ဌီခဏ, ဘင်ခဏ၌ အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေပါ။

(၂) **စိတ္တသမုဋ္ဌာန်** = နာမ်ခန္ဓာ ၃-ပါးနှင့် စိတ္တဇရုပ် ၁၇-ပါးသည် စိတ္တသမုဋ္ဌာန် (စိတ်ကြောင့်ဖြစ်သောတရား) ဟု ခေါ်သည်။
(စိတ္တဇရုပ် ၁၇-ပါး = အဝိနိဗ္ဘောဂရုပ်-၈, စိတ္တဇသဒ္ဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ပရိစ္ဆေဒရုပ်, လဟုတာဒိ-၃, ဥပစယ, သန္တတိ)

(၃) **စိတ္တပစ္စယ** = "နောက်မှဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် ရှေးဦးဖြစ်နှင့်သော ဤရုပ်ကိုယ်အား ပစ္စာဇာတသတ္တိဖြင့်ကျေးဇူးပြု၏"ဟု ဤသို့ဟောတော်မူထားသော စတုသမုဋ္ဌာနိကရုပ်သည် စိတ္တပစ္စယ(စိတ်အထောက်အပံ့ရှိသောတရား)ဟု ခေါ်သည်။

www.dhammadownload.com

(၄) **စိတ္တပစ္စယ အာဟာရသမုဋ္ဌာန်** = စိတ္တဇရုပ်တို့တွင် ဌီသို့ရောက်သောဩဇာသည် တစ်ပါးသောဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေ၏၊ ဤနည်းဖြင့် ၂-ဆက်, ၃-ဆက်သော ရုပ်အသစ်ဖြစ်စဉ်ကို ဆက်စပ်ဖြစ်ပေါ်စေကုန်၏၊ ဤဩဇာလျှင် ဖြစ်စေအပ်သော ဩဇဋ္ဌမကရုပ်ကို စိတ္တပစ္စယ အာဟာရသမုဋ္ဌာန် (စိတ်အထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောတရား)ဟု ခေါ်၏။

(၅) **စိတ္တပစ္စယ ဥတုသမုဋ္ဌာန်** = စိတ္တဇရုပ်တို့တွင် စိတ်ကြောင့်ဖြစ်သောဥတုသည် ဌီသို့ရောက်လတ်သော် တစ်ပါးသော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေ၏၊ ဤနည်းဖြင့် ၂-ဆက်, ၃-ဆက်သော ရုပ်အသစ် ဖြစ်စဉ်ကို ဆက်စပ် ဖြစ်ပေါ်စေကုန်၏၊ ဤဥတုလျှင် ဖြစ်စေအပ်သော ဩဇဋ္ဌမကရုပ်ကို စိတ္တပစ္စယဥတုသမုဋ္ဌာန် (စိတ်အထောက်အပံ့ရှိသည့် ဥတုကြောင့် ဖြစ်သောတရား) ဟု ခေါ်သည်။

အာဟာရဇရုပ် ဖြစ်ပေါ်ပုံကို ဝေဖန်ခြင်း

အာဟာရကြောင့် ရုပ်ဖြစ်ရာ၌-(၁)အာဟာရ (၂)အာဟာရသမုဋ္ဌာန် (၃)အာဟာရပစ္စယ (၄)အာဟာရပစ္စယ အာဟာရသမုဋ္ဌာန် (၅) အာဟာရပစ္စယ ဥတုသမုဋ္ဌာန်ဟု ခွဲခြမ်းဝေဖန်၍ သိအပ်၏။

(၁) **အာဟာရ** = အလုပ်အလွေးပြုအပ်သော အဆီအနှစ် ဩဇာအစာသည် အာဟာရ မည်၏။

(၂) **အာဟာရသမုဋ္ဌာန်** = ဥပါဒိန္နရုပ်(လောကီကံ၏အကျိုးဖြစ်သော ကမ္မဇဩဇာတရုပ်ဟူသော အထောက်အပံ့ကိုရ၍ ထိုကမ္မဇဩဇာတရုပ်၌တည်၍ ဌီသို့ရောက်သော ဩဇာက ဖြစ်ပေါ်စေအပ်သောအာဟာရဇရုပ် ၁၄-ပါးသည် အာဟာရသမုဋ္ဌာန် (အာဟာရကြောင့်ဖြစ်သောတရား) ဟု ခေါ်သည်။

(အာဟာရဇရုပ် ၁၄-ပါး = အဝိနိဗ္ဘောဂရုပ်-၈, ပရိစ္ဆေဒရုပ်, လဟုတာဒိ-၃,ဥပစယ, သန္တတိ)

(၃) **အာဟာရပစ္စယ** = "အလုပ်အလွေးပြုအပ်သော အာဟာရသည် ဤရုပ်ကိုယ်အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏"ဟု ဤသို့ ဟောတော်မူထားသော စတုသမုဋ္ဌာနိကရုပ်သည် အာဟာရပစ္စယ(အာဟာရအထောက်အပံ့ရှိသောတရား)ဟုခေါ်သည်။

(၄) **အာဟာရပစ္စယ အာဟာရသမုဋ္ဌာန်** = အာဟာရဇရုပ်တို့တွင် ဌီသို့ရောက်သော ဩဇာသည် တစ်ပါးသော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေ၏၊ ဤနည်းဖြင့် ၁၀-ကြိမ်, ၁၂-ကြိမ်တိုင်တိုင် ရုပ်အသစ်ဖြစ်စဉ်ကို ဆက်စပ်ဖြစ်ပေါ်စေကုန်၏။

<u>အနုပါဒိန္နကအာဟာရ ထောက်ပုံပုံ-</u>

- တစ်နေ့၌ တစ်ကြိမ်စားသောက်ထားသော အာဟာရသည် ၇-ရက်ပတ်လုံး ထောက်ပံ့တတ်၏။
- နတ်ဩဇာသည် တစ်လ,နှစ်လ ထောက်ပံ့တတ်၏။
- မိခင်စားသော အာဟာရသည် သူငယ်၏ကိုယ်၌ ပျံ့စေလျက် ရုပ်ကို ဖြစ်ပေါ်စေ၏။
- ကိုယ်၌ လူးလိမ်းအပ်သော အာဟာရသည်လည်း အာဟာရဇရုပ်ကို ဖြစ်ပေါ်စေ၏။

<u>ဥပါဒိန္နကအာဟာရ ထောက်ပုံပုံ-</u>

ကမ္မဇရုပ်ကလာပ်တို့တွင် ပါဝင်သော ကမ္မဇအာဟာရသည် ဥပါဒိန္နကအာဟာရ မည်၏၊ ထို ဥပါဒိန္နကအာဟာရသည် ဌီသို့ရောက်သော် ဩဇဋ္ဌမကရုပ်ကလာပ်ကို ဖြစ်စေ၏၊ ယင်း ဩဇဋ္ဌမကရုပ်၌ ပါဝင်သော ဩဇာသည်လည်း တစ်ပါးသော ဩဇဋ္ဌမကရုပ်ကို ဖြစ်ပေါ်စေပြန်၏၊ ဤနည်းဖြင့် ၄-ဆက်, ၅-ဆက်သော ရုပ်အသစ်ဖြစ်စဉ်ကို ဆက်စပ်ဖြစ်ပေါ်စေ၏။

ဤသို့ အနုပါဒိန္နကအာဟာရက ထောက်ပံ့အပ်သော ဩဇဋ္ဌမကရုပ်၊ ဥပါဒိန္နကအာဟာရက ထောက်ပံ့သောဩဇဋ္ဌမကရုပ်ကို အာဟာရပစ္စယအာဟာရသမုဋ္ဌာန်(အာဟာရအထောက်အပံ့ ရှိသည့် အာဟာရကြောင့် ဖြစ်သောတရား) ဟုခေါ်သည်။

www.dhammadownload.com

(၅) အာဟာရပစ္စယ ဥတုသမုဋ္ဌာန် = အာဟာရကြောင့်ဖြစ်သော တေဇောဓာတ်သည် ဦသို့ရောက်သော် သြဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်စေ၏၊ ဤအာဟာရလျှင် ဖြစ်စေအပ်သော သြဇဋ္ဌမကရုပ်ကို အာဟာရပစ္စယဥတုသမုဋ္ဌာန် (အာဟာရအထောက်အပံ့ရှိသည့် ဥတုကြောင့် ဖြစ်သောတရား) ဟု ခေါ်သည်။

ကျေးဇူးပြုပုံ

ထိုအာဟာရသမုဋ္ဌာန် အာဟာရပစ္စယ စသည်တို့၌ ကဗဠီကာရာအာဟာရသည် အာဟာရသမုဋ္ဌာန် သြဇဋ္ဌမကရုပ်အား ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ကြွင်းသော ကမ္မဇသြဇဋ္ဌမကရုပ်၊ စိတ္တဇသြဇဋ္ဌမကရုပ်၊ ဥတုဇသြဇဋ္ဌမကရုပ်တို့အား နိဿယ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတဟူသော ထောက်ပံ့တတ်သည့် ဥပတ္ထမ္ဘကသတ္တိအနေဖြင့် ကျေးဇူးပြုပါသည်။

ဥတုဇရူပ် ဖြစ်ပေါ်ပုံကို ဝေဖန်ခြင်း:

ဥတုကြောင့် ရုပ်ဖြစ်ရာ၌- (၁)ဥတု (၂) ဥတုသမုဋ္ဌာန် (၃) ဥတုပစ္စယ (၄) ဥတုပစ္စယ ဥတုသမုဋ္ဌာန် (၅) ဥတုပစ္စယ အာဟာရသမုဋ္ဌာန်ဟု ခွဲခြမ်းဝေဖန်၍ သိအပ်၏။

(၁) ဥတု = အကြောင်းလေးပါးကြောင့်ဖြစ်သော တေဇောဓာတ်(သီတဥတု,ဥဏှဥတု)သည် ဥတုမည်၏။

(၂) ဥတုသမုဋ္ဌာန် = အကြောင်းလေးပါးတို့ကြောင့်ဖြစ်သောဥတုသည် ဥပါဒိန္နကရုပ်ဟူသော အထောက်အပံ့ကိုရ၍ ဦသို့ရောက်သော် ကိုယ်၌ဥတုဇရုပ်ကို ဖြစ်ပေါ်စေ၏၊ ထိုဥတုဇရုပ် ၁၅-ပါးသည် ဥတုသမုဋ္ဌာန်(ဥတုကြောင့်ဖြစ်သောတရား) ဟုခေါ်သည်။
(ဥတုဇရုပ် ၁၅-ပါး = အဝိနိဗ္ဘောဂရုပ်-၈, ဥတုဇသဒ္ဒ, ပရိစ္ဆေဒရုပ်, လဟုတာဒိ-၃, ဥပစယ, သန္တတိ)

(၃) ဥတုပစ္စယ = အကြောင်းလေးပါးတို့ကြောင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည် ဥတုပစ္စယ (ဥတုအထောက်အပံ့ရှိသောတရား)ဟုခေါ်သည်၊ သဘာဂဥတုသည် စတုသမုဋ္ဌာနိကရုပ်ဖြစ်ခြင်း၏ အထောက်အပံ့အကြောင်း၊ ဝိသဘာဂဥတုသည် စတုသမုဋ္ဌာနိကရုပ်ပျက်စီးခြင်း၏ အထောက်အပံ့အကြောင်းဖြစ်သည်။

(၄) ဥတုပစ္စယ ဥတုသမုဋ္ဌာန် = အကြောင်းလေးပါးတို့ကြောင့်ဖြစ်သော တေဇောဓာတ်ကို ဥတုသမုဋ္ဌာန်ဟုခေါ်သည်၊ ယင်းဥတုသမုဋ္ဌာန် တေဇောဓာတ်သည် ဦသို့ရောက်သော် တစ်ပါးသော သြဇဋ္ဌမကရုပ်အပေါင်းကိုဖြစ်စေ၏၊ ထိုသြဇဋ္ဌမကရုပ်အပေါင်းတွင် ပါဝင်သော ဥတုသမုဋ္ဌာန် တေဇောဓာတ်သည်လည်း တစ်ပါးသော သြဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေ၏၊ ဤနည်းဖြင့် ရှည်စွာသော ကာလပတ်လုံး အနုပါဒိန္နမည်သော သက်မဲ့ ဗဟိဒ္ဓသန္တာန်၌ တည်၍လည်း ဥတုဇရုပ်သည် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေ၏၊ စတုသမုဋ္ဌာနိကရုပ်တို့တွင်ပါဝင်သော တေဇောဓာတ်ကြောင့်ဖြစ်သည့် သြဇဋ္ဌမကရုပ်ကို ဥတုပစ္စယ ဥတုသမုဋ္ဌာန်(ဥတုအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောတရား)ဟုခေါ်သည်။

(၅) ဥတုပစ္စယ အာဟာရသမုဋ္ဌာန် = စတုသမုဋ္ဌာနိကဥတုကြောင့်ဖြစ်သော ဥတုသမုဋ္ဌာန် ရုပ်ကလာပ်အသီးသီး၌ ပါဝင်သောသြဇာသည် ဦသို့ရောက်သော် သြဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေ၏၊ ထိုသြဇဋ္ဌမက ရုပ်အပေါင်းတွင် ပါဝင်သော သြဇာသည် ဦသို့ရောက်သော် တစ်ပါးသော သြဇဋ္ဌမက ရုပ်အပေါင်း ဖြစ်စေ၏၊ ဤသို့သောနည်းဖြင့် ၁၀-ကြိမ်, ၁၂-ကြိမ်တိုင်တိုင် ရုပ်အသစ်ဖြစ်စဉ်ကို ဆက်စပ်ဖြစ်ပေါ်စေကုန်၏၊ ဥတုသမုဋ္ဌာန်ရုပ်ကလာပ်တို့တွင်ပါဝင်သော သြဇာကြောင့်ဖြစ်သော သြဇဋ္ဌမကရုပ်ကို ဥတုပစ္စယအာဟာရသမုဋ္ဌာန်(ဥတုအထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောတရား)ဟု ခေါ်သည်။

www.dhammadownload.com

ကျေးဇူးပြုပုံ

တေဇောဓာတ်ဟူသော ဥတုသည် ဥတုဇရုပ်တို့အား ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ကြွင်းသော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့အား နိဿယ၊ အတ္ထိ၊ အဝိဂတဟူသော ထောက်ပံ့တတ်သည့် ဥပတ္ထမ္ဘကသတ္တိအနေဖြင့် ကျေးဇူးပြုပါသည်။

ဤသို့လျှင် ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်ခြင်း၊ စိတ္တဇရုပ်တို့၏ ဖြစ်ပေါ်ခြင်း၊ အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်ခြင်း၊ ဥတုဇရုပ်တို့၏ ဖြစ်ပေါ်ခြင်းကို ရှုမြင်သုံးသပ်ရ၏၊ ဤနည်းဖြင့် ရုပ်ဖြစ်ခြင်း(ရူပနိဗ္ဗတ္တိ)ကို သုံးသပ်ခြင်းကိုပင် ရုံခါရုပ်ကိုရှုမြင်သုံးသပ်သည် မည်ပေ၏။

~ ~ ~ ~ ~ ~ ~ ~

နာမ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ

ရုပ်ကိုသုံးသပ်လျှင် ရုပ်၏ဖြစ်ခြင်းကို ရှုအပ်သကဲ့သို့ ဤအတူပင် နာမ်ကိုသုံးသပ်လျှင်လည်း နာမ်၏ဖြစ်ခြင်းကို ရှုအပ်၏၊ ထိုနာမ်၏ ဖြစ်ခြင်းကိုလည်း လောကီစိတ် ၈၁-ပါး၏ အစွမ်းအားဖြင့်သာလျှင် ရှုအပ်၏။

နာမ်၏ဖြစ်ပုံမှာ...ရှေးဘဝ၌အားထုတ်ခဲ့သော ကံ၏အစွမ်းအားဖြင့် **ပဋိသန္ဓေအခါ၌** စိတ္တုပ္ပါဒ်၁၉-ပါးဟူသော နာမ်သည်ဖြစ်ပေါ်၏၊ ထိုနာမ်၏ဖြစ်ပေါ်ပုံအခြင်းအရာကို ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသ၌ ဟောတော်မူသည့်နည်းအတိုင်း သိအပ်၏၊ ထိုစိတ္တုပ္ပါဒ် ၁၉-ပါးသည်ပင် ပဋိသန္ဓေစိတ်၏ အခြားမဲ့မှစ၍ ဘဝင်၏အစွမ်းအားဖြင့်ဖြစ်၏၊ အသက်၏အဆုံး၌ စုတိ၏အစွမ်းအားဖြင့်ဖြစ်၏၊ ထိုစိတ် ၁၉-ပါးတို့တွင် ကာမာဝစရစိတ်သည် ဒွါရ ၆-ပါးဝယ် အားကြိုးသောအာရုံ၌ တဒါရုံ၏အစွမ်းအားဖြင့် ဖြစ်၏။

ပဝတ္တိအခါ၌ ဝိညာဏ် ၆-ပါးဖြစ်ပုံ အကျဉ်း -

စက္ခုပသာဒ၏မပျက်စီးခြင်း၊ ရူပါရုံထင်ပေါ်ခြင်း၊ အရောင်အလင်းရှိခြင်း၊ နှလုံးသွင်းမှု မနသိကာရရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် စက္ခုဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက်နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။

သောတပသာဒ၏မပျက်စီးခြင်း၊သဒ္ဒါရုံထင်ပေါ်ခြင်း၊အာကာသဓာတ်ရှိခြင်း၊နှလုံးသွင်းမှု မနသိကာရရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် သောတဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက် နာမ်တရားတို့နှင့်အတူတကွ ဖြစ်ပေါ်လာ၏။

ဃာနပသာဒ၏မပျက်စီးခြင်း၊ဂန္ဓာရုံထင်ပေါ်ခြင်း၊ဝါယောလေဓာတ်ကိုမှီခြင်း၊နှလုံးသွင်းမှုမနသိကာရရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် ဃာနဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက် နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။

ဇိဝှါပသာဒ၏ မပျက်စီးခြင်း၊ ရသာရုံထင်ပေါ်ခြင်း၊ အာပေါ အစိုဓာတ်ကို မှီခြင်း၊ နှလုံးသွင်းမှု မနသိကာရ ရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် ဇိဝှါဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက် နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။

ကာယပသာဒ၏ မပျက်စီးခြင်း၊ ဖောဋ္ဌဗ္ဗာရုံ ထင်ပေါ်ခြင်း၊ ပထဝီဓာတ်ကို မှီခြင်း၊ နှလုံးသွင်းမှု မနသိကာရ ရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် ကာယဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက် နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။

ဟဒယဝတ္ထု၏ မပျက်စီးခြင်း၊ သဘောအာရုံ ထင်ပေါ်ခြင်း၊ ဝတ္ထုရုပ်ကို မှီခြင်း၊ နှလုံးသွင်းမှု မနသိကာရ ရှိခြင်းဟူသော အကြောင်းလေးပါးကြောင့် မနောဝိညာဏ်စိတ်သည် ယှဉ်ဘက်စေတသိက် နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။

ဤကား ဝိညာဏ်စိတ်တို့ဖြစ်ပုံ အကျဉ်းပြဆိုချက်ဖြစ်၏၊ **ချဲ့ပြရလျှင်...**

စက္ခုပသာဒရုပ်၏ ဌီခဏ၌ ဌီခဏသို့ရောက်နေသော ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်မိ၏၊ ထိုရူပါရုံ ထိခိုက်ထင်ပေါ်လျှင် ဘဝင်နှစ်ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောင် ထိုရူပါရုံ၌ပင်လျှင် ကြိယာမနောဓာတ် ခေါ် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်ခြင်းကိစ္စကို ပြီးစေလျက် ဖြစ်ပေါ်၏၊ ထိုစိတ်၏ အခြားမဲ့၌ ထိုရူပါရုံ

www.dhammadownload.com

ကိုပင်လျှင် မြင်လျက် ကုသလဝိပါက် စက္ခုဝိညာဏ်သည်လည်းကောင်း၊ အကုသလဝိပါက် စက္ခုဝိညာဏ်သည်လည်းကောင်းဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကိုပင်လျှင်လက်ခံလျက် ဝိပါက်မနောဓာတ်ခေါ်သမ္ပဋိစ္ဆိုင်းစိတ်သည် ဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကိုပင်လျှင် စုံစမ်းလျက် ဝိပါက် အဟိတ် မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်သည် ဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကိုပင် ပိုင်းခြားဆုံးဖြတ်လျက် ဥပေက္ခာသဟဂုတ် ကြိယာအဟိတ် မနောဝိညာဏဓာတ်ခေါ် ဝုဋ္ဌောမည်သော မနောဒွါရာဝဇ္ဇန်းစိတ်သည်ဖြစ်ပေါ်၏၊ ထို့နောင် ကာမာဝစရကုသိုလ် အကုသိုလ် ကြိယာစိတ်တို့တွင် တစ်ခုသောစိတ်သည် ဇော ၅-ကြိမ်သော်လည်းကောင်း၊ ဇော ၇-ကြိမ်သော်လည်းကောင်း ဖြစ်လျက် ဖြစ်ပေါ်၏၊ သို့မဟုတ် ဥပေက္ခာသဟဂုတ် အဟိတ်စိတ်သည်မူလည်း ဖြစ်ပေါ်၏၊ ထို့နောင် ကာမာဝစရသတ္တဝါတို့အား တဒါရုံစိတ် ၁၁-ပါးတို့တွင် ဇောနှင့်အာရုံတို့အားလျော်စွာ တစ်ခုသောတဒါရုံစိတ်သည် ဖြစ်ပေါ်၏၊ ကြွင်းဒွါရတို့၌လည်း ဤနည်းပင်တည်း၊ အထူးကား မနောဒွါရ၌ မဟဂ္ဂုတ်စိတ်တို့သည်လည်း ဖြစ်ကုန်၏။

ဤသို့လျှင် ၆-ပါးသောဒွါရတို့၌ နာမ်၏ဖြစ်ခြင်းကို ရှုရ၏၊ ဤဆိုခဲ့သောနည်းဖြင့် နာမ်၏ဖြစ်ခြင်းကိုရှုသည်ရှိသော် ရုံခါနာမ်ကိုသုံးသပ်သည် မည်၏။

ဤဆိုခဲ့သည့်အတိုင်း ရုံခါရုပ်ကို, ရုံခါနာမ်ကို သုံးသပ်၍ လက္ခဏာသုံးပါးကို တင်၍ ရှုမှတ်သုံးသပ်သည်ရှိသော် ဥဒယဗ္ဗယဉာဏ်စသော အစဉ်အားဖြင့် ကျင့်လျက် ပညာဘာဝနာသည် ပြီးပြည့်စုံနိုင်၏၊ (၀၊) အရဟတ္တဖိုလ်တိုင်အောင် ရနိုင်၏။

~ ~ ~ ~ ~ ~ ~ ~

ရူပသတ္တက သမ္မသနကထာ - ရူပ်သုံးသပ်ပုံ ၇-မျိုး

တစ်ပါးသော ယောဂီပုဂ္ဂိုလ်သည် ရုပ်သုံးသပ်ပုံ ၇-မျိုး, နာမ်သုံးသပ်ပုံ ၇-မျိုးတို့၏ အစွမ်းအားဖြင့် လက္ခဏာသုံးပါးကို တင်၍ သခ်ါရတို့ကို သုံးသပ်၏၊ ထိုတွင် ရုပ်သုံးသပ်ပုံ ၇-မျိုးမှာ-

၁။ အာဒါနနိက္ခေပနအားဖြင့် ရှုပုံ (ယူခြင်း, ပစ်ချခြင်းအားဖြင့် ရှုပုံ)
၂။ ဝယောဝုမုတ္ထဂ်မအားဖြင့် ရှုပုံ (အရွယ်ရင့်ချုပ်ခြင်းအားဖြင့် ရှုပုံ)
၃။ အာဟာရမယရုပ်အားဖြင့် ရှုပုံ (အာဟာရဖြင့် ပြီးသောရုပ်အားဖြင့် ရှုပုံ)
၄။ ဥတုမယရုပ်အားဖြင့် ရှုပုံ (ဥတုဖြင့် ပြီးသောရုပ်အားဖြင့် ရှုပုံ)
၅။ ကမ္မဇရုပ်အားဖြင့် ရှုပုံ (ကံကြောင့် ဖြစ်သောရုပ်အားဖြင့် ရှုပုံ)
၆။ စိတ္တသမုဋ္ဌာန်ရုပ်အားဖြင့် ရှုပုံ (စိတ်ကြောင့် ဖြစ်သောရုပ်အားဖြင့် ရှုပုံ)
၇။ ဓမ္မတာရုပ်အားဖြင့် ရှုပုံ ဟူ၍ဖြစ်သည်။

၁။ အာဒါနနိက္ခေပနအားဖြင့် ရှုပုံ (ယူခြင်း ပစ်ချခြင်းအားဖြင့်ရှုပုံ)

အာဒါန- ယူခြင်း ဟူသည် ပဋိသန္ဓေတည်း၊ နိက္ခေပန- ပစ်ချခြင်း ဟူသည် စုတိတည်း၊ ထို့ကြောင့် ပဋိသန္ဓေနှင့် စုတိအကြား နှစ် ၁၀၀-အတွင်းဖြစ်သမျှရုပ်တို့ကို လက္ခဏာ ၃-ပါးတင်၍သုံးသပ်ခြင်း ဖြစ်၏။

အနိစ္စအခြင်းအရာဖြင့် ရှုပုံ

အာဒါန-ပဋိသန္ဓေနှင့် နိက္ခေပန-စုတိကြားရှိ အလုံးစုံသော ရုပ်သခ်ါရတို့သည်

- ဖြစ်ခြင်းပျက်ခြင်းဖြင့် မပြတ်ဖြစ်နေသောကြောင့်လည်းကောင်း၊
- ဖောက်ပြန်သောကြောင့်လည်းကောင်း၊
- အခိုက်အတန့်မျှ ဖြစ်နေသောကြောင့်လည်းကောင်း၊
- မြဲသည်၏အဖြစ်ကို ငြင်းပယ်သောကြောင့်လည်းကောင်း မမြဲကုန်-ဟု ရှုမှတ်သုံးသပ်ရသည်။

www.dhammadownload.com

ဒုက္ခအခြင်းအရာဖြင့် ရှုပုံ

အာဒါန-ပဋိသန္ဓေနှင့် နိက္ခေပန-စုတိကြားရှိ ဖြစ်ပြီးသော ရုပ်သခ်ါရတို့သည် တည်ဆဲ ဌီခဏသို့ရောက်ကုန်၏၊ တည်ဆဲဌီခဏ၌ အိုမင်းရင့်ရော်ခြင်းဖြင့် ပင်ပန်းကုန်၏၊ အိုမင်းရင့်ရော်ခြင်းသို့ ရောက်ပြီးလျှင် မချွတ်ဧကန်ပျက်စီးကုန်၏၊ ထို့ကြောင့် အာဒါန-ပဋိသန္ဓေနှင့် နိက္ခေပန-စုတိကြားရှိ အလုံးစုံသောရုပ်သခ်ါရတို့သည်

- ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်သောကြောင့်လည်းကောင်း၊
- မခံသာသောကြောင့်လည်းကောင်း၊
- ဆင်းရဲ၏တည်ရာဝတ္ထု ဖြစ်သောကြောင့်လည်းကောင်း၊
- ချမ်းသာ၏အဖြစ်ကို ငြင်းပယ်သောကြောင့်လည်းကောင်း ဆင်းရဲကုန်၏-ဟု ရှုမှတ်သုံးသပ်ရသည်။

အနတ္တအခြင်းအရာဖြင့် ရှုပုံ

အာဒါန-ပဋိသန္ဓေနှင့် နိက္ခေပန-စုတိကြားရှိ 'ဖြစ်ပြီးသော ရုပ်သခ်ါရတို့သည် တည်ဆဲ ဌီခဏသို့ မရောက်ပါစေလင့်' ဟူ၍လည်းကောင်း၊ 'ဌီခဏသို့ရောက်သော သခ်ါရတို့သည် မအို မရင့်ပါစေလင့်' ဟူ၍လည်းကောင်း၊ 'အိုရင့်ပြီးသော သခ်ါရတို့သည် မပျက်စီးပါစေကုန်လင့်' ဟူ၍လည်းကောင်း ဤ ၃-ပါးသော ဌာနတို့၌ တစ်စုံတစ်ယောက်သောသူအားမျှ အလိုအတိုင်းဖြစ်ခြင်းမည်သည် မရှိချေ၊ ထိုအလိုအတိုင်းဖြစ်သောအခြင်းအရာမှ ဆိတ်သုဉ်းကုန်၏၊ ထို့ကြောင့် အာဒါန-ပဋိသန္ဓေနှင့် နိက္ခေပန-စုတိကြားရှိ အလုံးစုံသော ရုပ်သခ်ါရတို့သည်

- (နိဝါသီ- ခန္ဓာအိမ်၌ အမြဲတည်နေသူ၊ ကာရက- ပြုလုပ်တတ်သူ၊ ဝေဒက- ခံစားတတ်သူ၊ အဓိဋ္ဌာယက- စီမံခန့်ခွဲတတ်သူဟု ထင်ရသော) အတ္တမှ ဆိတ်သုဉ်းသောကြောင့်လည်းကောင်း၊
- ပိုင်ရှင်မရှိသောကြောင့်လည်းကောင်း၊
- အလိုအတိုင်း မဖြစ်သောကြောင့်လည်းကောင်း၊
- အတ္တအဖြစ်ကို ငြင်းပယ်သောကြောင့်လည်းကောင်း အတ္တမဟုတ်ကုန်-ဟု ရှုမှတ်သုံးသပ်ရသည်။

၂။ ဝယောဝုဗုတ္ထင်္ဂမအားဖြင့် ရှုပုံ (အရွယ်ရင့်ချုပ်ခြင်းအားဖြင်ရှုပုံ)

အရွယ်၏အစွမ်းဖြင့် အဆင့်ဆင့်ကြီးရင့်ပြီးသော ရုပ်တရား၏ချုပ်ခြင်းကို သုံးသပ်ခြင်းဖြစ်၏။

(၁) <u>အရွယ်သုံးပါးဖြင့် ရှုပုံ</u>

နှစ်-၁၀၀ကို ပထမအရွယ် ၃၃-နှစ်, မဇ္ဈိမ-အလယ်ပိုင်းအရွယ် ၃၄-နှစ်, ပစ္ဆိမ-နောက်ပိုင်းအရွယ် ၃၃-နှစ် ဟု ၃-ပိုင်းပိုင်း၍ ရှုရ၏။ ရှုပုံမှာ-

(က) ပထမအရွယ်၌ဖြစ်သော ရုပ်သည် မဇ္ဈိမအရွယ်သို့ မရောက်မူ၍၊ ထိုပထမအရွယ်၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ပထမအရွယ်၌ဖြစ်သော ရုပ်သည် မမြဲ၊ ထိုမမြဲသော ရုပ်သည် ဆင်းရဲတည်း၊ ထိုဆင်းရဲသောရုပ်သည် အတ္တမဟုတ် ဟူ၍လည်းကောင်း၊

(ခ) မဇ္ဈိမအရွယ်၌ဖြစ်သော ရုပ်သည် ပစ္ဆိမအရွယ်သို့ မရောက်မူ၍၊ ထို မဇ္ဈိမအရွယ်၌သာလျှင် ချုပ်၏။ ပ ။

(ဂ) ပစ္ဆိမအရွယ်၌ဖြစ်သော ရုပ်သည် သေသည်မှ နောက်၌သွားရန် စွမ်းနိုင်သော ရုပ်မည်သည် မရှိချေ၊ ထိုပစ္ဆိမအရွယ်မှာပင် ချုပ်၏။ ပ ။

(၂) <u>နှစ် ၁၀၀-ကို ၁၀-ပိုင်း ပိုင်း၍ ရှုပုံ</u>

၁။	မန္ဒဒသက	(၁-၁၀)	နုံ့ထိုင်း၏၊ လျှပ်ပေါ်၏၊ သူငယ်မျှသာဖြစ်၏၊
၂။	ခိဋ္ဌာ	(၁၀-၂၀)	ကစားပျော်ရွှင်ခြင်း များ၏၊
၃။	ဝဏ္ဏ	(၂၀-၃၀)	ရုပ်ရည်အဆင်းသည် ပြန့်ပြောပြည့်ဝခြင်းသို့ရောက်၏၊
၄။	ဗလ	(၃၀-၄၀)	ခွန်အား၊ အစွမ်းသတ္တိ ပြန့်ပြောပြည့်ဝခြင်းသို့ ရောက်၏၊

www.dhammadownload.com

၅။ ပညာ (၄၀-၅၀) ပညာသည် ကောင်းစွာတည်၏၊ ပကတိအားဖြင့် ပညာမဲ့သူပင် ဤပညာဒသကကာလ၌ အနည်းငယ်မျှသော်လည်း ပညာသည် ဖြစ်တတ်သည်သာလျှင် ဟု ဆိုကြ၏။

၆။ ဟာနိ (၅၀-၆၀) ကစားပျော်ရွှင်ခြင်း၊ ရုပ်ရည်အဆင်း၊ ခွန်အားနှင့်ပညာတို့သည်ဆုတ်ယုတ်၏၊

၇။ ပဗ္ဗာရ (၆၀-၇၀) ခန္ဓာကိုယ်သည် ရှေ့ဘက်ကိုင်းရှိုင်း၏၊

၈။ ဝင်္က (၇၀-၈၀) ခန္ဓာကိုယ်သည် ထယ်၏လက်ကိုင်လို ကောက်ကုံးလာ၏၊

၉။ မောမူဟ (၈၀-၉၀) အလွန်တွေဝေ၏၊ ပြုတိုင်း ပြုတိုင်းကို မေ့၏၊

၁၀။ သယန (၉၀-၁၀၀) လဲလျောင်းနေရခြင်းသာလျှင် များလေတော့၏၊

ရှုပုံမှာ- ပထမ ဆယ်နှစ်စုၥ် မပြတ်ဖြစ်သောရုပ်သည် ဒုတိယ ဆယ်နှစ်စုသို့ မရောက်မူ၍ ထိုပထမဆယ်နှစ်စုၥ်သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုပထမဆယ်နှစ်စုရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကိုတင်၏၊ ဒုတိယဆယ်နှစ်စုၥ် ။ပ။ ထို့ကြောင့် ထို ဒသမဆယ်နှစ်စု ရုပ်သည်လည်း မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏။

(၃) **နှစ် ၁၀၀-ကို ၅-နှစ်စီ ပိုင်းခြား ရှုပုံ**

အနှစ် ၁၀၀-ကို ၅-နှစ်စီဖြင့် အပုံ ၂၀-ပိုင်းခြား၍ ရှုမှတ်ပုံမှာ- ပထမ ၅-နှစ်ပိုင်းရုပ်သည် ဒုတိယ ၅-နှစ်ပိုင်းသို့ မရောက်၊ ထိုပထမ ၅-နှစ်ပိုင်းမှာပင် ချုပ်သွား၏၊ ထို့ကြောင့် ပထမ ၅-နှစ်ပိုင်းရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကိုတင်၏၊ ဤနည်းအတိုင်း အပုံ ၂၀-ပိုင်းခြားထားသည့် ရုပ်များကို ရှုမှတ်ရသည်။

(၄) **နှစ် ၁၀၀-ကို ၄-နှစ်စီ ပိုင်းခြား ရှုပုံ**

အနှစ် ၁၀၀-ကို ၄-နှစ်စီဖြင့် အပုံ ၂၅-ပိုင်းခြား၍ ရှုမှတ်ပုံမှာ- ပထမ ၄-နှစ်ပိုင်းရုပ်သည် ဒုတိယ ၄-နှစ်ပိုင်းသို့ မရောက်၊ ထိုပထမ ၄-နှစ်ပိုင်းမှာပင် ချုပ်သွား၏၊ ထို့ကြောင့် ပထမ ၄-နှစ်ပိုင်းရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တ မဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏၊ ဤနည်းအတိုင်း အပုံ ၂၅- ပိုင်းခြားထားသည့် ရုပ်များကို ရှုမှတ်ရသည်။

(၅) **နှစ် ၁၀၀-ကို ၃-နှစ်စီ ပိုင်းခြား ရှုပုံ**- အထက်ပါနည်းကို မှီး၍ ရှုရသည်။

(၆) **နှစ် ၁၀၀-ကို ၂-နှစ်စီ ပိုင်းခြား ရှုပုံ**- ။

(၇) **နှစ် ၁၀၀-ကို ၁-နှစ်စီ ပိုင်းခြား ရှုပုံ**- ။

(၈) **တစ်နှစ်ကို မိုး-ဆောင်း-နွေ ဥတု ၃-ပါးဖြင့် ပိုင်းခြားရှုပုံ**

တစ်နှစ်လျှင် ဝဿာနဥတု (မိုး)၊ ဟေမန္တဥတု(ဆောင်း)၊ ဂိမှဥတု(နွေ)ဟု ဥတုသုံးမျိုးရှိရာ တစ်ဥတု လျှင် ၄-လစီဖြင့် ၃-ပုံ၊ နှစ် ၁၀၀-လျှင် အပုံ ၃၀၀-ပိုင်းခြား၍ ရှုမှတ်ရ၏။

ရှုပုံမှာ- မိုး ၄-လ၌ဖြစ်သောရုပ်သည် ဆောင်း ၄-လသို့မရောက်၊ မိုး ၄-လမှာပင် ချုပ်ပျောက်သွား၏၊ ထို့ကြောင့် မိုး ၄-လမှာဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကိုတင်၏။ပ။ ထို့ကြောင့် နွေ ၄-လမှာ ဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏။

(၉) **တစ်နှစ်ကို ၆-ပိုင်းပိုင်း၍ ရတု ၆-ပါးဖြင့် ပိုင်းခြားရှုပုံ**

တစ်နှစ်လျှင် ဝဿာန မိုးဥတု၌ ဝဿာနရတုနှင့် သရဒရတု ၂-ပါး၊ ဟေမန္တ ဆောင်းဥတု၌ ဟေမန္တရတုနှင့် သိသိရရတု ၂-ပါး၊ ဂိမှ နွေဥတု၌ ဝသန္တရတုနှင့် ဂိမှရတု ၂-ပါးဟူ၍ ဥတု ၆-ပါး ရှိရာ တစ်ရတုလျှင် ၂-လစီဖြင့် ၆-ပုံ၊ နှစ် ၁၀၀-လျှင် အပုံ ၆၀၀-ပိုင်းခြား၍ ရှုမှတ်ရ၏။

www.dhammadownload.com

ရှုပုံမှာ- ဝဿာနရတုဒ္ဒဖြစ်သော ရုပ်သည် သရဒရတုသို့ မရောက်၊ ဝဿာနရတုမှာပင် ချုပ်ပျောက်သွား၏၊ ထို့ကြောင့် ဝဿာနရတုမှာ ဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာ သုံးပါးကို တင်၏။ ပ ။ ထို့ကြောင့် ဂိမှရတုမှာ ဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ် ဟု လက္ခဏာသုံးပါးကို တင်၏။

မှတ်ချက်။ ။ ဝဿာနဥတု (၁) ဝဿာနရတု (ဝါဆိုလပြည့်မှ တော်သလင်းလပြည့်အထိ)
(မိုးဥတု) (၂) သရဒရတု (တော်သလင်းလပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ)

ဟေမန္တဥတု (၃) ဟေမန္တရတု (တန်ဆောင်မုန်းလပြည့်မှ ပြာသိုလပြည့်အထိ)
(ဆောင်းဥတု) (၄) သိသိရရတု (ပြာသိုလပြည့်မှ တပေါင်းလပြည့်အထိ)

ဂိမှဥတု (၅) ဝသန္တရတု (တပေါင်းလပြည့်မှ ကဆုန်လပြည့်အထိ)
(နွေဥတု) (၆) ဂိမှရတု (ကဆုန်လပြည့်မှ ဝါဆိုလပြည့်အထိ)

(၁၀) တစ်လကို လဆုတ်-လဆန်းပက္ခတို့၏ အစွမ်းဖြင့် ပိုင်းခြားရှုပုံ

တစ်လလျှင် လဆန်းပက္ခနှင့်လဆုတ်ပက္ခဟု ၂-ပိုင်းခွဲပြီးလျှင် လဆန်းပက္ခ၌ ဖြစ်သောရုပ်သည် လဆုတ်ပက္ခသို့မရောက်၊လဆန်းပက္ခမှာပင်ချုပ်ပျောက်သွားသည်၊....အစရှိသောနည်းဖြင့်ရှု၏။

(၁၁) တစ်ရက်အတွင်း၌ ညဉ့်နေ့တို့၏ အစွမ်းဖြင့် ပိုင်းခြားရှုပုံ - အထက်ပါနည်းကို မှီး၍ ရှုရသည်။

(၁၂) တစ်ရက်အတွင်းကို ၆-ပိုင်းပိုင်းခြားရှုပုံ

နေ့ပိုင်းကို နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်းဟူ၍ ၃-ပိုင်းခွဲပြီးလျှင် နံနက်ပိုင်း၌ဖြစ်သော ရုပ်သည် နေ့လယ်ပိုင်းသို့မရောက်၊ နံနက်ပိုင်းမှာပင် ချုပ်ပျောက်သွားသည်.... အစရှိသောနည်းဖြင့် ရှု၏။

ညပိုင်းကို ညဉ့်ဦးယာမ်- သန်းခေါင်ယာမ်- မိုးသောက်ယာမ် ဟူ၍ ၃-ပိုင်းခွဲပြီးလျှင် ညဉ့်ဦးယာမ်၌ ဖြစ်သောရုပ်သည် သန်းခေါင်ယာမ်သို့ မရောက်၊ ညဉ့်ဦးယာမ်မှာပင် ချုပ်ပျောက်သွားသည် ....အစရှိသောနည်းဖြင့် ရှု၏။

(၁၃) အချိန်တစ်ပိုင်းစီ၌ ရှေ့သို့တက်ခြင်း စသည်ဖြင့် ပိုင်းခြားရှုပုံ

အမှတ်စဉ် ၁၂-ပါ အချိန် ၆-ပိုင်းတို့တွင် တစ်ပိုင်းစီ၌ တည်ရှိနေသော ရုပ်ကို ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းတို့၏ အစွမ်းဖြင့် ရှုမှတ်သွားရမည်။

ရှုပုံမှာ- ရှေ့သို့တက်ခြင်း၌ ဖြစ်သောရုပ်သည် နောက်သို့ဆုတ်ခြင်းသို့ မရောက်၊ ရှေ့သို့တက်ခြင်းမှာပင် ချုပ်ပျောက်သွား၏၊ ထို့ကြောင့် ရှေ့သို့တက်ခြင်း၌ ဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏။ ပ ။ ထို့ကြောင့် ဆန့်ခြင်းမှာဖြစ်သောရုပ်သည် မမြဲ၊ ဆင်းရဲ၊ အတ္တ မဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏။

(၁၄) သွားခြင်း ဣရိယာပုထ်တစ်ခုတည်း၌ ခြေတစ်လှမ်းကို ၆-ပိုင်း၍ ရှုပုံ

ခြေတစ်လှမ်းကို ခွဲခြားကြည့်လျှင် အောက်ပါအတိုင်း ၆-ပိုင်းတွေ့ရမည်။

၁။ မြေမှ ခြေကို ကြွခြင်း၊ မြှောက်ချီခြင်းအပိုင်း (ကြွခြင်း)၊
၂။ ခြေကို ရှေ့သို့ ဆောင်ယူခြင်း (ဆောင်ခြင်း)၊
၃။ ခြေကို ရှောင်ဖယ် ရှောင်လွဲခြင်း (ရှောင်ခြင်း)၊
၄။ ခြေကို အောက်သို့ အရှိန်လွှတ်ချခြင်း (လွှတ်ခြင်း)၊
၅။ ခြေကို မြေပြင်၌ ချခြင်း (ချခြင်း)
၆။ ခြေကို မြေပြင်၌ ဖိနင်းထားခြင်း (ဖိခြင်း)

www.dhammadownload.com

ထိုတွင် ကြွဆဲခဏ၌ ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ ယုတ်ညံ့၍အားနည်းကြ၏၊ တေဇောဓာတ်နှင့်ဝါယောဓာတ်တို့လွန်ကဲ၍ အားကောင်းကြ၏၊ ဆောင်ဆဲ,ရှောင်ဆဲခဏတို့၌လည်း ထို့အတူပင်ဖြစ်၏။

လွတ်ဆဲခဏ၌ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ ယုတ်ညံ့၍အားနည်းကြ၏၊ ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ လွန်ကဲ၍ အားကောင်းကြ၏၊ ချဆဲ, ဖိဆဲခဏတို့၌လည်း ထို့အတူပင် ဖြစ်၏။

ရှုပုံမှာ– ကြွဆဲခဏ၌ ဖြစ်သော ဓာတ်တို့သည် လည်းကောင်း, ထိုဓာတ်တို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့သည်လည်းကောင်း၊ ဤအလုံးစုံသောတရားတို့သည် ဆောင်ဆဲခဏသို့ မရောက်မူ၍ ထိုကြွဆဲ ခဏ၌ပင်လျှင် ချုပ်၏၊ ထို့ကြောင့် မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု ရှု၏၊ ထို့အတူ ဆောင်ဆဲခဏ၌ ဖြစ်သော တရားတို့သည်။ ပ ။

ဤသို့ပြဆိုခဲ့သည့်အတိုင်း ထိုထိုအဖို့အပိုင်း၌ဖြစ်သော သင်္ခါရတရားတို့သည် ထိုမှ တစ်ပါးတစ်ပါးသော အဖို့အပိုင်းသို့ မရောက်မူ၍၊ ထိုထို ဖြစ်ရင်းဌာန၌ပင်လျှင် တစ်ပိုင်းစီ တစ်ပိုင်းစီ, တစ်စပ်စီတစ်စပ်စီ, တစ်ကန့်စီတစ်ကန့်စီဖြစ်ကုန်၍ လောလောပူသောအိုးကင်းထဲ၌ ထည့်လိုက်သော နှမ်းတို့သည် တဖျတ်ဖျတ်မြည်ကုန်လျက် ပေါက်ကွဲကုန်သကဲ့သို့ ပျက်စီးသွားကုန်၏၊ ထို့ကြောင့် မမြဲ, ဆင်းရဲ, အတ္တ မဟုတ်ဟု လက္ခဏာ ၃–ပါးတင်၏။

ရုပ်ကိုသုံးသပ်ရာ၌ သိမ်မွေ့ပုံကို ဥပမာဖြင့် ပြဆိုချက်

ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သောယောဂီ၏ ရုပ်ကိုသုံးသပ်ခြင်းသည် သိမ်မွေ့သည်အဖြစ်သို့ ရောက်၏၊ သိမ်မွေ့ပုံကို ဆီမီးဥပမာဖြင့် ပြ၏။

ဥပမာ – သစ်သားမီးရှူး မြက်မီးရှူး စသည်တို့၌သာ သုံးစွဲဖူးသော အလေ့အကျင့်ရှိ၍ ဆီမီးကို မမြင်ဖူးသော တောရွာသားတစ်ယောက်သည် မြို့သို့ရောက်လာပြီးလျှင် ဈေးအတွင်း၌ ညှိထွန်းထားသော ဆီမီးကိုမြင်၍ လူတစ်ယောက်ကို 'အမောင်....ဤသို့နှစ်လိုဖွယ်ရှိသော ဤအရာသည် အဘယ်မည်ပါသနည်း' ဟု မေး၏။

၁။ ထိုလူက တောသားအား 'ဤဆီမီး၌ နှစ်လိုဖွယ် အဘယ်မှာရှိပါအံ့နည်း၊ ဤဆီမီးမည်သည်မှာ ဆီကုန်ခြင်းကြောင့်လည်းကောင်း, မီးစာကုန်ခြင်းကြောင့်လည်းကောင်း ထိုဆီမီး၏သွားရာလမ်းသည် မထင်ရှားဘဲဖြစ်သွားမည်'ဟု ပြန်ကြားပြောဆို၏။

၂။ ထိုလူကို အခြားသောသူတစ်ယောက်က ဤသို့ဆိုပြန်၏၊ 'မီးစာကုန် ဆီခန်းသဖြင့် ဆီမီးပျောက်ကွယ်ခြင်းသည် ရုန့်ရင်းကြမ်းတမ်းလှ၏(ထင်ရှားသေး၏)၊ ဤဆီမီးစာကို အစဉ်အတိုင်း လောင်ကျွမ်းသွားလျှင် သုံးပုံတစ်ပုံတိုင်း သုံးပုံတစ်ပုံတိုင်း၌ မီးလျှံသည် ထိမှ တစ်ပါးတစ်ပါးသော အရပ်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်'ဟု ဆို၏။

၃။ ထိုလူကို အခြားသူတစ်ယောက်က ဤသို့ဆိုပြန်၏၊ 'သုံးပုံတစ်ပုံတိုင်းမှ အခြားအရပ်သို့ မရောက်ခြင်းသည်လည်း ရုန့်ရင်းကြမ်းတမ်းလှသေး၏၊ ဤမီးစာ၏ လက်တစ်သစ် လက်တစ်သစ်အရပ်၌,

၄။ လက်သစ်ဝက် လက်သစ်ဝက်အရပ်၌,

၅။ ချည်ချောင်းတိုင်း ချည်ချောင်းတိုင်း၌,

၆။ အမျှင်တိုင်း အမျှင်တိုင်း၌ မီးလျှံသည် ထိမှ တစ်ပါး တစ်ပါးသောအမျှင်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်'ဟု ဆို၏။

သိမ်မွေ့သော ချည်မျှင်ကိုမူကား လွတ်၍ မီးလျှံကို ဖော်ပြပြောဆိုခြင်းငှာ မစွမ်းနိုင်တော့ချေ၊ ဤကား ဥပမာတည်း။

ဥပမာ ဥပမေယျနှိုင်းယှဉ်ချက်

၁။ ထို ဥပမာ၌ 'ဆီကုန်ခြင်းကြောင့်လည်းကောင်း, မီးစာကုန်ခြင်းကြောင့်လည်းကောင်း ဆီမီး၏သွားရာလမ်းသော်လည်း မထင်ရှားဘဲ ဖြစ်သွားမည်'ဟု ပြောသော ပထမလူ၏ အသိဉာဏ်ကဲ့သို့ အနှစ်တစ်ရာဖြင့် ပိုင်းခြားအပ်သောရုပ်၌ အာဒါနနိက္ခေပန – ပဋိသန္ဓေစုတိဖြင့် ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

www.dhammadownload.com

၂။ 'မီးစာ၏ သုံးပုံတစ်ပုံတိုင်း သုံးပုံတစ်ပုံတိုင်း၌ မီးလျှံသည် ထိမှ တစ်ပါးသော အရပ်သို့ မရောက်မူ၍ ချုပ်ပျောက်သွားမည်' ဟု ပြောသော ဒုတိယလူ၏ အသိဉာဏ်ကဲ့သို့ အနှစ်တစ်ရာ၏ သုံးပုံတစ်ပုံ (၃၃-နှစ်)ဖြင့် ပိုင်းခြားအပ်သောရုပ်၌ ဝယောဝမုတ္ထဂ်မ - အရွယ်ရင့်ချုပ်ခြင်းဖြင့် ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

၃။ 'လက်တစ်သစ် လက်တစ်သစ်အရပ်၌ မီးလျှံသည် ထိမှတစ်ပါးတစ်ပါးသော အရပ်သို့မရောက်မူ၍သာ လျှင် ချုပ်ပျောက်သွားမည်'ဟု ပြောသော တတိယလူ၏အသိဉာဏ်ကဲ့သို့ ၁၀-နှစ် ၅-နှစ် ၄-နှစ် ၃-နှစ် ၂-နှစ် ၁-နှစ်တို့ဖြင့် ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

၄။ 'လက်သစ်ဝက် လက်သစ်ဝက်အရပ်၌ မီးလျှံသည် ထိမှ တစ်ပါးတစ်ပါးသော အရပ်သို့ မရောက်မူ၍ သာလျှင် ချုပ်ပျောက်သွားမည်' ဟု ပြောသော စတုတ္ထလူ၏ အသိဉာဏ်ကဲ့သို့ တစ်ဥတုတစ်ဥတု၏ အစွမ်းအားဖြင့် တစ်နှစ်ကို သုံးပါးအပြားအားဖြင့်လည်းကောင်း, ၆-ပါးအပြားအားဖြင့်လည်းကောင်း ခွဲခြမ်းဝေဖန်၍ ၄-လ ၂-လ တို့ဖြင့် ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

၅။ ချည်ချောင်းတိုင်း ချည်ချောင်းတိုင်း၌ မီးလျှံသည် ထိမှ တစ်ပါးတစ်ပါးသော အရပ်သို့ မရောက်မူ၍ သာလျှင် ချုပ်ပျောက်သွားမည်' ဟု ပြောသော ပဉ္စမလူ၏ အသိဉာဏ်ကဲ့သို့ လဆုတ် လဆန်းပက္ခတို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ညဉ့်နေ့တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ တစ်ညဉ့်နှင့် တစ်နေ့ကို ၆-ဖို့ ၆-ပိုင်းပြု၍ နံနက်ပိုင်း စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း ပိုင်းခြားအပ်သော ရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

၆။ အမျှင်တိုင်းအမျှင်တိုင်း၌ မီးလျှံသည် ထိမှ တစ်ပါးတစ်ပါးသော အမျှင်သို့မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်'ဟု ပြောသော ဆဋ္ဌလူ၏ အသိဉာဏ်ကဲ့သို့ ရှေ့သို့သွားခြင်း စသည်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ခြေကိုကြွခြင်း စသည်တို့တွင် တစ်ခုတစ်ခုသော အဖို့အပိုင်း၏ အစွမ်းအားဖြင့်လည်းကောင်း ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

၃။ အာဟာရမယရုပ် - အာဟာရဖြင့်ပြီးသောရုပ်အားဖြင့် သုံးသပ်သောနည်း

အာဟာရမယရုပ်သည် ဆာလောင်ခြင်း, အစာဝခြင်းတို့၏ အစွမ်းဖြင့် ထင်ရှားပေါ်လွင်၏၊

ထင်ရှားပုံကား - ဆာလောင်သောကာလ၌ ဖြစ်သောရုပ်သည် ညှိုးနွမ်း၏, ပင်ပန်း၏, မီးလောင်ငုတ်ကဲ့သို့၊ မီးသွေးတောင်း၌ ဝပ်နေသော ကျီးကန်းကဲ့သို့ အဆင်းမလှ မကောင်းသော သဏ္ဌာန်ရှိ၏၊ အစာဝသောကာလ၌ ဖြစ်သောရုပ်သည် ပြည့်ဝ၏၊ စိုပြေ၏၊ နူးညံ့၏၊ ချောညက်၏၊ ကောင်းသောအတွေ့ရှိ၏။

သုံးသပ်ပုံ - ဆာသောကာလ၌ ဖြစ်သောရုပ်သည် ဝသောကာလသို့ မရောက်မူ၍ ဤဆာသောကာလ၌ပင် ချုပ်၏၊ အစာဝသောကာလ၌ ဖြစ်သောရုပ်သည်လည်း ဆာသောကာလသို့ မရောက်မူ၍ ဤအစာဝသောကာလ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် အာဟာရဖြင့်ပြီးသော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု ဤသို့ အာဟာရဖြင့်ပြီးသောရုပ်၌ လက္ခဏာ ၃-ပါးကို တင်၏။

၄။ ဥတုမယရုပ် - ဥတုဖြင့်ပြီးသောရုပ်အားဖြင့် သုံးသပ်သောနည်း

ဥတုမယရုပ်သည် အအေးအပူတို့၏ အစွမ်းဖြင့် ထင်ရှားပေါ်လွင်၏၊

ထင်ရှားပုံကား - ပူသောကာလ၌ဖြစ်သော ရုပ်သည် ညှိုးနွမ်း၏ ပင်ပန်း၏ အဆင်းမလှ၊ အေးသောဥတုကြောင့် ဖြစ်သောရုပ်သည် ပြည့်ဝ၏ စိုပြေ၏ နူးညံ့သောအတွေ့ရှိ၏၊

သုံးသပ်ပုံ - ပူသောကာလ၌ဖြစ်သော ရုပ်သည် အေးသောကာလသို့ မရောက်မူ၍ ....

၅။ ကမ္မဇရုပ်အားဖြင့် ဖွဲ့နည်း

ယောဂီ၏သန္တာန်၌ ကံကြောင့်ဖြစ်သောကမ္မဇရုပ်သည် ဖဿဖြစ်ကြောင်း ဒွါရအစွမ်းဖြင့်ထင်ရှားပေါ်လွင်၏။

www.dhammadownload.com

ထင်ရှားပုံကား –

(၁) စက္ခုဒွါရ၌ စက္ခုဒဿက, ကာယဒဿက, ဘာဝဒဿက ကလာပ်တို့၏ အစွမ်းအားဖြင့် ကမ္မဇရုပ် ၃၀–ပါး၊ ထိုကမ္မဇရုပ်ကိုထောက်ပံ့သော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး၊ စိတ္တဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါးအားဖြင့် ၅၄–ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။

(၂) ထို့အတူ သောတဒွါရ၌ ၅၄–ပါးသော ရုပ်တို့ ထင်ရှားကုန်၏။

(၃) ဃာနဒွါရ၌ ။

(၄) ဇိဝှါဒွါရ၌ ။

(၅) ကာယဒွါရ၌ ကာယဒဿက,ဘာဝဒဿကကလာပ်တို့၏အစွမ်းအားဖြင့် ကမ္မဇရုပ်–၂၀၊ ထိုကမ္မဇရုပ်ကိုထောက်ပံ့သော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး၊ စိတ္တဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး အားဖြင့် ၄၄–ပါးသောရုပ်တို့သည် ထင်ရှားကုန်၏။

(၆) မနောဒွါရ၌ ဟဒယဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကကလာပ်တို့၏ အစွမ်းအားဖြင့် ကမ္မဇရုပ် ၃၀–ပါး၊ ထိုကမ္မဇရုပ်ကို ထောက်ပံ့သော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါး၊ စိတ္တဇသုဒ္ဓဋ္ဌကကလာပ် ရုပ် ၈–ပါး၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်ရုပ် ၈–ပါးအားဖြင့် ၅၄–ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။

သုံးသပ်ပုံ – ယောဂီသည် ဒွါရ ၆–ပါး၌ထင်ရှားသော ထိုရုပ်အလုံးစုံကို သိမ်းဆည်းပြီးလျှင် စက္ခုဒွါရ၌ ဖြစ်သောရုပ်သည် သောတဒွါရသို့ မရောက်မူ၍ ဤစက္ခုဒွါရ၌သာလျှင် ချုပ်၏။ ပ ။ ထို့ကြောင့် ကံကြောင့်ဖြစ်သော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ် လက္ခဏာ သုံးပါးတင်၏။

၆။ စိတ္တသမုဋ္ဌာန်ရုပ်အားဖြင့် ရှုနည်း

ယောဂီ၏သန္တာန်၌ စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာန်ရုပ်သည် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ အစွမ်းဖြင့် ထင်ရှားပေါ်လွင်၏။

ထင်ရှားပုံကား – ဝမ်းသာသောအခါ၌ ဖြစ်သောရုပ်သည် ချောညက်၏ နူးညံ့၏ စိုပြေ၏ကောင်းသော အတွေ့ရှိ၏၊ နှလုံးမသာသောအခါ၌ ဖြစ်သောရုပ်သည် ညှိုးနွမ်း၏ ပင်ပန်း၏ အဆင်းမလှ။

သုံးသပ်ပုံ – ယောဂီသည် ဝမ်းသာသောအခါ, နှလုံးမသာသောအခါတို့၌ ထင်ရှားသော ထိုရုပ်အလုံးစုံကိုသိမ်းဆည်းပြီးလျှင် ဝမ်းသာသောအခါ၌ ဖြစ်သောရုပ်သည် နှလုံးမသာသောအခါသို့မရောက်မူ၍ ဤဝမ်းသာသောအခါ၌ပင်လျှင် ချုပ်၏၊ နှလုံးမသာသောအခါ၌ ဖြစ်သောရုပ်သည်လည်း ဝမ်းသာသောအခါသို့မရောက်မူ၍ ချုပ်၏၊ ထို့ကြောင့်စိတ်ကြောင့် ဖြစ်သော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ် လက္ခဏာ သုံးပါးတင်၏။

ဤဆိုခဲ့သောနည်းဖြင့် စိတ္တဇရုပ်ကိုသိမ်းဆည်း၍ ထိုစိတ္တဇရုပ်၌ လက္ခဏာ ၃–ပါးကိုတင်သော ယောဂီအား ဤဆိုလတ္တံ့သောအနက်သည် ထင်ရှားလေတော့၏၊

အသက်သည်လည်းကောင်း၊ အတ္တဘောသည်လည်းကောင်း၊ ချမ်းသာဆင်းရဲတို့သည်လည်းကောင်း အတ္တကောင်နှင့် မစပ်ယှက် သက်သက်သီးခြား သဘောတရားတို့သည်သာတည်း၊ စိတ်တစ်ခုနှင့်သာ ယှဉ်ကုန်၏၊ ၎င်းတို့၏ ဖြစ်ရာခဏသည် လျင်မြန်တိုတောင်းလှ၏။

အကြင်နေဝသညာနာသညာယတနဗြဟ္မာတို့သည် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ပတ်လုံး အသက်ရှင်လျက် တည်နေကုန်၏၊ ထိုဗြဟ္မာတို့သည်လည်း စိတ်နှစ်ခုတို့နှင့် တကွဖြစ်ကုန်၍ (စိတ် နှစ်ကြိမ်ခန့်ကြာအောင် အသက်ရှင်ကုန်သည်ဖြစ်၍) တည်နေကြသည် မဟုတ်ကုန်။

သေသောသူ၏ ချုပ်သွားလေသော ခန္ဓာတို့သည်လည်းကောင်း၊ ဤလောက၌ အသက်ရှင်လျက်တည်ဆဲပုဂ္ဂိုလ်၏ ချုပ်သွားသော ခန္ဓာတို့သည်လည်းကောင်း၊ အလုံးစုံသော ထိုခန္ဓာနှစ်မျိုး

www.dhammadownload.com

တို့သည် ချုပ်ပျက်ပုံချင်း တူညီကုန်၏၊ တစ်ဖန်ပြန်၍ စပ်ခြင်းမရှိဘဲ ချုပ်ပျောက်သွားကုန်သည် ချည်းသာတည်း။

အတိတ်အခြားမဲ့၌ပျက်သွားပြီးသောခန္ဓာတို့၏လည်းကောင်း၊ အနာဂတ်အခြားမဲ့၌ပျက်လတ္တံ့ သောခန္ဓာတို့၏လည်းကောင်း၊ ထိုအတိတ် အနာဂတ်ခန္ဓာတို့၏ အလယ်ကြား၌ ချုပ်ပျက်ဆဲ ပစ္စုပ္ပန် ခန္ဓာတို့၏လည်းကောင်း ချုပ်ခြင်းလက္ခဏာအားဖြင့် မတူညီခြင်းကွဲပြားခြင်းမည်သည် မရှိချေ။

၇။ ဓမ္မတာရုပ်အားဖြင့် ရှုနည်း

ဓမ္မတာရုပ် ဟူသည်-

သတ္တဝါ၏သန္တာန်မှ အပဖြစ်သော, ကျန်ခြေတို့နှင့်မစပ်သောရုပ် ဖြစ်သည်၊ သံ, ကြေး, ရွှေ, ငွေ, ပတ္တမြား, မြေ, တောင်, မြက်ပင်, သစ်ပင်စသော ကမ္မာဦးမှစ၍ ဖြစ်ပေါ်လျက်ရှိသော ရုပ်များဖြစ်၏၊ (သက်မဲ့ရုပ်)(သဘာဝရုပ်)၊ ပရမတ်အမည်မှာ အနိဿိယဗဟိဒ္ဓရုပ် ဖြစ်၏၊ ထိုဓမ္မတာရုပ်သည် သော်ကညွန့် စသည်တို့၏အစွမ်းအားဖြင့် ထင်ရှား၏။

ထင်ရှားပုံကား - အနီနုရောင်→ တစ်ခဲနက်အနီရောင်→ အနီရောင်ပျော့၏→နသော ရွက်နုအဆင်း→ ရင့်သော ရွက်နုအဆင်း→ စိမ်းသော သစ်ရွက်အဆင်း→ ညိုသော သစ်ရွက်အဆင်း→ ဖက်ရွက်ရော်ဖြစ်ပြီး→ အညှာမှပြုတ်၍ ကြွေကျ၏။

သုံးသပ်ပုံ - ရှေးနည်းကို မှီး၍ သုံးသပ်ပါ။

~ ~ ~ ~ ~ ~ ~ ~

အဌပသတ္တကသမ္မသနကထာ--နာမ်သုံးသပ်ပုံ ၇-မျိုး

ယောဂီပုဂ္ဂိုလ်သည် ရုပ်သုံးသပ်ပုံ ၇-မျိုးဖြင့် ရုပ်သဓါရတို့ကို လက္ခဏာရေးသုံးပါးတင်၍ ရှုမှတ်သုံးသပ်ပြီးလျှင် နာမ်သုံးသပ်ပုံ ၇-မျိုးဖြင့်လည်း နာမ်သဓါရတို့ကို လက္ခဏာရေးသုံးပါးတင်၍ ရှုမှတ်သုံးသပ်ရမည်။

နာမ်သုံးသပ်ပုံ ၇-မျိုးမှာ-

၁။ ကလာပနည်း (အပေါင်းလိုက်သုံးသပ်သောနည်း)
၂။ ယမကနည်း (ရုပ်နာမ်အစုံအားဖြင့် သုံးသပ်သောနည်း)
၃။ ခဏိကနည်း (ခဏမျှတည်သောအားဖြင့် သုံးသပ်သောနည်း)
၄။ ပဋိပါဋိနည်း (အစဉ်အတန်းအားဖြင့် သုံးသပ်သောနည်း)
၅။ ဒိဋ္ဌဥဿုဒ္ဓနနည်း (ဒိဋ္ဌကိုခွါသောအားဖြင့် သုံးသပ်သောနည်း)
၆။ မာနသမုဿုဒ္ဓနနည်း (မာနကိုခွါသောအားဖြင့် သုံးသပ်သောနည်း)
၇။ နိကန္တိပရိယာဒါနနည်း (တဏှာကုန်အောင် မဖြစ်အောင် သုံးသပ်သောနည်း)

၁။ ကလာပနည်း (အပေါင်းလိုက်သုံးသပ်သောနည်း)

<u>ဝိသုဒ္ဓိကထာ၌ ပြဆိုပုံ</u>

ဆံပင်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ အတ္တမဟုတ်ကုန်ဟု သုံးသပ်ရာ၌ ဖြစ်ပေါ်ကုန်သော နာမ်တရားတို့သည်လည်းကောင်း၊ မွေးညှင်းတို့သည်။ပ။ ဦးနှောက်သည်။ပ။ ဟု သုံးသပ်ရာ၌ ဖြစ်ပေါ်ကုန်သော နာမ်တရားတို့သည်လည်းကောင်း၊ ထိုမှတစ်ပါးသောအဖို့သို့ မရောက်မူကုန်၍ အပိုင်းပိုင်းအကန့်အကန့် ဖြစ်ကုန်လျက် လောလောပူသော အိုးကင်းထဲ၌ ထည့်လိုက်သော နှမ်းတို့သည် တဖျတ်ဖျတ် မြည်ကုန်လျက် ကွဲပျက် သွားကုန်ကဲ့သို့ ပျက်ကုန်၏၊ ထို့ကြောင့် မမြဲကုန်၊ ဆင်းရဲကုန်၏၊ အတ္တမဟုတ်ကုန်ဟု သုံးသပ်၏။

<u>အရိယဝံသကထာ၌ ပြဆိုပုံ</u>

ရူပသတ္တကဝယ် ၇-ပါးသော ဌာနတို့၌ ရုပ်သည် မမြဲ ဆင်းရဲ အတ္တ မဟုတ်ဟု သုံးသပ်လျက်ဖြစ်သော စိတ်ကို နောက်စိတ်ဖြင့် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်သည်ရှိသော် ကလာပ-အပေါင်းလိုက်အားဖြင့် သုံးသပ်သည်မည်၏ ဟု မိန့်ဆိုလေသည်။

www.dhammadownload.com

အဋ္ဌကထာဆရာ၏မှတ်ချက်

အထက်ပါ ပြဆိုပုံနှစ်မျိုးအနက် အရိယာဝံသကထာ၌ ပြဆိုပုံစကားသည် သာ၍သင့်မြတ်၏၊ ထို့ကြောင့် ကြွင်းသောသုံးသပ်ပုံတို့ကို ထိုအရိယဝံသကထာနည်းဖြင့်ပင် ပြကုန်အံ့။

၂။ ယမကနည်း – ရုပ်နာမ်အစုံအားဖြင့် သုံးသပ်သောနည်း

ယောဂီသည် ပဋိသန္ဓေ, စုတိဖြင့် ပိုင်းခြားသော ရုပ်ကို မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်ပြီးလျှင်၊ ထို သုံးသပ်သော စိတ်ကို နောက်စိတ်ဖြင့် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်၏၊ အရွယ် ရင့်ချုပ်ရုပ်ကို။ ပ ။ အာဟာရမယရုပ်ကို။ ပ ။ ဥတုမယရုပ်ကို။ ပ ။ ကမ္မဇရုပ်ကို။ ပ ။ စိတ္တသမုဋ္ဌာန်ရုပ်ကို။ ပ ။ ဓမ္မတာရုပ်ကို မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်၏၊ ထိုသုံးသပ်သော စိတ်ကိုလည်း တစ်ပါးသော နောက်စိတ်ဖြင့် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်၏၊ ဤသို့ သုံးသပ်ခြင်းသည် အစုံအားဖြင့် သုံးသပ်သည် မည်၏။

၃။ ဧကိကနည်း–ခဏမျှတည်သောအားဖြင့် သုံးသပ်သောနည်း

ယောဂီသည် ပဋိသန္ဓေ, စုတိဖြင့် ပိုင်းခြားသော ရုပ်ကို မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော ပထမစိတ်ကို ဒုတိယစိတ်ဖြင့် ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထ စိတ်ဖြင့်၊ စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့်၊ မမြဲ ဆင်းရဲ အတ္တ မဟုတ်ဟု သုံးသပ်၏၊ အရွယ်ရင့်ချုပ်ရုပ်ကို ။ ပ။ ဓမ္မတာရုပ်ကို။ ပ ။ဤသို့ ရုပ်ကို သိမ်းဆည်းသောစိတ်မှစ၍ ၄-ကြိမ် ၅-ကြိမ်သောစိတ်တို့ကို သုံးသပ်ခြင်း သည် ခဏမျှတည်သောအားဖြင့် သုံးသပ်နည်း မည်၏။

၄။ ပဋိပါဋိနည်း–အစဉ်အတန်းအားဖြင့် သုံးသပ်သောနည်း

ယောဂီသည် ပဋိသန္ဓေ, စုတိဖြင့် ပိုင်းခြားသော ရုပ်ကို မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်ပြီးလျှင် ထို သုံးသပ်သော ပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ် ဖြင့်။ ပ ။ ဒသမ ၁၀-ခုမြောက်စိတ်ကို ၁၁-ခုမြောက်စိတ်ဖြင့် ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ် ဟု သုံးသပ်၏၊ အရွယ်ရင့်ချုပ်ရုပ်ကို ။ ပ ။ ဓမ္မတာရုပ်ကို ။ ပ ။ ဒသမ ၁၀-ခုမြောက်စိတ်ကို ၁၁-ခုမြောက် စိတ်ဖြင့် ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်၏။

ဤသို့ ဝိပဿနာအဆက်ဆက်ဖြင့် တစ်နေ့လုံးသော်လည်း သုံးသပ်ခြင်းငှာ ဖြစ်နိုင်၏၊ သို့သော် ၁၀-ခုမြောက်စိတ်ကို သုံးသပ်ခြင်းဖြင့် ရုပ်ကမ္မဋ္ဌာန်းသည်လည်း ကျေပွန်စွာ ဖြစ်၏၊ နာမ်ကမ္မဋ္ဌာန်းသည် လည်း ကျေပွန်စွာဖြစ်၏၊ ၁၀-ခုမြောက်စိတ်၌သာလျှင် သုံးသပ်ခြင်းကို ရပ်တန့်ထားအပ်၏ဟု အရိယဝံသ ကထာ၌ မိန့်ဆိုလေသည်။

၅,၆,၇။ ဒိဋ္ဌိဥဿုံဒုနနည်း, မာနသမုဿုံဒုနနည်း, နိကန္တိပရိယာဒါနနည်း

ဝိသုဒ္ဓိမဂ်ကထာ၌ မိန့်ဆိုပုံ

ဒိဋ္ဌိဥဿုံဒုနနည်း, မာနသမုဿုံဒုနနည်း, နိကန္တိပရိယာဒါနနည်း–ဟူသော ဤခေါင်းစဉ်သုံးမျိုးတို့၌ အသီး အခြား သုံးသပ်နည်းမည်သည် မရှိ၊ အောက်ပိုင်း ရူပသတ္တကဋ္ဌ ရုပ်ကိုသိမ်းဆည်းခဲ့၏၊ ဤနာမသတ္တကဋ္ဌ လည်း နာမ်ကိုသိမ်းဆည်းခဲ့၏၊ ထိုရုပ်နာမ်နှစ်ပါးကို ရှုမြင်သောယောဂီသည် ရုပ်နာမ်ထက်အလွန်(ရုပ်နာမ်မှ လွဲ၍) အခြားတစ်ပါးသော သတ္တဝါမည်သည် မမြင်တော့ချေ၊ သတ္တဝါကို မမြင်သည်မှစ၍ သတ္တဝါဟူသော အမှတ်သညာကို ပယ်ခွါပြီးဖြစ်လေ၏၊ သတ္တဝါဟူသော အမှတ်သညာကို ပယ်ခွါသောစိတ်ဖြင့် သခ်ါရတို့ကို သိမ်းဆည်းသောယောဂီအား(သတ္တဝါဟုယူဆသော)ဒိဋ္ဌိသည် မဖြစ်၊ ဒိဋ္ဌိမဖြစ်လျှင် ဒိဋ္ဌိကိုပယ်ခွါအပ်ပြီးသည် မည်၏၊ ဒိဋ္ဌိကို ပယ်ခွါသောစိတ်ဖြင့် သခ်ါရတို့ကို သိမ်းဆည်းသောယောဂီအား မာနသည် မဖြစ်၊ မာနမဖြစ် လျှင် မာနကို အကြွင်းမဲ့ပယ်ခွါအပ်ပြီးသည် မည်၏၊ မာနကို အကြွင်းမဲ့ ပယ်ခွါသောစိတ်ဖြင့် သခ်ါရတို့ကို သိမ်းဆည်း သော ယောဂီအား တဏှာသည် မဖြစ်၊ တဏှာမဖြစ်လျှင် ငြိကပ်သောတဏှာကို ကုန်စေပြီးသည် မည်၏–ဟူ၍ ဤစကားကို ဝိသုဒ္ဓိမဂ်ကထာ၌ မိန့်ဆိုလေသည်။

www.dhammadownload.com

အရိယဝံသကထာ၌ မိန့်ဆိုပုံ

'ဒိဋ္ဌိဥဂ္ဃါဋနနည်း, မာနသမုဂ္ဃါဋနနည်း, နိကန္တိပရိယာဒါနနည်း' ဟူ၍ မာတိကာထားပြီးလျှင် ဤဆို လတ္တံ့သောနည်းကို ပြထားလေသည်။

ဒိဋ္ဌိဥဂ္ဃါဋနနည်း

'ငါ ဝိပဿနာရှု၏၊ ငါ၏ ဝိပဿနာရှုမှု (ငါ၏ ဝိပဿနာ)' ဟု စွဲယူသော ယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် မဖြစ်သေးချေ၊ စင်စစ်သော်ကား 'သခ်ါရတရားတို့သည်သာလျှင် သခ်ါရတရားတို့ကို ရှုကုန်၏, သုံးသပ်ကုန်၏, ဆုံးဖြတ်ကုန်၏, ပိုင်းခြားကုန်၏' ဟုယူသော ယောဂီအား ဒိဋ္ဌိကိုပယ်ခွါခြင်း မည်သည် ဖြစ်၏။

မာနသမုဂ္ဃါဋနနည်း

'ငါကောင်းစွာ ဝိပဿနာရှု၏၊ နှစ်လိုဖွယ်ရှု၏'ဟု လွန်ကဲသော အဓိမာနဖြင့် စွဲယူသော ယောဂီအား မာနကို ။ ပ ။ မာနကို အကြွင်းမဲ့ ပယ်ခွါခြင်းမည်သည် ဖြစ်၏။

နိကန္တိပရိယာဒါနနည်း

'ငါသည် ဝိပဿနာရှုခြင်းငှာ စွမ်းနိုင်၏'ဟု ဤသို့ ဝိပဿနာရှုခြင်းကို သာယာသော ယောဂီအား ငြိကပ်သော တဏှာကို ။ ပ ။ ငြိကပ်သောတဏှာကို ကုန်စေခြင်းမည်သည် ဖြစ်၏။

တစ်ဖန် ဒိဋ္ဌိဥဂ္ဃါဋန, မာနသမုဂ္ဃါဋန, နိကန္တိပရိယာဒါန ဖြစ်အောင် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ပြိုအောင် ဝိပဿနာရှုပွားသုံးသပ်ရမည့် အစီအရင်ကိုလည်း အဋ္ဌကထာဆရာတော်က အောက်ပါအတိုင်း ဆက်လက်၍ ဖွင့်ဆိုသွားတော်မူ၏။

(၁) အကယ်၍ သခ်ါရတရားတို့သည် အတ္တကောင်ဟုတ်ငြားအံ့၊ အတ္တကောင်ဟုယူရန် သင့်ကုန်၏၊စင်စစ် သော်ကား အတ္တကောင်မဟုတ်ပါဘဲလျက် (အနတ္တစင်စစ်ဖြစ်ကုန်လျက်) အတ္တကောင်ဟု ယူထားအပ်ကုန်၏၊ ထို့ကြောင့် ထိုသခ်ါရတရားတို့သည်

- အလိုအတိုင်း မဖြစ်ခြင်း အနက်သဘောကြောင့် အတ္တမဟုတ်ကုန် (အနတ္တ)၊
- ဖြစ်ပေါ်လာပြီးလျှင် မရှိခြင်း ။ မမြဲကုန် (အနိစ္စ)၊
- ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း ။ ဆင်းရဲကုန်၏ (ဒုက္ခ)

ဤသို့ အနတ္တ, အနိစ္စ, ဒုက္ခ လက္ခဏာရေးတင်ကာ သခ်ါရတရားတို့ကို ဝိပဿနာရှုသော ယောဂီအား ဒိဋ္ဌိကိုပယ်ခွါခြင်းသည် ဖြစ်၏။

(၂) အကယ်၍ သခ်ါရတရားတို့သည် မြဲသည် ဖြစ်ငြားအံ့၊ မြဲသည် ဟု ယူရန် သင့်ကုန်၏၊ စင်စစ် သော်ကား မမြဲပါဘဲလျက် (အနိစ္စစင်စစ်ဖြစ်ကုန်လျက်) မြဲသည်ဟု ယူထားအပ်ကုန်၏၊ ထို့ကြောင့် ထိုသခ်ါရ တရားတို့သည်

- ဖြစ်ပေါ်လာပြီးလျှင် မရှိခြင်း အနက်သဘောကြောင့် မမြဲကုန် (အနိစ္စ)၊
- ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း ။ ဆင်းရဲကုန်၏ (ဒုက္ခ)၊
- အလိုအတိုင်း မဖြစ်ခြင်း ။ အတ္တမဟုတ်ကုန် (အနတ္တ)

ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးတင်ကာ သခ်ါရတရားတို့ကို ဝိပဿနာရှုသော ယောဂီအား မာနကိုပယ်ခွါခြင်းသည် ဖြစ်၏။

(၃) အကယ်၍ သခ်ါရတရားတို့သည် ချမ်းသာ ဟုတ်ငြားအံ့၊ ချမ်းသာဟု ယူရန် သင့်ကုန်၏၊ စင်စစ် သော်ကား ချမ်းသာမဟုတ်ပါဘဲလျက်(ဒုက္ခစင်စစ်ဖြစ်ကုန်လျက်)ချမ်းသာဟု ယူထားအပ်ကုန်၏၊ ထို့ကြောင့် ထိုသခ်ါရ တရားတို့သည်

www.dhammadownload.com

- ဖြစ်ခြင်း၊ ပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း၊ အနက်သဘောကြောင့် ဆင်းရဲကုန်၏ (ဒုက္ခ)၊
- ဖြစ်ပေါ်လာပြီးလျှင် မရှိခြင်း ။ မမြဲကုန် (အနိစ္စ)၊
- အလိုအတိုင်း မဖြစ်ခြင်း ။ အတ္တမဟုတ်ကုန် (အနတ္တ)

ဤသို့ ဒုက္ခ, အနိစ္စ, အနတ္တ လက္ခဏာရေးတင်ကာ သခါရတရားတို့ကို ဝိပဿနာရှုသော ယောဂီအား တဏှာကိုကုန်စေခြင်းသည် ဖြစ်၏။

ထို့ကြောင့် သခါရတို့ကို အနတ္တအားဖြင့်ရှုသော ယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်၏၊
အနိစ္စ ။ ။ မာနကို အကြွင်းမဲ့ပယ်ခွါခြင်း ။
ဒုက္ခ ။ ။ တဏှာကို ကုန်စေခြင်းမည်သည် ဖြစ်၏။

ဤသို့လျှင် ဤဝိပဿနာသည် မိမိ မိမိ၏အရာဌာနဌသာလျှင် တည်ပေ၏–ဟု အရိယဝံသကထာဌ ပြဆိုလေသည်။

ဤမျှသော သုံးသပ်ခြင်းဖြင့် ယောဂီအား ရုပ်ကမ္မဋ္ဌာန်းသည်လည်းကောင်း, နာမ်ကမ္မဋ္ဌာန်းသည်လည်းကောင်းကျေပြန်စွာဖြစ်၏(အဝါးဝစွာနိုင်နိုင်နင်းနင်းလေ့လာအပ်ပြီးသားဖြစ်တော့၏,ပဂုဏ်ဖြစ်လေပြီ)။

~ ~ ~ ~ ~ ~ ~ ~

မဟာဝိပဿနာ ၁၈–ပါး တစ်စိတ်တစ်ဒေသ ရပုံ

ဤဆိုခဲ့သည့်အတိုင်း လေ့လာကျေပွန်သော ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း ရှိသော ထိုယောဂီသည် အထက် ဘင်္ဂဉာဏ်မှစ၍ ပဟာနပရိညာ၏ အစွမ်းဖြင့်ရအပ်သော မဟာဝိပဿနာ ၁၈–ပါးတို့တွင် တစ်စိတ်တစ်ပိုင်းကို ဤတီရဏပရိညာဌပင် ထိုးထွင်းရသည်ဖြစ်၍ ထိုရသောဝိပဿနာ၏ ဆန့်ကျင်ဘက် ဖြစ်သော တရားတို့ကို ပယ်၏။

၁၈–ပါးသောဝိပဿနာတို့မည်သည်ကား အနိစ္စာနုပဿနာအစရှိသော ပညာတို့ပင်တည်း၊ယင်းပညာတို့ ရှုပုံနှင့် ပယ်ပုံမှာ–(၁)မမြဲဟုရှုသော အနိစ္စာနုပဿနာဉာဏ်ကို ပွားစေသည်ရှိသော် မြဲသည် ဟု ထင်မှတ်သော နိစ္စသညာကိုပယ်၏၊ (၂ မှ ၁၈)အထိ ကြွင်းသော မဟာဝိပဿနာဉာဏ်တို့ကို (၁)ကိုမှီး၍သိပါ။

ရှု	ဝိပဿနာ	ပယ်
(၁) မမြဲ ဟု ရှုသော	အနိစ္စာနုပဿနာ	နိစ္စသညာ
(၂) ဆင်းရဲ ။	ဒုက္ခာနုပဿနာ	သုခသညာ
(၃) အတ္တမဟုတ် ။	အနတ္တာနုပဿနာ	အတ္တသညာ
(၄) ငြီးငွေ့လျက် ရှုသော	နိဗ္ဗိဒါနုပဿနာ	အားရနှစ်သက်ခြင်း
(၅) တပ်ခြင်းကင်း ။	ဝိရာဂါနုပဿနာ	တပ်မက်သော ရာဂ
(၆) ချုပ်ခြင်းကို ။	နိရောဓာနုပဿနာ	ဖြစ်ခြင်း
(၇) တစ်ဖန်စွန့်လျက် ။	ပဋိနိဿဂ္ဂါနုပဿနာ	ယူခြင်း/လက်ခံခြင်း
(၈) ကုန်ခြင်းကို ။	ခယာနုပဿနာ	ဃနသညာ
(၉) ပျက်ခြင်းကို ။	ဝယာနုပဿနာ	အားထုတ်ခြင်း
(၁၀) ပြောင်းလဲဖောက်ပြန်ခြင်း ။	ဝိပရိဏာမာနုပဿနာ	ဓုဝသညာ
(၁၁) နိမိတ်ပုံဟန်ကင်းသည် ။	အနိမိတ္တာနုပဿနာ	နိမိတ်ထင်ခြင်း
(၁၂) တောင့်တဖွယ်ကင်းသည် ။	အပ္ပဏိဟိတာနုပဿနာ	တောင့်တသောတဏှာ
(၁၃) အတ္တမှဆိတ်သုဉ်းသည် ။	သုညတာနုပဿနာ	အတ္တကောင်ဟု သက်ဝင်နှလုံးသွင်းခြင်း
(၁၄) တရားတို့၌ ပျက်သည်ဟု ။	အဓိပညာဓမ္မာနုပဿနာ (လွန်ကဲသောပညာ)	အနှစ်ရှိသည်ဟုယူလျက် သက်ဝင်နှလုံးသွင်းခြင်း
(၁၅) ဟုတ်တိုင်းမှန်စွာ ။	ယထာဘူတဉာဏ်	ပြင်းစွာတွေဝေလျက် သက်ဝင်နှလုံးသွင်းခြင်း
(၁၆) အပြစ်ကို ။	အာဒီနဝါနုပဿနာ	ပုန်းအောင်းမှီခိုရာဟု သက်ဝင်နှလုံးသွင်းခြင်း
(၁၇) တစ်ဖန် ။	ပဋိသင်္ခါနုပဿနာ	တစ်ဖန်မရှုခြင်း
(၁၈) သခါရတို့မှ ဆုတ်နစ်လျက်ရှိ	ဝိဝဋ္ဋာနုပဿနာ	သခါရတို့နှင့်ယှဉ်တွဲလျက်သက်ဝင်နှလုံးသွင်းခြင်း

www.dhammadownload.com

ဤ၁၈-ပါးတို့တွင် ယောဂီသည် အနိစ္စအစရှိသော လက္ခဏာ ၃-ပါးတို့၏အစွမ်းအားဖြင့် သခ်ါရတို့ကို မြင်ပြီးဖြစ်သောကြောင့်၊ အနိစ္စာနုပဿနာ,ဒုက္ခာနုပဿနာ,အနတ္တာနုပဿနာတို့ကို ရပြီးဖြစ်၏၊ထို့ပြင် အနိစ္စာနုပဿနာနှင့် အနိမိတ္တာနုပဿနာ၊ ဒုက္ခာနုပဿနာနှင့် အပ္ပဏိဟိတာနုပဿနာ၊ အနတ္တာနုပဿနာနှင့် သုညတာနုပဿနာတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောထားသောကြောင့် ထိုအနက်တူသော အနုပဿနာ ၃-ပါးတို့ကိုလည်း ရပြီး ဖြစ်ပေ၏။

ထို့အပြင် အဓိပညာဓမ္မာနုပဿနာဟူသည် အလုံးစုံလည်းဖြစ်သော ဝိပဿနာပေတည်း၊ ယထာဘူတဉာဏ်ကို ကခ်ါဝိတရဏဝိသုဒ္ဓိဖြင့်ပင်လျှင် သိမ်းယူအပ်၏၊ ထို့ကြောင့် ဤဉာဏ်နှစ်ပါးကိုလည်း ရပြီးသာလျှင် ဖြစ်ပေတော့၏၊ ကြွင်းသော ဝိပဿနာဉာဏ်တို့တွင် အချို့ကို ရအပ်ပြီ၊ အချို့ကို မရအပ်သေး။

~ ~ ~ ~ ~ ~ ~ ~

ဥဒယဗ္ဗယဉာဏ်ပြဆို၍ကျက်

အကြောင်းကိုစွဲ၍ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ ဖောက်ပြန်ခြင်းကိုရှုသော ပညာသည် အဖြစ်အပျက်ကိုရှုသော ဥဒယဗ္ဗယဉာဏ် မည်၏။

ယောဂီပုဂ္ဂိုလ်သည် အနိစ္စာနုပဿနာ စသည်ဖြင့် နိစ္စသညာစသည်ကို ပယ်သဖြင့် ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အထူးစင်ကြယ်နေ၏၊ သမ္မသနဉာဏ်၏ ပြုဖွယ်ကိစ္စမှာလည်း ပြီးဆုံးသွားပြီ ဖြစ်၏၊ ထို့ကြောင့် သမ္မသနဉာဏ်၏ အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ကိုရရန် ဆက်လက်အားထုတ်ရမည်။

ဥဒယဗ္ဗယ ရှုမြင်ပုံနှစ်မျိုး

၁။ ဥဒယဗ္ဗယ အကျဉ်းရှုနည်း

အကျဉ်းအားဖြင့် အားထုတ်ရာ၌ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ

"ဖြစ်ပေါ်ဆဲဖြစ်သောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုဖြစ်ပေါ်ဆဲပစ္စုပ္ပန်ရုပ်၏ဖြစ်ပေါ်ခြင်း လက္ခဏာသည် ဥဒယ-ဖြစ်ခြင်း မည်၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည် ဝယ-ပျက်ခြင်း မည်၏၊ အဖြစ်အပျက်ကို ရှုမြင်ခြင်းသည် ဉာဏ်မည်၏၊ ဖြစ်ပေါ်ဆဲ ဝေဒနာသည်။ သညာသည်။ သခ်ါရသည်။ ဝိညာဏ်သည်။ စက္ခု-မျက်စိသည်။ ပ ။ဖြစ်ပေါ်ဆဲဖြစ်သောဘဝသည် ပစ္စုပ္ပန်မည်၏၊ ထိုဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ဘဝ၏ဖြစ်ပေါ်ခြင်း လက္ခဏာသည် ဥဒယ-ဖြစ်ခြင်းမည်၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည် ဝယ-ပျက်ခြင်းမည်၏၊ အဖြစ်အပျက်ကို ရှုမြင်ခြင်းသည် ဉာဏ်မည်၏။"

<u>ဥဒယဗ္ဗယဉာဏ်၏ အရှုခံတရားများမှာ</u>

ပစ္စုပ္ပန်ဖြစ်ဆဲဖြစ်သော ခဏသုံးပါး၌ အကျုံးဝင်သည့် ဥပါဒါနက္ခန္ဓာငါးပါး။ ပ ။ အဝိဇ္ဇာမှ ဘဝအထိ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၀-ပါးတို့ ဖြစ်သည်။ (စာမျက်နှာ ၁၀၅-ရှု)

<u>ဥဒယမည်ပုံ</u>- ဖြစ်ပေါ်ဆဲဖြစ်သည့် ပစ္စုပ္ပန်နာမ်ရုပ်၏ဖြစ်ပေါ်ခြင်း နိဗ္ဗတ္တိလက္ခဏာဟူသော ဖြစ်ခြင်း (ဇာတိ)၊ ဖြစ်ပေါ်ခြင်း (ဥပ္ပါဒ)၊ အသစ်ဖြစ်မှုအခြင်းအရာ(အဘိနဝါကာရ)ကို "ဥဒယ" ဟုခေါ်သည်။

<u>ဝယမည်ပုံ</u> - ဖြစ်ပေါ်ဆဲဖြစ်သည့် ပစ္စုပ္ပန်နာမ်ရုပ်၏ဖောက်ပြန်ခြင်း ဝိပရိဏာမလက္ခဏာ ဟူသော ကုန်ခြင်း(ခယ)၊ ပျက်ခြင်း(ဘင်္ဂ)ကို "ဝယ" ဟုခေါ်သည်။

ရှုမှတ်ပုံ

ယောဂီသည် ပစ္စုပ္ပန်နာမ်ရုပ်၏ ဖြစ်ပေါ်ခြင်း နိဗ္ဗတ္တိလက္ခဏာရှိသည့် ဖြစ်ခြင်း (ဇာတိ)၊ ဖြစ်ပေါ်ခြင်း (ဥပ္ပါဒ)၊ အသစ်ဖြစ်မှု အခြင်းအရာ(အဘိနဝါကာရ)ကို "ဥဒယ"ဟု အဖန်တလဲလဲ ရှုမှတ်နေရမည်၊ ထို့အတူ ပစ္စုပ္ပန်နာမ်ရုပ်၏ ဖောက်ပြန်ခြင်း ဝိပရိဏာမလက္ခဏာရှိသည့် ကုန်ခြင်း(ခယ)၊ ပျက်ခြင်း(ဘင်္ဂ)ကို "ဝယ"ဟု အဖန်တလဲလဲ ရှုမှတ်နေရမည်၊ ဤသို့လျှင် ခဏသုံးပါးသို့ရောက်ဆဲဖြစ်သည့် ပစ္စုပ္ပန်နာမ်ရုပ်၏အဖြစ်အပျက် လက္ခဏာ (ဥဒယဗ္ဗယသဘော)ကို အဖန်တလဲလဲ ရှုမှတ်နေရမည်။

www.dhammadownload.com

ဤသို့ရှုဖန်များသော် "ရုပ်နာမ်တို့သည်-
- မဖြစ်မီ ရုပ်နာမ်တို့၏ အစုအပုံသည်လည်းကောင်း, အပေါင်းသည်လည်းကောင်း ရှိနှင့်သည် မဟုတ်၊
- ဖြစ်ဆဲအခါ ရှိပြီး အစုအပုံမှလည်းကောင်း, အပေါင်းမှလည်းကောင်း လာခြင်း မဟုတ်၊
- ချုပ်ဆဲအခါ တစ်နေရာသို့ မသွား၊
- ချုပ်ပြီးသော ရုပ်နာမ်၏လည်း တစ်စုံတစ်ခုသောအရုပ်၌ အစုအပုံအားဖြင့်လည်းကောင်း, အပေါင်းအားဖြင့်လည်းကောင်း သိုမှီးသိမ်းဆည်းထားခြင်း မရှိ၊

ဥပမာ - စောင်းသံသည် မဖြစ်မီက အစုအဝေးမည်သည် မရှိ၊
- ဖြစ်ပေါ်ဆဲအသံသည်လည်း စုဝေးနေရာမှ လာခဲ့သည် မဟုတ်၊
- ချုပ်ဆဲအသံသည်လည်း တူရွှအရုပ်သို့ မသွား၊
- ချုပ်ပြီးအသံသည်လည်း တစ်စုံတစ်ခုသော အရုပ်၌မှ စုဝေးလျက် တည်နေသည် မဟုတ်၊

စင်စစ်သော်ကား စောင်းကိုလည်းကောင်း, လက်ခတ်ကိုလည်းကောင်း, တီးသူ၏အားထုတ်ခြင်းကိုလည်းကောင်း, စွဲမှီ၍ စောင်းသံသည် အစပထမက မရှိသေးမူ၍သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီးလျှင် တစ်ဖန် ပျောက်ကွယ်သွား၏၊ ဤအတူပင် ရုပ်နာမ်တရားတို့သည်လည်း အစပထမက မရှိသေးမူ၍သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီးလျှင် တစ်ဖန် ပျောက်ကွယ်သွား၏" ဟု ယောဂီသည် အပြားအားဖြင့် သိမြင်၏။

ဤဆိုခဲ့သည့်အတိုင်း အကျဉ်းအားဖြင့် အဖြစ်အပျက်ကို နှလုံးသွင်းခြင်းကို ပြုပြီးလျှင် တစ်ဖန် ဤဥဒယဗ္ဗယဉာဏ်ကိုပင် အကျယ်အားဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်၏။

၂။ ဥဒယဗ္ဗယ အကျယ်ရှုနည်း

အကျယ်အားဖြင့် အားထုတ်ရာ၌ ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဟောတော်မူပုံ

ရုပ်၏ဖြစ်ခြင်းကို ရှုပုံ
- အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
- တဏှာ ။ ။
- ကံ ။ ။
- အာဟာရ ။ ။ ဟုအကြောင်း၏ဖြစ်ခြင်းသဘောကြောင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်းကိုရှုမြင်၏။
- ဖြစ်ပေါ်ခြင်းလက္ခဏာကို ရှုမြင်၍လည်း ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

ဤသို့ ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို(အကြောင်း ၄-ပါး+ခဏ ၁-ပါး)ငါးပါးသောလက္ခဏာတို့ဖြင့် ရှု၏။

ရုပ်၏ပျက်ခြင်းကို ရှုပုံ
- အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏
- တဏှာ ။ ။
- ကံ ။ ။
- အာဟာရ ။ ။ ဟုအကြောင်း၏ချုပ်ခြင်းသဘောကြောင့် ရူပက္ခန္ဓာ၏ချုပ်ခြင်းကိုရှုမြင်၏၊
- ဖောက်ပြန်ခြင်းလက္ခဏာကို ရှုမြင်၍လည်း ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

ဤသို့ ရူပက္ခန္ဓာ၏ပျက်ခြင်းကို ငါးပါးသော လက္ခဏာတို့ဖြင့် ရှု၏။

ထို့အတူ ကြွင်းခန္ဓာတို့၌ နည်းတူပင် ရှု၏၊ ထိုသို့ ရှုရာတွင်
- ဝေဒနာက္ခန္ဓာ၏ အကြောင်း = အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ
- သညာက္ခန္ဓာ ။ = ။ ။
- သင်္ခါရက္ခန္ဓာ ။ = ။ ။
- ဝိညာဏက္ခန္ဓာ ။ = အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ် ဖြစ်သည်။

ဤသို့လျှင် ခန္ဓာ ၁-ပါးစီ၏ အဖြစ်အပျက်ကို လက္ခဏာ ၁၀-ပါးစီပြု၍ '၅၀' သော လက္ခဏာတို့၏အစွမ်းအားဖြင့် အကျယ်အားဖြင့် နှလုံးသွင်း၏။

www.dhammadownload.com

ဤသို့ နှလုံးသွင်းသော ယောဂီအား 'ဤ နာမ်ရုပ်တရားတို့သည် အစပထမက မရှိမူ၍ ဖြစ်ပေါ်လာကြကုန်၏၊ ဖြစ်ပေါ်ပြီးလျှင် တစ်ဖန်ပျောက်ကွယ်သွားကုန်၏'ဟူ၍ ဖြစ်သောအသိဉာဏ်သည် အထူးသန့်ရှင်းထက်မြက်လာ၏၊ ထိုယောဂီအား သစ္စာအပြား၊ ပဋိစ္စသမုပ္ပါဒ်အပြား၊ နည်းအပြား၊ လက္ခဏာအပြားတို့သည် ထင်ရှားလာ၏။

သစ္စာအပြား၊ ပဋိစ္စသမုပ္ပါဒ်အပြား၊ နည်းအပြား၊ လက္ခဏာအပြားတို့ ထင်ရှားပုံ

သစ္စာ ၄-ပါး ထင်ရှားပုံ

(၁) ပစ္စယအားဖြင့် ဥဒယ(အဖြစ်)ကို ရှုမြင်ခြင်းကြောင့် သမုဒယသစ္စာ ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဖြစ်စေတတ်သော ဇနကအကြောင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၂) ခဏအားဖြင့် ဥဒယ(အဖြစ်)ကို ရှုမြင်ခြင်းကြောင့် ဒုက္ခသစ္စာ ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဇာတိဒုက္ခကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၃) ပစ္စယအားဖြင့် ဝယ(အပျက်)ကို ရှုမြင်ခြင်းကြောင့် နိရောဓသစ္စာ ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် အကြောင်းမရှိလျှင် အကြောင်းနှင့်ဆက်စပ်၍ ဖြစ်ပေါ်ရသည့် အကျိုးတရားများ ထင်ရှားမဖြစ်ခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၄) ခဏအားဖြင့် ဝယ(အပျက်)ကို ရှုမြင်ခြင်းကြောင့် ဒုက္ခသစ္စာပင် ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် မရဏဒုက္ခကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၅) ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ အဖြစ်အပျက်ကိုရှုမြင်သည့် ဥဒယဗ္ဗယဝိပဿနာဉာဏ်သည်ပင် လောကီမဂ်ပေတည်း၊ ထို့ကြောင့် မဂ္ဂသစ္စာသည် ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် သခ်ါရတို့၏ဖြစ်မှုပျက်မှု၌ အလွန်တွေဝေနေသော သမ္မောဟကို ထိုလောကီမဂ်သည် တဒင်္ဂအားဖြင့် ပယ်သတ်နိုင်သောကြောင့်ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်သဘောတရား ထင်ရှားပုံ

(၁) ပစ္စယအားဖြင့် ဥဒယကို ရှုမြင်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် အနုလုံသဘောတရား ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းရှိလျှင် ဤအကျိုးဖြစ်သည်ဟု ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၂) ပစ္စယအားဖြင့် ဝယကိုရှုမြင်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ပဋိလုံသဘောတရား ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းချုပ်လျှင် ဤအကျိုးချုပ်သည်ဟု ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၃) ခဏအားဖြင့် ဥဒယဗ္ဗယ(အဖြစ်အပျက်)ကို ရှုမြင်ခြင်းကြောင့် ပဋိစ္စသမုပ္ပန္နဓေါ် အကြောင်းကိုစွဲ၍ဖြစ်သောအကျိုးတရားများ ထင်ရှားပေါ်လာကုန်၏၊ အဘယ်ကြောင့်ဆိုသော် သခ်ိတလက္ခဏာကိုထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်၊ မှန်၏၊ ဖြစ်ခြင်းပျက်ခြင်းရှိသည့် သဘောတရားတို့သည် သခ်ိတတရားများဖြစ်၏၊ ထိုသခ်ိတတရားတို့သည်လည်း ပဋိစ္စသမုပ္ပန္နတရား (အကြောင်းကို စွဲ၍ဖြစ်သည့် အကျိုးတရား)များပင် ဖြစ်၏။

နည်း ၄-ပါး ထင်ရှားပုံ

(၁) ပစ္စယအားဖြင့် ဥဒယကို ရှုမြင်ခြင်းကြောင့် ဇကတ္တနည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် အကြောင်းနှင့်အကျိုးဆက်စပ်ခြင်းဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့်ဖြစ်သည်၊ ထိုအချိန်၌ ပြတ်ဆဲအယူ-ဥစ္ဆေဒဒိဋ္ဌိကို သာ၍ပယ်စွန့်လာနိုင်၏။

(၂) ခဏအားဖြင့် ဥဒယကို ရှုမြင်ခြင်းကြောင့် နာနတ္တနည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် အသစ် အသစ်ဖြစ်သည့် ရုပ်နာမ်တို့၏ ဖြစ်ပေါ်ခြင်းသဘောကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်၊ ထိုအချိန်၌ တည်မြဲအယူ-သဿတဒိဋ္ဌိကို သာ၍ပယ်စွန့်လာနိုင်၏။

www.dhammadownload.com

(၃) ပစ္စယအားဖြင့် ဥဒယဗ္ဗယ (အဖြစ်အပျက်)ကို ရှုမြင်ခြင်းကြောင့် အဗျာပါရနည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ပရမတ္ထတရားတို့၏အလိုအတိုင်း မဖြစ်စေနိုင်ခြင်းသဘောကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်၊ ထိုအချိန်၌ ငါကောင်ဟုယူဆသော-အတ္တဒိဋ္ဌိကို သာ၍ပယ်စွန့်လာနိုင်၏။

(၄) ပစ္စယအားဖြင့် ဥဒယကိုရှုမြင်ခြင်းကြောင့် ဖြစ်ရိုးအတိုင်းဖြစ်သည်ဟုယူရသော ဧဝံမမ္မတာနည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် အကြောင်းအားလျော်စွာ အကျိုး၏ဖြစ်ခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့်ဖြစ်သည်၊ ထိုအချိန်၌ ကောင်းမှုမကောင်းမှုကို မပြုအပ်မပြုနိုင်ဟုယူသော-အကိရိယဒိဋ္ဌိကို သာ၍ပယ်စွန့်လာနိုင်၏။

လက္ခဏာ ၅-ပါး ထင်ရှားပုံ

(၁) ပစ္စယအားဖြင့် ဥဒယကို ရှုမြင်ခြင်းကြောင့် အနတ္တလက္ခဏာ ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ရုပ်နာမ်တရားတို့၏ အားမထုတ်တတ်သည်၏အဖြစ်၊ အကြောင်းနှင့်စပ်သောဖြစ်ခြင်း ရှိသည်၏အဖြစ် ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၂) ခဏအားဖြင့် ဥဒယဗ္ဗယကို ရှုမြင်ခြင်းကြောင့် အနိစ္စလက္ခဏာ ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဖြစ်ပေါ်ပြီးလျှင် မရှိတော့ခြင်း၊ ရေ့အဖို့, နောက်အဖို့၌ ကင်းဆိတ်ခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၃) ခဏအားဖြင့် ဥဒယဗ္ဗယကိုရှုမြင်ခြင်းကြောင့် ဒုက္ခလက္ခဏာလည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်တို့က မပြတ်နှိပ်စက်ခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့်ဖြစ်သည်။

(၄) ခဏအားဖြင့် ဥဒယဗ္ဗယကို ရှုမြင်ခြင်းကြောင့် သဘာဝလက္ခဏာလည်း ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် သင်္ခတတရားတို့၏ ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည့် (ပရိစ္ဆိန္နေ)သဘောကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

(၅) ခဏအားဖြင့် ဥဒယဗ္ဗယကိုရှုမြင်ခြင်းကြောင့် သဘာဝလက္ခဏာ၌ သင်္ခတလက္ခဏာ၏ အခိုက်အတန့်မျှ သာတည်တံ့ခြင်းသဘောသည် ထင်ရှားပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော် ဖြစ်ဆဲခဏ၌ ပျက်ခြင်း၏ မရှိခြင်း၊ ပျက်ဆဲခဏ၌ ဖြစ်ခြင်း၏ မရှိခြင်းကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဖြစ်သည်။

	အကြောင်းအားဖြင့် ရှုလျှင် ထင်ရှားပုံ			ခဏအားဖြင့် ရှုလျှင် ထင်ရှားပုံ		
	ဥဒယ	ဝယ	ဥဒယဗ္ဗယ	ဥဒယ	ဝယ	ဥဒယဗ္ဗယ
သစ္စာ ၄-ပါး:	သမုဒယ	နိရောဓ	မဂ္ဂ	ဒုက္ခ	ဒုက္ခ	မဂ္ဂ
ပဋိစ္စသမုပ္ပါဒ်	အနုလုံ	ပဋိလုံ				ပဋိစ္စသမုပ္ပန္နေ
နည်း ၄-ပါး:	ဧကတ္တ ဧဝံမမ္မတာ			နာနတ္တ		
လက္ခဏာ ၅-ပါး:	အနတ္တ					လက္ခဏာ ၄-ခု

ဤသို့ သစ္စာအပြားစသည် ထင်ရှားပေါ်လျက်ရှိသော ယောဂီအား-

- ဤရုပ်နာမ်တရားတို့သည် ရှေးကမဖြစ်ဘူးကုန်သေးဘဲ ဤပုံဤနည်းဖြင့် ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပေါ်လာကုန်ပြီးလျှင်လည်း ဤပုံဤနည်းဖြင့် ချုပ်ကုန်၏ဟု သင်္ခါရတရားတို့၏ အမြဲတမ်းအသစ်ချည်းသာဖြစ်လျက် ထင်ပေါ်ကုန်၏။
- အမြဲတမ်း အသစ်ချည်းသာ ဖြစ်ကုန်လျက် ထင်ပေါ်ကုန်သည်သာ မကသေး၊ ရုပ်နာမ်တရားတို့သည် နေထွက်သောအခါ နှင်းပေါက်ကဲ့သို့လည်းကောင်း၊ ရေပွက်ကဲ့သို့လည်းကောင်း၊ ရေ၌ တုတ်ဖြင့်ရေးသော အရေးအကြောင်းကဲ့သို့လည်းကောင်း၊ အပ်နဖားထွင်းစူးဖျာ၌ တင်လိုက်သော မုန့်ညင်းစေ့ကဲ့သို့ လည်းကောင်း၊ လျှပ်ပျက်သကဲ့သို့လည်းကောင်း လျင်မြန်တိုတောင်းသောကာလမျှ တည်ကုန်၏ ဟု လည်း ထင်ပေါ်၏။

www.dhammadownload.com

–ထို့ပြင် ရုပ်နာမ်တရားတို့သည် မျက်လှည့်၊ တံလျှပ်၊ အိပ်မက်၊ ပတ်ပတ်လှည့်သော မီးစက်ဝိုင်း၊ ဂန္ဓဗ္ဗနတ် ကျတ်သရဲတို့ ဖန်ဆင်းပြသောမြို့၊ ရေမြှုပ်စိုင်၊ ငှက်ပျောတုံး စသည်တို့ကဲ့သို့ အနှစ်မရှိ၊ အနှစ်ကင်းကုန်၏ ဟုလည်း ထင်ပေါ်၏။

ဤမျှ အားထုတ်ခဲ့သောဘာဝနာဖြင့် ယောဂီသည် ဥဒယဗ္ဗယာနုပဿနာမည်သော နုသောဝိပဿနာဉာဏ်(တရုဏဝိပဿနာဉာဏ်)ကို ရပြီးသော, အာရဒ္ဓဝိပဿကပုဂ္ဂိုလ်(အားထုတ်စပြုပြီးသောဝိပဿနာရှူသူ)ဟု ခေါ်ဝေါ်အပ်၏။

~ ~ ~ ~ ~ ~ ~ ~

ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတရား ဆယ်ပါး

တရုဏဝိပဿနာ ခေါ် ဥဒယဗ္ဗယာနုပဿနာဖြင့် ရှုမှတ်နေသော အာရဒ္ဓဝိပဿက ယောဂီပုဂ္ဂိုလ် သန္တာန်၌ ဝိပဿနာညစ်ညူးကြောင်း (ဝိပဿနုပက္ကိလေသ)တရားများ ဖြစ်ပေါ်လာ၏၊ ယင်းတရားတို့မှာ–

၁။ ဩဘာသ – အရောင်အလင်း
၂။ ဉာဏ – ဝိပဿနာဉာဏ်
၃။ ပီတိ – ။ နှင့် ယှဉ်သော ပီတိ
၄။ ပဿဒ္ဓိ – ။ ။ ကိုယ်စိတ်ငြိမ်းအေးခြင်း
၅။ သုခ – ။ ။ ချမ်းသာခြင်း
၆။ အဓိမောက္ခ – ယုံကြည်ဆုံးဖြတ်ခြင်း (ယုံကြည်မှု ကြည်လင်မှု သဒ္ဓါတရား)
၇။ ပဂ္ဂဟ – ချီးမြှောက်ခြင်း (အားထုတ်မှု လုံ့လဝီရိယ)
၈။ ဥပဋ္ဌာန – ထင်ခြင်း (အမှတ်ရမှုသတိ)
၉။ ဥပေက္ခာ – ဝိပဿနာဥပေက္ခာ နှင့် အာဝဇ္ဇန်းဥပေက္ခာ
၁၀။ နိကန္တိ – ဝိပဿနာ၌ ငြိကပ်တွယ်တာခြင်း

ဥပက္ကိလေသ ဖြစ်ပေါ်သောပုဂ္ဂိုလ်

နည်းလမ်းမှန်စွာကျင့်၍၊ မပြတ်မစဲ အားထုတ်နေသော၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည့်တိုင်အောင် အားထုတ်စပြုပြီးသော ဝိပဿနာရှူသူ၏ သန္တာန်၌သာ ဥပက္ကိလေသတရားတို့သည် ဖြစ်ပေါ်၏။

ဥပက္ကိလေသ မဖြစ်ပေါ်သောပုဂ္ဂိုလ်

(၁) မဂ် ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓသို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်၊
(၂) ဖောက်ပြန်မှားယွင်းစွာ ကျင့်သောပုဂ္ဂိုလ်၊
(၃) ကမ္မဋ္ဌာန်းကိုချထား၍ ရပ်နားနေသောပုဂ္ဂိုလ်၊
(၄) ပျင်းရိစွာ အားထုတ်နေသောပုဂ္ဂိုလ်၊

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ

'တရားထူးဟု ထင်မှတ်သော ပုံ့လွှင့်မှုက ဖောက်ပြန်စွာ ဖြစ်စေအပ်သော စိတ်သည် အဘယ်သို့ဖြစ်သနည်း?

မမြဲ ဟု နှလုံးသွင်းနေသော ပုဂ္ဂိုလ်အား အရောင်အလင်းသည် ဖြစ်ပေါ်လာ၏၊ ထို အရောင်အလင်းသည် တရားထူးတည်း ဟု အရောင်အလင်းကို နှလုံးသွင်း ဆင်ခြင်၏၊ ထိုအခါ ပုံ့လွှင့်ခြင်း ဥဒ္ဓစ္စ ဖြစ်၏၊ ထို ဥဒ္ဓစ္စက မှားယွင်းစွာ ယူအပ်, ဖြစ်စေအပ်သောစိတ်ရှိသည့် ယောဂီသည် မမြဲသော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိတော့၊ ဆင်းရဲသော အခြင်းအရာအားဖြင့်, အတ္တမဟုတ်သော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိတော့။'

ထို့အတူ 'မမြဲ ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား ဉာဏ်သည် ဖြစ်ပေါ်လာ၏ ။ ပ ။ ပီတိသည်။ ပဿဒ္ဓိသည်။ သုခသည်။ အဓိမောက္ခသည်။ ပဂ္ဂဟသည်။ ဥပဋ္ဌာနသည်။ ဥပေက္ခာသည်။ နိကန္တိသည်

www.dhammadownload.com

ဖြစ်ပေါ်လာ၏၊ ထို နိကန္တိသည် တရားထူးတည်း ဟု နိကန္တိကို နှလုံးသွင်းဆင်ခြင်၏၊ ထိုအခါ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စဖြစ်၏၊ ထို ဥဒ္ဓစ္စက မှားယွင်းစွာ ယူအပ်, ဖြစ်စေအပ်သော စိတ်ရှိသည့် ယောဂီသည် မမြဲသော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိတော့၊ ဆင်းရဲသော အခြင်းအရာအားဖြင့်, အတ္တမဟုတ်သော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိတော့' ဟူ၍ ဟောတော်မူ၏။

၁။ သြဘာသ

သြဘာသဟူသည် ဝိပဿနာစိတ်ကြောင့်ဖြစ်သော အရောင်အလင်း ပေတည်း။

ထိုသြဘာသဖြစ်လတ်သော် ယောဂီသည် 'ငါ့အား ဤမှရှေးကာလ၌ ဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်ဘူးသေး၊ မချုတ်ဓကန်ပင် ငါသည်မင်္ဂသို့ရောက်ပြီ ဖိုလ်သို့ရောက်ပြီ' ဟု မင်္ဂမဟုတ်သည်ကို 'မင်္ဂ' ဟုလည်းကောင်း၊ ဖိုလ်မဟုတ်သည်ကို 'ဖိုလ်' ဟုလည်းကောင်း ယူ၏၊ ယောဂီ၏ ဝိပဿနာလမ်းသည် လွဲချော်သွားသည် မည်၏၊ ယောဂီသည် မိမိ၏မူလကမ္မဋ္ဌာန်းကို စွန့်လွှတ်ပြီးလျှင် အရောင်အလင်းကို သာယာလျက် နေ၏။

<u>အရောင်အလင်း ပျံ့နှံ့ပုံ</u>

ဤအရောင်အလင်းသည် အချို့အား တင်ပလ္လင်ခွေအရပ်ကိုသာ လင်းစေလျက်ဖြစ်ပေါ်၏၊ အချို့အား တိုက်ခန်းအတွင်းအရပ်ကို၊ အချို့အား တစ်ကျောင်းလုံးကို၊ ၁-ဂါဝုတ်အရပ်၊ ယူဇနာခွဲအရပ်၊ ၁-ယူဇနာအရပ် ။ ပ ။ မြေပြင်မှ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ဖြစ်ပေါ်၏၊ မြတ်စွာဘုရားမှာမူကား တစ်သောင်းသော လောကဓာတ်ကို လင်းစေလျက် ဖြစ်ပေါ်၏။

သာဓကဝတ္ထု – စိတ္တလတောင် နံရံနှစ်ထပ်ရှိသော ကျောင်းဆောင်တွင်း၌ ၂-ပါးသော မထေရ်တို့ ထိုင်လျက်နေစဉ်, အင်္ဂါ၄-ပါးရှိသော အမှောင်ဖြစ်လျက်ရှိစဉ်၊ တစ်ပါးသောမထေရ်သည် "အရှင်ဘုရား ယခုအခါ အကျွန်ုပ်မှာ စေတီရင်ပြင်က မြတ်သောနေရာ၌ ငါးပါးအဆင်းရှိသော ပန်းတို့သည် ထင်ပေါ်နေ၏"ဟု ဆိုလျှင်၊ အခြားမထေရ်က "ငါ့ရှင်၊ အံ့ဖွယ် မဟုတ်သည်ကို ပြောဘိ၏၊ ငါ့မှာမူ ယခုအခါ မဟာသမုဒ္ဒရာထဲက တစ်ယူဇနာခန့် ကျယ်သောအရပ်ရှိ ငါးနှင့်လိပ်တို့သည် ထင်ပေါ်ကုန်၏"ဟု ပြော၏။

<u>အဓိမာနဖြစ်ပုံ သာဓက</u>

ဤ ဥပက္ကိလေသသည် သမထနှင့် ဝိပဿနာ နှစ်ပါးလုံးကိုရသောသူအား အများအားဖြင့် ဖြစ်တတ်၏၊ သမထနှင့် ဝိပဿနာ နှစ်ပါးလုံးကိုရသော ယောဂီသည် သမာပတ်ဖြင့် ခွါအပ်ပြီးသော ကိလေသာတို့၏ မဖြစ်ပေါ်လာခြင်းကြောင့် ငါသည်ရဟန္တာတည်းဟု ထင်သောစိတ်ဖြစ်၏၊ အဘယ်ကဲ့သို့နည်းဟူမူ-ဥစ္စဝါလိကအရပ်၌ သီတင်းသုံးသော မဟာနာဂမထေရ်ကဲ့သို့လည်းကောင်း၊ ဟံကနအရပ်၌ သီတင်းသုံးသော မဟာဒတ္တမထေရ်ကဲ့သို့လည်းကောင်း၊ စိတ္တလတောင် နိကပေန္နက ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးသော စူဠသုမနမထေရ်ကဲ့သို့လည်းကောင်း ဖြစ်ပေသည်၊ ထိုတွင် အောက်ပါမှာ တစ်ခုသောဝတ္ထုကို ပြဆိုချက်တည်း။

မဟာနာဂမထေရ်ဝတ္ထု တလင်္ကရအရပ်၌ သီတင်းသုံးသော ပဋိသမ္ဘိဒါမဂ်နှင့် ပြည့်စုံသော ဓမ္မဒိန္နမထေရ် ရဟန္တာအရှင်မြတ်သည် ဥစ္စဝါလိကအရပ်၌ သီတင်းသုံးသော မိမိ၏ ဆရာဖြစ်သူ မဟာနာဂမထေရ်၏ ပုထုဇဉ်အဖြစ်ကို တွေ့မြင်၍၊ "ငါမသွားလျှင် ပုထုဇဉ်၏ သေခြင်းကိုသာ ပြုရရှာလိမ့်မည်"ဟု သိသောကြောင့် မဟာနာဂမထေရ်ကြီးဆီသို့ သွားပြီးလျှင် ပြဿနာပေါင်း ၁၀၀၀ မေး၏၊ မေးတိုင်း ဖင့်နှေးခြင်းမရှိဘဲ ဖြေနိုင်၏၊ "အရှင်ဘုရား၏ဉာဏ်သည် အလွန်ထက်မြက်ပါပေသည်၊ အရှင်ဘုရားသည် ဤတရားကို ဘယ်အခါက ရ,ထားပါသနည်း" ဟု လျှောက်ထားလတ်သော် "လွန်ခဲ့သော နှစ် ၆၀-ကပင် ရ,ထား" ဟု ဆို၏၊ အဘိညာဉ်ဖြင့် ဆင်ဖြူတစ်ကောင် ဖန်ဆင်းခိုင်း, နားရွက်ကုတ် အမြီးထောင် နှာမောင်းခံတွင်းမှာထည့်ပြီး ကြောက်ဖွယ်ကောင်းသော ဆင်အော်သံကိုပြုလျက် အရှင်ဘုရားတို့ဆီသို့ ရှေးရှုပြုလျက်လာအောင် ထိုဆင်ကိုပြုပါဦးဟု လျှောက်၏၊ မဟာနာဂမထေရ်သည် ထိုသို့လျှောက်သည့်အတိုင်း ပြုပြီးလျှင်

www.dhammadownload.com

လျင်သောအဟုန်ဖြင့် ပြေးလာသော ဆင်၏ကြောက်မက်ဖွယ်ကောင်းသော အခြင်းအရာကိုမြင်၍ ထပြေးရန် အားထုတ်လေ၏၊ ထိုအခါ မဟာနာဂမထေရ်၏ လက်ကိုဆွဲကိုင်၍ "အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်အား ကြောက်ရွံ့ခြင်းမည်သည် ရှိပါသေးသလော"ဟု လျှောက်၏၊ ထိုအခါ၌ မဟာနာဂမထေရ်သည် မိမိ၏ ပုထုဇဉ်အဖြစ်ကို သိ၍ "ငါ့ရှင်မမွှဒိန္နေ, ငါ၏အားထားမှီခိုရာဖြစ်ပါလော့"ဟု ကမ္မဋ္ဌာန်းတော်း၏၊ 'အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရား၏ အားထားမှီခိုရာဖြစ်စေမည်ဟု ရည်ရွယ်၍ လာခဲ့ပါသည်၊ မစိုးရိမ်ပါကုန်လင့်' ဟုဆို၍ ကမ္မဋ္ဌာန်းကိုဟောကြား၏၊ စကြ်သို့တက်၍ အားထုတ်သော် တတိယခြေလှမ်း၌ ရဟန္တာဖြစ်၏၊ မဟာနာဂမထေရ်သည် ဒေါသစရိုက်ရှိ၏၊ ဤသို့သဘောရှိသောသူသည် အရောင်အလင်းကြောင့် တုန်လှုပ်ကုန်၏။

၂။ ဉာဏ်

ဉာဏ်ဟူသည် ဝိပဿနာဉာဏ်ဖြစ်၏၊ ရုပ်နာမ်တရားတို့ကို နှိုင်းချိန်စူးစမ်းသောယောဂီအား ပစ်လွှတ်လိုက်သော သိကြားမင်း၏ ဝရဇိန်လက်နက်ကဲ့သို့ မပျက်သောအဟုန်ရှိသော, ထက်မြက်ရဲရင့်သော, အလွန်သန့်ရှင်းသော အသိဉာဏ် ဖြစ်ပေါ်လာ၏။

၃။ ပီတိ

ပီတိဟူသည် ဝိပဿနာဉာဏ်နှင့်ယှဉ်သော ပီတိ ဖြစ်၏၊ ယောဂီအား

- ခုဒ္ဒိကာပီတိ = အနည်းငယ်နှစ်သိမ့် ဝမ်းမြောက်မှု
- ခဏိကာပီတိ = ခဏခဏဆင့်၍ ဖြစ်သော ဝမ်းမြောက်မှု
- သြက္ကန္တိကာပီတိ = လှိုက်လှိုက်လဲ့လဲ့သက်ဝင်လျက် ဝမ်းမြောက်မှု
- ဥဗ္ဗေဂါပီတိ = ခုန်ကြွတက်စေတတ်သော ။
- ဖရဏာပီတိ = တစ်ကိုယ်လုံး၌ နှံ့စေလျက် ။

ဟူသော ၅-ပါးအပြားရှိသော ပီတိသည် တစ်ကိုယ်လုံးကို ပြည့်စေလျက် ဖြစ်ပေါ်လာ၏။

၄။ ပဿဒ္ဓိ

ပဿဒ္ဓိဟူသည် ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကိုယ်စိတ်၏ငြိမ်းအေးမှု ဖြစ်၏၊ ယောဂီအား ကိုယ်စိတ်တို့၏ ပူပန်ခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ အမှုဋ္ဌ မခံခြင်း မပြုစွမ်းနိုင်ခြင်း၊ မကျန်းမာခြင်း၊ ကောက်ကျစ်ခြင်းမည်သည် မရှိ။

ကိုယ်စိတ်တို့သည် ငြိမ်းအေးကုန်၊ ပေါ့ပါးကုန်၊ နူးညံ့ကုန်၊ အမှုဋ္ဌခန့်ကုန်၊ ကောင်းစွာသန့်ရှင်းသန့်စွမ်းကုန်၊ ဖြောင့်မတ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။

ဤပဿဒ္ဓိအစရှိသည်တို့ဖြင့် ချီးမြှောက်အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍၊ ယောဂီသည် ဤကာလ၌ လူတို့ ခံစားခြင်းငှာ လျောက်ပတ်သော ကာမသုခရတိကို လွန်လျက် အမာနသိမည်သော မွေ့လျော်ခြင်းကို ခံစားရ၏၊ ထို အမာနသိရတိကို ရည်၍-

> "ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့ဝင်လျက် ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ ရုပ်နာမ်တရားကို မှန်ကန်စွာမြင်သော ရဟန်းအား လူတို့နှင့်မဆိုင်သော ပျော်မွေ့ခြင်းသည် ဖြစ်ပေါ်၏။"
>
> "အကြင်အကြင် ရုပ်အဖို့နာမ်အဖို့မှ ခန္ဓာတို့၏အဖြစ်အပျက်ကို သုံးသပ်၏၊ ထိုထိုသုံးသပ်တိုင်းသော ရုပ်အဖို့ နာမ်အဖို့တို့မှ ဝမ်းမြောက်ခြင်း-ပီတိ, နှစ်သိမ့်အားရခြင်း-ပါမောဇ္ဇကို ရ၏။ ထိုပီတိပါမောဇ္ဇသည် အဖြစ်အပျက်ကို သိမြင်သော ယောဂီတို့၏ အမြိုက်နိဗ္ဗာန်ပေတည်း"ဟု မြတ်စွာဘုရား ဟောကြားတော်မူပေသည်။

၅။ သုခ

သုခဟူသည် ဝိပဿနာဉာဏ်နှင့်ယှဉ်သော ချမ်းသာသုခ ဖြစ်၏၊ ယောဂီအား တစ်ကိုယ်လုံးစိုပြေစေလျက် အလွန်ကောင်းမြတ်သောချမ်းသာသည် ဖြစ်ပေါ်လာ၏။

www.dhammadownload.com

၆။ အဓိမောက္ခ

အဓိမောက္ခဟူသည် အလွန်သန့်ရှင်းကြည်လင်သော သဒ္ဓါတရားဖြစ်၏၊ ထိုသဒ္ဓါသည် ဤအရာ၌ကဲ့၏အကျိုးကိုလည်းကောင်း, ရတနာသုံးပါး၏ဂုဏ်ကိုလည်းကောင်း ယုံကြည်သောသဒ္ဓါမဟုတ်၊ ကိလေသာချောက်ခြားခြင်းကင်းသဖြင့် ဝိပဿနာနှင့်ယှဉ်သော, ယောဂီ၏စိတ်စေတသိက်တို့ကို အလွန်အကဲကြည်လင်စေတတ်သော သန်မြန်အားရှိသော သဒ္ဓါဖြစ်၏။

၇။ ပဂ္ဂဟ

ပဂ္ဂဟဟူသည် ဝိပဿနာနှင့် ယှဉ်သော မလျော့လွန်း မတင်းလွန်းသော ကောင်းစွာ ချိုးမြှောက်အပ်သောဝီရိယ ဖြစ်၏။

၈။ ဥပဋ္ဌာန

ဥပဋ္ဌာနဟူသည် ဝိပဿနာနှင့်ယှဉ်သော, ရုပ်နာမ်ကိုကောင်းစွာမှတ်သော, ဆန့်ကျင်ဘက်တရားသည် မလုပ်မရှားအပ်သည်ဖြစ်၍ အာရုံ၌ မြဲစွာကပ်၍တည်သော (ကောင်းစွာစိုက်ထားအပ်သော ကျောက်စာတိုင်, မြင်းမိုရ်တောင်နှင့် တူသော) အမှတ်ရမှုသတိ ဖြစ်၏၊ ယောဂီ၏ ဆင်ခြင်တိုင်းသောအရာဌာနတို့၌ ဒိဗ္ဗစက္ခု-အဘိညာဉ်ရသောပုဂ္ဂိုလ်အား တစ်ပါးသောလောကသည် ထင်သကဲ့သို့ အမှတ်ရမှုသတိသည် ပြေးဝင်၍ ထင်ပေါ်လာ၏။

၉။ ဥပေက္ခာ

ဥပေက္ခာဟူသည် သင်္ခါရတို့၌ အလယ်အလတ်သဘောဖြစ်သော ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာပေတည်း၊ ဤအခါ၌ သင်္ခါရတို့၌ လျစ်လျူရှု၍ဖြစ်သော ဝိပဿနုပေက္ခာသည် အားကြီးစွာ ဖြစ်ပေါ်၏၊ မနောဒ္ဓါရ၌ ဆင်ခြင်မှု အာဝဇ္ဇနုပေက္ခာသည်လည်း အားကြီးစွာ ဖြစ်ပေါ်နေ၏၊ အာဝဇ္ဇနုပေက္ခာသည် ထိုထို အရာဌာနကိုဆင်ခြင်သောယောဂီအား သိကြားမင်းပစ်လွှတ်လိုက်သော ဝရဇိန်လက်နက်ကဲ့သို့ ရဲရင့်ထက်မြက်သည်ဖြစ်၍ ဆောင်သွား၏။

၁၀။ နိကန္တိ

နိကန္တိဟူသည် ဝိပဿနာ၌ ငြိတွယ်လျက် သိမ်မွေ့သော ငြိမ်သက်သော နှစ်သက်ပျော်မွေ့မှု နိကန္တိဖြစ်၏၊ ယင်းသို့သော နိကန္တိသည် ကိလေသာဟု သိမ်းဆည်းရန် သိရန်ပင် မစွမ်းနိုင်ဘဲ ရှိတတ်၏။

အရောင်အလင်းဖြစ်ပေါ်လာရာ၌ကဲ့သို့ ထို့အတူပင် ဤဉာဏ်စသည်တို့တွင်လည်း တစ်ပါးပါးဖြစ်ပေါ်လာလတ်သော် ယောဂီသည် 'ငါ့အား ဤမှရှေးကာလ၌ ဤသို့ သဘောရှိသောဉာဏ်သည် မဖြစ်ဘူးသေး၊ မချွတ်ဧကန်ပင် ငါသည် မဂ်သို့ရောက်ပြီ၊ ဖိုလ်သို့ရောက်ပြီ' ဟု မဂ်မဟုတ်သည်ကို 'မဂ်' ဟု လည်းကောင်း၊ ဖိုလ်မဟုတ်သည်ကို 'ဖိုလ်' ဟုလည်းကောင်း ယူ၏၊ ယောဂီ၏ ဝိပဿနာလမ်းသည် လွဲချော်သွားသည် မည်၏၊ ယောဂီသည် မိမိ၏မူလကမ္မဋ္ဌာန်းကို စွန့်လွှတ်ပြီးလျှင် ဉာဏ်ကိုသာယာလျက်နေ၏၊ ထို့အတူ ပီတိသည် ။ ပ ။ နိကန္တိကို သာယာလျက်နေ၏။

ဥပက္ကိလေသ နှင့် ဥပက္ကိလေသဝတ္ထု

ဤ ၁၀-ပါးတို့တွင် ရှေ့ ၉-ပါးတို့သည် ဥပက္ကိလေသ၏ အာရုံဝတ္ထုဖြစ်သောကြောင့် ဥပက္ကိလေသဟူ၍ ဆိုအပ်ကုန်၏၊ အကုသိုလ်ဖြစ်သောကြောင့် ဥပက္ကိလေသဟူ၍ဆိုခြင်းကား မဟုတ်ပေ၊ နိကန္တိသည်သာ ဥပက္ကိလေသလည်း ဖြစ်၏၊ ဥပက္ကိလေသ၏ အာရုံဝတ္ထုလည်း ဖြစ်၏။

ထိုဥပက္ကိလေသတို့သည် အာရုံဝတ္ထု အလိုအားဖြင့်သာလျှင် ၁၀-ပါး ဖြစ်ကုန်၏၊ စွဲလမ်းမှု(ဂါဟ)တို့ အလိုအားဖြင့်မူကား ၃၀-ဖြစ်ကုန်၏။

www.dhammadownload.com

ဩဘာသဒ္ဒ စွဲလမ်းမှု(ဂါဟ) ဖြစ်ပုံမှာ-

(၁) ငါ့အား အရောင်အလင်းဖြစ်ပေါ်သည်ဟု ယူသောသူအား ဒိဋ္ဌစွဲ (ဒိဋ္ဌိဂါဟ) ဖြစ်၏၊

(၂) နှစ်လိုဖွယ်ကောင်းသော အရောင်အလင်းဖြစ်ပေါ်သည် ဟု ယူသောသူအား မာနစွဲ(မာနဂါဟ) ဖြစ်၏၊

(၃) အရောင်အလင်းကို သာယာသောသူအား တဏှာစွဲ (တဏှာဂါဟ) ဖြစ်၏။

ဤသို့လျှင် ဒိဋ္ဌိ မာန တဏှာတို့ အလိုအားဖြင့် စွဲလမ်းမှုဂါဟသုံးပါးတို့ ဖြစ်ပေါ်၏၊ ကြွင်းသော ဥပက္ကိလေသဝတ္ထုတို့၌လည်း ထို့အတူပင်တည်း။

ဝိပဿနာအန္တရာယ် ဥပက္ကိလေသတရားတို့ ဖြစ်ပေါ်လာလျှင် မကျွမ်းကျင်မလိမ္မာသော ယောဂီသည် တုန်လှုပ်ပျံ့လွင့်၏၊ တုန်လှုပ်ပျံ့လွင့်ပုံကား ဩဘာသစသည်တို့တွင် တစ်ခုခုကို 'ဤအရာသည် ငါ၏ဥစ္စာတည်း၊ ဤအရာသည် ငါဖြစ်သည်၊ ဤအရာသည် ငါ၏အတ္တတည်း'ဟု ရှု၏(ထင်မှတ်၏)။

မဂ်မှန်နှင့်မဂ်မှား ပိုင်းခြားခြင်း

တတ်သိလိမ္မာ ပညာဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်ကား-

"ဤဩဘာသ စသည်တို့သည် မမြဲသောတရားတည်း၊ ပေါင်းစုပြုပြုအပ်သော သခန်တတရားတည်း၊ အကြောင်းကိုစွဲ၍ ဖြစ်သောတရားတည်း၊ ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ ပျောက်ပျယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘော ရှိ၏"ဟု ပညာဖြင့် ပိုင်းခြားဆုံးဖြတ်၏၊ စူးစိုက်၍ ရှုဆင်ခြင်၏။(သို့မဟုတ်)

"အရောင်အလင်းသည် အကယ်၍ အတ္တဟုတ်ငြားအံ့၊ အတ္တဟုယူရန် သင့်ရာ၏၊ သို့သော် အတ္တမဟုတ်ပါဘဲလျက် အတ္တဟုယူထားကုန်၏၊ ထို့ကြောင့် အရောင်အလင်းသည် အလိုအတိုင်းမဖြစ်ခြင်း အနက်သဘောကြောင့် အတ္တမဟုတ်၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ပျောက်ကွယ်သွားခြင်း အနက်သဘောကြောင့် မမြဲ၊ ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘောကြောင့် ဆင်းရဲ"ဟု ရှု၏၊ ဤသို့ စသည်ဖြင့် အလုံးစုံကို နာမ်သုံးသပ်ပုံ ၇-မျိုးဖြင့် ဆိုခဲ့ပြီးသောနည်းဖြင့် ချဲ့၍ သိအပ်၏၊ အရောင်အလင်းဖြစ်ကဲ့သို့ ထို့အတူ ကြွင်းသော ဥပက္ကိလေသဝတ္ထုတို့၌လည်း သိအပ်၏။

ယောဂီသည် ဤဆိုခဲ့သည့်အတိုင်း စူးစိုက်၍ ရှုဆင်ခြင်ပြီးလျှင် အရောင်အလင်းကို "ဤအရောင်အလင်းသည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်"ဟု ရှု၏၊ ဉာဏ်ကို။ပ။ နိကန္တိကို။ ပ။ ရှု၏။ ဤသို့ရှုမြင်သောယောဂီသည် ဩဘာသစသည်တို့ကြောင့် မတုန်လှုပ်တော့၊ ထို့ကြောင့် ရှေးဆရာတို့သည်-

"အကြင် ယောဂီအား ဤ ၁၀-ပါးသော ဌာနတို့ကိုသိမ်းဆည်း၍ ဆင်ခြင်သောဉာဏ်ပညာ ရှိ၏၊ ထို ယောဂီသည် တရားထူးဟု ဆင်ခြင်လျက် ပျံ့လွင့်သောမမ္မဒ္ဒစ္ဆ၌ ကျွမ်းကျင်လိမ္မာ၏၊ ပျံ့လွင့်ခြင်းသို့လည်း မရောက်"ဟု- မိန့်ဆိုကုန်၏။

မှတ်ချက်။ မမ္မဒ္ဒစ္ဆ = တရားနှင့် ပတ်သက်သော ပျံ့လွင့်ခြင်း၊

မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤသို့ ပျံ့လွင့်ခြင်းသို့မရောက်သော ယောဂီသည် ၃၀-အပြားရှိသော ဥပက္ကိလေသအမြွေးအယှက်ကို သုတ်သင်ရှင်းလင်းကုန်စင်အောင် ဖျက်ဆီး၍ 'ဤဩဘာသစသည်ကား လမ်းမှန်မဟုတ်၊ ရှုမြဲရှုလျက် လမ်းမှန်သွားသော ရှုသိမှု ဝိပဿနာဉာဏ်သည်သာ လမ်းမှန်တည်း'ဟု လမ်းမှန်ကိုလည်းကောင်း၊ လမ်းမှားကိုလည်းကောင်း ပိုင်းခြားဆုံးဖြတ်၏၊ ဤသို့ ပုဗ္ဗဘာဂမဂ်လမ်းမှန်, လမ်းမှားဟု ပိုင်းခြားသိမြင်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ မည်၏။

သစ္စာသုံးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိပုံ

ဤမျှအားထုတ်ခဲ့သော ဘာဝနာအစီအရင်ဖြင့် ယောဂီသည် သစ္စာသုံးပါးပိုင်းခြားခြင်းကို ပြုပြီးဖြစ်လေတော့သည်၊ ဖြစ်ပုံမှာ-

www.dhammadownload.com

– ဒိဋ္ဌဝိသုဒ္ဓိဉ် နာမ်နှင့်ရုပ်ကိုပိုင်းခြားသိခြင်းသည် (လောကီဉာဏ်ဖြင့်) ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းဖြစ်၏။
– ကင်္ခါဝိတရဏဝိသုဒ္ဓိဉ် နာမ်နှင့်ရုပ်တို့၏အကြောင်းကိုသိမ်းဆည်းခြင်းသည် (လောကီဉာဏ်ဖြင့်) သမုဒယသစ္စာကို ပိုင်းခြားသိခြင်းဖြစ်၏။
– မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉ် လမ်းမှန်ကိုကန့်သတ်ပိုင်းခြားခြင်းသည် (လောကီဉာဏ်ဖြင့်) မဂ္ဂသစ္စာကို ပိုင်းခြားသိခြင်းဖြစ်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။



www.dhammadownload.com

၁၂။ အဆိပ်ဖြင့် နှိပ်စက်ခံရသောသူသည် အဆိပ်ပျောက်ဆေးကို တောင့်တသကဲ့သို့ = ကိလေသာအဆိပ်ဖြင့် ထိပါးနှိပ်စက်အပ်သောယောဂီသည် အဆိပ်ကို ချေဖျောက် ပယ်ဖျက်တတ်သော အမြိုက်ဆေးဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

ပတိလီနစရပုဂ္ဂိုလ်

ဤမျှသော ဘာဝနာအစီအရင်ဖြင့် အားထုတ်လာခဲ့သော ယောဂီပုဂ္ဂိုလ်ကို ပတိလီနစရပုဂ္ဂိုလ် (ဘဝ စသည်တို့၌ စိတ်ကိုတွန့်ဆုတ်အောင် ပြုကျင့်သူ)ဟု ခေါ်ပေသည်၊ ဤပုဂ္ဂိုလ်ကိုရည်ရွယ်၍ မြတ်စွာဘုရားရှင်သည်-

"အကြင်ရဟန်းသည် မိမိကိုယ် ဟူသော အတ္တဘောကို ဘဝသုံးပါး၌ တစ်ဖန်ဖြစ်သောအားဖြင့် မပြရာ၊ ဆိတ်ငြိမ်ရာ ဝိဝေကအရပ်သို့ မှီဝဲချဉ်းကပ်လျက် ထိုထိုအာရုံမှ စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော ထိုရဟန်း၏ ဘဝသုံးပါး၌ မိမိအတ္တဘောကိုမမြင်ရခြင်းသည် လွန်စွာသင့်လှ၏-ဟူ၍ အရိယာသူတော်ကောင်းတို့ မိန့်ဆိုကြ၏" ဟု ဟောတော်မူလေသည်။

~ ~ ~ ~ ~ ~ ~ ~

ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ် သခ်ါရုပေက္ခာဉာဏ်သည်

၁။ ယောဂီ၏ ပတိလီနစရပုဂ္ဂိုလ်အဖြစ်ကို ကိန်းသေမှတ်ပါသည်။

၂။ အရိယာမဂ်၏ ဗောဇ္ဈင်အထူး၊ မဂ္ဂင်အထူး၊ ဈာနင်အထူး၊ ပဋိပဒါအထူး၊ ဝိမောက္ခအထူးကို ကိန်းသေမှတ်ပါသည်။

ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာနင်တို့ကို ကိန်းသေသတ်မှတ်ပုံ

ဗောဇ္ဈင်အထူး၊ မဂ္ဂင်အထူး၊ ဈာနင်အထူးကို သတ်မှတ်ရာ၌ ဝါဒသုံးမျိုးဖြင့် ဖော်ပြထားသည်။

(က) တိပိဋကဓူဝန္တနာဂမထေရ်စသော အချို့ဆရာတို့အလို

ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာနင်အထူးကို အရိယာမဂ်၏အနီးဌာနဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏အခြေခံဖြစ်သည့် ပါဒကဈာန်က ကိန်းသေသတ်မှတ်သည် ဟု ဆို၏။

(ခ) မဟာဒတ္တမထေရ်စသော အချို့ဆရာတို့အလို

ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာနင်အထူးကို အရိယာမဂ်၏ အနီးဌာနဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အရှေ့ခံအာရုံဖြစ်သော ခန္ဓာတို့က ကိန်းသေသတ်မှတ်သည် ဟု ဆို၏။

(ဂ) တိပိဋကဓူဇဘယမထေရ်စသော အချို့ဆရာကိုအလို

ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာနင်အထူးကို ဝိပဿကပုဂ္ဂိုလ်၏အလိုအဖျာသယက ကိန်းသေသတ်မှတ်သည် ဟု ဆို၏။

(က) <u>ပထမမထေရ်၏ဝါဒ ရှင်းလင်းချက်</u>

(၁) - သုက္ခဝိပဿက ပုဂ္ဂိုလ်၊

- ဈာန်ရသော်လည်း ဈာန်ကိုအခြေခံမပြုဘဲ သခ်ါရတရားတို့ကိုသာ သုံးသပ်သောပုဂ္ဂိုလ်၊
- ပထမဈာန်ကိုအခြေခံ၍ပထမဈာန်မှတစ်ပါးသော ပကိဏ္ဏကသခ်ါရတို့ကိုသုံးသပ်သောပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်တို့၌ ဖြစ်ပေါ်သောမဂ်သည် ပထမဈာန်နှင့်သာယှဉ်၏၊ ထို့ကြောင့် အရိယာမဂ် သုံးမျိုးလုံး၌ ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး, ဈာနင် ၅-ပါးတို့ ဖြစ်ကုန်၏။

ဤအရိယာမဂ်တို့၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သော်လည်းကောင်း၊ ဥပေက္ခာသဟဂုတ်သော်လည်းကောင်း ဖြစ်၍ ထသောကာလ၌ (ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်သော်) သောမနဿသဟဂုတ်သာ ဖြစ်၏။

(၂) ပဉ္စကနည်း၌ ဒုတိယဈာန်ကို အခြေပြု၍ ဖြစ်စေအပ်သောမဂ်၌ ဈာနင် ၄-ပါး, မဂ္ဂင်၇-ပါး (သမ္မာသင်္ကပ္ပကြဉ်), ဗောဇ္ဈင် ၇-ပါး ဖြစ်ကုန်၏။

www.dhammadownload.com

နွားတို့ကို စွန့်လွှတ်ခြင်းကဲ့သို့ = ဂေါတြဘူ
လျင်သောအဟုန်ဖြင့် ပြေးသွားခြင်း = မဂ်
ဘေးမဲ့ရာအရပ်၌ တည်နေခြင်း = ဖိုလ်

၅။ ဘီလူးမဉ္ဇပမာ

ဘီလူးမနှင့် အတူတကွပေါင်းသင်း နေထိုင်ခြင်းကဲ့သို့ = ခန္ဓာတို့ကို ငါ, ငါ့ဥစ္စာဟု မှတ်ယူခြင်း
သုသာန်၌လူသားစားနေသည်ကိုမြင်၍ဘီလူးမဟုသိခြင်း = လက္ခဏာ၃-ပါး အစွမ်းဖြင့် ခန္ဓာတို့အား အနိစ္စ စသည် ဟု သိခြင်း
ကြောက်လန့်သော ကာလကဲ့သို့ = ဘေးအားဖြင့်ထင်သောဘယတုပဋ္ဌာနဉာဏ် (+အာဒီ/နိဗ္ဗိဒါ)
ပြေးခြင်းငှာ အလိုရှိသည်၏အဖြစ်ကဲ့သို့ = မုဉ္စိတုကမျတာဉာဏ် (+ပဋိ/သန်္ဓိရ)
သုသာန်ရပ်ကို စွန့်ခြင်းကဲ့သို့ = ဂေါတြဘူ
လျင်သောအဟုန်ဖြင့် ပြေးသွားခြင်း = မဂ်
ဘေးမဲ့ရာအရပ်၌ တည်နေခြင်း = ဖိုလ်

၆။ လမ်းမှသူငယ်ဥပမာ

သူတစ်ပါး၏သားကို မိမိ၏သားဟု မှတ်ယူခြင်းကဲ့သို့ = ခန္ဓာအား ငါ, ငါ့ဥစ္စာ ဟု မှတ်ယူခြင်း
ဤသူငယ်ကားသူတစ်ပါး၏သားဟုသိခြင်း = လက္ခဏာ ၃-ပါးအစွမ်းဖြင့် ခန္ဓာတို့အား အနိစ္စ စသည် ဟု သိခြင်း
ထိတ်လန့်ခြင်းကဲ့သို့ = ဘယတုပဋ္ဌာနဉာဏ် (+အာဒီ/နိဗ္ဗိဒါ)
ထိမှ ဤမှ ကြည့်ရှုခြင်းကဲ့သို့ = မုဉ္စိတုကမျတာဉာဏ် (+ပဋိ/သန်္ဓိရ)
လမ်းမ၌သာ သူငယ်ကို ပြန်ချထားခြင်းကဲ့သို့ = အနုလောမဉာဏ်
ချထားပြီး လမ်း၌ တည်သောကာလကဲ့သို့ = ဂေါတြဘူဉာဏ်
ပြဿဒ်သို့ တက်ခြင်း = မဂ်ဉာဏ်
ထိုင်နေခြင်း = ဖိုလ်ဉာဏ်

၇။ ဆာလောင်မှုဖြင့် နှိပ်စက်ခံရသောသူသည် အရသာရှိသော ဘောဇဉ်ကိုတောင့်တသကဲ့သို့ = သံသရာဝဋ်ဆင်းရဲက နှိပ်စက်အပ်သောယောဂီသည် သေခြင်းကင်းသည့် အမြိုက်အရသာရှိသော ကာယဂတာသတိကို တောင့်တ၏။

၈။ ရေတံသူသည် လည်ချောင်းခံတွင်း ခြောက်ကပ်၍ဖျော်ရည်ကို တောင့်တသကဲ့သို့ = သံသရာဝဋ်ဆင်းရဲ ဟူသော ရေတံခြင်းဖြင့် နှိပ်စက်အပ်သောယောဂီသည် အင်္ဂါ၈-ပါးရှိသော အရိယာမဂ်ဖျော်ရည်ကို တောင့်တ၏။

၉။ အအေးဖြင့် နှိပ်စက်ခံရသောသူသည် အပူ(နွေးထွေးမှု)ကို တောင့်တသကဲ့သို့ = သံသရာဝဋ်ဆင်းရဲ၌ တဏှာအစေးဖြင့် ထိပါး နှိပ်စက်အပ်သောယောဂီသည် ကိလေသာ(တဏှာ)ကိုပူလောင် (လောင်ကျွမ်း)စေသောအရိယာမဂ်မီးကိုတောင့်တ၏။

၁၀။ အပူဖြင့် နှိပ်စက်ခံရသောသူသည် အအေးကို တောင့်တသကဲ့သို့ = သံသရာဝဋ်ဆင်းရဲ၌ မီး ၁၁-ပါးဖြင့် ပူလောင်သော ယောဂီသည် ငြိမ်းအေးရာ နိဗ္ဗာန်ကို တောင့်တ၏။

၁၁။ အမှောင်ဖြင့်ဖုံးလွှမ်းနှိပ်စက်ခံရသောသူသည် အရောင်အလင်းကို တောင့်တသကဲ့သို့ = အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ဖြင့်မြေးယှက် ဖုံးလွှမ်းအပ်သော ယောဂီသည် ဉာဏ်အရောင် အလင်းရှိသော အရိယာမဂ်ဘာဝနာကို တောင့်တ၏။

www.dhammadownload.com

ဝုဋ္ဌာနဂါမိနီဝိပဿနာ ထင်ရှားစေရန် ဥပမာ ၁၂-ခု

"လင်းနို့ မြွေဟောက်၊ မီးတောက်အိမ်ဝယ်၊
နွား ဘီလူးမ၊ လမ်းမှသူငယ်၊
ဆာလောင် ရေငတ်၊ အေးလတ် ပူတယ်၊
အမှောင်ဖုံး၊ နောက်ဆုံး အဆိပ်နှယ်။"

၁။ လင်းနို့ဥပမာ

လင်းနို့ = ယောဂီ
ခက်မ ၅-ဖြာရှိသော သစ်မည်စည်ပင် = ဥပါဒါနက္ခန္ဓာ ၅-ပါး
လင်းနို့ဝင်နားခြင်း = ခန္ဓာ ၅-ပါး၌ နှလုံးသွင်းခြင်း
လင်းနို့၏ပထမကိုင်း၌တစ်စုံတစ်ရာမျှ ယူလောက်စရာမမြင် = ရူပက္ခန္ဓာကိုသုံးသပ်၍ ထိုခန္ဓာ၌ နိစ္စ,သုခ စသော အနှစ်မမြင်
ကြွင်းသောကိုင်းတို့၌ စုံစမ်းခြင်း = ကြွင်းခန္ဓာ၄-ပါးတို့ကို သုံးသပ်ခြင်း
သစ်ပင်၌ တပ်ခြင်း အာလယကို စွန့်ခြင်း = ခန္ဓာ ၅-ပါး၌ အနိစ္စလက္ခဏာ စသည်ကို မြင်၍(လည်ဝယ်ဆွဲထားသော ခွေးကောင် ပုပ်ကဲ့သို့)စွန့်လွှတ်လိုခြင်း(မုဉ္ဇ,ပဋိ, သခ်ါရပေက္ခာဉာဏ် ၃-ပါး ဖြစ်ခြင်း)
ဖြောင့်မတ်သောခေါင်ကိုင်းဖြင့် အထက်သို့ တက်ခြင်း = အနုလောမဉာဏ်
အထက်ကို မျှော်ကြည့်ခြင်း = ဂေါတြဘူဉာဏ်
ကောင်းကင်၌ ပျံသွားခြင်း = မဂ်ဉာဏ်
အခြားသစ်ပင်၌ နားခြင်း = ဖိုလ်ဉာဏ်

၂။ မြွေဟောက်ဥပမာ (ပဋိသန်ဓိဉာဏ်-မြို့ုံးဝမှငါးဖမ်းရာ မြွေမိသောဥပမာ အဆက်)

မြွေကိုလွှတ်ခြင်းကဲ့သို့ = ဂေါတြဘူ
လွှတ်ပြီး လာခဲ့ရာလမ်းကိုကြည့်ရှုလျက် ရပ်တည်ခြင်း = မဂ်
သွားပြီး ဘေးကင်းရာအရပ်၌ တည်ခြင်း = ဖိုလ်

၃။ မီးတောက်အိမ်ဥပမာ

အိမ်ရှင်၏အိပ်ပျော်ခြင်းကဲ့သို့ = ဗာလပုထုဇဉ်၏ ခန္ဓာ ၅-ပါး၌ ငါ, ငါ့ဥစ္စာ ဟု မှတ်ယူခြင်း
အိပ်ရာမှနိုးသော် မီးကိုမြင်၍လန့်ခြင်း = မှန်ကန်သောအကျင့်ကိုကျင့်လျက် လက္ခဏာ ၃-ပါးကိုမြင်၍ ဘေးအားဖြင့် ထင်သောဘယဉာဏ်
ထွက်ပေါက်လမ်းကို ကြည့်ရှုခြင်း = မုဉ္ဇတုကမျတာဉာဏ်
" မြင်ခြင်း = အနုလောမဉာဏ်
ထွက်သွားခြင်း = ဂေါတြဘူဉာဏ်
လျင်သောအဟုန်ဖြင့် ပြေးသွားခြင်း = မဂ်ဉာဏ်
ဘေးမဲ့ရာအရပ်၌ တည်နေခြင်း = ဖိုလ်ဉာဏ်

၄။ နွားဥပမာ

မင်း၏နွားတို့ကို ငါ၏နွားဟု မှတ်ယူခြင်းကဲ့သို့ = ဗာလပုထုဇဉ်၏ခန္ဓာတို့ကို ငါ,ငါ့ဥစ္စာဟုမှတ်ယူခြင်း
မိုးလင်းသော် မင်း၏နွားတို့ ဟုသိခြင်း = လက္ခဏာ၃-ပါးအစွမ်းဖြင့် ခန္ဓာတို့အား အနိစ္စစသည်ဟု သိခြင်း
ထိုသို့သိ၍ ကြောက်လန့်ခြင်း = ဘယတုပဋ္ဌာနဉာဏ် (အာဒီ/နိဗ္ဗိဒါ)
နွားတို့ကို စွန့်လွှတ်၍ သွားလိုသည့်အဖြစ်ကဲ့သို့ = မုဉ္ဇတုကမျတာဉာဏ် (ပဋိ/သခ်ါရ)

www.dhammadownload.com

ဖြစ်ပေါ်လာသော ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရကိုလည်းကောင်း၊ ဝိညာဏ်ကို လည်းကောင်း 'ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကား နာမ်တရားတည်း'ဟု ပိုင်းခြားဆုံးဖြတ်၍ နာမ်တရား များကိုလည်း အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ရမည်၊ ရုံခါ ရုပ်တရားတို့ကို ရှု၍ ရုံခါ နာမ်တရားတို့ကို ရှုမှတ် ရမည်၊ ဤသို့ ရှုမှတ်နေသောယောဂီပုဂ္ဂိုလ်၏ ဝိပဿနာသည် ရုပ်တရားတို့ကို ရှုမှတ်သုံးသပ်ရာ အခိုက် အတန့်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်မိသွား၏၊ ဤသို့ ဆက်စပ်မိသည်ကို ရုပ်တရားကို နှလုံးသွင်း၍ ရုပ်တရားမှ ထခြင်း ဟု ခေါ်သည်။

မှတ်ချက်။ ။ အမှတ်စဉ် ၆။ ၇။ နှင့် ၈။ ကို အထက်ပါနည်းကို မှီး၍သိပါ။

၉။ ခန္ဓာ ၅-ပါးတို့မှ တစ်ပြိုင်နက် ထခြင်း

အချို့သောယောဂီပုဂ္ဂိုလ်သည် 'အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်တရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုတရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏' ဟု ဤသို့ ရှေးဦးစွာ နှလုံးသွင်း၍၊ ဤသို့သောနည်းဖြင့် သာလျှင် ဝုဋ္ဌာန ဟူသော အရိယာမဂ်နှင့် အတူတကွ ဆက်စပ်မိသွားငြားအံ့၊ ဤသို့ ဆက်စပ်မိခြင်းကို ခန္ဓာ ၅-ပါးမှ တစ်ပြိုင်နက်ထခြင်း ဟု ခေါ်၏။

၁၀။ အနိစ္စဖြင့် နှလုံးသွင်း၍ အနိစ္စဖြင့် ထခြင်း

အချို့သောယောဂီပုဂ္ဂိုလ်သည် အားထုတ်ခါစ၌ သင်္ခါရတရားတို့ကို အနိစ္စအခြင်းအရာအားဖြင့် စူးစူး စိုက်စိုက် နှလုံးသွင်းရှုမှတ်၏၊ သို့သော် အနိစ္စအခြင်းအရာသက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့် အရိယာမဂ် ဟူသော ဝုဋ္ဌာန မဖြစ်သေးပေ၊ ဒုက္ခ အခြင်းအရာအားဖြင့်လည်းကောင်း၊ အနတ္တ အခြင်းအရာအားဖြင့်လည်း ကောင်း ဝိပဿနာရှုရမည်သာ ဖြစ်သည်၊ ဤသို့ ရှုမှတ်နေသောယောဂီပုဂ္ဂိုလ်၏ ဝိပဿနာသည် သင်္ခါရ တရားတို့ကို အနိစ္စအခြင်းအရာအားဖြင့် ရှုမှတ်သုံးသပ်ရာ အခိုက်အတန့်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်မိ သွား၏၊ ဤသို့ ဆက်စပ်မိသည်ကို အနိစ္စဖြင့် နှလုံးသွင်း၍ အနိစ္စဖြင့် ထခြင်း ဟုခေါ်သည်။

မှတ်ချက်။ ။ အမှတ်စဉ် ၁၁ မှ ၁၈ ထိ အထက်ပါနည်းကို မှီး၍သိပါ။

ပုဂ္ဂိုလ်ကွဲပြားပုံ

အကြောင်ပုဂ္ဂိုလ်သည် ရှေးဦးစွာ (၁) အနိစ္စအခြင်းအရာအားဖြင့်
(၂) ဒုက္ခအခြင်းအရာအားဖြင့်
(၃) အနတ္တအခြင်းအရာအားဖြင့်

အမျိုးမျိုးနှလုံးသွင်းခဲ့ပါသော်လည်း မဂ်ဖြင့်ထသောကာလ၌ မူကား-

(၁) <u>အနိစ္စအခြင်းအရာအားဖြင့် ထခြင်း ဖြစ်ငြားအံ့</u>

ထိုပုဂ္ဂိုလ်သည် အဓိမောက္ခ အဖြစ်များ၏၊ သဒ္ဓိန္ဒြေ လွန်ကဲ၏၊ အနိမိတ္တဝိမောက္ခဖြင့် လွတ်မြောက် ၏၊ သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီပုဂ္ဂိုလ်, ၇-ပါးသောအထက်မဂ်ဖိုလ်ခဏ၌ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် မည်၏။

(၂) <u>ဒုက္ခအခြင်းအရာအားဖြင့် ထခြင်း ဖြစ်ငြားအံ့</u>

ထိုပုဂ္ဂိုလ်သည် ပဿဒ္ဓိ အဖြစ်များ၏၊ သဒ္ဓိန္ဒြေ လွန်ကဲ၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်မြောက် ၏၊ အလုံးစုံသောမဂ်ဖိုလ် ၈-ဌာနတို့၌ ကာယသက္ခိပုဂ္ဂိုလ် မည်၏၊ အထူးကား အကြင်ပုဂ္ဂိုလ်အား အရူပဈာန်ဟူသော အခြေခံပါဒကဈာန် ရှိ၏၊ ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ခဏ၌ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် မည်၏။

(၃) <u>အနတ္တအခြင်းအရာအားဖြင့် ထခြင်း ဖြစ်ငြားအံ့</u>

ထိုပုဂ္ဂိုလ်သည် ပညာ အဖြစ်များ၏၊ ပညိန္ဒြေ လွန်ကဲ၏၊ သုညတဝိမောက္ခဖြင့် လွတ်မြောက်၏၊ သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီပုဂ္ဂိုလ်၊ အလယ်ဖိုလ်မဂ် ၆-ဌာန၌ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်, အရဟတ္တဖိုလ် ခဏ၌ ပညာဝိမုတ္တပုဂ္ဂိုလ် မည်၏။

www.dhammadownload.com

ဝုဋ္ဌာနမည်ပုံ

ဗဟိဒ္ဓနိမိတ်ခေါ် အပြင်ပအာရုံဖြစ်သည့် နှလုံးသွင်းအပ်, ရှုအပ်သော အာရုံဝတ္ထုမှလည်းကောင်း၊ အဇ္ဈတ္တပဝတ္တခေါ် ကိလေသာအယဉ်၊ ခန္ဓာအယဉ်မှလည်းကောင်း ထမြောက်သွားသောကြောင့် အရိယာမဂ်ကို 'ဝုဋ္ဌာန' ဟုခေါ်သည်။

ဝုဋ္ဌာနဂါမိနီမည်ပုံ

ထိုဝုဋ္ဌာနအမည်ရသော အရိယာမဂ်သို့သွားရောက်တတ်, ဆိုက်ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီမည်၏၊ အရိယာမဂ်ဉာဏ်နှင့် အတူတကွ ဆက်စပ်မိခြင်းကို ဆိုလိုသည်။

အဘိနိဝေသ–ဝုဋ္ဌာန အမျိုးအစားများ

(စွဲစွဲမြဲမြဲနှလုံးသွင်း၍ ထခြင်း)

၁။ အဇ္ဈတ္တံ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ
၂။ အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓာ ဝုဋ္ဌာတိ
၃။ ဗဟိဒ္ဓာ အဘိနိဝိသိတွာ ဗဟိဒ္ဓာ ဝုဋ္ဌာတိ
၄။ ဗဟိဒ္ဓာ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ
၅။ ရူပ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ
၆။ ရူပ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ
၇။ အရူပ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ
၈။ အရူပ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ
၉။ ဧကပ္ပဟာရေနပဋ္ဌတိ ခန္ဓေဟိ ဝုဋ္ဌာတိ
၁၀။ အနိစ္စတော အဘိနိဝိသိတွာ အနိစ္စတော ဝုဋ္ဌာတိ
၁၁။ အနိစ္စတော အဘိနိဝိသိတွာ ဒုက္ခတော ဝုဋ္ဌာတိ
၁၂။ အနိစ္စတော အဘိနိဝိသိတွာ အနတ္တတော ဝုဋ္ဌာတိ
၁၃။ ဒုက္ခတော အဘိနိဝိသိတွာ ဒုက္ခတော ဝုဋ္ဌာတိ
၁၄။ ဒုက္ခတော အဘိနိဝိသိတွာ အနိစ္စတော ဝုဋ္ဌာတိ
၁၅။ ဒုက္ခတော အဘိနိဝိသိတွာ အနတ္တတော ဝုဋ္ဌာတိ
၁၆။ အနတ္တတော အဘိနိဝိသိတွာ အနတ္တတော ဝုဋ္ဌာတိ
၁၇။ အနတ္တတော အဘိနိဝိသိတွာ အနိစ္စတော ဝုဋ္ဌာတိ
၁၈။ အနတ္တတော အဘိနိဝိသိတွာ ဒုက္ခတော ဝုဋ္ဌာတိ

၁။ အဇ္ဈတ္တကို နှလုံးသွင်း၍ အဇ္ဈတ္တမှ ထခြင်း

အချို့သောယောဂီသည် အားထုတ်ခါစ၌ မိမိသန္တာန်၌တည်ရှိသည့် အဇ္ဈတ္တခန္ဓာငါးပါးကိုသာ စူးစူးစိုက်စိုက် နှလုံးသွင်း၏၊ နှလုံးသွင်းပြီးလျှင် အဇ္ဈတ္တခန္ဓာငါးပါး သခ်ါရတရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာ ရှု၏၊ သို့သော် အဇ္ဈတ္တသခ်ါရတရားသက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့် အရိယာမဂ် ဟူသော ဝုဋ္ဌာန မဖြစ်သေးပေ၊ ဗဟိဒ္ဓသခ်ါရတရားများကိုလည်း ဝိပဿနာရှုရမည်သာဖြစ်၏၊ ထို့ကြောင့် သူတစ်ပါး သန္တာန်၌ တည်ရှိနေသည့် ဗဟိဒ္ဓခန္ဓာငါးပါးကိုလည်းကောင်း အနုပါဒိန္နက အမည်ရသည့် သက်မဲ့သခ်ါရ (ဥတုဇရုပ်)တို့ကိုလည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ရမည်၊ ရံခါ အဇ္ဈတ္တသခ်ါရတရားတို့ကို ရှု၍ ရံခါ ဗဟိဒ္ဓသခ်ါရတရားတို့ကို ရှုမှတ်ရမည်၊ ဤသို့ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာသည် အဇ္ဈတ္တသခ်ါရတရားတို့ကို ရှုမှတ်သုံးသပ်ရာ အခိုက်အတန့်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်မိသွား၏၊ ဤသို့ ဆက်စပ်မိသည်ကို အဇ္ဈတ္တတရားကို နှလုံးသွင်း၍ အဇ္ဈတ္တတရားမှ ထခြင်း ဟုခေါ်သည်။

၂။ အဇ္ဈတ္တကိုနှလုံးသွင်း၍ ဗဟိဒ္ဓမှ ထခြင်း

အကယ်၍ အဇ္ဈတ္တ, ဗဟိဒ္ဓလှည့်၍ ရှုမှတ်နေရင်း ဗဟိဒ္ဓသခ်ါရတရားတို့ကို ရှုမှတ်သုံးသပ်ရာ အခိုက်အတန့်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်မိသွားငြားအံ့၊ ဤသို့ ဆက်စပ်မိသည်ကို အဇ္ဈတ္တတရားကို နှလုံးသွင်း၍ ဗဟိဒ္ဓတရားမှ ထခြင်း ဟု ခေါ်သည်။

မှတ်ချက်။ ။ အမှတ်စဉ် ၃။ နှင့် ၄။ ကို အထက်ပါနည်းကို မှီး၍သိပါ။

၃။ ရုပ်တရားကို နှလုံးသွင်း၍ ရုပ်တရားမှ ထခြင်း

အချို့သောယောဂီပုဂ္ဂိုလ်သည် အားထုတ်ခါစ၌ ဘူတရုပ်ကိုလည်းကောင်း၊ ဥပါဒါရုပ်ကိုလည်းကောင်း တစ်ပေါင်းတည်းပြု၍ စူးစူးစိုက်စိုက် နှလုံးသွင်း၏၊ နှလုံးသွင်းပြီးလျှင် ရုပ်တရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှု၏၊ သို့သော် ရုပ်တရားသက်သက်ကို ဝိပဿနာရှုရုံမျှဖြင့် အရိယာမဂ်ဟူသော ဝုဋ္ဌာန မဖြစ်သေးပေ၊ နာမ်တရားများကိုလည်း ဝိပဿနာရှုရမည်သာ ဖြစ်၏၊ ထို့ကြောင့် ရုပ်တရားကို အာရုံပြု၍

www.dhammadownload.com

၆။ ဒိဋ္ဌိပတ္တာပုဂ္ဂိုလ်

အနတ္တာအခြင်းအရာအားဖြင့် နလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညာရှိ ရ၏။ ထိုပုဂ္ဂိုလ်သည် အလယ်ပိုင်းဖိုလ်မဂ် ၆-ချက်သောဌာနတို့၌ နိဗ္ဗာန်ကို မြင်သည်၏အဆုံးအခြားမဲ့၌ ရောက်သော ဒိဋ္ဌိပတ္တာပုဂ္ဂိုလ် မည်၏။

၇။ ပညာဝိမုတ္တာပုဂ္ဂိုလ်

အနတ္တာအခြင်းအရာအားဖြင့် နလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညာရှိ ရ၏။ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ ပညာဖြင့်လွတ်မြောက်သော ပညာဝိမုတ္တာပုဂ္ဂိုလ် မည်၏။

~ ~ ~ ~ ~ ~ ~ ~

အမည်သုံးမျိုးရသောဉာဏ်

သခ်ါရပေကွာဉာဏ်သည် ရှေ့ဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ်အရ တူ၏၊ သဒ္ဒါမျှသာ ထူး၏။

<u>ရှေးဆရာတို့မိန့်ဆိုပုံ</u>-

'သခ်ါရပေကွာဉာဏ်သည် တစ်ပါးတည်းဖြစ်ပါလျက် အောက်ပိုင်း၌ မုဉ္စိတုကမျတာဉာဏ် မည်၏၊ အလယ်ပိုင်း၌ ပဋိသခ်ါနုပဿနာ မည်၏၊ အဆုံးအပိုင်း၌ ခေါင်ထိပ်သို့ရောက်သော သခ်ါရပေကွာဉာဏ် မည်၏။

<u>ပဋိသန္ဓိဒါမဂ်၌ ဟောတော်မူပုံ</u>-

'အဘယ်သို့လျှင် စွန့်လွှတ်လို၍ တစ်ဖန်ရှုသို၍ ကောင်းစွာတည်သော ပညာသည် သခ်ါရပေကွာဉာဏ် မည်သနည်း? ဖြစ်ပေါ်ခြင်းကို စွန့်လွှတ်လို၍ တစ်ဖန်ရှုသို၍ ကောင်းစွာတည်သော ပညာသည် သခ်ါရတို့ကို လျစ်လျူရှုသော သခ်ါရပေကွာဉာဏ် မည်၏၊ ဖြစ်ပွါးခြင်းကို ။ပ။ သခ်ါရနိမိတ်ကို ။ပ။ ပြင်းစွာပူပန်ခြင်းကို စွန့်လွှတ်လို၍ တစ်ဖန်ရှုသို၍ ကောင်းစွာတည်သောပညာသည် သခ်ါရပေကွာဉာဏ် မည်၏၊ .... '

ဤပါဠိ၌-

- ရှေးအဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သောယောဂီ၏ ဖြစ်ပေါ်ခြင်းစသည်တို့ကို စွန့်လွှတ်လိုခြင်းသည် မုဉ္စိတုကမျတာ-စွန့်လွှတ်လိုသည် မည်၏။
- စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကိုပြုခြင်းငှာ အလယ်၌တစ်ဖန်ရှုသိခြင်းသည် ပဋိသခ်ါ-တစ်ဖန်ရှုသိသည် မည်၏။
- စွန့်လွှတ်ပြီး၍အဆုံး၌ လျစ်လျူရှုခြင်းသည် သန္တိဋ္ဌာန - ကောင်းစွာတည်သောပညာ မည်၏၊ ယင်းသို့ ကောင်းစွာတည်သောပညာကိုရည်၍ ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း၊ ထိုသခ်ါရတို့ကို လျစ်လျူရှုသောကြောင့် သခ်ါရပေကွာ မည်၏။

~ ~ ~ ~ ~ ~ ~ ~

ဝုဋ္ဌာနဂါမိနိဝိပဿနာ

သခ်ါရပေကွာဉာဏ်ကို ရပြီးသော ယောဂီ၏ဝိပဿနာသည် ခေါင်ထိပ်သို့ရောက်သည်ဖြစ်၍၊ ဝုဋ္ဌာန မည်သော မဂ်သို့ရောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။

ခေါင်ထိပ်သို့ရောက်သောဝိပဿနာ(သိခါပတ္တဝိပဿနာ)၊ ဝုဋ္ဌာနဂါမိနီဟူသော အမည်သည် သခ်ါရ-ပေကွာဉာဏ်, အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်ဟူသော ဉာဏ် ၃-ပါးတို့၏အမည် ဖြစ်သည်၊ ဤဉာဏ် ၃-ပါးသည် ခေါင်ထိပ် ဟူသော မြတ်သည်၏အဖြစ်သို့ရောက်သောကြောင့် သိခါပတ္တဉာဏ်(၀၊)သိခါပတ္တ-ဝိပဿနာ မည်၏၊ ဝုဋ္ဌာနအမည်ရသော အရိယာမဂ်သို့ သွားရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီလည်း မည်၏။

www.dhammadownload.com

ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဝိပဿနာဉာဏ် ၃-ပါး၏ ဝိဓောက္ခအမည်ရပုံ ဟောတော်မူချက်

၁။ အနိစ္စာနုပဿနာဉာဏ်သည် မြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခ မည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် ချမ်းသာသောအခြင်းအရာအားဖြင့် ။ ။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် ။ ။

၂။ အနိစ္စာနုပဿနာဉာဏ်သည် မြဲသောအခြင်းအရာအားဖြင့်ထင်သော သင်္ခါရနိမိတ်ကို စွန့်လွှတ်သောကြောင့် အနိမိတ္တဝိမောက္ခ မည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် ချမ်းသာသောအခြင်းအရာအားဖြင့်ထင်သော ။ ။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့်ထင်သော ။ ။

၃။ အနိစ္စာနုပဿနာဉာဏ်သည် မြဲသောအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို စွန့်လွှတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခ မည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် ချမ်းသာသောအခြင်းအရာအားဖြင့် ။ ။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် ။ ။

~ ~ ~ ~ ~ ~ ~ ~

အရိယာပုဂ္ဂိုလ် (၇) ဦး

၁။ သဒ္ဓါနုသာရီပုဂ္ဂိုလ်

အနိစ္စအားဖြင့် နှလုံးသွင်းသည်ဖြစ်၍၊ ယုံကြည်ဆုံးဖြတ်ခြင်း(အဓိမောက္ခ) အဖြစ်များလျက်၊ လွန်ကဲသော သဒ္ဓိန္ဒြေရသောပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဇာဉ်၌ ယုံကြည်မှုသဒ္ဓါသို့ အစဉ်လိုက်သော သဒ္ဓါ-နုသာရီပုဂ္ဂိုလ် မည်၏။

၂။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်

အနိစ္စအားဖြင့် နှလုံးသွင်းသည်ဖြစ်၍၊ ယုံကြည်ဆုံးဖြတ်ခြင်း(အဓိမောက္ခ) အဖြစ်များလျက်၊ လွန်ကဲသောသဒ္ဓိန္ဒြေရသောပုဂ္ဂိုလ်သည် ကြွင်းမဂ်ဖိုလ်ဇာ ၇-ဌာနတို့၌ ယုံကြည်မှုသဒ္ဓါဖြင့် လွတ်မြောက်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် မည်၏။

၃။ ကာယသက္ခီပုဂ္ဂိုလ်

ဒုက္ခအားဖြင့် နှလုံးသွင်းသည်ဖြစ်၍၊ ငြိမ်းအေးခြင်း(ပဿဒ္ဓိ)အဖြစ်များလျက် လွန်ကဲသောသမာဓိန္ဒြေကိုရ၏၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံသော မဂ်ဖိုလ်ဇာ ရှစ်ဌာနတို့၌ ဈာန်အတွေ့ကို ရှေးဦးစွာရောက်၍၊ ထိုနောက်မှ နိရောဓဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုသော (တစ်နည်း)နာမကာယဖြင့် မျက်မှောက်ပြုသော ကာယသက္ခီပုဂ္ဂိုလ် မည်၏။

၄။ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်

အရူပဈာန်ကို ရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပါမူကား (ထိုပုဂ္ဂိုလ်သည် အရူပဈာန်နှင့်အရိယာမဂ် ဟူသော ၂-ပါးသောအဖို့ဖြင့်) လွတ်မြောက်သော ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် မည်၏။

၅။ ဓမ္မာနုသာရီပုဂ္ဂိုလ်

အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညိန္ဒြေရ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဇာဉ်၌ ပညာသို့အစဉ်လိုက်သော ဓမ္မာနုသာရီပုဂ္ဂိုလ် မည်၏။

www.dhammadownload.com

– အနတ္တာနုပဿနာသည် သုညတဝိမောက္ခ၏အဝင်ဝ မုခ်ဦးဖြစ်သောကြောင့် သုညတဝိမောက္ခမုခ မည်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ –

၁။ အနိစ္စအခြင်းအရာဖြင့် နှလုံးသွင်းသောသူသည် ယုံကြည်ဆုံးဖြတ်မှု(အဓိမောက္ခ) အဖြစ်များ၍ အနိမိတ္တဝိမောက္ခကို ရ၏။

၂။ ဒုက္ခအခြင်းအရာဖြင့် နှလုံးသွင်းသောသူသည် ငြိမ်းအေးမှု(ပဿဒ္ဓိ) အဖြစ်များ၍ အပ္ပဏိဟိတ ဝိမောက္ခကို ရ၏။

၃။ အနတ္တအခြင်းအရာဖြင့် နှလုံးသွင်းသောသူသည် ဉာဏ်ပညာ(ဝေဒ) အဖြစ်များ၍ သုညတ ဝိမောက္ခကို ရ၏။

ဤပါဠိ၌

၁။ အနိမိတ္တဝိမောက္ခ ဟူသည်

နိမိတ်ကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။

ထိုအရိယာမဂ်သည် အနိမိတ္တမည်သော နိဗ္ဗာနဓာတ်၌ဖြစ်သောကြောင့် အနိမိတ္တ မည်၏၊ ကိလေသာတို့မှ လွတ်မြောက်သောကြောင့် ဝိမောက္ခလည်း မည်၏၊ ထို့ကြောင့် အရိယာမဂ်သည် အနိမိတ္တဝိမောက္ခ မည်၏။

၂။ အပ္ပဏိဟိတဝိမောက္ခ ဟူသည်

တောင့်တမှုတဏှာကင်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။

ထို အရိယာမဂ်သည် အပ္ပဏိဟိတ မည်သော နိဗ္ဗာနဓာတ်၌ ဖြစ်သောကြောင့် အပ္ပဏိဟိတ မည်၏၊ ကိလေသာတို့မှ လွတ်မြောက်သောကြောင့် ဝိမောက္ခလည်း မည်၏၊ ထို့ကြောင့် အရိယာမဂ်သည် အပ္ပဏိ-ဟိတဝိမောက္ခ မည်၏။

၃။ သုညတဝိမောက္ခ ဟူသည်

အတ္တမှဆိတ်သုဉ်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။

ထိုအရိယာမဂ်သည် သုညတမည်သော နိဗ္ဗာနဓာတ်၌ဖြစ်သောကြောင့် သုညတ မည်၏၊ ကိလေသာတို့မှ လွတ်မြောက်သောကြောင့် ဝိမောက္ခလည်း မည်၏၊ ထို့ကြောင့် အရိယာမဂ်သည် သုညတဝိမောက္ခ မည်၏။

အဘိဓမ္မာ၌ ဝိမောက္ခနှစ်ပါးသာ ဟော၍ သုတ္တန်၌ ဝိမောက္ခသုံးပါး ဟောတော်မူခြင်းအကြောင်း

အဘိဓမ္မာဓမ္မသင်္ဂဏီပါဠိတော်၌ သုညတဝိမောက္ခနှင့် အပ္ပဏိဟိတဝိမောက္ခ ဟု ဝိမောက္ခနှစ်ပါးကို သာဟောတော်မူထားသည်၊ အဘယ့်ကြောင့်ဆိုသော် မုချဇကန်အားဖြင့် ဝိပဿနာဟူသော မဂ်၏လာခဲ့ရာ လမ်းကြောင်းကို ရည်ရွယ်၍ ဟောတော်မူခြင်းကြောင့်တည်း။

ဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကို မစွန့်ခြင်းကြောင့် မုချအားဖြင့် အနိမိတ္တ မမည်ပေ၊ မုချအား ဖြင့်မူကား သုညတနှင့် အပ္ပဏိဟိတ သာလျှင် မည်ပေ၏၊ ထို့ကြောင့် အပ္ပဏိဟိတနှင့် သုညတ ဟူသော ဝိမောက္ခနှစ်ပါးကို သာလျှင် အဘိဓမ္မာ၌ ဟောထားခြင်း ဖြစ်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် စသော သုတ္တန်ဒေသနာတော်၌ကား အနိမိတ္တ, အပ္ပဏိဟိတ, သုညတ ဟူ၍ ဝိမောက္ခသုံးပါးကို ဟောထားသည် မှန်သော်လည်း ဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကို မပယ်စွန့်သေး သောကြောင့် မုချအားဖြင့် အနိမိတ္တ မမည်ပေ၊ သို့သော် နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ်များကို စွန့်လွှတ် ပြီးဖြစ်သောကြောင့် ပရိယာယ်အားဖြင့် အနိမိတ္တအမည်ရခြင်းဖြစ်သည်။

www.dhammadownload.com

နိဗ္ဗာန်ကို မမြင်သေးငြားအံ့၊ သခ်ါရတရားကိုသာလျှင် အာရုံပြုလျက် အဖန်တလဲလဲ ဖြစ်နေ၏။

ဥပမာ – ကမ်းထောက်ကျီးငှက်(ဒိသာကာကကျီး)သည် ကမ်းကိုမြင်ရလျှင် ကမ်းဆီသို့သာ ဦးတည်ပျံသွားသကဲ့သို့ အကယ်၍ ကမ်းကိုမမြင်ရသေးလျှင်ကား နဂိုမူလ သဘော်လင်းယဉ်တိုင်ဖျားဆီသို့သာ ပြန်လာသကဲ့သို့တည်း။

ထိုသို့ဖြစ်ပေါ်နေသော သခ်ါရပေက္ခာဉာဏ်သည်

(၁) ဗန်းပေါ်၌ လိုမ့်အပ်, ဆင့်အပ်သော မုန့်ညက်ကဲ့သို့လည်းကောင်း၊

(၂) ဖတ်အပ်သော အစေ့ထုတ်ပြီး ဝါဂွမ်းကဲ့သို့လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာ ဖြစ်နေပါသည်။

~ ~ ~ ~ ~ ~ ~ ~

သခ်ါရပေက္ခာဉာဏ်သည် ဝိမောက္ခမုခနှင့် အရိယာပုဂ္ဂိုလ်တို့ကို ဝေဖန်ရန် အကြောင်းဖြစ်ပုံ

ထိုနူးညံ့သိမ်မွေ့စွာဖြစ်နေသော သခ်ါရပေက္ခာဉာဏ်သည် အထူးထူးအပြားပြားအားဖြင့် သခ်ါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်းကိုလည်းကောင်း, နှစ်သက်ခြင်းကိုလည်းကောင်း ပယ်စွန့်၍ သခ်ါရတရားတို့ကို စူးစမ်းခြင်း၌ အလယ်အလတ်လျစ်လျူရှုသောသဘောရှိသည်ဖြစ်၍ ၃-ပါးအပြားရှိသော အနုပဿနာ၏အစွမ်းအားဖြင့်တည်၏၊ ဤသို့တည်သောသခ်ါရပေက္ခာဉာဏ်သည် ၃-ပါးအပြားရှိသောဝိမောက္ခမုခ အဖြစ်သို့ရောက်၍ ၇-မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဖန်ရန်အကြောင်း ဖြစ်ပေသည်။

ဝိမောက္ခမုခ ၃-ပါး

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ-

'ဝိမောက္ခမုခတို့သည်-

(က) အလုံးစုံသော သခ်ါရတို့ကို (ဖြစ်ခြင်း ပျက်ခြင်းဟူသော) အပိုင်းအခြားနှင့် နယ်ဆုံးအကန့်အသတ်အားဖြင့်ရှုခြင်းငှာလည်းကောင်း၊ အနိမိတ္တမည်သော နိဗ္ဗာနဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာ လည်းကောင်း ဖြစ်ကုန်၏။

(ခ) အလုံးစုံသော သခ်ါရတို့၌ စိတ်ကို ကောင်းစွာထက်စေခြင်းငှာ လည်းကောင်း၊ အပ္ပဏိဟိတမည်သော နိဗ္ဗာနဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာလည်းကောင်း ဖြစ်ကုန်၏။

(ဂ) အလုံးစုံသောသခ်ါရတို့ကို ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာ အဖန်တလဲလဲရှုရန် အလို့ငှာ လည်းကောင်း၊ သုညတမည်သော နိဗ္ဗာနဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာလည်းကောင်း ဖြစ်ကုန်၏၊ ဤသုံးပါးသော ဝိမောက္ခမုခတို့သည် လောကမှထွက်မြောက်ရန်အလို့ငှာ ဖြစ်ကုန်၏'ဟု ဟောတော်မူထားပေ၏။

ဤသို့ အနိမိတ္တဝိမောက္ခမုခ, အပ္ပဏိဟိတဝိမောက္ခမုခ, သုညတဝိမောက္ခမုခတို့ကို သိအပ်၏။

'မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သခ်ါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏၊ ဆင်းရဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သခ်ါရတို့သည် ကြောက်ဖွယ်ဘေးအားဖြင့် ထင်ကုန်၏၊ အတ္တမဟုတ်သောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သခ်ါရတို့သည် ဆိတ်သုဉ်းသောအားဖြင့် ထင်ကုန်၏'ဟု ဟောတော်မူထားပေ၏။

ဝိမောက္ခ ၃-ပါး

ဝိမောက္ခတို့မှာ အနိမိတ္တဝိမောက္ခ,အပ္ပဏိဟိတဝိမောက္ခမ,သုညတဝိမောက္ခဟူ၍ သုံးပါးရှိ၏၊ထိုတွင်-

- အနိစ္စာနုပဿနာသည် အနိမိတ္တဝိမောက္ခ၏အဝင်ဝ မုခ်ဦးဖြစ်သောကြောင့် အနိမိတ္တဝိမောက္ခမုခမည်၏။
- ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတဝိမောက္ခ၏ အဝင်ဝ မုခ်ဦးဖြစ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခ မည်၏။

www.dhammadownload.com

(၃၉) စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ဆင်းရဲခြင်း၊နှလုံးမသာခြင်း၊ပြင်းစွာပူပန်ခြင်းသဘောရှိသည်ဟုရှု၏။
(၄၀) ဖြစ်ခြင်းအားဖြင့် ရှု၏။
(၄၁) ချုပ်ခြင်းအားဖြင့် ရှု၏။
(၄၂) သာယာဖွယ် အဿာဒအားဖြင့် ရှု၏။
✪ အပြစ်အာဒီနဝအားဖြင့်။ ✪ထွက်မြောက်ခြင်းအားဖြင့် ရှု၏။
ဤအတူပင် ဝေဒနာသည်။ ပ ။အိုခြင်း သေခြင်း-ဇရာမရဏာတိုင်အောင် သိမ်းဆည်း၏။

မှတ်ချက်။ ။✪ဤအာဒီနဝအခြင်းအရာမှာ ရှေးဦးဆိုခဲ့ပြီးဖြစ်သော်လည်း(၁)သမုဒယ-ဖြစ်ခြင်း၊(၂)အတ္ထင်္ဂမ-ချုပ်ခြင်း၊ (၃)အဿဒ-သာယာဖွယ်၊ (၄)အာဒီနဝ-အပြစ်၊ (၅)နိဿရဏာ-ထွက်မြောက်ခြင်းဟူသော ဤဒေသနာ အစဉ်အရ ထပ်၍ ဆိုထားသည်၊ ထို့ကြောင့် ၎င်းအာဒီနဝကို ရှေးအာဒီနဝနှင့်ပေါင်း၍ ၄၂-ပါးသော အခြင်းအရာတို့ကို ရေတွက်ရာ၏။

မောဃရာဇရသေ့အား မြတ်စွာဘုရား ဟောကြားတော်မူပုံ

"မောဃရာဇရသေ့.... သင်သည် နေ့ညမပြတ် အခါခပ်သိမ်း သတိပဋ္ဌာန် ၄-ပါးကို မပြတ်ပွါးလျက်၊ အမှတ်ရမူသတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ခန္ဓာ ၅-ပါးဟူသော လောကကို အတ္တမှဆိတ်သုဉ်းသောအားဖြင့် ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့အစဉ်လိုက်သော အမြင်မှား (သက္ကာယဒိဋ္ဌိ)ကို ပယ်နုတ်၍ သေခြင်းကို ကျော်လွန်နိုင်၏၊ လောက(ခန္ဓာ ၅-ပါး)ကို ဤသို့ ဆိတ်သုဉ်းသော အားဖြင့် ရှုမြင်သောသူကို သေမင်းသည် မတွေ့မမြင်နိုင်တော့ပြီ" ဟူ၍ ဟောတော်မူ၏။

သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ

အလုံးစုံသောသင်္ခါရတို့မှ လွတ်မြောက်လိုသော ယောဂီသည် ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့သည် အတ္တမှ ဆိတ်သုဉ်း၏ ဟု သိမ်းဆည်းခဲ့ပြီး၊ တစ်ဖန် နှစ်ဖို့, လေးဖို့, ခြောက်ဖို့မှ ၄၂-ဖို့သော အခြင်းအရာ အစွမ်းဖြင့် သင်္ခါရတို့ကို အတ္တမှ ဆိတ်သုဉ်းခြင်းကို အဆင့်ဆင့် သိမ်းဆည်းသည်၊ ထိုအခါ ခန္ဓာ ၅-ပါး ဟူသော လောကကို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာ ဟူ၍လည်းကောင်း မှတ်ယူဖွယ်ကို မမြင်သောကြောင့် သင်္ခါရတို့၏ပျက်စီးခြင်းကို မှီ၍ဖြစ်သော ကြောက်ခြင်းကိုလည်းကောင်း၊ သင်္ခါရတို့၏ ပြည့်စုံခြင်းကို မှီ၍ ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းကို လည်းကောင်း ပယ်စွန့်၍၊ အလုံးစုံသောသင်္ခါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်လေတော့၏။

ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် မိမိအလွန်ချစ်မြတ်နိုးသော မယားကို တစ်ပါးသော ယောကျ်ားနှင့် တူယှဉ်တွဲနေသည်ကိုမြင်လျှင် အမျက်ထွက် နှလုံးမသာဖြစ်ရာ၏၊ ထိုမိန်းမ၏အပြစ်ကို မြင်သောကြောင့် ထိုမိန်းမကို ကွာရှင်းစွန့်လွှတ်လိုက်သည့်အခါမှစ၍ အခြားယောကျ်ားများနှင့် အတူတကွ တွေ့မြင်ရသော်လည်း အမျက်မထွက် နှလုံးမသာ မဖြစ်တော့ပေ၊ လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်သကဲ့သို့ ပင်တည်း။

ဤသို့ သိမြင်သော ယောဂီ၏စိတ်သည် အလုံးစုံသောဘဝ ။ ပ ။ သတ္တဘဝါသတို့၌ တွန့်၏, ရှုံ့၏, ပြန်နစ်၏, ပြန့်၍မသွား၊ လျစ်လျူရှုခြင်း၊ စက်ဆုပ်ခြင်း၌ ကောင်းစွာတည်၏။

ဥပမာ (၁) စဉ်းငယ်ကိုင်းရိုင်းသော ကြာဖက်ပေါ်၌ ရေပေါက်တို့သည် တွန့်၏, ရှုံ့၏, ပြန်နစ်၏, ပြန့်၍ မသွားသကဲ့သို့၊
(၂) မီးထဲ၌ ထည့်လိုက်သော ကြက်တောင် (သို့) အကြောတုံးသည် တွန့်လျက်, ရှုံ့လျက်, ပြန်နစ်လျက်, ပြန့်၍ မသွားသကဲ့သို့ပင်တည်း။
ထိုအခါ, ထိုယောဂီအား သင်္ခါရတို့၌လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပြီဟု သိရ၏။

သင်္ခါရုပေက္ခာဉာဏ်သည် ဒိဿကာကကျီးနှင့်တူပုံ

ထို သင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို ငြိမ်သက်သော သန္တိအားဖြင့် အကယ်၍ မြင်ငြားအုံ၊ ခပ်သိမ်းသောသင်္ခါရတို့၏ ဖြစ်ခြင်းကိုစွန့်၍ နိဗ္ဗာန်သို့သာလျှင်ပြေးဝင်၏၊ အကယ်၍

www.dhammadownload.com

၅။ ၁၀-ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန် ရုပ်ကို

(၁) အနှစ်မှ ကင်းသည်ဟု ရှု၏၊
(၂) အချည်းနှီးဟု ရှု၏၊
(၃) ဆိတ်သုဉ်းသည်ဟု ရှု၏၊
(၄) အတ္တမဟုတ်ဟု ရှု၏၊
(၅) အစိုးမရဟု ရှု၏၊
(၆) အလိုရှိတိုင်းမပြုနိုင်ဟု ရှု၏၊
(၇) တောင့်တတိုင်းမရနိုင်ဟု ရှု၏၊
(၈) အလိုအတိုင်း မဖြစ်ဟု ရှု၏၊
(၉) ပြင်ပသူစိမ်းဟု ရှု၏၊
(၁၀) ကင်းဆိတ်သည်ဟု ရှု၏၊

ဤအတူပင် ဝေဒနာသည် ။ပ။ အိုခြင်း သေခြင်း-ဧရာမရဏာတိုင်အောင် သိမ်းဆည်း၏။

၆။ ၁၂-ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန် ရုပ်ကို

(၁) သတ္တဝါ မဟုတ်၊
(၂) အသက် မဟုတ်၊
(၃) လူ မဟုတ်၊
(၄) လုလင် မဟုတ်၊
(၅) မိန်းမ မဟုတ်၊
(၆) ယောကျ်ားမဟုတ်၊
(၇) အတ္တမဟုတ်၊
(၈) အတ္တ၏ ဥစ္စာ မဟုတ်၊
(၉) ငါ မဟုတ်၊
(၁၀) ငါ၏ ဥစ္စာမဟုတ်၊
(၁၁) သူတစ်ပါး၏ ဥစ္စာမဟုတ်၊
(၁၂) တစ်စုံတစ်ယောက်၏မျှ ဥစ္စာမဟုတ်၊

ဤအတူပင် ဝေဒနာသည် ။ပ။ အိုခြင်း သေခြင်း-ဧရာမရဏာတိုင်အောင် သိမ်းဆည်း၏။

၇။ တီရဏပရိညာ၏အစွမ်းဖြင့် ၄၂-ပါးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန် ရုပ်ကို

(၁) မမြဲဟု ရှု၏။
(၂) ဆင်းရဲဟု ရှု၏။
(၃) ရောဂါဟု ရှု၏။
(၄) အိုင်းအမာဟု ရှု၏။
(၅) ငြောင့်ဟု ရှု၏။
(၆) မကောင်းမှုဟု ရှု၏။
(၇) အဖျားအနာဟု ရှု၏။
(၈) ပြင်ပသူစိမ်းဟု ရှု၏။
(၉) အလွန်ပျက်သည်ဟု ရှု၏။
(၁၀) ဘေးရန်ဟု ရှု၏။
(၁၁) ဥပဒ္ဒဝါဟု ရှု၏။
(၁၂) ကြောက်ဖွယ်ဘေးဟု ရှု၏။
(၁၃) ငြိကပ်သော အနှောင့်အယှက်ဟု ရှု၏။
(၁၄) တုန်လှုပ်သည်ဟု ရှု၏။
(၁၅) ပျက်လွယ်သည်ဟု ရှု၏။
(၁၆) မခိုင်မာဟု ရှု၏။
(၁၇) မစောင့်ရှောက်တတ်ဟု ရှု၏။
(၁၈) ပုန်းအောင်းရာမဟုတ်ဟု ရှု၏။
(၁၉) ဘေးကို မပယ်သတ်တတ်ဟု ရှု၏။
(၂၀) ကိုးကွယ်ရာမဟုတ်ဟု ရှု၏။
(၂၁) အတ္တမှကင်းသည်ဟု ရှု၏။
(၂၂) အချည်းနှီးဟု ရှု၏။
(၂၃) ဆိတ်သုဉ်းသည်ဟု ရှု၏။
(၂၄) အတ္တမဟုတ်ဟု ရှု၏။
(၂၅) သာယာဖွယ်မဟုတ်ဟု ရှု၏။
(၂၆) အပြစ်ဟု ရှု၏။
(၂၇) ဖောက်ပြန်ခြင်းသဘော ရှိသည်ဟု ရှု၏။
(၂၈) အနှစ်မရှိဟု။
(၂၉) မကောင်းမှု၏ အမြစ်အရင်းဟု။
(၃၀) သတ်တတ်သည်ဟု။
(၃၁) ကြီးပွါးစည်ပင်ခြင်း ကင်းသည်ဟု။
(၃၂) အာသဝေါတရားတို့၏အာရုံဟု။
(၃၃) ပေါင်းစု၍ပြုအပ်သောသခ်ိတတရားဟုရှု၏။
(၃၄) သူသတ်သမားမာရ်တို့၏သတ်စရာအစာဟု ရှု၏။
(၃၅) ဖြစ်ခြင်းသဘောရှိသည်ဟု ရှု၏။
(၃၆) အိုခြင်းသဘောရှိသည်ဟု ရှု၏။
(၃၇) နာခြင်းသဘောရှိသည်ဟု ရှု၏။
(၃၈) သေခြင်းသဘောရှိသည်ဟု ရှု၏။

www.dhammadownload.com

သခါရုပေက္ခာဉာဏ် သိမ်းဆည်းပုံ

၁။ အဖို့နှစ်ပါးဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် ဆိုခဲ့သည့်အတိုင်း ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် 'အလုံးစုံသော သင်္ခါရတို့သည် အတ္တမှ ဆိတ်သုဉ်းကုန်၏' ဟု သိမ်းဆည်းပြီးလျှင် တစ်ဖန် 'ဤသင်္ခါရတရားအပေါင်းသည်

- အတ္တအဖြစ်မှလည်းကောင်း၊
- အတ္တ၏ ဥစ္စာအဖြစ်မှလည်းကောင်း ဆိတ်သုဉ်း၏' ဟု
အဖို့နှစ်ပါးနှင့် စပ်ဆိုင်သော ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။

၂။ အဖို့လေးပါးဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန်

- 'အတ္တကောင်ဟူသော ငါသည် အဘယ်မှာမျှ မရှိ၊
- တစ်စုံတစ်ယောက်၏မျှ ကြောင့်ကြဖွယ် ငါ မရှိ၊
- သူတစ်ပါးဟူသော အတ္တကောင်သည် အဘယ်မှာမျှ မရှိ၊
- ငါ၏ ကြောင့်ကြဖွယ် သူတစ်ပါး မရှိ'ဟု
အဖို့လေးပါးနှင့် စပ်ဆိုင်သော ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။

၃။ ၆-ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန် 'မျက်စိသည်

- အတ္တအဖြစ်မှသော်လည်းကောင်း၊
- အတ္တ၏ဥစ္စာအဖြစ်မှသော်လည်းကောင်း၊
- မြဲခြင်းမှသော်လည်းကောင်း၊
- ခိုင်ခဲ့ခြင်းမှသော်လည်းကောင်း၊
- ထာဝရတည်ရှိခြင်းမှသော်လည်းကောင်း၊
- မဖောက်ပြန်ခြင်းသဘောမှသော်လည်းကောင်း ဆိတ်သုဉ်း၏' ။ ပ ။ စိတ်နှလုံးသည်။ ပ ။ အဆင်းတို့သည်။ ပ။ သဘောအာရုံတို့သည်။ ပ ။ မြင်သိမှုစက္ခုဝိညာဏ်သည်။ ပ ။ ကြုံသိမှု-မနောဝိညာဏ်သည်။ မြင်တွေ့မှု- စက္ခုသမ္ဖဿသည်။ ပ ။
ဤသို့အစရှိသောနည်းဖြင့် အိုခြင်း သေခြင်း-ဇရာမရဏတိုင်အောင် သိမ်းဆည်း၏။

၄။ ၈-ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းခြင်း

ယောဂီသည် တစ်ဖန် 'ရုပ်သည်

- မြဲသောအနှစ်ဟူသော အနှစ်အားဖြင့်လည်းကောင်း၊
- ခိုင်ခဲ့သောအနှစ်ဟူသော အနှစ်အားဖြင့်လည်းကောင်း၊
- ချမ်းသာသောအနှစ်ဟူသော အနှစ်အားဖြင့်လည်းကောင်း၊
- အတ္တကောင်အနှစ်ဟူသော အနှစ်အားဖြင့်လည်းကောင်း၊
- မြဲခြင်းဖြင့်လည်းကောင်း၊
- ခိုင်ခဲ့ခြင်းဖြင့်လည်းကောင်း၊
- အမြဲတမ်းတည်ရှိခြင်းဖြင့်လည်းကောင်း၊
- မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။

ဥပမာအားဖြင့် ကျူသည်အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့သို့လည်းကောင်း၊ကြက်ဆူ၊ ရေသဖန်း၊ ပေါက်ပင်၊ ရေမြုပ်စိုင်၊ ရေပွက်၊ တံလျှပ်၊ ငှက်ပျောတုံး၊ မျက်လှည့်အမှုတို့သည် အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့သို့ သိမ်းဆည်း၏၊ ဤအတူပင် ဝေဒနာသည် ။ပ။ အိုခြင်း သေခြင်း- ဇရာမရဏတိုင်အောင် သိမ်းဆည်း၏။

www.dhammadownload.com

သခ်ၤရတရားတို့ကို တစ်ဖန်သိမ်းဆည်းရခြင်းအကျိုး

သခ်ၤရတရားတို့ကို စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်း အကျိုးငှာ တစ်ဖန် သိမ်းဆည်းခြင်း ဖြစ်၏။

ဤသို့ သိမ်းဆည်းခြင်း၌ ဥပမာမှာ ငါးဖမ်းသောယောကျ်ား မြွေမိပုံကဲ့သို့ဖြစ်၏

မြဲ့ုံးအတွင်းမှ ငါးဖမ်းယူသူသည်-

(၁) ငါးဟု ထင်မှတ်လျက် မြွေလည်ပင်းကို ဆုပ်ကိုင်ကာ ဝမ်းမြောက်သောကာလကဲ့သို့

(၂) လည်ရေး ၃-ဆင့် မြင်ခြင်း

(၃) ယောကျ်း၏ ကြောက်ရွံ့သော ကာလ

(၄) မြွေကြောင့် ဖြစ်လတ္တံ့သော အပြစ်ကို မြင်ခြင်း

(၅) ဆုပ်ကိုင်ထားရသည်ကို ငြီးငွေ့စိတ်ပျက်ခြင်း

(၆) မြွေကို လွှတ်လိုခြင်း

(၇) လွှတ်ပစ်ရန် နည်းလမ်းရှာခြင်း

(၈) မြွေကို ဒေ့ရမ်းလှည့်ပတ်လျက် အားနည်း အောင်ပြုကာ ပြန်မကိုက်နိုင်သည့်အဖြစ်သို့ ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့်လွှတ် လိုက်သကဲ့သို့

(၁) အတ္တဘောခန္ဓာကိုယ်ကို ရ၍ ဝမ်းမြောက်သောကာလ

(၂) ယောဂီ၏ ဃနပညတ်ကို ခွဲဖျက်ပြီးလျှင် တေဘူမက သခ်ၤရတို့၌ လက္ခဏာရေး ၃-ပါး မြင်ခြင်း

(၃) ဘယတုပဋ္ဌာနဉာဏ်

(၄) အာဒီနဝါနုပဿနာဉာဏ်

(၅) နိဗ္ဗိဒါနုပဿနာဉာဏ်

(၆) မုဉ္စိတုကမျတာဉာဏ်

(၇) ပဋိသခ်ၤနုပဿနာဉာဏ်ဖြင့် သခ်ၤရတို့၌ လက္ခဏာ ၃-ပါး တစ်ဖန်တင်ခြင်း

(၈) ယောဂီသည် လက္ခဏာရေး ၃-ပါးတင်ခြင်းဖြင့် သခ်ၤရတို့ကို နိစ္စ၊ သုခ၊ သုဘ၊ အတ္တ အခြင်းအရာဖြင့် တစ်ဖန် မထင်ပေါ်နိုင်သည်၏အဖြစ်သို့ ရောက်စေ၍ ကောင်းစွာလွှတ်ခြင်း

ဤသို့ဖြင့် (ဤဥပမာကဲ့သို့)လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းငှာ သိမ်းဆည်း၏။

ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဟောတော်မူပုံ

မေး။ ။ ရုပ်နာမ်တရားတို့ကို အဘယ်သို့ရှုပါက အဘယ်ပဋိသခ်ၤာဉာဏ် ဖြစ်သနည်း၊?

ဖြေ။ ။ သခ်ၤရတရားတို့ကို ရှုပုံ

(၁) အနိစ္စ ဟု ရှုပါက

(၂) ဒုက္ခ ။

(၃) အနတ္တ ။

တစ်ဖန်သိပုံ - ပဋိသခ်ၤနုပဿနာဉာဏ် ဖြစ်ပုံ

သခ်ၤရနိမိတ်ကို တစ်ဖန်သိ၍ ပဋိသခ်ၤာဉာဏ်သည် ဖြစ်ပေါ်၏

ပဝတ္တ ခေါ် မပြတ်ဖြစ်သောဘဝအယဉ် ။ ။

သခ်ၤရနိမိတ်နှင့် ပဝတ္တ ။ ။

~ ~ ~ ~ ~ ~ ~ ~

၈။ သခ်ၤရုပေက္ခာဉာဏ်

(ရုပ်နာမ်သခ်ၤရတို့၌ ကြောက်ခြင်းနှစ်သက်ခြင်း မရှိဘဲ လျစ်လျူရှုသောဉာဏ်)

ယောဂီသည် ပဋိသခ်ၤနုပဿနာဉာဏ်ဖြင့် 'အလုံးစုံသောသခ်ၤရတို့သည် အတ္တမှဆိတ်သုဉ်းကုန်၏'ဟု သိမ်းဆည်းခဲ့ပြီး၍ တစ်ဖန် ၂-ဖို့၊ ၄-ဖို့၊ ၆-ပါးသော အခြင်းအရာ၊ ၈-ပါးသောအခြင်းအရာ၊ ၁၀-ပါးသော အခြင်းအရာ၊ ၁၂-ပါးသော အခြင်းအရာ၊ ၄၂-ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို အဆင့်ဆင့် သိမ်းဆည်း၏၊ ဤသို့ အဆင့်ဆင့်သိမ်းဆည်း၍ ရှုခြင်းသည် ခန္ဓာ ၅-ပါးဟူသော လောကကို ဆိတ်သုဉ်း သောအားဖြင့် ရှုသည် မည်ပါသည်။

www.dhammadownload.com

(၁၂) ကပ်ငြိသော အနောင့်အယှက်နှင့် တူသောကြောင့်လည်းကောင်း၊
(၁၃) မစောင့်ရောက်တတ်သောကြောင့်လည်းကောင်း၊
(၁၄) ပုန်းအောင်ရာ မဟုတ်သောကြောင့်လည်းကောင်း၊
(၁၅) ကိုးကွယ်ရာ မဟုတ်သောကြောင့်လည်းကောင်း၊
(၁၆) အပြစ်အာဒီနဝဖြစ် သောကြောင့်လည်းကောင်း၊
(၁၇) မကောင်းမှု၏အမြစ်အရင်းဖြစ် သောကြောင့်လည်းကောင်း၊
(၁၈) သူသတ်ယောကျ်ားနှင့် တူသောကြောင့်လည်းကောင်း၊
(၁၉) အာသဝေါ၏အာရုံဖြစ်သောကြောင့်လည်းကောင်း၊
(၂၀) သူသတ်သမား–မာရ်တို့၏ သတ်စရာ အစာဖြစ်သောကြောင့်လည်းကောင်း၊
(၂၁) ဖြစ်ခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၂၂) အိုခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၂၃) နာခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၂၄) စိုးရိမ်ဖွယ်သဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၅) ဝိုကြွေးဖွယ်သဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၆) ပြင်းစွာပူပန်ဖွယ်သဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၇) ကိလေသာတို့၏ စွဲမှီရာ အာရုံသဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၈) ချမ်းသာသုခကို ပယ်ခြင်းကြောင့်လည်းကောင်း

ဤသို့ အစရှိသောအကြောင်းတို့ကြောင့် **ဆင်းရဲ** ဟု ရှု၏။

အသုဘအခြင်းအရာ ၉–ပါး

(၁) မနှစ်မြို့ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၂) မကောင်းသောအနံ့ရှိသောကြောင့်လည်းကောင်း၊
(၃) စက်ဆုပ်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၄) ရွံရှာဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၅) တန်ဆာမဆင်ခြင်းဖြင့် တင့်တယ်မှုပျက်စီးသောကြောင့်လည်းကောင်း၊
(၆) အဆင်းမလှဖြစ်သောကြောင့်လည်းကောင်း၊
(၇) အလွန်အမြင်ဆိုးသောကြောင့်လည်းကောင်း၊
(၈) မစင်ကြယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊
(၉) စိတ်နှလုံးကို မတိုးပွားစေတတ်သောကြောင့်လည်းကောင်း

ဤသို့ အစရှိသောအကြောင်းတို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြေအရံဖြစ်သော **အသုဘ–မတင့်တယ်**သောအနေအားဖြင့် ရှု၏။

အနတ္တအခြင်းအရာ ၉–ပါး

(၁) ပြင်ပသူစိမ်းဖြစ်သောကြောင့်လည်းကောင်း၊
(၂) အတ္တမှကင်းသောကြောင့်လည်းကောင်း၊
(၃) အချည်းနှီးဖြစ်သောကြောင့်လည်းကောင်း၊
(၄) အတ္တမှဆိတ်သုဉ်းသောကြောင့်လည်းကောင်း၊
(၅) ပိုင်ရှင်မရှိသောကြောင့်လည်းကောင်း၊
(၆) အစိုးမရသောကြောင့်လည်းကောင်း၊
(၇) အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊
(၈) ရှေ့ဆောင်အကြီးအကဲမဖြစ်သောကြောင့်လည်းကောင်း၊
(၉) အတ္တကိုပယ်ခြင်းကြောင့်လည်းကောင်း

ဤသို့ အစရှိသောအကြောင်းတို့ကြောင့် **အတ္တမဟုတ် အတ္တမရှိ** ဟု ရှု၏။

www.dhammadownload.com

၇။ ပဋိသန္ဓိနုပဿနာဉာဏ်

(သန္ဓိရတရားအပေါင်းကိုပင် လက္ခဏာရေး ၃-ပါးဖြင့် တစ်ဖန်ရှုသောဉာဏ်)

အလုံးစုံသောဘဝ။ပ။ သတ္တဘဝါသတို့၌တည်ကုန်သော ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးတတ်ကုန်သော သန္ဓိရတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသောယောဂီသည် အလုံးစုံသော သန္ဓိရအပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသန္ဓိရတို့ကိုပင် လက္ခဏာရေး ၃-ပါးတင်၍ တစ်ဖန်သိမ်းဆည်း၏၊ ထိုသို့ တစ်ဖန်သိမ်းဆည်းသောဉာဏ်သည် ပဋိသန္ဓိနုပဿနာဉာဏ် မည်၏။

ပဋိသန္ဓိနုပဿနာဉာဏ် သိမ်းဆည်းပုံ

ယောဂီသည် အလုံးစုံသောသန္ဓိရတို့ကို အပျက်သက်သက်ကိုသာ အာရုံယူ၍ တစ်ဖန် အကျဉ်းအားဖြင့် လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာ ရှုရမည်၊ အကျယ်အားဖြင့်ကား အနိစ္စအခြင်းအရာ ရှုပုံ ၁၄-ပါး၊ ဒုက္ခအခြင်းအရာ ရှုပုံ ၂၈-ပါး၊ အသုဘအခြင်းအရာ ရှုပုံ ၉-ပါး၊ အနတ္တအခြင်းအရာ ရှုပုံ ၉-ပါးတို့ဖြင့် ဝိပဿနာရှုရမည်။

အနိစ္စအခြင်းအရာ ၁၄-ပါး

ယောဂီသည် အလုံးစုံသော သန္ဓိရတို့ကို-

(၁) ပျက်ခြင်းဟူသော အဆုံးကို မလွန်သောကြောင့်လည်းကောင်း၊
(၂) အခိုက်အတန့်မျှ တည်သောကြောင့်လည်းကောင်း၊
(၃) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့်လည်းကောင်း၊
(၄) အလွန်ပျက်သောကြောင့်လည်းကောင်း၊
(၅) တုန်လှုပ်သောကြောင့်လည်းကောင်း၊
(၆) ပျက်လွယ်သောကြောင့်လည်းကောင်း၊
(၇) မခိုင်ခံ့သောကြောင့်လည်းကောင်း၊
(၈) ဖောက်ပြန်ခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၉) အနှစ်မရှိသောကြောင့်လည်းကောင်း၊
(၁၀) ကြီးပွါးစည်ပင်ခြင်းကင်းသောကြောင့်လည်းကောင်း၊
(၁၁) ပေါင်းစု၍ပြုအပ်သောကြောင့်လည်းကောင်း၊
(၁၂) သေခြင်းသဘောရှိသောကြောင့်လည်းကောင်း
(၁၃) ဥပါဒ်နှင့် ဘင်ဟူသော အစနှင့် အဆုံးရှိသောကြောင့်လည်းကောင်း၊
(၁၄) နိစ္စ၏သဘောကို ပယ်ခြင်းကြောင့်လည်းကောင်း

ဤသို့ အစရှိသောအကြောင်းတို့ကြောင့် **မမြဲ** ဟု ရှု၏။

ဒုက္ခ အခြင်းအရာ ၂၈-ပါး

(၁) မပြတ်နှိပ်စက်သောကြောင့်လည်းကောင်း၊
(၂) မခံသာသောကြောင့်လည်းကောင်း၊
(၃) ဆင်းရဲ၏တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊
(၄) စွဲကပ်နေသောရောဂါနှင့် တူသောကြောင့်လည်းကောင်း၊
(၅) အိုင်းအမာနှင့် တူသောကြောင့်လည်းကောင်း၊
(၆) စူးဝင်နေသောငြောင့်နှင့် တူသောကြောင့်လည်းကောင်း၊
(၇) မကောင်းမှုနှင့် တူသောကြောင့်လည်းကောင်း၊
(၈) ဖျားနာမှုနှင့် တူသောကြောင့်လည်းကောင်း၊
(၉) ဘေးရန်နှင့် တူသောကြောင့်လည်းကောင်း၊
(၁၀) ဥပဒ္ဒဝေါနှင့် တူသောကြောင့်လည်းကောင်း၊
(၁၁) ဘေးနှင့် တူသောကြောင့်လည်းကောင်း၊

www.dhammadownload.com

၅။ နိဗ္ဗိဒါနုပဿနာဉာဏ်

အလုံးစုံသောသင်္ခါရတို့ကို အပြစ်အနေအားဖြင့် ရှုမြင်လျက်ရှိသော ယောဂီအား အလုံးစုံသောဘဝ ။ပ။ သတ္တဘဝါသတို့၌ တည်သော ခဏတိုင်း ခဏတိုင်း မပြတ်ပျက်စီးတတ်သော သင်္ခါရအပေါင်း၌ ငြီးငွေ့ပျင်းရိ မပျော်မွေ့သောဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏။ ဥပမာ –

(၁) စိတ္တကုဋ္ဌတောင်ခြေမှ ရွှေဟင်္သာမင်းသည် မစင်ကြယ်သောဒွန်းစက္ကားရွာတံခါးအနီး ရေအိုင်ငယ်၌ မပျော်မွေ့၊ အိုင်ကြီး၇-အိုင်၌သာပျော်မွေ့သကဲ့သို့ ယောဂီသည် အပြစ်အတိရှိ၍ပျက်စီးနေသော သင်္ခါရအပေါင်း၌မပျော်မွေ့၊ အနုပဿနာ ၇-ပါး ဟူသော ဘာဝနာ၌သာ ပျော်မွေ့၏။

(၂) ကေသရာဇာခြင်္သေ့မင်းသည် ရွှေချိုင့်၌မပျော်မွေ့၊ ယူဇနာသုံးထောင်ကျယ်ပြန့်သော ဟိမဝန္တာတော၌သာ ပျော်မွေ့သကဲ့သို့ ယောဂီသည် သုဂတိဘဝ ၃-ပါး၌ မပျော်မွေ့၊ အနုပဿနာ ၃-ပါး၌သာ ပျော်မွေ့၏။

(၃) ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌မပျော်မွေ့၊ ဆဒ္ဒန်အိုင်၌သာ ပျော်မွေ့သကဲ့သို့ ယောဂီသည် သင်္ခါရအပေါင်း၌မပျော်မွေ့၊ ငြိမ်းအေးရာနိဗ္ဗာန်၌သာပျော်မွေ့၏၊ နိဗ္ဗာန်သို့ညွတ်ကိုင်းသောစိတ်ရှိသည်သာဖြစ်၏။

အနက်တူ သဒ္ဒါကွဲပြားသောဉာဏ်သုံးပါး

ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်– ဤ ဉာဏ် ၃-ပါးတို့သည် အနက်တရားကိုယ်အားဖြင့် တူ၏၊ သဒ္ဒါသာ ထူး၏၊ ထို့ကြောင့် ရှေးဆရာတို့ မိန့်ဆိုပုံမှာ –

ဘယတုပဋ္ဌာနဉာဏ် တစ်ပါးသည်ပင် အမည် ၃-ပါးရ၏၊ အလုံးစုံသောသင်္ခါရတို့ကို ကြောက်ဖွယ်ဘေးအနေဖြင့်ရှုလျှင် ဘယတုပဋ္ဌာနဉာဏ်, အပြစ်အနေဖြင့်ရှုလျှင် အာဒီနဝဉာဏ်, ငြီးငွေ့လျက်ရှုလျှင် နိဗ္ဗိဒါဉာဏ် မည်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း – 'ဘယတုပဋ္ဌာနဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ်သုံးပါးသည် တူသောအနက် တရားကိုယ် ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏' ဟု ဟောတော်မူအပ်၏။

~ ~ ~ ~ ~ ~ ~ ~

၆။ မုဉ္စိတုကမျတာဉာဏ်

နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ပျင်းရိလျက် မပျော်မွေ့သော ယောဂီအား အလုံးစုံသောဘဝ။ပ။ သတ္တဘဝါသတို့၌ တည်ကုန်သော ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတို့တွင် တစ်ခုသော သင်္ခါရ၌သော်လည်း မငြိကပ် တွယ်တာခြင်းကင်းလျက် အလုံးစုံသောသင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏၊ ထိုယောဂီအား မုဉ္စိတုကမျတာဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ဥပမာ–

၁။ ပိုက်ကွန်အတွင်း၌ မိနေသော **ငါး**
၂။ မြွေ၏ ခံတွင်းသို့ ရောက်သော **ဖါး**
၃။ လျှောင်အိမ်ချိုင့်၌ ထည့်ထားသော **တောကြွက်**
၄။ ခိုင်မြဲသောကျောက်ကွင်းဖြင့် ဖွဲ့မိနေသော **သမင်**
၅။ အလမ္ဘာယ်ဆရာလက်ထဲ ရောက်နေသော **မြွေ**
၆။ ကြီးစွာသောညွန်အိုင်၌ ကျရောက်နေသော **ဆင်**
၇။ ဂဠုန်၏ ခံတွင်းသို့ ရောက်နေသော **နဂါး**
၈။ ရာဟုခံတွင်းသို့ ဝင်ရောက်နေသော **လ**
၉။ ရန်သူတို့ ဝန်းရံထားသော **ယောဂျား**

တို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်လိုသကဲ့သို့ ယောဂီ၏စိတ်သည် အလုံးစုံသော သင်္ခါရအပေါင်းမှ လွတ်မြောက်လိုသောဉာဏ်သည် မုဉ္စိတုကမျတာဉာဏ် မည်၏။

မှတ်ချက်။ ။ ဘင်္ဂဉာဏ်မှသည် ဤမုဉ္စိတုကမျတာဉာဏ်သို့တိုင်အောင်သော ဉာဏ်တို့ကား သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ လက္ခဏာရေး ၃-တန်ကို တစ်လှည့်စီတင်ကာ ဝိပဿနာရှုနေသောဉာဏ်များ ဖြစ်ကြ၏၊ (၁) ယင်းသင်္ခါရတရားတို့အပေါ်၌ ကြောက်မက်ဖွယ်ဘေးအားဖြင့် ထင်ခဲ့သော်ဘယဉာဏ်၊ (၂)ယင်းသင်္ခါရတရားတို့၏အပြစ်ကိုရှုမြင်ခဲ့သော် အာဒီနဝဉာဏ်၊ (၃)ယင်းသင်္ခါရတရားတို့၌ ငြီးငွေ့ခဲ့သော် နိဗ္ဗိဒါဉာဏ်၊ (၄) ယင်းသင်္ခါရတရားတို့မှ လွတ်မြောက်လိုခဲ့သော် မုဉ္စိတုကမျတာဉာဏ် ဤသို့အသီးအသီး ခေါ်ဆိုသုံးစွဲခြင်းဖြစ်သည်။

www.dhammadownload.com

၈။ ဥပပတ္တိ–ကပ်ရောက်၍ဖြစ်ခြင်းဟူသည် ဝိပါက်၏ မပြတ်ဖြစ်ခြင်းတည်း။
၉။ ဇာတိ–ဘဝအသစ်ဖြစ်ခြင်းဟူသည် အိုခြင်းစသည်တို့၏ အကြောင်းဖြစ်သော ကမ္မဘဝကြောင့် ဖြစ်သော ဇာတိပေတည်း။
၁၀။ဇရာမရဏ–အိုခြင်းသေခြင်းစသည်တို့ကား ထင်ရှားကုန်သည်သာတည်း။

ဤဥပါဒစသော တစ်ဆယ့်ငါးပုဒ်တို့တွင် ဥပါဒစသော မူလငါးပုဒ်တို့ကိုသာလျှင် အာဒီနဝဉာဏ်၏ ဖြစ်ရာအာရုံဝတ္ထုအဖြစ်ဖြင့် ဟောအပ်၏၊ ကြွင်းသော ဆယ်ပုဒ်တို့ကို ထိုမူလငါးပုဒ်တို့၏ ဝေဒုစ် ပရိယာယ် စကားလှယ်အဖြစ်ဖြင့် ဟောအပ်၏၊ မှန်ပေ၏၊ နိဗ္ဗတ္တိ ဇာတိ ဤနှစ်ပုဒ်သည် ဥပါဒပုဒ်နှင့် ပဋိသန္ဓိပုဒ်တို့၏ ဝေဒုစ် ပရိယာယ် စကားလှယ်တည်း၊ ဂတိ ဥပပတ္တိ ဤနှစ်ပုဒ်သည် ပဝတ္တိပုဒ်၏ ဝေဒုစ် ပရိယာယ် စကားလှယ်တည်း၊ အိုခြင်းစသည်တို့သည် နိမိတ္တပုဒ်၏ ဝေဒုစ် ပရိယာယ် စကားလှယ်တည်း၊ ထို့ကြောင့်–

'ဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ ဖြစ်ပွါးခြင်းကိုလည်းကောင်း၊ နိမိတ်ကိုလည်းကောင်း၊ အားထုတ်ခြင်းကိုလည်းကောင်း၊ ဘဝသစ်၌ဖြစ်ခြင်းကိုလည်းကောင်း ဆင်းရဲဟု ရှုမြင်၏၊ ဤရှုမြင်သောဉာဏ်ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်၏' ဟူ၍လည်းကောင်း၊ 'ဤအာဒီနဝဉာဏ်သည် ငါးပါးသောဌာနတို့၌ ဖြစ်၏' ဟူ၍လည်းကောင်း မိန့်ဆိုခြင်းဖြစ်သည်။

သန္တိပဒဉာဏ် ဟောရခြင်းအကြောင်း

၁။ အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သောဉာဏ်ကို ပြခြင်းအကျိုးငှာ ဟောအပ်ပေသည်၊
၂။ (တစ်နည်း) ဘယဉာဏ်ဖြင့် အပြစ်ကို မြင်၍ ထိတ်လန့်သော စိတ်နလုံးရှိသော ပုဂ္ဂိုလ်အား ဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့အရပ်လည်း ရှိသေး၏ဟု သက်သာရာရစေခြင်း အကျိုးငှာဟောအပ်ပေ၏။
၃။ (တစ်နည်း) ဖြစ်ပေါ်ခြင်း စသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာ ထင်ကုန်သော ယောဂီ၏စိတ်သည် ထိုဖြစ်ပေါ်ခြင်း စသည်တို့၏ဆန့်ကျင်ဘက်၌ ညွတ်ကိုင်းလျက် ရှိ၏၊ ထို့ကြောင့် သန္တိပဒဉာဏ်ကို ဟောအပ်လေသည်။

ဆက်၍ရှင်းပြဦးအံ့

ဤပါဠိ၌ ကြောက်ဖွယ်ဘေးမည်သောတရားသည် မုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း၊ ထိုဆင်းရဲဒုက္ခသည်လည်း ဝဋ် ၃–ပါးဟူသောအစာ, ကာမဂုဏ်ဟူသောအစာ, ကိလေသာဟူသော်အစာတို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွ ဖြစ်သည်သာတည်း၊ အစာနှင့်တကွဖြစ်သော ထိုတရားသည်လည်း သခါရမျှသာလျှင်ဖြစ်ပေသည်၊ ထို့ကြောင့် 'ဖြစ်ပေါ်ခြင်းသည်ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည်အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏' ဤသို့အစရှိသောစကားကို ဟောအပ်ပေ၏၊ ဤသို့ပင် ဟောအပ်သော်လည်း ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်လည်းကောင်း၊ ဆင်းရဲအခြင်းအရာအားဖြင့်လည်းကောင်း၊ အစာနှင့်တကွဖြစ်သောအခြင်းအရာအားဖြင့်လည်းကောင်း– ဤသို့ အခြင်းအရာထူးခြားသောအားဖြင့်, ဖြစ်ပုံ၏အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ဉာဏ်ထူးသည်၏အဖြစ်ကို သိအပ်၏၊ ဤပါဠို၌ ကြွင်းစကားရပ်သည် ပေါ်လွင်သည်သာတည်း။

မှတ်ချက်။ ။ အမျိုးမျိုးသော မိစ္ဆာအယူ = မြတ်သော မျက်မှောက် လောကနိဗ္ဗာန်အယူစသော အယူများ (ကာမဂုဏ်ကို ခံစားရခြင်းထက် ကောင်းသောအရာသာ မရှိတော့ ဟု ဆိုလို၏။)

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

ဖြစ်ပေါ်ခြင်းသည် (ဝဋ်, ကာမဂုဏ်, ကိလေသာဟူသော) အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရှာ၍ ပညာသည် အာဒီနဝဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရှာ၍ ပညာသည် အာဒီနဝဉာဏ် မည်၏။ (၇)

မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏၊ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ (၈)

ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ (၉)

ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရှာ၍ သိသောပညာသည် အာဒီနဝဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် သခ်ါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရှာ၍ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၁၀)

မဖြစ်ပေါ်ခြင်းသည် ငြိမ်းသော နိဗ္ဗာန်တည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏၊ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းသော နိဗ္ဗာန်တည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။ (၁၁)

ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ် မည်၏။ ဖြစ်ပွားခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် သခ်ါရတို့တည်း၊ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။ (၁၂)

ဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ ဖြစ်ပွါးခြင်းကိုလည်းကောင်း၊ နိမိတ်ကိုလည်းကောင်း၊ အားထုတ်ခြင်းကိုလည်းကောင်း၊ ဘဝသစ်၌ ဖြစ်ခြင်းကိုလည်းကောင်း ဆင်းရဲဟု ရှုမြင်၏၊ ဤ ရှုမြင်သောဉာဏ် ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်၏။

မဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ မဖြစ်ပွါးခြင်းကိုလည်းကောင်း၊ နိမိတ်ကင်းခြင်းကိုလည်းကောင်း၊ အားမထုတ်ခြင်းကိုလည်းကောင်း၊ ပဋိသန္ဓေကင်းခြင်းကိုလည်းကောင်း ချမ်းသာဟု ရှုမြင်၏၊ ဤ ရှုမြင်သောဉာဏ်ငါးပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ် မည်၏။

အာဒီနဝဉာဏ်သည် ၅-ပါးသောဌာနတို့၌ ဖြစ်၏၊ သန္တိပဒဉာဏ်သည် ၅-ပါးသောဌာနတို့၌ ဖြစ်၏၊ ယောဂီသည် ၁၀-ပါးသောဉာဏ်တို့ကိုသိ၏၊ နှစ်ပါးသော(အာဒီနဝဉာဏ်၊သန္တိပဒဉာဏ်)တို့၌ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုမြင်မှုသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ် မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာ မည်၏၊ ထို့ကြောင့် 'ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရှာ၍ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏' ဟူ၍ ဆိုအပ်၏။ ဤကားပါဠိ။

ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လာသော စကားရပ်တို့၏အဖွင့်

ထိုပါဠိ၌

၁။ ဥပ္ပါဒ-ဖြစ်ပေါ်ခြင်းဟူသည် ရှေးကံဟူသောအကြောင်းကြောင့် ဤဘဝ၌ ရှေးဦးစွာဖြစ်ပေါ်ခြင်းတည်း။

၂။ ပဝတ္တ-ဖြစ်ပွားခြင်းဟူသည် ထိုသို့ဖြစ်ပေါ်ပြီးသော ရုပ်နာမ်၏ မပြတ်ဖြစ်ခြင်းတည်း။

၃။ နိမိတ္တ-နိမိတ်ဟူသည် အလုံးစုံသော သခ်ါရတရားဟူသော သခ်ါရနိမိတ်တည်း။

၄။ အာယူဟန-အားထုတ်ခြင်းဟူသည် နောင်ဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သောကံတည်း။

၅။ ပဋိသန္ဓိ-တစ်ဖန်စပ်သောပဋိသန္ဓေဟူသည် နောင်ဘဝ၌ ဖြစ်ပေါ်ခြင်းတည်း။

၆။ ဂတိ-လားရာဟူသည် အကြင်လားရောက်အပ်သော ငါးပါးသောဂတိတို့ဖြင့် ထိုပဋိသန္ဓေသည်ဖြစ်၏၊ ထိုလားရာဂတိ ငါးပါးပင်တည်း။

၇။ နိဗ္ဗတ္တိ-ဖြစ်ခြင်းဟူသည် ခန္ဓာတို့၏ ဖြစ်ခြင်းတည်း။

www.dhammadownload.com

၅။ ဗာဟိရာယတန ၆-ပါးတို့သည် ရွာဖျက်ဓားပြကဲ့သို့၊

၆။ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးတို့သည် မီး ၁၁-ပါး လောင်သောအိမ်ကဲ့သို့လည်းကောင်း၊ ထက်ဝန်းကျင်မှ တောက်ပကုန်သကဲ့သို့လည်းကောင်း၊ တစ်ခဲနက်မီးလျှံသဖွယ် ဖြစ်ကုန်သကဲ့သို့လည်းကောင်း ထင်ပေါ်လာ၏။

၇။ အလုံးစုံသောသခ်ါရတို့သည်အိုင်းအမာ, စွဲကပ်ရောဂါ, စူးဝင်ငြောင့်, မကောင်းမှု, အဖျားအနာကဲ့သို့ သာယာဖွယ်ကင်းလျက်, အရသာကင်းကုန်သည်ဖြစ်၍ ကြီးစွာသောအပြစ် အစုသဖွယ်ဖြစ်၍ ထင်လာကုန်၏။

ချမ်းသာစွာ အသက်ရှင်လို၍ ကြောက်တတ်သောသူသည် သားရဲရှိသော တောအုပ်၊ ကျားရှိသော လိုဏ်ဂူ၊ ဖမ်းစားတတ်သော မိကျောင်း စသည်နှင့် ရေစောင့်ရက္ခိုသ်ဘီလူး ရှိသော ရေ၊ ခိုးသူဓားပြ ရှိသော လမ်းခရီး၊ မီးစွဲလောင်နေသော အိမ်၊ အဆိပ်ခတ် ထမင်း၊ စစ်မြေပြင် စသည်၌ ထက်ဝန်းကျင်အပြစ်ကိုသာလျှင်ရှုမြင်၏၊ ထို့အတူပင်လျှင် ယောဂီသည် သခ်ါရတရားတို့၏ပျက်ခြင်းကိုရှုသော ဘင်္ဂါနုပဿနာ၏အစွမ်းဖြင့် အလုံးစုံသောသခ်ါရတရားတို့သည် ကြောက်ဖွယ်ဘေးအနေဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသော, သာယာဖွယ်ကင်းသော, အမြဲမပြတ်ဖြစ်ခြင်း ဟူသောဘေးနှင့် တကွဖြစ်ခြင်း ဟူသော အပြစ်အာဒီနဝကိုသာလျှင် တွေ့မြင်နေ၏၊ ဤသို့သောနည်းဖြင့်ရှုသော ယောဂီပုဂ္ဂိုလ်အား သခ်ါရတို့၌အပြစ်ကို ရှုမြင်သောဉာဏ် = အာဒီနဝဉာဏ် မည်သည် ဖြစ်ပေါ်လာ၏။

ပဋိသမ္ဘိဒါမဂ်ပါဋိတော်၌ ဟောတော်မူပုံ

အဘယ်သို့လျှင် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည်အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်သနည်း? ဖြစ်ပေါ်ခြင်း(ဥပ္ပါဒ)သည် ကြောက်ဖွယ်ဘေးဟု ဤသို့ သခ်ါရတရားတို့၏ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်၏၊ ဖြစ်ပွါးခြင်း(ပဝတ္တ)သည် ဘေးဟု။ နိမိတ်(နိမိတ္တ)သည် ဘေးဟု။ အားထုတ်ခြင်း(အာယူဟန)သည် ဘေးဟု။ ဘဝသစ်၌ဖြစ်ခြင်း(ပဋိသန္ဓေ)သည် ဘေးဟု။ လားရာ(ဂတိ)သည် ဘေးဟု။ ဖြစ်ခြင်း(နိဗ္ဗတ္တိ)သည် ဘေးဟု။ ကပ်ရောက်၍ဖြစ်ခြင်း(ဥပပတ္တိ)သည် ဘေးဟု။ ဘဝသစ်ဖြစ်ခြင်း(ဇာတိ)သည် ဘေးဟု။ အိုခြင်း(ဇရာ)သည် ဘေးဟု။ နာခြင်း(ဗျာဓိ)သည် ဘေးဟု။ သေခြင်း(မရဏ)သည် ဘေးဟု။ စိုးရိမ်ခြင်း(သောက)သည်ဘေးဟု။ ငိုကြွေးခြင်း(ပရိဒေဝ)သည် ဘေးဟု။ ပြင်းစွာပူပန်ခြင်း(ဥပါယာသ)သည် ဘေးဟု ဤသို့ သခ်ါရတရားတို့၏ ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်၏။ (၁)

မဖြစ်ပေါ်ခြင်းသည်(ဖြစ်ပေါ်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု ဤသို့ သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ် မည်၏။ မဖြစ်ပွားခြင်းသည်(ဖြစ်ပွားမှုကင်းသော နိဗ္ဗာန်သည်)။ပ။ ပြင်းစွာမပူပန်ခြင်းသည်(ပြင်းစွာပူပန်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု ဤသို့ သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ် မည်၏။ (၂)

ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ။ ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်း ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။(၃)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၄)

မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏၊ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ (၅)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏၊ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။ (၆)

www.dhammadownload.com

ဘယဉာဏ်သည် ကြောက်တတ်သလော, မကြောက်တတ်သလော?

ဘယဉာဏ်သည် မကြောက်တတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် ဉာဏ်သည် ကြောက်သော အခြင်းအရာအားဖြင့် မဖြစ်သောကြောင့်တည်း။

စင်စစ်ဘယဉာဏ်သည် 'အတိတ်သခ်ါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန်သခ်ါရတို့သည် ချုပ်နေဆဲ၊ အနာဂတ်သခ်ါရတို့သည် ချုပ်ကုန်လတ္တံ့'ဟု ရူးစမ်းဆင်ခြင်ခြင်းမျှသာ ဖြစ်ပေသည်။

ဥပမာ– မျက်စိမြင်သော ယောကျ်ားသည် မြို့တံခါးအနီး မီးကျီးတွင်း ၃–ခုကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား ထိုယောကျ်ားသည် 'ဤမီးကျီးတွင်းတို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ္တံ့' ဟု သက်သက် ရူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။

ဤအတူပင်– ဘယဉာဏ်သည် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား မီးကျီးတွင်း ၃–ခုနှင့်တူသော ဘဝ ၃–ပါးတို့၌ 'အတိတ်သခ်ါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန်သခ်ါရတို့သည် ချုပ်နေဆဲ၊ အနာဂတ်သခ်ါရတို့သည် ချုပ်ကုန်လတ္တံ့'ဟု သက်သက် ရူးစမ်းဆင်ခြင်ခြင်းမျှသာ ဖြစ်ပေသည်။

အခြားဥပမာတစ်မျိုးမှာ မျက်စိအမြင်ရှိသောသူတစ်ယောက်သည် ရှားနှစ်တံကျင်၊ သံတံကျင်၊ ရွှေတံကျင် ဟူသော တံကျင်သုံးချောင်းကို အစဉ်အတိုင်းတွေ့မြင်သည်ရှိသော် ကိုယ်တိုင်ကားမကြောက်ပေ၊ သို့သော် 'ဤတံကျင်တို့အပေါ်သို့ ကျရောက်သူမှန်သမျှ ကြီးစွာသောဒုက္ခကို ခံကြရပေလိမ့်မည်' ဟု ရူးစမ်းဆင်ခြင်မှု ဖြစ်ပေါ်သကဲ့သို့ ဖြစ်သည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပုံ

<u>သခ်ါရတို့ကို မည်သို့နှလုံးသွင်းလျှင် မည်သည့်အရာသည် ကြောက်ဖွယ်ဘေးဟု ထင်လာသနည်း။</u>

(၁) သခ်ါရတို့ကို မမြဲ(အနိစ္စ)ဟု နှလုံးသွင်းလျှင် သခ်ါရနိမိတ်(နိမိတ္တ)သည် ကြောက်ဖွယ်ဘေးဟု ထင်၏၊ အဘယ့်ကြောင့်ဆိုသော် သခ်ါရတို့၏ သေခြင်း ပျက်ခြင်း(မရဏ)ကိုသာလျှင် မြင်သောကြောင့်တည်း။

(၂) သခ်ါရတို့ကို ဆင်းရဲ(ဒုက္ခ)ဟု နှလုံးသွင်းလျှင် မပြတ်ဖြစ်သော ခန္ဓာအယဉ်(ပဝတ္တ)သည် ဘေးအနေဖြင့်ထင်၏၊အဘယ့်ကြောင့်ဆိုသော် ချမ်းသာဟုသမုတ်အပ်သော ရူပဘဝ, အရူပဘဝအယဉ်၌သော်လည်း ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်ဖြင့် မပြတ်နှိပ်စက်အပ်သည်၏အဖြစ်ကိုသာလျှင် မြင်သောကြောင့်တည်း။

(၃) သခ်ါရတို့ကို အတ္တမဟုတ်(အနတ္တ)ဟု နှလုံးသွင်းလျှင် နိမိတ္တနှင့်ပဝတ္တ ၂–ပါးလုံးသည် ဘေးအနေဖြင့်ထင်၏၊အဘယ့်ကြောင့်ဆိုသော် ဤ ၂–ပါးလုံးကို လူသူကင်းဆိတ်သော ရွာပျက်, တံလျှပ်, ဂန္ဓဗ္ဗနတ်, ကျတ်သရဲတို့၏မြို့ စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီး၊ အတ္တမှ ဆိတ်သုဉ်းသည်၊ ပိုင်ရှင်မရှိ၊ ရှေ့ဆောင်အကြီးအကဲ မရှိ ဟု မြင်သောကြောင့်တည်း။

~ ~ ~ ~ ~ ~ ~ ~

၄။ အာဒီနဝါနုပဿနာဉာဏ်

ဘယဉာဏ်ကို မှီဝဲလျက်၊ ပွါးစေလျက် အကြိမ်များစွာပြုသော ယောဂီအား အလုံးစုံသော ဘဝ။ ပ ။ သတ္တဘဝါသတို့၌ အကျိုးမဲ့မှ စောင့်ရှောက်တတ်သောအရာသည် လည်းကောင်း၊ ပုန်းအောင်းရာသည်လည်းကောင်း၊ ရှောင်တိမ်းသွားရန်အရပ်သည် လည်းကောင်း၊ ကိုးကွယ်ရာအားထားရာသည် လည်းကောင်း မထင်တော့ပေ၊ အလုံးစုံသော ဘဝစသည်တို့၌ တည်ကုန်သော သခ်ါရတို့တွင် တစ်ခုသောသခ်ါရ၌သော်လည်း တောင့်တခြင်း မရှိတော့၊ ငါဟု မှားယွင်းစွာ သုံးသပ်ခြင်းလည်း မရှိတော့ချေ။

ဥပမာ – ၁။ ဘဝ ၃–ပါးတို့သည် မီးကျီးတွင်းကဲ့သို့၊

၂။ မဟာဘုတ် ၄–ပါးတို့သည် အဆိပ်ပြင်းမြွေဆိုးကဲ့သို့၊

၃။ ခန္ဓာ ၅–ပါးတို့သည် သံလျက်ချီမိုး သူသတ်သမားကဲ့သို့၊

၄။ အဇ္ဈတ္တိကာယတန ၆–ပါးတို့သည် လူမရှိသော ရွာပျက်ကဲ့သို့၊

www.dhammadownload.com

ဘင်္ဂဥာဏ်၏ အာနိသင် ၈-ပါး

၁။ ဘဝဒိဋ္ဌိ ခေါ် သဿတဒိဋ္ဌိကို ပယ်ခွါခြင်း၊
၂။ အသက်၌ ငဲ့ကွက်တွယ်တာမှုကို စွန့်နိုင်ခြင်း၊
၃။ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘာဝနာ၌ လွန်စွာအားထုတ်နိုင်ခြင်း၊
၄။ ယုတ်မာသော အလိုရမ္မက်မှ ဝေးသည် ဖြစ်၍ စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊
၅။ (ထက်သန်သော သံဝေဂဉာဏ်ကြောင့်) ကိစ္စကြီးငယ်တို့၌ ကြောင့်ကြ ဗျာပါရကို ပယ်နိုင်ခြင်း၊
၆။ ကြောက်ရွံ့မှုကင်းခြင်း၊
၇။ သည်းခံနိုင်ခြင်း, သူတော်ကောင်းတရား၌ မွေ့လျော်ခြင်း၊
၈။ တောကျောင်းနှင့် ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်း၊ ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ပင်တည်း။ ထို့ကြောင့်-

ရှေးဆရာတို့ မိန့်ဆိုတော်မူပုံမှာ-

> "ထိုဘင်္ဂါနုပဿနာ၌ ဘဝဒိဋ္ဌိကိုပယ်ခြင်း အစရှိသော ဤရှစ်ပါးသော မြတ်သောအကျိုးအာနိသင်တို့ကိုတွေ့မြင်၍ ဦးခေါင်း၌တပြောင်ပြောင် မီးတောက်လောင်သော ဦးရစ်ခေါင်းပေါင်းရှိသောသူလျှင် ဥပမာရှိသော ဘင်ကို ရှုလေ့ရှိသော ရဟန်းသည် မသေရာ အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်းငှာ သင်္ခါရတရားတို့၏အပျက်ကို အာရုံပြု၍ အဖန်တလဲလဲ ဝိပဿနာရှုပွား သုံးသပ်လေ၏။"

~ ~ ~ ~ ~ ~ ~ ~

၃။ ဘယတုပဋ္ဌာနဉာဏ်

အလုံးစုံသော တေဘူမကသင်္ခါရတို့၏ ခယ, ဝယ, ဘေဒ ဟု ဆိုအပ်သော ခဏိကနိရောဓလျှင် အာရုံရှိသော ဘင်္ဂဉာဏ်ကို မှီဝဲလျက် ပွါးစေလျက် အကြိမ်များစွာ ပြုသော ယောဂီအား အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ ခဏတိုင်း ခဏတိုင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတို့သည် ကြောက်ဖွယ်ဘေး ရှိကုန်သည်ဖြစ်၍ သက်သက် ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ပေါ်သော ဉာဏ် ဖြစ်သောကြောင့် ဘယဉာဏ် မည်ပါသည်။

ဥပမာ- ချမ်းသာစွာ အသက်ရှင်လိုသော ကြောက်လည်းကြောက်တတ်သော ယောကျ်ားသည် ခြင်္သေ့၊ ကျား၊ ဆင်ကြမ်း၊ မြွေဆိုးစသော သားရဲများရှိရာအရပ်၊ မိုးကြိုးစက်၊ သုသာန်၊ စစ်မြေပြင်၊ မီးကျီးတွင်းစသောအရပ်တို့သည် ကြီးစွာသော ကြောက်ဖွယ်အဖြစ် ထင်သကဲ့သို့- ခဏတိုင်းခဏတိုင်း ပျက်စီးနေသောသင်္ခါရတို့၌ ကြောက်မက်ဖွယ်ဘေးဟု ထင်မြင်လာသောဉာဏ်သည် ဘယဉာဏ် မည်၏။

ဘယဉာဏ်ဖြစ်ပေါ်ရန်ဆင်ခြင်ပုံ

တစ်ယောက်သောမိန်းမအား မင်းပြစ်သင့်သော သား ၃-ယောက်တို့ရှိရာ မင်းသည် ထိုသားတို့အား ခေါင်းဖြတ်ရန် အမိန့်ပေး၏၊ သူသတ်ကုန်းသို့ လိုက်သွားသော ထိုမိန်းမသည် သားကြီး၏ ဦးခေါင်းဖြတ်ပြီးပြီကိုလည်းကောင်း၊ သားလတ်၏ ဦးခေါင်းဖြတ်နေဆဲကိုလည်းကောင်း မြင်၍ သားငယ်၌တွယ်တာမျှော်လင့်ခြင်းကို စွန့်လွှတ်လိုက်လေသည်။

ထိုဥပမာကဲ့သို့ သားကြီး၏ ဦးခေါင်းဖြတ်ပြီးပြီကို မြင်သကဲ့သို့- အတိတ်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ သားလတ်၏ဦးခေါင်းဖြတ်နေဆဲကို မြင်သကဲ့သို့-ပစ္စုပ္ပန်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ 'သားငယ်သည်လည်း သားကြီးသားလတ်တို့ကဲ့သို့ပင် ဖြစ်ရရှာလတ္တံ့'ဟု သားငယ်၌တွယ်တာခြင်းကို စွန့်လွှတ်သကဲ့သို့ 'နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ပျက်ကုန်လတ္တံ့' ဟု အနာဂတ်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။

ထိုသို့ ရှုမြင်သော ယောဂီအား ထိုသို့ ရှုမြင်သောအရာဌာန၌ ဘယဉာဏ် ဖြစ်ပေါ်လာပါသည်။

တစ်ပါးသောဥပမာ = ပုပ်သောသားရှိသော(သားသမီးအဖတ်မတင်သော)မိန်းမ၊ ၉ ယောက်သေပြီး, သေဆဲဖြစ်သော ၁၀ ယောက်မြောက်ကို မြင်, ဝမ်း၌ရှိသော ကလေး။

www.dhammadownload.com

ချုပ်ခြင်းဌ်နှလုံးသွင်းခြင်း = မြင်ရ မမြင်ရ သင်္ခါရတရားနှစ်မျိုးတို့ကို အပျက်ဘင်္ဂတစ်မျိုးတည်းဖြင့် ပိုင်းခြားပြီးလျှင် အပျက်ဘင်္ဂဟူသောချုပ်ခြင်းဌ် ဝိပဿနာစိတ်ကို နှလုံးသွင်းခြင်း၊ အလေးဂရုပြုခြင်း၊ ညွှတ်ထားခြင်း၊ ကိုင်းခြင်း။

<u>အဓိပညာဝိပဿနာ ဟူသောစကားဌ်</u>

အာရုံ၏အပျက်ကို ဆင်ခြင်ပြီး၍ = ရှေးဖြစ်သော ရုပ်တရားအစရှိသည့် အာရုံကို ပျက်သွားသည်ဟု သိခြင်း၊

ရှုသောစိတ်၏အပျက်ကိုလည်းတစ်ဖန်ရှု=ရုပ်တရား အစရှိသည်တို့၏ ပျက်ခြင်းဘင်္ဂကို ရှုပြီးလျှင် ထို ရှုသိနေသော စိတ်၏ပျက်ခြင်းဘင်္ဂကို တစ်ဖန်ရှုခြင်း၊

ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်း = ပျက်ခြင်းဘင်္ဂကို တစ်ဖန်ရှုသော ယောဂီပုဂ္ဂိုလ်အား 'သင်္ခါရတရားတို့သည် သာလျှင် ပျက်ကုန်၏၊ ထို ပျက်ခြင်းဘင်္ဂသည် မရဏ မည်၏၊ သင်္ခါရတရားတို့မှ တစ်ပါးသော သေတတ် ပျက်တတ်သော တစ်စုံတစ်ယောက်သောသူမည်သည် မရှိ' ဟု အတွေးမှ ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်း၊

<u>အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ် ဟူသောစကားဌ်</u>

အနုပဿနာ ၃-ပါး = အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊

ဝိပဿနာ ၄-ပါး = နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ

ထင်ခြင်း ၃-ပါး = ခယ-ကုန်သောအားဖြင့်၊ ဝယ-ပျက်သောအားဖြင့်၊ သုညတ-ဆိတ်သုဉ်းသော အားဖြင့်ထင်ခြင်း၊

အမျိုးမျိုးသောမိစ္ဆာအယူ= သဿတဒိဋ္ဌိ စသော အယူများ၊

လောကကိုရှုမြင်တတ်သူကို သေမင်းမမြင်နိုင်

ဤကဲ့သို့ မတုန်လှုပ်သောယောဂီသည် မချုပ်ဖူးသေးသော သင်္ခါရတရားအသစ်သည်သာလျှင် ချုပ်၏၊ မပျက်သေးသော သင်္ခါရတရားအသစ်သည်သာလျှင် ပျက်၏ဟု ဤသို့ ဖြစ်ပေါ်လာသော နှလုံးသွင်းခြင်းရှိသည်ဖြစ်၍၊

(က) ကွဲပျက်ဆဲဖြစ်သော မခိုင်မာသော အိုးခွက်၏ ကွဲပျက်ခြင်းကို မြင်သကဲ့သို့လည်းကောင်း၊

(ခ) ဖရိုဖရဲပြန့်ကြဲအပ်ဆဲဖြစ်သော သိမ်မွေ့သောမြူအပေါင်း၏ ဖရိုဖရဲပြန့်ကြဲခြင်းကို မြင်သကဲ့သို့လည်းကောင်း၊

(ဂ) လှော်အပ်ဆဲဖြစ်သော နှမ်းတို့၏ ပေါက်ကွဲပျက်စီးခြင်းကို မြင်သကဲ့သို့လည်းကောင်း

အလုံးစုံသောသင်္ခါရတို့၏ ဥပါဒ်, ဌီ, ပဝတ္တ, နိမိတ်တို့ကို စွန့်၍ ပျက်ခြင်းဘင်္ဂကို သာလျှင် ရှုမြင်၏၊

ဥပမာအားဖြင့် – မျက်စိအမြင်ရှိသောယောကျ်ားသည် ရေကန်၏ကမ်းပါးဌ် ဖြစ်စေ၊ မြစ်ကမ်းပါးဌ် ဖြစ်စေ ရပ်လျက် မိုးပေါက်ကြီးစွာ မိုးရွာလတ်သော် ရေပြင်ပေါ်ဌ် ကြီးစွာကြီးစွာသော ရေပွက်တို့သည် ဖြစ်၍ ဖြစ်၍ လျင်စွာ လျင်စွာ ပျက်သွားသည်တို့ကိုသာလျှင် တွေ့မြင်ရသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့သည် လျင်စွာ ပျက်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။

ဤသို့ ရေပွက်တန်ရာ ပျက်လွယ်သည်ကိုရှုသောသဘောရှိသောယောဂီပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဘုရားရှင် ဟောတော်မူပုံ-

"ရေပွက်ကို ရှုမြင်သကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်သကဲ့သို့လည်းကောင်း၊ ရုပ်နာမ်ခန္ဓာ ဟူသော လောကကို ဉာဏ်ဖြင့် သက်ဝင်၍ အပျက်အပျက်ကိုသာ ရှုသောယောဂီကို ရှင်သေမင်း သည် မမြင်ရလေပြီ။"

www.dhammadownload.com

စက်ဆုပ်၏ မတပ်မက်

အလွန်မနှစ်သက်အပ်သည့် အနာဘိနန္ဒိတဗွတရား၌ တပ်မက်မှုမဖြစ်သင့်သောကြောင့် ဘင်္ဂါနုပဿနာသို့ အစဉ်လိုက်သဖြင့် လက္ခဏာရေးသုံးပါးတင်၍ ရှုမြင်ပြီးသော သခါရတရားအပေါင်း၌ စက်ဆုပ်၏၊ မတပ်မက်တော့။

ချုပ်စေ၏ မဖြစ်စေ

ဤသို့ သင်္ခါရတရားအပေါင်း၌ မတပ်မက်သော ယောဂီပုဂ္ဂိုလ်သည် လောကီဉာဏ်ဖြင့်ပင် ရာဂကို ချုပ်ငြိမ်းစေ၏၊ ရာဂကို မဖြစ်ပေါ်စေ။

တစ်နည်းကား ဤသို့စက်ဆုပ်သော ထိုယောဂီသည် မြင်အပ်ပြီးသော ပစ္စုပ္ပန်သင်္ခါရအပေါင်းကို ချုပ်သည် ဟု ရှုသကဲ့သို့ ထို့အတူ မမြင်ရသော အတိတ် အနာဂတ် သင်္ခါရကိုလည်း မြင်ပြီးသို့ အစဉ်လိုက်၍ မှန်းဆ၍သိသော အနုမာနဉာဏ်(အနုမာနဉာဏ်)၏အစွမ်းအားဖြင့် ချုပ်သည်ဟု ရှု၏၊ ဖြစ်သည်ဟု မရှုပေ။

တစ်ဖန်စွန့်၏ မယူ

မမြဲ အစရှိသော အခြင်းအရာအားဖြင့် ရှုသော ဝိပဿနာသည်(ဘင်္ဂါနုပဿနာသည်) တဒင်္ဂပဟာန်၏အစွမ်းဖြင့် ကိလေသာတို့ကို ပယ်စွန့်၏၊ ကိလေသာတို့ကို ပယ်စွန့်ခဲ့သော် ထိုကိလေသဝဋ်လျှင် အကြောင်းရင်းခံရှိသော (ကမ္မဝဋ်ဟူသော)ဘဝသစ်ကို ပြုပြင်စီမံတတ်သော အဘိသင်္ခါရတရားတို့ကိုလည်း ပယ်စွန့်ပြီးဖြစ်၏၊ တစ်ဖန် ကံကိလေသာတို့ကို ပယ်စွန့်သည်ရှိသော် ထိုကံကြောင့် ဖြစ်လတ္တံ့ဖြစ်ကုန်သော ဝိပါက်ခန္ဓာတို့ကိုလည်း ပယ်စွန့်သည်ပင် မည်၏။

ဤဝိပဿနာဉာဏ်သည် ခန္ဓာ,အဘိသင်္ခါရတရားတို့နှင့်တကွ ကိလေသာတို့ကို ပယ်စွန့်ခြင်းကြောင့် **ပရိစ္စာဂပဋိနိဿဂ္ဂ** မည်၏၊ သင်္ခတတရားတို့၏ အပြစ်ကိုမြင်သဖြင့်၊ ထိုအနိစ္စ စသည်မှ ပြောင်းပြန်ဖြစ်သော နိစ္စ-သုခစသောသဘောရှိသော နိဗ္ဗာန်သို့ ညွတ်သောစိတ်နလုံး ရှိသည်၏အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့် **ပက္ခန္ဒနပဋိနိဿဂ္ဂ**လည်း မည်၏။

ထို့ကြောင့် ဘင်္ဂါနုပဿနာဉာဏ်နှင့် ပြည့်စုံသောယောဂီသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ကိလေသာတို့ကို တဒင်္ဂအားဖြင့်လည်း ပယ်စွန့်၏၊ နိဗ္ဗာန်၌လည်း ညွတ်ကိုင်းရှိုင်းသောအားဖြင့် ပြေးဝင်၏၊ ကိလေသာတို့ကို ဖြစ်စေသည်၏အစွမ်းဖြင့် ကိလေသာတို့ကိုလည်း မယူ၊ သင်္ခတတရားတို့၏ အနိစ္စဖြစ်မှုစသောအပြစ်ကို သိမြင်နေသည့်အတွက် သင်္ခတဖြစ်သော အာရုံကိုလည်း ငါ-ငါ့ဟာဟု တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူ၊ ထို့ကြောင့် တစ်ဖန်စွန့်၏၊ မယူ ဟု ဆိုခြင်းဖြစ်သည်။

<u>ပဋိသင်္ခါဝိပဿနာ ဟူသောစကား၌</u>

ဝတ္ထုရွေ့ခြင်း = (ရုပ်၏ပျက်ခြင်းဟူသော)ရှေးဝတ္ထုမှ (စိတ်၏ပျက်ခြင်းဟူသော)တစ်ပါးသော ဝတ္ထုသို့ရွေ့ခြင်း၊

ပညာ၏ ဆုတ်နစ်ခြင်း = ဖြစ်ခြင်းကို ပယ်၍ ပျက်ခြင်း၌ တည်ခြင်း၊

အာဝဇ္ဇန်းခွန်အား = ရုပ်၏ပျက်ခြင်းကို မြင်ပြီးနောက်၊ ပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ပျက်ခြင်းကို ရှုခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်၊

<u>ဝယလက္ခဏာဝိပဿနာ ဟူသောစကား၌</u>

နှစ်ပါးသော အာရုံတို့ကို တစ်မျိုးတည်းသော သဘောအားဖြင့် ပိုင်းခြားခြင်း

= မျက်မှောက်အားဖြင့် မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့ အစဉ်လိုက်သဖြင့် ဤပစ္စုပ္ပန်သင်္ခါရတို့ကဲ့သို့ ထို့အတူအတိတ်ကာလ၌လည်း သင်္ခါရတရားအပေါင်းသည်ပျက်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း ပျက်လတ္တံ့ဟု ဤသို့မျက်မှောက်မြင်ရ, မမြင်ရသော နှစ်ပါးသောအာရုံတို့ကို ပျက်ခြင်းဟူသော တစ်မျိုးတည်းသော သဘောအားဖြင့်သာလျှင် ပိုင်းခြားဆုံးဖြတ်ခြင်း ဖြစ်၏။

www.dhammadownload.com

ဝေဒနာလျှင် အာရုံရှိသော ။ ပ ။ သညာလျှင် အာရုံရှိသော ။ ပ ။ သင်္ခါရလျှင် အာရုံရှိသော။ ပ ။ ဝိညာဏ်လျှင် အာရုံရှိသော ။ ပ ။ မျက်စိလျှင် အာရုံရှိသော ။ ပ ။ အိုခြင်း သေခြင်းလျှင် အာရုံရှိသော ။ ပ ။ တစ်ဖန်စွန့်လတ်သော် ယူခြင်းကို ပယ်၏။

- ဝတ္ထုရွှေ့ခြင်း၊ ပညာ၏ဆုတ်နစ်ခြင်း၊ အာဝဇ္ဇန်းခွန်အား– ဤ အင်္ဂါ၃–ပါးနှင့်ပြည့်စုံသောပညာသည် အာရုံ၏အပျက်ကို ရှုပြီး၍ ရှုသောစိတ်၏အပျက်ကို တစ်ဖန်ရှုသော ပဋိသင်္ခါဝိပဿနာ မည်၏။
- အာရုံသို့ အစဉ်လိုက်သဖြင့် နှစ်ပါးသောအာရုံတို့ကို တစ်မျိုးတည်းသော သဘောအားဖြင့် ပိုင်းခြားခြင်း၊ ချုပ်ခြင်း၌ နှလုံးသွင်းခြင်း – ဤ အင်္ဂါ၂–ပါးနှင့် ပြည့်စုံသောပညာသည် အပျက်လက္ခဏာကို ရှုသော ဝယလက္ခဏာဝိပဿနာ မည်၏။
- အာရုံ၏အပျက်ကို ဆင်ခြင်ပြီး၍၊ ရှုသောစိတ်၏ အပျက်ကိုလည်း တစ်ဖန်ရှု၏၊ အတ္တမှ ဆိတ်သုဉ်းသောအားဖြင့်– သုညတအားဖြင့် ထင်ခြင်း– ဤ အင်္ဂါ၃–ပါးနှင့်ပြည့်စုံသောပညာသည် လွန်ကဲသော ဝိပဿနာပညာဖြစ်သောကြောင့် အဓိပညာဝိပဿနာ မည်၏။
- သုံးပါးသော အနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသောသူသည် လေးပါးသော ဝိပဿနာတို့၌ လည်းကောင်း၊ သုံးပါးသောထင်ခြင်းတို့၌လည်းကောင်း၊ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။
- ထိုရှုသိမှုသည် သိတတ်သောအနက်ကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်ကြောင့် ပညာ မည်၏၊ ထို့ကြောင့် 'အာရုံကို သိပြီး၍ အပျက်ကို တစ်ဖန်ရှုသောပညာသည် ဝိပဿနာဉာဏ် မည်၏' ဟု ဆိုအပ်၏။"

ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လာသော စကားရပ်တို့၏အဖွင့်

<u>ပျက်ခြင်းကို တစ်ဖန်ရှုသောပညာ ဟူသည်</u>

အရှုခံအာရုံကို ခယဝယတင်၍ ရှုမှတ်နေသော ဝိပဿနာစိတ်၏ အပျက်(ဘင်)ကို တစ်ဖန်ပြန်၍ ရှုမှတ်ရာ၌ ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်ကို ခေါ်၏။

<u>ထိုသိသောစိတ်၏ ပျက်ခြင်းကို တစ်ဖန်ရှု၏ ဟူသည်</u>

ဝိပဿနာစိတ်ဖြင့် အာရုံကို ခယဝယတင်၍ သိမြင်နေ၏၊ ထိုသိမြင်နေသည့် ဝိပဿနာစိတ်၏ ပျက်ခြင်းဘင်ကို နောက်စိတ်တစ်မျိုးဖြင့် တစ်ဖန်ရှုမှတ်၏ဟု အဓိပ္ပါယ်ရသည်။

<u>တစ်ဖန်ရှု၏ ဟူသောစကား၌</u>

မမြဲဟုတစ်ဖန်ရှု၏ မြဲသည်ဟုမရှု

ပျက်ခြင်းဘင်မည်သည်ကား အနိစ္စလက္ခဏာ၏ အဆုံးစွန်ဖြစ်သောကြောင့် ဘင်္ဂါနုပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားမှန်သမျှကို အနိစ္စဟုသာ ရှု၏၊ နိစ္စဟု မရှုပေ။

ဆင်းရဲဟုတစ်ဖန်ရှု၏ ချမ်းသာဟုမရှု

မမြဲသောအနိစ္စတရားသည်ပင် ဆင်းရဲခြင်းဒုက္ခ ဖြစ်သောကြောင့် ဘင်္ဂါနုပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားမှန်သမျှကို ဒုက္ခဟုသာ ရှု၏၊ သုခဟု မရှုပေ။

အတ္တမဟုတ်ဟု တစ်ဖန်ရှု၏ အတ္တဟုမရှု

ဆင်းရဲခြင်းဒုက္ခတရားသည်ပင် အနတ္တဖြစ်သောကြောင့် ဘင်္ဂါနုပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားမှန်သမျှကို အနတ္တဟုသာ ရှု၏၊ အတ္တဟု မရှုပေ။

ငြီးငွေ့၏ မနှစ်သက် မပျော်မွေ့.

အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သောတရားသည် အလွန်နှစ်သက်အပ်သည့် အဘိနန္ဒိတဇ္ဇတရား မဟုတ်သောကြောင့် ဘင်္ဂါနုပဿနာသို့ အစဉ်လိုက်သဖြင့် လက္ခဏာရေးသုံးပါးတင်၍ ရှုမြင်ပြီးသော သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏ မနှစ်သက် မပျော်မွေ့။

www.dhammadownload.com

အနိစ္စ၊ အနိစ္စလက္ခဏာ မည်ပုံ

အနိစ္စ = ခန္ဓာ ၅-ပါးသည် 'အနိစ္စ = မမြဲသောတရား' မည်၏၊ အဘယ့်ကြောင့်ဆိုသော် ဖြစ်ခြင်း ပျက်ခြင်းနှင့် ထိုမှတစ်ပါးသော ရင့်ရော်ခြင်းသဘောရှိသောကြောင့်တည်း။

အနိစ္စလက္ခဏာ = ဖြစ်ခြင်းပျက်ခြင်း၊ ထိုမှတစ်ပါးသော ရင့်ရော်ခြင်းသဘောသည် မမြဲဟု မှတ်ရကြောင်း အနိစ္စလက္ခဏာ မည်၏။
(တစ်နည်း) ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက်ခြင်း ပျက်ခြင်းဟူသော အခြင်းအရာထူးသည် အနိစ္စလက္ခဏာ မည်၏။

ဒုက္ခ၊ ဒုက္ခလက္ခဏာ မည်ပုံ

ဒုက္ခ = 'အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ' ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် အနိစ္စမည်သည့် ခန္ဓာ ၅-ပါးအပေါင်းသည်ပင် 'ဒုက္ခ = ဆင်းရဲသောတရား' မည်၏၊ အဘယ့်ကြောင့်ဆိုသော် ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်းကြောင့်တည်း။

ဒုက္ခလက္ခဏာ = ဖြစ်ခြင်းပျက်ခြင်းဖြင့် မပြတ်နှိပ်စက်သောအခြင်းအရာထူးသည် ဆင်းရဲဟုမှတ်ရကြောင်း ဒုက္ခလက္ခဏာ မည်၏။

အနတ္တ၊ အနတ္တလက္ခဏာ မည်ပုံ

အနတ္တ = 'အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည်အတ္တမဟုတ်' ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ဒုက္ခမည်သည့် ခန္ဓာ ၅-ပါးအပေါင်းသည်ပင် 'အနတ္တ = အတ္တမဟုတ်သောတရား' မည်၏။

အနတ္တလက္ခဏာ = အလိုအတိုင်းမဖြစ်သော အခြင်းအရာထူးသည် အတ္တမဟုတ်ဟု မှတ်ရကြောင်း အနတ္တ-လက္ခဏာ မည်၏။

~ ~ ~ ~ ~ ~ ~ ~

၂။ ဘင်္ဂါနုပဿနာဉာဏ်

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းဖြင့် ရုပ်နာမ်တရားတို့၏ သာမညလက္ခဏာကို အဖန်တလဲလဲ ရှုလာနိုင်သောယောဂီ၏ဉာဏ်သည် ထက်မြက်လာသည်၊ သင်္ခါရတရားတို့သည်လည်း ဥဒယဗ္ဗယ၏အစွမ်းဖြင့် လျင်စွာထင်ပေါ်လာကုန်၏၊ ထိုသို့ ထင်ပေါ်လာသော သင်္ခါရတရားတို့၏ ဥပါဒ်, ဌီ, ပဝတ္တ, နိမိတ်တို့ကို စွန့်လွှတ်၍၊ ကုန်ခြင်းပျက်ခြင်းဟူသော ချုပ်ခြင်း၌သာလျှင်(ခယဝယဘေဒဟု ဆိုအပ်သော ခဏိကနိရောဓ၌သာလျှင်) အမှတ်ရမှုသတိသည် တည်လျက် သင်္ခါရတရားတို့၏ ပျက်ခြင်း(ဘင်)ကိုသာလျှင် ရှုမြင်နှလုံးသွင်းနေ၏၊ ဤသို့ ရှုမြင်ခြင်းကြောင့် ဘင်္ဂါနုပဿနာဉာဏ်မည်သော ဝိပဿနာဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ပဋိသမ္ဘိဒါမဂ်ပါဋိတော်၌ ဟောတော်မူပုံ

♦ "<u>အဘယ်သို့လျှင် အာရုံကိုသိပြီး၍ ပျက်ခြင်းကို တစ်ဖန်ရှုသောပညာသည် ဝိပဿနာ မည်သနည်း</u>၊ ရုပ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ ထိုရုပ်အာရုံကို ကုန်သည် ပျက်သည်ဟု သိပြီး၍ ထိုသိသောစိတ်၏ ပျက်ခြင်းကို တစ်ဖန်ရှု၏၊ တစ်ဖန်ရှု၏ ဟူရာ၌ မမြဲဟု တစ်ဖန်ရှု၏၊ မြဲသည် ဟု မရှု၊ ဆင်းရဲဟု တစ်ဖန်ရှု၏၊ ချမ်းသာဟု မရှု၊ အတ္တမဟုတ်ဟု တစ်ဖန်မရှု၊ အတ္တဟု မရှု၊ ငြီးငွေ့၏, မနှစ်သက် မပျော်မွေ့၊ စက်ဆုပ်၏, မတပ်မက်၊ ချုပ်စေ၏, မဖြစ်စေ၊ တစ်ဖန် စွန့်၏, မယူ။

မမြဲဟု ရှုလတ်သော် မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏၊ ဆင်းရဲဟု ရှုလတ်သော် ချမ်းသာဟုထင်မှတ်သော သုခသညာကို ပယ်၏၊ အတ္တမဟုတ်ဟု ရှုလတ်သော် အတ္တဟု ထင်မှတ်သော အတ္တသညာကို ပယ်၏၊ငြီးငွေ့လတ်သော် နှစ်သက်ပျော်မွေ့ခြင်းကို ပယ်၏၊စက်ဆုပ်အပ်သော် တပ်မက်ခြင်းကို ပယ်၏၊ ချုပ်စေလတ်သော် ဖြစ်ခြင်းကို ပယ်၏၊ တစ်ဖန်စွန့်လတ်သော် ယူခြင်းကို ပယ်၏။

www.dhammadownload.com

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဥပက္ကိလေသမှလွတ်သော ရှုမြဲရှုလျက် လမ်းမှန်သွားသော ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်သည်။ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = အရိယမဂ်သို့ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သောဉာဏ်အမြင်)

၁။ ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောယောဂီသည်

ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အားထုတ်ရပါမည်။

ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်း၏အကျိုး

ရုပ်နာမ်တို့၏ သာမညလက္ခဏာတို့ကို ကောင်းစွာမှတ်နိုင်ခြင်း အကျိုးရှိ၏၊ မှန်ပေ၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ်သည် ဥပက္ကိလေသတို့ဖြင့် ညစ်ညူးသည်ဖြစ်၍ သာမညလက္ခဏာ ၃-ပါးကို ဟုတ်တိုင်းမှန်စွာ မိမိသဘောလက္ခဏာအားဖြင့် ကောင်းစွာမှတ်ခြင်းငှာ မစွမ်းနိုင်ခဲ့သေး၊ ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်ကား စွမ်းနိုင်၏၊ ထို့ကြောင့် အနိစ္စစသော သာမညလက္ခဏာတို့ကို ကောင်းစွာမှတ်နိုင်ခြင်းအကျိုးငှာ ဥဒယဗ္ဗယဉာဏ်ကို တစ်ဖန်အားထုတ်ခြင်းကို ပြုအပ်၏။

သာမညလက္ခဏာတို့ မထင်ပေါ်ခြင်းအကြောင်း

သာမညလက္ခဏာတို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားက ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ပါသနည်း။?

	နှလုံးသွင်းပုံ	ဖုံးလွှမ်းသောတရား	မထင်ပေါ်သောလက္ခဏာ
၁	ဖြစ်ခြင်းပျက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်	အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ် သန္တတိပညတ်ကဖုံးလွှမ်းထားသောကြောင့်	အနိစ္စလက္ခဏာ မထင်ပေါ်ခြင်း ဖြစ်သည်။
၂	မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်	ဣရိယာပုထ်က ဖုံးလွှမ်းထားသောကြောင့်	ဒုက္ခလက္ခဏာ မထင်ပေါ်ခြင်း ဖြစ်သည်။
၃	အထူးထူးသောဓာတ်တို့၏ အသီးသီးကွဲပြားခြင်းကို ။	တစ်လုံးတစ်ခဲတည်းဟုထင်ရသောအစိုင် အခဲဃနပညတ်ကဖုံးလွှမ်းထားသောကြောင့်	အနတ္တလက္ခဏာ မထင်ပေါ်ခြင်း ဖြစ်သည်။

သာမညလက္ခဏာတို့ ထင်ပေါ်ပုံ

၁	ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်း၍ (နှလုံးသွင်း၍)	အဆက်မပြတ် ဖြစ်နေသော ရုပ်နာမ်အစဉ် သန္တတိပညတ်ကို ဖျက်ဆီးလိုက်သော်	အနိစ္စလက္ခဏာသည် ထင်ပေါ်လာသည်။
၂	မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်း၍	ဣရိယာပုထ်ကို ဖွင့်လှစ်လိုက်လျှင်	ဒုက္ခလက္ခဏာသည် ထင်ပေါ်လာသည်။
၃	အထူးထူးသော ဓာတ်တို့ကို အသီးသီးခွဲခြား၍	တစ်လုံးတစ်ခဲတည်းဟုထင်ရသော အစိုင်အခဲ ဃန ပညတ်၏ အသီးသီးကွဲပြားခြင်းကို ပြုလိုက်လျှင်	အနတ္တလက္ခဏာသည် ထင်ပေါ်လာသည်။

www.dhammadownload.com

(၃) တတိယစျာန်ကို အခြေပြု၍ ဖြစ်စေအပ်သောမဂ်၌ စျာနင် ၃-ပါး, မဂ္ဂင် ၇-ပါး (သမ္မာသင်္ကပ္ပကြဉ်), ဗောဇ္ဈင် ၇-ပါး ဖြစ်ကုန်၏။

(၄) စတုတ္ထစျာန်ကို အခြေပြု၍ ဖြစ်စေအပ်သောမဂ်၌ သုခ, ဧကဂ္ဂတာ ဟူသော စျာနင် ၂-ပါး, မဂ္ဂင် ၇-ပါး(သမ္မာသင်္ကပ္ပကြဉ်), ဗောဇ္ဈင် ၆-ပါး(ဝီတိကြဉ်) ဖြစ်ကုန်၏။

ဤအရိယာမဂ်တို့၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သော်လည်းကောင်း၊ ဥပေက္ခာသဟဂုတ်သော်လည်းကောင်း ဖြစ်၍ ထသောကာလ၌ (ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်သော်) သောမနဿသဟဂုတ်သာ ဖြစ်၏၊

(၅) ပဉ္စမစျာန်ကို အခြေပြု၍ ဖြစ်စေအပ်သောမဂ်၌ ဥပေက္ခာ, ဧကဂ္ဂတာဟူသော စျာနင် ၂-ပါး, မဂ္ဂင် ၇-ပါး, ဗောဇ္ဈင် ၆-ပါး ဖြစ်ကုန်၏။

ဤအရိယာမဂ်တို့၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သော်လည်းကောင်း၊ ဥပေက္ခာသဟဂုတ်သော်လည်းကောင်း ဖြစ်၍ ထသောကာလ၌ (ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်သော်) ဥပေက္ခာသဟဂုတ်သာ ဖြစ်၏၊

(၆) အရူပစျာန်ကို အခြေပြုသောမဂ်သည် ပဉ္စမစျာန်ကို အခြေပြုသော မဂ်နှင့် တူ၏။

ဤသို့လျှင် ပါဒကစျာန်မှထ၍ အမှတ်မရှိ တေဘူမကသင်္ခါရတို့ကို သုံးသပ်၍ ဖြစ်စေအပ်သောမဂ်အား နီးသောအရပ်၌ ထအပ်သောသမာပတ်သည် မိမိနှင့်တူသည်၏အဖြစ်ကို ပြု၏၊ ဥပမာအားဖြင့် မြေ၏အဆင်းသည် ဖွတ်၏အဆင်းအား မိမိနှင့်တူသည်၏အဖြစ်ကို ပြုသကဲ့သို့တည်း။

(ခ) <u>ဒုတိယမထေရ်၏ဝါဒ ရှင်းလင်းချက်</u>

ဒုတိယမထေရ်၏ဝါဒ၌ မည်သည့်သမာပတ်ကို ဝင်စားသည်ဖြစ်စေ ထိုဝင်စားအပ်သော သမာပတ်မှထ၍ ယင်းသမာပတ်အတွင်း၌တည်ရှိနေသော စျာန်နှင့်စျာနသမ္မယုတ်တရားအစုဟူသော သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာသုံးသပ်ရှုမှတ်သဖြင့် အရိယာမဂ်ကို ဖြစ်စေငှားအံ့၊ ထိုမဂ်သည် ရှုမှတ်သုံးသပ်အပ်သည့် သမ္မသိတစျာန်နှင့် တူသည်သာလျှင် ဖြစ်၏။

(ဂ) <u>တတိယမထေရ်၏ဝါဒ ရှင်းလင်းချက်</u>

တတိယမထေရ်၏ဝါဒ၌ မိမိ၏အလိုအဇ္ဈာသယအားလျော်စွာ မည်သည့်စျာန်ကိုမဆို ဝိပဿနာ၏အခြေခံပါဒကပြု၍လည်းကောင်း၊ မည်သည့်တရားအစုကိုမဆို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာသုံးသပ်၍လည်းကောင်း ဖြစ်စေအပ်သော အရိယာမဂ်သည် ထိုထို ပါဒကစျာန်၊ သမ္မသိတစျာန်နှင့် တူသည်သာလျှင် ဖြစ်၏၊ ပါဒကစျာန်ကို ဖြစ်စေ, သမ္မသိတစျာန်ကို ဖြစ်စေ ကြဉ်ဖယ်၍ အလိုအဇ္ဈာသယဓာတ်သက်သက်မျှဖြင့် အရိယာမဂ်ဖြစ်ပေါ်ခြင်း မည်သည် မရှိပေ။

~ ~ ~ ~ ~ ~ ~ ~

ပဋိပဒါ ၄-ပါး ထူးခြားချက်

(သင်္ခါရပေက္ခာသည် မဂ်ကို ဒုက္ခပဋိပဒါစသော အမည် ၄-ပါးကို ပေးပုံ)
(သင်္ခါရပေက္ခာသည် ပဋိပဒါအထူးကို ကိန်းသေသတ်မှတ်ပုံ)

၁။ ဒုက္ခပဋိပဒါ – ကိလေသာတို့ကို ပယ်ခွါသည်ရှိသော် ဆင်းရဲပင်ပန်းစွာ လုံ့လနှင့်တကွဖြစ်လျက်၊ အားထုတ်မှုနှင့် တကွဖြစ်လျက် ပယ်ခွါခြင်းငှာ စွမ်းနိုင်သော ခဲယဉ်းသောအကျင့်၊

၂။ သုခပဋိပဒါ – ထိုမှ အပြန်အားဖြင့် လွယ်ကူသောအကျင့်၊

၃။ ဒန္ဓာဘိညာ – ကိလေသာတို့ကို ပယ်ခွါပြီးလျှင် ဝိပဿနာ ပရိဝါသ် (သင်္ခါရပေက္ခာဉာဏ် ဖြစ်ပေါ်နေပါလျက် မဂ်ဉာဏ်သို့မဆိုက်ရောက်သေးပဲ သင်္ခါရပေက္ခာသာလျှင် ကြာမြင့်စွာဖြစ်နေခြင်း) ရှိသော, မဂ်၏ဖြစ်ပေါ်ခြင်းကို ဖြည်းဖြည်းပြုသည်ရှိသော် လေးသော,နှေးသောအဘိညာ၊

www.dhammadownload.com

၄။ ခိပ္ပါဘိညာ - ထိမှ အပြန်အားဖြင့် လျင်သောအဘိညာ၊

သဗ္ဗညုဘုရားရှင်၏ မဂ် ၄-ပါးသည် သုခပဋိပဒါ, ခိပ္ပါဘိညာ ဖြစ်၏၊
အရှင်သာရိပုတ္တရာ ။ ။ ။ ။

အရှင်မဟာမောဂ္ဂလာန်၏ကား ပထမမဂ်သည် သုခပဋိပဒါ, ခိပ္ပါဘိညာ ဖြစ်၏၊
အထက်မဂ်၃-ပါးသည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ဖြစ်၏။ (ကျိုက်ထိုမူ)
။ ခိပ္ပါဘိညာ ဖြစ်၏။ (မဟာစည်မူ)

~ ~ ~ ~ ~ ~ ~ ~

အရိယာမဂ်၏အမည်များ ရရှိပုံ

အရိယာမဂ်သည်

(၁) သရဏ = မိမိသဘောဖြင့် ဝိသေသဖြစ်ခြင်းဖြင့်သော်လည်းကောင်း၊
(၂) ပစ္စနီက = ဆန့်ကျင်ဘက်အားဖြင့်သော်လည်းကောင်း၊
(၃) သဂုဏ = မိမိဂုဏ်အားဖြင့်သော်လည်းကောင်း၊
(၄) အာရမ္မဏ = အာရုံအားဖြင့်သော်လည်းကောင်း၊
(၅) အာဂမန = အာဂုံအားဖြင့်(ဝါ) အရိယာမဂ် ဖြစ်ကြောင်း ဝိပဿနာအားဖြင့်သော်လည်းကောင်း အမည်ကို ရ၏။

ချဲ့၍ပြရလျှင်-

သခ်ါရပေကွာဉာဏ်သည် -

(၁) <u>သရဏ (ဝိသေသ)အားဖြင့်</u>

သခ်ါရတို့ကို အနိစ္စအခြင်းအရာအားဖြင့်သုံးသပ်၍ ထင်ပြားအံ့ = အနိမိတ္တဝိမောက္ခ
။ ဒုက္ခ ။ = အပ္ပဏိဟိတဝိမောက္ခ
။ အနတ္တ ။ = သုညတဝိမောက္ခ

ဤအမည် ၃-ပါးသည် မဂ်၏မိမိသဘောအားဖြင့် ဝိသေသဖြစ်ခြင်းဖြင့်ပြီးသော အမည်ဖြစ်၏။

(၂) <u>ပစ္စနီက (ဆန့်ကျင်ဘက်ကို ပယ်သည်)အားဖြင့် မဂ်သည်-</u>

- အနိစ္စာနုပဿနာဖြင့် သခ်ါရတို့၏ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကို ပယ်စွန့်၍ လာ၏၊ ထို့ကြောင့် အနိမိတ္တ မည်၏။
- ဒုက္ခာနုပဿနာဖြင့် သခ်ါရတို့၏ သုခသညာကိုပယ်၍, ပဏိဓိ ဟု ဆိုအပ်သော တောင့်တခြင်းကို ခြောက်စေသည် ဖြစ်၍လာ၏၊ ထို့ကြောင့် အပ္ပဏိဟိတ မည်၏။
- အနတ္တာနုပဿနာဖြင့် အတ္တ သတ္တ ပုဂ္ဂလသညာ ကိုပယ်၍ သခ်ါရတို့၏ အတ္တ သတ္တဝါ ပုဂ္ဂိုလ်မှ ဆိတ်သည်၏အဖြစ်ဖြင့် မြင်အပ်၏၊ ထို့ကြောင့် သုညတ မည်၏။

ဤသို့ နိစ္စနိမိတ်စသည်တို့ကိုလည်းကောင်း၊ ရာဂစသော ပဏိဓိကိုလည်းကောင်း၊ အတ္တစသောသညာကိုလည်းကောင်း၊ ပယ်သည်၏ အစွမ်းအားဖြင့်ရသော အမည် ၃-ပါးသည် ဆန့်ကျင်ဘက်အားဖြင့်ပြီးသောအမည် ဖြစ်၏။

(၃) <u>သဂုဏ (ဂုဏ်)အနေနှင့် မဂ်သည်-</u>

ရာဂစသည်တို့မှ ဆိတ်သည်၏အဖြစ်ကြောင့် သုညတ မည်၏၊
ရူပနိမိတ်, ဝေဒနာနိမိတ်စသည် မရှိခြင်းကြောင့် အနိမိတ္တ မည်၏၊
တဏှာပဏိဓိ စသည် မရှိခြင်းကြောင့် အပ္ပဏိဟိတ မည်၏၊
ဤအမည် ၃-ပါးသည် မဂ်၏မိမိဂုဏ်အားဖြင့်ပြီးသောအမည် ဖြစ်၏။

www.dhammadownload.com

(၄) <u>အာရမ္မဏ (အာရုံ)အနေနှင့် မဂ်သည်-</u>

- အလုံးစုံသောသခ်ါရမှ ဆိတ်ခြင်းကြောင့်လည်းကောင်း၊ အတ္တမှ ဆိတ်ခြင်းကြောင့်လည်းကောင်း.... သုညတမည်သောနိဗ္ဗာန်ကို အာရုံပြု၏၊
- အလုံးစုံသောသခ်ါရမှ ဆိတ်ခြင်းကြောင့်လည်းကောင်း၊ နိမိတ် မရှိခြင်းကြောင့်လည်းကောင်း.... အနိမိတ္တ မည်သော နိဗ္ဗာန်ကို အာရုံပြု၏၊
- တဏှာပဏိဓိစသည် မရှိခြင်းကြောင့် အပ္ပဏိဟိတမည်သော နိဗ္ဗာန်ကို အာရုံပြု၏၊

ဤအကြောင်းကြောင့် သုညတ အနိမိတ္တ အပ္ပဏိဟိတ မည်၏၊

ဤအမည် ၃-ပါးသည် မဂ်၏ အာရုံအားဖြင့်ရအပ်သောအမည် ဖြစ်၏။

(၅) <u>အာဂမန(လာခြင်း)သည်</u> ဝိပဿနာဟူသော လာခြင်း(ဝိပဿနာအာဂုံ)နှင့် မဂ်ဟူသော လာခြင်း(မဂ်အာဂုံ) ဟု နှစ်ပါးအပြား ရှိ၏၊

မဂ္ဂဝီထိ၌ - မဂ်သည် ဝိပဿနာဟူသော လာခြင်းအားဖြင့် အမည်ကို ရအပ်၏၊
ဖိုလ်သည် မဂ် ။ ။ ။ ။ ။

- အနတ္တာနုပဿနာသည် အတ္တမှဆိတ်သည်၏အဖြစ်ကိုရှုသောကြောင့် မိမိသဘောအားဖြင့် သုညတ မည်၏၊ ထို သုညတာဝိပဿနာ၏မဂ်သည် ဝိပဿနာ ဟူသော လာခြင်းဖြင့် သုညတ မည်၏။
- အနိစ္စာနုပဿနာသည် နိစ္စနိမိတ်စသည်ကို ခွါခြင်းကြောင့် အနိမိတ္တ မည်၏၊ ထိုအနိမိတ္တဝိပဿနာ၏မဂ်သည် ဝိပဿနာ ဟူသော လာခြင်းအားဖြင့် အနိမိတ္တ မည်၏။
- ဒုက္ခာနုပဿနာသည် တေဘူမကသခ်ါရတို့၌ တဏှာ ဟူသော တောင့်တခြင်းကို ခြောက်ခန်းစေ၍ အပ္ပဏိဟိတ မည်၏။

ဤသို့လျှင် ဝိပဿနာသည် မိမိ၏အမည်ကို မဂ်သို့ ပေး၏။
မဂ် ။ ။ ။ ဖိုလ်သို့ ပေး၏။

ဤအမည်တို့သည် လာခြင်းအားဖြင့်(ဝါ) လာခဲ့ရာအကြောင်းအာဂုံအားဖြင့် ပြီးသောအမည် ဖြစ်၏။

မှတ်ဖွယ်။ ။ <u>မဂ်၏ အနိမိတ္တ ဟူသော အမည်သည် အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် မရအပ်၊ သုတ္တန်ဒေသနာအားဖြင့်သာ ရအပ်၏။</u>

အနိမိတ္တဟူသောအမည်ကို အဘိဓမ္မာနည်းအားဖြင့်မရအပ်၊ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာသည် သခ်ါရနိမိတ်မကင်းသောကြောင့် ဖြစ်သည်၊ အနိမိတ္တဟူသောအမည်ကို သုတ္တန်နည်းအားဖြင့်သာ ရ၏၊ အဘယ့်ကြောင့်ဆိုသော် ဂေါတြဘူသည် နိမိတ်ကင်းသောနိဗ္ဗာန်ကို အာရုံပြုသောကြောင့် ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

၉။ အနုလောမဉာဏ်

အနုလောမဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သခ်ါရုပေက္ခာဉာဏ်
(တစ်နည်း) အထူးသဖြင့် ထက်မြက်သော သခ်ါရုပေက္ခာဉာဏ်
(တစ်နည်း) သခ်ါရုပေက္ခာဉာဏ် အနုပိုင်းမှ အရင့်ပိုင်းသို့ ကူးပြောင်းပုံ

ရှေ့ဖြစ်သော သခ်ါရုပေက္ခာဉာဏ်အနုပိုင်းကို အရှိအသေ မှီဝဲသော, ပွါးစေသော မီးပွတ်သောလား များစွာအလေ့အလာပြုသောယောဂီအား ယုံကြည်ဆုံးဖြတ်မှုအဓိမောက္ခသဒ္ဓါသည် အားကြီးစွာဖြစ်၏၊ ကောင်းစွာချီးမြှောက်ထောက်ပံ့အပ်သော ထက်သန်သောဝီရိယဖြစ်၏၊ အမှတ်ရမှုသတိသည် ကောင်းစွာထင်၏၊ စိတ်သည် ကောင်းစွာတည်ကြည်၏၊ ထိုအခါ အနုလောမဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်းငှာ စွမ်းနိုင်သော, အထူးသဖြင့်ထက်မြက်သော သခ်ါရုပေက္ခာဉာဏ်သည် ဖြစ်၏။

www.dhammadownload.com

သခ်ၤါရုပေက္ခာဉာဏ္အရင့္ပိုင္းမွ မဂ္ဝီထိ ျဖစ္ပုံ

ထို သခ်ၤါရုပေက္ခာဉာဏ္ ျဖစ္ေသာ ေယာဂီအား 'ယခုပင္ မဂ်သည္ ျဖစ္လတ္တံ့' ဟု ဆိုသင့္ေသာ ေနာက္ဆုံး ဝိပဿနာဝီထိ ျဖစ္ဆဲခဏ၌ သခ်ၤါရုပေက္ခာသည္ သခ်ၤါရတို့ကို အနိစၥဟု ျဖစ္ေစ, ဒုကၡဟု ျဖစ္ေစ, အနတၱဟု ျဖစ္ေစ တစ္မ်ိဳးမ်ိဳးကိုသာ သုံးသပ္၍ ဘဝင္သို့ သက္၏။

ဘဝင္၏အခြားမဲ့၌ သခ်ၤါရုပေက္ခာက ရွသေနည္းျဖင့္သာလွ်င္ သခ်ၤါရတို့ကို အနိစၥ ဟူ၍ လည္းေကာင္း, ဒုကၡ ဟူ၍လည္းေကာင္း, အနတၱ ဟူ၍လည္းေကာင္း အာရုံျပု၍ မေနာဒွါရာဝဇၨန္းသည္ ျဖစ္၏၊ ထို မေနာဒွါရာဝဇၨန္း၏အခြားမဲ့၌ ပထမေဇာစိတ္သည္ ရွေးအတူသာလွ်င္ သခ်ၤါရတို့ကိုအာရုံျပု၍ ျဖစ္၏၊ ပထမေဇာ၏အခြားမဲ့၌ ဒုတိယေဇာစိတ္သည္ ရွေးအတူသာလွ်င္ သခ်ၤါရတို့ကို အာရုံျပု၍ ျဖစ္၏၊ ဒုတိယေဇာ၏အခြားမဲ့၌ တတိယေဇာစိတ္သည္ ရွေးအတူသာလွ်င္ သခ်ၤါရတို့ကို အာရုံျပု၍ ျဖစ္၏။

ဤတြင္-

ပထမေဇာစိတ္ကို အရိယာမဂ်ကို ပြုျပင္တတ္သေၾကာင့္ ပရိကံဟု ဆိုအပ္၏၊ ဒုတိယေဇာစိတ္ကို မဂ်၏အနီး၌ ကၽင္လည္သည္၏အျဖစ္ေၾကာင့္ ဥပစာရ-ဥပစာဟု ဆိုအပ္၏၊ တတိယေဇာစိတ္ကို ရွ့ေနာက္ျဖစ္ေသာဓမၼတို့အား ေလ်ာ္သည္၏အျဖစ္ေၾကာင့္ အနုလုံ ဟု ဆိုအပ္၏။

ဤ ပရိကံ, ဥပစာ, အနုလုံ ဟူေသာ အမည္သည္ ထို သုံးပါးေသာေဇာတို့၏ အသီးအျခားျဖစ္ေသာ အမည္ပေတည္း၊ သာမညအားျဖင့္မူကား ဤေဇာ ၃-ခုလုံးကို အာေသဝနေဇာ ဟူ၍လည္းေကာင္း, ပရိကံေဇာ ဟူ၍လည္းေကာင္း, ဥပစာေဇာ ဟူ၍လည္းေကာင္း, အနုလုံေဇာ ဟူ၍လည္းေကာင္း ဆိုျခင္းငွာ သင့္ေပ၏။

အနုေလာမညာဏ္၏ ေလ်ာ္ပုံကို ဥပမာျဖင့္ ျပဆိုျခင္း

ေမး ။ ။ ေလ်ာ္ေသာညာဏ္ကို အနုေလာမညာဏ္ ဟု ေခၚရာ၌ အဘယ္မည္ေသာဓမၼအား ေလ်ာ္သနည္း။?

ေျဖ ။ ။ ရွ့အဖို့ ေနာက္အဖို့၌ ျဖစ္ေသာ ဓမၼတို့အား ေလ်ာ္၏၊ မွန္ေပ၏။

တတိယေျမာက္အနုလုံေဇာစိတ္သည္ ရွ့အဖို့၌ျဖစ္ကုန္ေသာ ဥဒယဗ်ယအစရွိေသာ ဝိပဿနာဉာဏ္ ၈-ပါးတို့၏ မေဖာက္မျပန္ မွန္ေသာကိစၥ ရွိသည္၏အျဖစ္အားလည္း ေလ်ာ္၏၊ အထက္ျဖစ္ေသာ မဂ်ဇၨ၌ ၃၇-ပါးေသာ ေဗာဓိပကၡိယတရားတို့၏ မေဖာက္မျပန္ မွန္ေသာကိစၥရွိသည္၏အျဖစ္အားလည္း ေလ်ာ္၏။

ဥပမာ - တရားေစာင့္ေသာမင္းသည္ တရားဆုံးျဖတ္ရာအရပ္၌ေနေလ်ာက္၊ တရားစီရင္ဆုံးျဖတ္ေသာအမတ္ၾကီးရွစ္ေယာက္တို့၏အဆုံးအျဖတ္ကို ၾကားနာျပီးလွ်င္၊ အဂတိလိုက္ျခင္းကို ပယ္စြန္႔၍၊ အလယ္အလတ္ တံ့မတ္ညီမွ်ေသသေဘာရွိသည္ ျဖစ္၍၊

'ဤအတိုင္းသာ အဆုံးအျဖတ္တည္ေစ' ဟု ဝမ်းေျမာက္သေဘာတူသည္ရွိေသာ္....ထိုတရားမွန္ဆုံးျဖတ္ေသာ အမတ္ၾကီးရွစ္ေယာက္၏အဆုံးအျဖတ္အား ေလ်ာ္သကဲ့သို့လည္းေကာင္း၊ ရွေးမင္းတို့၏ ပညတ္အပ္ေသာ အကၽင့္အားလည္း ေလ်ာ္သကဲ့သို့လည္းေကာင္း မွတ္အပ္၏၊

(ဥပမာ)		(ဥပမေယ်)
တရားေစာင့္ေသာမင္း	=	အနုေလာမညာဏ္
အမတ္ၾကီး ရွစ္ေယာက္	=	ဝိပဿနာဉာဏ္ ၈-ပါး
ရွေးမင္းတို့ပညတ္အပ္ေသာ မင္းကၽင့္တရား	=	ေဗာဓိပကၡိယတရား ၃၇-ပါး

အနုေလာမညာဏ္ကို သစၥာနုေလာမိကညာဏ္ဟုလည္း ေခၚပုံ

ရွ့ညာဏ္, ေနာက္ညာဏ္တို့နွင့္ေလ်ာ္ကန္ေသာ အနုေလာမညာဏ္သည္ ေနာက္ညာဏ္ျဖစ္ေသာ အထက္မဂ်ဇၨ၌ ေဗာဓိပကၡိယ ၃၇-ပါးတို့နွင့္ ေလ်ာ္ကန္ရာတြင္ ထို ေဗာဓိပကၡိယတရားအေပါင္းသည္ ယေဘုယ်အားျဖင့္ မဂ္ဝင္ရွစ္ပါး၌ အတြင္းဝင္ေသာေၾကာင့္ မဂ္ဝသစၥာ မည္၏၊ ထို့ေၾကာင့္ မဂ္ဝသစၥာအားေလ်ာ္သည္ျဖစ္၍ သစၥာနုေလာမိကညာဏ္ (မဂ္ဝသစၥာအား ေလ်ာ္ေသာညာဏ္) ဟုလည္း ေခၚဆိုအပ္ပါသည္။

ရွ့ညာဏ္နွင့္ေလ်ာ္ပုံ

အနုေလာမညာဏ္သည္ အနိစၥလကၡဏာစသည္၏ အစြမ္းအားျဖင့္ သခ်ၤါရတရားတို့ကို အာရုံျပု၍ ျဖစ္ေသာေၾကာင့္ -

www.dhammadownload.com

၁။ ဥပက္ကိလေသမုလွတ်သော ဥဒယဗ္ဗဉာဏ်သည် – ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်နာမ်တရားတို့၏သာလျှင် ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၂။ ဘင်္ဂါနုပဿနာဉာဏ်သည် – ပျက်ခြင်းရှိသော ရုပ်နာမ်တရားတို့၏သာလျှင် ပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၃။ ဘယတုပဋ္ဌာနဉာဏ်သည် – ကြောက်ဖွယ်ဘေးရှိသော သင်္ခါရတရားအပေါင်းသည်သာလျှင် ဘယတုပဋ္ဌာနဉာဏ်အား ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၄။ အာဒီနဝါနုပဿနာဉာဏ်သည် – အပြစ်ရှိသော သင်္ခါရအပေါင်း၌သာလျှင် အပြစ်ကို မြင်ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၅။ နိဗ္ဗိဒါဉာဏ်သည် – ငြီးငွေ့သင့် ငြီးငွေ့ထိုက်သော သင်္ခါရတရားအပေါင်း၌သာလျှင် ငြီးငွေ့ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၆။ မုဉ္စိတုကမျတာဉာဏ်သည် – စွန့်လွှတ်သင့်သော သင်္ခါရတရားအပေါင်း၌သာလျှင် စွန့်လွှတ်လိုသည် ဖြစ်ခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၇။ ပဋိသင်္ခါနုပဿနာဉာဏ်သည် – တစ်ဖန်ရှုသိသင့်သော သင်္ခါရတရားအပေါင်း၌သာလျှင် တစ်ဖန်ရှုသိခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

၈။ သင်္ခါရုပက္ခာဉာဏ်သည် – လျစ်လျူရှုသင့်သော သင်္ခါရတရားအပေါင်းကိုသာလျှင် လျစ်လျူရှုခဲ့ပေစွတကား ဟူ၍လည်းကောင်း

ဤသို့ မဆိုသော်လည်းဆိုဘိသကဲ့သို့ အနက်သဘောကြောင့် ဤဉာဏ်တို့၏ မှန်သောကိစ္စ ရှိသည်၏အဖြစ်အား လျော်၏။

~ ~ ~ ~ ~ ~ ~ ~

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်

- အနုလောမဉာဏ်သည် သင်္ခါရလျှင်အာရုံရှိသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန်ဖြစ်၏၊
- ဂေါတြဘူဉာဏ်သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန်ဖြစ်ပေ၏။

ထို ဝုဋ္ဌာနဂါမိနီဝိပဿနာကို မတွေ့မဝေသိနားလည်ခြင်းအကျိုးငှာ ဤဆိုလတ္တံ့သော သုတ္တန်နှီးနှောချက်ကို သိအပ်၏။

ထိုထိုသုတ္တန်တို့၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမျိုးမျိုးသောအမည်များ

၁။ သဋ္ဌာယတနဝိဘင်္ဂသုတ္တန်၌

'ရဟန်းတို့ ... အတမ္မယတာမည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို အမှီပြု၍ အတမ္မယတာမည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို ရောက်၍ အရှုပစ္စာန်နှင့်ယှဉ်သောဝေဒနာနှင့် အရှုပစ္စာန်ကိုရှုသော ဝိပဿနာဉာဏ်ဟုဆိုအပ်သော အကြင်ဥပေက္ခာသည် တစ်မျိုးတည်းသဘော ရှိ၏၊ တစ်မျိုးတည်းသဘောရှိသော အာရုံကိုမှီ၏၊ ထိုဥပေက္ခာကို ပယ်ကုန်လော့၊ ထိုဥပေက္ခာကို ကျော်လွန်ကုန်လော့'ဟု အတမ္မယတာဟူသောအမည်ဖြင့် ဟောတော်မူ၏။

၂။ အလဂဒူပမသုတ္တန်၌

'ရဟန်းတို့ ... ငြီးငွေ့သည်ရှိသော် တပ်မက်ကင်း၏၊ တပ်မက်ကင်းခြင်းကြောင့် လွတ်မြောက်၏'ဟု ဤသို့ နိဗ္ဗိဒါ–ငြီးငွေ့ ဟူသောအမည်ဖြင့် ဟောတော်မူ၏။

၃။ သုသီမသုတ္တန်၌

'သုသီမရဟန်း ...တရားတို့၏တည်ကြောင်း ပဋိစ္စသမုပ္ပါဒ်၌သိသော ဓမ္မဋ္ဌိတိဉာဏ်သည် ရှေး၌ဖြစ်၏၊ နိဗ္ဗာန်၌ ဉာဏ်သည် နောက်မှဖြစ်၏'ဟု ဤသို့ဓမ္မဋ္ဌိတိဉာဏ် ဟူသောအမည်ဖြင့် ဟောတော်မူ၏။

www.dhammadownload.com

၄။ ပေါဠပါဒသုတ္တန်၌

'ပေါဠပါဒပရိဗ္ဗဇ် ... သညာသည် ရှေးဦးစွာဖြစ်၏၊ ဉာဏ်သည် နောက်မှ ဖြစ်၏'ဟု ဤသို့ သညဂ္ဂ- အမြတ်ဆုံးသညာ ဟူသောအမည်ဖြင့် ဟောတော်မူ၏။

၅။ ဒသုတ္တရသုတ္တန်၌

'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-မဂ်ရောက်ကြောင်းအကျင့် ဉာဏ်အမြင်စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိ-ပဓာနိယင်္ဂ ထက်ဝန်းကျင်စင်ကြယ်ခြင်း၏ ပြဋ္ဌာန်းသောအကြောင်းအင်္ဂါ'ဟု ဤသို့ ပါရိသုဒ္ဓိပဓာနိယင်္ဂ ထက်ဝန်းကျင်စင်ကြယ်ခြင်း၏ ပြဋ္ဌာန်းသောအကြောင်းအင်္ဂါ ဟူသောအမည်ဖြင့် ဟောတော်မူ၏။

၆။ ပဋိသမ္ဘိဒါမဂ်၌

' မုဋ္ဌိတုကမျတာ၊ ပဋိသခ်ါနုပဿနာ၊ သခ်ါရုပေက္ခာဉာဏ် ဟူသော ဤဉာဏ်တရားတို့သည် အနက်တရားကိုယ်အရတူကုန်၏၊ အမည်သဒ္ဒါမျှသာလျှင် ထူး၏'ဟု ဤသို့ ၃-ပါးသောအမည်တို့ဖြင့် ဟောတော်မူအပ်၏။

၇။ ပဋ္ဌာန်း၌

'အနုလုံသည် ဂေါတြဘုအား, အနုလုံသည် ဝေါဒါန်အား ကျေးဇူးပြု၏' ဟု ဤသို့ ၃-ပါးသော အမည်တို့ဖြင့် ဟောတော်မူအပ်၏။

၈။ ရထဝိနီတသုတ္တန်၌

'ငါ့ရှင်၊အသို့နည်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအကျိုးငှာ ဘုန်တော်ကြီးသောမြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော'ဟု ဤသို့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသောအမည်ဖြင့် ဟောတော်မူ၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

www.dhammadownload.com

ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

ဉာဏဒဿနဝိသုဒ္ဓိ

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ဟူသော ဤမဂ်လေးပါးဌာန် တည် သောဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင်၏စင်ကြယ်ခြင်း = စင်ကြယ်သောဉာဏ်အမြင်) မည်၏။

ပထမမဂ်ဉာဏ်ကိုပြဆို်ချက်

ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သောဉာဏ်

အနုလုံမှနောက်၌ ဂေါတြဘူဉာဏ် ဖြစ်ပေါ်၏၊ ထိုဂေါတြဘူဉာဏ်သည် မဂ်၏အာဝဇ္ဇန်းအရာ၌ တည်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့လည်း မဝင်၊ ဉာဏဒဿနဝိသုဒ္ဓိသို့လည်း မဝင်၊ ထိုဝိသုဒ္ဓိ နှစ်ပါး၏အကြားဌာန် ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော ဉာဏ်သာ ဖြစ်၏၊ သို့သော်လည်း ဝိပဿနာအလျဉ်၌ ကျရောက်သောကြောင့် ဝိပဿနာဟု ရေတွက်ခြင်းသို့ ရောက်၏။

မှတ်ချက်။ ။ သခ်ါရတို့ကို အနိစ္စ စသည်ဖြင့် မရှုသောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓသို့မဝင်– ဟု ဋီကာ၌ ဆို၏၊

နိဗ္ဗာန်ကို အာရုံပြုသော်လည်း ကိလေသာတို့ကို မကုန်စေတတ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ သို့မဝင်– ဟု ဋီကာ၌ဆို၏။

ဂေါတြဘူဉာဏ် ဖြစ်ပေါ်ပုံ

ပထမမဂ်ဉာဏ်ကို ပြည့်စုံစေခြင်းငှာ အလိုရှိသောယောဂီသည် အခြားတစ်ပါးသော ပြုဖွယ်ကိစ္စ မည်သည် တစ်စုံတစ်ခုမှ မရှိတော့ပြီ၊ မှန်ပေ၏၊ ဤယောဂီသည် အနုလောမဉာဏ်အဆုံးရှိသော ဝိပဿနာ ဉာဏ်ကိုဖြစ်စေလျက် ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးသည်သာလျှင် ဖြစ်ပေ၏၊ ဤသို့ အနုလောမဉာဏ်ရှိသော ယောဂီ၏စိတ်သည် ထိုအနုလောမဉာဏ် ၃–ပါး, ၂–ပါးတို့ဖြင့် မိမိ၏အစွမ်းအာနုဘော်အားလျော်စွာ သစ္စာ ကိုဖုံးလွှမ်းတတ်သော ကိလေသာအမှောင်ကို ကွယ်ပျောက်စေပြီးလတ်သော် အလုံးစုံသောသခ်ါရအပေါင်း၌ မပြေးသွား, မတည်တံ့, နလုံးမသွင်း, မကပ်မငြိမတွယ်– ပဒုမ္မာကြာဖက်မှရေကဲ့သို့ တွန့်၏ ရုံ့၏ ပြန်နစ်၏၊ အလုံးစုံသော သခ်ါရနိမိတ်အာရုံနှင့် ခန္ဓာအယဉ်အာရုံသည် အနှောင့်အယှက်ပလီဗောဓအနေဖြင့် ထင်လာ၏၊ အနုလောမဉာဏ်၏နောက်၌ သခ်ါရနိမိတ်မရှိသော, ခန္ဓာအယဉ်မရှိသော, သခ်ါရကင်းသော, သခ်ါရချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကိုအာရုံပြုလျက် ပုထုဇဉ်အနွယ်, ပုထုဇဉ်ဟူသော အမည်ဝေါဟာရ, ပုထုဇဉ်၏ဘုံအဆင့်ကို ကျော်လွန်လျက် အရိယာအနွယ်, အရိယာဟူသော အမည်ဝေါဟာရ, အရိယာ၏ဘုံအဆင့်သို့ ဆိုက်ရောက်လျက် နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာလည်ခြင်း, ရှေးဦးစွာနှလုံးသွင်းခြင်း, ရှေးဦးစွာဆင်ခြင်ခြင်းသဘော ဖြစ်သော ဂေါတြဘူဉာဏ်သည် ဖြစ်ပေါ်၏၊ ဂေါတြဘူဉာဏ်သည် ခေါင်ထိပ်သို့ရောက်သော, ဝိပဿနာ၏ဦးခေါင်း သဖွယ်ဖြစ်သော, တစ်ဖန်ပြန်လည်ခြင်းမရှိသောဉာဏ် ဖြစ်၏၊ ဂေါတြဘူဉာဏ်သည် ပဌမမဂ်ဉာဏ်အား အနန္တရသတ္တိ, သမနန္တရသတ္တိ, ဥပနိဿယသတ္တိ, အာသေဝနသတ္တိ, နတ္ထိသတ္တိ, ဝိဂတသတ္တိတို့၏အစွမ်းဖြင့် ၆–ပါးသော သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံမှာ–

အဘယ်သို့လျှင် အပြင်ပ(သခ်ါရ)မှထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် ဂေါတြဘူဉာဏ်မည်သနည်း? ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။ ဖြစ်ပွါးခြင်းကို ။ပ။ ပြင်းစွာပူပန်ခြင်းကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။အပြင်ပဖြစ်သော သခ်ါရနိမိတ်ကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ မဖြစ်ပွါးခြင်းသို့ ။ပ။ ပြင်းစွာမပူပန်ခြင်းသို့။ သခ်ါရချုပ်ရာနိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ဖြစ်ပေါ်

www.dhammadownload.com

ခြင်းကို လွှမ်းမိုးကျော်လွန်၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ဤသို့စသည်ဖြင့် အလုံးစုံကို ချဲ့၍ သိအပ်၏။

အနုလုံနှင့် ဂေါတြဘူတို့ အာရုံမတူပုံ

တစ်ချက်သော အာဝဇ္ဇန်းဖြင့်, တစ်ခုသောဝီထိ၌ ဖြစ်ကုန်သော်လည်း အနုလုံနှင့် ဂေါတြဘူတို့ အာရုံမတူကြပေ။

မြောင်းခုန်ဥပမာ –

(၁) မြောင်းကိုခုန်၍ ထိမှာဖက်ကမ်း၌ တည်လိုသော ယောကျ်ားသည်	အလုံးစုံသောဘဝတို့၏ ထိမှာဖက်ကမ်းသဖွယ် ဖြစ်သော နိဗ္ဗာန်၌ တည်လိုသော ယောဂီသည်
(၂) လျင်မြန်သောအဟုန်ဖြင့် ပြေး၍	ဥဒယဗ္ဗယဉာဏ်အစရှိသော ဝိပဿနာဉာဏ်တို့ဖြင့်
(၃) မြောင်း၏ ဤမှာဖက်ကမ်းရှိ သစ်ကိုင်း၌ ချည်ထားအပ်သော ကြိုးကိုလည်းကောင်း လုံကိုလည်းကောင်း ဆွဲကိုင်၍	အတ္တဘောတည်းဟူသော သစ်ကိုင်း၌ ချည်ထားအပ်သော ရုပ်ဟူသော ကြိုးကိုလည်းကောင်း၊ နာမ်ခန္ဓာ ၄-ပါး ဟူသော လုံကိုလည်းကောင်း အနိစ္စ,ဒုက္ခ,အနတ္တ ဤသို့အနုလောမ၏ အာဝဇ္ဇန်းဖြင့်ကိုင်၍ (ထိသခ်ါရအာရုံကို မလွတ်မူ၍သာလျှင်)
(၄) မြောင်း၏အထက်သို့ ခုန်၍	ပထမအနုလုံစိတ်ဖြင့် ခုန်၍
(၅) ထိမှာဖက်ကမ်းသို့ ညွှတ်ကိုင်းရှိုင်းသောကိုယ်ဖြင့်	ဒုတိယ အနုလုံစိတ်ဖြင့် နိဗ္ဗာန်ဟူသော ထိမှာဖက်ကမ်းသို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ရှိသည် ဖြစ်၍
(၆) ထိမှာဖက်ကမ်း၏ အထက်အဖို့သို့ ရောက်လျှင်	တတိယ အနုလုံစိတ်ဖြင့် ယခုပင်လျှင် ရောက်အပ်သော နိဗ္ဗာန်နှင့် နီးသည် ဖြစ်၍
(၇) ကိုင်ထားသောကြိုး, လုံကိုလွှတ်၍	ထိတတိယ အနုလုံစိတ် ချုပ်သဖြင့် သခ်ါရအာရုံကို လွှတ်၍
(၈) တုန်လှုပ်လျက်	ဂေါတြဘူစိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၏၊ ထိသို့အာရုံပြုသော်လည်း (၁-ကြိမ်သာလျှင် အာရုံပြုအပ်သော နိဗ္ဗာန်ဟူသော အာရုံ၌) အာသေဝနပစ္စည်းကို မရသည်၏ အဖြစ်ကြောင့် မြဲမြံစွာ မတည်သေး။
(၉) ထိမှာဖက်ကမ်း၌ ဆင်း၍ ဖြည်းဖြည်းတည်သကဲ့သို့	ထိဂေါတြဘူဖြစ်သည်မှ နောက်၌ မဂ်ဉာဏ်ဖြင့် မြဲစွာ တည်၏။

~ ~ ~ ~ ~ ~ ~ ~

အနုလုံနှင့် ဂေါတြဘူ ထူးခြားပုံ

အနုလောမဉာဏ်သည်	(၁) သစ္စာကိုဖုံးသော ကိလေသာကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏၊
	(၂) နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်ပါ။
ဂေါတြဘူဉာဏ်သည်	(၁) နိဗ္ဗာန်ကိုသာ အာရုံပြုခြင်းငှာ စွမ်းနိုင်၏၊
	(၂) ကိလေသာကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပါ။

လကြည့်သောယောကျ်ားဥပမာ–

မျက်စိမြင်သော ယောကျ်ားသည် နက္ခတ်နှင့်လ၏ ယှဉ်ခြင်းကိုသိရန်၊ အထက်ကောင်းကင်သို့ ကြည့်သော် တိမ်တိုက်တို့ဖုံးလွှမ်းထားသောကြောင့် လကိုမမြင်၊ ထိအခါ တစ်ခုသောလေသည် ရုန့်ရင်းသောတိမ်တိုက်တို့ကို ဖျက်ဆီး၏၊ တစ်ပါးသောလေသည် အလတ်ဖြစ်သောတိမ်တိုက်တို့ကို ဖျက်ဆီး၏၊ တစ်ပါးသောလေသည် သိမ်မွေ့သောတိမ်တိုက်တို့ကို ဖျက်ဆီး၏၊ ထိသို့ တိမ်တိုက်ကင်းစင်ပြီးမှ ယောကျ်ားသည် လကိုမြင်၏။

www.dhammadownload.com

ဤဥပမာ၌

- သုံးပါးသောတိမ်တိုက်ကဲ့သို့ သစ္စာကိုဖုံးလွှမ်းတတ်သော ရုန့်ရင်းသော, အလတ်စား, သိမ်မွေ့သော ကိလေသာကို၊
- သုံးခုသောလေကဲ့သို့ ပထမ, ဒုတိယ, တတိယ, အနုလုံစိတ်ကို၊
- မျက်စိမြင်သောယောကျ်ားကဲ့သို့ ဂေါတြဘူဉာဏ်ကို, ၊
- တစ်ပါးတစ်ပါးသောလေ၏ ဆိုအပ်ပြီးသောအစဉ်ဖြင့် တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းကဲ့သို့ တစ်ခုတစ်ခုသောအနုလုံစိတ်ဖြင့် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာကို ဖျက်ဆီးခြင်းကို၊
- လကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။

သုံးခုသောလေတို့သည် လကို ဖုံးလွှမ်းထားသော တိမ်တိုက်တို့ကို သာလျှင် ဖျက်ဆီးနိုင်၏၊ လကို မြင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့- အနုလုံစိတ် ၃-ကြိမ်တို့သည် သစ္စာကို ဖုံးလွှမ်းထားသော ကိလေသာကိုသာ ဖျက်ဆီးနိုင်၏၊ နိဗ္ဗာန်ကို မြင်ခြင်းငှာ မစွမ်းနိုင်။

ယောကျ်ားသည် လကိုသာ မြင်နိုင်၏၊ တိမ်တိုက်တို့ကို မလွှင့်မဖျောက်နိုင်သကဲ့သို့-ဂေါတြဘူသည် နိဗ္ဗာန်ကိုသာလျှင် မြင်နိုင်၏၊ ကိလေသာကို မပယ်ဖျောက်နိုင်ပေ၊ ထိုသို့ကိလေသာကို မပယ်နိုင်ခြင်းကြောင့် သာလျှင် ထိုဂေါတြဘူဉာဏ်ကို မဂ်၏အာဝဇ္ဇန်း ဟူ၍ ဆိုအပ်၏။

~ ~ ~ ~ ~ ~ ~ ~

ပထမမဂ်ဉာဏ်ဖြစ်ပေါ်ပုံ

ဂေါတြဘူသည် အာဝဇ္ဇန်းမဟုတ်သော်လည်း အာဝဇ္ဇန်းအရာ၌ တည်၍ (အနုလုံတို့သည် သန်ါရကို အာရုံပြုသကဲ့သို့ အာရုံမပြုမူ၍) ငါကဲ့သို့ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်လေလော့ ဟု, မဂ်အား အမှတ်သညာကို ပေးသကဲ့သို့ဖြစ်၍ ချုပ်၏၊ မဂ်သည်လည်း ဂေါတြဘူပေးသော အမှတ်သညာကို မလွတ်မူ၍ အပြတ်မရှိသော စိတ်အစဉ်၏အစွမ်းဖြင့် ထိုဂေါတြဘူဉာဏ်သို့ အစဉ်လိုက်လျက် မဖောက်ထွင်းဘူး, မခွဲဖျက်ဘူးသော အကုသိုလ်အတုံးများကို ဖောက်ထွင်း ခွဲဖျက်လျက် ဖြစ်ပေါ်လာ၏။

<u>လေးသမားဥပမာ -</u>

လေးသမားတစ်ယောက်သည် ရှစ်ဉသဘမျှရှိသော အရုပ်၌ ပျဉ်ချပ်တစ်ရာကို ထားစေ၏၊ မျက်နှာကို အဝတ်စည်းပြီး၊ မြားကို တပ်ဆင်၍ ဆုံလည်ယန္တရားပေါ်၌ ရပ်နေ၏၊ အခြားသူတစ်ယောက်က ဆုံလည်ကို လှည့်နေစဉ် ပျဉ်ချပ်နှင့် တူရူဖြစ်သောအခါ တုတ်ခေါက်၍ အချက်ပေး၏၊ လေးသမားသည် တုတ်သံအမှတ်သညာကို မလွတ်မူ၍ သာလျှင် မြားကိုပစ်လျက်၊ ပျဉ်ချပ်တစ်ရာကို ဖောက်ထွင်းနိုင်၏၊

တုတ်သံ = ဂေါတြဘူဉာဏ်

လေးသမား = မဂ်ဉာဏ်

တုတ်သံအမှတ်သညာကို မလွတ်မူ၍သာလျှင် ပျဉ်ချပ်တစ်ရာကို လေးသမား၏ဖောက်ထွင်းခြင်းကဲ့သို့

ဂေါတြဘူဉာဏ်က ပေးသော အမှတ်သညာကို မလွတ်မူ၍ သာလျှင် မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် မဖောက်ထွင်း, မခွဲဖျက်ဘူးသေးသော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ခြင်းကို မှတ်အပ်၏။

သောတာပတ္တိမဂ်၏ အကျိုးအာနိသင်များ

၁။ လောဘတုံး စသည်တို့ကို ဖောက်ခွဲခြင်း

၂။ အစမထင်သော သံသရာဝဋ်ဆင်းရဲ ဟူသော သမုဒ္ဒရာကို ခမ်းခြောက်စေခြင်း

၃။ အလုံးစုံသော အပါယ်တံခါးတို့ကို ပိတ်စေခြင်း

၄။ ခုနစ်ပါးသော အရိယာဥစ္စာတို့ကို ရခြင်း

၅။ အင်္ဂါရှစ်ပါးရှိသော မိစ္ဆာမဂ် ခေါ် လမ်းမှားကို ပယ်ခြင်း

www.dhammadownload.com

၆။ အလုံးစုံသော ဘေးရန်တို့ ငြိမ်းခြင်း
၇။ မြတ်စွာဘုရား၏ ရွှေရင်တော်နှစ်သားတော်အစစ်အဖြစ်သို့ ရောက်ခြင်း
၈။ ထိုမှတစ်ပါး အရာမက များကုန်သော အကျိုးအာနိသင်တို့ကိုလည်း ရသေး၏။

~ ~ ~ ~ ~ ~ ~ ~

သောတာပန်ပုဂ္ဂိုလ်ကိုပြဆို်ချက်

ပထမမဂ်ဉာဏ်၏အခြားမဲ့၌ ထိုမဂ်ဉာဏ်၏ အကျိုးဝိပါက်ဖြစ်ကုန်သော ၂-ကြိမ်, ၃-ကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ပေါ်၏၊ မှန်ပေ၏၊ လောကုတ္တရာကုသိုလ်တို့သည် အခြားမဲ့၌ အကျိုးပေးတတ်၏၊ ထို့ကြောင့်သာလျှင် အခြားမဲ့၌ အကျိုးပေးတတ်သော မဂ်သမာဓိ ဟူ၍ လည်းကောင်း၊ အာသဝေါတရားတို့ ကုန်ခြင်းငှာ အခြားမဲ့၌ အကျိုးပေးတတ်သော အရိယာမဂ်ဟူ၍လည်းကောင်း စသည်တို့ကို ဟောတော်မူ၏။

အချို့ဆရာတို့အယူ . . . ၁-ကြိမ်ဖြစ်စေ, ၂-ကြိမ်ဖြစ်စေ, ၃-ကြိမ်ဖြစ်စေ, ၄-ကြိမ်ဖြစ်စေ ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏ဟု ဆိုကုန်၏၊ ထိုစကားကို မယူအပ်ပေ၊ အကြောင်းမှာ-

မဂ္ဂဝီထိ၌ အနုလုံ ၂-ကြိမ် ၃-ကြိမ် ဖြစ်ပြီးနောက် ဂေါတြဘူဉာဏ် ဖြစ်ပေါ်၏၊ ထို့ကြောင့် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် အနုလုံစိတ် ၂-ကြိမ်ဖြစ်သင့်၏၊ ၁-ကြိမ်မျှဖြစ်သော အနုလုံစိတ်သည် အာသေဝနပစ္စည်းမရချေ၊ တစ်ခုသောအာဝဇ္ဇန်းရှိသော ဝီထိသည်လည်း ဇောခုနစ်ကြိမ် အတိုင်းအရှည် ရှိ၏၊ ထို့ကြောင့် အနုလုံစိတ် ၂-ကြိမ်ဖြစ်လျှင် ၃-ကြိမ်မြောက်၌ဂေါတြဘူစိတ်, ၄-ကြိမ်မြောက်၌မဂ်စိတ်, ၅-ကြိမ်သောဖိုလ်စိတ်တို့ ဖြစ်၏၊ အနုလုံ ၃-ကြိမ် ဖြစ်လျှင် ၄-ကြိမ်မြောက်၌ ဂေါတြဘူစိတ်, ၅-ကြိမ်မြောက်၌ မဂ်စိတ်, ၂-ကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ကုန်၏။

အချို့ဆရာတို့အယူ . . . အနုလုံစိတ် ၄-ကြိမ်၊ ၅-ကြိမ်မြောက် ဂေါတြဘူ၊ ၆-ကြိမ်မြောက်မဂ်စိတ်၊ ၁-ကြိမ်သော ဖိုလ်စိတ်ဖြစ်၏ ဟု ဆိုကုန်၏၊ ထိုစကားကို မယူအပ်ပေ၊ အကြောင်းမှာ-

၄-ကြိမ်မြောက်(သို့) ၅-ကြိမ်မြောက်၌ အပွနာဇောဖြစ်၏၊ ထို ၅-ကြိမ်မှနောက်၌ နီးကပ်သောဘဝင် ရှိသောကြောင့် အပွနာဇော မဖြစ်ဟူ၍ အဋ္ဌကထာ၌ ပယ်ထားပြီး ဖြစ်သောကြောင့်တည်း။

ဤသို့ဖြင့် (သောတာပတ္တိဖိုလ်ဖြစ်ကာမျှဖြင့်) ယောဂီသည် သောတာပန် မည်သော ဒုတိယအရိယာပုဂ္ဂိုလ် ဖြစ်၏၊ သောတာပန်ပုဂ္ဂိုလ်သည် အလွန်မေ့လျော့နေငြားသော်လည်း ကာမသုဂတိဘုံတို့၌ ခုနစ်ကြိမ်ကျင်လည်ပြီးလျှင် ဆင်းရဲ၏အဆုံး(အရဟတ္တဖိုလ်)ကို မျက်မှောက် ပြုနိုင်၏။

ဖိုလ်ဇော၏အဆုံး၌ ထိုသောတာပန်ပုဂ္ဂိုလ်၏စိတ်သည် ဘဝင်သို့သက်၏၊ ထိုမှနောက်၌ ဘဝင်ကို ဖြတ်၍ မဂ်,ဖိုလ်စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာစိတ်တို့ ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

ပစ္စဝေက္ခဏာဝီထိ ၁၉-ပါး

သောတာပန်ပုဂ္ဂိုလ်သည်-
၁. ရပြီးသော မဂ်ကို ဆင်ခြင်၏ = မဂ္ဂပစ္စဝေက္ခဏာဝီထိ၊
၂. ရပြီးသော ဖိုလ်ကို ဆင်ခြင်၏ = ဖလပစ္စဝေက္ခဏာဝီထိ၊
✔၃. ပယ်ပြီးသောကိလေသာကို ဆင်ခြင်၏ = ပဟီနကိလေသပစ္စဝေက္ခဏာဝီထိ၊
✔၄. ကြွင်းကိလေသာကို ဆင်ခြင်၏ = အဝသိဋ္ဌကိလေသပစ္စဝေက္ခဏာဝီထိ၊
၅. နိဗ္ဗာန်ကို ဆင်ခြင်၏ = နိဗ္ဗာနပစ္စဝေက္ခဏာဝီထိ ဟူ၍ ပစ္စဝေက္ခဏာဝီထိ ၅-ဝီထိ ဖြစ်၏။

သောတာပန်ကဲ့သို့ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့အားလည်း ငါးပါးစီ ဖြစ်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်မှာ ကြွင်းကိလေသာကို ဆင်ခြင်ခြင်း မည်သည် မရှိသောကြောင့် ပစ္စဝေက္ခဏာ ၄-ဝီထိ ဖြစ်၏၊ ထို့ကြောင့် ပစ္စဝေက္ခဏာ ၁၉-ဝီထိဖြစ်၏။

www.dhammadownload.com

✔ = သေက္ခပုဂ္ဂိုလ်တို့အား ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏၊ သာဓက– သကဒါဂါမ်ဖြစ်သော မဟာနာမ်မင်းသည် မြတ်စွာဘုရားအား အောက်ပါအတိုင်း မေးမြန်းလျှောက်ထား၏၊

'အရှင်ဘုရား အကျွန်ုပ်၏ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးသောတရားကား အဘယ်မည်သောတရား ပါနည်း? ယင်းမပယ်ရသေးသောတရားကြောင့် တစ်ရံတစ်ခါ၌ အကျွန်ုပ်၏စိတ်ကို လောဘတရား တို့သည်လွှမ်းမိုးလျက် အကြွင်းမဲ့ယူဆောင်၍တည်ပါကုန်၏' ဤသို့အစရှိသော အလုံးစုံကို အကျယ် အားဖြင့် သိအပ်၏။

~ ~ ~ ~ ~ ~ ~ ~

ဒုတိယမဂ်ဉာဏ်ကိုပြဆို်ခြင်း

သောတာပန်အရိယာသာဝကသည် ကာမရာဂနှင့် ဗျာပါဒတို့ကို ခေါင်းပါးခြင်းအကျိုးငှာ၊ သကဒါ-ဂါမိဖိုလ်ဟူသော ဒုတိယဘုံအဆင့်သို့ ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြု၏၊ ထို ပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အပြားရှိသော ထို သင်္ခါရတရားအပေါင်းကိုပင်လျှင် "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု ဉာဏ်ဖြင့် အဖန်တလဲလဲနင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲဉာဏ်ကို ဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏၊ ဤသို့ကျင့်သော ထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့် ပင်လျှင် သင်္ခါရပေကွာဉာဏ်၏အဆုံး၌ အထက်မဂ္ဂဝိထိ ဖြစ်ပေါ်လာလတ်သော် ဂေါတြဘူ ဉာဏ်၏အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်၏၊ ထိုမဂ်နှင့်ယှဉ်သောဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ် မည်၏။

သကဒါဂါမ်ပုဂ္ဂိုလ်ကိုပြဆို်ခြင်း

လူ့ပြည်လောကသို့ ပဋိသန္ဓေအစွမ်းဖြင့် ၁-ကြိမ်သာ ပြန်လာပြီး ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ စွမ်း နိုင်သောကြောင့် သကဒါဂါမ်မည်သော စတုတ္ထအရိယာပုဂ္ဂိုလ် ဖြစ်၏၊ ပစ္စဝေက္ခဏာမှာ ရှေးဦးပြဆိုခဲ့သည့် အတိုင်း သိပါ။

~ ~ ~ ~ ~ ~ ~ ~

တတိယမဂ်ဉာဏ်ကိုပြဆို်ခြင်း

သကဒါဂါမ်အရိယာသာဝကသည် ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ်ခြင်းငှာ၊ အနာဂါမိဖိုလ် ဟူသော တတိယဘုံအဆင့်သို့ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏၊ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အပြားရှိသော ထိုသင်္ခါရ တရားအပေါင်းကို ပင်လျှင် "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲဉာဏ်ကို ဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏၊ ဤသို့ကျင့်သော ထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် သင်္ခါရပေကွာဉာဏ်၏အဆုံး၌ အထက်မဂ္ဂဝိထိ ဖြစ်ပေါ်လာလတ်သော် ဂေါတြဘူ ဉာဏ်၏ အခြားမဲ့၌ အနာဂါမိမဂ်သည် ဖြစ်၏၊ ထို မဂ်နှင့်ယှဉ်သောဉာဏ်သည် အနာဂါမိမဂ်ဉာဏ် မည်၏။

အနာဂါမ်ပုဂ္ဂိုလ်ကိုပြဆို်ခြင်း

ပဋိသန္ဓေ၏အစွမ်းအားဖြင့် ကာမဘုံသို့ တစ်ဖန်မလာသည်ဖြစ်၍ ကာမဘုံသို့ ပြန်လည်ခြင်းသဘော မရှိသောကြောင့် အနာဂါမ်မည်သော ဆဋ္ဌအရိယာပုဂ္ဂိုလ် ဖြစ်၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

စတုတ္ထမဂ်ဉာဏ်ကိုပြဆိုချက်

အနာဂါမ်အရိယာသာဝကသည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ပယ်ခြင်းငှာ၊ အရဟတ္တဖိုလ်ဟူသော စတုတ္ထဘုံအဆင့်သို့ ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏၊ ထိုပုဂ္ဂိုလ်သည် ဣန္ဒေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ရုပ် ဝေဒနာ သညာ သခ်ါရ ဝိညာဏ် အပြားရှိသော ထိုသခ်ါရတရားအပေါင်းကို ပင်လျှင် "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကိုဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏၊ ဤသို့ကျင့်သော ထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်း ဖြင့်ပင်လျှင် သခ်ါရပေက္ခာဉာဏ်၏ အဆုံး၌ အထက်မဂ္ဂဝီထိ ဖြစ်ပေါ်လာလတ်သော် ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ အရဟတ္တမဂ်သည် ဖြစ်၏၊ ထို မဂ်နှင့်ယှဉ်သောဉာဏ်သည် အရဟတ္တမဂ်ဉာဏ် မည်၏။

ရဟန္တာပုဂ္ဂိုလ်ကိုပြဆိုချက်

၁. အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်မြတ် (မဟာခီဏာသဝ)၊
၂. အဆုံးစွန်သောခန္ဓာကိုယ်ကို ဆောင်သော ဝန်ထုပ်ဝန်ပိုး(ကိလေသဝန်,အဘိသခ်ါရဝန်,ခန္ဓဝန်)ကို ချပြီးသောပုဂ္ဂိုလ်၊
၃. မိမိအကျိုး (အရဟတ္တဖိုလ်တရား)ကို ရောက်ပြီး, ရပြီးသော ဘဝသံယောဇဉ် ကုန်ခမ်းပြီးသောပုဂ္ဂိုလ်၊
၄. မှန်စွာသိ၍ လွတ်မြောက်သူ၊
၅. နတ်နှင့်တကွသောလူအပေါင်း၌ မြတ်သောအလှူကိုခံထိုက်သောပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏(အဂ္ဂဒက္ခိဏေယျ)။

~ ~ ~ ~ ~ ~ ~ ~

ယခုအခါ ဉာဏ် ၄-ပါးအပေါင်းဟု ဆိုအပ်သော ဉာဏဒဿနဝိသုဒ္ဓိ၏ အစွမ်းအာနုဘော်ကို သိနားလည်ခြင်း အကျိုးငှာ-

(က) ဗောဓိပက္ခိယတရားနှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊
(ခ) ထခြင်း, ခွန်အားနှင့် ယှဉ်ခြင်းကိုလည်းကောင်း၊
(ဂ) အကုသိုလ်တရားတို့ကို ပယ်ခြင်းကိုလည်းကောင်း၊
(ဃ) ပရိညာစသောကိစ္စတို့ကိုလည်းကောင်း သိအပ်ကုန်၏။

(က) ဗောဓိပက္ခိယတရား ပြဆိုချက်

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပွဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး ပေါင်း ၃၇-ပါးသောတရားတို့သည် သိတတ်သောအနက်သဘောကြောင့် ဗောဓိမည်သောအရိယာမဂ်၏အဖို့(အုပ်စု)၌ ဖြစ်သောကြောင့် ဗောဓိပက္ခိယ မည်၏၊ အဖို့၌ဖြစ်သောကြောင့် ဟူသည် ကျေးဇူးပြုတတ်သည်၏အဖြစ်၌ တည်သောကြောင့်ဟု ဆိုလိုသည်။

သတိပဋ္ဌာန် ၄-ပါး

ထိုထိုအာရုံတို့၌ သက်ဝင်၍ပြေးဝင်၍ ထင်သောကြောင့် ပဋ္ဌာန မည်၏၊ သတိသည်ပင်လျှင် ပြေးဝင်၍ထင်၏၊ ထို့ကြောင့် သတိပဋ္ဌာန-သတိပဋ္ဌာန် မည်၏။

ကာယ, ဝေဒနာ, စိတ်, သဘောတရားတို့၌ မတင့်တယ်သောအခြင်းအရာ, ဆင်းရဲသောအခြင်းအရာ, မမြဲသောအခြင်းအရာ, အတ္တမဟုတ်သောအခြင်းအရာတို့ကို ယူသည်၏အစွမ်းအားဖြင့် လည်းကောင်း၊ 'တင့်တယ်သည်, ချမ်းသာသည်, မြဲသည်, အတ္တဟုတ်သည်'ဟု ထင်သောအမှတ်သညာတို့ကို ပယ်ခြင်းကိစ္စပြီးစေသည်၏ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်သောကြောင့် သတိပဋ္ဌာန်သည် ၄-ပါးပြား၏၊ ထို့ကြောင့် သတိပဋ္ဌာန် ၄-ပါးဟု ဆိုအပ်၏။

www.dhammadownload.com

သမ္မပ္ပဓာန် ၄-ပါး

ဤတရားသဘောဖြင့် အားထုတ်ကုန်၏၊ ဤသို့ အားထုတ်ကြောင်းဖြစ်သောကြောင့် ပဓာန မည်၏၊ တင့်တယ်သော အားထုတ်ကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏။

တစ်နည်း-ဤတရားသဘောဖြင့် ကောင်းစွာအားထုတ်ကုန်၏၊ ဤသို့ ကောင်းစွာအားထုတ်ကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏။

တစ်နည်း- ကိလေသာဟူသော အရုပ်ဆိုးသည်၏အဖြစ်မှ ကင်းသောကြောင့် တင့်တယ်သည်ဖြစ်၍ သမ္မာလည်းမည်၏၊ ထိုတင့်တယ်သောလုံ့လသည် စီးပွါးချမ်းသာတို့ကို ဖြစ်စေတတ်သည်၏အဖြစ်ဖြင့် အထူးသဖြင့် ချီးမွမ်းအပ်သောကြောင့်လည်းကောင်း, ပြဓာန်း (မြင့်မြတ်)သည့်အဖြစ်၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း ပဓာနလည်း မည်၏၊ ထို့ကြောင့် သမ္မပ္ပဓာန် မည်၏။

သမ္မပ္ပဓာန်ဟူသော အမည်သည် လုံ့လဝီရိယ၏ အမည်ပေတည်း၊ ဤ သမ္မပ္ပဓာန်သည် ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်းကိစ္စ၊ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေခြင်းကိစ္စ၊ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်စေခြင်းကိစ္စ၊ ဖြစ်ပြီးသောကုသိုလ်တို့ကို တည်ခြင်းကိစ္စ၏ အစွမ်းအားဖြင့် ၄-ပါးအပြားရှိ၏၊ ထို့ကြောင့် သမ္မပ္ပဓာန် ၄-ပါး ဟု ဆိုအပ်၏။

ဣဒ္ဓိပါဒ် ၄-ပါး

ပြီးစီးပြည့်စုံခြင်းအနက်သဘောကြောင့် ဣဒ္ဓိ မည်၏၊ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော ထိုပြီးစီးပြည့်စုံခြင်း၏ အဓိပတိပစ္စည်းဟူသော ပြဌာန်းသောအနက်သဘောကြောင့် ပါဒ(အခြေခံ) မည်၏၊ ထို့ကြောင့် ဣဒ္ဓိပါဒ် မည်၏၊ တစ်နည်းကား အကျိုးဖြစ်သော ထိုပြီးစီးပြည့်စုံခြင်း၏ ရှေးအဖို့၌ဖြစ်သော အကြောင်းဟူသော အနက်သဘောကြောင့် ပါဒ(ရောက်ကြောင်း) မည်၏၊ ထို့ကြောင့် ဣဒ္ဓိပါဒ် မည်၏။

ဣဒ္ဓိပါဒ်သည် ဆန္ဒိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် ဟူ၍ ၄-ပါးအပြားရှိ၏၊ ဤ ၄-ပါးတို့သည် လောကုတ္တရာတရားတို့သာ ဖြစ်ကုန်၏၊ သို့သော်လည်း 'ရဟန်းသည် ဆန္ဒကို အကြီးအမှူးပြု၍ သမာဓိကို အကယ်၍ရငြားအံ့၊ စိတ်၏တည်ကြည်ခြင်းကို အကယ်၍ရငြားအံ့၊ ဤသမာဓိကို ဆန္ဒသမာဓိဟူ၍ ဆိုအပ်၏' ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် ဆန္ဒအစရှိသော အဓိပတိ ၄-ပါး၏ အစွမ်းအားဖြင့် ရအပ်သော လောကီတရားတို့သည်လည်း ဣဒ္ဓိပါဒ် မည်ကုန်သေး၏။

ဣန္ဒြေ ၅-ပါး

မယုံကြည်ခြင်း၊ ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ ပျံ့လွင့်ခြင်း၊ တွေဝေခြင်းတို့ကို လွှမ်းမိုးနှိမ်နင်းတတ်သောကြောင့် လွှမ်းမိုးနှိမ်နင်းခြင်းဟူသော အစိုးရသော အနက်သဘောအားဖြင့် ဣန္ဒြေ မည်၏။

ဗိုလ် ၅-ပါး

မယုံကြည်ခြင်းစသည်တို့က မလွှမ်းမိုးအပ် မလွှမ်းမိုးနိုင်သောကြောင့် မတုန်လှုပ်ခြင်းအနက်သဘောအားဖြင့်လည်းကောင်း၊ သမ္မယုတ်တရားတို့၌ မြဲမြံခိုင်ခဲ့သည်၏အဖြစ်ကြောင့်လည်းကောင်း ဗလ-ဗိုလ်လည်း မည်၏၊ ထို ဣန္ဒြေနှင့် ဗိုလ် ၂-ပါးလုံးသည် သဒ္ဓါစသည်တို့၏ အစွမ်းအားဖြင့် ၅-ပါး အပြားရှိ၏။

ဗောဇ္ဈင် ၇-ပါး

သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သောကြောင့် သတိစသော ၇-ပါးသောတရားတို့သည် ဗောဇ္ဈင် မည်ကုန်၏။

မဂ္ဂင် ၈-ပါး

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘောကြောင့် သမ္မာဒိဋ္ဌိစသော ၈-ပါးသောတရားတို့သည် မဂ္ဂင် မည်ကုန်၏၊ ထို့ကြောင့် 'ဗောဇ္ဈင် ၇-ပါး, အင်္ဂါ ၈-ပါးရှိသော အရိယာမဂ်' ဟူ၍ ဆိုအပ်၏။

www.dhammadownload.com

အထူးထူးသောစိတ်တို့၌ ဗောဓိပက္ခိယတရားများ ရနိုင်ပုံ

ဗောဓိပက္ခိယတရားတို့ကို အရိယာမဂ်၏ ရှေးအဖို့ လောကီဝိပဿနာဉာဏ် ဖြစ်စဉ်၌

၁၄-ပါးသောအပြားဖြင့် ကိုယ်ကိုသိမ်းဆည်းသောသူအား ကာယာနုပဿနာသတိပဋ္ဌာန်ကိုရအပ်၏၊ ၉-ပါးသောအပြားဖြင့် ဝေဒနာကိုသိမ်းဆည်းသောသူအား ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏၊ ၁၆-ပါးသောအပြားဖြင့် စိတ်ကိုသိမ်းဆည်းသောသူအား စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏၊ ၅-ပါးသောအပြားဖြင့် သဘောတရားတို့ကိုသိမ်းဆည်းသောသူအား ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏။

ဤမိမိ၏ ပစ္စုပ္ပန်အတ္တဘောဌ မဖြစ်ဘူးသေးသောအကုသိုလ်ကို သူတစ်ပါးသန္တာန်၌ ဖြစ်သည်ကို တွေ့မြင်၍ 'ဤအကုသိုလ်မျိုး မဖြစ်အောင်ကျင့်သုံးအံ့, ဤသို့ကျင့်သည်ရှိသော် ငါ့အား ဤအကုသိုလ်သည် မဖြစ်လတ္တံ့' ဟု ထိုအကုသိုလ်၏မဖြစ်ခြင်းငှါ အားထုတ်သောကာလ၌ ပထမသမ္မပ္ပဓာန်ကို ရအပ်၏၊ မိမိ၏ သန္တာန်၌ ဖြစ်ပေါ်ခြင်းသို့ရောက်သောအကုသိုလ်ကို တွေ့မြင်၍ ထိုအကုသိုလ်ကို ပယ်ခြင်းငှါအားထုတ်သောကာလ၌ ဒုတိယသမ္မပ္ပဓာန်ကို ရအပ်၏၊ ဤမိမိ၏ ပစ္စုပ္ပန်အတ္တဘောဌ မဖြစ်ဘူးသေးသော ဈာန်ကိုသော်လည်းကောင်း၊ ဝိပဿနာကိုသော်လည်းကောင်း ဖြစ်စေခြင်းငှါ အားထုတ်သောသူအား တတိယသမ္မပ္ပဓာန်ကို ရအပ်၏၊ ဖြစ်ပေါ်ပြီးသော ဈာန်, ဝိပဿနာ မဆုတ်ယုတ်အောင် အဖန်ဖန်ဖြစ်စေသူအား စတုတ္ထသမ္မပ္ပဓာန်ကို ရအပ်၏။

ဆန္ဒကိုအကြီးမှူးပြု၍ ကုသိုလ်ကိုဖြစ်စေသောကာလ၌ ဆန္ဒိဒ္ဓိပါဒ်ကို ရအပ်၏၊ မိစ္ဆာဝါစာခေါ် မသင့်လျော်သောပြောဆိုခြင်းမှ ကြဉ်ရှောင်သောကာလ၌ သမ္မာဝါစာကို ရအပ်၏၊ ဤသို့လျှင် အထူးထူးသော စိတ်တို့၌ ရအပ်ကုန်၏။

၄-ပါးသော မဂ်ဉာဏ်တို့ ဖြစ်ပေါ်သောကာလ၌မူကား

ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို တစ်ခုတည်းသောစိတ်၌ ရအပ်ကုန်၏။

အရိယဖိုလ်ခဏ၌

သမ္မပ္ပဓာန် ၄-ပါးကြဉ် ကြွင်းသော ၃၃-ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏။

အရိယမဂ်ခဏ၌ သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး ဖြစ်ပုံ

ဤဆိုခဲ့သည့်အတိုင်း တစ်ခုတည်းသောမဂ်စိတ်၌ ရအပ်ကုန်သော ဗောဓိပက္ခိယတရားတို့တွင် နိဗ္ဗာန်လျှင် အာရုံရှိသော သတိတစ်ပါးတည်းကိုမင်္ဂလျှင် ကာယစသော ၄-ပါးသောအာရုံတို့၌ သုဘသညာ စသည်တို့ကို ပယ်ခြင်းကိစ္စကို ပြီးစေသည်၏အစွမ်းအားဖြင့် သတိပဋ္ဌာန် ၄-ပါးဟူ၍ ဆိုအပ်၏၊ ထို့အတူ ဝီရိယတစ်ပါးတည်းကိုပင်လျှင် မဖြစ်သေးသောအကုသိုလ်တို့၏မဖြစ်ခြင်းအစရှိသောကိစ္စကို ပြီးစေသည်၏ အစွမ်းအားဖြင့် သမ္မပ္ပဓာန် ၄-ပါးဟူ၍ ဆိုအပ်၏၊ ကြွင်းသော ဗောဓိပက္ခိယတရားတို့၌ကား လျော့စေခြင်း, တိုးပွါးစေခြင်း သည် မရှိပေ။

ဗောဓိပက္ခိယတရားတို့ ဖြစ်ရာဌာနများ

ကိုးခုတရား တစ်ပါးစီသာ၊
တစ်ခုသည်ကား နှစ်ပါးတစ်ဖြာ၊
လေးပါးငါးပါး ရှစ်ပါးကိုးဖြာ၊
ငင်းတို့ ခြောက်ဖို့ ကွဲကြပါ။

ကိုးခုတရား တစ်ပါးစီသာ – ဟူသည်

ဆန္ဒ, စိတ်, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တတာဟူသော ဥပေက္ခာ, ဝိတက်ဟူသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဤတရား ၉-ပါးတို့သည် ဆန္ဒိဒ္ဓိပါဒ်စသည်ဖြင့် တစ်ပါးစီသာ ရှိကုန်၏။

www.dhammadownload.com

တစ်ခုသည်ကား နှစ်ပါး – ဟူသည်
သဒ္ဒါသည် ကွန်ဒြေနှင့် ဗိုလ်တို့၏အစွမ်းဖြင့် ၂-ပါးအပြားအားဖြင့် တည်၏။

တစ်ဖြာလေးပါး – ဟူသည်
သမာဓိသည် ကွန်ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏အစွမ်းဖြင့် ၄-ပါးအပြားအားဖြင့် တည်၏။

တစ်ဖြာငါးပါး – ဟူသည်
ပညာသည် ကွန်ဒြိပါဒ်၊ ကွန်ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏အစွမ်းဖြင့် ၅-ပါးအပြားအားဖြင့် တည်၏။

တစ်ဖြာခြောက်ပါး – ဟူသည်
သတိသည် သတိပဋ္ဌာန် ၄-ပါးနှင့် ကွန်ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏အစွမ်းဖြင့် ၈-ပါးအပြားအားဖြင့် တည်၏။

တစ်ဖြာကိုးပါး – ဟူသည်
ဝီရိယသည် သမ္မပ္ပဓာန် ၄-ပါးနှင့် ကွန်ဒြိပါဒ်၊ ကွန်ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏အစွမ်းဖြင့် ၉-ပါးအပြားအားဖြင့် တည်၏။

ဗောဓိပက္ခိယတရားတို့သည် ပုဒ်တစ်ပါးနှင့် မရောစပ်ဘဲယူလျှင် ၁၄-ပါး ဖြစ်၏၊ အဖို့အစုအားဖြင့် ယူလျှင် ၇-ပါးဖြစ်၏၊ အသေးစိတ်အကျယ်အားဖြင့်လည်းကောင်း၊ သရုပ်တရားကိုယ်အားဖြင့်လည်းကောင်း ယူလျှင် ၃၇-ပါးအပြား ရှိ၏၊ အရိယာမဂ်ဖြစ်သောအခါ ဗောဓိပက္ခိယတရားတို့သည် အလုံးစုံ ဖြစ်ကုန်၏။

~ ~ ~ ~ ~ ~ ~ ~

(ခ) ထခြင်း, ခွန်အားနှင့်ယှဉ်ခြင်း ပြဆို်ချက်

(က) နိမိတ္တ, ပဝတ္တ နှစ်ပါးမှ ထခြင်း

ရုပ်နာမ်သင်္ခါရနိမိတ်ကို အာရုံမပြုတော့ခြင်းသည် နိမိတ္တမှ ထသည် မည်၏၊
ဥပါဒါနက္ခန္ဓာ၌ ဥပါဒါန်စွဲကင်းသွားခြင်းသည် ပဝတ္တမှ ထသည် မည်၏၊

(၁) လောကီဝိပဿနာသည် သင်္ခါရနိမိတ်လျှင် အာရုံရှိသောကြောင့် နိမိတ္တမှ ထသည် မမည်၊ မပြတ်ဖြစ်ခြင်းဟူသော ခန္ဓာအယဉ်၏အကြောင်းဖြစ်သော သမုဒယတဏှာကို အကြွင်းမဲ့ မပယ်ဖြတ်ခြင်းကြောင့် ပဝတ္တမှ ထသည်လည်း မမည်။

(၂) ဂေါတြဘူဉာဏ်သည် သမုဒယတဏှာကို အကြွင်းမဲ့ မပယ်ဖြတ်ခြင်းကြောင့် မပြတ်ဖြစ်သော ခန္ဓာအယဉ်မှ ထသည် မမည်၊ သို့သော် နိဗ္ဗာန်လျှင်အာရုံရှိသောကြောင့် သင်္ခါရနိမိတ်မှ ထသည် မည်၏၊ ထို့ကြောင့် ဧကတောဝုဋ္ဌာန – တစ်ဖက်မှထသည် မည်၏။

(၃) လေးပါးသောမဂ်ဉာဏ်တို့သည်ကား နိမိတ်ကင်းသောနိဗ္ဗာန်လျှင်အာရုံရှိသောကြောင့် သင်္ခါရနိမိတ်မှလည်း ထ၏၊ သမုဒယတဏှာကို အကြွင်းမဲ့ပယ်ဖြတ်ခြင်းကြောင့် မပြတ်ဖြစ်သော ခန္ဓာအယဉ်မှလည်း ထ၏၊ ထို့ကြောင့် ဥဘတောဝုဋ္ဌာန – နှစ်ဖက်လုံးမှ ထသည် မည်၏။

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံ

အဘယ်သို့လျှင် ၂-ပါးစုံမှ ထခြင်း၊ ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ် မည်သနည်း?

သောတာပတ္တိမဂ်ဉာဏ်၌ နိဗ္ဗာန်ကိုမြင်သော အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော(မိစ္ဆာဒိဋ္ဌိ၏နောက်လိုက်ဖြစ်သော) ကိလေသာတို့မှ လည်းကောင်း၊ ခန္ဓာတို့မှ

www.dhammadownload.com

လည်းကောင်း ထ၏၊ အပြင်ပမည်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် '၂-ပါးစုံမှ ထခြင်း၊ ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်၏' ဟု ဆိုအပ်၏။

အာရုံသို့ရှေးရှုတင်ပေးခြင်း အနက်သဘောကြောင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ။ ပ ။ နှုတ်အမူအရာကို သိမ်းဆည်းခြင်းအနက်သဘောကြောင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ ။ ပ။ ကိုယ်အမူအရာကို ကောင်းစွာဖြစ်စေခြင်းအနက်သဘောကြောင့် သမ္မာကမ္မန္တသည် ။ ပ ။ ဖြူစင်ခြင်း အနက်သဘောကြောင့် သမ္မာအာဇီဝသည် ။ ပ ။ ချီးမြှောက်ခြင်း အနက်သဘောကြောင့် သမ္မာဝါယာမသည်။ ပ ။ ထင်ခြင်းအနက်သဘောကြောင့် သမ္မာသတိသည် ။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှထ၏၊ ထို မိစ္ဆာသမာဓိသို့အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့ မှလည်းကောင်း ထ၏၊ အပြင်ပမည်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် '၂-ပါးစုံမှ ထခြင်း၊ ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်၏' ဟု ဆိုအပ်၏။

သကဒါဂါမိမဂ်ဉာဏ်၌ နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် ။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်မှ လည်းကောင်း၊ ပဋိဃ-သံယောဇဉ်မှလည်းကောင်း၊ ရုန့်ရင်းသော ကာမရာဂါနုသယမှလည်းကောင်း၊ ပဋိဃာနုသယမှလည်းကောင်း ထ၏ ။ ပ ။

အနာဂါမိမဂ်ဉာဏ်၌ နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် ။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်မှ လည်းကောင်း၊ ပဋိဃ-သံယောဇဉ်မှလည်းကောင်း၊ သိမ်မွေ့သော ကာမရာဂါနုသယမှလည်းကောင်း၊ ပဋိဃာနုသယမှလည်းကောင်း ထ၏ ။ ပ ။

အရဟတ္တမဂ်ဉာဏ်၌ နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် ။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိသည် ရူပရာဂမှလည်းကောင်း၊ အရူပရာဂမှလည်းကောင်း၊ မာနမှလည်းကောင်း၊ ဥဒ္ဓစ္စမှလည်းကောင်း၊ အဝိဇ္ဇာမှလည်းကောင်း၊ မာနာနုသယမှလည်းကောင်း၊ ဘဝရာဂါနုသယမှလည်းကောင်း၊ အဝိဇ္ဇာနုသယမှလည်းကောင်း ထ၏၊ ထို ရူပရာဂစသည်သို့ အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထ၏၊ အပြင်ပမည်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် '၂-ပါးစုံမှ ထခြင်း၊ ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်၏' ဟု ဆိုအပ်၏။

(ခ) ခွန်အားနှင့်ယှဉ်ခြင်း

(၁) ရှစ်ပါးသောသမာပတ်တို့ကို ပွါးစေသောကာလ၌ သမထခွန်အား(ဧကဂ္ဂတာ)သည် လွန်ကဲ၏၊

(၂) အနိစ္စာနုပဿနာစသည်တို့ကို ပွါးစေသောကာလ၌ ဝိပဿနာခွန်အား(ပညာ)သည် လွန်ကဲ၏၊

(၃) အရိယာမဂ်ဉာဏ်မူကား သမထနှင့် ဝိပဿနာတရားတို့သည် အချင်းချင်းကို မလွန်သောအားဖြင့် ထမ်းပိုး၌ ညီတူဖွဲ့အပ်ကုန်သကဲ့သို့ ဖြစ်၏။

ပဋိသန္ဓိဒါမဂ်၌ ဟောတော်မူပုံ

ပျံ့လွင့်မှု ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထသော ပုဂ္ဂိုလ်အား စိတ်၏တစ်ခုတည်းသောအာရုံရှိ၏အဖြစ်ဟူသော ပျံ့လွင့်ခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော သမာဓိသည် သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်လျှင် ကျက်စားရာအာရုံ ရှိ၏၊ မသိမှု သိမှားမှု အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထသော ပုဂ္ဂိုလ်အား ရှုခြင်းအနက်သဘောအားဖြင့် ဝိပဿနာသည် သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်လျှင် ကျက်စားရာအာရုံ ရှိ၏၊ ဤသို့ ထခြင်းသဘောအားဖြင့် သမထနှင့် ဝိပဿနာတို့သည် တူညီသောကိစ္စရှိကုန်၏၊ ထမ်းပိုး၌ ညီတူဖွဲ့အပ်ကုန်သကဲ့သို့ ဖြစ်ကုန်၏၊ အချင်းချင်းကို မလွန်ကုန်၊ ထို့ကြောင့် 'ထခြင်း အနက်သဘောအားဖြင့် သမထနှင့် ဝိပဿနာကို ထမ်းပိုး၌ ညီတူဖွဲ့အပ်ကုန်သကဲ့သို့ ပွါးစေ၏' ဟုဆိုအပ်၏။

~ ~ ~ ~ ~ ~ ~ ~

www.dhammadownload.com

(၇) ပယ်အပ်သောတရားကိုပယ်ပုံ ပြဆိုချက်

၁။ အကုသိုလ်တရားများ

သံယောဇဉ် ၁၀-ပါး:

ဘဝသစ် ခန္ဓာတို့နှင့် ဘဝဟောင်းခန္ဓာတို့ကိုလည်းကောင်း၊ အကျိုးနှင့် ကံကိုလည်းကောင်း၊ ဆင်းရဲနှင့် သတ္တဝါတို့ကိုလည်းကောင်း ယှဉ်စေတတ်သောကြောင့် ရူပရာဂစသော ၁၀-ပါးသောတရားတို့ကို သံယောဇဉ်ဟု ဆိုအပ်ကုန်၏၊ မှန်ပေ၏၊ ထိုသံယောဇဉ်တို့ ရှိသမျှကာလပတ်လုံး ခန္ဓာအကျိုး ဆင်းရဲဒုက္ခတို့၏ပြတ်စဲခြင်းမည်သည် မရှိပေ။ ထို ၁၀-ပါးတို့တွင် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဤ ၅-ပါးတို့သည် အထက်ဖြတ်မှာလောကဋ္ဌ ဖြစ်လတ္တံ့သောခန္ဓာတို့နှင့် ဖြစ်ပြီးသောခန္ဓာတို့ကို ယှဉ်စေတတ်သောကြောင့် ဥဒ္ဓံဘာဂိယသံယောဇဉ် မည်၏၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ပဋိဃ ဟူသော ဤ၅-ပါးတို့သည် အောက်ကာမလောကဋ္ဌ ဖြစ်လတ္တံ့သောခန္ဓာတို့နှင့်ဖြစ်ပြီးသောခန္ဓာတို့ကိုယှဉ်စေတတ်သောကြောင့် အဓောဘာဂိယသံယောဇဉ် မည်၏။

ကိလေသာ ၁၀-ပါး:

မိမိတို့ကိုယ်တိုင် ညစ်နွမ်းသောကြောင့်လည်းကောင်း၊ ယှဉ်ဖော်ယှဉ်ဘက်တရားတို့ကို ညစ်နွမ်းစေတတ်သောကြောင့်လည်းကောင်း လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဤ ၁၀-ပါးတို့သည် ကိလေသာ မည်ကုန်၏။

မိစ္ဆတ္တ ၈-ပါး: (သို့) ၁၀-ပါး:

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ,မိစ္ဆာသတိ, မိစ္ဆာသမာဓိ ဤ၈-ပါး သောတရားတို့သည် မှားယွင်းစွာဖြစ်သောကြောင့် မိစ္ဆတ္တ မည်၏၊ တစ်နည်းကား မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ် တို့နှင့် တကွ ၁၀-ပါးသောတရားတို့သည် မိစ္ဆတ္တ မည်၏။

လောကဓံတရား ၈-ပါး:

လာဘ်ရခြင်း, လာဘ်မရခြင်း၊ အခြွေအရံများခြင်း, အခြွေအရံမဲ့ခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း ဤ ၈-ပါးတို့သည် သတ္တလောက၏ ဖြစ်ခြင်းရှိလျှင် မကင်းနိုင်သောတရားတို့ ဖြစ်သောကြောင့် လောကဓံတရားတို့ မည်ကုန်၏၊ ပယ်သင့်သော အကုသိုလ်ကိုပြသော ဤအရာ၌ကား လာဘ်ရခြင်း စသည်လျှင်အကြောင်းရှိသော လောဘကိုလည်းကောင်း၊ လာဘ်မရခြင်း စသည်လျှင်အကြောင်းရှိသော ဒေါသကိုလည်းကောင်း ကာရဏူပစာအားဖြင့် လောကဓံတရား ဟုခေါ်သည်။

မစ္ဆရိယ ၅-ပါး:

အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယ, လာဘမစ္ဆရိယ, ဓမ္မမစ္ဆရိယ, ဝဏ္ဏမစ္ဆရိယ ဟူသော နေရာကျောင်း စသည်တို့၌ သူတစ်ပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို သည်းမခံနိုင်ခြင်းသဘောသည် မစ္ဆရိယ မည်၏။

ဝိပလ္လာသ ၁၂-ပါး:

မမြဲ ဆင်းရဲ အတ္တမဟုတ် မတင့်တယ်သောဝတ္ထုတို့၌ပင်လျှင် 'မြဲသည်၊ ချမ်းသာသည်၊ အတ္တဟုတ်သည်၊ တင့်တယ်သည်' ဟု ဤသို့သောအခြင်းအရာအားဖြင့် ဖြစ်သော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ဟူသော ဤ ၃-ပါးသော ဖောက်ပြန်မှားယွင်းခြင်းတို့တည်း။

ဂန္ထ ၄-ပါး:

အဘိဇ္ဈာအစရှိကုန်သော ၄-ပါးသောတရားတို့သည် နာမကာယကိုလည်းကောင်း၊ ရူပကာယကိုလည်းကောင်း ဆက်စပ်ထုံးဖွဲ့တတ်သောကြောင့် ဂန္ထ မည်ကုန်၏။

www.dhammadownload.com

အဂတိ ၄-ပါး:

ချစ်ခြင်း, မုန်းခြင်း, မသိနားမလည်ခြင်း, ကြောက်ခြင်းတို့ကြောင့် မပြုသင့်သောအမှုကိုပြုခြင်း, ပြုသင့်သောအမှုကို မပြုခြင်းတို့သည် အဂတိ မည်၏၊ မှန်ပေ၏၊ ထိုအခြင်းအရာသည် အရိယာတို့အား မရောက်အပ်, မရောက်ထိုက်သည်၏အဖြစ်ကြောင့် အဂတိ ဟုဆိုအပ်၏။

အာသဝ ၄-ပါး:

ကာမရာဂ, ဘဝရာဂ, မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာတို့သည် တရားသဘောအားဖြင့် ဂေါတြဘူတိုင်အောင်လည်းကောင်း၊ ဘဝအားဖြင့် ဘဝဂ်တိုင်အောင်လည်းကောင်း၊ အာရုံပြုသည်၏အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့် အာသဝ မည်ကုန်၏၊ တစ်နည်းကား ရေအိုး၏အပေါက်တို့မှ ရေကဲ့သို့ မပိတ်ဆို့အပ်သောဒွါရတို့မှ ယိုစီးတတ်သောကြောင့် အမြဲတမ်းယိုထွတ်ခြင်းအနက်သဘောအားဖြင့် အာသဝ မည်ကုန်၏၊ တစ်နည်းကား သံသရာဆင်းရဲကို ဖြစ်ပွါးစေတတ်သောကြောင့် အာသဝ မည်ကုန်၏။

ဩဃ, ယောဂ ၄-ပါး:

ဘဝတည်းဟူသော သမုဒ္ဒရာ၌ ဆွဲငင်တတ်သော အနက်သဘောကြောင့်လည်းကောင်း၊ ကူးမြောက်နိုင်ခဲသော အနက်သဘောကြောင့်လည်းကောင်း ထို ကာမရာဂ, ဘဝရာဂ, မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာတို့သည် ဩဃလည်းမည်၏၊ အာရုံနှင့်ကင်းကွာခြင်းကိုလည်းကောင်း၊ ဆင်းရဲဒုက္ခနှင့် ကင်းကွာခြင်းကိုလည်းကောင်း မပေးတတ်သောကြောင့် ယောဂလည်းမည်ကုန်၏။

နီဝရဏ ၅-ပါး:

စိတ်ကိုတားမြစ်တတ်၊ ပိတ်ဆို့တတ်၊ ဖုံးကွယ်တတ်သော အနက်သဘောကြောင့် ကာမစ္ဆန္ဒအစရှိသော ၅-ပါးသောတရားတို့သည် နီဝရဏမည်ကုန်၏။

ပရာမာသ

ထိုထိုတရား၏ မတင့်တယ်ခြင်းစသော မှန်သောသဘောကို ကျော်လွန်၍ မဟုတ်မမှန်သော တင့်တယ်ခြင်းစသောသဘောကို သုံးသပ်သောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိသည် ပရာမာသ မည်၏။

ဥပါဒါန် ၄-ပါး:

ပဋိစ္စသမုပ္ပါဒ်အကျယ်ပြရာ၌ ပြဆိုခဲ့သော ကာမုပါဒါန်အစရှိသော ဥပါဒါန် ၄-ပါးတို့တည်း။

အနုသယ ၇-ပါး:

ကာမရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယဟူသော ၇-ပါးသောတရားတို့သည် အားအစွမ်းသို့ရောက်သည်၏အဖြစ် (ဖြစ်စွမ်းနိုင်သည်၏အဖြစ်)ကြောင့် ကာမရာဂစသည်တို့ အဖန်တလဲလဲဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ကိန်းနေကုန်သောကြောင့် အနုသယ မည်ကုန်၏။

မလ ၃-ပါး:

မလ-အညစ်အကြေးတို့ဟူသည်ကား ဆီစွန်းသောညှန်ကဲ့သို့ မိမိကိုယ်တိုင်မစင်ကြယ်သောကြောင့်လည်းကောင်း၊ တစ်ပါးသောတရားတို့အား မစင်ကြယ်သည်၏အဖြစ်ကို ပြုတတ်သောကြောင့်လည်းကောင်း၊ လောဘ ဒေါသ မောဟ ဟူသော ၃-ပါးသောတရားတို့တည်း။

အကုသလကမ္မပထ ၁၀-ပါး:

(၁) ပါဏာတိပါတ- သတ္တဝါကို သတ်ခြင်း, (၂) အဒိန္နာဒါန- သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်း, (၃) ကာမေသုမိစ္ဆာစာရ- မဆိုင်သော မေထုန်ကာမတို့၌ မှားယွင်းကျူးလွန်ခြင်း, (၄) မုသာဝါဒ- မမှန်သော

www.dhammadownload.com

စကားကို လိမ်လည်ပြောဆိုခြင်း, (၅) ပိသုဏဝါစာ- ဂုံးတိုက်စကားပြောဆိုခြင်း, (၆) ဖရုသဝါစာ- ရုန့်ရင်းကြမ်းတမ်းသောစကားပြောဆိုခြင်း, (၇)သမ္ဖပ္ပလာပ- ပြိန်ဖျင်းသောအကျိုးမဲ့စကားပြောဆိုခြင်း, (၈)အဘိဇ္ဈာ- သူ့ဥစ္စာကိုရလိုသမှုရေးရွှင်းစည်ခြင်း, (၉)ဗျာပါဒ-သူတစ်ပါးအားသေပျက်စေရန် ကြံစည်ခြင်း, (၁၀)မိစ္ဆာဒိဋ္ဌိ - ကံနှင့် ကံ၏အကျိုးမရှိဟု မှားယွင်းသောအယူဟူသော ဤ၁၀-ပါးတို့သည် အကုသိုလ်ကံဖြစ်သောကြောင့်လည်းကောင်း၊ အပါယ်ဒုဂ္ဂတိသို့ရောက်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း အကုသလကမ္မပထ မည်ကုန်၏။

အကုသိုလ် စိတ္တုပ္ပါဒ် ၁၂-ပါး

လောဘမူစိတ္တုပ္ပါဒ် ၈-ပါး၊ ဒေါသမူစိတ္တုပ္ပါဒ် ၂-ပါး၊ မောဟမူစိတ္တုပ္ပါဒ် ၂-ပါး ဤ ၁၂-ပါးတို့တည်း။

၂။ မဂ်ဉာဏ်သည် အကုသိုလ်တရားတို့ကို ပယ်ပုံ

မဂ်ဉာဏ် ၄-ပါးသည် အကုသိုလ်တရားတို့ကို ထိုက်သည့်အားလျော်စွာ ပယ်၏။ (ဧယျနာ-၁၈၂)

<u>မဂ် ၄-ပါး၏ အကုသိုလ်ပယ်စဉ် လေ့လာရာတွင် သိရမည့်အချက်မှာ-</u>

ပထမမဂ်သည် - အပါယ်သို့လားစေတတ်သော သတ္တိကို ပယ်၏၊
ဒုတိယမဂ်သည် - အပါယဂမနီယမှကြွင်းသော ရုန့်ရင်းကြမ်းတမ်းသောအဖို့ကို ပယ်၏၊
(တစ်နည်း-ခေါင်းပါးအောင်ပြု၏)
တတိယမဂ်သည် - သိမ်မွေ့သောအဖို့ကို ပယ်၏၊
စတုတ္ထမဂ်သည် - ကြွင်းကျန်သော အလွန်သိမ်မွေ့သောအဖို့ကို ပယ်၏။

www.dhammadownload.com

မဂ်လေးပါးပယ်သော အကုသိုလ်တရားများ

စဉ်	အကုသိုလ်တရား	ပထမမဂ်	တတိယမဂ်	စတုတ္ထမဂ်
၁	သံယောဇဉ် ၁၀	သက္ကာယ,ဝိစိ, သီလဗ္ဗတပရာမာသ, အပါယ်သို့လားရောက်စေတတ်သော ကာမရာဂ နှင့် ပဋိဃ	သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃ	ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ
၂	ကိလေသာ ၁၀	ဒိဋ္ဌ, ဝိစိ	ဒေါသ	လော, မော, မာန, ထိန, ဥဒ္ဓစ္စ, အဟိ, အနောတ္တပ္ပ
၃	မိစ္ဆတ္တ ၁၀	မိစ္ဆာဒိဋ္ဌ, မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ	မိစ္ဆာသင်္ကပ္ပ, ပိသုဏဝါစာ, ဖရုသဝါစာ	သမ္ဖပ္ပလာပ,မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်
၄	လောကဓံ ၈		(အလာဘ,အယသ, နိန္ဒာ,ဒုက္ခ)ဖြစ်သော ပဋိဃခေါ် ဒေါသ	(လာဘ, ယသ, ပသံသာ, သုခ) ဖြစ်သော အနုနယ ခေါ် လောဘ
၅	မစ္ဆရိယ ၅	အာဝါသ, ကုလ, လာဘ, ဓမ္မ, ဝဏ္ဏ		
၆	ဝိပလ္လာသ ၁၂	အနိစ္စကိုနိစ္စဟု,အနတ္တကိုအတ္တဟု, အမှတ်မှားခြင်း သညာဝိပလ္လာသ, အသိမှားခြင်း စိတ္တဝိပလ္လာသ, အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ, ပေါင်း၆-ပါး/ဒုက္ခကိုသုခ,အသုဘကိုသုဘဟုအယူမှားခြင်း ဒိဋ္ဌိ၂-ပါး	အသုဘကိုသုဘဟုသညာဝိ--နှင့် စိတ္တဝိ--၂-ပါး	(ဒုက္ခ)ကို (သုခ)ဟု သညာဝိပလ္လာသ နှင့် စိတ္တဝိပလ္လာသ ၂-ပါး
၇	ဂန္ထ ၄	သီလဗ္ဗတ, ကျဒံသစ္စာ ...	ဗျာပါဒကာယဂန္ထ	အဘိဇ္ဈာကာယဂန္ထ
၈	အဂတိ ၄	ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ		
၉	အာ,ဩ,ယောဂ	ဒိဋ္ဌာသဝ	ကာမာသဝ	ဘဝါသဝ, အဝိဇ္ဇာသဝ
၁၀	နီဝရဏ ၆	ဝိစိကိစ္ဆာ	ကာမစ္ဆန္ဒ,ဗျာပါဒ, ကုက္ကုစ္စ	ထိန-မိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာ
၁၁	ပရာမာသ ၁	ဒိဋ္ဌိပရာမာသ		
၁၂	ဥပါဒါန် ၄	သီလဗ္ဗတု, ဒိဋ္ဌု, အတ္တဝါဒုပါဒါန်		ကာမုပါဒါန်
၁၃	အနုသယ ၇	ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယ	(သိမ်မွေ့သော) ကာမရာဂါနှင့် ပဋိဃာနုသယ	မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ
၁၄	မလ ၃		ဒေါသ	လောဘ, မောဟ
၁၅	အကုသလ ကမ္မပထ ၁၀	ပါဏာတိပါတ,အဒိန္နာဒါန,ကာမေသု မုသာဝါဒ, မိစ္ဆာဒိဋ္ဌိ	ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ	သမ္ဖပ္ပလာပ, အဘိဇ္ဈာ
၁၆	အကုသိုလ် စိတ္တုပ္ပါဒ်	ဒိဋ္ဌိသံ ၄, ဝိစိ ၁	ဒေါသမူဒွေး	ဒိဋ္ဌိဝိပ် ၄, ဥဒ္ဓစ္စ ၁

မှတ်ချက်။ ။

(၁) သံယောဇဉ် ၁၀-ပါးတို့တွင် ရုန့်ရင်းသောကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်ဉာဏ်ကပယ်သတ်၏။

(၂) မိစ္ဆတ္တတရားတို့တွင် မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့သည် မိစ္ဆာဝါစာ၌ အတွင်းဝင်၏။

www.dhammadownload.com

၃။ ကိလေသာပယ်ပုံ၌ စောဒနာ

မဂ်ဉာဏ်သည် ပဟာတဗ္ဗအကုသိုလ်ကို ပယ်သည်ဆိုရာ၌- အတိတ်, အနာဂတ်တရားတို့ကို ပယ်ကုန်သလော? သို့မဟုတ် ပစ္စုပ္ပန်တရားတို့ကို ပယ်ကုန်သလော?

အကယ်၍ အတိတ်, အနာဂတ်တရားတို့ကို ပယ်ငြားအံ့၊ အားထုတ်ခြင်းသည်အကျိုးမရှိသည် ဖြစ်ရာ၏၊ အဘယ့်ကြောင့်ဆိုသော် ပယ်အပ်သော အတိတ်,အနာဂတ်တရားတို့ မရှိခြင်းကြောင့်တည်း။

အကယ်၍ ပစ္စုပ္ပန်တရားတို့ကို ပယ်ငြားအံ့၊ အားထုတ်ခြင်းသည် အကျိုးမရှိသည်ပင် ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ပယ်အပ်သောတရားတို့သည် အားထုတ်မှုနှင့် အတူတကွရှိနေသောကြောင့်တည်း။

တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် ပယ်ခြင်းသည် အကယ်၍ဖြစ်ငြားအံ့- ဤသို့ဖြစ်လျှင်လည်း မဂ်ကိုပွါးစေခြင်း(မဂ္ဂဘာဝနာ)သည် သံကိလေသနှင့် ယှဉ်သည်လည်း ဖြစ်ရာ၏၊ အဘယ့်ကြောင့်ဆိုသော် ပယ်အပ်သောတရား ပယ်တတ်သောတရားတို့၏ တကွတည်ခြင်းကြောင့်တည်း၊ သို့မဟုတ်လျှင် ကိလေသာတို့သည် စိတ္တဝိပ္ပယုတ်တရားသော်လည်း ဖြစ်ရာ၏၊ သို့သော် စိတ်နှင့်မယှဉ်သော ပစ္စုပ္ပန်ကိလေသာမည်သည် မရှိပေ။

ဤမေးခွန်းသည် ဤဝိသုဒ္ဓိမဂ်ကျမ်း၌သာပြဆိုသော သီးသန့်စောဒနာ မဟုတ်၊ မှန်ပေ၏၊

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ပင်လျှင် . . .

"အကြင်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်ကိလေသာတို့ကိုပယ်ရာ၌အတိတ်ကိလေသာကို ပယ်သလော? အနာဂတ်ကိလေသာကို ပယ်သလော? ပစ္စုပ္ပန်ကိလေသာကို ပယ်သလော? ဟု မေးပြီးလျှင်-

"အကယ်၍ အတိတ်ကိလေသာကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် ကုန်ပြီးသောကိလေသာကို ကုန်စေသည်မည်၏, ချုပ်ပြီးသောကိလေသာကို ချုပ်စေသည်မည်၏, ကင်းပြီးသောကိလေသာကို ကင်းစေသည်မည်၏, ကွယ်ပျောက်ပြီးသောကိလေသာကို ကွယ်ပျောက်စေသည်မည်၏၊ အတိတ်ဖြစ်သောကိလေသာသည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ခဏတ္တယ သက်တမ်းစေ့က သဘာဝအလျောက် ချုပ်ပျောက်ပြီး ဖြစ်၏၊ ယင်းသို့ ချုပ်ပျောက်ပြီး၍ မရှိသောကိလေသာတို့ကို ပယ်သည်မည်၏" ဟု အပြစ်ကိုပြဆိုပြီးလျှင်-

" အတိတ်ကိလေသာကို ပယ်သည်မဟုတ်" ဟု ပယ်မြစ်လေပြီ။ ထို့အတူပင်-

"အကယ်၍ အနာဂတ်ကိလေသာကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် မဖြစ်သေးသောကိလေသာကိုပယ်သည် မည်၏, မပေါ်သေးသော ကိလေသာကိုပယ်သည် မည်၏, မဖြစ်ပေါ်သေးသော ကိလေသာကိုပယ်သည် မည်၏, မရောက်လာသေးသောကိလေသာကို ပယ်သည်မည်၏၊ အနာဂတ်ကိလေသာသည် ဥပါဒ်-ဌီ-ဘင် ခဏတ္တယအနေဖြင့် ထင်ရှားမရှိကြသေးရကား ထိုအရိယမဂ်ခဏ၌ ထင်ရှားမရှိသေးသည့် ကိလေသာတို့ကို ပယ်သည်မည်၏" ဟု အပြစ်ပြဆိုပြီးလျှင်

" အနာဂတ်ကိလေသာကို ပယ်သည်မဟုတ်" ဟု ပယ်မြစ်လေပြီ။ ထို့အတူပင်-

"အကယ်၍ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် ရာဂဖြင့်တပ်မက်လျက် ရာဂကိုပယ်သည် မည်၏၊ ဒေါသဖြင့်အမျက်ထွက်လျက် ဒေါသကိုပယ်သည်မည်၏၊ မောဟဖြင့်တွေဝေလျက် မောဟကိုပယ်သည်မည်၏၊ မာနဖြင့်ခက်ထန်သောစိတ်ရှိလျက်။ ပ ။မိစ္ဆာဒိဋ္ဌိဖြင့်မှားသောအားဖြင့် နှလုံးသွင်းသည်ဖြစ်လျက်။ပ။ ဥဒ္ဓစ္စဖြင့်စိတ်ပျံ့လွင့်ခြင်းရှိလျက်။ပ။ ဝိစိကိစ္ဆာဖြင့်မဆုံးဖြတ်နိုင်ခြင်းသို့ရောက်လျက်။ပ။ မြဲမြံစွာတည်သည်၏အဖြစ်သို့ရောက်သော ထာမဂတကိလေသာရှိသည်ဖြစ်လျက်။ပ။မြဲမြံစွာတည်သည်၏အဖြစ်သို့ရောက်သော အနုသယဓာတ်ရှိသည်ဖြစ်လျက် အနုသယကိလေသာကိုပယ်သည် မည်၏၊ စိတ္တက္ခဏတစ်ခုအတွင်း အကုသိုလ်တရားနှင့် ကုသိုလ်တရားတို့သည် ထမ်းပိုး၌ယှဉ်စုံကအပ်သောနွားတို့ကဲ့သို့ ယှဉ်စုံအပြိုင်ဖြစ်သည် မည်ကုန်၏၊ စိတ်ညစ်နွမ်းကြောင်း ကိလေသာအညစ်အကြေး သံကိလေသတရားနှင့် ယှဉ်တွဲ၍ဖြစ်သော အရိယာမဂ်ကို ပွါးစေခြင်းဖြစ်သည် မည်၏"ဟု အပြစ်ပြဆိုပြီးလျှင်

www.dhammadownload.com

"အတိတ်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ အနာဂတ်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊"ဟု အလုံးစုံကို ပယ်မြစ်ပြီးလျှင်-

"ထိုသို့ဖြစ်လျှင်(ဤသို့ကာလ၃-ပါး၌ ကိလေသာတို့ကိုပယ်ခြင်းသည် မသင့်သော်) အရိယမဂ်ကို ပွါးစေခြင်း, အရိယဖိုလ်ကို မျက်မှောက်ပြုခြင်း, ကိလေသာကို ပယ်ခြင်း, သစ္စာလေးပါးတရားကို သိခြင်းတို့သည် မရှိပြီလော?" ဟူသော မေးခွန်း၏ အဆုံး၌

"မရှိသည်ကား မဟုတ်၊ မဂ်ကို ပွါးစေခြင်းသည် ရှိပေ၏၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ရှိပေ၏၊ ကိလေသာကို ပယ်ခြင်းသည် ရှိပေ၏၊ သစ္စာလေးပါးတရားကို သိခြင်းသည် ရှိပေ၏" ဟု ဝန်ခံ၏။

<u>အဘယ်ကဲ့သို့နည်း ဟု မေးလတ်သော် အောက်ပါစကားကို ဟောကြားတော်မူ၏။</u>

ဥပမာ- အသီးမသီးသေးသော, နုပျိုသောသစ်ပင်ကို ယောကျ်ားတစ်ယောက်သည် အမြစ်ကိုဖြတ်လေရာ၏၊ ထိုသစ်ပင်၏ မသီးသေးသောအသီးတို့သည် ရှိကုန်ရာ၏၊ ထိုမသီးသေးသောအသီးတို့သည် ထင်ရှားမဖြစ်ကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှားမဖြစ်ကြကုန်၊ မပေါ်ကုန်သေးသည် ဖြစ်၍သာလျှင် မပေါ်ကြကုန်။

ဤဥပမာအတူပင်လျှင် ရှေးအတိတ်ကံကြောင့် ဤဘဝ၌ဖြစ်ခြင်း ဥပါဒ်သဘောရှိကြကုန်သော ဝိပါကဝဋ်ခန္ဓာတို့သည် ကိလေသာတို့၏ စွဲမှီ၍ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း၊ အထောက်အပံ့ဖြစ်သော ပစ္စယအကြောင်းတည်း၊ ယင်းဖြစ်ခြင်းသဘောရှိသော ဥပါဒိန္နကခန္ဓာ ၅-ပါး၌ အပြစ်ကိုမြင်၍ ယင်းဖြစ်ခြင်းသဘောရှိသော ဥပါဒိန္နကခန္ဓာတို့၏ကင်းရာ အနုပ္ပါဒနိဗ္ဗာန်၌ စိတ်သည်ပြေးဝင်၏၊ ယင်းအနုပ္ပါဒနိဗ္ဗာန်၌ စိတ်သည် ပြေးဝင်သည်၏အဖြစ်ကြောင့် ယင်းဖြစ်ခြင်းသဘောရှိသော ဥပါဒိန္နကခန္ဓာ ဟူသောအကြောင်းကြောင့် အကြင်ကိလေသာတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်ရာ၏၊ ထိုကိလေသာတို့သည် ထင်ရှားမဖြစ်ကုန်သေးသည်ဖြစ်၍သာလျှင် ထင်ရှားမဖြစ်ကြကုန်၊ မပေါ်ကုန်သေးသည်ဖြစ်၍သာလျှင် မပေါ်ကြကုန်၊ ဤသို့လျှင် အကြောင်းဖြစ်သော ကိလေသာတို့၏ချုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်လတ္တံ့သော အကျိုးဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်၏။

ကိလေသာတို့၏ ဖြစ်ခြင်းငှါ ဥပါဒိန္နကခန္ဓာအယဉ်၏ အဆက်မပြတ်ဖြစ်ပွါးခြင်း ပဝတ္တသည် ကိလေသာတို့၏ စွဲမှီ၍ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း။ ပ ။

သခ်ါရနိမိတ်သည် ကိလေသာတို့၏ စွဲမှီ၍ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း။ ပ ။

နောင်တစ်ဖန်ဘဝသစ်၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သော ကံကိုအားထုတ်ခြင်း အာယူဟနသည် ကိလေသာတို့၏ စွဲမှီ၍ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း၊ ယင်း အာယူဟနသည် အားပေးထောက်ပံ့တတ်သော ပစ္စယအကြောင်းတည်း၊ ဤသို့ နောင်အခါ ပဋိသန္ဓေ၏အကြောင်းရင်းကံကို အားထုတ်ခြင်း အာယူဟန၌ အပြစ်ကိုမြင်၍ ယင်း ကံကိုအားမထုတ်ခြင်း အနာယူဟန၌ = အာယူဟနကင်းသော နိဗ္ဗာန်၌ စိတ်သည်ပြေးဝင်၏၊ အာယူဟနကင်းသော နိဗ္ဗာန်၌ စိတ်၏ပြေးဝင်သည်၏အဖြစ်ကြောင့် ယင်း အာယူဟနဟူသောအကြောင်းကြောင့် အကြင်ကိလေသာတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်ရာ၏၊ ထိုကိလေသာတို့သည် ထင်ရှားမဖြစ်ကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှားမဖြစ်ကြကုန်၊ မပေါ်ကုန်သေးသည် ဖြစ်၍သာလျှင် မပေါ်ကြကုန်၊ ဤသို့လျှင် အကြောင်းဖြစ်သော ကိလေသာတို့၏ ချုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်လတ္တံ့သော အကျိုးဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်၏။

ဤသို့လျှင် အရိယမဂ်ကို ပွါးစေခြင်း ဖြစ်စေခြင်း မဂ္ဂဘာဝနာသည် ရှိ၏၊ အရိယဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ရှိ၏၊ ကိလေသာကိုပယ်ခြင်းသည် ရှိ၏၊ သစ္စာလေးပါးတရားကို ရှေးရှုမျက်မှောက်ထွင်းဖောက်၍ သိခြင်းသည် ရှိ၏။

အသီးမသီးသေးသော နုသောသစ်ပင်ကို အမြစ်၌ဖြတ်အပ်သည်ရှိသော် အကယ်၍ ထိုသို့မဖြတ်လျှင် နောင်အခါ၌ ဖြစ်ခြင်းငှါထိုက်ကုန်သော, ဖြတ်လိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် မဖြစ်လတ္တံ့ကုန်သောအသီးတို့သည် ပျက်စီးသည် မည်ကုန်သကဲ့သို့ ဤဥပမာအတူပင်လျှင် အရိယမဂ်ကို ပွါးစေခြင်း ဖြစ်စေခြင်း မဂ္ဂဘာဝနာသည် မရှိလတ်သော် ဖြစ်ခြင်းငှါထိုက်ကုန်သော ကိလေသာတို့သည် အရိယမဂ်ကို

www.dhammadownload.com

ပွါးစေခြင်း မဂ္ဂင်္ဂဝနာကြောင့် မဖြစ်ကုန်သည်ရှိသော် ပယ်အပ်ကုန်၏ ဟူ၍သာလျှင် ဆိုအပ်ကုန်၏၊ ဤသို့ ဥပမာ ဥပမေယျနှီးနှောစပ်ဟပ်ပါ။

~ ~ ~ ~ ~ ~ ~ ~

ဘူမိလဒ္ဓဥပ္ပန္နံ ကိလေသာ

အထက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိတော် စကားရပ်ဖြင့် အဘယ်အနက်သဘောကို ပြသနည်းဟူမူ? ဘူမိလဒ္ဓ အမည်ရသော အနုသယကိလေသာတို့ကို ပယ်ခြင်းကို ပြအပ်ပေသည်၊ ထို ဘူမိလဒ္ဓအမည်ရသော အနုသယကိလေသာတို့သည် အတိတ်လော, အနာဂတ်လော, သို့မဟုတ် ပစ္စုပ္ပန်တရားလောဟု မေးရန်ရှိ၏၊ အဖြေကား ထိုကိလေသာတို့သည် ဘူမိလဒ္ဓုပ္ပန္နံ သာလျှင် မည်ကုန်၏။

ချဲ့ပြရသော်- ဖြစ်ပေါ်သည် ဟုခေါ်သော ဥပ္ပန္နသည် (၁) ဝတ္တမာန၊ (၂) ဘူတာပဂတ၊ (၃) သြကာသကတ၊ (၄) ဘူမိလဒ္ဓ တို့၏အစွမ်းအားဖြင့် ၄-မျိုးရှိ၏။

(၁) ဝတ္တမာန ဥပ္ပန္နံ

ဥပါဒ် ဌိ ဘင် ခဏတ္တယသို့ ရောက်ဆဲဖြစ်သောတရားအားလုံးသည် ပဝတ္တမာနဥပ္ပန္နံ (ဖြစ်ဆဲဥပ္ပန္နံ) မည်၏။

(၂) ဘူတာပဂတဥပ္ပန္နံ

အာရုံ၏အရသာကို ခံစားပြီး၍ ချုပ်လေသောကြောင့် (အနုဘူတာပဂတ) ခံစားပြီး၍ ကင်းကွာခြင်း ဟုဆိုအပ်သော ကုသိုလ်အကုသိုလ်တရားသည်လည်းကောင်း၊ ဥပါဒ် ဌိ ဘင် ခဏတ္တယသို့ရောက်ပြီး၍ ချုပ်လေသောကြောင့် (ဘူတာပဂတ) ဖြစ်ပြီး၍ ကင်းကွာခြင်း ဟုဆိုအပ်သော ကြွင်းသောသင်္ခါရတရားအပေါင်းသည်လည်းကောင်း ဘူတာပဂတဥပ္ပန္နံ (ခံစားပြီး ဖြစ်ပေါ်ပြီး၍ ကင်းသွားသော ဥပ္ပန္နံ) မည်၏။

(၃) သြကာသကတဥပ္ပန္နံ

ကံသည် လွန်လေပြီးသော အတိတ်တရားဖြစ်ငြားသော်လည်း တစ်ပါးသောကံ၏ အကျိုးဝိပါက်ကို တားမြစ်ပြီးလျှင် မိမိ၏အကျိုးဝိပါက်အား အခွင့်ပြုလျက်တည်သောကြောင့် လည်းကောင်း၊ ထိုသို့ ခွင့်ပြုပြီးသောဝိပါက်သည် ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်ငြားသော်လည်း ဤသို့ခွင့်ပြုသည်ရှိသော် ဇကန်စင်စစ်အားဖြင့် ဖြစ်တော့မည်ဖြစ်သောကြောင့်လည်းကောင်း သြကာသကတဥပ္ပန္နံ (ပြုပြီးသောဖြစ်ခွင့်ရှိသော ဥပ္ပန္နံ) မည်၏။

(၄) ဘူမိလဒ္ဓဥပ္ပန္နံ

လူနတ်စသည်တို့၏ ခန္ဓာကိုယ်အတ္တဘောဟူသော ဖြစ်ရာဘုံတို့၌ အရိယမဂ်ဖြင့် အကြွင်းမဲ့ မပယ်နုတ်ရသေးသော အကုသိုလ်သည် ဘူမိလဒ္ဓဥပ္ပန္နံ (ဖြစ်ရာဘုံကိုရသော ဥပ္ပန္နံ) မည်၏။

ဘူမိနှင့် ဘူမိလဒ္ဓ အထူး

ဘူမိလဒ္ဓဥပ္ပန္နံ ဟူသော ပုဒ်၌ ဘူမိ(ဖြစ်ရာဘုံ) နှင့် ဘူမိလဒ္ဓ(ဖြစ်ရာဘုံကိုရသောကိလေသာ) တို့၏ထူးခြားချက်မှာ- ဝိပဿနာ၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးသည် ဘူမိ = ဖြစ်ရာဘုံ မည်၏၊ ထိုခန္ဓာတို့၌ဖြစ်ထိုက်သော ကိလေသာအပေါင်းသည် ဘူမိလဒ္ဓ = ဖြစ်ရာဘုံကိုရသောကိလေသာ မည်၏၊ မှန်ပေ၏၊ ထိုကိလေသာအပေါင်းသည် ထိုဖြစ်ရာဘုံကို ရသောကြောင့် ဘူမိလဒ္ဓဟူ၍ ဆိုအပ်၏။

ထိုဖြစ်ရာဘုံကိုလည်း အာရုံ၏အစွမ်းအားဖြင့် ရသည်ကား မဟုတ်ပေ၊ ဖြစ်ရာဝတ္ထု၏အစွမ်းအားဖြင့်သာ ရအပ်၏။

အာရုံပြုခြင်း၏အစွမ်းဖြင့် ရအပ်သည် မဟုတ်ပုံ

အကယ်၍ အာရုံ၏အစွမ်းအားဖြင့်(အာရုံပြုသည်၏အစွမ်းအားဖြင့်)ရအပ်၏ဟု ယူခဲ့သော်အပြစ်ကား ဤသို့တည်း-အကယ်၍အာရုံပြုသည်၏အစွမ်းအားဖြင့်ရအပ်၏ဟု ယူခဲ့သော် ပစ္စုပ္ပန်ခန္ဓာတို့ကို မဆိုထားကို

www.dhammadownload.com

အတိတ်, အနာဂတ်ခန္ဓာတို့ကိုလည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာတို့ကိုလည်းကောင်း အာရုံပြု၍ ကိလေသာတို့သည် ဖြစ်ပေါ်နိုင်၏၊ ဥပမာ- ရှင်မဟာကစ္စည်းမထေရ်, ဥပ္ပလဝဏ်ထေရီမ အစရှိသောပုဂ္ဂိုလ်တို့၏ ခန္ဓာကိုအာရုံပြု၍ သောရေယျသူဌေး, နန္ဒလုလင်အစရှိသော သူတို့အား ကိလေသာတို့သည် ဖြစ်ကုန်သကဲ့သို့တည်း၊ (သောရေယျသူဌေး, နန္ဒလုလင်အစရှိသော သူတစ်ပါးသန္တာန်၌ဖြစ်သော) ထိုကိလေသာတို့သည် အကယ်၍ ဘူမိလဒ္ဓမည်၏ ဟုယူခဲ့သော်... ထိုကိလေသာတို့ကို ရှင်မဟာကစ္စည်းမထေရ်, ဥပ္ပလဝဏ်ထေရီမ အစရှိသော ရဟန္တာအရှင်မြတ်တို့၏ အရိယာမဂ်သည် မပယ်သတ်နိုင်ရကား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မျှ ဘဝ၏အမြစ်အရင်းဖြစ်သောကိလေသာတို့ကို မပယ်သတ်နိုင် ဖြစ်လေရာ၏၊ ထို့ကြောင့် ခန္ဓာ ၅-ပါးကို ကိလေသာတရားအပေါင်းသည် အာရုံပြုသည်အစွမ်းအားဖြင့် ရအပ်သည် မဟုတ်ပေ။

တည်ရာဝတ္ထုအစွမ်းဖြင့် ရအပ်သည်ကိုသာ မှတ်သင့်ပုံ

စင်စစ်သော်ကား ဖြစ်ရာဝတ္ထု၏အစွမ်းအားဖြင့်သာ ဘူမိလဒ္ဓကိလေသာကို သိအပ်၏၊ မှန်ပေ၏၊ အကြင်အကြင်သန္တာန်၌ ဝိပဿနာဖြင့်ပိုင်းခြား၍ မသိအပ်ကုန်သော အပရိညာတခန္ဓာတို့သည် ဖြစ်ကုန်၏၊ ထိုထိုသန္တာန်၌ ရှေးဦးအစ ဖြစ်သည်မှစ၍ ထိုခန္ဓာတို့၌ ဘဝ၏ အမြစ်အရင်းဖြစ်သော ကိလေသာအပေါင်းသည် ကိန်းသည် မည်၏၊ ထိုကိန်းသောကိလေသာအပေါင်းသည် အရိယာမဂ်ဖြင့် မပယ်အပ်သေးသော အနက်သဘောကြောင့် ဘူမိလဒ္ဓ မည်၏ ဟူ၍ သိအပ်၏။

မှတ်ချက်။ ။

နုတ်ပယ်အပ်ပြီးသော ကိလေသာရှိသောခန္ဓာသည် ပရိညာတခန္ဓာ မည်၏၊ ထိုပရိညာတခန္ဓာသည် ကိလေသာ၏ ဖြစ်ရာဌာန = ဥပ္ပတ္တိဌာနမဟုတ်၊ မနုတ်ပယ်အပ်ပြီးသော ကိလေသာရှိသောခန္ဓာသည် အပရိညာတခန္ဓာ မည်၏၊ ထို အပရိညာတခန္ဓာသည် ကိလေသာ၏ဖြစ်ရာဌာန = ဥပ္ပတ္တိဌာန မည်၏။

ပရိညာတခန္ဓာကား အသေက္ခပုဂ္ဂိုလ်တို့၏ ခန္ဓာတည်း။

အပရိညာတခန္ဓာကား အသေက္ခမှ တစ်ပါးသောကျန်အရိယာပုဂ္ဂိုလ်တို့နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ခန္ဓာတည်း၊ ယင်း အပရိညာတခန္ဓာကား: ကိလေသာတို့၏ဖြစ်ရာဌာန ဘူမိတည်း၊ ယင်း ဘူမိ၌ ကိန်းဝပ်တည်နေသော အနုသယကိလေသာကား ဘူမိလဒ္ဓတည်း ဟုမှတ်ပါ။

အနုသယကိလေသာ၏ တည်ရာဝတ္ထုဖြစ်ပုံ

ကိလေသာဖြစ်ရာ ဥပ္ပတ္တိဌာနဖြစ်သော ခန္ဓာတို့တွင်-

- အကြင်ပုဂ္ဂိုလ်၏ ခန္ဓာ၌ အရိယမဂ်ဖြင့် မပယ်နုတ်ရသေးသည်၏ အဖြစ်ကြောင့် အနုသယကိလေသာတို့သည် ကိန်းဝပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ခန္ဓာတို့သည်သာ အနုသယကိလေသာ၏ တည်ရာဝတ္ထု ဖြစ်၏၊ အခြားသော ပုဂ္ဂိုလ်တို့၏ခန္ဓာတို့သည် အနုသယကိလေသာ၏ တည်ရာဝတ္ထု မဟုတ်ပေ။
- အတိတ်ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နုတ်ရသေးသည်၏ အဖြစ်ကြောင့် အနုသယကိလေသာတို့သည် ကိန်းဝပ်ကုန်၏၊ ထိုအတိတ်ခန္ဓာတို့သည်သာ အနုသယကိလေသာ၏ တည်ရာဝတ္ထုဖြစ်၏၊ အခြားသော ပစ္စုပ္ပန်ခန္ဓာ, အနာဂတ်ခန္ဓာတို့သည် အနုသယ ကိလေသာ၏ တည်ရာဝတ္ထု မဟုတ်ပေ။ (ပစ္စုပ္ပန်ခန္ဓာစသည်တို့ကိုလည်း ဤနည်းအတိုင်းမှတ်ပါ။)
- ကာမာဝစရခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နုတ်ရသေးသည်၏အဖြစ်ကြောင့် အနုသယကိလေသာတို့သည် ကိန်းဝပ်ကုန်၏၊ ထိုကာမာဝစရခန္ဓာတို့သည်သာ အနုသယကိလေသာ၏ တည်ရာဝတ္ထု ဖြစ်၏၊ ရူပါဝစရခန္ဓာ, အရူပါဝစရခန္ဓာတို့သည် အနုသယကိလေသာ၏ တည်ရာဝတ္ထု မဟုတ်ပေ။ (ရူပါဝစရခန္ဓာ စသည်တို့ကိုလည်း ဤနည်းအတိုင်းမှတ်ပါ။)

(ဆိုလိုသည်မှာ သံသရာတစ်ခွင် ကျင်လည်ရခိုက် ထိုထိုဘုံဘဝ၌ တည်ရှိဆဲခန္ဓာတို့သည်သာလျှင် ထိုထိုအနုသယဓာတ်တို့၏တည်ရာဝတ္ထု ဖြစ်ရာဌာန ဖြစ်ကြသည်၊ အတိတ် အနာဂတ်စသည်ဖြင့် ကာလခြားနေသောခန္ဓာ, ဘုံဘဝခြားနေသောခန္ဓာတို့ကား ယင်းသို့ကာလ, ဘဝခြားနေသည့် အနုသယဓာတ်တို့၏တည်ရာမဟုတ် ဟုဆိုလိုသည်။)

www.dhammadownload.com

ဘူမိအမည် မရနိုင်သောခန္ဓာ

အရိယာပုဂ္ဂိုလ်၏ခန္ဓာတို့၌ သံသရာဝဋ်၏ အရင်းအမြစ်ဖြစ်သော အနုသယကိလေသာအပေါင်းကို အရိယာမဂ်ဖြင့် ပယ်အပ်ပြီးဖြစ်၏၊ ထိုအရိယာပုဂ္ဂိုလ်တို့၏ခန္ဓာတို့သည် ပယ်ရှားပြီးသောအနုသယကိလေသာတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန မဟုတ်တော့သောကြောင့် ဘူမိအမည် မရနိုင်ပေ။

မည်သည့်ခန္ဓာ၌ ကိန်းသနည်း၊

ပုထုဇဉ်မှာမူကား ဝဋ်မြစ်ကိလေသာတို့ကို အချင်းခပ်သိမ်း မပယ်ရသေးသောကြောင့်, ပြုသောအမှုတို့သည် ကုသိုလ်မူလည်း ဖြစ်နိုင်၏, အကုသိုလ်မူလည်း ဖြစ်နိုင်၏၊ ဤမပယ်အပ်သေးသော အနုသယဓာတ်ရှိသည်၏အဖြစ်ကြောင့်၊ ထိုပုထုဇဉ်အား ကံ-ကိလေသာ ဟူသော အကြောင်းကြောင့် ဝိပါကဝဋ်သည်လည်း၏၊ ထိုပုထုဇဉ်အား ထိုဝဋ်မူလ အနုသယဓာတ်သည် ရူပက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ဝေဒနာက္ခန္ဓာစသည်တို့၌ မကိန်း၊ သို့မဟုတ် ဝိညာဏက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ရူပက္ခန္ဓာစသည်တို့၌ မကိန်းဟု ဤသို့ကား မဆိုသင့်မဆိုထိုက်ပေ၊ အကြောင်းမူ အနုသယဓာတ်တို့သည် ခန္ဓာ ၅-ပါးလုံးတို့၌ပင် ကိန်းဝပ်သည်၏အဖြစ်ကြောင့်တည်း။

ဥပမာ - သစ်ပင်၌ကိန်းနေသော မြေဆီဩဇာစသည်ကဲ့သို့တည်း၊ သစ်ပင်သည် မြေပြင်၌တည်၍ မြေဆီ, ရေဆီ, ဩဇာတို့ကို အမှီပြု၍ အမြစ် ပင်စည် ခက်မ ခက်ငယ် အညွှန့် အရွက် အပွင့် အသီးတို့ဖြင့် ကြီးပွါး၍ ကောင်းကင်ပြင်ကိုပြည့်စေလျက် ကမ္ဘာကြီးဆုံးသည်တိုင်အောင် မျိုးစေ့အဆက်ဆက်ဖြင့် သစ်ပင်အဆက်ဆက်ကို ဖြစ်စေလျက် တည်သည်ရှိသော် - ထိုမြေဆီဩဇာသည် အမြစ်၌သာလျှင် ရှိ၍ ပင်စည်စသည်တို့၌ မရှိဟူ၍ မဆိုထိုက်ပေ၊ အလုံးစုံသော အမြစ်စသည်တို့၌ အစဉ်လျှောက်၍ နှံ့သည်၏အဖြစ်ကြောင့်တည်း။

ခန္ဓာအစဉ်ငြိမ်းပုံ

ထိုသစ်ပင်၏အပွင့် အသီး စသည်တို့ကို မလိုလားသော တစ်စုံတစ်ယောက်သော ယောကျ်ားသည် သစ်ပင်၏ လေးမျက်နှာတို့၌ ဖားဆူးမည်သော အဆိပ်ရှိသော (ငါးရိုး)ဆူးကို ရိုက်ရာ၏၊ ထို သစ်ပင်သည် အဆိပ်၏အစွမ်းဖြင့် မြေဆီ, ရေဆီ, ဩဇာတို့ ကုန်ခမ်းခြင်းကြောင့် မတိုးပွါးမစည်ပင်သည်ဖြစ်၍၊ တစ်ဖန် သစ်ပင်အစဉ်အဆက်ကို ဖြစ်ပေါ်စေခြင်းငှာ မစွမ်းရာသကဲ့သို့-

ခန္ဓာ၏ဖြစ်ခြင်း၌ ငြီးငွေ့စက်ဆုပ်သော အမျိုးသားသည် မိမိသန္တာန်၌ လေးပါးသောမဂ်ကို ပွါးစေခြင်းကို အားထုတ်၏၊ ခန္ဓာအစဉ်သည် လေးပါးသောမဂ်တည်းဟူသော အဆိပ်အတွေ့ဖြင့် ဝဋ်မြစ်ကိလေသာတို့ကို အချင်းခပ်သိမ်း ကုန်စေပြီးဖြစ်သောကြောင့် အလုံးစုံသောကံတို့သည် ကြိယာအဖြစ်မျှသို့ ရောက်ကုန်၏၊ ဘဝသစ်ဖြစ်ပေါ်ခြင်းဟူသော ရုပ်နာမ်သန္တတိခန္ဓာအစဉ်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ နောက်ဆုံးစုတိစိတ် ချုပ်ခြင်းဖြင့် လောင်စာမရှိသောမီးကဲ့သို့ စွဲလမ်းမှုဥပါဒါန် ကင်းသည်ဖြစ်၍ သက်သက်ငြိမ်းရုံမျှ ငြိမ်းအေးသွားလေ၏။

တစ်နည်းအားဖြင့် ဖြစ်ပေါ်သည်ဟုခေါ်သော ဥပပန္နသည် (၁) သမုဒါစာရ၊ (၂) အာရမ္မဏာဓိဂ္ဂဟိတ၊ (၃) အဝိက္ခမ္ဘိတ၊ (၄) အသမူဟတတို့၏ အစွမ်းအားဖြင့် လေးပါးအပြားရှိ၏။

(၁) သမုဒါစာရ ဥပပန္နံ

ဝတ္တမာန ဥပပန္နံ သည်ပင် သမုဒါစာရ ဥပပန္နံ (ဖြစ်ပေါ်ဆဲဥပပန္နံ) မည်၏။

(၂) အာရမ္မဏာဓိဂ္ဂဟိတ ဥပပန္နံ

စက္ခုဒွါရစသည်တို့အား အာရုံထင်ပေါ်လာသောအခါ (ရှေးအဖို့)မြင်ဆဲကာလစသည်တို့၌ကိလေသာအပေါင်းသည် မဖြစ်သေးသော်လည်း အာရုံကို ထင်ရှားစွာယူထားပြီးဖြစ်သောကြောင့်သာလျှင် (နောက်အဖို့) ပြန်လည်ဆင်ခြင်သော ကာလ၌ စင်စစ်ဧကန် ဖြစ်တတ်သောကြောင့် ထိုသို့သော ကိလေသာအပေါင်းကို အာရမ္မဏာဓိဂ္ဂဟိတ ဥပပန္နံ(အာရုံကို ထင်ရှားစွာယူထားပြီးဖြစ်၍ ဖြစ်ပေါ်နေသည်မည်သောကိလေသာ)ဟူ၍ ဆိုအပ်၏။

www.dhammadownload.com

အဘယ်ကဲ့သို့နည်းဟူမူ? ကလျာဏီရွာ၌ဆွမ်းခံသော မဟာတိဿမထေရ်အား ဝိသဘာဂဖြစ်သော မာတုဂါမ၏ အဆင်းကိုမြင်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်နေသော ကိလေသာကဲ့သို့တည်း။

(၃) အဝိက္ခမ္ဘိတ ဥပ္ပန္န

သမထ, ဝိပဿနာ တစ်ပါးပါး၏အစွမ်းဖြင့် မပယ်ခွါရသေးသော ကိလေသာအပေါင်းသည် စိတ်သန္တာန်သို့ မတက်ရောက်သေးသော်လည်း ထိုကိလေသာအပေါင်း၏ဖြစ်ခြင်းကို တားမြစ်အပ်သောအကြောင်းမရှိသောကြောင့် အဝိက္ခမ္ဘိတ ဥပ္ပန္န (မခွါအပ်သေးသည်ဖြစ်၍ ဖြစ်ပေါ်နေသည်ဟု ဆိုအပ်သောကိလေသာ) မည်၏။

(၄) အသမူဟတ ဥပ္ပန္န

သမထ, ဝိပဿနာ၏အစွမ်းဖြင့် ပယ်ခွါထားပြီးဖြစ်သော်လည်း အရိယမဂ်ဖြင့် အကြွင်းမဲ့ မပယ်နုတ်အပ်သေးသောကြောင့် ဖြစ်ခြင်းသဘောရှိသည်၏အဖြစ်ကို မကျော်လွန်သည်၏အဖြစ်ကြောင့် ထိုသို့သော ကိလေသာကို အသမူဟတ ဥပ္ပန္န (အကြွင်းမဲ့ မပယ်နုတ်အပ်သေးသည်ဖြစ်၍ ဖြစ်ပေါ်နေသည် မည်သော ကိလေသာ) မည်၏။

အဘယ်ကဲ့သို့နည်းဟူမူ? သမာပတ် ၈-ပါးကိုရ၍ ကောင်းကင်ဖြင့်ကြွသွားသောမထေရ်အား ဥဃျာဉ်၌ချိုသာသောအသံဖြင့်သီချင်းဆိုလျက် ပန်းခူးနေသောမာတုဂါမ၏သီချင်းသံကြောင့် ဖြစ်ပေါ်သောကိလေသာအပေါင်းကဲ့သို့တည်း။

မှတ်ချက်။ ။

အာရမ္မဏာဓိဂ္ဂဟိတ ဥပ္ပန္န, အဝိက္ခမ္ဘိတ ဥပ္ပန္န, အသမူဟတ ဥပ္ပန္န ဟူသော ဤကိလေသာအပေါင်း ကို ဘူမိလဒ္ဓကိလေသာဖြင့်ပင် ရေတွက်အပ်၏။

အပွဟာတဗ္ဗ ဥပ္ပန္န

ဆိုခဲ့ပြီးသော ဥပ္ပန္န မည်သော ကိလေသာအပေါင်းတို့တွင် ဝတ္ထုမာန ဥပ္ပန္န, ဘူတာပဂတ ဥပ္ပန္န, သြကာသဂတ ဥပ္ပန္န, သမုဒါစာရ ဥပ္ပန္နဟူသော ဤ ဥပ္ပန္နတရား ၄-မျိုးတို့သည် မဂ်ဖြင့်ပယ်အပ်သော ကိလေသာမဟုတ်သောကြောင့် တစ်စုံတစ်ခုသောဉာဏ်ဖြင့်သော်လည်း ပယ်အပ်သောတရား(ပဟာတဗ္ဗတရား) မဟုတ်ပေ၊ ထို့ကြောင့် ယင်းတို့ကို 'အပွဟာတဗ္ဗ ဥပ္ပန္န' ဟု ခေါ်သည်။

ပဟာတဗ္ဗ ဥပ္ပန္န

ဘူမိလဒ္ဓ ဥပ္ပန္န, အာရမ္မဏာဓိဂ္ဂဟိတ ဥပ္ပန္န, အဝိက္ခမ္ဘိတ ဥပ္ပန္န, အသမူဟတဥပ္ပန္န ဟူသော ဤဥပ္ပန္နတရား ၄-မျိုးတို့သည် ယင်းတို့ကိုဖျက်ဆီးလျက် ထိုထိုလောကီဉာဏ် လောကုတ္တရာဉာဏ်များ ဖြစ်ပေါ်လာသောကြောင့် မဂ်ဖြင့် ပယ်အပ်သောတရားများ ဖြစ်ပေ၏၊ ထို့ကြောင့် ယင်းတို့ကို 'ပဟာတဗ္ဗ ဥပ္ပန္န' ဟု ခေါ်သည်။

~ ~ ~ ~ ~ ~ ~ ~

(ဃ) ပရိညာဒေသောကိစ္စ လေးပါးကို ပြဆို်ချက်

အရိယာမဂ်ဉာဏ်သည် တစ်ခုတည်းသောခဏ (မဂ်ခဏ) ၌

(၁) ပရိညာ - ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း

(၂) ပဟာန - သမုဒယသစ္စာကို ပယ်ခြင်း

(၃) သစ္ဆိကိရိယာ - နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း

(၄) ဘာဝနာ - မဂ်ကိုပွါးစေခြင်း ဟူသော လေးပါးသောကိစ္စတို့ကို ပြု၏။

www.dhammadownload.com

ရှေးဆရာတို့မိန့်ဆိုပုံ

ဥပမာအားဖြင့် ဆီမီးသည် မရှေးမနှောင်း တစ်ခုတည်းသောခဏ၌ ကိစ္စ ၄-ပါးတို့ကို ပြု၏၊ မီးစာကိုလောင်ကျွမ်းစေ၏၊ အမှောင်ကိုပယ်ဖျောက်၏၊ အလင်းရောင်ကိုထင်ရှားပြ၏၊ ဆီကို ကုန်ခမ်းစေ၏၊ ဤအတူပင်လျှင် မဂ်ဉာဏ်သည် မရှေးမနှောင်း တစ်ခုတည်းသောခဏ၌ ၄-ပါးသော သစ္စာတို့ကို ထိုးထွင်း၍သိ၏၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ဟူသော ထိုးထွင်း၍သိခြင်း (ပရိညာဘိသမယ)ကိစ္စဖြင့် ထိုးထွင်း၍သိ၏၊ သမုဒယသစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်း၍သိခြင်း (ပဟာနာဘိသမယ)ကိစ္စဖြင့် ထိုးထွင်း၍သိ၏၊ မဂ္ဂသစ္စာကို ပွါးစေခြင်းဟူသော ထိုးထွင်း၍သိခြင်း (ဘာဝနာဘိသမယ) ကိစ္စဖြင့် ထိုးထွင်း၍ သိ၏၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်း၍သိခြင်း (သစ္ဆိကိရိယာဘိသမယ)ကိစ္စဖြင့် ထိုးထွင်း၍ သိ၏။

မြတ်စွာဘုရား ဟောတော်မူပုံမှာ-

"ရဟန်းတို့၊ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယကိုလည်း မြင်၏၊ ဒုက္ခ၏ချုပ်ရာ နိရောဓကိုလည်း မြင်၏၊ ဒုက္ခ၏ချုပ်ရာ နိရောဓသို့ ဆိုက်ရောက်သော အကျင့်ပဋိပဒါကိုလည်း မြင်၏- ဤသို့ စသည်ဖြင့် အလုံးစုံကို သိအပ်၏"

"မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ဉာဏ်သည် ရှိ၏၊ ဤဉာဏ်သည် ဒုက္ခဠာလည်းဖြစ်၏၊ ဤဉာဏ်သည် ဒုက္ခဖြစ်ကြောင်း သမုဒယဠာလည်း ဖြစ်၏၊ ဤ ဉာဏ်သည် ဒုက္ခချုပ်ရာ နိရောဓဠာလည်း ဖြစ်၏၊ ဤဉာဏ်သည် ဒုက္ခချုပ်ရာ နိရောဓသို့ဆိုက်ရောက်သော အကျင့်ပဋိပဒါဠာလည်း ဖြစ်၏"

ဥပမာ နှိုးနှောခြင်း

မဂ်ဉာဏ်သည်	(၁) ဆီမီးသည်	(၂) နေထွက်လတ်သော်	(၃) လှေသည်
- ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း	- မီးစာကိုလောင်ကျွမ်းစေခြင်း	- အဆင်းဝတ္ထုကိုလင်းစေခြင်း	- ဤဖက်ကမ်းကို စွန့်ခွါခြင်း
- သမုဒယသစ္စာကို ပယ်ခြင်း	- အမှောင်ကို ပယ်ဖျောက်ခြင်း	- အမှောင်ကို ပယ်ဖျောက်ခြင်း	- ရေအယဉ်ကို ဖြတ်ခြင်း
- သဟဇာတအစရှိသော ပစ္စယသတ္တိဖြင့် သမ္မာသင်္ခပ်အစရှိသော တရားအပေါင်းဖြစ်သော မဂ်ကို ပွါးစေခြင်း	-အလင်းရောင်ကို ထင်ရှားပြခြင်း	- အလင်းရောင်ကို ထင်ရှားပြခြင်း	- ပစ္စည်း,ဘဏ္ဍာကို သယ်ဆောင်၏
- နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း	- ဆီကိုကုန်ခမ်းစေခြင်း	- အအေးကိုငြိမ်းစေခြင်း	- ထိုမှာဖက်ကမ်းသို့ ကပ်ရောက်ခြင်း

~ ~ ~ ~ ~ ~ ~ ~

သစ္စာအနက် ၁၆-ချက်

သစ္စာ ၄-ပါးတို့သည် ၁၆-ပါးသော အခြင်းအရာတို့ဖြင့် မှန်သောသဘော ဖြစ်ကုန်၏။

ဒုက္ခသစ္စာအနက် ၄-ချက်

(၁) နှိပ်စက်ခြင်းသဘော (ပီဠန)
(၂) ပေါင်းစု၍ ပြုပြင်အပ်သောသဘော (သင်္ခတ)
(၃) ပူလောင်စေခြင်းသဘော (သန္တာပ)
(၄) ဖောက်ပြန်စေခြင်းသဘော (ဝိပရိဏာမ)

သမုဒယသစ္စာအနက် ၄-ချက်

(၁) အားထုတ်ခြင်း (ဘုံဘဝတို့ကို ဖြစ်စေခြင်း)သဘော (အာယူဟန)

www.dhammadownload.com

(၂) ဆင်းရဲ၏အကြောင်း (ဆောင်ယူကြောင်း)သဘော (နိဒါန)
(၃) ဆင်းရဲနှင့်ယှဉ်ခြင်းသဘော (သံယောဂ)
(၄) (မဂ်ဖိုလ်ကို) နှောင့်ယှက်တားမြစ်ခြင်းသဘော (ပလိဗောဓ)

နိရောဓသစ္စာအနက် ၄-ချက်
(၁) ထွက်မြောက်ခြင်းသဘော (နိဿရဏ)
(၂) သန်ဓိရတို့မှ ကင်းဆိတ်ခြင်းသဘော (ဝိဝေက)
(၃) မပြုအပ်သောသဘော (အသင်္ခတ)
(၄) မသေမပျောက်ခြင်းသဘော (အမတ)

မဂ္ဂသစ္စာအနက် ၄-ချက်
(၁) ထွက်မြောက်ကြောင်းသဘော (နိယျာန)
(၂) နိဗ္ဗာန်သို့ ရောက်ကြောင်းသဘော (ဟေတု)
(၃) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသဘော (ဒဿန)
(၄) အကြီးအမှူး ဖြစ်ခြင်းသဘော (အဓိပတေယျ)

စောဒနာ ဒုက္ခစသည်တို့၏ နှိပ်စက်ခြင်း အနက်သဘောစသည်မှ တစ်ပါးသော ရောဂါနှင့်တူသည် အဖြစ်, အိုင်းအမာနှင့်တူသည်အဖြစ် အစရှိသောအနက်သဘောတို့သည်လည်း ရှိပါလျက် အဘယ်ကြောင့် လေးပါးသောအနက်တို့ကို သာလျှင် ဟောအပ်ပါသနည်း?

အဖြေကား –
(၁) မိမိသဘောလက္ခဏာ၏ အစွမ်းအားဖြင့် တစ်ပါးပါးသော အနက်သဘော ထင်ရှားခြင်းကြောင့်လည်းကောင်း၊
(၂) အခြားတစ်ပါးသော သစ္စာကို မြင်သည်၏အစွမ်းအားဖြင့် ကြွင်းသော ၃-ပါး ၃-ပါးသော အနက်သဘောတို့ ထင်ရှားခြင်းကြောင့်လည်းကောင်း တစ်ပါးတစ်ပါးသောသစ္စာ၏ ၄-ပါး ၄-ပါးသော အနက်သဘောတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်၏။

သစ္စာဉာဏ် ၂-မျိုးဟောပုံ

'ထိုတွင် ဒုက္ခ၌ ဉာဏ်သည် အဘယ်နည်း? ဒုက္ခသစ္စာကိုအာရုံပြု၍ အကြင်ပညာသည် အကြင်အပြားအားဖြင့် သိခြင်းသည် ဖြစ်ပေါ်၏' ဤသို့အစရှိသောနည်းဖြင့် တစ်ပါးတစ်ပါးသော သစ္စာကို အာရုံပြုသည်၏အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟောတော်မူ၏။

'ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် သမုဒယသစ္စာကိုလည်းမြင်၏' ဤသို့အစရှိသောနည်းဖြင့် တစ်ပါးသောသစ္စာကို အာရုံပြု၍ ကြွင်းသောသစ္စာတို့၌လည်း ကိစ္စပြီးသည်၏ အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟောတော်မူ၏။

<u>သစ္စာအနက်ထင်ရှားပုံမှာ</u> –

ဒုက္ခသစ္စာအနက် ၄-ချက် ထင်ရှားပုံ –
(၁) ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်းသဘောသည် မိမိပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏။
(၂) သမုဒယသစ္စာကို မြင်သဖြင့်
ဒုက္ခသစ္စာ၏ (ပေါင်းစု၍) ပြုပြင်အပ်သောသဘောသည် ထင်ရှား၏၊
ထင်ရှားပုံမှာ – ဒုက္ခသစ္စာကို အားထုတ်ခြင်း လက္ခဏာရှိသော သမုဒယသစ္စာက အားထုတ်အပ်၏၊ ပြုအပ်၏၊ ပေါင်းစုပေးအပ်၏၊ ထို့ကြောင့် ဒုက္ခသစ္စာ၏ပေါင်းစု၍ ပြုအပ်သော အနက်သဘောသည် ထင်ရှားပေါ်လာ၏။

www.dhammadownload.com

(၃) မဂ္ဂသစ္စာ၏ ကိလေသာအပူကို ပယ်ဖျောက်တတ်သဖြင့်, အေးမြသောသဘောကို မြင်သဖြင့်
ဒုက္ခသစ္စာ၏ ပူလောင်ခြင်းသဘောသည် ထင်ရှား၏၊
ဥပမာ– အရှင်နန္ဒအား နတ်သမီးကို မြင်သဖြင့်၊ ဇနပဒကလျာဏီ မင်းသမီး၏ အဆင်းမလှသည်၏ အဖြစ်သည် ထင်ရှားသကဲ့သို့တည်း။

(၄) နိရောဓသစ္စာ၏ မဖောက်မပြန်ခြင်းသဘောကို မြင်သဖြင့်
ဒုက္ခသစ္စာ၏ ဖောက်ပြန်ခြင်းသဘောသည် ထင်ရှား၏။

သမုဒယသစ္စာအနက် ၄-ချက် ထင်ရှားပုံ-

(၁) သမုဒယသစ္စာ၏ အားထုတ်ခြင်းသဘောသည် မိမိပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏။

(၂) ဒုက္ခသစ္စာကို မြင်သဖြင့်
သမုဒယသစ္စာ၏ ဆင်းရဲကြောင်း (ဆင်းရဲ၏အကြောင်းသဘော)သည် ထင်ရှား၏၊
ဥပမာ– မသင့်သောအစာကြောင့် ဖြစ်ပေါ်သော အနာရောဂါကို မြင်သဖြင့်, အစာသည် အနာရောဂါ၏အကြောင်းအဖြစ် ထင်ရှားသကဲ့သို့တည်း။

(၃) နိရောဓသစ္စာ၏ ဆင်းရဲနှင့်ယှဉ်ခြင်းကင်းသောသဘောကို မြင်သဖြင့်
သမုဒယသစ္စာ၏ ဆင်းရဲနှင့်ယှဉ်ခြင်းသဘောသည် ထင်ရှား၏။

(၄) မဂ္ဂသစ္စာ၏ ထွက်မြောက်ကြောင်းသဘောကို မြင်သဖြင့်
သမုဒယသစ္စာ၏ မဂ်ဖိုလ်ကို နှောင့်ယှက်တားမြစ်တတ်သောသဘောသည် ထင်ရှား၏။

နိရောဓသစ္စာအနက် ၄-ချက် ထင်ရှားပုံ-

(၁) နိရောဓသစ္စာ၏ ထွက်မြောက်ခြင်းသဘောသည် မိမိပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏၊

(၂) သမုဒယသစ္စာ၏ သခ်ါရတို့မှ မကင်းဆိတ်ခြင်းသဘောကို မြင်သဖြင့်
နိရောဓသစ္စာ၏ သခ်ါရတို့မှ ကင်းဆိတ်ခြင်းသဘောသည် ထင်ရှား၏၊

(၃) မဂ္ဂသစ္စာ၏ အကြောင်းရှိသော, ပြုအပ်သောသခ်ါတတရားကို မြင်သဖြင့်
အကြောင်းမရှိသော နိဗ္ဗာန်(နိရောဓသစ္စာ)၏ မပြုအပ်သော အသခ်ါတတရားအဖြစ်သည် ထင်ရှား၏၊

(၄) ဒုက္ခသစ္စာ၏ ပျက်စီးခြင်း သေခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် အဆိပ်သဖွယ်ဖြစ်သောသဘောကို မြင်သဖြင့်
နိရောဓသစ္စာ၏ မသေမပျက်ခြင်း(အမတ-အမြိုက်)သဘော (မသေဆေး အမြိုက်ဆေးသဖွယ်)သည် ထင်ရှား၏၊

မဂ္ဂသစ္စာအနက် ၄-ချက် ထင်ရှားပုံ-

(၁) မဂ္ဂသစ္စာ၏ ထွက်မြောက်ကြောင်းသဘောသည် မိမိပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏။

(၂) သမုဒယသစ္စာကို မြင်သဖြင့်
'တဏှာသည် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်၊ မဂ်သည်သာ နိဗ္ဗာန်ရောက်ကြောင်းပေတည်း' ဟု မဂ္ဂသစ္စာ၏ နိဗ္ဗာန်သို့ရောက်ကြောင်းသဘောသည် ထင်ရှား၏။

(၃) နိရောဓသစ္စာကို မြင်သဖြင့်
မဂ္ဂသစ္စာ၏ နိဗ္ဗာန်ကို မြင်ခြင်းသဘောသည် ထင်ရှား၏၊
ဥပမာ– အလွန်သိမ်မွေ့သောအဆင်းကို မြင်သောသူအား 'ငါ၏မျက်စိသည် အထူးသဖြင့်ကြည်လင်ပေစွတကား' ဟု မျက်စိ၏အထူးကြည်လင်ခြင်းသည် ထင်ရှားသကဲ့သို့တည်း။

(၄) ဒုက္ခသစ္စာကို မြင်သဖြင့်
မဂ္ဂသစ္စာ၏ အကြီးအမှူးဖြစ်ခြင်းသဘောသည် ထင်ရှား၏၊
ဥပမာ– များစွာသောရောဂါတို့ဖြင့် နှိပ်စက်ခံရ, ခိုကိုးရာမဲ့နေသူကို မြင်သဖြင့်၊ အစိုးရသောသူ၏ မြင့်မြတ်သည်၏ အဖြစ်သည် ထင်ရှားသကဲ့သို့တည်း။

www.dhammadownload.com

ပရိညာစသော ကိစ္စလေးပါးတို့၏အပြားကို ပြဆိုချက်

ပရိညာ ၃-ပါး (ပိုင်းခြား၍သိခြင်း ၃-ပါး)

၁. ဉာတပရိညာ

ရှေးရှုပြု၍သိသော (အဘိညာ)ပညာသည် သိအပ်သည်ကို သိတတ်သော အနက်သဘောကြောင့် ဉာဏ် မည်၏၊ အဘိညာပညာသည်ပင် သိအပ်သည်ကို ပိုင်းခြား၍ သိသောကြောင့် ဉာတပရိညာ မည်၏။

ဖြစ်ရာနယ်ပယ် = အကြောင်းနှင့်တကွ ရုပ်နာမ်ကိုသိသောဉာဏ်တိုင်အောင် (နာမရူပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်)

၂. တီရဏပရိညာ

ပိုင်းခြား၍သိသော (ပရိညာ) ပညာသည် စူးစမ်းဆင်ခြင်တတ်သော အနက်သဘောကြောင့် ဉာဏ် မည်၏၊ ပရိညာပညာသည်ပင် စူးစမ်းဆင်ခြင်လျက် ပိုင်းခြား၍ သိသောကြောင့် တီရဏပရိညာ မည်၏။

နယ်ပယ် = ကလာပသမ္မသနဉာဏ်မှ အနုလောမဉာဏ်တိုင်အောင်

၃. ပဟာနပရိညာ

ပယ်တတ်သော (ပဟာန) ပညာသည် စွန့်ပယ်တတ်သော အနက်သဘောကြောင့် ဉာဏ် မည်၏၊ ပဟာနပညာသည်ပင် ပယ်အပ်သည်ကိုပယ်လျက် ပိုင်းခြား၍ သိသောကြောင့် ပဟာနပရိညာ မည်၏။

နယ်ပယ် = ဘင်္ဂါနုပဿနာဉာဏ်မှ မဂ်ဉာဏ်တိုင်အောင်

အလိုရှိအပ်သောပရိညာ

ဒုက္ခသစ္စာကို ပရိညာဘိသမယဖြင့် ထိုးထွင်းသိရာ ဤအရာ၌ ပဟာနပရိညာကိုသာ အလိုရှိအပ်၏၊ တစ်နည်း-ဉာတပရိညာ၊ တီရဏပရိညာတို့သည် ပဟာနပရိညာအတွက်သာလျှင် ဖြစ်၏၊ ပယ်အပ်ပြီးသော တရားတို့သည် သိအပ်ပြီး စူးစမ်းဆင်ခြင်အပ်ပြီး ဖြစ်ကုန်၏၊ ဤနည်းပရိယာယ်အားဖြင့် ပရိညာ ၃-ပါးလုံးကို မဂ်ဉာဏ်၏ကိစ္စ ဟု သိအပ်၏။

ပဟာန် ၃-ပါး (ပယ်ခြင်း ၃-ပါး)

၁. ဝိက္ခမ္ဘနပဟာန်

မှော်ရှိသောရေ၌ ပစ်ချအပ်သောအိုးကြောင့် မှော်၏ကွာခြင်းရဲခြင်းကဲ့သို့၊ ထိုထို လောကီစျာန်သမာဓိဖြင့် နီဝရဏ, ဝိတက်, ဝိစာရ အစရှိသော စျာန်သမာဓိ၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့ကို ခွါခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ 'ဝိက္ခမ္ဘနပဟာန်သည်ကား ပထမစျာန်ကိုပွါးများသောသူ၏ နီဝရဏတို့ကို ပယ်ခွါထားခြင်းပေတည်း' ဟု နီဝရဏပယ်ခွါထားပုံကိုသာ ဟောတော်မူထား၏၊ ဤသို့ဟောတော်မူရခြင်း၏ ရည်ရွယ်ချက်မှာ နီဝရဏတို့သည် စျာန်၏ရှေးအဖို့၌လည်းကောင်း နောက်အဖို့၌လည်းကောင်း ရုတ်တရက်လျင်မြန်စွာ စိတ်ကို မလွှမ်းမိုးမနှိပ်စက်နိုင်ကုန်၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့သည်ကား စျာန်ဝင်စားဆဲကာလ၌သာ မဖြစ်ဘဲ ကင်းကွာကုန်၏၊ ထို့ကြောင့် နီဝရဏတို့ကို ပယ်ခွါခြင်းသဘောသည် ထင်ရှားသဖြင့် နီဝရဏပယ်ခွါပုံကိုသာ ဟောတော်မူထားခြင်းဖြစ်သည်။

၂. တဒင်္ဂပဟာန်

ညဉ့်အခါ၌ ထွန်းညှိအပ်သော ဆီမီးဖြင့် အမိုက်မှောင်၏ ပျောက်ခြင်းကဲ့သို့ ဝိပဿနာ၏ အစိတ်ဖြစ်၍ ဖြစ်သော ထိုထို ဉာဏ်ဟူသော အကြောင်းတရားဖြင့် ဆန့်ကျင်ဘက်ပဋိပက္ခ၏အစွမ်းဖြင့် သာလျှင် ထိုထို ပယ်သင့်ပယ်ထိုက်သော တရားကို ပယ်ခြင်းသည် တဒင်္ဂပဟာန် မည်၏။

www.dhammadownload.com

ဉာဏ်စဉ်အလိုက် တဒင်္ဂပဟာန်ပယ်ပုံတို့မှာ-

- နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကို ပယ်၏။
- နာမရူပပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့် အကြောင်းမရှိဟူသော အဟေတုကဒိဋ္ဌိကိုလည်းကောင်း၊ ဖန်ဆင်းသူ စသော မှားသောအကြောင်းကို ယုံကြည်ယူဆသည့် ဝိသမဟေတုဒိဋ္ဌိကိုလည်းကောင်း၊ ယုံမှားမှုအညစ်အကြေး ဟူသော ကန်ိမလကိုလည်းကောင်း ပယ်၏။
- ကလာပသမ္မသနဉာဏ်ဖြင့် ငါ ငါ၏ဥစ္စာဟု အပေါင်းလိုက်အားဖြင့်ယူခြင်းကို ပယ်၏။
- မဂ္ဂါမဂ္ဂဝဝတ္ထာန်ဉာဏ်ဖြင့် လမ်းမှန်မဟုတ်သည်ကို လမ်းမှန်ဟုထင်သော အမှတ်သညာကိုပယ်၏။
- ဥဒယဘယဉာဏ်ဖြင့် ပြတ်စဲအယူ ဥစ္ဆေဒဒိဋ္ဌိကိုပယ်၏။
- ဝယဉာဏ်ဖြင့် တည်မြဲအယူ သဿတဒိဋ္ဌိကိုပယ်၏။
- ဘယတုပဋ္ဌာနဉာဏ်ဖြင့် ဘေးရှိသောရုပ်နာမ်အပေါင်း၌ ဘေးမရှိဟုထင်သော အမှတ်သညာကိုပယ်၏။
- အာဒီနဝါနုပဿနာဉာဏ်ဖြင့် သာယာဘွယ်ဟုထင်သော အမှတ်သညာကိုပယ်၏။
- နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် ပျော်မွေ့ဘွယ်ဟုထင်သော အမှတ်သညာကိုပယ်၏။
- မုဉ္စိတုကမျတာဉာဏ်ဖြင့် စွန့်လွတ်ခြင်းငှါအလိုမရှိသည်၏အဖြစ်ကို ပယ်၏။
- ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် တစ်ဖန်မရှုမသိခြင်းကိုပယ်၏။
- သင်္ခါရုပေက္ခာဉာဏ်ဖြင့် အညီအမျှလျစ်လျူ မရှုခြင်းကိုပယ်၏။
- အနုလောမဉာဏ်ဖြင့် မဂ္ဂသစ္စာ၏ဆန့်ကျင်ဘက်ဖြစ်သော နိစ္စအခြင်းအရာစသည်ကို ယူခြင်းကိုပယ်၏။

မဟာဝိပဿနာဉာဏ် ၁၈-ပါးဖြင့် တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်း

(၁) အနိစ္စာနုပဿနာဉာဏ်ဖြင့် နိစ္စသညာကို ပယ်၏။
(၂) ဒုက္ခာနုပဿနာဉာဏ်ဖြင့် သုခသညာကို ပယ်၏။
(၃) အနတ္တာနုပဿနာဉာဏ်ဖြင့် အတ္တသညာကို ပယ်၏။
(၄) နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် နှစ်သက်ပျော်မွေ့ခြင်း နန္ဒီကို ပယ်၏။
(၅) ဝိရာဂါနုပဿနာဉာဏ်ဖြင့် တပ်မက်သောရာဂကို ပယ်၏။
(၆) နိရောဓာနုပဿနာဉာဏ်ဖြင့် ဖြစ်ခြင်း သမုဒယကို ပယ်၏။
(၇) ပဋိနိဿဂ္ဂါနုပဿနာဉာဏ်ဖြင့် ပြင်းစွာယူခြင်း အာဒါနကို ပယ်၏။
(၈) ခယာနုပဿနာဉာဏ်ဖြင့် တစ်ခဲနက်ဟူသော ဃနသညာကို ပယ်၏။
(၉) ဝယာနုပဿနာဉာဏ်ဖြင့် အားထုတ်ခြင်း အာယူဟနကို ပယ်၏။
(၁၀) ဝိပရိဏာမာနုပဿနာဉာဏ်ဖြင့် ခိုင်ခံ့သည်ဟုထင်ခြင်း ဓုဝသညာကို ပယ်၏။
(၁၁) အနိမိတ္တာနုပဿနာဉာဏ်ဖြင့် မြဲသည့်ပုံဟန်သန္တာန်နိမိတ်ကို ပယ်၏။
(၁၂) အပ္ပဏိဟိတာနုပဿနာဉာဏ်ဖြင့် သုခကိုတောင့်တခြင်း သုခပဏိဓိကို ပယ်၏။
(၁၃) သုညတာနုပဿနာဉာဏ်ဖြင့် အတ္တကောင်, ငါကောင်ဟု နှလုံးသွင်းမှုကို ပယ်၏။
(၁၄) အဓိပညာဓမ္မာနုပဿနာဉာဏ်ဖြင့် အနှစ်ရှိသည်ဟုယူသော နှလုံးသွင်းမှုကို ပယ်၏။
(၁၅) ယထာဘူတဉာဏ်အမြင်ဖြင့် ပြင်းစွာတွေဝေသော နှလုံးသွင်းမှုကို ပယ်၏။
(၁၆) အာဒီနဝါနုပဿနာဉာဏ်ဖြင့် တွယ်တာလျက် နှလုံးသွင်းမှုကို ပယ်၏။
(၁၇) ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် တစ်ဖန်မရှုမသိသော မောဟကို ပယ်၏။
(၁၈) ဝိဝဋ္ဋာနုပဿနာဉာဏ်ဖြင့် သင်္ခါရတို့နှင့်ယှဉ်တွဲလျက် နှလုံးသွင်းမှုကို ပယ်၏။

၃. သမုစ္ဆေဒပဟာန်

မိုးကြိုးစက်ဝန်းသည် နှိပ်စက်အပ်သော မိုးကြိုးပစ်ခံရသောသစ်ပင်၏ တစ်ဖန်အသက်ရှင်လာခြင်းသည် မဖြစ်သကဲ့သို့ အရိယမဂ်ဉာဏ်ဖြင့် အကုသိုလ်တရားတို့ကို နောင်တစ်ဖန် မဖြစ်သောအားဖြင့် အကြွင်းမဲ့အမြစ်ပြတ် ပယ်သတ်ခြင်းသည် သမုစ္ဆေဒပဟာန် မည်၏။

www.dhammadownload.com

လောကုတ္တရာဖြစ်သော (ကိလေသာကုန်ရာနိဗ္ဗာန်သို့ဆိုက်ရောက်သော) ခယဂါမိမဂ်ကို ပွါးစေသော အရိယာပုဂ္ဂိုလ်၏ ပယ်ခြင်းသည် သမုစ္ဆေဒပဟာန် ဖြစ်၏။

အလိုရှိအပ်သောပဟာန်

သမုဒယသစ္စာကို ပဟာနာဘိသမယဖြင့် ထိုးထွင်းသိရာ ဤအရာ၌ သမုစ္ဆေဒပဟာန်ကိုသာလျှင် အလိုရှိအပ်၏၊ ဤကား ပရိယာယ်မဖက် မုချသက်သက်အားဖြင့်ဆိုသော စကားတည်း၊ သို့သော် ဝိက္ခမ္ဘနပဟာန် တဒင်္ဂပဟာန် တို့သည်လည်း သမုစ္ဆေဒပဟာန် ဟူသော အကျိုးရှိကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ပဟာန် ၃-ပါးလုံးကို ပရိယာယ်အားဖြင့် မဂ်ဉာဏ်၏ကိစ္စ ဟု သိအပ်၏။

ဥပမာ- ရန်သူကိုသတ်၍ မင်းအဖြစ်သို့ ရောက်သောသူသည် မင်းမဖြစ်မီကာလက ပြုခဲ့သော အမှုအလုံးစုံကိုလည်း ဤမည်သောအမှုကိုလည်း မင်းသည်ပြု၏ ဟူ၍သာလျှင် ပြောဆိုအပ်ပေ၏။

သစ္စိကထာ ၃-ပါး (မျက်မှောက်ပြုခြင်း ၃-ပါး)

သစ္စိကထာသည် လောကီနှင့် လောကုတ္တရာဟူ၍ ၂-ပါးသာ ပြားသော်လည်း၊ လောကုတ္တရာသစ္စိကထာသည် နှစ်မျိုးပြား၏၊ ထို့ကြောင့်

၁. **လောကီယ သစ္စိကထာ** = ပထမစျာန်စသည်တို့ကို မျက်မှောက်ဉာဏ်ဖြင့် တွေ့ခြင်း။
၂. **လောကုတ္တရာဒဿန သစ္စိကထာ** = သောတာပတ္တိမဂ်ဉာဏ်၌ နိဗ္ဗာန်ကိုမြင်ခြင်းသည် ဒဿနမည်သော သောတာပတ္တိမဂ်ဖြင့် မျက်မှောက်ပြုခြင်း မည်၏။
၃. **လောကုတ္တရာဘာဝနာ သစ္စိကထာ** = အထက်မဂ် ၃-ပါးဉာဏ်တို့၌ နိဗ္ဗာန်ကိုမြင်ခြင်းသည် ဘာဝနာမည်သော အထက်မဂ်ဖြင့် မျက်မှောက်ပြုခြင်း မည်၏။

အလိုရှိအပ်သောသစ္စိကထာ

နိရောဓသစ္စာကို သစ္စိကထာဘိသမယဖြင့် ထိုးထွင်းသိရာ ဤအရာ၌ လောကုတ္တရာဒဿန သစ္စိကထာနှင့် လောကုတ္တရာဘာဝနာသစ္စိကထာ ၂-မျိုးကို အလိုရှိအပ်၏၊ ထို့ကြောင့် ဒဿန =မြင်ခြင်း, ဘာဝနာ = ပွါးစေခြင်း တို့၏အစွမ်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ဤမဂ်ဉာဏ်၏ကိစ္စဖြစ်သည် ဟူ၍ မှတ်ရပါမည်။

ဘာဝနာ ၂-မျိုး (ပွါးစေခြင်း ၂-ပါး)

၁. **လောကီဘာဝနာ** = လောကီသီလ, သမာဓိ, ပညာတို့ကို ဖြစ်စေခြင်း, ထုံစေခြင်း
၂. **လောကုတ္တရာဘာဝနာ** = လောကုတ္တရာသီလ, သမာဓိ, ပညာတို့ကို ဖြစ်စေခြင်း, ထုံစေခြင်း

အလိုရှိအပ်သောဘာဝနာ

မဂ္ဂသစ္စာကို ဘာဝနာဘိသမယဖြင့် ထိုးထွင်းသိရာ ဤအရာ၌ လောကုတ္တရာဘာဝနာကိုသာ အလိုရှိအပ်၏။

မှန်ပေ၏၊ အရိယမဂ်ဉာဏ် ၄-ပါးလုံးသည် လောကုတ္တရာသီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင်တို့ကို ဖြစ်ပေါ်စေ၏၊ အဘယ့်ကြောင့်နည်းဟူမူ ထိုလောကုတ္တရာသီလစသည်တို့သည် သဟဇာတပစ္စည်းစသည် ဖြစ်သောကြောင့်တည်း၊ ထို့ပြင်လောကုတ္တရာသီလစသည်တို့ဖြင့် မိမိ၏စိတ်အစဉ်သန္တာန်ကိုလည်း ထုံစေတတ်၏၊ ဤအကြောင်း ၂-ပါးကြောင့် လောကုတ္တရာဘာဝနာသည်သာလျှင် မဂ်ဉာဏ်၏ကိစ္စ ဖြစ်သည်။

ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။

www.dhammadownload.com

ပညာဘာဝနာနိသံသ နိဒ္ဒေသ

ပညာဘာဝနာ (ပညာကိုပွါးစေခြင်း)၏ အကျိုးကား အဘယ်နည်း?

ပညာဘာဝနာသည် အရာမက များစွာသောအကျိုးအာနိသင် ရှိ၏၊ ထို့ကြောင့် အပြည့်အစုံအကျယ် ပြရန် ခဲယဉ်း၏၊ အကျဉ်းအားဖြင့်ကား ၄-မျိုးရှိ၏။ ၎င်းတို့မှာ-

၁. အမျိုးမျိုးသော ကိလေသာတို့ကို ဖျက်ဆီးခြင်း၊

၂. အရိယာဖိုလ်၏ အရသာကို ခံစားရခြင်း၊

၃. နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်း၊

၄. အဝေးမှဆောင်ယူခဲ့၍ ပူဇော်ထိုက်သော အာဟုနေယျပုဂ္ဂိုလ်အဖြစ် စသည် ပြီးစီးခြင်း တို့ဖြစ်သည်။

ပထမ ပညာဘာဝနာနိသံသ = အမျိုးမျိုးသော ကိလေသာတို့ကို ဖျက်ဆီးခြင်း

၁။ လောကီပညာဘာဝနာ၏အကျိုး

(လောကီပညာဘာဝနာ၏ အမျိုးမျိုးသော ကိလေသာတို့ကို ဖျက်ဆီးခြင်း)

- နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ကိုပယ်၏၊
- ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် (အဟေတုက/ဝိသမဟေတုက)ဒိဋ္ဌိနှင့် (၁၆/၈)ဝိစိကိစ္ဆာတို့ကို ပယ်၏၊
- ဝိပဿနာဉာဏ် ၁၀-ပါးဖြင့် ဆိုင်ရာကိလေသာ အမျိုးမျိုးကို ဖျက်ဆီး၏။

၂။ လောကုတ္တရာပညာဘာဝနာ၏အကျိုး

အရိယာမဂ်ခဏ၌ သံယောဇဉ်စသည်တို့၏အစွမ်းဖြင့် အမျိုးမျိုးသော ကိလေသာတို့ကို ဖျက်ဆီး၏။

ဥပမာ -အရှိန်ပြင်းစွာကျရောက်သောမိုးကြိုးသည် ကြီးစွာသောကျောက်တောင်ကြီးကိုဖျက်ဆီးသကဲ့သို့

-လေအဟုန်ဖြင့် တောက်သောတောမီးသည် တောအုပ်ကို ဖျက်ဆီးသကဲ့သို့

-တောက်ပသောရောင်ခြည်ဝန်းရှိ နေမင်းသည် အမိုက်မှောင်ကို ဖျက်ဆီးသကဲ့သို့

ဥပမေယျ -ပွါးစေအပ်သော ပညာဘာဝနာသည် ရှည်မြင့်စွာသောကာလပတ်လုံး ခန္ဓာအစဉ်သန္တာန်၌ အလုံးစုံအကျိုးမဲ့ကိုဖြစ်စေတတ်သည့် ကိလေသာတည်းဟူသောကွန်ယက်ကို ဖျက်ဆီး၏။

~ ~ ~ ~ ~ ~ ~ ~

ဒုတိယ ပညာဘာဝနာနိသံသ = အရိယာဖိုလ်၏အရသာကို ခံစားရခြင်း

အရိယာဖိုလ်၏ အရသာကိုခံစားရခြင်း ဟူသောစကား၌ အရိယာဖိုလ်ဟူသည်မှာ သောတာပတ္တိဖိုလ် အစရှိသော သာမညဖိုလ်ကို ဆိုသည်၊ အရိယာဖိုလ်၏ အရသာကိုခံစားခြင်းသည် မဂ္ဂဝီထိ၊ ဖလသမာပတ္တိ ဝီထိ ၂-ပါးတို့၏အစွမ်းအားဖြင့် ဖြစ်၏။

မှတ်ချက်။ ။ သမဏ = ကိလေသာငြိမ်းသူ

သာမည = ကိလေသာငြိမ်းသူဖြစ်ကြောင်း မဂ် ၄-ပါး

သာမညဖလ = သာမညဖိုလ် = မဂ်၏အကျိုးဖြစ်သော ဖိုလ်၄-ပါး

ကေစိဆရာတို့၏အယူ

အရိယာဖိုလ်၏ အရသာကိုခံစားရခြင်း ဟူသည် ကိလေသာကို ဖျက်ဆီးခြင်းသက်သက်သာလျှင် မဟုတ်ပေ၊ သို့သော် ကေစိဆရာတို့က "မဂ်၏အကျိုး ဖိုလ်မည်သည်ကား သံယောဇဉ်တို့ကို ပယ်ခြင်းမျှသာလျှင် ဖြစ်၏၊ ထိုမှတစ်ပါး တစ်စုံတစ်ခုသော တရားမည်သည် မရှိ" ဟု ယူကြ၏။ ထိုဆရာတို့၏ အယူမမှန်ပုံကို အောက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဖြင့် ထင်ရှားကုန်၏။

www.dhammadownload.com

<u>ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဟောတော်မူပုံ (၁)</u>

"အဘယ်သို့လျှင် အရိယာမင်္ဂဟူသောပယောဂကြောင့် ကိလေသာတို့၏ငြိမ်းခြင်း၌ ပညာသည် ဖိုလ်ဉာဏ်မည်သနည်း?

သောတာပတ္တိမင်္ဂဉာဏ်၌ နိဗ္ဗာန်ကိုမြင်ခြင်း အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏၊ ဗဟိဒ္ဓဖြစ်သော အလုံးစုံသောသင်္ခါရနိမိတ်တို့မှလည်းထ၏၊ ထိုသောတာပတ္တိမင်္ဂဟူသော ထခြင်းပယောဂငြိမ်းသည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်၏၊ ဤသမ္မာဒိဋ္ဌိသည် မင်္ဂ၏အကျိုး ဖိုလ်ပေတည်း" ဤသို့စသည်ဖြင့် ချဲ့၍ သိအပ်၏။

<u>ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဟောတော်မူပုံ (၂)</u>

"ဘုံ ၃-ပါး၌ အတွင်းမဝင်သော ၄-ပါးသော မင်္ဂတို့သည်လည်းကောင်း, ၄-ပါးသော သာမညဖိုလ်တို့သည်လည်းကောင်း ရှိကုန်၏၊ ဤတရားတို့သည် အတိုင်းအရှည်မရှိသော နိဗ္ဗာန်လျှင် အာရုံရှိသောတရားတို့ မည်ကုန်၏။"

<u>ပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ ဟောတော်မူပုံ (၃)</u>

"မဟဂ္ဂုတ်တရားသည် အတိုင်းအရှည်မရှိသော အပွမာဏတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၁]"

ဤသို့ အစရှိသော စကားတို့သည် သင်္ဂေသဘဝက ဖြစ်ကုန်၏။

မှတ်ချက်။ ။ ၁- နိရောဓသမာပတ်မှ ထသောအခါ ဖြစ်ပေါ်လာသော အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်အား နိရောဓသမာပတ်သို့ရောက်ခါနီး နောက်ဆုံးချုပ်ခဲ့သော နေဝသညာနာသညာယတန မဟဂ္ဂုတ် စိတ္တုပ္ပါဒ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဆိုလို၏။

~ ~ ~ ~ ~ ~ ~ ~

ဖလသမာပတ် ဆိုင်ရာသိဖွယ်များ

၁။ ဖလသမာပတ်ဟူသည် အဘယ်နည်း?

ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ အရိယာဖိုလ်၏ ရောက်ခြင်းသည် ဖလသမာပတ်- ဖိုလ်ဝင်စားခြင်း မည်၏။

၂။ ဖလသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ ဝင်စား/မဝင်စား ကုန်သနည်း?

မဝင်စားနိုင်သောပုဂ္ဂိုလ်= အလုံးစုံသောပုထုဇဉ်ပုဂ္ဂိုလ်(အဘယ့်ကြောင့်ဆိုသော် မရဿေးသောကြောင့်)
ဝင်စားနိုင်သောပုဂ္ဂိုလ် = အလုံးစုံသောအရိယာပုဂ္ဂိုလ် (အဘယ့်ကြောင့်ဆိုသော် ရဿေးဖြစ်သောကြောင့်)

မေး။ ။ အထက်အရိယာတို့သည် အောက်ဖြစ်သောဖိုလ်တို့ကို မဝင်စားခြင်းအကြောင်း?

ဖြေ။ ။ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂိုလ်တစ်ပါး၏အဖြစ်သို့ရောက်ခြင်းဖြင့် အောက်အောက်သောဖိုလ်တို့ငြိမ်းပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။

(လောကီသမာပတ်ဖြစ်သော ဈာန်တို့အရာ၌ ပုထုဇဉ်သည် အထက်သမာပတ်ကိုရသောအခါ၌လည်း ပုထုဇဉ်သာဖြစ်၍ ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ မရောက်ပေ၊ လောကုတ္တရာသမာပတ်၌ကား ပုထုဇဉ်ဘဝမှ သောတာပတ္တိဖိုလ်ကို ရလျှင် ပုထုဇဉ် မဟုတ်တော့ပေ၊ သောတာပန်မည်သော ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်၏၊ ထို့အတူ အထက်အထက်ဖြစ်သော သကဒါဂါမိဖိုလ် စသည်တို့ကို ရလျှင် သကဒါဂါမ်ပုဂ္ဂိုလ်စသည်ဖြင့် ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်၏၊ ထို့ကြောင့် အောက်ဖိုလ်များသည် မိမိတို့နှင့် မသက်ဆိုင်တော့သောကြောင့် အထက်အရိယာပုဂ္ဂိုလ်တို့သည် အောက်ဖြစ်သော ဖလသမာပတ်ကို မဝင်စားနိုင်ကြခြင်း ဖြစ်ပါသည်။)

www.dhammadownload.com

မေး။ ။ အောက်ဖြစ်သော အရိယာတို့သည် အထက်ဖြစ်သောဖိုလ်ကို မဝင်စားခြင်းအကြောင်း?
ဖြေ။ ။ အဘယ့်ကြောင့်ဆိုသော် မရသေးသောကြောင့် ဖြစ်ပါသည်။

မေး။ ။ အဘယ်အရိယာတို့သည် အဘယ်ဖိုလ်ကို ဝင်စားသနည်း?
ဖြေ။ ။ အလုံးစုံသော အရိယာတို့သည် မိမိ မိမိ၏ ရပြီးဖိုလ်ကိုသာ ဝင်စား၏။

၃။ အဘယ်ကြောင့် ဝင်စားကုန်သနည်း?

မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးငှာ ဝင်စားကုန်၏၊
ဥပမာ – မင်းသည် မင်း၏စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့၊ နတ်တို့သည် နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့ ထို့အတူ အရိယာပုဂ္ဂိုလ်တို့သည် အရိယာ၏ဥစ္စာဖြစ်သော လောကုတ္တရာချမ်းသာကို ခံစားကုန်အံ့–ဟု နှလုံးသွင်း၍ ကာလအပိုင်းအခြားကိုပြုပြီးလျှင် အလိုရှိတိုင်းအလိုရှိတိုင်း သောခဏ၌ ဖလသမာပတ်ကို ဝင်စား၏။

၄။ ဖလသမာပတ်ကို အဘယ်သို့ဝင်စားသနည်း?

ဝင်စားခြင်း ၂–ချက်

– နိဗ္ဗာန်မှ တစ်ပါးသောအာရုံ (အလုံးစုံသောသင်္ခါရနိမိတ်)ကို နှလုံးမသွင်းခြင်း၊
– (နိမိတ်ကင်းသော) နိဗ္ဗာန်ကိုသာ နှလုံးသွင်းခြင်းအားဖြင့် ဖလသမာပတ်ကို ဝင်စားပါသည်။

အနိမိတ္တစေတောဝိမုတ္တိ မည်သော ဖလသမာပတ်ဝင်စားပုံ အစီအစဉ်

ဖလသမာပတ်ဝင်စားလိုသော အရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် တစ်ခြားအာရုံတို့မှ ဖဲခွါပြီး တစ်ပါးတည်းကိန်းအောင်း နေထိုင်ရမည်၊ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်တို့ကို အစဉ်အတိုင်းဖြစ်စေပြီးလျှင်၊ သင်္ခါရလျှင်အာရုံရှိသော ဂေါတြဘူ(အနုလုံ)၏ အခြားမဲ့၌ ဖိုလ်သို့ရောက်သည့်အစွမ်းဖြင့် ချုပ်ငြိမ်းရာနိဗ္ဗာန်၌ စိတ်သည် သက်ဝင်၏။

ဤဖလသမာပတ်ဝင်စားရာ၌ သေက္ခပုဂ္ဂိုလ်တို့အား ဝိပဿနာအလုပ်လုပ်သော်လည်း စိတ်ကဖိုလ်သို့သာ ညွတ်သောကြောင့် ဖိုလ်သည်သာလျှင် ဖြစ်ပေါ်၏၊ အထက်မဂ်သည်ကား မဖြစ်ပေါ်ပေ။

ဖလသမာပတ်ဝင်စားမှုနှင့်ပတ်သက်၍ အဘယဂီရိဝါသီဆရာတို့၏အယူနှင့် ထိုအယူမှာ အသင့်ယုတ္တိမရှိကြောင်း ပဋိသမ္ဘိဒါမဂ်ပါဠိဖြင့် ပယ်ရှားပြချက်

ထိုဆရာတို့အယူမှာ–
သောတာပန်သည် ဖလသမာပတ်ဝင်စားအံ့ ဟု ဝိပဿနာဖြစ်လျှင် သကဒါဂါမ် ဖြစ်သွား၏၊
သကဒါဂါမ်သည်လည်း ။ ။ အနာဂါမ် ဖြစ်သွား၏ ဟု ဆိုကုန်၏။
ဤသို့ဖြစ်လျှင်
အနာဂါမ် သည် ။ ။ ရဟန္တာ ဖြစ်သွားလတ္တံ့၊
ရဟန္တာ သည် ။ ။ ပစ္စေကဗုဒ္ဓ ဖြစ်သွားလတ္တံ့၊
ပစ္စေကဗုဒ္ဓသည်လည်း ။ ။ ဗုဒ္ဓ–မြတ်စွာဘုရားဖြစ်သွားလတ္တံ့ ဟု
ဆိုအပ်ကုန်၏၊ ထိုသို့ မဖြစ်ထိုက်သောကြောင့် ထိုဆရာတို့၏ စကားသည် ယုတ္တိရှိသောစကား မဟုတ်ပေ။

စင်စစ်သော်ကား ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံမှာ "ဖိုလ်သို့ရောက်ရန် စိတ်သည်ညွတ်ထားသည်၏ အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်အားသော်လည်း ဖိုလ်သာလျှင် ဖြစ်၏၊ အထက်မဂ်သည်ကား မဖြစ်"

www.dhammadownload.com

၅။ ဖလသမာပတ်သည် အဘယ်သို့တည်သနည်း?

တည်တံ့ခြင်း ၃-ချက်

ဖလသမာပတ်သည် ဝင်စားခြင်း ၂-ချက်၊ ရှေ့အဖို့၌ ပြုပြင်ခြင်းတို့ဖြင့် တည်တံ့၏။

(ရှေ့အဖို့၌ပြုပြင်ခြင်း ဟူသည်- ဤမည်သောကာလ၌ သမာပတ်မှထအုံ့ဟု ဖိုလ်မဝင်စားမီ ကာလကို ပိုင်းခြားခြင်းဖြစ်၏၊ သို့မှသာ ပိုင်းခြားထားသောကာလပတ်လုံး ဖလသမာပတ်၏ တည်တံ့ခြင်းသည် ဖြစ်၏)

၆။ ဖလသမာပတ်မှ အဘယ်သို့ထသနည်း?

ထခြင်း ၂-ချက်

- အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်း
- (နိမိတ်ကင်းသော)နိဗ္ဗာန်ကိုနှလုံးမသွင်းခြင်း ဤ ၂-ပါးသောအကြောင်းဖြင့် ဖလသမာပတ်မှ ထ၏။

၇။ ဖိုလ်၏ အခြားမဲ့တရား? ဘယ်တရား၏ အခြားမဲ့၌ ဖိုလ်ဖြစ်?

| | | |

www.dhammadownload.com

တတိယ ပညာဘာဝနာနိဿသ = နိရောဓသမာပတ်

နိရောဓသမာပတ်ဆိုင်ရာ သိဖွယ်များ

၁. နိရောဓသမာပတ် ဟူသည်?
၂. အဘယ်ပုဂ္ဂိုလ်တို့ဝင်စား/မဝင်စားနိုင်?
၃. အဘယ်ဘုံ၌ ဝင်စား?
၄. အဘယ်ကြောင့် ဝင်စား?
၅. ဝင်စားပုံ အစီအစဉ်?
၆. အဘယ်သို့ တည်တံ့?
၇. အဘယ်သို့ ထ?
၈. နိရောဓမှ ထသောပုဂ္ဂိုလ်၏ စိတ်သည် အဘယ်သို့ညွတ်?
၉. သေသူနှင့် နိရောဓဝင်စားသူ အထူး?
၁၀. သခ်ၤတ,အသခ်ၤတ?လောကီ,လောကုတ္တရာ?**နိပ္ပန္န,အနိပ္ပန္န**?

၁။ <u>နိရောဓသမာပတ်ဟူသည်</u>

အစဉ်အတိုင်းချုပ်သည်၏ အစွမ်းအားဖြင့် စိတ်, စေတသိက်, စိတ္တဇရုပ်တရားတို့၏ မဖြစ်ခြင်း။

၂။ <u>ဝင်စားနိုင်သောပုဂ္ဂိုလ်</u>

ပဋ္ဌဝေါကာရဘုံသား သမာပတ် ၈-ပါး, ၉-ပါးရသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ

<u>မဝင်စားနိုင်သောပုဂ္ဂိုလ်</u>

အလုံးစုံသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်နှင့် သုက္ခဝိပဿကဖြစ်သော အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်

နိရောဓသမာပတ် မဝင်စားနိုင်ခြင်းအကြောင်း

နိရောဓသမာပတ်၌ 'ဉာဏ်' မည်ခြင်း အချက် ၅-ချက် ရှိပါသည်၊ ၎င်းတို့မှာ-

(၁) သမထ, ဝိပဿနာ ၂-မျိုးသော အားတို့နှင့် ပြည့်စုံခြင်း၊
(၂) ဝစီ, ကာယ, စိတ္တ ၃-မျိုးသော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်း၊
(၃) ၁၆-မျိုးသော ဉာဏ်ဖြစ်ခြင်း၊
(၄) ၉-မျိုးသော သမာဓိဖြစ်ခြင်း၊
(၅) လေ့လာနိုင်နင်းသည်အဖြစ်(ဝသီဘော်) ဟူသောပညာ တို့ဖြစ်၏။

ဤ အချက် ၅-ချက်နှင့် ပြည့်စုံခြင်းသည် သမာပတ် ၈-ပါးကို ရသော အနာဂါမ်နှင့် ရဟန္တာတို့ကို ထား၍ တစ်ပါးသော ပုဂ္ဂိုလ်တို့အား မရှိချေ၊ ထို့ကြောင့်

- အလုံးစုံသောပုထုဇဉ်သည် နိရောဓသမာပတ်၌ 'ဉာဏ်'မည်သော အထက်ပါအကြောင်းတရားတို့၏မရှိခြင်း
- အလုံးစုံသောသောတာပန်သည် ၁၀-ပါးသောဉာဏ်, အလုံးစုံသောသကဒါဂါမ်သည် ၁၂-ပါးသောဉာဏ် ဖြစ်ခြင်းရှိသော်လည်း သမာဓိ၏ဘေးရန်ဖြစ်သော တပ်မက်မှုရာဂကိုမပယ်ရသေး၍ သမထအား မပြည့်စုံ၊ ထို့ကြောင့် ၂-မျိုးသောအားတို့ဖြင့် ဝင်စားအပ်သော နိရောဓသမာပတ်အင်အား ချို့တဲ့ခြင်း၊
- သုက္ခဝိပဿက အနာဂါမ်နှင့် ရဟန္တာတို့သည်လည်းကောင်း, စတုဝေါကာရဘုံမှ အနာဂါမ်နှင့် ရဟန္တာတို့ သည်လည်းကောင်း အစဉ်အတိုင်းဝင်စားသောသမာပတ်မရှိခြင်း- တို့ကြောင့် နိရောဓသမာပတ် မဝင်စား နိုင်ပါ။

(၁) သမထ, ဝိပဿနာ ၂-မျိုးသောအားတို့နှင့် ပြည့်စုံခြင်း

ဗလခေါ် အား ၂-ပါးဟူသည်မှာ- သမထအားနှင့် ဝိပဿနာအားကို ဆိုလိုသည်။

သမထအား ဟူသည် . . .

- ကာမအလိုဆန္ဒမှ ထွက်မြောက်ခြင်း၊ နေကွမ္မ၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း သည် သမထအား မည်၏။
- စိတ်မပျက်ခြင်း, စိတ်မဆိုးခြင်း အဗျာပါဒ၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း သည် သမထအား မည်၏။

www.dhammadownload.com

- အရောင်အလင်း၌ မှတ်သားခြင်း အာလောကသညာ၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအား မည်၏။
- မပျံ့လွင့်ခြင်း အဝိက္ခေပ၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအား မည်၏။
- ပဋိနိဿဂ္ဂါနုပဿနာရှုသော ယောဂီပုဂ္ဂိုလ်၏ ဝင်သက်(အဿာသ)၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအား မည်၏။
- ပဋိနိဿဂ္ဂါနုပဿနာရှုသော ယောဂီပုဂ္ဂိုလ်၏ ထွက်သက်(ပဿာသ)၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအား မည်၏။

အဘယ်အနက်သဘောကြောင့် သမထအား မည်ပါသနည်း . . .

- နိဝရဏကြောင့် တုန်လှုပ်ခြင်းမရှိအောင် အားပေးတတ်သည့် အနက်သဘောကြောင့် ပထမဈာန်သည် သမထအား မည်၏။
- ဝိတက်,ဝိစာရကြောင့် တုန်လှုပ်ခြင်းမရှိအောင် အားပေးတတ်သည့် အနက်သဘောကြောင့် ဒုတိယဈာန်သည် သမထအား မည်၏။ . . . ပ . . . ။
- အာကိဉ္စညာယတနသမာပတ်ကြောင့် တုန်လှုပ်ခြင်းမရှိအောင် အားပေးတတ်သည့် အနက်သဘောကြောင့် နေဝသညာနာသညာယတနသမာပတ်သည် သမထအား မည်၏။
- ပျံ့လွင့်မှု ဥဒ္ဓစ္စကြောင့်လည်းကောင်း၊ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာကြောင့်လည်းကောင်း၊ ခန္ဓာကြောင့်လည်းကောင်း မတုန်လှုပ် မရွေ့ရှား၊ ထို့ကြောင့် သမထအား မည်၏။

ဝိပဿနာအား ဟူသည် . . .

- အနိစ္စာနုပဿနာသည် ဝိပဿနာအား မည်၏။
- ဒုက္ခာနုပဿနာသည် ဝိပဿနာအား မည်၏။
- အနတ္တာနုပဿနာသည် ဝိပဿနာအား မည်၏။
- နိဗ္ဗိဒါနုပဿနာသည် ဝိပဿနာအား မည်၏။
- ဝိရာဂါနုပဿနာသည် ဝိပဿနာအား မည်၏။
- နိရောဓာနုပဿနာသည် ဝိပဿနာအား မည်၏။
- ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား မည်၏။
- ရုပ်၌ အနိစ္စာနုပဿနာသည် . . . ပ . . . ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား မည်၏။
- ဝေဒနာ၌၊ သညာ၌၊ သင်္ခါရ၌၊ ဝိညာဏ်၌ အနိစ္စာနုပဿနာသည်. . . ပ . . . ပဋိနိဿဂ္ဂါ-နုပဿနာသည် ဝိပဿနာအား မည်၏။
- မျက်စိ၌ ။ ပ ။ ဇရာမရဏ၌ အနိစ္စာနုပဿနာသည် ။ ပ ။ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား မည်၏။

အဘယ်အနက်သဘောကြောင့် ဝိပဿနာအား မည်ပါသနည်း . . .

- အနိစ္စာနုပဿနာဖြင့် နိစ္စသညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အနိစ္စာနုပဿနာသည် ဝိပဿနာအား မည်၏။
  (မြဲသည်ဟု ထင်မှတ်လျှင် တုန်လှုပ်သည် မည်၏၊ အနိစ္စာနုပဿနာဖြင့် မမြဲဟု သိမြင်သူမှာ ထိုသို့သော တုန်လှုပ်ခြင်းမရှိ၊ ထို့ကြောင့် အနိစ္စာနုပဿနာသည် ဝိပဿနာအား မည်၏ ဟု ဆိုလိုသည်။)
- ဒုက္ခာနုပဿနာဖြင့် သုခသညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် ဒုက္ခာနုပဿနာသည် ဝိပဿနာအား မည်၏။

www.dhammadownload.com

- အနတ္တာနုပဿနာဖြင့် အတ္တသညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အနတ္တာနုပဿနာသည် ဝိပဿနာအား မည်၏။
- နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ခြင်းနန္ဒီကြောင့် မတုန်လှုပ်၊ ထို့ကြောင့် နိဗ္ဗိဒါနုပဿနာသည် ဝိပဿနာအား မည်၏။
- ဝိရာဂါနုပဿနာဖြင့် တပ်မက်မှုရာဂကြောင့် မတုန်လှုပ်၊ ထို့ကြောင့် ဝိရာဂါနုပဿနာသည် ဝိပဿနာအား မည်၏။
- နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်းသမုဒယကြောင့် မတုန်လှုပ်၊ ထို့ကြောင့် နိရောဓာနုပဿနာသည် ဝိပဿနာအား မည်၏။
- ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းအာဒါနကြောင့် မတုန်လှုပ်၊ ထို့ကြောင့် ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား မည်၏။
- အဝိဇ္ဇာကြောင့်လည်းကောင်း၊ အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာကြောင့်လည်းကောင်း၊ ခန္ဓာကြောင့်လည်းကောင်း မတုန်လှုပ် မရွေ့ရှား၊ ထို့ကြောင့် ဝိပဿနာအား မည်၏။

(၂) ဝစီ, ကာယ, စိတ္တ ၃-မျိုးသော သခ်ါရတို့၏ ချုပ်ငြိမ်းခြင်း

- ဒုတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝိတက်,ဝိစာရ ဟူသော ဝစီသင်္ခါရတို့သည် ချုပ်ငြိမ်းကုန်၏။
- စတုတ္ထဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ထွက်သက်,ဝင်သက် ဟူသော ကာယသင်္ခါရတို့သည် ချုပ်ငြိမ်းကုန်၏။
- သညာ, ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်အား သညာ, ဝေဒနာ ဟူသော စိတ္တသင်္ခါရ တို့သည် ချုပ်ငြိမ်းကုန်၏။

မှတ်ချက်။ ။ ဝစီ = စကား + သင်္ခါရ = ပြုမှု၊ - ဝစီသင်္ခါရ = စကားကိုပြုကြောင်း, စကားကို ပြောဆိုကြောင်းဖြစ်သော ကြံစည်စဉ်းစားမှု။ စကားပြောလျှင် ကြံစည်စဉ်းစား၍ ပြောရသည်၊ ထို့ကြောင့် ကြံစည်စဉ်းစားမှု - ဝိတက်, ဝိစာရတို့ကို ဝစီသင်္ခါရ ဟု ခေါ်သည်။

ကာယ = ကိုယ်ဖြင့် + သင်္ခါရ = ပြုအပ်သောတရား - ကာယသင်္ခါရ = နာခေါင်း, ဝမ်းဗိုက်စသော ကိုယ်ဖြင့် ပြုအပ်သော ထွက်သက်, ဝင်သက်။ ၎င်းတို့မှာ စတုတ္ထဈာန်သို့ ရောက်သောအခါ ငြိမ်းကုန်၏၊ ဤသို့ ငြိမ်းပုံကို ဆိုလိုသည်။

နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်သည် ဈာန်တို့ကိုအစဉ်အတိုင်းဝင်စား၍ ဝိပဿနာရှုရ၏၊ ထို့ကြောင့် ဒုတိယဈာန်ကို ဝင်စားသောအခါ ထို ဝိတက်, ဝိစာရတို့သည် ငြိမ်းကုန်၏၊ ဤသို့ ငြိမ်းပုံကို ဆိုလိုသည်။

(၃) ၁၆-မျိုးသော ဉာဏ်ဖြစ်ခြင်း

အနိစ္စာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း၊ ဒုက္ခာနုပဿနာသည်၊ အနတ္တာနုပဿနာသည်၊ နိဗ္ဗိဒါနုပဿနာသည်၊ ဝိရာဂါနုပဿနာသည်၊ နိရောဓာနုပဿနာသည်၊ ပဋိနိဿဂ္ဂါနုပဿနာသည်၊ ဝိဝဋ္ဋာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း။

သောတာပတ္တိမဂ်သည် ဉာဏ်ဖြစ်ခြင်းတည်း၊ သောတာပတ္တိဖလသမာပတ်သည်၊ သကဒါဂါမိမဂ်သည်၊ သကဒါဂါမိ ဖလသမာပတ်သည်၊ အနာဂါမိ မဂ်သည်၊ အနာဂါမိ ဖလသမာပတ်သည်၊ အရဟတ္တမဂ်သည်၊ အရဟတ္တဖလသမာပတ်သည် ဉာဏ်ဖြစ်ခြင်းတည်း။

(၄) ၉-မျိုးသော သမာဓိဖြစ်ခြင်း

ပထမဈာန်သည် သမာဓိဖြစ်ခြင်းတည်း၊ ဒုတိယဈာန်သည် ။ပ။ နေဝသညာနာသညာယတနသမာပတ်သည် သမာဓိဖြစ်ခြင်းတည်း။ (ပထမဈာန်ကို ရခြင်းအကျိုးငှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသည် သမာဓိဖြစ်ခြင်းတည်း ။ပ။ နေဝသညာနာသညာယတနသမာပတ်ကို ရခြင်းအကျိုးငှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသည် သမာဓိဖြစ်ခြင်းတည်း၊)

www.dhammadownload.com

(၅) လေ့လာနိုင်နင်းသည်အဖြစ် (ဝသီဘော်)ဟူသော ပညာ

(က) အာဝဇ္ဇနဝသီဘော်

ပထမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး နှလုံးသွင်း၏၊ နှလုံးသွင်းခြင်း၌ နေးသည်ဟူ၍ မရှိပေ၊ ဤသို့ဖြစ်သည်ကို အာဝဇ္ဇနဝသီဘော်-နှလုံးသွင်းမှု၌ လေ့လာနိုင်နင်းခြင်း ဟု ခေါ်သည်။

(ခ) သမာပဇ္ဇနဝသီဘော်

ပထမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဝင်စား၏၊ ဝင်စားခြင်း၌ နေးသည်ဟူ၍ မရှိပေ၊ ဤသို့ဖြစ်သည်ကို သမာပဇ္ဇနဝသီဘော်- ဝင်စားမှု၌ လေ့လာနိုင်နင်းခြင်း ဟု ခေါ်သည်။

(ဂ) အဓိဋ္ဌာနဝသီဘော်

ပထမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး တည်တံ့စေရန် အဓိဋ္ဌာန်ဆောက်တည်၏၊ ထိုဆောက်တည်သည့်အတိုင်း တည်တံ့ခြင်း၌ နေးသည်ဟူ၍ မရှိပေ၊ ဤသို့ဖြစ်သည်ကို အဓိဋ္ဌာနဝသီဘော်-အဓိဋ္ဌာန်ဆောက်တည်ခြင်း၌ လေ့လာနိုင်နင်းခြင်းဟု ခေါ်သည်။

(ဃ) ဝုဋ္ဌာနဝသီဘော်

ပထမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး ဝင်စား၍ ၎င်းမထ၏၊ ထခြင်း၌ နေးသည်ဟူ၍ မရှိပေ၊ ဤသို့ဖြစ်သည်ကို ဝုဋ္ဌာနဝသီဘော်-ထမှု၌ လေ့လာနိုင်နင်းခြင်းဟု ခေါ်သည်။

(င) ပစ္စဝေက္ခဏာဝသီဘော်

ပထမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နေးသည်ဟူ၍ မရှိပေ၊ ဤသို့ဖြစ်သည်ကို ပစ္စဝေက္ခဏာဝသီဘော်-ဆင်ခြင်မှု၌လေ့လာနိုင်နင်းခြင်း ဟု ခေါ်သည်။

မှတ်ချက်။ ။ ဒုတိယစျာန်ကို။ပ။ နေဝသညာနာသညာယတနသမာပတ်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး နှလုံးသွင်း၏၊

မေး။ ။ နိရောဓသမာပတ်၌ ဉာဏ်မည်ခြင်း၌လာသော ၁၆-မျိုးသောဉာဏ် ဟူသော စကားသည် အဘယ်ပုဂ္ဂိုလ်ကို ရည်ညွှန်းပါသနည်း?

ဖြေ။ ။ အလွန်အားဖြင့်ညွှန်ပြချက် (ဥက္ကဋ္ဌနိဒ္ဒေသ)အားဖြင့် ရဟန္တာပုဂ္ဂိုလ်အတွက် ရည်ညွှန်းပါသည်။

မေး။ ။ အနာဂါမ်ပုဂ္ဂိုလ်အတွက်ဆိုလျှင်?

ဖြေ။ ။ ၁၄-မျိုးသောဉာဏ် ဟု မှတ်ယူရပါမည်။

မေး။ ။ သို့ဖြစ်ပါက သောတာပန်, သကဒါဂါမ်တို့အတွက်လည်း ၁၀-မျိုး, ၁၂-မျိုးသော ဉာဏ်တို့ဖြင့် နိရောဓဝင်စားခြင်း ဖြစ်နိုင် မဖြစ်နိုင်?

ဖြေ။ ။ မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ကာမရာဂကို မပယ်ရသေးသဖြင့် သမထ၏ဘေးရန်ဖြစ်သော ကာမစ္ဆန္ဒနီဝရဏကို မပယ်ရသေးသောကြောင့် သမထအား မပြည့်စုံပါ။
(အနာဂါမ်မှာမူ ကာမရာဂကို အကြွင်းမဲ့ပယ်ထားပြီးဖြစ်၍၊ ပြည့်စုံသောသမာဓိအားရှိသောကြောင့် နိရောဓဝင်စားနိုင်၏။)

www.dhammadownload.com

မေး။ ။ နိရောဓမှထသောပုဂ္ဂိုလ်အား နေဝသညာကုသိုလ်သည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဟောကြားချက်သည် အဘယ်သူသည်, အဘယ်ကျမ်း၌, အဘယ်ပုဂ္ဂိုလ်အတွက် ရည်၍ ဟောထားခြင်း ဖြစ်သနည်း?

ဖြေ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မဟာပကရဏ (အနန္တနယသမန္တပကရဏ)မည်သော ပဋ္ဌာန်းကျမ်း၌ နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်အတွက် ရည်ရွယ်၍ဟောထားခြင်း ဖြစ်ပါသည်။

၃။ ဝင်စားနိုင်သောဘုံ

နိရောဓသမာပတ်ကို အပါယ် ၄-ဘုံ ကြဉ်သော ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရ ၂၂-ဘုံဖြစ်သည့် ကာမသုဂတိ-၇ဘုံနှင့် အသညသတ်ကြဉ်သော ကြွင်းသောရူပဘဝ၅-ဘုံတို့၌ ဝင်စားနိုင်သည်၊ အဘယ့်ကြောင့်ဆိုသော် အစဉ်အတိုင်း စျာန်ဝင်စားနိုင်ခြင်း ရှိသောကြောင့် ဖြစ်ပါသည်။

မေး။ ။ စတုဝေါကာရဘုံ(အရူပဘုံ)၌ နိရောဓသမာပတ်ဝင်စားနိုင်ခြင်း မရှိကြောင်း ဝါဒစုံလင်စွာဖော်ပြပါ။

ဖြေ။ ။ စတုဝေါကာရဘုံ(အရူပဘုံ)၌ ပထမစျာန်စသည်တို့၏ဖြစ်ခြင်း မရှိသောကြောင့် နိရောဓသမာပတ် ဝင်စားနိုင်ခြင်းမရှိပါ။ (သမာနဝါဒ)

ကေစိဆရာတို့ကမူ အရူပဖြဟ္မာကြီးများတွင် ဝတ္ထုရုပ်မရှိသောကြောင့် နိရောဓသမာပတ်မဝင်စားနိုင်ဟု ဆိုကြ၏။ (ကေစိဝါဒ)

၄။ နိရောဓသမာပတ် ဝင်စားရခြင်း၏ရည်ရွယ်ချက်

သခ်ါရတို့၏ ဖြစ်ခြင်းပျက်ခြင်း၌ ငြီးငွေ့၍၊ မျက်မှောက်ဘဝ၌ပင်လျှင် စိတ်မရှိသည်ဖြစ်၍၊ ချုပ်ခြင်းဟူသော အငြိမ်းဓာတ်နိဗ္ဗာန်သို့ ရောက်လျက်၊ ချမ်းသာစွာနေကုန်အံ့ ဟု ရည်ရွယ်၍ ဝင်စားတော်မူကြခြင်း ဖြစ်ပါသည်။

၅။ ဝင်စားပုံအစီအစဉ်

မေး။ ။ နိရောဓဝင်စားခြင်းသည် သမထအစွမ်းအားဖြင့်သာလော? ဝိပဿနာအစွမ်းအားဖြင့်သာလော? ၂-ပါးစုံ အစွမ်းအားဖြင့်သာလော? အကျဉ်းမျှ ဖြေဆိုပါ။

ဝင်စားပုံအကျဉ်း - သမထ,ဝိပဿနာ ၂-ပါးစုံ အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်၍ ပုဗ္ဗကိစ္စကို ပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ချုပ်စေသော ပုဂ္ဂိုလ်အားသာလျှင် နိရောဓသမာပတ်သို့ရောက်၏၊ သမထအစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်လျှင် နိရောဓသို့ မရောက်ဘဲ နေဝသညာနာသညာယတနသမာပတ်သို့ သာလျှင် ရောက်၍ တည်၏၊ ဝိပဿနာအစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်လျှင် နိရောဓသို့မရောက်ဘဲ ဖလသမာပတ်သို့သာလျှင်ရောက်၍တည်၏။

ဝင်စားပုံအကျယ် - နိရောဓဝင်စားလိုသော ရဟန်းသည် - ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော်/ ခြေလက်ဆေးကြော/ ဆိတ်ငြိမ်ရာကပ်/ကောင်းစွာခင်းထားသောအခင်း၌ ကိုယ်အထက်ပိုင်း ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု 'သတိ' ဖြစ်စေလျက် တင်ပလ္လင်ခွေလျက်ထိုင်ရမည်၊ ထိုရဟန်းသည် ပထမစျာန်ဝင်စား, စျာန်မှထ, စျာန်တွင်ပါဝင်သော သခ်ါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု မနဲ့လွန်း မထက်လွန်းသောအားဖြင့် ဝိပဿနာရှုရမည်၊ ဤသို့အစဉ်အတိုင်း အာကိဉ္စညာယတနစျာန်တိုင်အောင်သွားရမည်၊အာကိဉ္စညာယတနစျာန်ဝင်စား, စျာန်မှထလျှင် ဝိပဿနာမရှုဘဲ ပုဗ္ဗကိစ္စ ၄-ချက်ပြုပါသည်။ ထို့နောက် နေဝသညာနာသညာယတနစျာန် ၂-ကြိမ်ဖြစ်ပြီး၊ သခ်ါရ ၃-ပါးတို့အစဉ်အတိုင်းချုပ်ခြင်းဖြင့် စိတ်, စေတသိက်, စိတ္တဇရုပ်တို့ချုပ်ခြင်း ဟူသော နိရောဓသမာပတ်သို့ ရောက်၍ တည်၏။

www.dhammadownload.com

မှတ်ချက်။ ။ "မနုံ့လွန်း မထက်လွန်းသော ဝိပဿနာ" ဟူသောစကားနှင့် ပတ်သက်၍ မှတ်ဖွယ်-
ဝိပဿနာသည် အောက်ပါအတိုင်း (၃)မျိုးရှိသည်။

(က) **သခ်ါရတို့ကိုသိမ်းဆည်းသော ဝိပဿနာ** = မင်္ဂ၏ရှေ့အဖို့၌ သခ်ါရတို့ကိုရှုသော ဝိပဿနာသည် နုံ့သည်ဖြစ်စေ, ထက်သည်ဖြစ်စေ, မင်္ဂ၏ နီးသောအကြောင်းပင် ဖြစ်၏၊

(ခ) **ဖလသမာပတ်၏ ဝိပဿနာ** = ဖလသမာပတ်၏ ရှေ့အဖို့၌ သခ်ါရတို့ကိုရှုသော ဝိပဿနာသည် မင်္နှင့်တူစွာ ထက်ရ၏၊

(ဂ) **နိရောဓသမာပတ်၏ ဝိပဿနာ** = နိရောဓသမာပတ်၏ ရှေ့အဖို့၌ သခ်ါရတို့ကိုရှုသော ဝိပဿနာသည် မနုံ့လွန်းမထက်လွန်း ဖြစ်ရပါမည်။

ပုဗ္ဗကိစ္စ ၄-ချက်

(၁) အသီးအခြားဖြစ်၍ မဆက်စပ်သည်တို့ကို မပျက်စေခြင်း
(၂) သံဃာ၏ ငုံလင့်ခြင်းကို ဆင်ခြင်ခြင်း
(၃) မြတ်စွာဘုရား ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း
(၄) အသက်ကာလအပိုင်းအခြားကို ဆင်ခြင်ခြင်း

(၁) အသီးအခြားဖြစ်၍ မဆက်စပ်သည်တို့ကို မပျက်စေခြင်း

နိရောဓင်စားမည့် ရဟန်းနှင့် တကွတစ်စပ်တည်း မဟုတ်၊ မဆက်စပ်ဘဲ အသီးအခြားဖြစ်လျက် တည်ရှိနေသော သင်္ကန်း, ညောင်စောင်းအင်းပျဉ်, ကျောင်းစသော အခြားသော ပရိက္ခရာတို့ကို မီး၊ ရေ၊ လေ၊ ခိုးသူ၊ ကြွက် စသည်တို့ကြောင့် မပျက်စီးအောင် အဓိဋ္ဌာန်ခြင်း ဖြစ်ပါသည်။

* အဓိဋ္ဌာန်မပြုသောရဟန်း၏ ပရိက္ခရာသည်ကား မီးစသည်ကြောင့်ပျက်စီး၏၊

သာဓက - အရှင်မဟာနာဂမထေရ်ဝတ္ထု

မဟာနာဂမထေရ်သည် မယ်တော်ဥပါသိကာမကြီး၏ရွာသို့ ဆွမ်းခံဝင်လေ၏၊ ဥပါသိကာမကြီးသည် မထေရ်အား ယာဂုကိုကပ်လှူပြီးလျှင် ဆွမ်းစားဇရပ်၌ ခေတ္တထိုင်နေစေ၏၊ မဟာနာဂမထေရ်သည် နိရောဓသမာပတ်ဝင်စားလျက် ထိုင်နေ၏၊ ထိုသို့ထိုင်နေစဉ် ဆွမ်းစားဇရပ်ကို မီးလောင်လတ်သော် အခြားသောရဟန်းတို့သည် မိမိ၏ထိုင်နေရာအခင်းကိုယူဆောင်၍ ပြေးလေကုန်၏၊ ရွာသူရွာသားတို့သည် စုရုံးကုန်၍ မထေရ်ကိုမြင်လျှင် ပျင်းရိသောရဟန်းဟု ဆိုကုန်၏၊ မီးသည် မြက်ဝါးသစ်သားတို့ကို လောင်လျက် မဟာနာဂမထေရ်ကို ဝန်းရံလျက် တည်၏၊ လူတို့သည် မီးကိုငြိမ်းစေပြီးလျှင် ပြာကိုဖယ်ရှား၍ မြေသမံတလင်းကို ပြုပြီးလျှင် ပန်းတို့ကို ဖြန့်ကြဲစေ၍ ရှိခိုးကြကုန်၏၊ မထေရ်သည် ပိုင်းခြား ထားသော အချိန်ကာလ၌ သမာပတ်မှထ၍ ထိုလူတို့ကို မြင်လတ်သော် "ငါသည် သမာပတ်ဂုဏ်ဖြင့် ထင်ရှားပေါ်လေပြီ" ဟု နှလုံးသွင်း၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဝိယဂ်ကျွန်းသို့ ကြွသွားလေ၏။

* ကိုယ်နှင့်တစ်စပ်တည်းရှိသော ပရိက္ခရာများမှာမူ သီးခြားအဓိဋ္ဌာန်ပြုရန်မလိုပေ၊ အဘယ့်ကြောင့်ဆိုသော် သမာဓိဝိပ္ဖါရိဒ္ဓိ-တန်ခိုးအစွမ်းဖြင့် ထိုမီးစသောအန္တရာယ်ကို စောင့်ရောက်ကာကွယ်ပြီး ဖြစ်သောကြောင့် တည်း။

သာဓက - အရှင်သဋ္ဌိဝမထေရ်ဝတ္ထု

နိရောဓသမာပတ်ဝင်စားနေသော အရှင်သဋ္ဌိဝမထေရ်ကို ပျံလွန်တော်မူသည်ဟုထင်မှတ်၍ နွားကျောင်းသားတို့သည် မြက်ထင်းနွားချေးတို့ဖြင့် စုပုံ၍မီးရှို့ကုန်၏၊ မထေရ်၏သင်္ကန်း၌ ချည်မျှင်တစ်မျှင်မျှသော်လည်း မီးမလောင်ဘဲရှိ၏၊ ဤသို့မီးမလောင်ခြင်းသည် အစဉ်အတိုင်းဝင်စားနေသော သမာပတ်တို့၏အစွမ်းဖြင့်ဖြစ်သော သမထသမာဓိ၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်သည်။

သာဓက- အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု

အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလာန်နှင့်အတူ ကပေါကချောက်ဝယ် လသာသောညဉ့် အချိန်၌ ထိုင်နေစဉ် ခေါင်းရိပ်ပြီးခါစတောက်ပနေသောဦးခေါင်းကို ဘီလူးဆိုးတစ်ဦးက ပြင်းစွာပုတ်ခတ်

www.dhammadownload.com

၏၊ မိုးချုန်းသကဲ့သို့အသံသည် မြည်ဟီးသွား၏၊ ထိုအချိန်၌ အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်ကိုဝင်စား၏၊ ထိုဘီလူး၏ ပုတ်ခတ်ခြင်းကြောင့် အရှင်သာရိပုတ္တရာအား တစ်စုံတစ်ရာမျှ နာကျင်ခြင်းမည်သည် မဖြစ်၊ ဤတန်ခိုးကို ဆိုသည်။

(၂) သံဃာ၏ငံ့လင့်ခြင်းကို ဆင်ခြင်ခြင်း

သံဃာ၏ငံ့လင့်ခြင်းသည် နိရောဓသမာပတ်ဝင်စားသူ၏ ပုဗ္ဗကိစ္စမဟုတ်ပေ၊ သံဃာ၏ငံ့လင့်ခြင်းကို ဆင်ခြင်ခြင်းသည်သာ ပုဗ္ဗကိစ္စဖြစ်၏၊ ထို့ကြောင့် "ငါသည်(၇)ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားနေစဉ် သံဃာသည် ကံဆောင်လို၍ ငါ့ကိုအလိုရှိငြားအံ့၊ တစ်စုံတစ်ယောက်မျှ လာ၍မခေါ်မီ သမာပတ်မှ အလိုအလျောက်ထသည် ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ထားရသည်၊ ထိုသို့အဓိဋ္ဌာန်ထားလျှင် ခေါ်မည့်ရဟန်းမခေါ်သေးမီ အချိန်ကလေးအတွင်းမှာ သမာပတ်မှ အလိုအလျောက်ထနိုင်ခြင်း အကျိုးရှိ၏။

(၃) မြတ်စွာဘုရား ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း

မြတ်စွာဘုရားခေါ်တော်မူခြင်းသည် နိရောဓသမာပတ်ဝင်စားသူ၏ ပုဗ္ဗကိစ္စမဟုတ်ပေ၊မြတ်စွာဘုရားခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်းသည်သာ ပုဗ္ဗကိစ္စဖြစ်၏၊ ထို့ကြောင့် "ငါသည်(၇)ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားနေစဉ် မြတ်စွာဘုရားသည် ရဟန်းတစ်ပါးပါးကိုလွှတ်၍ ငါ့ကိုခေါ်ငြားအံ့၊ မခေါ်မီပင် သမာပတ်မှ အလိုအလျောက်ထသည် ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ထားရသည်၊ ထိုသို့အဓိဋ္ဌာန်ထားလျှင် ခေါ်မည့်ရဟန်း မခေါ်သေးမီ အချိန်ကလေးအတွင်းမှာ သမာပတ်မှ အလိုအလျောက်ထနိုင်ခြင်း အကျိုးရှိ၏။

(၄) မိမိ၏အသက်အပိုင်းအခြားကိုဆင်ခြင်ခြင်း

မိမိ၏ အာယုသင်္ခါရတို့သည် (၇)ရက်ပတ်လုံး ဖြစ်ကုန်လတ္တံ့လော, မဖြစ်ကုန်လတ္တံ့လော ဟု နှလုံးသွင်းဆင်ခြင်ခြင်းဖြစ်သည်၊ ဤသို့မဆင်ခြင်ဘဲဝင်စားလျှင် ဖြစ်နိုင်သောအပြစ်မှာ နိရောဓဝင်စားမည့် ရဟန်း၏အသက်သည် ဝင်စားသည့်ကာလ(၇)ရက် မပြည့်မီအတွင်း ချုပ်လတ္တံ့ ဖြစ်ငြားအံ့၊ ထိုရဟန်း၏ နိရောဓသမာပတ်သည် သေခြင်းကိုကား တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ၊ နိရောဓသမာပတ်အတွင်း သေခြင်းမည်သည် မရှိသောကြောင့် ထချိန်မကျသေးမီ အကြားကာလ၌ သမာပတ်မှ ထရသောအပြစ် ရှိပါသည်။

မေး။ ။ အာကိဉ္စာန်ဝင်စား၊ စျာန်မှထ ဝိပဿနာမရှုဘဲ ပုဗ္ဗကိစ္စပြုပြီးလျှင် နေဝသညာနာသညာယတနစျာန် ၂-ကြိမ် ဝင်စားပြီး၊ စိတ်မရှိဘဲ စိတ်, စေတသိက်တို့၏ချုပ်ခြင်း နိရောဓသို့ရောက်သည် ဆိုရာ၌-

(က) နေဝသညာနာသညာယတနစျာန်စိတ် ၂-ကြိမ်တို့၏အထက်၌ စိတ်တို့သည် အဘယ့်ကြောင့် မဖြစ်ကုန်သနည်း?

(ခ) နေဝသညာနာသညာယတနစျာန်ဝင်စားရာ၌လည်း အဘယ့်ကြောင့် စိတ် ၂-ကြိမ်ထက်အလွန် မဖြစ်သနည်း?

ဖြေ။ ။ (က) အဘယ့်ကြောင့်ဆိုသော် စိတ်ချုပ်ရန်အလို့ငှာ အားထုတ်မှုပယောဂ ဖြစ်သောကြောင့် ဖြစ်သည်။ ချဲ့ပြရသော် – ဤရဟန်း၏ နှစ်ပါးကုန်သော သမထနှင့် ဝိပဿနာတရားတို့ကို ထမ်းပိုးခဲ့ညီတူဖွဲ့သကဲ့သို့ ပြု၍ ဤ ၈-ပါးသော သမာပတ်ကိုတက်ခြင်းသည် အစဉ်အတိုင်း စျာန်စိတ် ချုပ်ခြင်းငှာ အားထုတ်မှုပယောဂ ဖြစ်ပါသည်။ (သမထ, ဝိပဿနာ အစုံလိုက် အားထုတ်မှုပယောဂကြောင့် စိတ်, စေတသိက် ချုပ်ခြင်း နိရောဓသို့ရောက်ခြင်း ဖြစ်ပါသည်။)

(ခ) နေဝသညာနာသညာယတနစျာန်ကို ဝင်စားရာ၌ ၂-ကြိမ်ထက်အလွန် မဖြစ်ခြင်းမှာ ဤအားထုတ်မှုပယောဂသည် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရန်အလို့ငှာ ရည်ရွယ်၍ အားထုတ်ခြင်း မဟုတ်ပေ၊ စိတ်ချုပ်ခြင်း(နိရောဓ)ဖြစ်ရန် အလို့ငှာ ရည်ရွယ်၍ အားထုတ်ခြင်း သာဖြစ်သောကြောင့် နေဝသညာနာသညာယတနစျာန်စိတ်သည် ၂-ကြိမ်ထက်အလွန်မဖြစ်ဘဲ ရှိရပါမည်။

www.dhammadownload.com

မေး။ ။ အာကိဉ္စာန်မှထပြီး ပုဗ္ဗကိစ္စမပြုဘဲ နေဝသညာနာသညာယတနစျာန်ဝင်စားပါက နေဝသညာနာသညာယတနစျာန်မှ နောက်၌ စိတ်မရှိဘဲဖြစ်ရန်မစွမ်းနိုင်ခြင်းမှာ အဘယ်ကြောင့်ပါနည်း?

ဖြေ။ ။ ပုဗ္ဗကိစ္စမပြုလုပ်ခဲ့လျှင် စိတ်လုံခြုံမှုမရှိနိုင်သောကြောင့် နိရောဓဖြစ်ရန်မစွမ်းနိုင်ဘဲ အာကိဉ္စာန်သို့ သာပြန်ရောက်၍ တည်ရပါသည်။

မေး။ ။ အာကိဉ္စာန်မှထပြီး ပုဗ္ဗကိစ္စမပြုခြင်းနှင့် ပြုခြင်းတို့ကြောင့် ရလဒ်ကို ခရီးသွားယောဂျီများ ဥပမာဆောင်၍ ပေါ်လွင်အောင် တင်ပြပါ။

ပုဗ္ဗကိစ္စမပြုသော ရဟန်းသည် နိရောဓဖြစ်ရန်မစွမ်းနိုင်ဘဲ အာကိဉ္စာန်၌သာလျှင် တည်၏။ ဥပမာ– ခရီးကို မသွားဘူးသေးသောယောဂျီများသည် လမ်းခရီးအကြား၌ ရေရှိသောချောက်ကို ကျော်လွန်၍ တစ်ဖက်ကမ်း၌ နေပူဖြင့် ပြင်းစွာပူလောင်ကြမ်းတမ်းသောကျောက်ဖျာကို နင်း၍သွားရန်ရှိရာတွင်– ခါးဝတ်ကိုယ်ရုံကို ကောင်းစွာမပြုပြင်သောကြောင့်၊ ချောက်ကိုဆင်းကာမျှဖြင့် အဝတ်စိုမည်စိုး၍ ပြန်လှည့်လာရ၏၊ ထိုမှာဖက်ကမ်းသို့ရောက်ပြန်သော်လည်း ကြိုတင်ပြင်ဆင်မှုမရှိသောကြောင့် ကျောက်ဖျာကိုနင်းကာမျှဖြင့် ခြေထောက်ပူလောင်၍ ဤမှာဖက်ကမ်းသို့သာ ပြန်လှည့်လာရ၏။

ဤအတူပင် ပုဗ္ဗကိစ္စကို မပြုခြင်းကြောင့် နေပစျာန်ကို ဝင်စားကာမျှဖြင့် နိရောဓသို့ မရောက်ဘဲ အာကိဉ္စညာယတနစျာန်သို့ ပြန်လှည့်၍တည်၏၊ နိရောဓသို့ရောက်ပြန်သော်လည်း ရောက်ကာမျှဖြင့် နိရောဓသမာပတ်မှ ထရသောကြောင့်၊ တစ်ဖန် အစဉ်အတိုင်းဝင်စား၍ အာကိဉ္စညာယတနစျာန်သို့ရောက်၍တည်၏။

ပုဗ္ဗကိစ္စပြုသော ရဟန်းသည်ကား ဥပမာ– ထိုခရီးကို ရှေးဦးစွာဖူးသောယောဂျီးကဲ့သို့ပေတည်း၊ ထိုယောဂျီးသည်ကား ထိုဌာနသို့ ရောက်လတ်သော်, ပုဆိုးကိုမြဲမြံစွာဝတ်, အခြားတစ်ထည်ဖြင့် ပူလောင်မှုသက်သာစေရန် ကြိုတင်ပြင်ဆင်၍၊ ချောက်ကိုကူးပြီးလျှင် ကျောက်ဖျာကိုနင်းကာ လိုရာဖက်ကမ်းသို့ရောက်သကဲ့သို့ – ထို့အတူ ပုဗ္ဗကိစ္စပြုပြီးသော ရဟန်းသည် နေဝစျာန်ကိုဝင်စားပြီး နောက်ကာလ၌ စိတ်, စေတသိက်ချုပ်ခြင်းတည်းဟူသော နိရောဓသို့ရောက်လျက် နေလေသည်။

၆။ နိရောဓသမာပတ် တည်တံ့ပုံ

– ကာလအပိုင်းအခြား၏ အစွမ်းအားဖြင့် လည်းကောင်း၊

– အကြား၌ အသက်၏ကုန်ခြင်း, သံဃာတော်၏ ငဲ့လင့်ခြင်း, မြတ်စွာဘုရား၏ ခေါ်တော်မူခြင်းတို့၏ မရှိသောအားဖြင့် လည်းကောင်း၊ ရည်ရွယ်သည့်အတိုင်း တည်တံ့ပါသည်။

၇။ နိရောဓသမာပတ်မှ အဘယ်သို့ ထသနည်း?

– အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ် ဖြစ်ပေါ်ခြင်းဖြင့်လည်းကောင်း၊

– ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဖြစ်ပေါ်ခြင်းဖြင့်လည်းကောင်း၊ ဤ၂–ပါးသောအပြားဖြင့် ထခြင်းဖြစ်၏။

၈။ နိရောဓမှထသော ပုဂ္ဂိုလ်၏စိတ်သည် အဘယ်တရားသို့ ညွတ်သနည်း?

နိဗ္ဗာန်သို့ ညွတ်၏။

အကိုးသာဓကမှာ –"ဒကာ ဝိသာခသူဌေးကြီး၊ သညာ, ဝေဒနာတို့၏ ချုပ်ရာဖြစ်သော သမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် သခ်ါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ညွတ်၏, ကိုင်း၏, ရှိုင်း၏" ဟူသော ဤစကားကို 'ဓမ္မဒိန္နာ' မည်သော ထေရီမဟောကြားအပ်သော သာဓက ရှိပါသည်။

www.dhammadownload.com

၉။ <u>သေသူနှင့် နိရောဓသမာပတ်ဝင်စားသူ အထူး (မဟာဝေဒလ္လသုတ်)</u>

သေသူ	နိရောဓ ဝင်စားသူ
(၁) ထွက်သက်ဝင်သက်ဟူသော ကာယသင်္ခါရချုပ်၏	(ထိုနည်းတူ)၊
(၂) ဝိတက်-ဝိစာရ ဟူသော ဝစီသင်္ခါရချုပ်၏	″
(၃) သညာ-ဝေဒနာ ဟူသော စိတ္တသင်္ခါရချုပ်၏	″
(၄) ဇီဝိတိန္ဒြေ ခေါ် အသက်သည် ကုန်သွား၏	ဇီဝိတိန္ဒြေ ခေါ် အသက် မကုန်ပေ၊
(၅) ဥသ္မာ ခေါ် ကိုယ်ငွေ့အပူရှိန် ငြိမ်းအေး၏	ဥသ္မာ ခေါ် ကိုယ်ငွေ့အပူရှိန် မငြိမ်းအေး၊
(၆) စက္ခု စသော ဣန္ဒြေတို့ အကြွင်းမဲ့ပျက်စီး၏	စက္ခုစသော ဣန္ဒြေတို့ မပျက်စီးကုန်။

၁၀။ <u>နိရောဓသမာပတ်သည်</u>

သင်္ခတတရားဟူ၍လည်း မဆိုအပ်, အသင်္ခတတရားဟူ၍လည်း မဆိုအပ်၊ လောကီတရားဟူ၍လည်း မဆိုအပ်, လောကုတ္တရာတရား ဟူ၍လည်း မဆိုအပ်၊ အကြောင်းမူကား - ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသောကြောင့် ဖြစ်၏။

ဝင်စားသူပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဝင်စားအပ်သော သမာပန္နတရား မည်ပေ၏၊ ပြီးစီးသော နိပ္ပန္နတရားဟူ၍ ဆိုသင့်ပေ၏၊ မပြီးစီးသော အနိပ္ပန္နတရား ဟူ၍ကား မဆိုသင့်ပေ။

~ ~ ~ ~ ~ ~ ~ ~

စတုတ္ထ ပညာဘာဝနာနိဿယ = အာဟုနေယျ ပုဂ္ဂိုလ်အဖြစ် စသည်ပြီးစီးခြင်း

(ဘာဝိတပညာ = ပွါးစေပြီးသောပညာ (မဂ်ဉာဏ် ၄-ပါး)
ဘာဝိတပညာပုဂ္ဂိုလ် = မဂ် ၁-ပါးဖြစ်စေ, ၂-ပါး, ၃-ပါး, ၄-ပါးလုံး ဖြစ်စေ ပွါးပြီးသောပုဂ္ဂိုလ်)

သာမညအကျိုး

ဘာဝိတပညာပုဂ္ဂိုလ်များဖြစ်သော အရိယာသံဃာ(ပရမတ္ထသံဃာ)များသည် လောကုတ္တရာမဂ်ပညာကို ပွါးစေအပ်ပြီး ဖြစ်သောကြောင့် အောက်ပါအကျိုးဂုဏ် ၅-ပါးကို ပြီးစီးစေပါသည်။

၁. အာဟုနေယျ = နတ်နှင့်တကွသောလူအပေါင်းက အဝေးမှဆောင်ယူခဲ့၍ပူဇော်သည်ကို ခံထိုက်ပေ၏။
၂. ပါဟုနေယျ = ဧည့်သည်အတွက် စီမံထားသော သုံးဆောင်ဖွယ်ကိုသော်လည်း ခံထိုက်ပေသည်။
၃. ဒက္ခိဏေယျ = တမလွန်လောကကို ယုံကြည်၍ ပေးလှူသော မြတ်သောအလှူကို ခံထိုက်ပေ၏။
၄. အဉ္ဇလိကရဏီယ = လက်အုပ်ချီမိုး၍ ရှိခိုးခြင်းကို ခံထိုက်ပေ၏။
၅. အနုတ္တရံပုညက္ခေတ္တံလောကဿ = လူနတ်ဗြဟ္မာသတ္တဝါအပေါင်း၏ကောင်းမှုကို စိုက်ပျိုးရာလယ်ယာမြေ အကောင်းဆုံး ဖြစ်၏။

ဝိဿဇ္ဇနအကျိုး

သောတာပန် ၃-မျိုး

(ပထမမဂ်ပညာကိုပွါးစေ၍လာခဲ့သောပုဂ္ဂိုလ် - အရိယာမဂ်ရေယဉ်သို့ ရှေးဦးစွာရောက်သောပုဂ္ဂိုလ်)

၁. သတ္တက္ခတ္တုပရမသောတာပန်

နဲ့သောဝိပဿနာ နဲ့သောဣန္ဒြေတို့ဖြင့် ဖြစ်ပွါးစေသော ပထမမဂ်ပညာကို ရခဲ့သူ၊

(သုဂတိဘဝတို့၌ ၇-ကြိမ်ကျင်လည်၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ လူနတ်ဟူသောကာမသုဂတိ၌ ၇-ဘဝလုံး သောတာပန်အဖြစ်ကျင်လည်၍ ၇-ခုမြောက်ဘဝ၌ အထက်မဂ်,ဖိုလ် ၃-ဆင့်, အစဉ်အတိုင်းတက်၍ ရဟန္တာဖြစ်၏။)

www.dhammadownload.com

၂. ကောလံကောလသောတာပန်

အလတ်စားဝိပဿနာ အလတ်စားကျွန်ုပ်တို့ဖြင့် ဖြစ်ပွါးစေသော ပထမမဂ်ပညာကို ရခဲ့သူ၊

(၂-ခု, ၃-ခုသော အမျိုးမြတ်ဘဝတို့သို့ ပြေးသွားကျင်လည်၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ အနည်းဆုံး ၂-ဘဝ အများဆုံး ၆-ဘဝတိုင် သောတာပန်အဖြစ်ဖြင့် ကျင်လည်၍ နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်၏။)

၃. ကေဝိဇိသောတာပန်

ထက်သောဝိပဿနာ ထက်သောကျွန်ုပ်တို့ဖြင့် ဖြစ်ပွါးစေသော ပထမမဂ်ပညာကို ရခဲ့သူ၊

(နတ်/လူဘဝတစ်ခုခု၌ တစ်ကြိမ်ထပ်ဖြစ်/ထိုဘဝ၌ပင် ရဟန္တာဖြစ်၏။)

သကဒါဂါမ် ၅-မျိုး

(ဒုတိယမဂ်ပညာကို ပွါးစေ၍လာခဲ့သောပုဂ္ဂိုလ်၊ လူ့ပြည်လောကသို့ ပဋိသန္ဓေအားဖြင့် ၁-ကြိမ်သာပြန်လာပြီးလျှင် ဆင်းရဲ၏အဆုံးကို ပြုသောပုဂ္ဂိုလ်)

၁. လူ့ပြည်၌ သကဒါဂါမိမဂ် ရ –နောက်ဘဝ လူ့ပြည်၌ပင် ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံ
၂. ″ ″ – ″ နတ်ပြည်၌ ″ ″
၃. နတ် ″ ″ – ″ ″ ″ ″
၄. ″ ″ ″ – ″ လူ့ပြည်၌ ″ ″
၅. လူ့ ″ ″ /နတ်တစ်ဘဝဖြစ်/နောက်ဘဝလူ့ပြည်၌ ″ ″

ဤ ၅-မျိုးအနက် ၅-ခုမြောက် သကဒါဂါမ်သည်သာ မုချအားဖြင့် သကဒါဂါမ် မည်၏။

အနာဂါမ် ၅-မျိုး

(တတိယမဂ်ပညာကို ပွါးစေ၍လာခဲ့သောပုဂ္ဂိုလ်၊ ကာမလောကကိုပယ်စွန့်၍ ဗြဟ္မာ့လောက၌ပရိနိဗ္ဗာန်ပြုခြင်းဟူသော အပြီးအဆုံးရှိသောပုဂ္ဂိုလ်(၀၊) ကာမဘုံသို့ မလာတော့သောပုဂ္ဂိုလ်)

၁. အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ် = အမှတ်မရှိ တစ်စုံတစ်ခုသော သုဒ္ဓါဝါသဘုံ၌ ဖြစ်ပြီးလျှင် သက်တမ်း၏ အလယ်သို့ မရောက်မူ၍ သာလျှင်(ကိလေသာငြိမ်းခြင်းဖြင့်) ငြိမ်းသောပုဂ္ဂိုလ်
၂. ဥပဟစ္စ ပုဂ္ဂိုလ် = သက်တမ်း၏ အလယ်ကို ကျော်လွန်ပြီးလျှင် ″ပ။
၃. အသခ်ါရ ပုဂ္ဂိုလ် = လွန်ကဲသော အားထုတ်မှုပယောဂ မရှိသော ဝိပဿနာ အကျင့်ဖြင့် အထက်ဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသော ပုဂ္ဂိုလ်
၄. သသခ်ါရ ပုဂ္ဂိုလ် = လွန်ကဲသော အားထုတ်မှုပယောဂ ရှိသော ″ပ။
၅. ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ် = မိမိဖြစ်ရာ သုဒ္ဓါဝါသဘုံမှအထက်၌ အကနိဋ္ဌတိုင်အောင်တက်၍ ထိုအကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်

ရဟန္တာ ၆-မျိုး

(စတုတ္ထမဂ်ပညာကို ပွါးစေ၍လာခဲ့သောပုဂ္ဂိုလ်၊ နတ်နှင့်တကွ တစ်လောကလုံး၏ မြတ်သောအလှူကို ခံယူတော်မူထိုက်သောပုဂ္ဂိုလ်၊ ကိလေသာအားလုံးကုန်ဆုံးသော ပုဂ္ဂိုလ်)

၁. သဒ္ဓါဝိမုတ္တရဟန္တာ = သဒ္ဓါဖြင့် လွတ်မြောက်သော ရဟန္တာ
၂. ပညာဝိမုတ္တရဟန္တာ = ပညာဖြင့် လွတ်မြောက်သော ရဟန္တာ
၃. ဥဘတောဘာဂဝိမုတ္တရဟန္တာ = ရုပ်အဖို့၊ နာမ်အဖို့ ၂-ပါးစုံမှ လွတ်မြောက်သော ရဟန္တာ
၄. တေဝိဇ္ဇရဟန္တာ = ဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံသော ရဟန္တာ
၅. ဆဠဘိညရဟန္တာ = အဘိညာဉ် ၆-ပါးနှင့် ပြည့်စုံသော ရဟန္တာ
၆. ပဋိသမ္ဘိဒါပတ္တရဟန္တာ = ၄-ပါးသော ပဋိသမ္ဘိဒါဉာဏ်အထူးသို့ ရောက်သောရဟန္တာ

www.dhammadownload.com

ယင်းသို့သော ရဟန္တာမြတ်ကြီးကိုရည်ရွယ်၍ 'ဤရဟန်းသည် မဂ်ခဏ၌တဏ္ဍာအရှုပ်ကို ဖြေရှင်းဆဲ၊ ဖိုလ်ခဏ၌ တဏ္ဍာအရှုပ်ကိုဖြေရှင်းပြီးသည်ဖြစ်၍ နတ်နှင့်တကွသော တစ်လောကလုံး၏ မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရဟန္တာမြတ်ကြီး ဖြစ်သွားပေ၏' ဟု ဆိုခြင်း ဖြစ်ပါသည်။

သီလ,သမာဓိ,ပညာကို ပဓာနပြုသဖြင့် ဟောထားသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းဖြစ်သော ဝိသုဒ္ဓိမဂ်ကျမ်းအစဂါထာမှာ–ပညာရှိသောသူ(တိဟိတ်ပုဂ္ဂိုလ်)သည် သီလ၌တည်၍၊ ပူပန်စေမှုလုံ့လရှိလျက်၊ ရင့်ကျက်သောဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍၊ စိတ်ကိုလည်းကောင်း, ပညာကိုလည်းကောင်း, ပွါးစေသော်၊ ဤ တဏ္ဍာကွန်ယက် အရှုပ်အထွေးကို ဖြေရှင်းနိုင်ပေသည် ဟူ၍ ဖြစ်၏။

ဤဝိသုဒ္ဓိမဂ်ကျမ်း၏ အဆုံးပိုင်းအခန်းဖြစ်သော ပညာဘာဝနာနိသံသ အကျယ်ပြဆိုရာအပိုင်းအရ–မြော်မြင်တတ်သောပညာရှိသည် အဘယ်သို့ကျင့်ကြံအပ်ပါသနည်း? – အရိယာပညာကို ပွါးစေခြင်းသည် ဤဆိုခဲ့သည့်အတိုင်း များစွာသောအကျိုးအာနိသင် ရှိသောကြောင့် မြော်မြင်တတ်သော ပညာရှိသောသူသည် အရိယာပညာကို ပွါးစေခြင်း၌ မွေ့လျော်အပ်ပေသည်။

ပညာဘာဝနာနိသံသနိဒ္ဒေသ ပြီး၏။

ဝိသုဒ္ဓိမဂ် (တတိယဆင့်) – သင်တန်းမှတ်စု ပြီး၏။

